http://www.dhammadownload.com

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

တွဲဖက်အကျိုးတော်ဆောင်

အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

# လယ်တီဘဒ္ဒန္တ ဇာဂရာဘိဝံသမဟာထေရ်

ရေးသားတော်မူသော

# လယ်တီဝိပဿနာ

အမှတ် (၁၂)

သာသနာတော်နှစ် - ၂၅၅၂ ကောဇာသက္ကရာဇ် - ၁၃၇၀ ခရစ်နှစ် - ၂၀၀၈

http://www.dhammadownload.com

## သာသနာတော်ကြာမြင့်စွာတည်တံ့ကြောင်း

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် သာသနာတော်(ဝါ)
သူတော်ကောင်းတရား အရှည်တည်တံ့ခြင်းရဲ့ အကြောင်းကတော့
မဟာသတိပဋ္ဌာန်လေးပါးကို ပွားများခြင်း၊ ကြိမ်ဖန်များစွာ အားထုတ်ခြင်းပါပဲ။
မဟာသတိပဋ္ဌာန်လေးပါးကို မပွားများ အားမထုတ်ပါလျှင် ဗုဒ္ဓအဆုံးအမ
သာသနာတော် အလွယ်တကူ ကွယ်ပျောက်နိုင်သည်။

တစ်ပြည်လုံးဖြန့်ချိရေး မိခင်ရေဝတီစာအုပ်တိုက်
တိုက်(၄)၊ အခန်း(၄၀၂)၊ ကျိုက်တော်အိမ်ရာ၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ ကမ္ဘောဇဘဏ်အနီး၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၇၀၁၄၃၁၊ ၀၉-၅၀-၁၅၆၁၃

ဘဒ္ဒန္တ ဇာဂရာဘိဝံသမဟာထေရ် လယ်တီဝိပဿနာ အမှတ်(၁၂)

http://www.dhammadownload.com

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

တွဲဖက်အကျိုးတော်ဆောင်

အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

လယ်တီဘဒ္ဒန္တ ဇာဂရာဘိဝံသမဟာထေရ်
ရေးသားတော်မူသော

# လယ်တီဝိပဿနာ

အမှတ် (၁၂)

မိခင်စာစဉ်အမှတ်(၈၆)


သာသနာနှစ် ၂၅၅၂
ကောဇာသက္ကရာဇ် ၁၃၇၀
ခရစ်နှစ် ၂၀၀၉

http://www.dhammadownload.com


အမှန်တရားသည်အောင်အံ့

သစ္စာ မေတ္တာ

**မိခင်ဧရာဝတီစာအုပ်တိုက်မှစီစဉ်ထုတ်ဝေဖြန့်ချိပါသည်။**

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး
ဦးဇာနည်ဝင်း (မှတ်ပုံတင်အမှတ် ၀၃၈၄၃/၀၂၄၀၅)၏
ခွင့်ပြုချက်ဖြင့်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊တွဲဖက်အကျိုးတော်ဆောင်
ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ ဟောကြားသည့်
"လယ်တီဝိပဿနာအမှတ်(၁၂)" စာအုပ်ကို
ရွှေခြသေ့ပုံနှိပ်တိုက်တွင် အုပ်ရေ(၁၀၀၀)
ပထမအကြိမ် ရိုက်နှိပ်ပါသည်။

http://www.dhammadownload.com



(၂၇)ကြိမ်မြောက် တိပိဋကဓရရွေးချယ်ပွဲ ဝိနည်းငါးကျမ်း ရေးဖြေပွဲ၌ မြန်မာတပြည်လုံးတွင် တစ်ပါးတည်း အောင်မြင်တော်မူသော အရှင်ဇာဂရ (၁၄)ဝါအား ဘွဲ့ဆက်ကပ်ပုံကို မော်ကွန်းဝင်ရုပ်ရှင်မှ မှတ်တမ်းတင်နေပုံ

http://www.dhammadownload.com



## ကျမ်းဦးမှတ်ဖွယ် အမှာစကား

### နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ကျေးဇူးတော်ရှင် ကမ္မာကျော် လယ်တီဆရာတော်ဘုရားကြီးသည် သက်တော်(၅၀)၊ သိက္ခာတော် (၃၀)ခန့်အရတွင် ပရိယတ္တိသာသနာ စခန်းမှ ပဋိပတ္တိသာသနာစခန်းသို့ ကြွလှမ်းတော်မူခဲ့သည်။ ပဋိပတ္တိ ကျင့်စဉ် ပါဠိတော်အရပ်ရပ်ကို သုံးသပ်၍ အာနာပါနကမ္မဋ္ဌာန်းကို အခြေခံ၍ ဝိပဿနာသို့ တက်သောလမ်းကို တွေ့ရှိရွေးချယ်တော်မူပြီး နောက် ထိုပါဠိတော်ကျင့်စဉ်ကြီးကို လက်တွေ့အမြဲ ကျင့်သုံးတော်မူခဲ့ သည်။

ထို့ကြောင့် လယ်တီဆရာတော် ကျင့်သုံးသော ဝိပဿနာကျင့်စဉ် ဖြစ်၍ လယ်တီဝိပဿနာဟူ၍ အမည်သတ်မှတ် ခေါ်ဆိုကြပါသည်။

လယ်တီဆရာတော် အသစ်တီထွင်သော ဝိပဿနာဟူ၍ကား အဓိပ္ပါယ်မယူဆသင့်ပါ။ သတိပဋ္ဌာန်ပါဠိတော်ကြီးမှလည်းကောင်း၊ အလားတူ ပါဠိတော်ကြီးများမှလည်းကောင်း၊ ဝိသုဒ္ဓိမဂ် စသော အဋ္ဌကထာကြီးများမှလည်းကောင်း နည်းယူထားအပ်သော ခိုင်မာ မှန်ကန် သော ဝိပဿနာကျင့်စဉ်များသာ ဖြစ်ပါသည်။

ဤသာသနာ၌ ဘုရားမှအပ မည်သည့်ပုဂ္ဂိုလ်မှ နိဗ္ဗာန်ရကြောင်း ကမ္မဋ္ဌာန်းတရား အသစ်တစ်ပါးတစ်ခုမျှ မဖော်ထုတ်နိုင်ပါ။ ပါဠိတော် အဋ္ဌကထာလာ ကမ္မဋ္ဌာန်းလေးဆယ်မှ အလွတ်သီးသန့် ကမ္မဋ္ဌာန်းကို မဖော်ထုတ်နိုင်ပါ။ ကမ္မဋ္ဌာန်းလေးဆယ့်တစ်ဟု အသစ်တစ်ခု ရှာဖွေနိုင် ပါက ပါဠိ အဋ္ဌကထာထက် လက်တစ်လုံးကျော် ကမ္မဋ္ဌာန်းသာ ဖြစ်ပါ လိမ့်မည်။ ကမ္မဋ္ဌာန်းအမှန်လည်း မဟုတ်နိုင်ပါ။ လယ်တီဝိပဿနာ ကျင့်စဉ်သည် အသစ်အဆန်းမဟုတ်၊ ပါဠိတော်နည်းကောင်း နည်းဟောင်းသာ ဖြစ်ပါသည်။

http://www.dhammadownload.com

## (ခ) ကျမ်းဦးမှတ်ဖွယ် အမှာစကား

ထိုစကားကို လေးနက်အောင်ထပ်၍ ဆိုပါဦးမည်။ "လယ်တီဝိပဿနာကျင့်စဉ်သည် အသစ်အဆန်းမဟုတ်၊ ပါဠိတော်နည်းကောင်း နည်းဟောင်းသာ ဖြစ်ပါသည်"။

ဉာဏ်ထက်မြက်စူးရှသော ပုဂ္ဂိုလ်တို့အား ဉာဏ်ခန်းဆိုင်ရာကိစ္စသို့ရောက်သောအခါ နည်းပေါင်းအရာအထောင်ကို ဖြန့်ကျက်ဝေဖန်၍ ဉာဏ်ကွန့်မြူးလှုပ်ရှား ဉာဏ်ကစားမှုတို့သည် အသချေ်အနန္တ ဖြစ်သွားစမြဲတည်း။

အရှင်သာရိပုတ္တရာသည် -

ယေဓမ္မာဟေတုပ္ပဘဝါ၊

တေသံ ဟေတုံ တထာဂတော အာဟ။

ဟူသော စကားနှစ်ခွန်း (၂)ပါဒကို ကြားရုံမျှဖြင့် လောကကြီးကို ပြဟ္မာဖန်ဆင်းသည်၊ သို့မဟုတ် အကြောင်းမဲ့အလိုလို ဖြစ်သည်ဟူသော အယူအဆတို့ကို ပယ်ဖျောက်၍ ဝိပဿနာအစီအရင်ကိုပါ ရှင်းလင်းသိမှတ် အကျင့်မြတ်ဖြင့် သောတာပတ္တိမဂ်ဖြင့် ဆိုက်ရောက်ခဲ့သည် မဟုတ်ပါလော။

ထို့ပြင် ပါဠိတော်ပုဒ်ဝါကျ တစ်ခုတစ်ခုကိုရှု၍ ဉာဏ်ကွန့်မြူးသောအခါ စူဠနိဒ္ဒေသ၊ မဟာနိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကြီးများ ဖြစ်ပေါ်လာရပြန်သည် မဟုတ်ပါလား။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးသည်လည်း အရှင်သာရိပုတ္တရာမထေရ်မြတ်၏ နောက်တော်ပါးမှ ဉာဏ်ကွန့်မြူးလေ့ရှိသော ပုဂ္ဂိုလ်ထူးပေတည်း။ ပါဠိတော်ပုဒ်တို့ကို မူတည်၍ အာနာပါနဒီပနီ၊ ဗောဓိပက္ခိယဒီပနီ၊ ပဋ္ဌာနုဒ္ဒေသဒီပနီ စသော ဒီပနီကျမ်းပေါင်း တစ်ရာကျော် ဖြစ်ပေါ်စေခြင်းကား ဆရာတော်၏ ဉာဏ်ကွန့်မြူးချက်တို့ပေတည်း။

http://www.dhammadownload.com

## (ခ) ကျမ်းဦးမှတ်ဖွယ် အမှာစကား

ထိုစကားကို လေးနက်အောင်ထပ်၍ ဆိုပါဦးမည်။ "လယ်တီ ဝိပဿနာကျင့်စဉ်သည် အသစ်အဆန်းမဟုတ်၊ ပါဠိတော်နည်း ကောင်း နည်းဟောင်းသာ ဖြစ်ပါသည်"။

ဉာဏ်ထက်မြက်စူးရှသော ပုဂ္ဂိုလ်တို့အား ဉာဏ်ခန်းဆိုင်ရာ ကိစ္စသို့ရောက်သောအခါ နည်းပေါင်းအရာအထောင်ကို ဖြန့်ကျက်ဝေဖန် ၍ ဉာဏ်ကွန့်မြူးလှုပ်ရှား ဉာဏ်ကစားမှုတို့သည် အသချေ်အနန္တ ဖြစ်သွား စမြဲတည်း။

အရှင်သာရိပုတ္တရာသည် -

**ယေဓမ္မာဟေတုပ္ပဘဝါ၊**

**တေသံ ဟေတုံ တထာဂတော အာဟ။**

ဟူသော စကားနှစ်ခွန်း (၂)ပါဒကို ကြားရုံမျှဖြင့် လောကကြီးကို ပြဟ္မာ ဖန်ဆင်းသည်၊ သို့မဟုတ် အကြောင်းမဲ့အလိုလို ဖြစ်သည်ဟူသော အယူအဆတို့ကို ပယ်ဖျောက်၍ ဝိပဿနာအစီအရင်ကိုပါ ရှင်းလင်း သိမှတ် အကျင့်မြတ်ဖြင့် သောတာပတ္တိမဂ်ဖြင့် ဆိုက်ရောက်ခဲ့သည် မဟုတ်ပါလော။

ထို့ပြင် ပါဠိတော်ပုဒ်ဝါကျ တစ်ခုတစ်ခုကိုရှု၍ ဉာဏ်ကွန့်မြူးသော အခါ စူဠနိဒ္ဒေသ၊ မဟာနိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကြီးများ ဖြစ်ပေါ် လာရပြန်သည် မဟုတ်ပါလား။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးသည်လည်း အရှင်သာရိပုတ္တရာမထေရ်မြတ်၏ နောက်တော်ပါးမှ ဉာဏ်ကွန့်မြူးလေ့ ရှိသော ပုဂ္ဂိုလ်ထူးပေတည်း။ ပါဠိတော်ပုဒ်တို့ကို မူတည်၍ အာနာပါန ဒီပနီ၊ ဗောဓိပက္ခိယဒီပနီ၊ ပဋ္ဌာနုဒ္ဒေသဒီပနီ စသော ဒီပနီကျမ်းပေါင်း တစ်ရာကျော် ဖြစ်ပေါ်စေခြင်းကား ဆရာတော်၏ ဉာဏ်ကွန့်မြူးချက်တို့ ပေတည်း။

http://www.dhammadownload.com



ထို့ကြောင့် အာနာပါနပုဗ္ဗင်္ဂမ ဝိပဿနကျင့်စဉ်ကို ဆရာတော်ဘုရားကြီးသည် အစ-အလယ်-အဆုံး သုံးသပ်ဆင်ခြင်၍ ဉာဏ်ကျက်စားကွန့်မြူးပြီးမှ အမြဲလက်သုံးကျင့်စဉ်အဖြစ် သတ်မှတ်ကျင့်သုံးတော်မူပါသည်။

ဤ၌ ပဋိပတ္တိတရားတော်ကို စက်ရထားကြီးဥပမာဖြင့် ပြဆိုရာ၏။ ဤပဋိပတ္တိစက်ရထားကြီးကို မဂ်ဖိုလ်နိဗ္ဗာန်သို့ အရောက်ပို့နိုင်သော အရှိန်ကြီးမား အားကောင်းလှစွာ၏ဟု တထစ်ချ ယုံကြည်ချက်ကျခြင်းကား သဒ္ဓါ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်ပေတည်း။

ထိုစက်ရထားကြီးကို စက်ရှိန်ဖွင့်နှိုးလိုက်ခြင်းကား သတိပဋ္ဌာန် သတိ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်ပေတည်း။

ထိုစက်ရထားကြီးနှိုးသောအချိန်ကစ၍ စက်ရှိန်စက်အား ဝင့်ကြွားစွာ ခုတ်မောင်းခြင်းသည် သမ္မပ္ပဓာန်-ဝီရိယ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားစနက်ပေတည်း။

ထိုစက်ရှိန်အားဖြင့် ခုတ်မောင်းပြေးသွားခြင်း ဒီဂရီမီတာ အရှိန်မကျခိုင်မြဲစွာ တည်ရှိခြင်းကား သမာဓိ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်စနက်ပေတည်း။

ထိုသို့ အစဉ်ပြေးသွားသော စက်ရှိန်အားဖြင့် မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော လိုရာစခန်းသို့ ဆိုက်ရောက်အောင် ဦးတည်ပေးခြင်း ဆိုက်ရောက်စေခြင်းကား ပညာ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်အချာ ပဓာနစနက်ပေတည်း။

ထိုဥပမာအတိုင်းပင် လယ်တီဆရာတော်ဘုရားကြီးသည် အာနာပါန အခြေခံဝိပဿနာ ပဋိပတ္တိစက်ရထားကြီးကို ကျွမ်းကျင်လှစွာ မောင်းနှင်နိုင်စွမ်း ရှိတော်မူခဲ့လေသတည်း။

ထို့ကြောင့် တိပိဋကဝိဒူ ဘာသန္တရဝိဒူ အရှင်အာဒိစ္စဝံသ အရှင်မြတ်က- "ဤမြန်မာပြည် သာသနာ့သမိုင်း၌ ပိဋကတ်ထဲမှ

http://www.dhammadownload.com



**နိဗ္ဗာန်သွားသောနည်းကို လယ်တီဆရာတော်သာ ထူးခြားစွာ တွေ့မြင်တော်မူပြီး လက်တွေ့ကျင့်သုံးတော်မူပါပေ၏"ဟူ၍** အာသဘိဝါစာ ထောမနာကို ဆိုတော်မူခဲ့သောဟူ၏။

ထိုသို့ အာနာပါနပုဗ္ဗင်္ဂမ ဝိပဿနာ ပဋိပတ္တိစက်ရထားကြီးကို ခုတ်မောင်းသောနည်းကို အနာဂါမ်ပုဂ္ဂိုလ်ကြီးဟု ကျော်ကြားသော ဆရာသက်ကြီးသည် လက်ဆုပ်လက်ကိုင် ပိုင်ပိုင်ကြီး ရရှိလေ၏။ ထိုမှ တစ်ဆင့် တပည့်စဉ်ဆက် ရရှိကျင့်သုံးလာခဲ့ရာ ဆရာကြီးဦးဘခင်၊ ဆရာကြီး ဦးဂိုအင်ဂါ၏လက်သို့ ဆိုက်ရောက်ခဲ့လေသတည်း။

ယခုအခါ၌ ဆရာကြီးဦးဂိုအင်ဂါသည် လယ်တီကမ္ဘာ့ဝိပဿနာ နည်းပြဆရာကြီးဖြစ်လျှက် ထိုဆရာကြီးကို အမှီပြု၍ ကမ္ဘာသူ ကမ္ဘာသား များသည် လယ်တီဝိပဿနာကျင့်စဉ်တရားကို ကျင့်သုံးခွင့်ရရှိလာရပေ သတည်း။

ယခုအခါ၌ မုံရွာမြို့၊ ပဌမလယ်တီဆရာတော်ဘုရားကြီး၊ ဒုတိယ လယ်တီဆရာတော် ဘဒ္ဒန္တဉာဏောဘာသ၊ မုံရွာမြို့ အရှေ့လယ်တီ ဆရာတော် ဘဒ္ဒန္တဝါယမာဘိသီရိ မုံရွာမြို့ သပြေပင်တောရ ဆရာတော် ဘဒ္ဒန္တကေဝလာဘိဝံသ အရှင်မြတ်ကြီးများ၏ နည်းနာနိဿယကို မှီငြမ်းပြု၍ လယ်တီဝိပဿနာ ပဋိပတ္တိလမ်းစဉ်ကို ရန်ကုန်မြို့၊ ကလေးဝ တောရစာသင်တိုက်၊ ရန်ကုန်မြို့၊ ပြည်လမ်း၊ အမှတ်(၃၃၇/က)၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာနနာယကဆရာတော်၊ ပြည်ထောင်စုဖွား တိုင်းရင်းသား ရဟန်းသာမဏေ သီလရှင် ပရဟိတ သာသနာပြုဆရာတော်ဖြစ်ပေသော ဒွိပိဋကဓရ မူလအာဘိဓမ္မိက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ လယ်တီဘဒ္ဒန္တ ဇာဂရာဘိဝံသည် ကောင်းစွာသိရှိ ကျွမ်းကျင်ပါရင်တတ်မြောက် ရောက်ရှိ ရရှိတော်မူလေသည်။

http://www.dhammadownload.com



လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသသည် ဒွိပိဋကဓရ အရည်အသွေး ကထာဝတ္ထုကျမ်းနှင့်တကွ အဘိဓမ္မာရှေးငါးကျမ်းကို အာဂုံပြန်ဆိုနိုင်ခြင်း၊ ဝီရိယ သမာဓိဉာဏ် စသည်၏အစွမ်းသတ္တိ အရည်အသွေးကို ထောက်ပါက လယ်တီဝိပဿနာနည်းကို သိသူအပေါင်းတို့တွင် "သူမတူ" တစ်မူထူးခြားသော ပုဂ္ဂိုလ်ဟု ခန့်မှန်းနိုင်ပါသည်။

အဘယ်ကြောင့်ဆိုသော် လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသသည် လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ လစဉ်(၇)ရက် တရားစခန်း (၁၀၀)ကြိမ်တိုင်အောင် ဖွင့်လှစ်၍ ဝိပဿနာယောဂီသူတော်စင်တို့ကို နေ့စဉ်တရားဒေသနာများကို ပါဠိအဋ္ဌကထာနည်းပေါင်းများစွာဖြင့် တန်ဆာဆင်၍ ဟောကြားတော်မူရာ ထိုတရားဒေသနာစဉ်များကို ထောက်ဆ၍ "သူမတူ" တစ်မူထူးခြား ပြောင်မြောက်ကြောင်း သိမှတ်ရပါသည်။

ဝိပဿနာတရားစခန်း၌ ဟောကြားအပ်သောတရားသည် သာမညတရားမျိုး မဟုတ်ပါ။ ယောဂီသူတော်စင်အတွက် အထူးအရေးပါသော တရားဖြစ်သောကြောင့် ယောဂီသူတော်စင်တို့ အလုပ်စခန်း ဖြောင့်တန်းအောင် အထူးရွေးချယ်စိစစ်၍ ဟောကြားရသော ဝိသေသ တရားထူးဖြစ်ပေသည်။

ရန်ကုန်မြို့၊ ပြည်လမ်း၊ အမှတ်(၁၃၃/က) လယ်တီကမ္မဋ္ဌာန်း ကျောင်းတိုက်၌ လယ်တီဝိပဿနာ (၇)ရက်တရားစခန်းများ ကျင်းပရာတွင် ပဌမအကြိမ်မှ (၁၅)ကြိမ်အထိ နေ့စဉ်တရားဟောကြားအပ်သော တရားများကို စုပေါင်း၍ နာဂလိုဏ်ဂူအဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီမူ ဝိပဿနာတရားတော် ပထမစာအုပ် ရေးသားထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

(၁၆)ကြိမ်မှ (၂၂)ကြိမ်အထိ လယ်တီမူဝိပဿနာ (၇)ရက်တရား စခန်း၌ နေ့စဉ်တရားတော်များကို စုပေါင်း၍ လယ်တီဝိပဿနာ ဒုတိယတွဲကျမ်းစာအုပ်ကို ထုတ်ဝေဓမ္မဒါနပြုခဲ့ပြီး ဖြစ်ပါသည်။

http://www.dhammadownload.com

## (၈) ကျမ်းဦးမှတ်ဖွယ် အမှာစကား

(၂၃)ကြိမ်၊ (၂၄)ကြိမ်၊ (၂၅)ကြိမ် စသည်တို့မှာ ဟောကြားအပ်သော တရားတော်တို့ကို စုပေါင်းတတိယတွဲကို ထုတ်ဝေပြီးဖြစ်သည်။ တစ်ဖန် စတုတ္ထတွဲ၊ ပဉ္စမတွဲ၊ ဆဋ္ဌမတွဲ၊ သတ္တမတွဲ၊ အဋ္ဌမတွဲ၊ နဝမတွဲ၊ ဒသမတွဲကို ဓမ္မဒါနထုတ်ဝေပြီး ဖြစ်ပါသည်။ ယခု တစ်ဖန် လယ်တီဝိပဿနာ အမှတ်(၁၁)ကို ဓမ္မဒါန ထုတ်ဝေမည်ဖြစ်သည်။

ထိုနေ့စဉ်တရားတို့ကို သုံးသပ်ရသည်ရှိသော် ယောဂီသူတော်စင်အတွက် လိုအပ်သော ဆန္ဒ၊ စိတ်၊ ဝီရိယ၊ ပညာ ဟူသော ဣဒ္ဓိပါဒ်တရားလေးပါးကို မြှင့်တင်ပေးသည်ကို တွေ့ရှိရသည်။ ယောဂီပုဂ္ဂိုလ်သည် တရားအားထုတ်ရင်း တရားအားထုတ်ရန် ဆန္ဒအားနည်းလာတတ်၏။ စိတ်ဓာတ်ကျလာတတ်၏။ ဝီရိယလျော့လာတတ်၏။ ဝိပဿနာပညာအရှိန်ပျက်လာတတ်၏။ ထိုအခါ၌ ဆန္ဒစိတ်ဓာတ်၊ ဝီရိယဓာတ် ပညာအရှိန်အားကောင်းအောင် တရားဟောကြားပေးရလေသည်။

ထိုအခါ ယောဂီ၏သန္တာန်၌ ဆန္ဒစသော ဣဒ္ဓိပါတ်တရားအားကောင်းလာ၍ ဝိပဿနာဉာဏ်အားလဲ မြင့်တက်လာသေးသည်။ ထို့အတူ သတိပဋ္ဌာန် သတိ ဣန္ဒြေ ဗိုလ် ဗောဇ္ဈင်တရား၊ သမ္မပ္ပဓာန် ဝီရိယ ဣန္ဒြေ ဗိုလ် ဗောဇ္ဈင်တရားစသော ဗောဓိပက္ခိယတရားများကိုလည်း အားကောင်းအောင် မြှင့်တင်ပေးရသည်။

ဗောဓိပက္ခိတရား အရှိန်အဟုန် ဟန်ချက်ညီခဲ့သည်ရှိသော် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ တည်းဟူသော ပဉ္စင်္ဂိကမဂ္ဂင်ဝိပဿနာဉာဏ်စဉ်အဆင့်ဆင့် မြင့်တက်လာရလေသည်။

ဤအချက်ကို အထူးသတိပြု၍ တရားစခန်းတွင် တရားကို အထူးဂရုစိုက်၍ ဟောကြားဖို့လိုအပ်ကြောင်း ထင်ရှားလေသည်။

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည် -

(၁) သံသရာဘေးရန်၊ ဘဝ၏အန္တရာယ် ကမ္ဘာကပ်ဆိုးကြီးများ၏ အမြစ်ရင်းဖြစ်သော လောဘ၊ ဒေါသ၊ မောဟ စသော

http://www.dhammadownload.com



ကိလေသာဒုစရိုက် အကုသိုလ်နှင့်အပြစ်ကို ဖော်ပြ၍ ထိုတရားဆိုး အပြစ်ဆိုးမှ လွတ်လိုသောဆန္ဒ စသည်ဖြစ်ပွားအောင် နှိုးဆွပေးသည်ကို တွေ့ရှိရလေသည်။

(၂) သီလ သမာဓိ ပညာ သိက္ခာသုံးပါးနှင့် ကောင်းမြတ်သော အကျိုးတရားကို ဖော်ပြ၍ ထိုတရားကောင်း တရားမြတ် အကျိုးထူး အကျိုးမြတ်တို့ကို ရလိုသောဆန္ဒ စသည်ဖြစ်ပွားအောင် အားပေးချီးမြှောက်သည်ကို တွေ့ရှိရသည်။

(၃) တစ်ရံတစ်ခါ အကုသိုလ်နှင့် အကုသိုလ်အပြစ်၊ ကုသိုလ်နှင့် ကုသိုလ်၏အကျိုး၊ ကုသိုလ်နှင့်ကုသိုလ်အကျိုး ရရှိရန် ဆန္ဒ၊ စိတ်၊ ဝီရိယ၊ ပညာ စသော ဗောဓိပက္ခိယတရား အရှိန်အဟုန်ဖြင့် တက်အောင်လှုံ့ဆော်ပေးသည်ကို တွေ့ရသည်။

ပထမနည်းကား အကုသိုလ်အပြစ်ပြ အကြမ်းနည်းတည်း။ ဒုတိယနည်းကား ကုသိုလ်အကျိုးပြ အနုနည်းတည်း။ တတိယနည်းကား အကြမ်း အနု နှစ်မျိုးယှဉ်တွဲပြသော နည်းပေတည်း။

ဤဒေသနာနည်းသည် ဗုဒ္ဓမြတ်စွာ မြင်းတို့ကို ဆုံးမသင်ကြားသော မြင်းမှူးဆရာကြီးကေသိကို မိန့်ကြားသောနည်း ဖြစ်သည်။

လယ်တီဘဒ္ဒန္တဉာဏရာဘိဝံသသည် -

ဤဒေသနာသုံးမျိုးဖြင့် ယောဂီကို ဆန္ဒဓာတ်၊ စိတ်ဓာတ်၊ ဝီရိယဓာတ် စသော ဗောဓိပက္ခိယဓာတ်အားကို အားရှိသလောက် အရှိန်အဟုန်မြင့်တက်လာရန် ခမ်းနားဆန်းကြယ်သော တရားများစွာကို ဟောကြားထားသည်ကို အံ့သြစွာ တွေ့ရှိရပါသည်။

- ပဝါရဏာ
- အသုံးချတဲ့နည်း (၄)မျိုး
- လောဘကင်းအောင် အားထုတ်နည်း
- ခါဏုကောဏ္ဍညထေရ်
- သဗ္ဗဒါသထေရ်

http://www.dhammadownload.com

## (၈) ကျမ်းဦးမှတ်ဖွယ် အမှာစကား

- သာမညဖလအခါတော်နေ့
- သေတာကိုပင်ကုသိုလ်ရအောင်အသုံးချနည်း
- နယ်ချဲ့အောက်မှလွတ်ရအောင်
- သံယောဇဉ်ဆိုတာ
- သရက်ချိုပင်
- အမြတ်ဆုံး

စသည် စသည်ဖြင့် အလွန်လေးနက် နူးညံ့သိမ်မွေ့ ဆန်းကြယ်သော နည်းတို့ဖြင့် ခြယ်လှယ်၍ မွမ်းမံထားသော တရားခွန်းများကို တွေ့ရှိရသည်။

**မဟာကာရုဏိကံနာထံ**
**ဥေယျသာဂရ ပါရဂုံ**
**ဝန္ဒေနိပုဏ ဂမ္ဘီရံ**
**ဝိစိတြနယ ဒေသနံ။**

ဟူ၍ ဥဒါန်းအဋ္ဌကထာဆရာကြီးသည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို -

(၁) နိပုဏနယ သိမ်မွေ့သောနည်း၊
(၂) ဂမ္ဘီရနယ နက်နဲသောနည်း၊
(၃) ဝိစိတြနယ ဆန်းကြယ်သောနည်း၊

နှင့် ပြည့်စုံကြောင်း ချီးကျူးတော်မူခဲ့သည် မဟုတ်ပါလော။

လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသသည်လည်း ထိုနည်းသုံးမျိုးကို ဦးထိပ်ရွက်ပန်ဆင် နည်းမှီးယူ၍ ဟောကြားထားကြောင်း ထင်ဟပ်ပေါ်လွင်နေပါသည်။

ထို့ပြင် လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသ၏ တရားဒေသနာ၌ -

(၁) သတ္ထ- အနက်အဓိပ္ပါယ်ကောင်းပါရှိခြင်း၊
(၂) သဗျဉ္ဇန- ချောမောပြေပြစ် ကျစ်လျစ်ကောင်းမွန်သော စကားဝါကျပါရှိခြင်း၊

http://www.dhammadownload.com



(၃) ကေဝလပရိပုဏ္ဏာ- ပယ်နှုတ်စရာမရှိအောင် ဘက်စုံ ပြည့်ဝခြင်း၊
(၄) ပရိသုဒ္ဓ ဗြဟ္မစရိယပ္ပကာသက- စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော မြတ်သောပဋိပတ်ကျင့်စဉ်ကိုသာ ဦးတည်၍ ပြထားခြင်း၊

ဤတရားကောင်းလက္ခဏာ (၄)တန်နှင့် ပြည့်စုံအောင် အထူးဂရုပြု ဟောကြားထားသည်ကိုလည်း တွေ့ရှိရသည်။ ထို့ပြင် -

(၁) အာဒိကလျာဏ- ပထမပိုင်း နိဒါန်းစကားဖြင့် တရားဥဒ္ဒေသကို ပြသဖြင့် ကောင်းမြတ်လှပါသည်။
(၂) မဇ္ဈေကလျာဏ- အလယ်ပိုင်းတရားကား နိဒ္ဒေသကို ပြသဖြင့် တစ်ဆင့်တက် ကောင်းမြတ်လှပါသည်။
(၃) ပရိယောသာနကလျာဏ- နိဂုံးတရားဒေသနာအဆုံးတွင် ယောဂီတို့အား ဤလယ်တီဝိပဿနာကျင့်စဉ်တရားကို အားရှိအားကုန် ဦးလည်မသုန် တရားစခန်းရက်အတွင်း ဉာဏ်အလင်းဓာတ်ကြီး ပေါက်ရောက်၍ မျက်မှောက်ပြုနိုင်အောင် အားထုတ်ကြရန် တိုက်တွန်းချက်ကို ပြသဖြင့် ထပ်ဆင့်ကောင်းမြတ်လှပါသည်။

ဤသို့လည်း ကောင်းခြင်းသုံးဖြာနှင့် ပြည့်စုံသည်ကို တွေ့ရှိရပါသည်။

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည် ဝါကျတ္တဒီပနီကျမ်းပြု မုံရွာမြို့ သပြေပင်တောရဆရာတော်ဘုရားကြီး၏ သဒ္ဒိဝိဟာရိက တပည့်ဖြစ်၍လည်း ကျဉ်းကျယ်၊ ကြောင်းကျိုး သာမညဝိသေသ၊ သာကေ စသော စကားဝါကျ အသွားအလာ၌ အလွန်နားလည်ထားသူဖြစ်၍ တရားဒေသနာ အစဉ်အဆက် ချောပြေစေစပ်အောင် ဟောစွမ်းနိုင်ပါသည်။ **"ပုဒ်နေ၊ ပုဒ်ထား၊ ပုဒ်သွား၊ ပုဒ်လာ၊ ပုဒ်မှာ၊ ပုဒ် ထပ်၊ ပုဒ်ဟောစပ်"** ဟူသော ပဒဝါကျ သမ္ဗန္ဓယောဇနာ နည်းစနစ် (၆)မျိုးကို

http://www.dhammadownload.com

## (ည) ကျမ်းဦးမှတ်ဖွယ် အမှာစကား

ကျမ်းရိုးကျန တတ်သိကျွမ်းကျင်သော ပုဂ္ဂိုလ်ဖြစ်၍လည်း စကားလုံးများကို ပုလဲကုံး၊ ပတ္တမြားကုံးများကဲ့သို့ အနေအထား ခွဲခြားစေ့စပ် သပ်ရပ်မှန်ကန်စွာ ဝါကျသွယ်ကုံး၍ ဟောကြားနိုင်စွမ်း ရှိပါပေသည်။

ကထာဝတ္ထုကျမ်း၊ ယမိုက်ကျမ်း၊ ပဋ္ဌာန်းကျမ်းကြီးများကို နိုင်နင်းသော ဂဏဝါစက စာချသူမြတ်ဖြစ်၍လည်း ဝိတဏ္ဍီဝါဒ သမာနဝါဒ ယုတ္တ-အယုတ္တ စကားအဆစ်အပိုင်း ဝေဖန်ချက်တို့ဖြင့် ရှင်းလင်းဖော်ပြကာ ဟောကြားနိုင်ပါပေသည်။

ဉာတ်ကောက်၊ အလင်္ကာကောက်၊ နေတ္တိကောက်၊ အဘိဓမ္မာကောက် စသော အရကောက် အဓိပ္ပါယ်ကောက်ကျမ်းတို့ကို သင်ကြားပြသပေးနေသော ပုဂ္ဂိုလ်ဖြစ်၍လည်း ယောဂီသူတော်စင်၏ စိတ်နှလုံးကို ယူကြုံးပိုင်ပိုင် ဆွဲဆောင်နိုင်သော လိုရင်းအကျဉ်းအကျယ် မှတ်သားဖွယ်ကောက်ချက်ကို ဖော်လှစ်ချပြ၍ ဟောနိုင်ပါပေသည်။

ပဒဘာဇနီ၊ ဝိဘင်း၊ နိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ္ဂ၊ ပါဠိတော်ကြီးများ၏ အသွားအလာ နည်းနာနိသျှယကို ကောင်းစွာ အာဂုမ်ရမိ သိရှိထားသော ပုဂ္ဂိုလ်ဖြစ်၍လည်း နိဒါန်းချီထားသော စကားအကျဉ်းကို အကျယ်တဝင့် ဖော်ပြချဲ့ထွင် ဟောကြားနိုင်ပါသည်။

စာချ၊ စာသင်၊ စာပြင်၊ စာရှု၊ စာမှတ်၊ စာဆုံးဖြတ်ဟူသော ဂဏဝါစကစာချ အင်္ဂါ(၇)ဖြာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်၍လည်း ကျက်၊ ကြည့်၊ ပြန်အံ သာမန်အစွမ်းဖြင့်မဟုတ်ပဲ၊ ပါဠိ အဋ္ဌကထာ အာစရိယဝါဒနည်းပေါင်း ခြုံရုံ၍ ဒွိပိဋကဓရ ခွန်အားအပြည့်ဖြင့် ဟောကြားထားသည်ကို တွေ့ရသည်။

(၁) ဗုဒ္ဓမြတ်စွာသည် လယ်သမားကြီး ဘာရဒွါဇအား လယ်သမားလယ်ထွန်တရားဖြင့် ချေချွတ်ဟောကြားသည်။

(၂) ဂွ မ်းမင်းသား ဥဂ္ဂသေနအား တစ်ပတ်ဂွမ်းထိုးဂါထာဖြင့် အရဟတ္တဖိုလ်ပေါက် တရားဟောကြားတော်မူ၏။

http://www.dhammadownload.com



(၃) ဆွမ်းသုံးကြိမ်ထပ်၍ ခံယူသဖြင့် ငြီးတွားသော ဥဒယပုဏ္ဏားအား ထပ်ကာထပ်ကာ ပြုကျင့်ရာ တရား(၁၆)ပါးကို ဟောကြားဆုံးမ တော်မူသည်။

(၄) မာနကြီးသော ဥရုဝေလကဿပရသေ့အား တန်ခိုးပေါင်း သုံးထောင့်ငါးရာ တစ်ဆယ့်ခြောက်မျိုးပြ၍ မာနချိုးပြီးမှ တရားကို ဟောကြားတော်မူသည်။ မီးပူဇော်သော ရသေ့များအား မီးလောင် ပြင်တရားကို ဟောကြား၍ အရဟတ္တဖိုလ်ပေါက်စေသည်။

(၅) အဆဲပေါင်းတစ်ရာဖြင့် ဆဲသော ဘာရဒွါဇပုဏ္ဏားအား လက်ဆောင်ပေးဥပမာပြ၍ သင်ပုဏ္ဏားဆဲသမျှလက်ဆောင်ကို ငါဘုရားမယူလို၊ သင့်ဘာသာ သင့်အဆဲတွေကို ပြန်ယူသွားပေ ရော့ဟု ပြောဆိုပြီး တရားကို ဟောကြားသဖြင့် အဆဲသမားကြီး ရဟန္တာဖြစ်ပွားရပေသည်။

(၆) အချောအလှကြိုက် မယ်ခေမာ ဇနပဒကလျာဏီအား သူတို့ထက် အလှကို ဖန်ဆင်းပြ၍ အိုနာသေ အကောင်ပုပ်တိုင်အောင် နောက်ဆက်တွဲအပြစ်ကိုပါ ပြတော်မူကာ ရဟန္တာမအဖြစ်သို့ ရောက်အောင် ဟောကြားတော်မူသည်။

(၇) ဉာဏ်ထိုင်းလှသော စူဠပန်ရဟန်းငယ်ကို ပုဝါဖြူလေးကို ဖန်ဆင်း ပေးပြီး လက်ဖြင့်ချေစေ၍ ဖြူအညစ်အကြေးကို (ဆောင်တယ်၊ သုတ်တယ်)လို့ နှုတ်သွင်းလေဟု ဟောကြားလိုက်သဖြင့် ပုဝါဖြူ လေး ပေညစ်သွားခြင်းကို သံဝေဂယူ၍ စူဠပန်ရဟန်းသည် -

- ရာဂဆိုတာ မြူမှုန်ပါ မှန်စွာဖြစ်ပေသည်။
- ဒေါသဆိုတာ မြူမှုန်ပါ မှန်စွာဖြစ်ပေသည်။
- မောဟဆိုတာ မြူမှုန်ပါ မှန်စွာဖြစ်ပေသည်။
- လေ၏အဟုန် မြေမှုန်ခုန် မြူမှုန်မဟုတ်ပြီ။
- ကိလေသာမြူကင်းအောင်မူ ကျင့်သူကင်းလိမ့်မည်။

http://www.dhammadownload.com



- ကိလေသာမြူကင်း တရားမင်း သားရင်းဖြစ်ပေမည်။

ဤတရားဒေသနာ၏အဆုံး၌ ရဟန္တာကြီး ဖြစ်သွားလေသည်။

(၉) အင်္ဂုလိမာလသည် ဗုဒ္ဓကိုလိုက်၍ သတ်၏။ ဗုဒ္ဓကိုမှီအောင် မလိုက်နိုင်သဖြင့် "ရဟန်းရပ်လော့"ဟု ဆို၏။ ဗုဒ္ဓသည် ရပ်လော့ ဟူသော စကားကိုအခြေခံ၍ "ဟဲ့- အင်္ဂုလိမာလ သင်သာမရပ်၊ ပြေးသွားနေပါတကား၊ ငါကား ရှေ့သို့ မပြေးသွားပြီ၊ ထာဝရ ရပ်တန့်နေပြီ"ဟု စကားအကျဉ်း မိန့်ကြား၍ ပုဂ္ဂိုလ်တစ်ဦး၏ သံသရာ၌ ပြေးသွားနေပုံ၊ ရပ်ပုံကို ဟောကြားသဖြင့် အင်္ဂုလိမာလ သည် ရဟန္တာကြီးဖြစ်ရလေသည်။

(၁၀) ဗုဒ္ဓမြတ်စွာသည် တရားပွဲတိုင်းပင် ဒါန၊ သီလ၊ ဘာဝနာကို ဟောကြားစမြဲ လက်စွဲတရားကို ဟောတော်မူ၏။

(က) ဒါနဆိုတာ ဘာတဲ့လဲ၊ စည်းစိမ်ချမ်းသာ ရှာတာပဲ။

( ခ) သီလဆိုတာ ဘာတဲ့လဲ၊ ဘဝကောင်းကို ရှာတာပဲ။

( ဂ) ဘာဝနာဆိုတာ ဘာတဲ့လဲ၊ ဝိပဿနာဆိုတာ ဘာတဲ့လဲ၊ နိဗ္ဗာန်ချမ်းသာ ရှာတာပဲ။

ဤတရားကြီးသုံးပါး ထာဝရဟောတော်မူ၍ ဒါနရှင်၊ သီလရှင်၊ ဝိပဿနာယောဂီ သူတော်စင်ဖြစ်အောင် ဟောကြားတော်မူ သည်။

ဤသို့ စသည်ဖြင့် မြတ်စွာဘုရား၏ တရားဒေသနာ တန်ဆာဆင် ပုံကို ခြုံငုံမှတ်သားနိုင်သော ပုဂ္ဂိုလ်ဖြစ်၍လည်း လယ်တီဘဒ္ဒန္တ ဇာဂရာဘိဝံသသည် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းပွဲတို့၌ သိမ်မွေ့နက်နဲ ဆန်းကြယ်ကြည်ညို မှတ်သားဖွယ်တို့ကို တခမ်းတနား ဟောကြားထားပုံကို ဤစာအုပ်၌ တွေ့မြင်ရှုမှတ်သားနိုင်မည် ဖြစ်ပါ သည်။

http://www.dhammadownload.com



**တိုက်တွန်းချက်**

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ၏ လယ်တီဝိပဿနာတရားစခန်း၌ ဟောကြားအပ်သော တရားတော်များကို စုပေါင်းထားသော ဤကျမ်းစာအုပ်ကို ဝိပဿနာယောဂီသူတော်စင်ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လိုသောသူ၊ ဗုဒ္ဓဘာသာတရား လိုက်စားလေ့လာသူအပေါင်း သူတော်ကောင်းတို့ အစဉ်ရှုမှတ်သင့်လှပါသည်။ စာဖတ်သူတို့အား ဝိပဿနာအလုပ်ကို အမြဲအားပေး ဟောကြားနေသကဲ့သို့ ဖြစ်ပါလိမ့်မည်။ ဝိပဿနာကျင့်စဉ် လမ်းကြောင်း မတိမ်းမစောင်းအောင် ဖြောင့်ဖြူးအောင် ပြောဟောပေးနေသကဲ့သို့ ဖြစ်ပါလိမ့်မည်။

ထို့ကြောင့် လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ အရှင်မြတ်၏ လယ်တီဝိပဿနာ (၇)ရက်တရားစခန်း တရားတော်များ (ဤကျမ်းစာအုပ်)ကို ယောဂီသူတော်စင်ဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်လိုသူ၊ ဗုဒ္ဓဘာသာတရား လိုက်စားလေ့လာသူအပေါင်း သူတော်ကောင်းတို့ လက်ကိုင်ထား၍ ဖတ်ရှုမှတ်သားကြရန် အလေးအနက်တိုက်တွန်း မှာကြားအပ်ပါသည်။

**ဧကမူလာ ဧကက္ခန္ဓော၊ တထောသာခါ ပဘိဇ္ဇရေ**
**တထာပလာသ ပဏ္ဏာနိ၊ ဖဝံနာနာနိ ကာယကာ**
**နာနာစရိယဘာဝေန၊ ဝိသုံ ဝိသုံ ပဘိဇ္ဇရေ**
**သောဂတောနတထေရာနံ၊ နယံ သေဝေယျ ပဏ္ဍိတော**
**သောဂတညော နတာနံတု၊ နဟိသေဝေယျ သဇ္ဇနော။**

အမြစ်တစ်ခုမှ ပင်စည်တစ်ခု ဖြစ်၏။ ပင်စည်တစ်ခုမှ ကိုင်းမများစွာ ဖွာထွက်၏။ ကိုင်းမကြီးများမှ အခက်အလက် အရွက်များစွာ ဗလဖွာဖြာကွဲထွက်ကုန်၏။

ဤအတူ မြတ်စွာဘုရား တည်းဟူသော မူအမြစ်မှ သံဃာတည်းဟူသော ပင်မကြီးဖြစ်၏။ သံဃာတည်းဟူသော ပင်မကြီးမှ အသီတိ ရှစ်ကျိပ် ရဟန္တာတပည့်ကြီးများ တည်းဟူသော ကိုင်းမကြီးများ ဖြာထွက်

http://www.dhammadownload.com



သော်လည်း တစ်စုတည်းသော ပင်မသံဃာသာ ဖြစ်၏။ ထိုရဟန္တာကြီးများ၏ တပည့်အဆက်ဆက် အခက်အလက် အရွက်တွေ ဖြာထွက်သော်လည်း တစ်စုတည်းသော ပင်မသံဃာတော်သာ ဖြစ်လေ၏။

သာသနာနောက်ဖျား၌မူကား -

ဝါဒကွဲပြားသော ဆရာတည်းဟူသော အကိုင်းမကြီးများသည် သံဃာအစုကြီးမှ ခွာထွက်ကွဲပြားကုန်၏။ ထိုဆရာကြီးတို့၏ တပည့်အဆက်ဆက် အခက်အလက်တို့အား နိကာယ၊ ဂိုဏ်း၊ အုပ်စု ကွဲပြား၍ သံဃာတည်းဟူသော အစုအဝေးကြီးသည် အစိတ်စိတ် အမွှာမွှာ ဗလဖွာ ကွဲပြားလေ၏။

သို့ရာတွင် သောဂတ + သြနတ + ထေရ = ပါဠိတော်မှ ကို ဦးညွတ်လေးစားသော မထေရ်မြတ်ကြီးတို့၏ ပရိယတ် ပဋိပတ် နည်းကောင်းနည်းမြတ်ကို ပညာရှိအပေါင်း သူတော်ကောင်းသည် မှီဝဲဆည်းကပ် ကျင့်သုံးရာ၏။

သောဂတ + အညှ + သြနတ = ပါဠိတော်မှတစ်ပါးသော မိစ္ဆာဝါဒကို ညွတ်ကုန်သော ဆရာအတုအယောင်တို့၏ အတ္တနောမတိ တရားလက်သစ် နည်းမှားနည်းပျက်ကို ပညာရှိသူတော်ကောင်းသည် မမှီဝဲ မဆည်းကပ် မကျင့်သုံးသင့်ပေ။ အထူးသိရှိရာသတည်း။

**လယ်တီဘဒ္ဒန္တကုဏ္ဍလ**
**အဂ္ဂမဟာပဏ္ဍိတ**
**ပဓာန နာယကဆရာတော်**
**အရှေ့လယ်တီတိုက်၊ မုံရွာမြို့။**

http://www.dhammadownload.com



ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်
နာဂလိုဏ်ဂူဘုရားကုန်းမြေ
ကလေးဝတောရကျောင်းစာသင်တိုက်
လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်တို့၏ ပဓာန နာယက
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်(၁)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ
အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၂)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏
ပါဠိစာပေအဆင့်မြှင့်တင်ရေးအကြံပြုကော်မတီ ဥက္ကဋ္ဌ
မဟာသန္တိသုခနှင့်အပြည်ပြည်ဆိုင်ရာထေရဝါဒသာသနာပြုတက္ကသိုလ်
ဩဝါဒါစရိယ
အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
မူလအာဘိဓမ္မိက
ပရိယတ္တိသာသနဟိတဓရ

## လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

၏

## ဘဝဖြစ်စဉ်

**ဇာတိဌာန မွေးရပ်မြေ**

စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ကနီမြို့နယ်၊ ယင်းအုပ်စု၊ ကုန်းသာကျေးရွာ၊ ဖခမည်းတော် ဦးပေါ - မယ်တော် ဒေါ်အေးသန့်တို့မှ ၁၃၀၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၆)ရက်၊ အင်္ဂါနေ့ညဥ့် (၉)နာရီအချိန်တွင် ဖွားမြင်သော အဘိဇာတ တတိယသားရတနာ ဖြစ်သည်။

http://www.dhammadownload.com

## (တ) ဘဒ္ဒန္တဇာဂရာဘိဝံသ၏ ဘဝဖြစ်စဉ်

**ကျောင်းအပ်ပညာသင်ခြင်း**

ငါးနှစ်သားအရွယ်တွင် ဦးလေးသိန်း၏ အကူအညီရယူ၍ ကုန်းသာရွာကျောင်း ဆရာတော် ဦးစန္ဒိမာ၊ ဆရာတော် ဦးကုမုဒ၊ ဆရာတော် ဦးဉာဏဝံသ တို့ထံအပ်နှံ၍ ဘုန်းတော်ကြီးသင်ပညာရေး အခြေခံမှစ၍ သင်ယူခဲ့သည်။

**ရှင်သာမဏေဘဝ**

ဆယ်နှစ်သားအရွယ်တွင် အဘိုး ဦးတုတ်ရ - အဖွား ဒေါ်ဖွားအုံ၊ အဘိုး ဦးဘိုးဆင် - အဖွား ဒေါ်နန်းပါးတို့ကို အမှူးထား၍ ခမည်းတော် - မယ်တော်တို့က ရှင်ဒါယကာ - ဒါယိကာမများအဖြစ်ဖြင့် ရှင်ပြုမင်္ဂလာ ပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက် ဆရာတော် ဦးကုမုဒကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ သာသနာ့အမွေ ခံယူခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ဇာဂရ ဖြစ်သည်။

**စာသင်ထွက်ခဲ့ခြင်း**

ကုန်းသာရွာတွင် (၂)ဝါဆိုပြီး (၁၂)နှစ်သားအရွယ် ၁၃၁၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၅)ရက်၊ ကြာသပတေးနေ့တွင် ဆရာတော် ဦးကုမုဒ ကိုယ်တော်တိုင် မုံရွာမြို့ လယ်တီနိကာယ သပြေပင်တောရ ကျောင်းတိုက် ကျမ်းပြုအကျော် ဆရာတော် အရှင်ကေဝလာဘိဝံသ ထံတော်သို့ အပ်နှံလျက် ပရိယတ္တိစာပေများကို သင်ကြားစေခဲ့သည်။

သပြေပင်တောရကျောင်းတိုက်သည် မဟာနာယက ပထမ ဆရာတော်ဘုရား ဘဒ္ဒန္တကေဝလာဘိဝံသ၊ ဒုတိယဆရာတော် ဘဒ္ဒန္တ ကုမုဒနှင့် စာချဆရာတော်များဖြစ်ကြသော -

- အရှင်ဓမ္မိက (ယခု မုံရွာမြို့၊ ရှမ်းတော်ရပ်၊ ဓမ္မိကာရုံ ဆရာတော်)

http://www.dhammadownload.com



- အရှင်ဩဘာသ (ယခု ပဲခူး၊ အင်းတကော်၊ ဘုရားငုတ်တို ရေဝန်းကျောင်းဆရာတော်)
- အရှင်ပညာသီရိ (ယခု ဟုမ္မလင်းမြို့၊ သဝန်ရွာဆရာတော်)
- အရှင်မာနိတ (ယခု ချောင်းဦးမြို့၊ ကျီကုန်းရွာ၊ ဓမ္မရက္ခိတ ကျောင်းဆရာတော်)
- အရှင်သုမန (တပ်ကုန်းမြို့၊ ငွေတောင်တောရကျောင်း တိုက်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်)
- အရှင်ပညာသီရိ (အဂ္ဂမဟာပဏ္ဍိတ ပါဠိပါရဂူ၊ ငွေတောင် တောရကျောင်းတိုက် ပဓာန နာယကဆရာတော် တပ်ကုန်းမြို့)
- ဘဒ္ဒန္တပရမ၊ သာသီဓ ဓမ္မစရိယ (ငါန်းဇွန်ဆရာတော်)
- မုံရွာမြို့၊ အရှေ့လယ်တီကျောင်းတိုက် ပဌာန်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ၊
- စာချဆရာတော် ဘဒ္ဒန္တမာလာသီရိ (ယခု နိုင်ငံတော် ဩဝါဒါစရိယ၊ လယ်တီတိုက်သစ်၊ မြင်းမူမြို့)
- စာချဆရာတော် ဘဒ္ဒန္တပညာဝံသ (အရှေ့လယ်တီနာယက)
- စာချဆရာတော် ဘဒ္ဒန္တကုဏ္ဍလ (ယခု အရှေ့လယ်တီ တိုက် ပဓာနနာယကဆရာတော်) အဂ္ဂမဟာပဏ္ဍိတ၊

စသော ဆရာတော်များထံတွင် ပရိယတ်စာပေ အခြေခံများနှင့်တကွ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ၊ ကျမ်းကြီး၊ ကျမ်းငယ် အသွယ်သွယ် တို့ကို သင်ယူခဲ့သည်။

အထူးသဖြင့် သပြေပင်တောရ ဆရာတော်ကိုယ်တော်တိုင် သင်ကြားပို့ချပေးသော ရူပသိဒ္ဓိကျမ်းကို သုံးနှစ်တိုင်တိုင် အစမှ အဆုံးတိုင်အောင် သင်ကြားခဲ့ရသည်။

http://www.dhammadownload.com

## (၁) ဘဒ္ဒန္တဇာဂရာဘိဝံသ၏ ဘဝဖြစ်စဉ်

ဆရာတော်ဘုရား စာချစဉ်နှင့် ညဥ့်အသုံးပြုတော်မူသော ထွေးခံကြီးနှစ်လုံးကို ဆေးကြော၍ ဝေယျာဝစ္စအမှုကြီးငယ်ကို ဝတ်ပြု ဆောင်ရွက်ခဲ့သည်မှာ (၁၅)နှစ်ခန့် ဖြစ်သည်။

**ရဟန်းဒါယကာ ဒါယိကာမများ**

မုံရွာမြို့ သပြေပင်တောရကျောင်းတိုက် ဆရာတော် အရှင်ကေဝလာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ၁၃၂၂ ခုနှစ်၊ တပေါင်းလဆန်း (၇)ရက်၊ တနင်္လာနေ့တွင် မုံရွာမြို့ တရုတ်တန်း ဖေယျသုခဆန်စက်ပိုင်ရှင် ဦးဘရွှေ - ဒေါ်ရွှေချယ် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟနှင့် ရန်ကုန်၊ မုံရွာ၊ ကနီ၊ တောင်ကြီး၊ မန္တလေး၊ ဝါးခယ်မမြို့၊ မလေးရှားနိုင်ငံ၊ အမေရိကန်နိုင်ငံများမှ ရဟန်းဒါယကာ - ဒါယိကာမများက ပစ္စည်းလေးပါး ဒါယကာ ဒါယိကာမများအဖြစ် (၆၁)ကြိမ်တိုင်တိုင် သိက္ခာထပ်တင် ထောက်ပံ့လှူဒါန်းခဲ့ကြသည်။ ရဟန်း(၁)ဝါရတွင် ပထမဆုံး ရဟန်းဒါယကာက ဝိဇ္ဇာမဂ္ဂဒီပနီတိုက် စာချကျောင်း ဆောက်လုပ်လှူဒါန်းခဲ့သည်။

**ပခုက္ကူစာသင်နည်း**

ရဟန်း (၁)ဝါအရ ဓမ္မာစရိယတန်း ပါဠိဘာသာဖြင့် အောင်မြင်ပြီးသောအခါ ပခုက္ကူအလယ်တိုက်ကြီး၊ မဟာဝိသုတာရာမတိုက်၊ အဂ္ဂမဟာပဏ္ဍိတ အဘိဇဓမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရ မဟာထေရ်၏ ခြေတော်ရင်းကို ခိုလှုံလျှက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တနေမိန္ဒ သီတင်းသုံးတော်မူရာ "သုဝဏ္ဏဝတီတိုက်"ကျောင်းတွင် နေထိုင်ပြီး တိုက်အုပ်ဆရာတော် ဘဒ္ဒန္တမာဃိန္ဒ, ဘဒ္ဒန္တနန္ဒိယ, ဘဒ္ဒန္တပညိန္ဒ (အဂ္ဂမဟာပဏ္ဍိတ), ဘဒ္ဒန္တနေမိန္ဒ စသော ဂဏဝါစကဆရာတော်များ ထံတော်တွင် နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ၊ အဋ္ဌကထာ၊ ဋီကာများနှင့်

http://www.dhammadownload.com



တကွ သင်ယူခဲ့ပြီး တိပိဋကစာပြန်ပွဲ ဝင်ရောက်ဖြေဆိုနိုင်ရန် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရ မဟာထေရ်၏ အားပေးချီးမြှောက်မှုကို ခံယူ ရရှိခဲ့သည်။

**မန္တလေးစာသင်နည်း**

မန္တလေးမြို့၊ ရွှေရေးဆောင်ကျောင်းတိုက် အထူးစာချအကျော် သံချောင်းဆရာတော် ဦးပဏ္ဍဝ၊ မန္တလေးမြို့ ရွှေရေးဆောင်ကျောင်းတိုက် သူဌေးကျောင်းဆရာတော် ဦးစန္ဒိမာ၊ မန္တလေးမြို့ ဆီးဘန်နီဆရာတော် ဘဒ္ဒန္တအာစာရာဘိဝံသ နိုင်ငံတော်သံဃမဟာနာယက၊ ဘုရားကြီးတိုက် အမရပူရကျောင်းဆရာတော် ဘဒ္ဒန္တဥက္ကံသာဘိဝံသ နိုင်ငံတော်သံဃ မဟာနာယက အရှင်မြတ်တို့ထံ မန္တလေးစာသင်နည်း၊ ရွှေရေးဆောင် နည်းကို သင်ယူခဲ့သည်။

**လားရှိုးမြို့**

၁၃၂၀ ခုနှစ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့၊ မဟာဗောဓာရုံကျောင်းတိုက်၌ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တကဝိန္ဒာစာရ (ယခု အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယ ဥက္ကဋ္ဌ) မြို့လယ်ကျောင်းဆရာတော်၏ အာမိသဓမ္မ ထောက်ပံ့မှုကို ရယူနေထိုင်ခဲ့သည်။

**အောင်မြင်တော်မူခဲ့သောစာမေးပွဲများ**

(၁၄)နှစ်သားအရွယ်တွင် သာသနာတော် (၂၅၀၀)ပြည့် အထိမ်း အမှတ် ဝိနည်းစာပြန်ပွဲတွင် "**ပထမ**"ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

(၁၆)နှစ်သားအရွယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲတွင် "**ပထမငယ်တန်း**" ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။

http://www.dhammadownload.com

## (န) ဘဒ္ဒန္တဇာဂရာဘိဝံသ၏ ဘဝဖြစ်စဉ်

(၁၇)နှစ်သားအရွယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲ **"ပထမလတ်တန်း"** ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။

(၁၈)နှစ်သားအရွယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲ **"ပထမကြီးတန်း"**ကို ဖြေဆိုအောင်မြင်ပြီး မုံရွာမြို့၊ သပြေပင်တောရကျောင်း ပါဠိပါမောက္ခသမိတိမှ ကြီးမှူးကျင်းပသော စာမေးပွဲ၌ ပထမအဆင့် ပထမ၊ ဒုတိယအဆင့် ဒုတိယ၊ တတိယအဆင့် ပထမ အောင်မြင်ခဲ့သည်။

(၁၉)နှစ်သားအရွယ်တွင် အစိုးရဓမ္မာစရိယစာမေးပွဲ သီလက္ခန်နှင့် အဋ္ဌသာလိနီ (၂)ကျမ်း ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။

(၂၀)နှစ် ရဟန်း(၁)ဝါရတွင် **"ပါရာဇိကဏ်"**ကျမ်းကို အောင်မြင်ခဲ့သည်။ ကျမ်းရင်းအစိုးရဓမ္မာစရိယတန်း **"ပါဠိဘာသာ"**ဖြင့် အောင်မြင်ခဲ့သည်။ သာသနဓဇဓမ္မာစရိယဘွဲ့ (ပါဠိဘာသာ)ဖြင့် ရခဲ့သည်။

ရဟန်း(၂)ဝါရအတွင် စာမျက်နှာ (၇၇၉)ရှိသော ဒီဃနိကာယ်သုတ္တန္တပိဋကကို အာဂုံပြန်ဆိုနိုင်ခဲ့သဖြင့် အရိုးနီထီးဖြူတော်တစ်လက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်နှင့် **"ဒီဃဘာဏက"**ဘွဲ့ပုံလက်မှတ်ရရှိခဲ့သည်။

ရဟန်း(၄)ဝါအရတွင် **"မဟာဝဂ္ဂါဒိ"** မြန်မာဂုဏ်ထူးကို အောင်မြင်တော်မူခဲ့သဖြင့် **"သာသနာဓဇ သီရိပဝရ ဓမ္မာစရိယ"** ဘွဲ့ ရရှိတော်မူခဲ့သည်။

ရဟန်း(၅)ဝါအရတွင် **"သုတ္တန္တ ပိဋက ဒီဃနိကာယ်"** ရေးဖြေစာမေးပွဲအောင်မြင်သဖြင့် အရိုးဝါထီးဖြူတော်တစ်လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော် **"ဒီဃနိကာယ ကောဝိဒ"**ဘွဲ့ပုံလက်မှတ်ကို ရရှိတော်မူခဲ့သည်။ ထိုအချိန်မှစ၍ ရထား၊ သင်္ဘောအထက်တန်း အခမဲ့စီးနင်းလိုက်ပါခွင့် တပည့်တစ်ယောက်နှင့်အတူ ရရှိခဲ့သည်။

http://www.dhammadownload.com



ဒီဃဘာဏကဘွဲ့တံဆိပ်တော်နှင့် ဒီဃနိကာယကောဝိဒဘွဲ့ တံဆိပ်တော်များ ရရှိတော်မူသည့်အတွက် ဂုဏ်ပြုပူဇော်ပွဲကို မုံရွာမြို့ သပြေပင်တောရဆရာတော်ဘုရားကြီးနှင့် ဆရာတော် ဦးကုမုဒတို့က ဦးဆောင်လျက် တပည့်ဒါယကာ ဒါယိကာမများက ဆင်ယင်ကျင်းပ ချီးမြှောက်မှုခံခဲ့ရသည်။

ရဟန်း(၁၀)ဝါအရတွင် စာမျက်နှာ(၂၂၆၀)ပါရှိသော ဝိနယ ပိဋကတော်ကို တစ်နှစ်တည်း အာဂုံပြန်ဆိုအောင်မြင်သဖြင့် အရိုးနီ ထီးဖြူတော်နှစ်လက်တံဆိပ် ပါရှိသော သာသနာ့အောင်လံတော်နှင့် **"ဝိနယဓရ"**ဘွဲ့လက်မှတ်ကို ရရှိတော်မူခဲ့သည်။

ရဟန်း(၁၄)ဝါအရ (၂၇)ကြိမ်မြောက် တိပိဋကစာမေးပွဲတွင် ဝိနည်း(၅)ကျမ်း ရေးဖြေစာမေးပွဲ၌ မြန်မာတစ်နိုင်ငံလုံး တစ်ပါးတည်း အောင်မြင်တော်မူခဲ့ရာ အရိုးဝါထီးဖြူနှစ်လက်တံဆိပ်ပါရှိသော သာသနာ့ အောင်လံတော် **"ဝိနယကောဝိဒ"** ဘွဲ့ပုံလက်မှတ် ရရှိတော်မူခဲ့သည်။

ဝိနယဓရ ဘွဲ့တံဆိပ်တော်နှင့် ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော် များ ရရှိတော်မူသဖြင့် **"ဂုဏ်ပြုပူဇော်ပွဲ"**ကို မုံရွာမြို့၊ မြို့မရွှေဂူတိုက် လယ်တီနိကာယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးကေသရ သပြေင်တောရဆရာတော်တို့က ဦးဆောင်၍ ဒါယကာ ဒါယိကာမများ၊ စစ်ကိုင်းတိုင်း ကောင်စီဥက္ကဋ္ဌ၊ မုံရွာမြို့နယ် ကောင်စီဥက္ကဋ္ဌတို့က ကြီးမှူး၍ ကျင်းပခဲ့ကြသည်။

ရဟန်း(၁၆)ဝါအရ (၃၀)ကြိမ်မြောက် တိပိဋကစာမေးပွဲတွင် အဘိဓမ္မာရှေ့ပိုင်း (၅)ကျမ်း၊ စာမျက်နှာ (၁၃၉၀)တို့ကို ပြန်ဆိုရာ၌ မြန်မာနိုင်ငံတစ်နိုင်ငံလုံး တစ်ပါးတည်း အောင်မြင်ခဲ့သဖြင့် အသိအမှတ်ပြု လက်မှတ် ရရှိခဲ့သည်။ ဂုဏ်ပြုပူဇော်ပွဲကို ကျေးဇူးတော်ရှင် ကလေးဝ အဘိုးဆရာတော်ဘုရားကြီးက ကြီးမှူးကျင်းပပေးခဲ့သည်။ သုတ္တန် ဝိနည်း အဘိဓမ္မာရှေ့ပိုင်း (၃၅)ရက်တိုင်တိုင် အာဂုံပြန်ဆိုရာ တစ်ကြိမ်တစ်ခါမျှ

http://www.dhammadownload.com



ကျရှုံးခြင်းမရှိပဲ အောင်မြင်ခဲ့သည်။

ဆရာတော်သည် ငယ်ရွယ်စဉ် (၁၂)နှစ်သားအရွယ်ကပင် မျက်စိမှုန်ဝါး ဖြစ်ခဲ့ငြားလည်း -

"ဘာကြောင့်ညာကြောင့် မဖြောင့်လုပ်ကိုင်"
"လူအညံ့စား ကိုယ့်အားမပိုင်"
"ကိုယ့်ကိုအားပြု ဘာမှုဘာဆိုင်"
"ကိုယ့်အလုပ် ကြိုးကုတ်အောင်ပန်းတိုင်"

ဟူသော ရှင်သာမဏေဘဝက ရေးသားသောစကားဖြင့် အမြဲအားမြှင့် ပေးတော်မူခဲ့သည်။

**နိုင်ငံတော်အစိုးရနှင့်ရာပြည့်အထိမ်းအမှတ်ဂုဏ်ပြုတံဆိပ် (၄)ခု ဂုဏ်ပြုဘွဲ့တံဆိပ်များ**

ပရိယတ္တိစာပေများ နှစ်ပေါင်း(၄၀)ကျော် ပို့ချလျက် သာသနာ့ တာဝန်များ ထမ်းဆောင်တော်မူခဲ့သောကြောင့် -

- ၁၃၅၇ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က "**အဂ္ဂမဟာဂန္ထဝါစက**" ပထမစာချဘွဲ့တံဆိပ်တော်၊
- ၁၃၆၀ ပြည့်နှစ်တွင် သက်တော် (၅၈)နှစ်၊ သိက္ခာတော် (၃၈)ဝါအရတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက "**အဂ္ဂမဟာပဏ္ဍိတ**"ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ပခုက္ကူရာပြည့်ဂုဏ်ပြုဘွဲ့ပုံလက်မှတ်များ**

၁၃၅၈ ခုနှစ်တွင် ပခုက္ကူစာချနည်း တီထွင်သည့် "ရာပြည့် အထိမ်းအမှတ်" "**မဟာဝိသုတာရာမိက ဂဏဝါစကနိကာယ**

http://www.dhammadownload.com



**ဂဏာအနု နာယက**" ဘွဲ့ပုံလက်မှတ်နှင့် ၁၃၆၅ ခုနှစ်တွင် ပခုက္ကူ မဟာဝိသုတာရာမ အလယ်တိုက်ကြီး တည်ထောင်သည့် ရာပြည့် အထိမ်းအမှတ် "**မဟာဝိသုတာရာမိက ဂဏဝါစကနိကာယ ဂဏာမဟာနာယက**" ဘွဲ့ပုံလက်မှတ်ကို ချီးမြှင့်ခံရသည်။ ကျေးဇူးတော်ရှင် ဆရာတော်ကြီး (၄)ပါးတို့၏ ဓာတ်ပုံကြီး(၄)ပုံ ကူးယူပူဇော်ခဲ့သည်။

**မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီး ရာပြည့်ဂုဏာဝိသိဋ္ဌဘွဲ့**

မန္တလေးမြို့ ပရိယတ္တိသာသနဟိတ သကျသီဟ အသင်းကြီး သည် ပရိယတ္တိသာသနာတော်အကျိုး ဆောင်သယ်ပိုးရန် ၁၂၆၀ ပြည့်နှစ် က တည်ထောင်ခဲ့၍ ၁၃၆၀ ပြည့်နှစ်တွင် ရာပြည့်ပွဲသဘင် ဆင်ယင် ကျင်းပနိုင်ခဲ့သည်။ ရာပြည့် ပရိယတ္တိသာသနာဟိတ သကျသီဟ အသင်း ကြီးက စာပေကျမ်းဂန် ပို့ချတော်မူကြသော ဆရာတော်များအား ဂုဏာဝိသိဋ္ဌဂုဏ်ပြုလက်မှတ် ဆက်ကပ်ခဲ့ရာ ကလေး၀ဆရာတော်အား "**ပရိယတ္တိသာသနဟိတဓရ**"ဟူသော ဂုဏ်ထူးဆောင်ဘွဲ့ပုံလက်မှတ်ကို ဆက်ကပ်ခဲ့သည်။

**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ညောင်တုန်းဆရာတော် ဘဒ္ဒန္တ ဩဘာသာဘိဝံသသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ အကျိုး တော်ဆောင်ဖြစ်၍ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ၏ ဒုတိယအဓိပတိ ဖြစ်လာခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့၌ ဥက္ကဋ္ဌတစ်နေရာ ထပ်မံရွေးချယ်ခဲ့ရာ ကလေး၀ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် (၁)ဖြစ်၍

http://www.dhammadownload.com

## (ဘ) ဘဒ္ဒန္တဇာဂရာဘိဝံသ၏ ဘဝဖြစ်စဉ်

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ ဒုတိယဥက္ကဋ္ဌနေရာ အရွေးချယ်ခံရပြီး ထေရ်စဉ်ဝါစဉ်အလိုက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ (၂)အဖြစ်ဖြင့် ဆောင်ရွက်ခွင့်ရခဲ့သည်။

### ကျမ်းဂန်ရေးသားပြုစုခြင်း

အဂ္ဂမဟာပဏ္ဍိတ နာဂလိုဏ်ဂူကလေးဝတောရဆရာတော်သည် သပြေပင်တောရဆရာတော်ဘုရားကြီး၏ ပို့ချနည်းအတိုင်း ပါဠိရေးပြောနည်းခေါ် ပါဠိဖတ်စာ ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်၊ နာဂလိုဏ်ဂူအဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီဝိပဿနာ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈)၊ (၉)၊ (၁၀) တို့ကို ရေးသားပြီး ဓမ္မဒါန လှူဒါန်းခဲ့သည်။

### ကျေးဇူးတော်ရှင် ဆရာတော်ဘုရားများအား ပူဇော်ခြင်း

အဂ္ဂမဟာပဏ္ဍိတ ကလေးဝဆရာတော်သည် မိမိအား ပစ္စည်းအာမိသတရားဓမ္မဖြင့် ချီးမြှင့်တော်မူခဲ့ကြသော ကျေးဇူးတော်ရှင် ဆရာတော်ကြီးများအား နေ့စဉ်ရှိခိုးပူဇော်ခဲ့သည့်အပြင် နှစ်စဉ် ပင့်လျှောက်၍ ပူဇော်ကျေးဇူးတော်ဆပ်ခဲ့သည်မှာ ယနေ့အချိန်အထိ ဖြစ်သည်။

### စာသင်တိုက်များ ဖွင့်လှစ်ဦးဆောင် သာသနာပြုဓမ္မစေတီများ တည်ထား ကိုးကွယ်ခြင်း

၁၃၄၁ ခုနှစ်၊ နယုန်လမှစ၍ ရန်ကုန်မြို့၊ နာဂလိုဏ်ဂူကလေးဝတောရစာသင်တိုက်ကို ကိုယ်တိုင်ဦးစီးဖွင့်လှစ်၍ -

- မုံရွာသပြေပင်တောရ စာသင်တိုက်၊
- ဟိုပန်မြို့၊ မြသိန်းတန် စာသင်တိုက်၊

http://www.dhammadownload.com

## ဘဒ္ဒန္တဇာဂရာဘိဝံသ၏ ဘဝဖြစ်စဉ် (မ)

- ဒဂုံမြို့သစ်မြောက်ပိုင်း၊ မင်္ဂလာရာမ စာသင်တိုက်၊
- မန္တလေးမြို့၊ ရွှေရေးဆောင်သူဌေးကျောင်း စာသင်တိုက်၊
- လှည်းကူးမြို့၊ မဟာဇေယျမင်းကျောင်း စာသင်တိုက်၊
- ပဲခူးမြို့၊ မဟာဗောဓိ စာသင်တိုက်၊
- ပဲခူးမြို့၊ မဟာပဒုမဝိနယဓရ စာသင်တိုက်၊
- ဗဟန်း၊ ယောဇနာရာမ စာသင်တိုက်၊
- ချောင်းဦးမြို့၊ ကိုင်းဆယ်ရွာ၊ ဇေယျာရန်နိုင် စာသင်တိုက်၊
- သီပေါမြို့၊ ခန္တီအာရာမ စာသင်တိုက်၊
- ကန့်ဘလူမြို့၊ မဟာရွှေစည်ကြီးစေတီတော် ပရိယတ္တိ စာသင်တိုက်၊
- လှည်းကူးမြို့၊ ရွှေကြာရံလယ်တီတောရရိပ်သာ၊
- ပဲခူးမြို့၊ မဟာကြီးဘုရားကျောင်းစာသင်တိုက်၊
- ပျော်ဘွယ်မြို့၊ ရှားတောဓမ္မရိပ်သာ၊
- မန္တလေးမြို့၊ သမဂ္ဂရာမပညာဒါနကျောင်းတိုက်၊
- မိုးဗြဲ လယ်တီတောရရိပ်သာ၊
- တောင်ကြီးမြို့၊ အောင်သပြေစွယ်တော်ကျောင်း၊

တို့ကို ဦးစီးနိုင်သော တပည့်ကြီးများ ပေါ်ထွန်းစေရန် ရဟန်း(၄)ပါးမှ စ၍ စာပေပို့ချခဲ့ရာ တစ်နေ့လျှင် စာဝါ (၃)ဝါ ယနေ့တိုင် ပို့ချလျက် ဓမ္မစေတီများ ရှိသေစွာ တည်ထားကိုးကွယ်လျက် ရှိသည်။

http://www.dhammadownload.com



## နာဂလိုဏ်ဂူ ကလေးဝဆရာတော်
## ယနေ့ ဆောင်ရွက်နေသော သာသနာပြုလုပ်ငန်းများ

**ကျောင်း(၅)မျိုး**

ယနေ့ သာသနာတော်နှစ် ၂၅၄၉ နှစ်တိုင်အောင် မြန်မာနိုင်ငံ၌ သာသနာတော် တည်ရှိနေခြင်းသည် ဘုန်းတော်ကြီးများ ဦးဆောင်လျှက် သာသနာ့တာဝန်ထမ်းကြခြင်း၊ မြန်မာပြည်သူပြည်သားများက ပစ္စည်းလေးပါး ထောက်ပံ့အားပေးကြခြင်းကြောင့် ဖြစ်သည်။

ဘုန်းတော်ကြီးများက ဦးဆောင်လျှက် သာသနာ့ဝန်ထမ်းကြပုံမှာ ဘုန်းတော်ကြီးများသည် မိဘပြည်သူတို့၏ ရင်သွေးငယ်များအား ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ စသောပညာရပ်များ (အခမဲ့)သင်ကြားပေးခြင်း၊ လူကြီးသူမတို့အား တရားဓမ္မဟောပြပေးခြင်းဖြင့် ပစ္စုပ္ပန်သံသရာရေး ဦးဆောင်ခြင်း၊ ပညတ်တော်မူထားသော ဝိနည်း သိက္ခာကျင့်ဝတ်ကို မည်သည့်သာဝကနှင့်မတူ လေးစားလိုက်နာ၍ ကြည်ညိုဖွယ်ဂုဏ်ဆောင်နိုင်ခြင်းဖြင့် ရှေ့ဆောင်တော်မူခဲ့ကြသည်။

ယင်းကဲ့သို့ ဦးဆောင်ရာတွင် ယနေ့ခေတ် ဘုန်းတော်ကြီးများ သာသနာပြုစခန်းချ၍ နေထိုင်ရာ "ကျောင်း"အမျိုးအစား (၅)မျိုးကို တွေ့ရသည်။

ကျောင်း(၅)မျိုးက-

၁။ တရားရိပ်သာကျောင်း၊

၂။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် နိုင်ငံတော်ပရိယတ္တိသာသနာတက္ကသိုလ်ကြီးများ၊

၃။ ဗုဒ္ဓစာပေအဆင့်ဆင့် သင်ကြားပေးရာ စာသင်တိုက်ကျောင်းကြီးများ၊

၄။ အကြည်ညိုခံသာသနာပြုကျောင်း၊

http://www.dhammadownload.com



၅။ ကလေးသူငယ်များအား စာပေပညာသင်ကြားပေးသည့် (ဘ-က) ကျောင်းဟု ကျောင်းအမျိုးအစား (၅)မျိုးကို တွေ့ရသည်။

**သာသနာပြုစခန်း (၄)မျိုး**

ဤနာဂလိုဏ်ဂူ အဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီဝိပဿနာအမွှမ်းတင် ဘာဝနာတရားကို ဟောကြား၍ ကျမ်း(၅)ကျမ်းအဖြစ်သို့ ရောက်အောင် ဆောင်ရွက်တော်မူသော ဆရာတော်သည် နံပါတ်(၁၊ ၃၊ ၄၊ ၅) အမျိုးအစားကျောင်းတို့ကို ဦးဆောင်ဖွင့်လှစ်၍၊ (၂)အမျိုးအစားကို ပွင့်လင်းရန် စီမံလျှက် မိမိ၏သာသနာပြုစွမ်းအားကို မြင့်မားစေတော်မူလျှက် ရှိသည်။

**နံပါတ်(၅)အမျိုးအစားကျောင်း**

ကလေးဝဆရာတော်သည် နံပါတ်(၅)အမျိုးအစားကျောင်းဖြစ်သည့် နယ်စပ်ဒေသနှင့်တောင်တန်းဒေသ တိုင်းရင်းသားကလေးသူငယ်များ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို ရန်ကုန်မြို့၊ နာဂလိုဏ်ဂူဘုရားကုန်းမြေ၌ "ဝ"ကျောင်းသား (၁၇)ယောက်ဖြင့် ၁၉၉၂ ခုနှစ်မှစတင်၍ ဖွင့်လှစ်ခဲ့ရာ ယခုအခါ လူမျိုးများစွာ နယ်စပ်ဒေသနှင့် တောင်တန်းဒေသ တိုင်းရင်းသားမျိုးစုံ နှစ်စဉ်တစ်ထောင်ကျော် လာရောက်ခိုနားလျှက် (ကျောင်းသုံးစာအုပ်၊ ခဲတံ၊ ဘောလ်ပင် စသည် မဝယ်ရစေပဲ) အခမဲ့ပညာသင်ကြားခွင့်ရသော ပညာရေးကျောင်းကြီးဖြစ်အောင် ဆောင်ရွက်နိုင်လေပြီ။ ကျေးဇူးရှင် မူလကလေးဝဆရာတော်ဘုရားကြီး ချီးမြှင့်ခဲ့သည့် ကျယ်ဝန်းသောကျောင်းတိုက်၌ နိုင်ငံတော်အစိုးရနှင့် ပြည်တွင်းပြည်ပ စေတနာရှင်များ၏ အားပေးကူညီမှုကို ရရှိသော ကလေးဝဆရာတော်သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသား

http://www.dhammadownload.com

## (လ) သာသနာပြုလုပ်ငန်းများ

ကလေးသူငယ်များအား **"စား၊ ဝတ်၊ နေ၊ ကျန်းမာ၊ ပညာ"** ခေါင်းစဉ်ငါးရပ်ဖြင့် တာဝန်ယူ၍ မိမိ၏သာသနာပြုစွမ်းအားကို နေ့စဉ်မြှင့်တင်တော်မူလျှက် ရှိသည်။

**နံပါတ်(၁)တရားရိပ်သာကျောင်း**

၁၃၆၀ ပြည့်နှစ်မှစ၍ ရန်ကုန်မြို့၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းတိုက်ကို လက်ခံရရှိတော်မူသော လယ်တီ၏မြေး၊ လယ်တီသွေး၊ လယ်တီဆရာတော်သည် ပြည်ပ၌ ပြန့်ပွားလျက်ရှိသော ဗုဒ္ဓဒေသနာနည်းကျကျ လယ်တီဝိပဿနာသည် ပြည်တွင်း၌မှေးမှိန်လျက် ရှိနေသည်ကို သတိပြုမိသည့်အတိုင်း ဗုဒ္ဓဒေသနာတော်နှင့်အညီ ဒီပနီကျမ်းပေါင်းတစ်ရာကျော်ရေးသား၍ ဤကမ္ဘာအား ဝိဇ္ဇာခတ်အလင်းရောင်ပေးတော်မူခဲ့သော ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး၏ နည်းနာနိဿယကို ပြန့်ပွားစေလိုသောဆန္ဒဖြင့် လယ်တီတရားရိပ်သာများ ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းတော်မူသည်။ ရန်ကုန်မြို့၊ ပြည်လမ်း၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၇)ရက် တရားစခန်း (၁၁၅)ကြိမ်၊ အခြားဌာနပေါင်း (၁၄၀)ကျော်တို့၌ (၇)ရက်တရားစခန်းပေါင်းများစွာ ဖွင့်လှစ်ရန် အားပေးညီတော်မူသည်။ လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်ကို စတင်တည်ထောင်တော်မူလျက် လယ်တီဝိပဿနာပြန့်ပွားရေး အားသစ်တော်မူလျက် ရှိသည်။ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်သည် ရန်ကုန်မြို့၊ ပြည်လမ်းမကြီးပေါ်တည်ရှိ၍ ဆိတ်ငြိမ်တောရကျောင်းသဖွယ်ဖြစ်ပြီး ယောဂီများ အေးအေးလူလူ တရားနာပွားများရယူရာ ဖြစ်သည်။

http://www.dhammadownload.com



**နံပါတ်(၄)အမျိုးအစားစာသင်တိုက်**

၀၃၄၁ ခုနှစ်၊ နယုန်လမှစ၍ နာဂလိုဏ်ဂူကလေးဝတောရ ကျောင်းစာသင်တိုက်ကို ကိုယ်တိုင်ဦးစီးဖွင့်လှစ်၍ အခြားစာသင်တိုက် များကို စာသင်တပည့်ကြီးများကို ဦးစီးဖွင့်လှစ်စေခဲ့သည်။

**ပြည်ပသာသနာပြုလုပ်ငန်း**

ဤကျမ်းပြုဆရာတော်သည် ပြည်တွင်း၌ သာသနာပြုလုပ်ငန်း များ အောင်အောင်မြင်မြင် ဆောင်ရွက်တော်မူနိုင်သည့်နည်းတူ ထိုင်း၊ မလေးရှား၊ စင်္ကာပူ၊ အိန္ဒိယ၊ နယူးဇီလန်၊ ဂျပန်၊ ဆိုဗီယက်၊ ဂျာမဏီ၊ ဆွစ်ဇာလန်၊ ပြင်သစ်၊ အမေရိကန်နိုင်ငံများသို့ ဓမ္မဒူတခရီး ကြွချီ၍ တရားဟောတော်မူခြင်း၊ တရားအားထုတ်နည်းသင်ပြခြင်း၊ ဗုဒ္ဓသာသနာ တော်ဆိုင်မေးခွန်းများကို ဖြေကြားခြင်းဖြင့် ပြည်ပသာသနာပြုတော်မူ သည်။

**သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တာဝန်**

နာဂလိုဏ်ဂူကလေးဝတောရဆရာတော်သည် ပထမအကြိမ် မြို့နယ်ဝန်ဆောင်ဝိနည်းဓိုရ်၊ ဒုတိယအကြိမ် သမ္မုတိရသံဃာ့ကိုယ်စား လှယ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နိုင်ငံတော်ဝိနည်းဓိုရ်၊ တတိယ, စတုတ္ထအကြိမ် (၁၆-၆-၉၁)နေ့မှစ၍ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် တာဝန်ထမ်းဆောင်တော်မူခဲ့သည်။

ပဉ္စမအကြိမ် ၁၃၆၂ ခုနှစ်၊ တပေါင်းလဆန်း (၁၂)ရက်၊ တနင်္လာနေ့ (၅-၃-၂၀၀၁)နေ့မှစ၍ (၂၅)ရာခိုင်နှုန်း စီမံချက် စည်းမျဉ်း အရ တွဲဖက်အကျိုးတော်ဆောင် ထပ်မံထမ်းဆောင်ခွင့် ရရှိသည်။

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၂၄-၃-၂၀၀၅)နေ့မှစ၍ (၂၅)ရာခိုင်နှုန်း စီမံချက်စည်းမျဉ်းအရ တွဲဖက်အကျိုးတော်ဆောင်(၁)

http://www.dhammadownload.com



တာဝန်ထပ်မံထမ်းဆောင်တော်မူသည်။ ဆဋ္ဌမအကြိမ်၊ ပဋ္ဌမ ၂၅ ရာခိုင်နှုန်း စီမံချက်စည်းမျဉ်းအရ ၁၃၆၈ ခု၊ တပေါင်းလဆန်း (၁၄)ရက် (၁-၄-၂၀၀၇)နေ့မှစ၍ တွဲဖက်အကျိုးတော်ဆောင် (၁) တာဝန်ကို ထပ်မံ ထမ်းဆောင်တော်မူသည်။

**လယ်တီဒီပနီထွန်းကားပြန့်ပွားရေးအဖွဲ့**

ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီး သည် တောတောင်အနှံ့ သီတင်းသုံးတော်မူပြီး ဗုဒ္ဓဒေသနာတော်နှင့် အညီ ဒီပနီကျမ်း၊ သံခိပ်ကျမ်း၊ ပါဠိကျမ်း (၁၀၀)ကျော် ရေးသားပြီး ဤကမ္ဘာ့လူထုအား ဝိဇ္ဇာစာတ်အလင်းရောင်ကို ဖြန့်ဝေတော်မူခဲ့ပါသည်။ အဆိုပါကျမ်းပေါင်းများစွာကို မူကောင်းမူသန့် ရရှိစေရေး၊ ထွန်းကား ပြန့်ပွားရေးအတွက် အဖွဲ့အစည်းဖွဲ့၍ ထိန်းသိမ်းစောင့်ရှောက်လျှက် ရှိရာတွင် နာဂလိုဏ်ဂူကလေးဝတောရဆရာတော်သည် အဆိုပါအဖွဲ့ ကြီး၏ ဒုတိယဥက္ကဋ္ဌတာဝန်ယူလျှက်ရှိသည်။

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ၌ ဒီပနီ (၁၀)ကျမ်း (အင်္ဂလိပ်စာမူ)ကို အုပ်ရေ (၂၀၀၀)ရိုက်နှိပ် ဓမ္မဒါနပြုတော် မူသည်။ မစိုးရိမ်ရာပြည့်ပွဲ ၌ ဒီပနီပေါင်းချုပ် အင်္ဂလိပ်-မြန်မာ (၃)ကျမ်းတွဲကို အုပ်ရေ(၂၀၀၀) ရိုက်နှိပ် ဓမ္မဒါနပြုတော်မူခဲ့သည်။

**လယ်တီဝိပဿနာပြန့်ပွားအရေးအဖွဲ့**

ဗုဒ္ဓဒေသနာတော်နည်း စည်းမပျက် ဆက်လက်ဖြန့်ဝေတော်မူ ခဲ့သော ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီး၏ နည်းနာနိဿယ သမထ၊ ဝိပဿနာတရားတော်များ ပြန့်ပွားရေးအတွက် လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ကို စတင်ဦးဆောင်ဖွဲ့စည်းတော်မူ ခဲ့သည်။ ဌာနပေါင်း (၁၄၀)ကျော် တို့၌ တရားစခန်းများ ဖွင့်စေတော်မူ ခဲ့သည်။

http://www.dhammadownload.com



**လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့**

ထို့အတူ လယ်တီကမ္မဋ္ဌာနာစရိယများအား သင်တန်းပေး၍ လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ကို ဖွဲ့စည်းလျက် ဝိပဿနာပြန့်ပွားရေး ဆောင်ရွက်ရာတွင် လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးရေး**

ကလေးဝဆရာတော်သည် တောင်ပေါ်ဒေသ နယ်စပ်ဒေသများ ကျေးလက်ဒေသပညာရေး စသည်တိုးတက်အောင် ဆောင်ရွက်ခဲ့ရာ မိမိဖွားမြင်ရာဒေသရှိ စေတီပုထိုးများ ပြုပြင်ထီးတော်တင်ခြင်း၊ အစိုးရ အထက်တန်းကျောင်းခွဲဖွင့်နိုင်အောင် ဆောင်ရွက်ခြင်း၊ ကျေးလက် ကျန်းမာ ဆေးခန်း မြေနှင့်အဆောက်အဦများ လှူဒါန်းခြင်း စသည့် ကျေးလက် ဒေသ ဖွံ့ဖြိုးရေးကို အားပေးဆောင်ရွက်တော်မူသည်။

**အနွယ်တော်ဝင် ဘုရားကျောင်းကန်၊ စေတီပုထိုးများအား ထိန်းသိမ်း စောင့်ရှောက်စီမံအုပ်ချုပ်ရေး နာယကဆရာတော်များအဖွဲ့**

ကျေးဇူးတော်ရှင် စစ်ကိုင်းတိုင်း၊ မုံရွာမြို့က၊ လယ်တီနိကာယ သပြေပင်တောရကျောင်းစာသင်တိုက်၊ ပထမ ပဓာန မဟာနာယက ဝါကျတ္ထဒီပကာဒိကျမ်းပြု ဘဒ္ဒန္တကေဝလာဘိဝံသ မဟာထေရ်၊ ဒုတိယ မြောက် ပဓာန နာယကအရှည်ဝါသီ ခုတင်ရေ ဘဒ္ဒန္တကုမုဒ မဟာထေရ်၊ သာသနာပြုပုဂ္ဂိုလ်ကျော် ကလေးဝဆရာတော် ဘဒ္ဒန္တသာဂရ စသော ကျေးဇူးတော်ရှင် ဆရာတော်တို့မှ ဆင်းသက်ပိုင်သ အနွယ်တော်ဝင် ဘုရားကျောင်းကန် စေတီပုထိုးများ ထိန်းသိမ်းစောင့်ရှောက် စီမံအုပ်ချုပ် ရေး နာယကဆရာတော်များအဖွဲ့ကို ၁၃၆၄ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်၊ (၁၉-၁၀-၂၀၀၂)နေ့က စတင်ဦးဆောင်ဖွဲ့စည်းလျက် သာသနာ တော်စည်ပင်ပြန့်ပွားရေး အားပေးတော်မူသည်။

http://www.dhammadownload.com

## (ဠ) သာသနာပြုလုပ်ငန်းများ

**စွယ်စုံသာသနာပြု**

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးများ ပေးစွန့်ချီးမြှင့်တော်မူခဲ့သော ဘုရား၊ ကျောင်းတိုက်များနှင့် နိုင်ငံတော်အစိုးရနှင့် ဒကာဒကာမများ လှူဒါန်းသော ကျောင်းများကို လက်ခံရယူ၍ အမျိုးဘာသာသာသနာအကျိုး မျှော်ကိုးပြီး -

- စာသင်တိုက်
- တရားရိပ်သာ
- ဘုန်းတော်ကြီးသင်ပညာရေးကျောင်း
- အမျိုးသမီးသီလရှင်ပညာရေးကျောင်းများ ဖွင့်လှစ်၍ စွယ်စုံသာသနာပြုတော်မူသည်။

ရရှိထားသော ကျောင်းတိုက်များနှင့် ပတ်သက်၍လည်း သူပိုင်ငါပိုင် ငြင်းခုန်ခြင်းဝိဝါဒ ဘေးကင်းဝေးစေရန် ကြိုတင်ဆောင်ရွက် စီမံတော်မူထားသည်။

၁။ ကျေးဇူးတော်ရှင် သာသနာပြုပုဂ္ဂိုလ်ကျော် ကလေးဝဆရာတော်ဘုရားကြီး ချီးမြှင့်တော်မူခဲ့သော ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ နာဂလိုဏ်ဂူဘုရားကုန်းမြေ၊ ကလေးဝတောရကျောင်းတိုက်ကို စာသင်တိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ သီလရှင်ပညာရေးကျောင်းဟု သုံးဌာနနယ်မြေ သီးခြားသတ်မှတ်ပေးလျှက် ရဟန်းသာမဏေ သီလရှင် (၁၀၀၀)ကျော်တို့ အမြဲသုံးလျှက် ပညာရင်နို့ သောက်စို့စေတော်မူသည်။

http://www.dhammadownload.com



**စာသင်တိုက်**

နာဂလိုဏ်ဂူအောင်ချမ်းသာစေတီတော်ကြီးကို အလယ်ဗဟိုပြု ဦးခိုက်လျှက် ဘုရားမြောက်ဖက်ပိုင်း၌ ဗုဒ္ဓစာပေအဆင့်ဆင့် သင်ယူပို့ချရာ "ကလေးဝတောရကျောင်းစာသင်တိုက်"ကို ၁၉၇၉ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး သီးခြားစည်းမျဉ်းရေးဆွဲ၍ စာချစာသင် သီးခြားလက်ခံပြီး အုပ်ချုပ်ရေးသီးခြားထားလျှက် ပရိယတ္တိသာသနာ ထွန်းကားပြန့်ပွားရေး အားပေးဆောင်ရွက်တော်မူသည်။

**ဘုန်းတော်ကြီးသင် ပညာရေးကျောင်း**

နယ်စပ်ဒေသ၊ တောင်တန်းဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ "နယ်စပ်ဒေသနှင့်တောင်းတန်းဒေသ ကလေးသူငယ်များ ကလေးဝဘုန်းတော်ကြီးသင်ပညာရေးကျောင်း"ကို ၁၉၉၃ ခုနှစ်မှ စတင်၍ ဖွင့်လှစ်ပြီး အာရာမာဓိပတိဆရာတော်၊ ပဓာနနာယကဆရာတော်တို့၏ လမ်းညွှန်မှုကို ခံယူလျှက် ကျောင်းအုပ်ဆရာတော်အား တာဝန်ယူစေသည်။ စေတီတော်မြတ်ကြီး၏ တောင်ဖက်ပိုင်း သီးခြားနယ်မြေထားလျှက် အစိုးရကျောင်းများနည်းတူ ကျောင်းသားလက်ခံသင်ကြားတော်မူသည်။ "စာကြိုးစား စကားနားထောင်"ဟူသော ဆောင်ပုဒ်ဖြင့် အုပ်ချုပ်စေလျှက် အမျိုးဘာသာ သာသနာအကျိုးဆောင်ရွက်တော်မူသည်။

**အမျိုးသမီးသီလရှင်ပညာရေးကျောင်း**

နာဂလိုဏ်ဂူဘုရားကုန်းမြေ၏ အဂ္ဂိထောင့် (၂)ဧကခန့်ရှိ မြေနေရာ၌ "နယ်စပ်ဒေသနှင့်တောင်တန်းဒေသဖွံ့ဖြိုးရေး" အမျိုးသမီးသီလရှင်သင်ပညာရေးကျောင်း နန္ဒမူရိပ်သာကို ဖွင့်လှစ်ပြီး သီလရှင်ဆရာကြီးများ၊ ဆရာမကြီးများ အနီးကပ်အုပ်ချုပ်လျှက် "စားဝတ်နေ

http://www.dhammadownload.com



ကျန်းမာပညာ” တာဝန်ယူလက်ခံသင်ကြားပြုစုပျိုးထောင်ပေးလျှက် ရှိသည်။

အဆိုပါသုံးဌာနတို့၌ ကျေးဇူးတော်ရှင် ကလေးဝဆရာတော်ဘုရား ချီးမြှင့်ခဲ့သောကျောင်းများစွာ ရှိခဲ့သည်။ ထို့အပြင် ထိုင်းဘုရင်မင်းမြတ်၏ နန်းစံသက် (၅၀)ပြည့် အထိမ်းအမှတ် ကထိန်ပွဲတော်ကျင်းပပြီး လှူဒါန်းအပ်သော အလျားပေ(၁၀၀)၊ အနံပေ( ၃၄)ရှိ (၂)ထပ်တိုက်၊

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရမင်းတို့က ဆောက်လုပ်လှူဒါန်းအပ်သော “သုကုမာရမဂ္ဂဒီပနီကျောင်းဆောင်”

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရမင်းတို့က ဆောက်လုပ်လှူဒါန်းအပ်သော “ဥတ္တမပုရိသဒီပနီသုံးထပ်ကျောင်းဆောင်”အတွက် သိန်း(၁၅၀)ကျော် လှူဒါန်းပြီးလျှင် ဆောက်လုပ်အပ်သော “သမ္မာဒိဋ္ဌိဒီပနီတိုက်ကျောင်း”

ဦးမောင်မောင်ခဆွေ + ဒေါ်အေးအေးစိုး၊ သား အာကာခ၊ သမီး ကေခိုင်ခ တို့က ဆောက်လုပ်လှူဒါန်းသည့် ဆွမ်းစားကျောင်းတိုးချဲ့ဆောင်။

စက်ာပူရွှေကျောင်းဆရာတော်နှင့် တပည့်များက ဆောက်လုပ်လှူဒါန်းသော (၂)ထပ်တိုက်။

ထိုင်ဝမ် ထိုင်လံကျူစီအဖွဲ့က ဆောက်လုပ်လှူဒါန်းသော တစ်ထပ်တိုက်အပါအဝင် (၃)ဌာနရှိ သာသနိကအဆောက်အဦတို့ကို အန္တယ်တော်ဝင် ထိန်းသိမ်းစောင်ရှောက်ရေး နာယကဆရာတော်များ အဖွဲ့အားနောက်ဆံမတင်းရန် အသီးသီးနယ်မြေ သတ်မှတ်ခွဲခြား လှူဒါန်းလွှဲအပ်ထားပြီး၊ ယခုအခါကပင် သင်ကြားစီမံ အုပ်ချုပ်ရေးကျင့်သားရအောင်ဆောင်ရွက်တော်မူထားသည်။

၂။ ကျေးဇူးတော်ရှင် ကလေးဝဆရာတော်ဘုရားကြီးကပင် ချီးမြှင့်တော်မူခဲ့သော ပဲခူးမြို့၊ ရွှေဂူလေး မဟာပဒုမကျောင်းကို ဦးဂန္ဓသာရ

http://www.dhammadownload.com



ဓမ္မာစရိယအား လွှဲအပ်၍ ကျောင်းသား(၇၀၀)ကျော် စာပေသင်ကြားရာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအဖြစ်သို့ ရောက်စေတော်မူသည်။

၃။ ပဲခူးမြို့၊ အကျွတ်အလွတ်ဘုရားကျောင်းကို ဦးအာစာရ သာသနဓဇ ဓမ္မာစရိယအား လွှဲအပ်၍ မဟာဗောဓိစာသင်တိုက်အဖြစ်သို့ ရောက်ရှိစေတော်မူသည်။

၄။ ပဲခူးမြို့၊ အနောက်တောရှေးဟောင်းသမိုင်းဝင် မဟာကြီးစေတီတော်ရင်ပြင်ရှိ မဟာကြီးဘုရားကျောင်းကို စာချစာသင် (၁၂၀)ကျော် သီတင်းသုံးရာစာသင်တိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ဖွင့်လှစ်သာသနာပြုတော်မူသည်။

၅။ မုံရွာမြို့၊ ရှမ်းတော်ရပ်၊ သုဓမ္မစာရီ သာသနာ့ဗိမာန်တော်ကြီးကို ဦးကောသလ ဓမ္မာစရိယအား အစောင့်အရှောက်အပ်နှံ၍ လယ်တီဝိပဿနာတရားရိပ်သာ ဖွင့်လှစ်စေသည်။

၆။ ပြည်မြို့၊ မင်းကြီးတောင်တန်း ဗေဒါရီဂူနန်း ကလေးဝတောရကျောင်းကို အရှင်သုန္ဒရအား သဘောကျသာသနာပြုရန် လွှဲအပ်ထားပါသည်။

၇။ မန္တလေးမြို့၊ မဟာမြတ်မုနိဘုရားကြီး အနောက်မုဒ် ရွှေရေးဆောင်ကျောင်းတိုက်၊ သူဌေးကျောင်း ကျေးဇူးတော်ရှင် ဆရာတော် ဘဒ္ဒန္တစန္ဒိမာ မဟာထေရ် ပေးစွန့်ခဲ့သော အဆိုပါကျောင်းကို ဘဒ္ဒန္တသုဒဿန ဓမ္မာစရိယအား လွှဲအပ်၍ စာချစာသင် (၇၀)ကျော် သီတင်းသုံးရာစာသင်တိုက်အသွင် ရောက်စေခဲ့သည်။

၈။ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၃)ရပ်ကွက်၊ မင်္ဂလာရာမကျောင်းတိုက် ဆရာတော်ကြီး၏ ချီးမြှင့်မှုအရ စာချနာယက ဘဒ္ဒန္တဝါယမ၊ ဘဒ္ဒန္တစန္ဒောဘာသ (၂)ပါးတို့အား တာဝန်ပေးကာ စာချစာသင် (၅၀)ကျော်ရှိ စာသင်တိုက်အဖြစ်သို့ ရောက်စေခဲ့သည်။

http://www.dhammadownload.com



၉။ ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ဘုရားကျောင်း ဒါယကာ ဦးအုန်းကျင် စသော ဒါယကာများ လှူဒါန်းထားသော ရွှေကြာရံစေတီတော် လယ်တီတောရကို ဘဒ္ဒန္တသြဘာသ နတ်ရေကန်ဆရာတော်အား အပ်နှံ၍ လယ်တီဝိပဿနာတရားရိပ်သာ ဖွင့်စေသည်။

၁၀။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်၊ မိုးဗြဲမြို့၊ စည်ကား (၂)ရပ်ကွက်၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းဖွင့်၍ နယ်စပ်ဒေသ၊ တောင်တန်းဒေသ၌ သမထဝိပဿနာ ထွန်းကားစေခဲ့သည်။

၁၁။ တောင်ကြီးမြို့၊ စွယ်တော်ကျောင်းတိုက်ကို (၂)ပါးပိုင်အပ်သဖြင့် ၁၃၆၈ ခုနှစ်မှစ၍ ဘ-က ပညာရေးကျောင်းဖွင့်ထားပါသည်။

၁၂။ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ် (၃၃၇/က) လယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်ကို တရားဝင်စောင့်ရှောက်ခွင့်ရရှိထားသော ဦးကျော်ဖေပါ ဂေါပကအဖွဲ့က (၄၇)စုံညီ၏ သြဝါဒကို ခံယူ၍ (၂)ကြိမ်တိုင်တိုင် စာချုပ်ချုပ်ဆို အပ်နှံလှူဒါန်းခဲ့သည်ကို လက်ခံလျက် ကျီးတဖုတ်ဖုတ် လယ်တီမူ၊ ရှုပ်ထွေးပွေလီနေသော လယ်တီမူကို သံဃာ့အဖွဲ့အစည်း အဆင့်မြင့် (၄၇) စုံညီ (၄)ကြိမ်တိုင်တိုင် သန့်စင်အောင် ရှင်းလင်းသုခ်သင် အဆုံးအဖြတ် ခံယူ၍ လယ်တီဝိပဿနာ(၇)ရက်တရားစခန်းများ ဖွင့်လှစ်ခဲ့ရာ လယ်တီဝိပဿနာ (၁၀၀)ကြိမ်မြောက်ရှိခဲ့ပြီ။ အဆိုပါလယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် ပိုင်ရေးဆိုင်ခွင့်ရှင်းလင်းအောင် ဆောင်ရွက်အကောင်အထည်ဖော်ပြီး အန္တယ်တော်ဝင် ထိန်းသိမ်းစောင့်ရှောက်ရေး နာယကအဖွဲ့အား လွှဲအပ်ထားပြီး ဖြစ်သည်။ အန္တယ်တော်ဝင် ဘုရားကျောင်းကန် စေတီပုထိုး (၁၇) ဌာနတို့ကို ထိန်းသိမ်းစောင့်ရှောက်ရေးနာယကအဖွဲ့ ဖွဲ့စည်း၍ အသီးသီး တာဝန်ဝေခွဲကာ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်အုပ်ချုပ်ရန် စီမံလွှဲအပ်လှူဒါန်းပြီး ဖြစ်သည်။

ဤသို့လျှင် ကလေးဝတောရဆရာတော်သည် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးတို့ထံမှ ချီးမြှင့်ခဲ့သော ဘုရားကျောင်းကန်

http://www.dhammadownload.com

## သာသနာပြုလုပ်ငန်းများ (ကဃ)

သာသနာ့တံခွန်တို့ကို နိုင်ငံတော်အစိုးရနှင့် ပြည်တွင်းပြည်ပ စေတနာရှင်များ၏ ထောက်ပံ့ကူညီမှုဖြင့် စွယ်စုံသာသနာပြုလျှက် ရတနာသုံးပါး ဆရာမိဘတို့၏ ကျေးဇူးတော်အား ကျေးဇူးတုံ့ပြန်တော်မူနိုင်သော **"စွယ်စုံသာသနာပြု"** အရှင်မြတ်တစ်ပါး ဖြစ်တော်မူသည်။

### ဆရာတော်၏အစိဋ္ဌာန် (၁)

သစ်တစ်ပင်ကောင်း
ငှက်တစ်သောင်း
အပေါင်းငှါကြောင့်
အေးစေမည်။ ။

### ဆရာတော်၏အစိဋ္ဌာန် (၂)

ငါသည်လူဇာတ် ငါသည်မြတ်၏။
ငါမြတ်သောသူ ငါသို့သူကား ငါတကားဟု၊
ငါမှားငါကြိုက် ငါမလိုက်တည့်
ငါကြိုက်ငါမျိုး ငှါတန်ခိုးဖြင့်
ငှါမျိုးငှါဆွေ ငှါတိုင်းပြည်နှင့်
ငှါမြေကမ္ဘာ ငှါခန္ဓာဖြင့်
သူငါကောင်းကျိုး ဆောင်သည်ပိုးမည်
ငါမျိုးငါဇာတ် မြတ်စေမည်။ ။

လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့

ⵗⵗⵗⵗⵗ

http://www.dhammadownload.com



# လယ်တီဝိပဿနာ

## နိဒါန်း

ရှေးအခါက ဘုရားရှင်နှင့်တကွ ရဟန္တာအရှင်မြတ်များ၏ ဟောကြားတော်မူအပ်သော တရားများကို နားဖြင့်နာကြားပြီး နှလုံးအိမ်၌ ထိန်းသိမ်းထားတော်မူနိုင်ကြသည်။

သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာ အားကောင်းတော်မူကြကုန်သော အရှင်မြတ်ကြီးတို့၏ ယေက်ဆင့်ကမ်း ပုခုံးပြောင်းကောင်းခဲ့ခြင်းကြောင့် ငြိမ့်ညောင်းသာယာ ဘုရားရှင်တရားတော်များ နှစ်ပေါင်း ၂၅၄၉ တာကာလတိုင် ခရီးရှည်ကြီး ဖြတ်သန်းလျှောက်လှမ်း တည်ရှိတော်မူနိုင်ခဲ့သည်။

ယခုအခါမှာမူ ထိုကဲ့သို့ တစ်ကြိမ်၊ နှစ်ကြိမ် နာကြားရုံမျှဖြင့် လူသားတို့နှလုံးအိမ်မှာ ထိန်းမထားနိုင်တော့ဘဲ ရေထဲ ဒုတ်ခြစ်သကဲ့သို့သာ ဖြစ်နေသည်။ အိုးမှောက်၍ ရေခံယူသူ၊ ခါးပိုက်ထဲ ပစ္စည်းမျိုးစုံထည့်၍ မေ့လျော့ကာ ဖိတ်စင်စေသူတို့ကဲ့သို့သာ ဖြစ်နေကြသည်။ ထို့ကြောင့် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း၌ တရားဟောတိုင်း တိတ်ခွေသွင်းရန် စီစဉ်ထားပါသည်။

ဗုဒ္ဓနည်းကျ လယ်တီဝိပဿနာကို ပြည့်ပြည့်စုံစုံ အားထုတ်လိုကြသဖြင့် အဖန်ဖန် အထပ်ထပ် နာကြားလိုသူများအတွက် တရားတိတ်ခွေကို စီစဉ်ရသည့်နည်းတူ အဖန်ဖန်ကြည့်ရှုလိုသူများအတွက် အသံမှတစ်ဆင့်ကူးယူ၍ စာအုပ်ရိုက်နှိပ်၍ ဓမ္မဒါနပြုရန် စီစဉ်ရပါသည်။

### ပွင့်လင်းစည်ပင်မှ တင့်တယ်ခြင်းသုံးမျိုး

နေဝန်း၊ လဝန်း၊ ဘုရားဟောကြား တရားတော် ဤသုံးမျိုးတို့သည် ပွင့်လင်းစည်ပင်မှ တင့်တယ်ပါသည်။ ထိုတွင် ဘုရားဟောကြားတရားတော်များ တည်သည်ကိုပင် သာသနာတော်တည်သည်ဟု ဆိုရပါ

http://www.dhammadownload.com



သည်။ သာသနာတော်တည်ရှိပါက လူနတ်နိဗ္ဗာန်ချမ်းသာအကျိုး ပွားတိုးနိုင်ပါသည်။ အများကောင်းကျိုးအတွက် သာသနာတော်တည်ရှိမှ သီလအမြစ် ကြီးပွားနိုင်ပါသည်။ သမာဓိပင်စည် စည်ပင်နိုင်ပါသည်။ ပညာမဂ်ဖိုလ်နိဗ္ဗာန် အသီးအပွင့် ဝေဖြာဖွံ့ဖြိုး တိုးတက်နိုင်ပါသည်။

**အယူအမြင်မှန်ကြောင်း အကြောင်းနှစ်မျိုး**

အသိဉာဏ်ဟူသမျှ သုတ အသိက စ,ရသည် ဆိုသည့်အတိုင်း ဘုရား၊ ပစ္စေကဗုဒ္ဓါတို့မှတစ်ပါး အခြားသူတော်စင်များ၏ အသိဉာဏ်အဆင့်ဆင့်သည် သူတစ်ပါးတို့ ဟောသံ၊ ပြောသံ၊ နာကြားခွင့်ရပါမှ တိုးပွားနိုင်၊ ဖြစ်ပွားနိုင်ပါသည်။

ဘုရား၊ ရဟန္တာစသော အရှင်မြတ်တို့၏ ဟောသံ၊ ပြောသံကို မနာကြားရ၊ မသင်ရ၊ မကြည့်ရှုရပါက မိမိတို့၏ပင်ထွက်ဉာဏ်သည် အလိုလိုမရှင်မသန် မကြီးထွားနိုင်ပါပေ။

ကမ္ဘာလောက၌ အယူအဆ အယူဝါဒအမျိုးမျိုးတို့ကို ဆရာအမျိုးမျိုးက ထူထောင်ထားကြလေသည်။ ပုထုဇဉ်ကမ္ဘာလူသားတို့သည် ဆရာအမျိုးမျိုး၊ ဘုရားအမျိုးမျိုးတို့၏ မျက်နှာကို မော်ကြည့်နေကြသော နာနာသတ္တာရဉ္လောကန ဘေးဆိုးကြီးနှင့် ကြုံတွေ့လျှက်နေရပေသည်။ အယူမှန်၊ အမြင်မှန် ရရှိရေးမှာ စစ်မှန်သော ဘုရားစသော သူတော်ကောင်းတို့၏ ဟောသံ၊ ပြောသံကို အခြေခံရပေသည်။ ဟောသံ၊ ပြောသံမှန်ကို နာကြားရန် အခွင့်အလမ်းရဖို့ အင်မတန်ခက်ခဲလှပေသည်။ ဟောသံ၊ ပြောသံမှန်ကို နာကြားခွင့်ရသူသည် သင့်တင့်ဖြောင့်မှန်သော နှလုံးသွင်းဆင်ခြင်မှုနှင့် ပေါင်းစပ်ပေးနိုင်ပါမှ အယူအမြင်မှန်နိုင်ပေသည်။ ထို့ကြောင့် ထေရဝါဒ ပိဋကတ်တော်လာ စကားတော်တို့ကို မူရင်းမပျက်အောင် သတိရှေ့ဆောင်ပြီး ဖောက်သည်ချဟောဖော်ရေးသားကြရသည်။

http://www.dhammadownload.com



# နိဒါန်း

ဘုန်းကြီးတို့၏ တရားစကား၊ တရားအသံ၊ တရားစာတို့သည် တရားလိုလားသူတို့၏ နား၊ မျက်စိတို့သို့လည်းကောင်း၊ ဘာသာအသီးသီး ပြန်ဆို၍ ဘာသာခြားတို့၏ နား၊ မျက်စိတို့သို့လည်းကောင်း အဆင့်ဆင့် ရောက်ရှိနိုင်ပါစေ။ အဆင့်ဆင့်ရောက်ရှိ၍ တစ်စုံတစ်ယောက်မျှ လိုက်နာကျင့်သုံး စိတ်နှလုံးအိမ်၌ ကိန်းငြိမ်းသွားသည်ဆိုပါက ရေးသား ထုတ်ဝေရကျိုးနပ်ပေပြီ။

ထိုမှတစ်ဆင့် ဉာဏ်နား၊ ဉာဏ်မျက်စိရှင်တို့ဖြစ်ကြပြီး လျှင်လျှင် မြန်မြန် အေးအေးမြမြ ချမ်းချမ်းသာသာ လွယ်လွယ်ကူကူ ကျက်သရေ ဖြိုးမောက် တန်ခိုးတောက်ကာ ဝိမုတ္တိသုခ အမတအောင်ခန်း နိဗ္ဗာန်နန်း သို့ တက်လှမ်းနိုင်ကြပါစေဟု ဆန္ဒပြုလျှက် ဤလယ်တီဝိပဿနာ(၆)ကို ဟောအပ်ရေးသားအပ်ပါသည်။

မိလိန္ဒပဥ္စာလာ ယောဂီ၏ ဖော်ပြပါ မိုး၏ပုံပမာ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြ၍ ဉာဏ်အလင်းရောင် ဖြာနိုင်ပါစေဟု အဖွင့်နိဒါန်း ပျိုးအပ်ပါသည်။

**မိုး၏ဂုဏ်**

၁။ မိုးခါသွန်းဖြိုး ရွာသည့်မိုးသည် မြူခိုးညစ်ထေ ငြိမ်းစေလေသို့ ကိလေညစ်ကျူ ငြိမ်းစေမူ ပြုလေယောဂီတို့။

၂။ မိုးခါသွန်းဖြိုး ရွာသည့်မိုးသည် မြေခိုးမြေငွေ့ ငြိမ်းလေစေ့သို့ ဖြန့်ဝေမေတ္တာ ငြိမ်းစေရာ၏။

၃။ မိုးခါသွန်းဖြိုး ရွာသည့်မိုးသည် များမျိုးစေ့ကို ပေါက်ဖွားစေသို့ မျိုးစေ့သဒ္ဓါ ပွားစေကာဖြင့် ချမ်းသာသုံးမျိုး ပွားတိုးစေငှာ ပြုကျင့် ရာ၏။

http://www.dhammadownload.com



၄။ မိုးခါသွန်းဖြိုး ရွာသည့်မိုးလျှင် ပွားတိုးမြေပြင် နွယ်သစ်ပင်ကို အစဉ်ချီးမြှောက် စောင့်ရှောက်တတ်သော ယောနိသောဖြင့် ဓမ္မောသဘာဝ စောင့်ရှောက်ရ၏။

၅။ မိုးခါသွန်းဖြိုး ရွာသည့်မိုးကြောင့် ပြည့်ဖြိုးရေကန် ရေပြည့်လျှံသို့ ကျမ်းဂန်ဓမ္မစက် ဟောမြွက်အလာ ဒေသနာမိုးပေါက် ရွာသွန်း မြှောက်၍ မဂ်ပေါက်ဖိုဝင် နိဗ္ဗာန်မြင်လို များထိုထိုတို့ စိတ်အလို ဆန္ဒ ပြည့်ဝစေငှာ ဟောဓနေယျံ ဂါထာပြန်လျှင် အံဝင်ခွင်ကျ ဖြစ်ကြမည်ရေး မျှော်ထောက်တွေး -

**ဟောဓနေယျံ ဇနံ ဒိသွာ၊ သတသဟဿေပိ ယောဇနေ။**
**ခဏေန ဥပဂန္တွာ၊ ဟောဓေသိ တံ မဟာမုနိ။**

မဟာမုနိ= မြတ်စွာဘုရားသည်၊ သတသဟဿေပိ ယောဇနေ= ယူဇနာတစ်သောင်းထက်၌လည်း တည်နေသော၊ ဟောဓနေယျံ ဇနံ= ကျွတ်ထိုက်သောသတ္တဝါကို သစ္စာလေးပါး သိနိုင်မည့် ပုဂ္ဂိုလ်ကို၊ ဒိသွာ= မြင်တော်မူ၍၊ ခဏေန= ခဏချင်း၊ ဥပဂန္တွာ= အပင်ပန်းခံ ကြွသွားတော်မူ၍၊ တံ= ထိုကျွတ်ထိုက်သောသူကို၊ ဟောဓေသိ= ကောင်းစွာသိစေတော်မူခဲ့လေပြီ။ ဝါ= တရားဓမ္မ ဟောဖော်ပြ၍ သစ္စာလေးလီ သိစေတော်မူခဲ့လေပြီ။

http://www.dhammadownload.com

(ကဈ) နိဒါန်း

## ပညာကြီးရှင် ဉာဏ်ကောင်းဆင်

မဟာထေရ်ထူး အမျှုးပြုဆောင်
ကျွန်းသီဟိုဠ်ပေါ် ထေရ်ကျော်ငါးရာ
ရဟန္တာဝသီ သမ္ဗိဒါပတ္တ
သံဃိန္ဒတို့ ဘုရားမိန့်ရွှတ် ပိဋကတ်ကို
မွတ်မွတ်ဖြူဖွေး ပေထက်ရေး၍
ဆေးလည်းကြပ်ကြပ် အထပ်တစ်ရာ တည်းဖြတ်ပါလည်း
အက္ခရာပုဒ်ဆွေး မှားယွင်းသေး၏။
ညစ်ကြေးစပ်ယှဉ် ပုထုဇဉ်သာ
ငါတို့မှာကား မမှားဘယ်သို့ ရှိရာတို့နည်း။
ယွင်းချို့အက္ခရာ ပျက်သုန်ရာ၌
ပညာကြီးရှင် ဉာဏ်ကောင်းဆင်၍ မြင်စေသတည်း။

xxxxx

## "ဤခေတ်မွှားရှင် သတိဆင်လော့"

ကျောက်သံကြေးဟူ အဏုမြူဟု
နူးကလီးယားခေတ်စားစား၌ ခေတ်အားလျော်စွာ
ပညာနုရင့် အဆင့်ဆင့်ဖြင့်
ဖောင်နှင့်ထမ်းစင် လှေလှည်းထွင်၍
ရွက်ဖျင်တပ်သော လှေသင်္ဘော၌
စက်ရောထပ်မံ ရေယဉ်ကြံလျှက်
ဒုံးပျံလေယာဉ် ဂြိုလ်တုဆင်၍
ရုပ်မြင်သံကြား ကားရထားဖြင့်
လာသွားသယ်ယူ မှန်ပြောင်းကူလျှက်

http://www.dhammadownload.com

# နိဒါန်း




ကွန်ပျူတာစက် အင်တာနက်နှင့်
အီလက်ထရွန်နစ် ဓာတ်မှန်ခေတ်တည့်
လျှပ်စစ်လွှမ်းဖုံး ကြေးနန်းသုံး၍
ဟမ်းဖုန်းချိပ်ဆက် အီးမေးစက်တို့
နှီးသက်ခံထား ဤခေတ်ဖွားက
မြင်ကြားသိဝေး ဖောင်ခေတ်မွေး၏။
အရေးအသား အတွေးများကို
အမှားထင်ကာ ပြစ်တင်ပါနဲ့
သင်နှင့်ငါလဲ ဟိုခါခေတ်မွေး
ဟိုလိုတွေး၍ စာရေးရင်လဲ ဟိုလိုပဲလေ
မလွဲတူစွာ သူတို့ဟာလဲ
သည်ခါခေတ်မွေး သည်လိုတွေး၍
စာရေးရင်လဲ သည်လိုပဲထင့်
အလွဲထင်ကာ တို့ရေးစာလဲ
နှောင်းခါလူသစ် ခေါင်းခါရစ်လိမ့်
သူခေတ်အဆင့် မတွက်ချင့်ပဲ
ငါနှင့်မတူ ငါ့ရန်သူဟု
ရန်မူကာမဲ သိမ်းကျုံးဆဲ၍
နက်နဲရဲရင့် သိအကျင့်တွင်
ငါနှင့်ငါသာ နှိုင်းယှဉ်ရာဟု
သစ္စာသိမူ သယမ္ဘူနှင့်
အတူအဆင့် တစ်ဆူပွင့်သို့
မြှောက်ပင့်ကင်းစင် သတိဆင်လော့။

http://www.dhammadownload.com

# ခြွေသွဲ့ပိုမို မြတ်ယောဂီ

တိတ္ထိအယူများ ရှောင်ကြဉ်ရှား၍
ဘုရားသာသနာ ကြည်ညိုလာသည့်
ဓမ္မာသောက မင်းမြတ်လှသည်
ရှင်ပြုကြည့်ပွား ယုံကြည်အားကြောင့်
တရားအစု အာရုံပြုရည်
စေတီတော်ပေါင်း ရှစ်သောင်းလေးထောင်
ကျောင်းပေါင်း ရှစ်သောင်းလေးထောင်
ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်
များမြောင်ဒါန ပြုပြီးမှလျှင်
တတိယသင်္ဂါယနာ ဒါယကာခံယူ ကျောက်စာထုခဲ့
ဘုရားသာသနာ ပြုကြရာဝယ်
လေးဖြာဝန်ထမ်း ပုံရိပ်မှန်းဖို့
ထူးဆန်းအံ့လောက် ပုံတည်ဆောက်စေ့
ခြွေသွဲ့ဂုဏ်ရှိန် ချင့်နှိုင်းချိန်သော်



၁။ ရှောင်ရှိန်ဖြူဖွေး ညစ်ကြေးမတင် သန့်ရှင်းစင်သို့
မတင်ညစ်ကြေး ဖြူဖြူဖွေးသည့် ညစ်ကြေးကင်းရှင်း
ဖြူစင်စိတ်ထား ယုံမှားတွေဝေ ကင်းစင်စေ၏။
၂။ လေးချောင်းအခြေ ရဲရင့်လေ၍ မသွေလမ်းကြောင်း
သွားလာမောင်းသို့ ခြေကောင်းကွန္ဒြ လေးအင်ရှိရ။
၃။ လှပတင့်တယ် ရှုစဖွယ်တည့် လည်ဆံရှိသို့ လှဘိသီလ။
၄။ သက်မျှသေစေ မညွတ်လေသို့ လေးထွေပစ္စည်း
ရှားပါးနည်းလည်း မည်သည့်အောက်မျှ မညွတ်ခရာ။
၅။ ရလာသမျှ ပစ္စည်းမသိမ်းဆည်း ရှောင်ကြဉ်း။

http://www.dhammadownload.com



၆။ စဉ်တိုင်းသာဖြင့် ရရာရာလွေး သားမရွေးသို့ ရောက်ရေးအိမ်စဉ် မကျော်လွန်ပဲ ခန္ဓာဝန်မျှရုံ သုံးဆောင်တုံ၏။

၇။ ရ,တုံမရ ပူတောင့်တကင်း ခြသေ့မင်းသို့ ဉာဏ်သွင်းပညာ ဆင်ခြင်ကာဖြင့် ရလာသမျှ ပစ္စည်း ဗူးသီးကြွက်ကိုက် အလိုက်အထိုက် သုံးဆောင်ကြိုက်ဟု အမြိုက်ခေါင်ဖျား မြတ်ဘုရားဟော-

**သန္တုဋ္ဌောယံ ဘိက္ခဝေ ကဿပေါ ဣတရီတရေန ပိဏ္ဍပါတေန ဣတရီတရပိဏ္ဍပါတ သန္တုဋ္ဌိယာစ ဝဏ္ဏဝါဒီ။ နစပိဏ္ဍပါတ ဟေတု အနေသနံ အပ္ပဋိရူပံ အာပဇ္ဇတိ၊ အလဒ္ဓါစ ပိဏ္ဍပါတံ နပရိတဿတိ၊ လဒ္ဓါစ ပိဏ္ဍပါတံ အဂဓိတော အမုစ္ဆိတော အနဇ္ဈာပန္နော အာဒီနဝဒဿာဝီ နိဿရဏပညော ပရိဘုဉ္ဇတိ။**

စရိုဒေသနာ လေးမြတ်စွာဖြင့် (၇)ဖြာဂုဏ်အင် ပြည့်စုံလင်ရေး ဦးစားပေးအလေးထားခါ ကျင့်ကြံကုန်ရာသတည်း။

http://www.dhammadownload.com

(က၃)

မြတ်ဗုဒ္ဓဒေသနာတော်နှင့်အညီ ဒီပနီကျမ်းပေါင်း (၁၀၀)ကျော် ရေးသား၍
ဤကမ္ဘာ့လူထုအား ဝိဇ္ဇာခေတ်အလင်းရောင်ပေးတော်မူခဲ့သော
လယ်တီဆရာတော်ဘုရားကြီး အမြဲမပြတ် ရှိခိုးပူဇော်ဇလေ့ရှိသော

## ‘ ပိဋကတ်သုံးပုံ ဓမ္မစေတီ’

## ဘုရားရှိခိုးကြီး

တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ဒေသိတာနိ ပညတ္တာနိ တီဏိ ပိဋကာနိ၊ ကတမာနိ တီဏိ?

ဝိနယ ပိဋကံ သုတ္တန္တ ပိဋကံ အဘိဓမ္မပိဋကန္တိ။

ဣမာနိ တီဏိ ပိဋကာနိ-

၁။ အာဒိ ကလျာဏာနိ၊
၂။ မဇ္ဈေ ကလျာဏာနိ၊
၃။ ပရိယောသာန ကလျာဏာနိ၊
၄။ သာတ္ထာနိ၊
၅။ သဗျဉ္ဇနာနိ၊
၆။ ကေဝလပရိပုဏ္ဏာနိ၊
၇။ ပရိသုဒ္ဓါနိ၊
၈။ သိက္ခတ္တယသင်္ဂဟိတဿ ဗြဟ္မစရိယဿ ပကာသကာနိ၊
၉။ အတ္ထဂမ္ဘီရာနိ၊
၁၀။ ဓမ္မဂမ္ဘီရာနိ၊
၁၁။ ဒေသနာဂမ္ဘီရာနိ၊
၁၂။ ပဋိဝေဓဂမ္ဘီရာနိ၊
၁၃။ သီလက္ခန္ဓဘာဇနာနိ၊
၁၄။ သမာဓိက္ခန္ဓဘာဇနာနိ၊

http://www.dhammadownload.com

ပိဋကတ်သုံးပုံဓမ္မစေတီဘုရားရှိခိုးကြီး (ကပ)

၁၅။ ပညက္ခန္ဓဘာဇနာနိ၊
၁၆။ ဝိမုတ္တိက္ခန္ဓ ဘာဇနာနိ၊
၁၇။ ဝိမုတ္တိဉာဏဒဿနက္ခန္ဓ ဘာဇနာနိ၊
၁၈။ အဘိညာသံဝတ္တနိကာနိ၊
၁၉။ ပရိညာသံဝတ္တနိကာနိ၊
၂၀။ သမ္ဗောဓ သံဝတ္တနိကာနိ၊
၂၁။ ဝိရာဂ သံဝတ္တနိကာနိ၊
၂၂။ နိရောဓ သံဝတ္တနိကာနိ၊
၂၃။ နိဗ္ဗာနသံဝတ္တနိကာနိ၊

နမော တေသံ တိဏ္ဏံ ပိဋကာနံ အာဒိကလျာဏာနံ မဇ္ဈေ ကလျာဏာနံ ပရိယာသာနကလျာဏာနံ သာတ္ထာနံ သဗျဉ္ဇနာနံ ကေဝလ ပရိပုဏ္ဏာနံ ပရိသုဒ္ဓါနံ သိက္ခတ္တယ သင်္ဂဟိတဿ ပြဟ္မစရိယဿ ပကာသကာနံ အတ္ထဂမ္ဘီရာနံ ဓမ္မဂမ္ဘီရာနံ ဒေသနာဂမ္ဘီရာနံ ပဋိဝေဓ ဂမ္ဘီရာနံ သီလက္ခန္ဓဘာဇနာနံ သမာဓိက္ခန္ဓ ဘာဇနာနံ ပညက္ခန္ဓ ဘာဇနာနံ ဝိမုတ္တိက္ခန္ဓ ဘာဇနာနံ ဝိမုတ္တိဉာဏဒဿနက္ခန္ဓ ဘာဇနာနံ အဘိညာသံ ဝတ္တနိကာနံ ပရိညာသံဝတ္တနိကာနံ သမ္ဗောဓသံဝတ္တနိကာနံ ဝိရာဂသံဝတ္တနိကာနံ နိရောဓသံဝတ္တနိကာနံ နိဗ္ဗာနသံဝတ္တ နိကာနံ

ဒုတိယမ္ပိ နမော တေသံ တိဏ္ဏံ ပိဋကာနံ အာဒိကလျာဏာနံ (ပ) နိဗ္ဗာနသံဝတ္တနိကာနံ။

တတိယမ္ပိ နမော တေသံ တိဏ္ဏံ ပိဋကာနံ အာဒိကလျာဏာနံ (ပ) နိဗ္ဗာနသံဝတ္တနိကာနံ။

ပိဋကတ်သုံးပုံ၏ ဂုဏ်တော် (၂၃)ဟုလည်း ခေါ်ဆိုနိုင်ပါသည်။

http://www.dhammadownload.com

## (ကဏ) မြတ်စွာဘုရားဟောပါဠိတော်ကျမ်းစာများ

သာသနာတော်နှစ် ၂၅၄၉၊ ကောဇာ ၁၃၆၇ ခု၊ ဝါခေါင်လပြည့်ကျော် (၅)ရက်၊ (၂၄-၈-၂၀၀၅) ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် အခါတော်နေ့တိုင်အောင် ထိန်းသိမ်းစောင့်ရှောက် သင်ယူပို့ချလျက်ရှိသော ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်၊ အင်္ဂါကိုးတန်၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ပါဠိ ပိဋကတ်နှင့် အဋ္ဌကထာ ဋီကာ ဓမ္မစေတီတော်များ-

### မြတ်စွာဘုရားဟော ပါဠိတော်ကျမ်းစာများ

| ဝိနယ | | မဇ္ဈိမနိကာယ | |
|---|---|---|---|
| ၁။ ပါရာဇိကကဏ္ဍပါဠိ | ၃၈၁ | ၉။ မူလပဏ္ဏာသပါဠိ | ၄၁၅ |
| ၂။ ပါစိတ္တိယပါဠိ | ၄၇၀ | ၁၀။ မဇ္ဈိမပဏ္ဏာသပါဠိ | ၄၃၉ |
| ၃။ မဟာဝဂ္ဂပါဠိ | ၅၁၁ | ၁၁။ ဥပရိပဏ္ဏာသပါဠိ | ၃၅၂ |
| ၄။ စူဠဝဂ္ဂပါဠိ | ၅၀၈ | | ၁၂၀၆ |
| ၅။ ပရိဝါရပါဠိ | ၃၉၀ | | |
| | ၂၂၆၀ | | |

♣♣♣♣♣ ♣♣♣♣♣

| ဒီဃနိကာယ | | သံယုတ္တနိကာယ | |
|---|---|---|---|
| ၆။ သီလက္ခန္ဓဝဂ္ဂပါဠိ | ၂၃၆ | ၁၂။ သံယုတ္တပါဠိ (ပ) | ၄၇၂ |
| ၇။ မဟာဝဂ္ဂပါဠိ | ၂၈၃ | ၁၃။ ။ (ဒု) | ၅၆၇ |
| ၈။ ပါထိကဝဂ္ဂပါဠိ | ၂၆၀ | ၁၄။ ။ (တ) | ၄၁၅ |
| | ၇၇၉ | | ၁၄၆၄ |

♣♣♣♣♣ ♣♣♣♣♣

http://www.dhammadownload.com

# မြတ်စွာဘုရားဟောပါဠိတော်ကျမ်းစာများ (ကတ)


## အင်္ဂုတ္တရနိကာယ

| | | |
|---|---|---|
| ၁၅။ | အင်္ဂုတ္တရပါဠိ (ပ) | ၅၈၀ |
| ၁၆။ | ။ (ဒု) | ၅၁၃ |
| ၁၇။ | ။ (တ) | ၅၅၈ |
| | | ၁၆၅၁ |

♣♣♣♣♣

## အဘိဓမ္မာ

| | | |
|---|---|---|
| ၁၈။ | ဓမ္မသင်္ဂဏီပါဠိ | ၂၉၈ |
| ၁၉။ | ဝိဘင်္ဂပါဠိ | ၄၅၃ |
| ၂၀။ | ဓာတုကထာ | |
| | ပုဂ္ဂလပညတ္တိ | |
| ၂၁။ | ကထာဝတ္ထုပါဠိ | ၄၅၄ |
| ၂၂။ | ယမကပါဠိ (ပ) | ၂၆၅ |
| ၂၃။ | ။ (ဒု) | ၃၁၆ |
| ၂၄။ | ။ (တ) | ၃၃၀ |
| ၂၅။ | ပဋ္ဌာနပါဠိ (ပ) | ၄၆၄ |
| ၂၆။ | ။ (ဒု) | ၄၉၃ |
| ၂၇။ | ။ (တ) | ၆၀၅ |
| ၂၈။ | ။ (စ) | ၆၃၆ |
| ၂၉။ | ။ (ပဉ္စ) | ၄၈၈ |
| | | ၄၉၈၇ |

♣♣♣♣♣

## ခုဒ္ဒကနိကာယ

| | | |
|---|---|---|
| ၃၀။ | ပဋိသမ္ဘိဒါမဂ္ဂပါဠိ | ၄၁၉ |
| ၃၁။ | ခုဒ္ဒကပါဠိ | |
| | ဓမ္မပဒပါဠိ | |
| | ဥဒါနပါဠိ | |
| | သုတ္တနိပါတပါဠိ | ၄၅၅ |
| ၃၂။ | ဝိမာနဝတ္ထုပါဠိ | |
| | ပေတဝတ္ထုပါဠိ | |
| | ထေရဂါထာပါဠိ | |
| | ထေရီဂါထာပါဠိ | ၄၃၅ |
| ၃၃။ | အပါဒါနပါဠိ (ပ) | ၄၄၅ |
| ၃၄။ | ။ (ဒု) | |
| | ဗုဒ္ဓဝံသပါဠိ | |
| | စရိယာပိဋကပါဠိ | ၄၂၀ |
| ၃၅။ | မဟာနိဒ္ဒေသ | ၄၁၀ |
| ၃၆။ | စူဠနိဒ္ဒေသပါဠိ | ၃၀၇ |
| ၃၇။ | ဇာတကပါဠိ (ပ) | ၄၀၀ |
| ၃၈။ | ။ (ဒု) | ၃၇၈ |
| ၃၉။ | နေတ္တိပါဠိ | |
| | ပေဋကောပဒေသပါဠိ | ၃၄၁ |
| ၄၀။ | မိလိန္ဒပဉှာပါဠိ | ၄၀၈ |
| | | ၄၄၁၈ |


♣♣♣♣♣

http://www.dhammadownload.com



# အဋ္ဌကထာကျမ်းစာများ

## ဝိနယအဋ္ဌကထာ


| | |
|---|---|
| ၁။ ပါရာဇိကကဏ္ဍအဋ္ဌကထာ(ပ) | ၃၄၆ |
| ၂။ ။ (ဒု) | ၃၁၂ |
| ၃။ ပါစိတျာဒိအဋ္ဌကထာ | ၄၃၇ |
| ၄။ စူဠဝဂ္ဂါဒိအဋ္ဌကထာ | ၂၆၅ |
| ၅။ ဝိနယသင်္ဂဟအဋ္ဌကထာ | ၄၆၈ |
| ၆။ ကင်္ခါဝိတရဏီအဋ္ဌကထာ | ၃၇၅ |
| | ၂၁၈၅ |


## ဒီဃနိကာယ


| | |
|---|---|
| ၇။ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ | ၃၃၈ |
| ၈။ မဟာဝဂ္ဂအဋ္ဌကထာ | ၄၀၃ |
| ၉။ ပါထိကဝဂ္ဂအဋ္ဌကထာ | ၂၅၁ |
| | ၉၉၂ |


## မဇ္ဈိမနိကာယ


| | |
|---|---|
| ၁၀။ မူလပဏ္ဏာသအဋ္ဌကထာ(ပ) | ၃၉၈ |
| ၁၁။ ။ (ဒု) | ၃၂၀ |
| ၁၂။ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ | ၃၀၉ |
| ၁၃။ ဥပရိပဏ္ဏာသအဋ္ဌကထာ | ၂၅၄ |
| | ၁၂၈၁ |


## သံယုတ္တနိကာယ


| | |
|---|---|
| ၁၄။ သံယုတ္တအဋ္ဌကထာ (ပ) | ၃၂၅ |
| ၁၅။ ။ (ဒု) | ၃၂၄ |
| ၁၆။ ။ (တ) | ၃၄၁ |
| | ၉၉၀ |


## အင်္ဂုတ္တရနိကာယ


| | |
|---|---|
| ၁၇။ အင်္ဂုတ္တရအဋ္ဌကထာ (ပ) | ၄၁၆ |
| ၁၈။ ။ (ဒု) | ၃၉၇ |
| ၁၉။ ။ (တ) | ၃၅၇ |
| | ၁၁၇၀ |


## အဘိဓမ္မာ


| | |
|---|---|
| ၂၀။ အဋ္ဌသာလိနီအဋ္ဌကထာ | ၄၅၄ |
| ၂၁။ သမ္မောဟဝိနောဒနီအဋ္ဌကထာ | ၅၀၈ |
| ၂၂။ ပဉ္စပကရဏအဋ္ဌကထာ | ၄၉၉ |
| | ၁၄၆၁ |


## ခုဒ္ဒကနိကာယအဋ္ဌကထာ


| | |
|---|---|
| ၂၃။ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ(ပ) | ၃၄၅ |
| ၂၄။ ။ (ဒု) | ၃၂၃ |
| ၂၅။ ခုဒ္ဒကပါဌအဋ္ဌကထာ | ၂၁၆ |
| ၂၆။ ဓမ္မပဒအဋ္ဌကထာ (ပ) | ၄၄၇ |
| ၂၇။ ။ (ဒု) | ၄၅၆ |
| ၂၈။ ဥဒါနအဋ္ဌကထာ | ၃၉၂ |
| ၂၉။ ဣတိဝုတ္တကအဋ္ဌကထာ | ၃၅၅ |
| ၃၀။ သုတ္တနိပါတအဋ္ဌကထာ (ပ) | ၃၁၄ |
| ၃၁။ ။ (ဒု) | ၃၂၄ |
| ၃၂။ ဝိမာနအဋ္ဌကထာ | ၃၃၅ |
| ၃၃။ ပေတဝတ္ထုအဋ္ဌကထာ | ၂၇၀ |
| ၃၄။ ထေရဂါထာအဋ္ဌကထာ(ပ) | ၄၈၅ |
| ၃၅။ ။ (ဒု) | ၅၄၆ |
| ၃၆။ ထေရီဂါထာအဋ္ဌကထာ | ၃၀၅ |
| ၃၇။ အပဒါနအဋ္ဌကထာ(ပ) | ၃၅၂ |
| ၃၈။ ။ (ဒု) | ၃၀၃ |
| ၃၉။ ဗုဒ္ဓဝံသအဋ္ဌကထာ | ၃၅၄ |
| ၄၀။ စရိယာပိဋကအဋ္ဌကထာ | ၃၂၈ |
| ၄၁။ မဟာနိဒ္ဒေသအဋ္ဌကထာ | ၄၁၉ |
| ၄၂။ စူဠနိဒ္ဒေသအဋ္ဌကထာ | ၁၃၉ |
| နေတ္တိအဋ္ဌကထာ | ၂၇၆ |
| ၄၃။ ဇာတကအဋ္ဌကထာ (ပ) | ၅၃၈ |
| ၄၄။ ။ (ဒု) | ၄၀၈ |
| ၄၅။ ။ (တ) | ၅၁၇ |
| ၄၆။ ။ (စ) | ၅၀၄ |
| ၄၇။ ။ (ပဉ္စ) | ၅၅၃ |
| ၄၈။ ။ (ဆ) | ၃၃၂ |
| ၄၉။ ။ (သ) | ၃၈၇ |
| ၅၀။ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ(ပ) | ၃၇၀ |
| ၅၁။ ။ (ဒု) | ၃၅၆ |
| | ၁၁၃၂၉ |

http://www.dhammadownload.com

# ဋီကာကျမ်းစာများ




## ဝိနယဋီကာ

၁။ ဝဇိရဗုဒ္ဓိဋီကာ ၅၈၅
၂။ သာရတ္ထဒီပနီဋီကာ (ပ) ၄၆၀
၃။ ။ (ဒု) ၄၄၈
၄။ ။ (တ) ၄၉၆
၅။ ဝိမတိဝိနောဒနီဋီကာ (ပ) ၃၆၂
၆။ ။ (ဒု) ၃၃၂
၇။ ကင်္ခါဝိတရဏီပုရာဏဋီကာ
ကင်္ခါဝိတရဏီအဘိနဝဋီကာ ၄၈၉

၃၇၈၂

## ဒီဃနိကာယဋီကာ

၈။ သီလက္ခန္ဓဝဂ္ဂဋီကာ ၄၀၅
၉။ သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ(ပ) ၄၃၇
၁၀။ ။ (ဒု)၅၀၀
၁၁။ မဟာဝဂ္ဂဋီကာ ၃၅၈
၁၂။ ပါထိကဝဂ္ဂဋီကာ ၂၉၂

၁၉၉၂

## မဇ္ဈိမနိကာယဋီကာ

၁၃။ မူလပဏ္ဏာသဋီကာ (ပ) ၃၉၄
၁၄။ ။ (ဒု) ၃၂၄
၁၅။ မဇ္ဈိမ+ဥပရိပဏ္ဏာသဋီကာ ၄၄၂

၁၁၆၀

## သံယုတ္တဋီကာ

၁၆။ သံယုတ္တဋီကာ (ပ) ၃၄၅
၁၇။ ။ (ဒု) ၅၅၁

၈၉၆

## အင်္ဂုတ္တရဋီကာ

၁၈။ အင်္ဂုတ္တရဋီကာ (ပ) ၂၈၈
၁၉။ ။ (ဒု) ၃၉၆
၂၀။ ။ (တ) ၃၇၁

၁၀၅၅

## အဘိဓမ္မာဋီကာ

၂၁။ ဓမ္မသင်္ဂဏီမူလဋီကာ ၂၀၃
ဓမ္မသင်္ဂဏီအနုဋီကာ ၂၂၀
၂၂။ ဝိဘင်္ဂမူလဋီကာ ၂၃၅
ဝိဘင်္ဂအနုဋီကာ ၂၂၉
၂၃။ ပဋ္ဌာနမူလဋီကာ ၂၄၈
ပဋ္ဌာနအနုဋီကာ ၃၂၃

၁၄၅၈

## ကျန်ဋီကာ

၂၄။ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ (ပ) ၄၆၁
၂၅။ ။ (ဒု) ၅၃၅
၂၆။ နေတ္တိဋီကာ
နေတ္တိဝိဘာဝိနီဋီကာ ၃၅၆

၁၃၅၂

http://www.dhammadownload.com

## (က၈) ပိဋကတ်သုံးပုံ ဓမ္မစေတီ ဘုရားရှိခိုးကြီး

**သင်ရိုး ပိဋက**
**ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းစာများ**

| ပိဋက | ပါဠိတော် | | အဋ္ဌကထာ | | ဋီကာ | |
|---|---|---|---|---|---|---|
| | အုပ်ရေ | စာမျက်နှာ | အုပ်ရေ | စာမျက်နှာ | အုပ်ရေ | စာမျက်နှာ |
| ဝိနယ | ၅ | ၂၂၆၀ | ၄ | ၁၃၆၀ | ၆ | ၂၆၇၃ |
| သုတ္တန္တ | ၃ | ၇၇၉ | ၃ | ၉၉၂ | ၅ | ၁၉၉၂ |
| အဘိဓမ္မ | ၁၂ | ၄၉၈၇ | ၃ | ၁၄၆၁ | ၃ | ၁၄၅၈ |
| **စုစုပေါင်း** | **၂၀** | **၈၀၂၆** | **၁၀** | **၃၈၁၃** | **၁၄** | **၆၁၂၃** |

ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ် တရားတော်မြတ်သည် ဓမ္မစေတီတော်မည်၏။

ဓမ္မစေတီတော်မြတ် ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ် တရားတော်သည် ယခုတိုင် အကျွန်ုပ်တို့အား ဘုရားကိုယ်တော်စား လမ်းမှန်ညွှန်ပြ တရားဟော တရားပြတော်မူလျှက် ရှိနေပါသည်။

ညီဖွားအာနန္ဒာ ယခု ငါဘုရားတစ်ဆူတည်းသာ ပရိနိဗ္ဗာန်ဝင်စံပါသေး၏။ နောင် ငါဘုရားမရှိရင် ငါ့ (၈၄၀၀၀)သော ဓမ္မက္ခန္ဓာတို့သည် သင်တို့ကို သွန်သင်ဆုံးမကြလိမ့်မည်ဟူသော အဓိပ္ပါယ်ဖြင့် အာနန္ဒာ ငါဘုရား ဟောကြားထားတဲ့ သုတ္တန် ဝိနည်း အဘိဓမ္မာ တရားတော်သည် ငါဘုရားမရှိရင် သင်တို့ရဲ့ ဆရာပဲဟု မိန့်တော်မူခဲ့ပါသည်။

http://www.dhammadownload.com



**ခန္ဓာကိုယ်နှင့်ဓမ္မစေတီကျောင်းဥပမာ**

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးသည် ပဋ္ဌိစ္စသမုပ္ပါဒဒီပနီ စာမျက်နှာ (၂၄)၌-

ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ ဟူ၍ စေတီလေးပါး ရှိသည်တွင် ဓမ္မစေတီကို ကိုးကွယ်လိုသောသူသည်-

ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာ စသော ပါဠိတော်ကြီးများကို ရွှေပြား၊ ငွေပြားမှာရေး၍ ကိုးကွယ်ရသည်ဟု ကျမ်းဂန်တို့မှာ လာသည်တစ်ရပ်၊

ဓမ္မာနုဿတိ တည်ရှိသောသူ၏ ခန္ဓာကိုယ်သည် စေတီကျောင်းနှင့် အလားတူသည်၊ လူနတ်တို့ ပူဇော်ထိုက်သည်ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာ လာသည်တစ်ရပ်၊

ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)သည် ငါဘုရားကိုယ်တော်စား ဘုရားအရာ၌ တည်သည်ဟု ဟောတော်မူသည်တစ်ရပ်၊

ဤသို့ လာသောအရာများကို ထောက်ဆ၍ ဤပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာအကျဉ်းအကျယ် ပါဠိတော်ကြီးများကို အရကျက်၍ အသက်ထက်ဆုံး အမြဲဆောင်ရွက်သောသူသည် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ဓမ္မစေတီကျောင်းတော်နှင့် တူ၏။ လူနတ်တို့ ရှိခိုးပူဇော်ခြင်းကို ခံထိုက်၏ ဟု သိအပ်၏။

**ဓမ္မစေတီတော်မြတ် ပိဋကတ်ကို အဆင့်ဆင့်စောင့်ထိန်း**

မြတ်စွာဘုရား (၄၅)ဝါ ကာလပတ်လုံး ကိုယ်တော်တိုင် တည်ထား ကိုးကွယ်ခဲ့သော ဓမ္မစေတီတော်တို့သည် (၈၄၀၀၀)ရှိကုန်၏။ လူ့ပြည်ထက်ဝက်၊ နတ်ပြည်ထက်ဝက် တည်ထားတော်မူခဲ့ပါသည်။ ဘုရားကိုယ်တိုင် တည်သောဘုရားဟူသည် ဤဓမ္မစေတီများပါပင်တည်း။ ထိုဘုရားတည်သော ဘုရားတို့ကို ဘုရားပရိနိဗ္ဗာန် စံပြီး နှစ်ပေါင်း (၄၅၀)နှစ် တိုင်တိုင် နှုတ်တက်အာဂုံဆောင်တော်မူခဲ့ကြပါသည်။

http://www.dhammadownload.com

## (ကပ) ပိဋကတ်သုံးပုံ ဓမ္မစေတီ ဘုရားရှိခိုးကြီး

နှုတ်ဖြင့်ဆောင်သည် ရင်နှီးရည် မည်မျှနှစ်ပေါင်း ကြာသနည်းဟု မေးခွန်းထုတ်ခဲ့ပါသည်။

အဖြေကား- နှစ် (၄၅၀)ဟု ဖြစ်ပါသည်။

**ပေစာ**

သာသနာနှစ် (၄၅၀)ရောက်လျှင် နောင်ရေးအတွက် "ပေစာ" ဟု ပေါ်ပေါက်ခဲ့ပါသည်။ သီဟိုဠ်ကျွန်း စတုတ္ထသံဂါယနာတင်ရာတွင် ပေထက်အက္ခရာ တင်ခဲ့ပါသည်။

ပဥ္စမသံဂါယနာ (သာသနာနှစ် ၂၄၀၀)နှစ်၌ ကျောက်စာ ပေါ်ပေါက်ခဲ့ရာ ပေစာ၏သက်တမ်းသည် နှစ်ပေါင်း ၁၉၆၀ ခန့် တည်ရှိ ထိန်းသိမ်းခဲ့ပါသည်။

**ကျောက်စာ**

သာသနာတော်နှစ် ၂၄၀၀ နှစ်တွင် မဟာလောကမာရဇိန် ကုသိုလ်တော် မြတ်စွာဘုရား ပရိဝုဏ်တွင် သုတ္တန်သုံးကျမ်း ကျောက်စာ အချပ် (၄၁၀)၊ ဝိနည်းငါးကျမ်း ကျောက်စာ (၁၁၁)ချပ်၊ အဘိဓမ္မာခုနစ် ကျမ်း ကျောက်စာ (၂၀၈)ချပ်၊ စုစုပေါင်း ကျောက်စာ (၇၂၉)ချပ်။

နန်းမြေဘုံသာ နန်းတော်ရာ စန္ဒာမုနိ ဘုရားပရိဝုဏ်တွင် ပိဋကတ်သုံးပုံမှ ဝိနည်း အဋ္ဌကထာ ဋီကာ အပြည့်အစုံရေးထိုးထားသော ကျောက်စာချပ်ရေ (၁၇၇၂)ချပ်နှင့် သမိုင်းမော်ကွန်း သံပြားနှစ်ချပ် အပါအဝင် စုစုပေါင်းကျောက်စာ (၁၇၇၄)ချပ် တည်ထားခဲ့ပါသည်။

ကျောက်စာတစ်ချပ်လျှင် စေတီတစ်ဆူနှုန်း တည်ထားခဲ့သည်။ ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးအဖြစ် ကျောက်ကြားခဲ့ပါသည်။ အနှစ်သာရ ပြည့်ဝသည်။ သာသနာ့အမွေအနှစ်များ ဖြစ်သကဲ့သို့ တန်ဖိုးကြီးမားသော သမိုင်းအမွေအနှစ်အဖြစ်လည်း ထင်ရှားလှပါသည်။

http://www.dhammadownload.com



**ပေစာ၏နိဂုံး**

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ပိဋကစာပေ အတိုးတက်ဆုံး၊ သာသနာစည်ပင်ထွန်းကားဆုံး အချိန်ကား ရာဇဝင်သမိုင်း မှတ်တမ်းများမှ လေ့လာသိရှိချက်အရ ကုန်းဘောင်နောက်ဆုံးခေတ် မင်းတုန်းမင်း လက်ထက်ဟု ဆိုရပါမည်။

အဲဒီအချိန်က မြန်မာနိုင်ငံတော်၌ သံဃာတော်ပေါင်း ခြောက်သိန်းကိုးသောင်းကျော်ရှိ၍ မန္တလေးမြို့တွင် ဘုရင်ကိုးကွယ်သော ဘွဲ့တံဆိပ်ရ ဆရာတော်ပေါင်း (၈၀)ခန့် ရှိခဲ့သည်။ စာသင်တိုက်ကြီးပေါင်း (၁၇၉)တိုက်တွင် စာချဆရာတော် (၃၀၀၀)ခန့်ကို အမှီပြု၍ စာလိုက် သံဃာပေါင်းမှာ ခြောက်သောင်းကျော်ရှိသည်။

ထိုသို့ သာသနာစည်ပင်ထွန်းကားခဲ့သော်လည်း ကြေကွဲဝမ်းနည်း ဖွယ်ရာမှာ ပြည်မြန်မာ၏ ကံကြမ္မာဆိုး ကြုံခဲ့ရသော သီပေါမင်းအား အင်္ဂလိပ်များ ဖမ်းဆီးသည့်အချိန်ဖြစ်သည်။

နန်းတွင်းတစ်ခုလုံးရှိ ဗြဲတိုက်၌ ပေပုရပိုက်များထည့်သည့် စာတိုက်သေတ္တာကြီးအားလုံးကို အင်္ဂလိပ်စစ်ဗိုလ်စစ်သားနှင့် နောက်ပါ လူပါစုများက အဖိုးတန်ရတနာများ ရှာဖွေယူဆောင်ကြသဖြင့် ပေစာများ၊ ပုရပိုက်များ အစည်းပျက်၊ အခေါက်ပြေလျှက် ပရမ်းပတာ ဖရိုဖရဲ ကျန်ခဲ့၏။ နောက်နေ့တွင် သန့်ရှင်းရေးအတွက် အမှိုက်လှည်း ကုလားများက ယင်းပေပုရပိုက်များကို စုပုံ၍မီးရှို့ပစ်ကြလေသည်။ ထိုအကြောင်းကို တန်ဆောင်မုန်းလဆုတ် (၁၁)ရက်နေ့တွင် တောင်ခွင် မင်းကြီးသိရသဖြင့် ပေပုရပိုက်များကို မီးမရှို့ရန် တောင်းပန် မေတ္တာရပ်ခံစာကို စာရေးတော်ကြီး ဦးမြဲအား ကာနယ်စလေဒင်ထံသို့ အပေးခိုင်းသဖြင့် ကာနယ်စလေဒင်က "မည်သူမျှ ပေပုရပိုက်များကို မီးရှို့ခြင်း၊ ဖျက်ဆီးခြင်း၊ ယူငင်ခြင်း မပြုလုပ်ရန် အမိန့်ထုတ်ပြန် တားဆီး ခဲ့လေသည်"။

http://www.dhammadownload.com

## (၈၇) ပိဋကတ်သုံးပုံ ဓမ္မစေတီ ဘုရားရှိခိုးကြီး

နောင်အခါ၌ နွားလှည်းအစီးရေ လေးဆယ်ကျော်တိုက်လောက် ရှိသော နန်းတွင်းရှိ ကြွင်းကျန်သည့် ပေပုရပိုက် ထန်းဖူးစာများကို ရန်ကုန် အတွင်းဝန်ရုံးကြီးသို့ ယူဆောင်ထားလေသည်။

ဤသည်တို့မှာ မြန်မာပြည်၏ ယဉ်ကျေးမှုစာပေအနုပညာနှင့် အဖိုးတန်သာသနာ့အမွေအနှစ်တို့ ဆုံးပါးခဲ့ရခြင်းနှင့် ပေခေတ်၏နိဂုံးပိုင်း အခြေအနေကို သုံးသပ်ရပေသည်။


ဤသို့ ပေမီးရှို့ခံရတော့မှ ခဲရာခဲဆစ် ကျောက်စာစေတီတော် များ၏ ဂုဏ်ကျေးဇူးတို့သည် ပေါ်လွင်ခဲ့ပါတော့သတည်း။

♣♣♣♣♣

http://www.dhammadownload.com

## လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် (ကဘ)

### မြန်မာနိုင်ငံ
### လယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ်




(၁) မြန်မာပြည်အထက်ပိုင်း လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်
(၂) မြန်မာပြည်အလယ်ပိုင်း လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်
(၃) မြန်မာပြည်အောက်ပိုင်း လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်

### တည်နေရာ

**ဗဟိုအဖွဲ့ချုပ်**
- မုံရွာမြို့၊ သုဓမ္မစာရီဝိမာန်တော်၊

**အထက်ပိုင်းအဖွဲ့ချုပ်**
- ယင်းမာပင်မြို့နယ်၊ ရွှေတောင်ဦးလယ်တီဝိပဿနာရိပ်သာ၊

**အလယ်ပိုင်းအဖွဲ့ချုပ်**
- နေပြည်တော် ပျဉ်းမနားမြို့၊ မဟာလယ်တီစံကျောင်းတိုက်၊

**အောက်ပိုင်းအဖွဲ့ချုပ်**
- ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လယ်တီမူဝိပဿနာကမ္မဋ္ဌာန်း ကျောင်းတိုက်

### နယ်နိမိတ်

(၁) အထက်ပိုင်းနယ်မြေ
- စစ်ကိုင်းတိုင်း

http://www.dhammadownload.com

(က)   လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်

- ကချင်ပြည်နယ်
- ချင်းပြည်နယ်
- မကွေးတိုင်း

(၂)   အလယ်ပိုင်းနယ်မြေ

- နေပြည်တော်တိုင်း
- မန္တလေးတိုင်း
- ပဲခူးတိုင်း
- ကရင်ပြည်နယ်
- ကယားပြည်နယ်

(၃)   အောက်ပိုင်းနယ်မြေ

- ရန်ကုန်တိုင်း
- ဧရာဝတီတိုင်း
- ရခိုင်ပြည်နယ်
- မွန်ပြည်နယ်
- တနင်္သာရီတိုင်း

(၄)   ဗဟိုအဖွဲ့ချုပ်သီးခြားနယ်မြေ

- ရှမ်းပြည်နယ်

♣♣♣♣♣

http://www.dhammadownload.com



# တရားစခန်းဌာနများ

## မြန်မာပြည်အထက်ပိုင်းလယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်

| | | | |
|---|---|---|---|
| (၁) | မုံရွာမြို့၊ သုဓမ္မစာရိပ်မာန် | ၂၇ | ကြိမ် |
| (၂) | ရေကြည်ပင်၊ ယင်းမာပင် | ၆ | ကြိမ် |
| (၃) | မုံရွာ၊ ညောင်ပင်ဇောက် | ၃ | ကြိမ် |
| (၄) | အောင်တော်မူ၊ မုံရွာ | ၁၆ | ကြိမ် |
| (၅) | အောင်သာရွာ၊ ဘုတလင် | ၇ | ကြိမ် |
| (၆) | ဆူးလကုန်း၊ မုံရွာ | ၅ | ကြိမ် |
| (၇) | နှင်းတောကျောင်း၊ ဆားလင်းကြီး | ၈ | ကြိမ် |
| (၈) | ရန်အောင်မြင်ဘုရား၊ ဘုတလင်မြို့ | ၉ | ကြိမ် |
| (၉) | အောင်နိမိတ်ကျောင်း၊ တမူးမြို့ | ၁၂ | ကြိမ် |
| (၁၀) | မင်းကင်း | ၆ | ကြိမ် |
| (၁၁) | မင်းကင်း စသာ | ၅ | ကြိမ် |
| (၁၂) | ဆယ်ရွာချောင်း (ပွင့်ကား) ကနီမြို့နယ် | ၅ | ကြိမ် |
| (၁၃) | မန်ကျည်းခွ (ချောင်းဦး) | ၅ | ကြိမ် |
| (၁၄) | ရတနာစိန်ပန်း (ကနီ) | ၂ | ကြိမ် |
| (၁၅) | ကုန်းသာ သီရိမင်္ဂလာကျောင်း (ကနီ) | ၁၀ | ကြိမ် |
| (၁၆) | ကင်းရွာ (ကနီ) | ၁၀ | ကြိမ် |
| (၁၇) | ယင်းရွာ (ကနီ) | ၂ | ကြိမ် |
| (၁၈) | ရွှေတောင်ဦး | ၁၅ | ကြိမ် |
| (၁၉) | ပုလဲမြို့၊ ဗုဒ္ဓဝိဟာရဓမ္မာရုံ | ၈ | ကြိမ် |
| (၂၀) | သရက်မြို့၊ ကျိုက်ဒေးရုံစေတီ | ၉ | ကြိမ် |
| (၂၁) | ယင်းမာပင်၊ အင်ကြင်းတောင်ပုပ္ပါးကျောင်း | ၅ | ကြိမ် |
| (၂၂) | လက်ပန်းတောင်းတောင်၊ ဆားလင်းကြီး | ၆ | ကြိမ် |
| (၂၃) | သမ္မောဓိ၊ မုံရွာမြို့နယ် | ၅ | ကြိမ် |

http://www.dhammadownload.com

## (ကရ) တရားစခန်းဌာနများ

| | | |
|---|---|---|
| (၂၄) | ဘန့်ဘွေးကုန်း၊ ယင်းမာပင် | ၃ ကြိမ် |
| (၂၅) | ကလေးမြို့၊ ချင်းဆိုင်ရွာ၊ ကမ္ဘာ့ရန်ကင်းကျောင်း | ၆ ကြိမ် |
| (၂၆) | ရွာလယ်ရွာ၊ ဘုတလင် | ၂ ကြိမ် |
| (၂၇) | ဝါးရောင်းရွာ၊ အရာတော် | ၅ ကြိမ် |
| (၂၈) | ဟိုပင်မြို့၊ အရှေ့ကျောင်းကြီး၊ ကချင် | ၇ ကြိမ် |
| (၂၉) | ဆယ်ဇင်းရွာ၊ ဟုမ္မလင်း/ဖားကန့် | ၂ ကြိမ် |
| (၃၀) | မင်းဘူးမြို့၊ ဓာတ်တော်ကုန်းစေတီတော် | ၇ ကြိမ် |
| (၃၁) | ပွင့်လျှက်၊ ကလေး | ၉ ကြိမ် |
| (၃၂) | မင်းကင်း၊ တောင်ယာတော | ၂ ကြိမ် |
| (၃၃) | ဘော်ဂါ၊ ဘုတလင် | ၁ ကြိမ် |
| (၃၄) | သမန္တာ၊ ဘုတလင် | ၁ ကြိမ် |
| (၃၅) | သကြားစက်၊ ရွှေစုရွာ၊ ယင်းမာပင် | ၅ ကြိမ် |
| (၃၆) | ထူးကြီး၊ ဘုတလင် | ၃ ကြိမ် |
| (၃၇) | ဓမ္မရိပ်၊ ဆုတောင်းပြည့်၊ မုံရွာ | ၂ ကြိမ် |
| (၃၈) | ကြေးနင်းကြီးရွာ၊ ပုလဲ | ၃ ကြိမ် |
| (၃၉) | ကြောရွာ၊ ဂန့်ဂေါ | ၃ ကြိမ် |
| (၄၀) | နဂါးတွင်းရွာ၊ မုံရွာ | ၃ ကြိမ် |
| (၄၁) | စိုင်ပြင်ကြီး၊ တောရကျောင်း လယ်တီဝံသ | ၂၀ ကြိမ် |
| (၄၂) | စိုင်ပြင်ကြီး၊ ဇာတိမဟာအောင်မြေ၊ ဒီပဲယင်း | ၂ ကြိမ် |
| (၄၃) | နှော၊ မင်္ဂလာရွာသစ်၊ ဒီပဲယင်း | ၂ ကြိမ် |
| (၄၄) | ချင်းတွင်း၊ ဒီပဲယင်း | ၂ ကြိမ် |
| (၄၅) | ကံသာရွာ၊ ဘုတလင် | ၁ ကြိမ် |
| (၄၆) | လည်ပင်းရွာ၊ မြင်းမူ | ၄ ကြိမ် |
| (၄၇) | မြို့မ တောင်တွင်းဒေသ၊ မင်းကင်း | ၂ ကြိမ် |
| (၄၈) | မယ်မဲ၊ မင်းကင်း | ၃ ကြိမ် |
| (၄၉) | ရေအောက်တောင်၊ သီရိရတနာ၊ ဖောင်းပြင် | ၂ ကြိမ် |

http://www.dhammadownload.com

## တရားစခန်းဌာနများ (ကလ)

(၅၀) သင်္ဂါရွာ၊ ဖောင်းပြ ၁ ကြိမ်
(၅၁) ကျောက်ထုံးကြီး၊ ကသာ ၁ ကြိမ်
(၅၂) ထန်းပင်ကုန်း၊ ချောင်းဦး ၁ ကြိမ်
(၅၃) ညောင်ပင်အိုင်တောရ၊ ဆားလင်းကြီး ၂ ကြိမ်
(၅၄) ကမ္ဘာ့ရန်ကင်း၊ နံ့သာကုန်းရွာ၊ ယင်းမာပင် ၁ ကြိမ်
(၅၅) ကျောက်စာကုန်းရွာ၊ ရေဦး ၁ ကြိမ်

### မြန်မာပြည်အလယ်ပိုင်း လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်

(၁) မဟာလယ်တီစံကျောင်းတိုက်၊ ပျဉ်းမနား ၁၀ ကြိမ်
(၂) တပ်ကုန်း၊ သာသနာ့ဗိမာန် ၉ ကြိမ်
(၃) ရှားတောရိပ်သာ၊ ပျော်ဘွယ် ၁၀ ကြိမ်
(၄) ရမည်းသင်း၊ မြို့လှ၊ ရွှေမင်းဝံ ၂၇ ကြိမ်
(၅) ဇလာမြို့ ၁ ကြိမ်
(၆) ဝင်းခနောင်၊ တောင်ညို ၁ ကြိမ်
(၇) မဟာကြီးစေတီ၊ ပဲခူး ၉ ကြိမ်
(၈) ရွှေဂူလေးစေတီ၊ ပဲခူး ၉ ကြိမ်
(၉) ကောမြတ်ကြီး၊ လှိုင်းဘွဲ့၊ ကရင် ၁၀ ကြိမ်
(၁၀) မိုးပြေ၊ စည်ပင်-၂၊ ကယား ၉ ကြိမ်
(၁၁) အောင်မင်္ဂလာ၊ ကျက်သရေကုန်းတောရ၊ ပြည် ၁ ကြိမ်
(၁၂) ရေဇင်း၊ နေပြည်တော် ၁ ကြိမ်

### မြန်မာပြည်အောက်ပိုင်း လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်

(၁) နာဂလိုဏ်ဂူကလေးဝတောရ၊ ရန်ကုန် ၉ ကြိမ်
(၂) လယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်း၊ ရန်ကုန် ၁၂၀ ကြိမ်
(၃) တွံတေး၊ ညောင်တံခါးကျောင်း ၅ ကြိမ်
(၄) တွံတေး၊ ဝိဇ္ဇာညီနောင်၊ လယ်တီရိပ်သာ ၉ ကြိမ်

http://www.dhammadownload.com



## တရားစခန်းဌာနများ

| | | |
|---|---|---|
| (၅) | ထန်းတပင် ဓကျောင်း၊ အင်းစိန်၊ ရန်ကုန် | ၁၂ ကြိမ် |
| (၆) | ပြည်၊ သဒ္ဓမ္မဇောတိကာရုံကျောင်း၊ တိုက်ကြီး | ၁၂ ကြိမ် |
| (၇) | ဝွတ္တလစ်၊ လွတ်လပ်ရေးကျောင်း၊ ရန်ကုန် | ၇ ကြိမ် |
| (၈) | မြင်သာမြို့ဦးကျောင်း၊ တ/ဥက္ကလာ၊ ရန်ကုန် | ၁၀ ကြိမ် |
| (၉) | မင်္ဂလာရာမကျောင်း၊ မ/ဒဂုံ၊ ရန်ကုန် | ၉ ကြိမ် |
| (၁၀) | ၃၅-ညီမူရာမမွာရုံ၊ မ/ဒဂုံ၊ ရန်ကုန် | ၉ ကြိမ် |
| (၁၁) | ဘိုကလေးမြို့၊ ကျော်ဇံကျောင်း | ၁၀ ကြိမ် |
| (၁၂) | ရွှေကြာရံစေတီ၊ လယ်တီရိပ်သာ၊ လှည်းကူး | ၉ ကြိမ် |
| (၁၃) | နန္ဒရသီကင်းရုံကျောင်း၊ ဝွမြို့၊ ရခိုင် | ၇ ကြိမ် |
| (၁၄) | ကုလားတန်းကျေးရွာ၊ ကျောက်တန်း | ၆ ကြိမ် |
| (၁၅) | မော်လမြိုင်၊ ပညာရာမပရိယတ္တိစာသင်တိုက် | ၁၀ ကြိမ် |
| (၁၆) | ငါးဘတ်အိုင်ရွာကျောင်း၊ ခနောင်ဖြူ | ၅ ကြိမ် |
| (၁၇) | အုန်းပင်စုရွာကျောင်း၊ ခနောင်ဖြူ | ၄ ကြိမ် |
| (၁၈) | ညောင်ပင်ကွင်းရွာ၊ ကျုံပျော် | ၄ ကြိမ် |
| (၁၉) | ဝဲပုံကျောင်းစာသင်တိုက်၊ မြန်အောင် | ၁ ကြိမ် |
| (၂၀) | သာရဝေါသီလရှင်စာသင်တိုက်၊ ဗဟန်း | ၅ ကြိမ် |
| (၂၁) | ရွှေဘုန်းပွင့်ကျောင်းကြီးကျောင်း၊ ပေါင် | ၃ ကြိမ် |
| (၂၂) | ဇေတဝန် ကရင်စုကျောင်း၊ ပေါင် | ၃ ကြိမ် |

### မြန်မာနိုင်ငံလယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ်

| | | |
|---|---|---|
| (၁) | အောင်သပြေစွယ်တော်ကမ္မဋ္ဌာန်းတိုက် တောင်ကြီးမြို့နယ်၊ ရှမ်း/တောင် | ၅ ကြိမ် |

♣♣♣♣♣

http://www.dhammadownload.com

တရားစခန်းဌာနများ (ကသ)

## လယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ်
## နှစ် (၁၀)ပြည့် စာရင်းချုပ်ဇယား

| စဉ် | အဖွဲ့ချုပ် | ဌာန | အကြိမ် | ယောဂီ | အသုံးစရိတ် |
|---|---|---|---|---|---|
| ၁ | ဗဟို | ၁ | ၅ | ၁၀၀၀ | ၁၆၀ သိန်း |
| ၂ | အထက် | ၆၁ | ၂၈၅ | ၅၇၀၀၀ | ၉၁၂၀ သိန်း |
| ၃ | အလယ် | ၁၂ | ၉၀ | ၁၈၀၀၀ | ၂၈၈၀ သိန်း |
| ၄ | အောက် | ၂၂ | ၂၀၀ | ၄၀၀၀၀ | ၆၄၀၀ သိန်း |
| | စုစုပေါင်း | ၉၆ | ၅၈၀ | ၁၁၆၀၀၀ | ၁၈၅၆၀ သိန်း |

♣♣♣♣♣

http://www.dhammadownload.com



(ည) ဒေါက်တာမျိုးမြင့် ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သာသနာတော်ထွန်းကား
ပြန့်ပွားရေးဦးစီးဌာန

(ဋ) ဦးမျိုးကျော် ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သာသနာရေးဦးစီးဌာန

(ဌ) ဦးအောင်သိန်းညွှန့် ညွှန်ကြားရေးမှူး အတွင်းရေးမှူး
သာသနာတော်ထွန်းကား
ပြန့်ပွားရေးဦးစီးဌာန

(ဍ) ဦးစံသင်းလှိုင် ဒု-ညွှန်ကြားရေးမှူး တွဲဖက်အတွင်း
သာသနာတော်ထွန်းကား ရေးမှူး
ပြန့်ပွားရေးဦးစီးဌာန

၂။ ယင်းကော်မတီ၏ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) နှီးနှောဖလှယ်ပွဲတွင် တင်သွင်းသောစာတမ်းများကို စာအုပ်အဖြစ် ရိုက်နှိပ်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(ခ) သာသနာ့တက္ကသိုလ်များ သင်ရိုးညွှန်းတမ်း သင်ကြားနည်းစနစ်၊ မေးခွန်းထုတ်စနစ် စသည်များ၊ ပထမပြန်စာမေးပွဲပြုပြင် ပြောင်းလဲရေး အကြံပြုချက်များ စီစဉ်ရေးဆွဲ၍ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့မှ တစ်ဆင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ တင်ပြရန်၊

(ဂ) သာသနာ့တက္ကသိုလ်များတွင် သက္ကတဘာသာ သင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာတက္ကသိုလ်ကောင်စီများသို့ တင်သွင်းပြီး အတည်ပြုချက်ရရေးဆောင်ရွက်ရန်၊

http://www.dhammadownload.com



(ဃ) သက္ကတဘာသာကို အထူးပြုလေ့လာမည့် ရဟန်းနှင့်လူပုဂ္ဂိုလ်များကို နိုင်ငံခြားတက္ကသိုလ်များသို့ စေလွှတ်နိုင်ရေး ဆောင်ရွက်ရန်၊

(င) ပါဠိစာပေသင်ကြားရေးကို အထောက်အကူပြုသော သုတေသနစီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(စ) သင့်လျော်သောအချိန်တွင် ပါဠိသင်ကြားရေးဆိုင်ရာ နိုင်ငံတကာနှီးနှောဖလှယ်ပွဲတစ်ရပ် ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

၃။ အဆိုပါကော်မတီသည် ဖော်ပြပါလုပ်ငန်းတာဝန်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် ဖြစ်ပါသည်။

(ဘဒ္ဒန္တတေဇနိယ)
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဒုတိယဥက္ကဋ္ဌဆရာတော်

စာအမှတ်၊ ၀၆၄/၂၉/နပသ(ဗဟို)/၂၀၀၈
ရက် စွဲ ၊ ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ (၁၃)ရက်

<u>ဖြန့်ဝေခြင်း</u>

အဖွဲ့ဝင်များအားလုံး

မိတ္တူကို -
- သာသနာရေးဝန်ကြီးဌာန (ဝန်ကြီးရုံး)
- သာသနာရေးဦးစီးဌာန
- သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
- တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ရုံး
- အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
- သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
- လက်ခံ

http://www.dhammadownload.com

# လယ်တီဝိပဿနာအမှတ်(၁၂)

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အာနာပါနကမ္မဋ္ဌာန်းအားထုတ်ပုံတရားတော် | ၁ |
| တရားအားထုတ်၍ ချမ်းသာထူး၊ ချမ်းသာမြတ် ရှာဖွေပုံတရားတော် | ၁၆ |
| (၁၀၄)ကြိမ်မြောက်အောင်ပွဲ | ၂၅ |
| - ဩဝါဒပါတိမောက် အခါတော်နေ့ | ၂၅ |
| - အချက်အလက် (၄)မျိုး | ၃၀ |
| - ပထမဂါထာ | ၃၅ |
| - ထမင်းထုပ်ရွက်လို့ရှာတောင် | ၃၅ |
| - ဒုတိယဂါထာ | ၃၆ |
| - တတိယဂါထာ | ၃၆ |
| - ဩဝါဒ (၁၃)ချက် | ၄၂ |
| - ကိလေသာ | ၄၇ |
| - သင်္ခါရဝပုဏ္ဏား | ၄၅ |
| - သရဏဂုံမှုတည် | ၅၂ |
| - ဘယ ဒုက္ခ ရောဂါစသည် | ၅၅ |
| - သင်္ဂ အမျိုးမျိုးရှိပါတယ် | ၅၇ |
| - ဟိမဝန္တာတောင်မင်းကြီးကိုပင် | ၆၀ |
| - ကာမတို့၏ ဥပမာများ | ၆၃ |
| - သတိ (၂)မျိုး | ၇၁ |

http://www.dhammadownload.com

| အကြောင်းအရာ | စာမျက်နှာ |
|---|---|


- မဟာသတိပဋ္ဌာန် ဝိပဿနာ ၇၄
- အရှင်အာနန္ဒာနှင့် အရှင်ဘဒ္ဒ ၇၅
- ဣတိဝုတ်နှင့် ခုဇ္ဇုတ္တရာ ၇၈
- သင်္ဂဇာဆရာတော် ၈၁
- သေက္ခ အသေက္ခ ၈၂
- အရှင်အာနန္ဒာနှင့် သိရိဝမုံ ၈၅

(၁၀၅)ကြိမ်မြောက်အောင်ပွဲ ၉၂
- တပေါင်းလပြည့် ၉၂
- ပရိသတ်၏ဂုဏ် + အပြစ် ၉၅
- အမြတ်ဆုံးပရိသတ် ၉၈
- အရှင်နာဂသမာလထေရ် ၁၀၁
- ဂုဏ်သုံးရပ် ၁၀၇
- ပြည်တော်ဝင် ၁၁၃
- ဆွမ်းခံဝတ် ၁၁၇
- ယသော်ရော၏ ကျင့်ဝတ်ဂုဏ် ၁၂၇
- တောင်းတာက လောကီအမွေ ၁၂၉
- ကိလေသာတွေဖြစ်ခွင့်မရအောင် ၁၃၅
- ညီတော်မင်းနန် ၁၃၉
- ဥဒါန်းကျူးနိုင် ၁၄၁
- အရှင်နန္ဒ စတေဒဂ်ရပြီ ၁၄၄

(၉၃)လမ်း၊ မလွန်ဆန်လျှအသင်း ၁၄၈
- နေကွမ္မ ၁၇၃

http://www.dhammadownload.com


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **သီတာလှူငယ်ဆွမ်းလောင်းအသင်း** | ၁၈၅ |
| - လှူပြီးအိုသွားတာ | ၁၈၇ |
| - ထိန်းသိမ်းစောင့်ရှောက် | ၁၉၇ |
| - ဦးနော်ဇရပ် | ၂၀၅ |
| - (၃၁)ဘုံ | ၂၀၇ |
| - လူမမာတစ်ယောက်လို | ၂၀၉ |
| - စိတ် | ၂၁၄ |
| - (၃၂)ပုံ (၄၂)ပုံ | ၂၁၆ |
| - နိဗ္ဗာန်မြေပုံ | ၂၁၈ |
| - ပြဿနာပေါင်း (၁၆၀၀၀) | ၂၂၃ |
| **လယ်တီမူ ပဓာန နာယကဆရာတော်၏ဩဝါဒ** | ၂၂၇ |
| - တူ (၃)တူ | ၂၂၈ |
| **လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသ၏နိဂုံးစကား** | ၂၃၇ |
| - ဝိမုတ္တိရသအရ | ၂၃၇ |
| - ဝိမုတ္တိရသ | ၂၃၈ |
| - ဝိမုတ္တိ (၂)မျိုး | ၂၃၉ |
| - ဝိမုတ္တိ (၅)မျိုး | ၂၃၉ |
| - တဒင်္ဂ ဝိမုတ္တိ | ၂၄၀ |
| - ဝိမုတ္တာယတန (၅)မျိုး | ၂၄၂ |
| - ဝိမုတ္တိ ပရိပါစနီယ တရား (၅)မျိုး | ၂၄၃ |
| - ဘုရားရှင်၏ တိုက်တွန်းချက် | ၂၄၄ |

http://www.dhammadownload.com

# ❀ လယ်တီဝိပဿနာ ❀

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်
ကလေးဝတောရဆရာတော်
ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
**လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ**
မြန်မာ့အသံမှ
အသံလွှင့်ဟောကြားတော်မူသော
**အာနာပါနကမ္မဋ္ဌာန်း အားထုတ်ပုံတရားတော်**

**ဘဝကို သတိပြုသင့်ပုံ**

ဘုန်းကြီးတို့ အကျိုးအကြောင်း၊ အဆိုးအကောင်းကို သိရှိနားလည်နိုင်သော လူ့ဘဝကြီးကို ရရှိလာကြပါတယ်။

ဘုန်းကြီးတို့သည် ဘဝရဲ့အပြစ်အနာအဆာကို မသိခြင်း၊ ဘဝကို သာယာမက်မောခြင်း၊ ကိုယ်နှုတ်နှလုံးဖြင့် ပြုမူပြောဆိုကြံစည်တွေးတောခဲ့ခြင်း အကြောင်းသုံးရပ်တို့ကို အခြေခံပြီး လူ့ဘဝကို ရောက်ရှိလာခဲ့ကြပါတယ်။

ဒီလူ့ဘဝ အလာခရီး ပြန်ကြည့်စီစစ်ပါက အမိဝမ်းသို့ သက်ရောက်စ ကာလ၊ အမိဝမ်းမှာ ကိန်းနေစဉ်ကာလ၊ အမိဝမ်းမှ ဖွားမြင်ရာကာလ၊ သုံးဌာနလုံး မသိပဲ လာရောက်ခဲ့ကြပါတယ်။

အကြောင်းသုံးမျိုး ပေါင်းစပ်မှုကြောင့် ဖြစ်လာခဲ့တဲ့ လူ့ဘဝကို မသိသုံးမျိုးနဲ့ပဲ လာရောက်ခဲ့ရပါပြီ။

လက်ရှိအခြေအနေမှာလဲ မသိ (၅)မျိုးနဲ့ပဲ နေထိုင်သွားလာလှုပ်ရှား နေကြရပါတယ်။ မသိ (၅)မျိုးက -

http://www.dhammadownload.com



၁။ မိမိ ဘယ်၍ဘယ်မျှ အသက်ရှည်ကြာ အသက်ရှင်ရမည် ဆိုတာ မသိနိုင်ပါ။

၂။ အဘယ်အနာရောဂါဖြင့် တစ်ဘဝ နိဂုံးချုပ်မည်ဆိုတာ မသိနိုင်ပါ။

၃။ အဘယ်အချိန်အခါမှာ သေရမည်ဟု မသိနိုင်ပါ။

၄။ မိမိရဲ့ရုပ်အလောင်းကို ဘယ်မြို့ဘယ်ရွာ ဘယ်နေရာမှာ ပစ်ချ မြှုပ်နှံရမည်ဆိုတာ မသိနိုင်ပါ။

၅။ သေသွားရင် ဘယ်ဘုံဘယ်ဘဝ ရောက်ရမည်ဆိုတာ မသိနိုင်ပါ။

ဒီ မသိ (၅)မျိုးနဲ့ ယောင်ချာချာပဲ နေကြရပါတယ်။ အကြောင်း (၃)မျိုး ကြောင့်ဖြစ်၊ မသိသုံးမျိုးနဲ့ လာရောက်ရတဲ့ လူ့ဘဝ၊ မသိ (၅)မျိုးနဲ့ ယောင်ချာချာ နေနေရတာ အင်မတန် ကြောက်လန့်စရာ ကောင်းပါ တယ်။ သတိပြုဖို့ သင့်ပါတယ်။

## ဘဝငြိမ်းချမ်းရေးလမ်းညွှန်

အကြောင်းသုံးမျိုးကြောင့် ဖြစ်လာကြရာမှ အမိဝမ်းသို့ သက်ရောက်စကိန်းနေစဉ် ဖွားမြင်ရာကာလ အသိ (၃)မျိုးနဲ့လာကြတဲ့ သဗ္ဗညုဘုရားလောင်းများ၊ အသိ (၂)မျိုးနဲ့လာကြတဲ့ ပစ္စေကဗုဒ္ဓါနှင့် အဂ္ဂသာဝကလောင်းလျာများ အမိဝမ်းသို့ သက်ရောက်စ တစ်ခုသာ သိခဲ့ကြသည့် မဟာသာဝက၊ ပကတိသာဝက၊ ရဟန္တာလောင်းလျာ များနှင့် မသိသုံးမျိုးနဲ့ ဘဝကိုခြေချခဲ့ကြသည့် ပုထုဇဉ်သတ္တဝါ အားလုံးကို့ မတူကွဲပြား ခြားနားချက်ကို သတိပြုသင့်ပါတယ်။

မသိ (၅)မျိုးနဲ့ နေကြရတဲ့ လောကသားတွေထဲမှာ ပူး ဘူး ခြားခြား ဘုရားမြတ်စွာ၊ ပစ္စေကာနှင့် ရဟန္တာ အရှင်မြတ်ကြီး တွေက

http://www.dhammadownload.com



အသိ(၅)မျိုးနဲ့ သိတော်မူကြပါတယ်။ အရိယာပုဂ္ဂိုလ်တိုင်း မိမိတို့ လားရောက်ရမည့် ဂတိနှင့် ဂတိကင်းကွာ ပြည်ခေမာဆိုတဲ့ အဂတိကိုလဲ သိတော်မူကြပါတယ်။

ကောင်းသောသူတို့၏လားရာ မကောင်းသောသူတို့ရဲ့ လားရာဂတိနှင့် ဂတိကင်းရာ ပြည်ခေမာလမ်းကို သေသေချာချာ သိတော်မူသည့်အတိုင်း ညွှန်းပြတော်မူနိုင်သည့် မြတ်ဗုဒ္ဓကို လမ်းညွှန်ဆရာအဖြစ်ထား ကိုးကွယ်အားထားခွင့်ရနေကြတဲ့ ဗုဒ္ဓဘာသာများ ဖြစ်နေကြသည့် အားလျော်စွာ မြတ်ဗုဒ္ဓ၏ ဘဝငြိမ်းချမ်းရေး လမ်းညွှန်တရားများအနက် အာနပါနကမ္မဋ္ဌာန်း အားထုတ်၍ ဘဝငြိမ်းချမ်းရေးရှာပုံကို ဟောပါ့မယ်။

## မြတ်ဗုဒ္ဓ၏လမ်းစဉ်

မြတ်ဗုဒ္ဓသည် ဘဝသံသရာ လှည့်ပတ်ရာမှာ စားဝတ်နေရေး အဆင် ပြေစေဖို့ ဒါနလမ်းစဉ်ကို ချမှတ်ဆောင်ရွက်တော်မူခဲ့ပါတယ်။

ကိုယ်၏ရိုင်းစိုင်းမှုနှင့် နှုတ်၏ရိုင်းစိုင်းမှု ပ,ပျောက်၍ ကိုယ်နှုတ် ယဉ်ကျေးဖို့အတွက် သီလလမ်းစဉ်ကို ချမှတ်ခဲ့ပါတယ်။

စိတ်ရိုင်းစိုင်းမှု ပ,ပျောက်၍ ယဉ်ကျေးရန်၊ စိတ်ကို အစိုးရရန် သမထကမ္မဋ္ဌာန်း အားထုတ်နည်းကို ဟောတော်မူခဲ့ပါတယ်။

အတွင်းဓာတ်သား အမှန်တရားကို မြင်ရှုနိုင်၍ ဉာဏ်အဆင့်ဆင့် ရရှိငြိမ်းချမ်းရန် ဝိပဿနာကမ္မဋ္ဌာန်း ဟောတော်မူပါတယ်။

## စိတ်အစိုးရမှု

စိတ်ကိုအစိုးမရမှု၊ စိတ်ရိုင်းစိုင်းမှုဟာ သံသရာမှာ မျောလမ်း ကြီးစစ်စစ် ဖြစ်ပါတယ်။ အဘယ်ကြောင့်ဆိုသော် သမထဝိပဿနာ

http://www.dhammadownload.com



အလုပ်ခွင်သို့ မကပ်ရောက်နိုင်သောကြောင့် ဖြစ်ပါတယ်။

စိတ်ကို အစိုးရမှုဟာ နိဗ္ဗာန်ဆိပ်ကမ်းသို့ ဆိုက်လမ်းကြီး စစ်စစ် ဖြစ်ပါတယ်။

အထက်အထက်ဖြစ်တဲ့ သမထဝိပဿနာ အလုပ်တွေကို မလုပ် တည့်နိုင်လျှင် ရှိပါစေဦး။

မိမိစိတ်ကို မိမိကိုယ်သန္တာန်တွင်း၌ နိုင်နိုင်နင်းနင်း ထားနိုင်ကြပါလျှင် နိဗ္ဗာန်၏အရသာကို ခံစံကြရသည် မည်ကြောင်း ဘုရားရှင် ဟောတော်မူပါတယ်။

စိတ်အစိုးရမှုဟာ အမျိုးမျိုးရှိပါတယ်။ လောကအနေနဲ့ ပြောလျှင် အရှုးအနှမ်းမဟုတ်ပဲ တည်ကြည်သောစိတ်ရှိပြီး လူရေးလူရာတွေမှာ နေရာတကျ စီမံခန့်ခွဲ ဆောင်ရွက်မှုကို "စိတ်ကိုအစိုးရမှု"လို့ ခေါ်ဆိုပါတယ်။

သာသနာတော်အနေနဲ့ကြည့်ရင် -

အဘိဇ္ဈာ ဒေါမနဿ အစွန်းမထွက်အောင် မျက်စေ့ နား နှာ လျှာ ကိုယ် စိတ်ကို ထိန်းသိမ်းနိုင်မှု လုံခြုံအောင်ထားနိုင်မှုဟာ "အစိုးရမှု" တစ်မျိုးပါပဲ။ ခိုင်ခံ့သော စိတ်အစိုးရမှုပါပဲလို့တော့ မပြောနိုင်သေးပါ။

အာနာပါနကမ္မဋ္ဌာန်း စသည် အားထုတ်၍ ကာယဂတာသတိ ဘာဝနာတည်မှုကတော့ သမထဝိပဿနာရဲ့ နီးသော အကြောင်းဖြစ်လို့ ခိုင်ခံ့သော အစိုးရမှု မည်ပါတယ်။

ထို့ထက် ဥပစာရသမာဓိမှုက ခိုင်ခံ့ပါတယ်။

ထို့ထက် အပ္ပနာသမာဓိမှုက ခိုင်ခံ့ပါတယ်။

အပ္ပနာသမာပတ်ရှစ်ပါးတို့က တစ်ဆင့်ထက်တစ်ဆင့် ခိုင်ခံ့ပါတယ်။ အဘိညာဉ်ရအောင် အားထုတ်က သမထကိစ္စမှာ

http://www.dhammadownload.com



အထွဋ်အထိပ်ဖြစ်တဲ့ အစိုးရမှု ဖြစ်ပါတယ်။

ယခုအခါ ဗုဒ္ဓဘာသာ သာသနာ၌ ကြုံကြိုက်ကြသူ ရဟန်း ရှင်လူ အပေါင်းတို့အနေနဲ့ မိမိစိတ်ကို မိမိအစိုးမရ ရှိနေကြတာကို လွန်စွာစက်ဆုပ် ထိတ်လန့်ကြပြီး မိမိစိတ်ကို မိမိအစိုးတရဖြစ်ရ လေအောင် မဟာသတိပဋ္ဌာန်သုတ်၌လာသော တစ်ခုခုသော ကာယဂတာသတိ အလုပ်များကို အားထုတ်သင့်ပါတယ်။

## အာနာပါန တစ်ခုတည်းဖြင့်

ကာယဂတာသတိ (၁၈)မျိုးတို့တွင် နှာသီးဖျားမှာ ထွက်သက် ဝင်သက်၊ ထွက်လေဝင်လေ ရှူရှိုက်ထုတ်မှုတ်မှု၊ အာနာပါနအလုပ် တစ်ခုတည်းနဲ့ ကာယဂတာသတိ ဘာဝနာကိစ္စ၊ အပ္ပနာစျာန် (၄)ပါးဆိုတဲ့ သမထဘာဝနာကိစ္စ၊ ဝိပဿနာဘာဝနာကိစ္စ၊ မဂ်ကို ပွားများခြင်း၊ ဖိုလ်ကို မျက်မှောက်ပြုခြင်း ကိစ္စများပြီးစီးကြောင်း အာနာပါနဿတိသုတ်၌ ဟောတော်မူပါတယ်။

မွေးဖွားလာချိန်မှ အသက်ရှင်နေသမျှ လူတိုင်းလူတိုင်း အသက်ရှူရှိုက် ထုတ်မှုတ်နေကြပါတယ်။ အိပ်တဲ့အခါပင် ထွက်သက် ဝင်သက်က မနားပါ။ တစ်နာရီဆိုလျှင် (၁၀၀၀)ခန့် ရှူကြရှိုက်ကြ ထုတ်ကြမှုတ်ကြ၍ ထွက်သက်ဝင်သက် ထွက်လေဝင်လေကို အသုံးချကြပါတယ်။ တစ်နေ့ တစ်ရက်ဆိုလျှင် အကြိမ်ပေါင်း နှစ်သောင်းကျော်လောက် ထုတ်ကြမှုတ်ကြပါတယ်။

ခပ်သိမ်းသော ဘုရားရှင်တို့ အာနာပါနဿတိ၌ တည်ပြီး တော့ သဗ္ဗညု ဘုရားအဖြစ်သို့ ရောက်တော်မူကြမြဲ ဓမ္မတာဖြစ်တယ် ဆိုတော့ အာနာပါနသတိ ကမ္မဋ္ဌာန်းက ဘုရားအလောင်းတော်ကို ဘုရားအဖြစ်သို့ အနီးကပ်ရောက်အောင် ပို့ဆောင်တဲ့ကမ္မဋ္ဌာန်းဆိုတာ

http://www.dhammadownload.com



သိသာပါတယ်။

ဘုရားရှင်တို့သည် ဘုရားအဖြစ်သို့ ရောက်ပြီးသောအခါ မှာလဲ အာနာပါနဿတိကို အသက်ထက်ဆုံး စွန့်တော်မမူကြပါ။

ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တွေ အာသဝက္ခယဉာဏ်ရဖို့ အာနာပါနကမ္မဋ္ဌာန်း အားထုတ်ကြပါတယ်။

ရဟန္တာအရှင်မြတ်ကြီးတို့ အနေနဲ့လဲ ချမ်းချမ်းသာသာ နေနိုင်ရန်နှင့် သတိသမ္ပဇဉ်အကျိုးငှာ အာနာပါနဿတိကို လက်လွှတ် တော်မမူကြပါ။

**အလွယ်ဆုံး**

သမထအရာမှာ ကမ္မဋ္ဌာန်း (၄၀)ရှိရာ အာနာပါနကမ္မဋ္ဌာန်း သည် အစဉ်စွဲမြဲပွားများခြင်းငှာ အလွယ်ဆုံးဖြစ်ပါတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အခြားကမ္မဋ္ဌာန်းတို့ထက် လွန်မြတ်တဲ့ ဂုဏ်ပုဒ်တွေနဲ့ များစွာချီးမွမ်းတော်မူထားပါတယ်။ မဟာ သတိပဋ္ဌာန်တရား ပေးရာမှာ ပထမဆုံးပေးခဲ့တဲ့ ကမ္မဋ္ဌာန်းလဲ ဖြစ်ပါတယ်။

အဋ္ဌကထာဆရာမြတ်တို့ကလဲ "မဟာပုရိသဘူမိ" လူသာမန် ရှင်သာမန်တို့နှင့် မထိုက်တန်၊ လူပညာရှိ ရဟန်းပညာရှိတို့နှင့် ထိုက်တန်သော ကမ္မဋ္ဌာန်းဖြစ်၍ ယောကျ်ားမြတ်ကြီးတို့၏ တည်ရာ ဘုံဟု မိန့်တော်မူကြပါတယ်။

**အာနာပါနကမ္မဋ္ဌာန်း အားထုတ်ပုံ**

ဒီမြင့်မြတ်လွယ်ကူ အာနာပါနကမ္မဋ္ဌာန်းအလုပ်ကို အားထုတ် လိုတဲ့ ရဟန်းရှင်လူ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်-

http://www.dhammadownload.com



- ဆိတ်ငြိမ်ရာနေရာယူပါ။
- အနန္တငါးပါး ရှိခိုးပါ။
- သရဏဂုံဆောက်တည် သီလယူပါ။
- မေတ္တာပို့ပါ။
- အမျှပေး၊ အမျှယူပါ။

**သတိမြဲရာ ပထမာ**

နွားဆိုးနွားမိုက်နဲ့တူတဲ့ စိတ်ကို ဆုံးမဖို့ သတိဆိုတဲ့ ကြိုးနဲ့ နှာသီးဖျားမှာ ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်မှာ ခိုင်မြဲအောင် ရှုမှတ်ချည်နှောင်ထားပါ။

စိတ်ကိုအခြားမရောက်ပါစေနဲ့။ အသီးတစ်ရာ အညှာတစ်ခု ဆိုသလို လူတိုင်းမှာ စိတ်ကအညှာပါပဲ။ အညှာကောင်းမှ နိုင်ငံ အသီးများ တည်ရှိနိုင်ပါတယ်။ ဒါကြောင့် -

"အမြတ်ဦးကိုင် ထီးကိုပိုင်က
နန်းထိုင်ရသို့ စိတ်ဟုမည်ငြား
ဤတစ်ပါးမျှ တရားကိုယ်ကြပ်
စောင့်စည်းကွပ်က လူနတ်နိဗ္ဗာန်
သုံးတန်ချမ်းသာ ရကြောင်းလာ၏" လို့ မိန့်ဆိုကြပါတယ်။

ခိုင်ခိုင်ချည်ထား စိတ်မိုက်နွား ပြေးသွားရုန်းကြည့်ပါ။ ဒီစိတ်ကလေးဟာ နှာသီးဖျား ထွက်လေဝင်လေ ရှုရှိုက်ထုတ်မှုတ်မှု အာရုံတိုင်မှာ သတိဆိုတဲ့ ကြိုးနဲ့ ခိုင်ခိုင်ချည်ထားပေမဲ့လို့ ရှေးကတွေ့ဖူး ကြုံဖူးဆုံဖူးတဲ့ အာရုံတွေဆီ လျှောက်ပြေးနေတတ်ပါတယ်။ လိုက်ဖမ်းရပါတယ်။ အဲဒီလို မိအောင်ဖမ်းလို့ အဖမ်းရခက်တဲ့ စိတ်။ လေကို ပိုက်ကွန်နဲ့ဖမ်းရတာမျိုးပါပဲ၊ စိတ်ဆိုတာက -

http://www.dhammadownload.com



အဝေးလဲ ပြေးသွားတတ်တယ်။ တစ်ဦးတည်းလှည့်လည်တတ်တယ်။ အထည်ကိုယ်လဲ မရှိဘူးဆိုတော့ အဖမ်းရခက်တော့တာပါပဲ။ ဒါပေမဲ့လို့ ဘုရားရှင် ပေးသနားခဲ့တဲ့နည်းနဲ့ ချည်တိုင်မှာ ချည်ထားပါ။ အားကုန်ရုန်းမှာပါပဲ။

အဲဒီလို ရုန်းကန်ပါသော်လဲ ရုန်းမရအောင် ထွက်လေဝင်လေ ထွက်သက်ဝင်သက် ဆိုတဲ့ အာရုံတိုင်မှာ ချည်ထားနိုင်လျှင်တော့ -

**"ရုန်းမရပါ ချည်တိုင်မှာ မောခါငြိမ်သက်ပါ"**

အဲဒီလို မောပမ်းပြီး ငြိမ်သက်တော့မှ စိတ်တည်ကြည်မှု ရပါလိမ့်မယ်။

**"မောကာငြိမ်သက် မလှုပ်ယှက် တိုးတက်တည်ကြည်လာ"**

အဲဒီလို တည်ကြည်ငြိမ်သက်လာပြီး မလှုပ်မယှက်ပြီဆိုတော့ သမာဓိ ရလာပြီလို့ ခေါ် ဆိုနိုင်ပါတယ်။

အခုပြောခဲ့တာက ထွက်လေဝင်လေ ရှုမှတ်တဲ့နည်းတွေက (၁၆)စုံ (၃၂)ပါး အခြင်းအရာတွေ ရှိပါတယ်။ (၄)မျိုး (၄)မျိုး (၄)စုံ ရှိရာမှ ပထမ (၄)မျိုး ပထမ စတုက္က (၄)နည်းထဲက "သတိမြဲရာ ပထမာ" ဆိုတဲ့ ပထမဆုံး အားထုတ်နည်း ဖြစ်ပါတယ်။

## ဒုမှာ ရှည်တိုသိ

"ဒုမှာရှည်တိုသိ" ဆိုတဲ့ ဒုတိယနည်းက အဲဒီထွက်လေဝင်လေ ရှုရှိုက်ထုတ်မှုတ်မှုတို့ရဲ့ အနေးအမြန်ကို သိအောင်အားထုတ်ရပါမယ်။ လေကြော မြန်တာ၊ အတို။ နှေးတာ အရှည်ပါ။ အတို၊ အရှည် သိအောင် အားထုတ်ပါ။

http://www.dhammadownload.com



## လုံးစုံလင်းရာ တ,ဥ္ဓသာ

"လုံးစုံလင်းရာ တ,ဥ္ဓသာ" ဆိုတဲ့နည်းမှာ အဲဒီ ထွက်လေ ဝင်လေဆိုတဲ့ ခရီးစဉ် အစ၊ အလယ်၊ အဆုံးအားလုံးကို သိအောင် ထင်လင်းအောင် ရှုမှတ်ပါ။

ဝင်သက်ရဲ့ အစခရီးက နှာသီးဖျား၊ အလည်ခရီးက ရင်၊ အဆုံး ခရီးစဉ်က ချက်တိုင် တို့ဖြစ်ပါတယ်။ ထွက်သက်ရဲ့ အစက ချက်၊ အလယ်က ရင်၊ အဆုံးက နှာသီးဖျား၊ အဲဒီ အစ၊ အလယ်၊ အဆုံး သုံးပါးလုံးထင်အောင် သိအောင်အားထုတ်ပါ။ တစ်ချို့က အစသာ သိပြီး အလယ်အဆုံး ခရီးစဉ်တို့ကို မသိပါ။ ပင်ပန်းတတ်ပါတယ်။

## စ,မှာ ငြိမ်းစေဘိ

"စ,မှာငြိမ်းစေဘိ" ဆိုတဲ့ စတုတ္ထနည်းမှာ ရုန်းရင်းတဲ့ ထွက်သက်ဝင်သက်တွေကို အစဉ်အတိုင်း ချုပ်ငြိမ်းစေပြီး သိမ်မွေ့သွား အောင် ရှုမှတ်ရပါတယ်။

သမာဓိရ တည်ကြည်က စိတ္တဝိသုဒ္ဓိ၊ သမာဓိရ တည်ကြည်က စိတ်က စင်ကြယ်လာဆိုတဲ့ စကားအတိုင်း သမာဓိရပြီး စိတ် တည်ကြည်လာပြီဆိုရင် စိတ်အညစ်အကြေး စင်ကြယ်ပါပြီ။

အထည်ကိုယ်မရှိတဲ့ စိတ်ကို ငြိမ်အောင်ထားဖို့ တရား အာရုံမှာ ထားနိုင်ဖို့ သမထကမ္မဋ္ဌာန်း အားထုတ်ကြရပါတယ်။

စိတ်ကို ထိန်းရာမှာ အတုယူဖွယ်ကောင်းတဲ့ မထေရ်မြတ်ကြီး သုံးပါး ရှိပါတယ်။

မထေရ်မြတ်ကြီးသုံးပါး ဝါတွင်းကာလ အတူတကွ ကျောင်းတိုက်တစ်တိုက်ထဲမှာ ဝါဆိုတော်မူကြပြီး ဝါကျွတ်တဲ့အခါ တစ်ပါးနှင့်တစ်ပါး မေးကြမြန်းကြပါတယ်။

http://www.dhammadownload.com



အငယ်ဆုံးမထေရ်ကို "ငါရှင့်ရဲ့ စိတ်လေးကို အခုဝါတွင်း ဘယ်လောက်များ ထိန်းသိမ်းနိုင်ခဲ့ပါသလဲ" လို့မေးတော့ "ဘုရား တပည့်တော်၏စိတ်ကို နေထိုင်ရာ ကျောင်းတိုက်ကြီး အာရမ်တွင်းမှ အပြင်မထွက်အောင် ထိန်းနိုင်ခဲ့ပါတယ်ဘုရား"တဲ့။

အလတ်ဖြစ်တဲ့မထေရ်ကို မေးပြန်တော့ "တပည့်တော် သီတင်းသုံးရာကျောင်းမှ စိတ်အပြင်မထွက်ပါဘုရား"တဲ့။

မထေရ်ကြီးကို မေးတော့ "ငါ့ခန္ဓာကိုယ်ထဲမှ စိတ်အပြင် မထွက်ဘူး"တဲ့။

ဒီမထေရ်ကြီးသုံးပါးတို့သည် စိတ်ကိုထိန်းတဲ့နေရာမှာ အတုယူဖွယ် ကောင်းလှပါတယ်။

**ဝိပဿနာသို့**

စိတ်စင်ကြယ်အောင် အားထုတ်ပြီး ဝိပဿနာကူးရပါတယ်။ စိတ်စင်ကြယ်ပြီ ဆိုပါက ဝိပဿနာဉာဏ်အဆင့်ဆင့် တက်နိုင်ပါပြီ။

(က) ဈာန်မရမီ ဥပစာရဈာန်မှလည်း ဝိပဿနာကူးနိုင်ပါတယ်။

(ခ) ဈာန်ရအောင် သမထကမ္မဋ္ဌာန်း အားထုတ်ပြီးမှလည်း ဝိပဿနာ ကူးနိုင်ပါတယ်။

သမထက စက္ကူအဖြူနှင့် တူပါတယ်။ ဝိပဿနာက ဆေးမင်နှင့် တူပါတယ်။ ဝိပဿနာကူးရာမှာ အနည်းဆုံး ခဏိက တစ်ခဏချင်း အားထုတ်လို့ရရှိတဲ့ စိတ်တည်ကြည်မှု လိုအပ်ပါတယ်။

အဲဒီလို ဝိပဿနာတက်သောအခါမှာလဲ -

၁။ ဤအာနာပါနကမ္မဋ္ဌာန်း အာရုံ ထွက်လေဝင်လေ ရှုမှတ်မှုနှင့် ဖက်တွဲ၍ ဝိပဿနာတက်နည်း၊

http://www.dhammadownload.com



၂။ ဤအာနာပါနရှုမှုကို ရှေးဦးလုပ်ငန်းထားပြီး ခန္ဓာငါးပါး စသည့်ထဲက အလိုရှိတဲ့ ရုပ်နာမ်ဓမ္မကို ယူ၍ ဝိပဿနာသို့ တက်နည်းလို့ (၂)မျိုး ရှိပါတယ်။

ဤသုတ္တန်ပါဠိတော်၌-

အနိစ္စာနုပဿီဝါ အဿသိဿာမီတိ သိက္ခတိ၊

အနိစ္စာနုပဿီဝါ ပဿသိဿမီတိ သိက္ခတိ ဟူ၍ အာနာပါန ထွက်လေ ဝင်လေ အာရုံနှင့်ဖက်တွဲ၍ ဝိပဿနာရှုနည်း လာပါတယ်။

ဒီပါဠိတော်ရဲ့ အဓိပ္ပါယ်က ထွက်သက်၊ ထွက်လေကို ထုတ်မှုတ် လွှတ်မည်ပြုသော် အမှတ်တမဲ့ မထုတ်မမှုတ် မလွှတ်ပဲ အနိစ္စမမြဲပုံ ထင်အောင်ရှု၍ ထုတ်မည် မှုတ်မည် လွှတ်မည်ဟု ထုတ်တိုင်း, ထုတ်တိုင်း၊ မှုတ်တိုင်း, မှုတ်တိုင်း၊ လွှတ်တိုင်း, လွှတ်တိုင်း အနိစ္စမမြဲပုံ၊ နှလုံးသွင်းမှု ရှေ့သွားပြု မြဲစေရာ၏ဟု ဆိုလိုပါတယ်။

ဝင်သက်ဝင်လေကို ရှုရှိုက် သွင်းမည်ပြုသော် အမှတ်တမဲ့ မရှု မရှိုက် မသွင်းပဲ အနိစ္စမမြဲပုံထင်အောင်ရှု၍ ရှုမည်၊ ရှိုက်မည်၊ လေသွင်းမည်ဟု ရှုတိုင်း, ရှုတိုင်း၊ ရှိုက်တိုင်း, ရှိုက်တိုင်း၊ လေသွင်းတိုင်း, လေသွင်းတိုင်း အနိစ္စမမြဲပုံ နှလုံးသွင်းမှု ရှေ့သွားပြု မြဲစေရမည်ဟု ဆိုလိုပါတယ်။ ဒါက ပါဠိတော်လာ တိုက်ရိုက် ဝိပဿနာရှုပွားပုံပါပဲ။

လှုပ်ရှားနေတဲ့ ထွက်လေဝင်လေ ဝါယောရုပ်၊ ဝါယောရုပ် ဆိုတာ ရုပ်လား, နာမ်လား ဆိုတော့ ရုပ်၊ ရုပ်ဝါယော ဘယ်လို လက္ခဏာရှိသလဲ။ တွန်းကန်တတ်တယ်၊ လှုပ်ရှားတတ်တယ်။

ဝိပဿနာပိုင်းမှာ ထွက်လေဝင်လေလို့ မရှုမှတ်တော့ပဲ တွန်းကန်တဲ့သဘော၊ လှုပ်ရှားတဲ့သဘောကို ရှုမြင်ရမှာပါ။

http://www.dhammadownload.com



**ခေတ်ပေါ်မှု နာမ်ကရှု**

ခန္ဓာကိုယ်မှာ ခေတ်ပေါ်မှုကို ဘာနဲ့ရှုရမှာလဲ။ နာမ်နဲ့ရှုမှတ်ရမှာပါ။ ဘာခေတ်ပေါ်သလဲ ရုပ်ခေတ်ဖြစ်ပေါ်တယ်။ ဘာရုပ်ခေတ်လဲ၊ ဝါယောဆိုတဲ့ ရုပ်ခေတ်၊ အဲဒီ ရုပ်ခေတ်ကို စိတ်ဆိုတဲ့ နာမ်က ရှုမှတ်ရမယ်။

တစ်ကြိမ်, နှစ်ကြိမ် စသည်ဖြစ်ပေါ်တဲ့ ထွက်လေဝင်လေကို ဒါက ဝါယောရုပ်၊ ရှုမှတ်တဲ့စိတ်က နာမ်။ ကာယပသာဒနဲ့ ဝါယောရုပ်တို့ ထိတာက ရုပ်ရဲ့အလုပ်၊ ထိတာကို သိတာက နာမ်ရဲ့အလုပ်။

ထွက်လေဝင်လေ တစ်စုံတစ်စုံရဲ့ အခိုက်မှာဖြစ်တာ ပျက်တာကို ရှုမြင်လိုက်တော့ မမြဲတဲ့သဘော ပေါ်လွင်ပြီ။ ထိတာက ရုပ်၊ သိတာက နာမ်၊ ရုပ်နာမ် အသေးစိတ် ခွဲခြားနိုင်ပြီ။ ဒီခန္ဓာကိုယ်ကို နောက်ဆုံး ခေတ်စု ခေတ်ပုံ ခေတ်ခဲကြီးအထိ မြင်အောင်ရှုရမှာကိုး။

ခေတ်စု ခေတ်ပုံ ခေတ်ခဲကြီးထဲမှ ဝါယောခေတ်ရဲ့ သဘောက တွန်းကန်လှုပ်ရှားတဲ့သဘော ရှိတယ်။ လေကြောထဲမှာ ခက်မာနူးညံ့နေတဲ့ သဘောလဲ ပါရှိတယ်။

ဝါယောကာယလို့ ဆိုရလောက်အောင် ဖွဲ့စည်းထားတဲ့ သဘောလဲ ပါရှိတယ်။ တစ်ခါတစ်ရံ ပူတဲ့သဘော၊ နွေးတဲ့သဘော ရှိတယ်။

အဲဒီတော့ ခေတ်ကြီးလေးပါးပဲ။ ခေတ်ဆိုတာ ဘာလဲ၊ သဘော။ သဘော ဆိုတာ သုညပါပဲ။ သုညဆိုတာ သတ္တဝါမှ ကင်းဆိတ်တယ်။ အသက်မှ ကင်းတယ်။ အဲဒီလို သုညဆိုက်အောင် ရှုရမှာပါ။

http://www.dhammadownload.com



ထွက်လေဝင်လေကို ရှုမှတ်တဲ့ ကမ္မဋ္ဌာန်းက ရုပ်ကမ္မဋ္ဌာန်း၊ ရုပ်ကမ္မဋ္ဌာန်းတွေထဲက ဝါယောရုပ်ကမ္မဋ္ဌာန်း ယနေ့ ဒီဓာတ်တစ်လုံးပဲ ထင်ရှားအောင် နည်းလမ်းပြောနေတာပါပဲ။

**သတိပဋ္ဌာန်လေးပါးလုံး**

ဒီဝါယောဓာတ် တစ်လုံးပိုင်လျှင် သတိပဋ္ဌာန်လေးပါးလုံး ရှုပွားပြီးသား ဖြစ်ပါတယ်။ ထွက်လေဝင်လေ ရှုမှတ်တဲ့ ဝါယောရုပ်ကမ္မဋ္ဌာန်းသည် ကာယာနုပဿနာ သတိပဋ္ဌာန်။

ဒီထွက်လေဝင်လေကို ရှုမှတ်နေတော့ ဝေဒနာခံစားချက်တွေ အမျိုးမျိုး ပေါ်လာတယ်။ အဲဒီ ဖြစ်ပေါ်လာတဲ့ ဝေဒနာတွေ ရှုမှတ်တော့ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဖြစ်ပါတယ်။

ဒီဝါယောရုပ်ကို ရှုမှတ်တဲ့စိတ်တွေ ဖြစ်ပေါ်လာလို့ အဲဒီစိတ်တွေ ရှုမှတ်တော့ စိတ္တာနုပဿနာ သတိပဋ္ဌာန် ဖြစ်လာပါတယ်။

အဲဒီလို ရှုမှတ်ရင်းနဲ့ အဘိဇ္ဈာ= မတရားလိုချင်မှု၊ ဒေါမနဿ= စိတ်မသက်သာ နှလုံးနာမှုတွေ ပ,ထုတ်ပြီး လျစ်လျူရှုနေတဲ့အခါ ဓမ္မာနုပဿနာ။

ဝါယောရုပ်က ဒုက္ခသစ္စာ, ရူပက္ခန္ဓာ၊ ရှုမှတ်စိတ်က ဝိညာဏက္ခန္ဓာ, ဒုက္ခသစ္စာလို့ ရှုမြင်တော့ ဓမ္မာနုပဿနာ။

အဲဒီ ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်မှာ သတိဆိုတဲ့ ကြိုးနဲ့ စိတ်ကို ချည်နှောင်ထားနိုင်တာ သတိသမ္ဗောဇ္ဈင်။

ထွက်လေဝင်လေကို ရှုမှတ်မှုက စ, ဖြစ်ပေါ်လာတဲ့ တရားတွေ ခွဲခြားဝေဖန် ရှုမြင်ကြည့်ရှုနိုင်တော့ ဓမ္မဝိစယသမ္ဗောဇ္ဈင်။

ထွက်လေဝင်လေ မပြတ်မှတ်၊ ရှုရှိုက်ထုတ်မှုတ် သတိမပြတ် ကြိုးစားနေတော့ ဝီရိယသမ္ဗောဇ္ဈင်။

http://www.dhammadownload.com



ထွက်လေဝင်လေ ရှုမှတ်လို့ အသားကျပြီး ကျေနပ်နေတော့ ပီတိသမ္ဗောဇ္ဈင်၊

ရှုမှတ်ရင်း ကိုယ်စိတ်နှစ်မျိုး ငြိမ်းချမ်းနေတော့ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊

ငြိမ်းချမ်းတော့ စိတ်က တည်ကြည်လာတယ်၊ သမာဓိသမ္ဗောဇ္ဈင်၊

စိတ်တည်ကြည်လာတော့ ဒီတရားတွေကို လျစ်လျူရှုနိုင်တာက ဥပေက္ခာသမ္ဗောဇ္ဈင်။

အဲဒီလို ဗောဇ္ဈင် (၇)ပါး ဖြစ်ပေါ်လာပြီဆိုလျှင် မဂ်ဉာဏ်လေးပါးဆိုတဲ့ ဝိဇ္ဇာဉာဏ်လေးပါး၊ ဖိုလ်ဉာဏ်လေးပါးခေါ်တဲ့ ဝိမုတ္တိဉာဏ် ရရှိနိုင်ပြီး ဒုက္ခအားလုံးငြိမ်းတဲ့နိဗ္ဗာန် ရရှိနိုင်ပါတယ်။ နိဗ္ဗာန်ရဖို့ရန် မဂ်ဉာဏ်လေးပါး ဖိုလ်ဉာဏ်လေးပါးရှိမှ မဂ်ဖိုလ်ရဖို့ရန် ဗောဇ္ဈင် (၇)ပါး ရှိမှ ရနိုင်ပါတယ်။ ဗောဇ္ဈင် (၇)ပါးရဖို့က သတိပဋ္ဌာန်လေးပါးရှိမှ ရနိုင်ပါတယ်။ သတိပဋ္ဌာန်လေးပါး ရဖို့ရာ အာနာပါနသတိ ထွက်လေဝင်လေ ရှုမှတ်လို့ရတဲ့ သမာဓိရရှိမှ ဖြစ်ပါတယ်။ ထွက်လေဝင်လေကို ရှုမှတ်လို့ရလာတဲ့ စိတ်တည်ကြည်မှု ရရှိကြရန် ဥပမာသုံးမျိုးနဲ့ စိတ်ကိုနိုင်နင်းအောင် ဆုံးမနိုင်ကြပါစေဟု နိဂုံးချုပ်အနေနဲ့ တိုက်တွန်းလိုပါတယ်။

**ဥပမာသုံးမျိုးနဲ့စိတ်ကိုဆုံးမ**

**ဥဒကံ ဟိ နယန္တိ နေတ္တိကာ၊**
**ဥသုကာရာ နမယန္တိ တေဇနံ။**
**ဒါရုံ နမယန္တိ တစ္ဆကာ၊**
**အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ။ ။**

http://www.dhammadownload.com



နေတ္တိကာ= သမ္မာအာဇီ သက်မွေးမှီလျှက် ဝသီမူဟောင်း ရှေးသူတော် လမ်းကြောင်းဖြင့် မြောင်းကိုသွယ်စား လယ်သမားတို့သည်၊ ဥဒကံဟိ= အသက်မရှိတဲ့ ရေကိုပင်လျှင်၊ နယန္တိ= လိုရာ သွယ်သွင်း လယ်အတွင်းသို့ ပို့သွင်းနိုင်ကြလေကုန်၏။

ဥသုကာရာ= ရဲစိတ်ရဲမာန် ခက်ထန်မာန်ကြွား မြှားသမားတို့သည်၊ တေဇနံ= အသက်မရှိတဲ့ မြှားကိုပင်လျှင်၊ နမယန္တိ= မီးတွင်ထိုးမြိုက် အလိုက်သင့်ပါအောင် ဆွဲဆောင်ဖြောင့်စင်း၍ ပေးနိုင်ကြကုန်၏။ တစ္ဆကာ= သစ်ခွဲသမား လက်သမားတို့သည်၊ ဒါရုံ= အလိုအလျှောက် တောတွင်ပေါက်သည့် သစ်ကောက်သစ်ရိုင်းကို၊ နမယန္တိ= အဖြောင့်အကောက် လိုသလောက်ပင် ကိုယ်နောက်ပါအောင် ဆွဲဆောင်နိုင်ကြကုန်၏။

ပဏ္ဍိတာ= ပညာဉာဏ်ရှိ စံကဝိဟု ပဏ္ဍိတတွင်ခေါ် ပုဂ္ဂိုလ်ကျော်တို့သည်၊ အတ္တာနံ= မိမိကိုယ်ကို၊ အတ္တာနံ= ရာဂတည်းဟူ ကိလေမြူတို့ ချေးထူဆို့ပိတ် မိမိတို့ရဲ့စိတ်ကို၊ ဒမယန္တိ= လယ်သမားကို စံထား, မြှားသမားကို ပုံယူ, သစ်ခွဲသူကို အားကျ, ဓမ္မကြိုးကုတ် သမ္မပ္ပဓာန် လုလ္လထုတ်သဖြင့် ကိုယ့်ကိုယ်ကို ဓမ္မဆေးတို့ဖြင့် ယဉ်ကျေးအောင်ထုံးပြ၍ ဆုံးမသွန်သင် အလှဆုံးပြင်ဆင်နိုင်ကြပါကုန်၏။

တထာ= ထို့အတူ၊ တုမှေ= သင်တရားနာ သူတော်စင် အပေါင်းတို့သည်၊ အတ္တာနံ= မိမိကိုယ်ကို၊ ဝါ= ရာဂတည်းဟူ ကိလေမြူတို့ ချေးထူဆို့ပိတ် မိမိတို့ရဲ့စိတ်ကို၊ ဒမယန္တု= လယ်သမားကို စံထား, မြှားသမားကို ပုံယူ, သစ်ခွဲသူကို အားကျ ဓမ္မကြိုးကုတ် သမ္မပ္ပဓာန် လုလ္လထုတ်သဖြင့် ကိုယ့်ကိုယ်ကို ဓမ္မဆေးတို့ဖြင့် ယဉ်ကျေးအောင်ထုံးပြ၍ ဆုံးမသွင်သင် အလှဆုံးပြင်ဆင်နိုင်ကြပါစေကုန်သတည်း။ သာဓု - သာဓု - သာဓု

➤➤➤➤➤

http://www.dhammadownload.com



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်
ကလေးဝတောရဆရာတော်
ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
**လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ**
(၁၀–၉–၂၀၀၃)ရက်နေ့ မြန်မာ့အသံမှ
အသံလွှင့်ဟောကြားတော်မူသော

## တရားအားထုတ်၍ ချမ်းသာထူး ချမ်းသာမြတ် ရှာဖွေပုံတရားတော်

သာသနာတော်နှစ် ၂၅၄၈ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၅ ခုနှစ်၊ တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့၊ (၁၀-၉-၂၀၀၃) ရက်နေ့။

ဘုန်းကြီး ယနေ့တရားအားထုတ် လေ့ကျင့်ပျိုးထောင်၍ ချမ်းသာထူး ချမ်းသာမြတ် ရှာဖွေပုံတရားတော်ကို ဟောပါ့မယ်။ "ပုပုရွရွ ဟူသမျှသည် ချမ်းသာဖို့ချည်း စိတ်အားသည်း၏" ဆိုသလို သတ္တဝါ အားလုံးဟာ ချမ်းသာလိုကြပါတယ်။ ချမ်းသာချင်ကြပါတယ်။ ချမ်းသာဖို့ နည်းလမ်းညွှန်ပြနိုင်သည့် ပုဂ္ဂိုလ်လဲ ရှိပါမှ၊ ချမ်းသာဖို့ နည်းလမ်းအတိုင်း လိုက်နာကျင့်သုံးသူတို့လည်း ဖြစ်ပါမှ ချမ်းသာထူး ချမ်းသာမြတ်ကို ရရှိနိုင်ကြပါတယ်။

http://www.dhammadownload.com



**စိတ်ရဲ့ကရွတ်ခွေ**

ကရွတ်ခွေပေါ်တင်ထားတဲ့ ရေအိုးနဲ့ ကရွတ်ခွေမပါတဲ့ ရေအိုး (၂)လုံးကို ကြည့်ပါ။ ကရွတ်ခွေပေါ်တင်ထားတဲ့ ရေအိုးဟာ ငြိမ်နေပါတယ်။ ကရွတ်ခွေမပါတဲ့ ရေအိုးကတော့ မငြိမ်ပါဘူး။ အဲဒီလိုပါပဲ။ စိတ်တည်ငြိမ်ရေးအတွက် ကရွတ်ခွေလိုအပ်ပါတယ်။ ကရွတ်ခွေမရှိတဲ့စိတ်က မငြိမ်ပါ။ စိတ်မငြိမ်ရင် မငြိမ်းချမ်းနိုင်ပါဘူး။ ကရွတ်ခွေရှိတဲ့စိတ်က ငြိမ်ပါတယ်။ ငြိမ်တော့ ငြိမ်းချမ်းနိုင်ပါတယ်။

အဲဒီစိတ်ရဲ့ ကရွတ်ခွေဆိုတာ ဘာလဲဆိုတော့ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်ပါပဲ။ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်သွားမယ်ဆိုရင် စိတ်ဟာငြိမ်ပြီး ငြိမ်းချမ်းနိုင်ပါတယ်။ စိတ်မငြိမ်ရင် မငြိမ်းနိုင်ပါဘူး။ စိတ်ငြိမ်တယ်ဆိုတာ စိတ်ကို အစိုးရခြင်းပါပဲ။ စိတ်ကို အစိုးရအောင် ကျင့်နည်း၊ နေနည်း၊ ထိုင်နည်းကို လေ့ကျင့်ပျိုးထောင်ပြီး အမြင်မှန်ရဖို့ရန် ဘုရားရှင်က နည်းပေးတော်မူလိုတဲ့အတွက် ကုရုတိုင်း၊ ကမ္မာသဒမ္မရွာ၊ ယခု အိန္ဒိယနိုင်ငံ၊ ဒေလီမြို့၊ ကေလာသ အရှေ့အရပ်မှာ မဟာသတိပဋ္ဌာနသုတ္တန်ကြီးကို ဟောခဲ့ပါတယ်။

အဲဒီသုတ္တန်မှာ လူတို့မွေးဖွားလာကထဲက အိပ်ပျော်နေစဉ်မှာပင် မရပ်မနား အသုံးချနေကြတဲ့အတွက် ထွက်လေဝင်လေကို ရှုမှတ်တဲ့ ကမ္မဋ္ဌာန်းနည်းဖြင့် စိတ်ကိုအစိုးရအောင် ထိန်းသိမ်းနည်းကို ဦးစွာဟောတော်မူခဲ့ပါတယ်။ လူ့ဘဝ ဘဝပဒေသာပင်ကြီးရရှိခိုက် စိတ်ရဲ့တည်ကြည်မှု၊ စိတ်ကိုအစိုးရမှုကို အခြေခံပြီးတော့ ဝိဇ္ဇာဓာတ် အလင်းရောင်ကြီးတွေ ပေါ်ပေါက်စေနိုင်ခြင်းဆိုတဲ့ အကျိုးတရားရရှိ ချမ်းသာပြီးတော့ ချမ်းသာထူး ချမ်းသာမြတ် ရရှိလိုက်ကြဖို့ အရေးကြီးပါတယ်။

http://www.dhammadownload.com



ဝိဇ္ဇာဓာတ်အလင်းရောင်ဆိုတာ အသိဓာတ်၊ အလိမ္မာဓာတ်၊ ဉာဏ်ပညာဓာတ်ပင် ဖြစ်ပါတယ်။ သူသိ ငါသိ ကမ္ဘာသိ အကူ ကိရိယာဖြင့် သိမှုကို ကျော်လွန်တဲ့အသိပါပဲ။ အဲဒီဉာဏ်အမြင်ထူးမရပဲ ဒီဘဝ ဘဝပဒေသာပင်ကြီး အနိုင်အပိုင်းမခံရဖို့ အရေးကြီးလှပါတယ်။

ဒီလိုစိတ်ကို အစိုးမရ အသိဉာဏ်မရပဲနဲ့ ကြားကာလမှာ အိုဘေးဆိုးကြီးက အနိုင်ပိုင်းသွားတာ။ နာဘေးဆိုးကြီးက အနိုင်ပိုင်း သွားတာ။ သေဘေးဆိုးကြီးက အနိုင်ပိုင်းသွားတာတို့ မဖြစ်ရအောင် သတိပြုသင့်ပါတယ်။ အရပ်စကားတစ်ခု ရှိပါတယ်။ ဒီလူ ငါ့ပိုင်းသွား တာတဲ့။ ပိုင်းသွားတယ်ဆိုတာ ကိုယ်ကအရှုံးပေးလိုက်ရတာပါပဲ။ အဲဒီတော့ မိမိတို့ရထားတဲ့ ဘဝပဒေသာပင်ကြီးကို အပိုင်းမခံရအောင် ဘာလုပ်ကြမလဲ။

စိတ်ကိုအစိုးရအောင် ပထမဆုံး လေ့ကျင့်ပျိုးထောင် အားထုတ်ရမှာပါ။ ဘာကြောင့် တရားအားထုတ် လေ့ကျင့်ပျိုးထောင် ရသလဲဆိုတော့ စိတ်ကိုအစိုးရပြီး အမြင်မှန်ရဖို့ပါပဲ။ စိတ်ကို အစိုးမရ သူအား ထမင်းကျွေးတော့ တစ်လုပ်၊ နှစ်လုပ် စားလိုက် ထသွားလိုက် နဲ့ ထမင်းတစ်ပန်းကန် ဖြောင့်ဖြောင့်မစားနိုင်ဘူး။ အခြားသူက ထပ်ပြောနိုင်မှ ထပ်စားတယ်။ ထမင်းတစ်ပွဲစားဖို့ကိုပဲ စိတ်ကို အစိုး မရရှာပါဘူး။ အဲဒီလို ကိစ္စမျိုး အစိုးမရပေမယ်လို့ ကမ္မဋ္ဌာန်းပွားများမှုနဲ့ ပတ်သက်ပြီး စိတ်ကိုအစိုးရအောင် ကြိုးစားရပါတယ်။

အဲဒီတော့ လက်နဲ့ပြုရတဲ့အမှု လက်ကိုအစိုးမရရင် ပြုဖို့ခက် တယ်။ ခြေနဲ့ပြုတဲ့အမှု ခြေကိုအစိုးမရရင် ပြုဖို့ခက်တယ်။ စိတ်နဲ့ပြုရတဲ့ အမှု စိတ်ကိုအစိုးမရရင် အင်မတန်ခက်လှပါတယ်။ ယခုလုပ်ငန်းက စိတ်နဲ့ပြုရမည့်လုပ်ငန်း ဖြစ်ပါတယ်။ ဒါကြောင့် စိတ်ကိုအစိုးရဖို့ ဦးစွာ

http://www.dhammadownload.com



ပြုလုပ်ရပါတယ်။ ထွက်လေဝင်လေကို နှာသီးဖျားမှ ထိုးထွက်ခိုက် တိုးဝင်ခိုက် သတိမပြတ် ရှုမှတ်ခြင်း စသည်ဖြင့် စိတ်ကိုအစိုးရတာ မဟုတ်ဘဲ ပကတိအားဖြင့် တို့ကစိတ်ကို အစိုးရတယ်လို့ ပြောနေကြတာ တကယ်အစိုးရတာ မဟုတ်သေးပါဘူး။ မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ကို ဣန္ဒြိယသံဝရသီလနဲ့ ထိန်းနိုင်သူတွေဟာ အစိုးရမှု ရကြတယ်။ မက်မောမှု၊ နှလုံးမသာယာမှုတွေ မဝင်နိုင်အောင် ထိန်းနိုင်ကြပါတယ်။ သို့သော် မခိုင်ခံ့သေးပါဘူး။

"တရားပျောက် ကိုယ်မှာရှာ၊ တရားရှာ ကိုယ်မှာတွေ့" ဆိုတဲ့အတိုင်း ထွက်လေဝင်လေကို ရှုမှတ်ပွားများခြင်း အစရှိတဲ့ တရားအခြေခံပြီးတော့ ရရှိတဲ့စိတ်ရဲ့ တည်ကြည်မှု သမာဓိရလို့ စိတ်ကိုအစိုးရမှုကတော့ ထိုက်တန်သလောက် ခိုင်မြဲတယ်။ အဲဒီကတစ်ဆင့် စိတ်ကိုအစိုးရမှု အားကောင်းလာတော့ ဈာန်သမာပတ် အဆင့်ဆင့် ရရှိပြီး စိတ်ကိုအစိုးရမှု မြင့်မားလာတော့ အဘိညာဏ်ဆိုတာ ရရှိတယ်။ အဘိညာဏ်ဆိုတာ လက်ရောက်ရပြီဆိုရင်တော့ စိတ်ကိုအစိုးရမှုဟာ အထွဋ်အထိပ်ရောက်ပြီလို့ ဆိုနိုင်ပါတယ်။ အဲဒီလိုစိတ်ကို အစိုးရအောင် လေ့ကျင့်ပျိုးထောင်ရန်နည်းလမ်းမှာ-

(၁) အေးဆေးငြိမ်သက်တဲ့နေရာမှာ နေထိုင်ပါ။

(၂) သရဏဂုံယူပါ။

(၃) သီလဆောက်တည်ပါ။

(၄) မေတ္တာပွားပါ။

(၅) အမျှဝေ အမျှယူပါ။

အဲဒီလို ရှေးဦးပြုဖွယ်တွေထဲက နေရာမှန်ရယူထားဖို့က အရေးကြီးပါတယ်။ အိမ်ရာမြေကြီးအတတ်ကို တတ်သိနားလည်

http://www.dhammadownload.com



သော ဆရာကြီးကဲ့သို့သော မြတ်ဘုရားသည် နေရာ (၃)နေရာ ကြိုက်ရာရွေးပြီး လေ့ကျင့်ပျိုးထောင် အားထုတ်ဖို့ ညွှန်ကြားတော်မူခဲ့ပါတယ်။

(၁) တောတောင်စခန်း
(၂) သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်အောက်
(၃) နန်း၊ အိမ်၊ ဗိမာန်၊ အိမ်၊ ကျောင်း၊ ဆိတ်ငြိမ်ရာ အရပ်တို့ပါပဲ။

မဟာသုဒဿနမင်းကြီး၊ ဓမ္မပါသာဒတရား ပြသာဒ်ပေါ်မှာပင် တရားအားထုတ်ပြီး လေ့ကျင့်ပျိုးထောင်ခဲ့ရာ ဈာန်ရသည့်တိုင်အောင်ပါပဲ။ ရာဇဂြိုလ်ဘုရင်က ရွှေပေလွှာပေါ် ထွက်လေဝင်လေ ရှုမှတ်ပွားပုံ၊ ကမ္မဋ္ဌာန်းစီးဖြန်းလေ့ကျင့်ပျိုးထောင်ပုံ အစီအစဉ်ရေးပြီး ပေးပို့လိုက်တော့ ပက္ကုသာတိမင်းဟာ နန်းအိမ်၊ ဘုံနန်းပေါ်မှာပဲ လေ့ကျင့်ပျိုးထောင် တရားအားထုတ်လိုက်တာ စတုတ္ထဈာန်အထိ ရရှိခဲ့ပါတယ်။

## လေ့ကျင့်ပျိုးထောင် အားထုတ်နည်း

လွန်စွာအကျိုးများသည့် မိမိတို့သန္တာန်၌ အဖန်ဖန်ဖြစ်စေထိုက်သော တရားဟာ ဘာဝနာမည်ပါတယ်။ မြတ်စွာဘုရားက "လောကီကုသိုလ် ကြိယာ၌ရှိသော သမာဓိခေါ် ဧကဂ္ဂတာစေတသိက်သည် စွမ်းအားရှိပါတယ်။ အဲဒီစွမ်းအားကို ယူလိုက်နိုင်က မကောင်းစိတ်အညစ်အကြေးတွေကို ဖယ်ထုတ်နိုင်ပါတယ်။ မဟာကုသိုလ် မဟာကြိယာ၌ ယှဉ်သော ဉာဏ်စိတ်စွမ်းအားကို ရယူနိုင်ပါက ဘုံသုံးပါးရှိ ရုပ်နာမ်တရားတွေကို မမြဲ၊ ဆင်းရဲ၊ အစိုးမရပုံ သိမြင်နိုင်တာကို ဟောတော်မူပါတယ်။"

http://www.dhammadownload.com



ထို့ကြောင့် ထွက်လေဝင်လေ ရှုမှတ်တဲ့ ဘာဝနာကမ္မဋ္ဌာန်းနဲ့ စိတ်ကိုအစိုးရအောင်၊ သမာဓိရအောင် အားထုတ်တဲ့နည်းကို (၃၂)ပါး သော အခြင်းအရာနဲ့ ပြတော်မူခဲ့ပြပါတယ်။ အဲဒီနည်းတွေထဲက အနည်းငယ်ထုတ် ဟောပါ့မယ်။ နှာသီးဝ၌ ဖြစ်ပေါ်နေသော ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်မှာ သတိဆိုတဲ့ကြိုးနဲ့ စိတ်ကို ခိုင်မြဲအောင် ချည်ထားပါ။ သတိမပြတ် ရှုမှတ်ပါ။ အဲဒီလိုနည်းနဲ့ စိတ်ကို အစိုးရအောင် ငြိမ်သက်အောင် အားထုတ်လေ့ကျင့်တဲ့အခါ ယခင်က မိမိရဲ့စိတ်ကို အကဲခတ်ကြည့်ရင် စိတ်ဆိုး စိတ်သွမ်း စိတ်သရမ်းဖြစ်ပုံ၊ စိတ်မိုက် စိတ်တေလေ စိတ်လေဗွေဖြစ်ပုံကို တွေ့ရ ပါမယ်။ ယခုနဲ့မတူပါ။ နွားဆိုး နွားကြမ်း ဆုံးမသလို စိတ်ဆိုး စိတ်မိုက် ဆိုတဲ့ နွားဆိုး နွားကြမ်းကို ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်မှာ သတိဆိုတဲ့ကြိုးနဲ့ ခိုင်ခိုင်ချည်တုပ်ထားပြီး လေ့ကျင့်ပျိုးထောင် အားထုတ်ပါ။ သတိမပြတ် ရှုမှတ်ပါ။

အဲဒီလို ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်မှာ ခိုင်ခိုင်ချည် တုပ်ထားတဲ့ စိတ်ကလေးဟာ နွားမိုက်လိုပဲ။ ကြုံဖူးတဲ့ အာရုံများစွာဆီ ပြေးသွားဖို့ ရုန်းကန်လိုက်၊ ခုန်ပေါက်လိုက် လုပ်ပေမဲ့ ရုန်းမရ၊ ကန်မရ ဖြစ်လာပြီး နွားလေးမောပြီး ငြိမ်ငြိမ်သက်သက် ဝပ်နေသလို ထွက်လေ ဝင်လေဆိုတဲ့ အာရုံတိုင်မှာ စိတ်ကလေးငြိမ်သက်လာပါလိမ့်မယ်။ ငါးမိနစ်မှာ အကြိမ်ပေါင်း (၁၀၀)ခန့်လောက် ထုတ်မှုတ်ရှူရှိုက်ပြီး ထွက်လေဝင်လေကို လူတိုင်းအသုံးချနေပါတယ်။ တစ်နာရီဆိုလျှင် အကြိမ် (၁၀၀၀)လောက် ထုတ်ကြမှုတ်ကြ ရှူကြရှိုက်ကြတယ်။

နှာသီးဖျားမှာ ထွက်လေ ထိုးထွက်နေတဲ့အချိန်၊ ထုတ်မှုတ် နေတဲ့အချိန်၊ တစ်ဖန် ရှူလိုက်တဲ့အချိန်၊ ရှိုက်လိုက်တဲ့အချိန် တံခါးဝက

http://www.dhammadownload.com



သတိနဲ့စောင့်ပြီး ရှုမှတ်နေရမှာပါ။ အဲဒီလို ရှုမှတ်ရင်း စိတ်ကလေးဟာ နွားလေးမောပြီး ငြိမ်သက်ပြီး တိုင်ခြေမှာ ဝပ်နေသလို ထွက်လေ ဝင်လေဆိုတဲ့ အာရုံတိုင်ခြေမှာ ငြိမ်နေပြီ၊ တည်ကြည်နေပြီ၊ သမာဓိ ရလာပြီ၊ စိတ်အစိုးတရ ရှိလာပြီ၊ အဲဒီလိုဆိုရင် ပထမဦးစွာ လေ့ကျင့် ပျိုးထောင်မှု အောင်မြင်ပြီ။ တစ်ဆင့်တက်ပြီး လေ့ကျင့်ပျိုးထောင်ဖို့ နည်းလမ်းက ထွက်လေဝင်လေ ထုတ်မှုတ် ရှူရှိုက်မှုတို့ရဲ့ လမ်းကြော အရှည်အတိုကို ရှုမှတ်ရမှာပါ။

နောက်တစ်ဆင့် ရှုမှတ်တဲ့နည်းက ဝင်လေရဲ့အစ ခရီးစဉ်က နှာသီးဖျား၊ အလယ်စခန်းက ရင်ဘတ်၊ ခရီးအဆုံးက ချက်တိုင်။ ထွက်လေရဲ့အစ ခရီးစဉ်က ချက်တိုင်၊ အလယ်ခရီးစဉ်က ရင်ဘတ်၊ ခရီးဆုံးက နှာသီးဖျားပါပဲ။ အဲဒီလို ထွက်လေဝင်လေတို့ရဲ့ အစ, အလယ်, အဆုံး ခရီးစဉ်ကို ရှုမှတ်ရပါတယ်။

နောက်တစ်ဆင့်ကတော့ ထွက်လေဝင်လေတို့ရဲ့ ငြင်ငြင် သာသာ ရှူရှိုက်ထုတ်မှုတ်နေပုံကို ဆင်ခြင်ရှုမှတ်ရမှာပါ။ ဒီလေးနည်း လောက်နဲ့ လေ့ကျင့်ပျိုးထောင်နိုင်မယ်ဆိုရင် စိတ်ကို အစိုးရနိုင်ပြီ၊ စိတ်တည်ငြိမ်နိုင်ပါပြီ၊ စိတ်ငြိမ်တာနဲ့ အချို့မကောင်းဆိုးဝါးစိတ် အညစ်အကြေးတွေ ပျောက်ကင်းသွားနိုင်ပါပြီ။

## ချမ်းသာထူး၊ ချမ်းသာမြတ်

အဲဒီလိုနဲ့ စိတ်ကိုအစိုးရအောင် တည်ကြည်ငြိမ်သက်အောင် လေ့ကျင့်ပျိုးထောင်ပြီးတဲ့အခါ နှာသီးဖျား နှာခေါင်းဖုနဲ့ ထွက်လေ ဝင်လေတို့ ထိခိုက်မှုကြောင့် ဖြစ်ပေါ်လာတဲ့ ထိသိစိတ်ကို ရှုကြည့်လိုက် စမ်းပါ။ အကြိမ်ပေါင်းများစွာဖြစ်၊ အကြိမ်ပေါင်းများစွာပျက်ပုံကို

http://www.dhammadownload.com



ဉာဏ်ဖြင့် ရှုကြည့်ပါ။ တွေ့မြင်ပါလိမ့်မယ်။ တွန်းကန်လှုပ်ရှားနေတဲ့ ထွက်လေဝင်လေဆိုတဲ့ ဝါယောရုပ်ရဲ့ ဖြစ်ပုံပျက်ပုံကိုလဲ ရှုကြည့်ပါ။

အဲဒီထိသိစိတ်နဲ့ ဝါယောရုပ်တို့ သူ၊ ငါ၊ လူ၊ နတ်၊ အသက်၊ ဝိညာဉ် မဟုတ်တာ သဘောပေါက်လာပါလိမ့်မယ်။ ဒီနည်းက ရုပ်နာမ်အများစုကြီးထဲမှ ဝါယောဓာတ်တစ်လုံး အသုံးချဖမ်းယူရှုပွားပုံပါပဲ။ "ပရမတ်မမြင် တရားမမြင်"၊ "ပရမတ်မြင်မှ တရားမြင်"၊ "ပရမတ်မဝ တရားမရ"၊ "ပရမတ်ဝမှ တရားကျသည်" ဆိုသည့်အတိုင်း အရိပ် အမြွက်လေးမျှ အခုဝါယော လေရုပ်နဲ့ ထိ-သိစိတ်ရဲ့ မမြဲပုံ၊ ဆင်းရဲပုံ၊ အစိုးမရပုံ၊ သူ-ငါမရှိပုံတွေကို ပြသခဲ့ပါတယ်။

အခြားရုပ်နာမ်တွေကိုလဲ ဒီအတိုင်းရှုမြင်ရမှာပါ။ ဒီနည်းနဲ့ လောကတစ်ခွင်မှာ အစွဲအလမ်းတွေ လျှော့နည်းပြီး စိတ်ရဲ့ငြိမ်းချမ်းမှု၊ စိတ်ရဲ့အေးမြချမ်းသာမှု မုချရကြပါလိမ့်မယ်။ ဒါကြောင့် ဘုရားရှင်က ဒီသတိပဋ္ဌာန်တရား အားထုတ်လေ့ကျင့် ပျိုးထောင်နည်းအတိုင်း (၇)ရက်မျှ အားထုတ်ကြည့်စမ်းပါလို့ တိုက်တွန်းတော်မူခဲ့ပါတယ်။

ဒီနည်းအတိုင်း တရားအားထုတ် လေ့ကျင့်ပျိုးထောင်သူတို့ အတွက် ဗုဒ္ဓဘုရားက တာဝန်ယူထားတဲ့ ကြေငြာချက်တွေက (၇)မျိုးပါ။

စိတ်စင်ကြယ်နိုင်ပါလိမ့်မည်။ စိုးရိမ်ပူဆွေး စိတ်မအေးမှု ငိုကြွေးမှုတွေကို လွန်မြောက်နိုင်လိမ့်မည်။ ကိုယ်ဆင်းရဲမှု စိတ်မသက်သာ နှလုံးမသာမှု ပျောက်ပါလိမ့်မည်။ ကိလေသာအပူဓာတ်တွေ ပြတ်စေနိုင်တဲ့ မဂ်ဉာဏ်ရပါလိမ့်မည်။

(၂၅)ပါးသောဘေး၊ (၃၂)ပါးသော ကံကြမ္မာ၊ (၁၆)ဖြာသော ဥပဒ္ဒဝေါ၊ (၉၆)ဖြာသော အနာရောဂါ၊ အိုဘေးဆိုးကြီး၊ နာဘေး

http://www.dhammadownload.com



ဆိုးကြီး၊ သေဘေးဆိုးကြီးတွေ ငြိမ်းရာ နိဗ္ဗာန်ရောက်ပါလိမ့်မယ်။

ထပ်မံပြီး ဘုရားရှင်က ထွက်လေဝင်လေကို သတိမပြတ် ရှုမှတ်ပွားများနေပါလျှင် သတိပဋ္ဌာန်လေးပါးလုံး ပွားများရာရောက်တယ်။ သတိပဋ္ဌာန်လေးပါး ကြိမ်ဖန်များစွာ ပွားများရာရောက်တော့ ဗောဇ္ဈင်(၇)ပါး ပွားများရာရောက်တယ်။ ဗောဇ္ဈင်(၇)ပါး ကြိမ်ဖန်များစွာ ပွားများလိုက်တော့ မဂ်ဉာဏ်(၄)ပါး၊ ဖိုလ်ဉာဏ်(၄)ပါး ပြီးပြည့်စုံစေနိုင်တယ်ဆိုတဲ့ ဟောကြားချက်ကလဲ အားတက်ဖွယ် ဖြစ်ပါတယ်။

ထို့ပြင် ဘုရားရှင်က ထွက်လေဝင်လေကို ရှုမှတ်တဲ့သတိကြောင့် ရရှိတဲ့စိတ်ကို အစိုးရမှု၊ စိတ်ရဲ့တည်ကြည်မှုဟာ ငြိမ်သက်တယ်။ မွန်မြတ်တယ်၊ ချမ်းသာတစ်ခု ဖြည့်စွက်စရာမလိုဘူး။ မကောင်းမှု အဆိုးဟူသမျှ တခဏချင်း ပပျောက်စေနိုင်ပါတယ်လို့ ဘုရားရှင်က ဟောကြားခဲ့ပါသေးတယ်။ အဲဒီ အကျိုးရရှိနိုင်ပုံ ဟောကြားချက်များဟာ အားရစရာကောင်းလှပါတယ်။ ဒါကြောင့် အကြိမ်ပေါင်း (၁၆၀၀၀)ကျော် မိန့်ကြားတော်မူခဲ့တဲ့ အပ္ပမာဒ သတိမမေ့ကြနဲ့ဆိုတဲ့ ဘုရားရှင်၏ ဩဝါဒတော်ကို ဦးထိပ်ရွက်ပန်ဆင်လျှက် တစ်ရက်လျှင် အကြိမ်ပေါင်း (၁၆၀၀၀)ကျော် အသုံးချနေကြတဲ့ ထွက်လေဝင်လေမှု ရှူရှိုက်နေမှုကို သတိမပြတ် ရှုမှတ်လေ့ကျင့် ပျိုးထောင်နိုင်ကြပြီး အိုမှု၊ နာမှု၊ သေမှု စသော လူ့ဘဝပြဿနာပေါင်း (၁၆၀၀၀)တို့ကို ဖြေရှင်းနိုင်ကြပါစေ။ ဘုရားရှင်၏ တရားအားထုတ်၍ ချမ်းသာထူး ချမ်းသာမြတ် ရှာဖွေပုံ နည်းကောင်းလမ်းကောင်းဖြင့် တရားအားထုတ် လေ့ကျင့်ပျိုးထောင်၍ တန်ချိန်ဖွဲ့လို့မရနိုင်တဲ့ ဒုက္ခဝန်ထုပ်ဝန်ပိုး ဘဝဇာတ် ငြိမ်းရာ ချမ်းသာထူး ချမ်းသာမြတ်ကို ရှာဖွေရရှိနိုင်ကြပါစေကုန်သတည်း။

➤➤➤➤➤

http://www.dhammadownload.com



လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ
လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့၊ ဥက္ကဋ္ဌ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်(၁)
ကလေးဝတောရဆရာတော်
ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
ပရိယတ္တိသာသနဟိတာရေ
## လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ
ဟောကြားတော်မူသော
(၁၀၄) ကြိမ်မြောက်

**ဩဝါဒပါတိမောက်အခါတော်နေ့**

ယနေ့ သာသနာနှစ် ၂၅၅၀ ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်။ ဩဝါဒပါတိမောက် အခါတော်နေ့။

အခါတော်နေ့အားလျော်စွာ စကားပြောကြရ၊ တရားဟောကြရ။ အဲဒီတော့ ဩဝါဒပါတိမောက်ဆိုတဲ့ စကားဟာ ဩဝါဒဆိုတာတော့ သိကြပြီ။

ပါတိမောက်ဆိုတဲ့စကားက "ပါတိမောက္ခ"က လာပါတယ်။ ပါတိ-ဆိုတာ စောင့်ရှောက်တတ်တဲ့ ပုဂ္ဂိုလ်၊ အပါယ် အစရှိသည်တို့သို့ မကျအောင် စောင့်ရှောက်တတ်တဲ့သဘော၊ အပါယ် အစရှိ သည်မှ လွတ်မြောက်စေတတ်တဲ့ သဘောတရားကို ပါတိမောက္ခ။

http://www.dhammadownload.com



တစ်နည်းအားဖြင့် အလွန်မြတ်တဲ့ ဩဝါဒစကားတော်။ အပါယ်လေးဘုံမှာ ကျရောက်မည့် ပုဂ္ဂိုလ်တွေကို အပါယ်လေးဘုံမှ လွတ်မြောက်စေတတ်တဲ့ အတွက်ကြောင့်မို့ ပါတိမောက္ခ၊ ပါတိမောက်လို့ ခေါ်ပါတယ်။

အဲဒီ ပါတိမောက်က နှစ်မျိုး။ ဩဝါဒပါတိမောက်၊ အာဏာပါတိမောက်၊

အဘယ်ပုဂ္ဂိုလ်တွေက အဘယ်ပါတိမောက်ကို ပြသလဲ။ ဘယ်အချိန်အခါမှာ ပွင့်တော်မူကြတဲ့ ဘုရားရှင်တို့က ဘယ်လိုပြသလဲ။ သက်တမ်းတော်လိုက်ပြီးတော့ ကြည့်ကြရတယ်။

သက်တမ်းနဲ့လိုက်ပြီး ကြည့်တဲ့အခါကျတော့ ဘုရားပွင့်တော်မူရာ သက်တမ်းကို ပထမဦးဆုံး ပြောကြရမှာပါပဲ။

ဘုရားရှင်တို့ ပွင့်တယ်ဆိုတာ လူတို့သက်တမ်းအထက် တစ်သိန်းတန်းနဲ့ အောက်တစ်ရာတန်းမှာ နောက်ဆုံးထားပြီးတော့ ပွင့်တော်မူကြတာ။ ဘာကြောင့် တစ်သိန်းတန်းအထက် ပွင့်တော်မမူသလဲဆိုရင် အဲဒီအချိန်အခါမှာ လူတို့ရဲ့သက်တမ်းက သိပ်ရှည်တော့ သေတဲ့အသုဘကို တကုတက သွားသွားကြည့်ကြရမှာ။

အသက်တစ်သိန်းတန်းအထက်မှာ အသက်ရှည်တယ်ဆိုတော့ တော်ရုံတန်ရုံနဲ့ အသုဘမတွေ့နိုင်ဘူး။ ထမင်းထုပ်နဲ့တောင် သွားကြည့်ရတယ်လို့ ဆိုပါတယ်။

အဲဒီတော့ မြတ်စွာဘုရားရှင်တို့ရဲ့ တရားတော်က အိုနာသေဘေးတွေနဲ့ ပြပြီးတော့ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘော ကို ဟောပြရတာကိုး။

http://www.dhammadownload.com



အဲဒီတော့ (၁၀)နှစ်နေလို့လဲ အသုဘမသာတစ်ခု မတွေ့၊ (၁၅)နှစ်နေလို့လဲ အသုဘမသာတစ်ခုမတွေ့တော့ သေတာ ကြေတာ မတွေ့ကြရတော့ တစ်ဘဝ တစ်ခါသေ အနိစ္စသဘော တော်တော်နဲ့ ပြောလို့မထင်ဘူး။ သမ္မုတိမရဏာကိုမှ မမြင်ရင် ခဏတိုင်း သေ, ခဏိက မရဏာမြင်ဖို့ ရှုဖို့ ခက်ခဲလှပါတယ်။

ဒါကြောင့် ဘုရားရှင်များဟာ တစ်သိန်းတန်းအထက်မှာ ပွင့်တော်မမူပါဘူး။ တစ်ရာတန်းအောက်မှာလဲ မပွင့်ဘူး။ ရေထဲမှာ ဒုတ်နဲ့ခြစ်လိုက်ရင် ဘာမှအကြောင်းအရာ မထင်သလို အသက်တစ်ရာ တန်းအောက်ဖြစ်ကြတဲ့ ပုဂ္ဂိုလ်တွေကို မြတ်စွာဘုရားက တရားဟော ရတာ ရေထဲဒုတ်ခြစ်သလိုပါပဲ၊ အရာမထင်ဘူး၊ မလိုက်နာကြဘူး။ ပြီးပြီးပျောက်ပျောက် ဆိုသလိုပဲ။

ဒါကြောင့် ဘုရားရှင်တို့မည်သည် တစ်သိန်းတန်းအထက် မှာလဲ မပွင့်ဘူး။ တစ်ရာတန်းအောက်မှာလဲ မပွင့်ဘူး။

တစ်သိန်းတန်းပွင့်တော်မူကြတဲ့ ဘုရားရှင်ရှိသလို၊ ဗုဒ္ဓဂေါတမ ရှင်တော်ဘုရားက တစ်ရာတန်းမှာ ပွင့်တော်မူတယ်။

ခုနစ်ဆူသော ဘုရားရှင်တို့ကို ကြည့်မယ်ဆိုရင်-

(၁) ဝိပဿီမြတ်စွာဘုရား

(၂) သိခီမြတ်စွာဘုရား

(၃) ဝေဿဘူမြတ်စွာဘုရား

ဒီ ဘုရား(၃)ဆူတို့ သက်တော်ရှည်ကြတယ်။ အဲဒီလို သက်တော်ရှည် မြတ်စွာဘုရားတို့က အာဏာပါတိမောက်၊ ဩဝါဒ ပါတိမောက် နှစ်မျိုးမှာ ဩဝါဒပါတိမောက်ပဲ ပြတော်မူကြတယ်။

http://www.dhammadownload.com



အဲဒီလို ဩဝါဒပါတိမောက်ကို (၆)နှစ်မှ တစ်ကြိမ်၊ (၆)နှစ်ပြည့်မှ တစ်ကြိမ်၊ ဩဝါဒပါတိမောက် ပြတော်မူကြတယ်။

ပိဋကတ်သုံးပုံလဲ အကျယ်တဝင့် မဟောကြဘူး။

ဘာကြောင့်လဲ "**သတ္တာနံ အပ္ပရဇက္ခတာယ**"။

သတ္တာနံ= သတ္တဝါတို့၏၊ အပ္ပရဇက္ခတာယ= ပညာမျက်စိ၌ နည်းသော ကိလေသာမြူရှိကြတဲ့အတွက်ကြောင့်ပါပဲ။

သတ္တဝါတွေရဲ့ ပညာမျက်စိမှာ မြူနည်းတယ်။ ရာဂမြူ ဒေါသမြူ မောဟမြူ နည်းတယ်။ သစ္စာလေးပါးနဲ့ ဆက်စပ်တဲ့ ဂါထာလေး တစ်ဂါထာ ဟောလိုက်ရင်လဲ အများကြီးသိသွားတယ်။

(၆)နှစ်တစ်ကြိမ် ဟောတော်မူတဲ့ ဩဝါဒပါတိမောက်နဲ့ပဲ တရားရနေတော့တာပဲ။

သိက္ခာပုဒ်တွေလဲ မပညတ်ဘူး။ (၂၂၇)သွယ် သိက္ခာပုဒ်တွေတို့၊ ကုဋေကိုးထောင် တစ်ရာ့ရှစ်ဆယ် စတဲ့သိက္ခာပုဒ်တွေ၊ အဲဒီ သိက္ခာပုဒ်တွေ မပညတ်ဘူး။ ဘာကြောင့်လဲဆိုတော့ "**သာဝကာနံ နိဒ္ဒေါသတာယ**"= တပည့်သာဝကတို့မှာ အပြစ်အနာအဆာ ကင်းစင်တဲ့အတွက်ကြောင့်ပါပဲ။

သက်တမ်းရှည်တော်မူကြတဲ့ ဘုရားရှင်တို့ (၆)နှစ်မှတစ်ကြိမ် ဩဝါဒပါတိမောက် အခုလို တပို့တွဲလပြည့်နေ့မှာ ပြတော်မူကြတယ်။

သက်တမ်းတိုတဲ့ ဘုရားရှင်များက-

(၁) ကကုသန်မြတ်စွာဘုရား

(၂) ကောဏာဂုံမြတ်စွာဘုရား

(၃) ကဿပမြတ်စွာဘုရား

(၄) ဂေါတမမြတ်စွာဘုရားရှင်တို့ ဖြစ်ပါတယ်။

http://www.dhammadownload.com



ဒီသက်တမ်းတိုတော်မူကြတဲ့ ဘုရားရှင်တို့ကျတော့ တရားလဲ အကျယ်တဝင့် ဟောရ၊ သိက္ခာပုဒ်တွေလဲ အများကြီးပညတ်တော်မူကြရတယ်။ ဘာကြောင့်လဲ။ သတ္တဝါတို့မှာ ပညာတည်းဟူသော မျက်စိ၌ ရာဂစတဲ့ မြူတွေ များတာရယ်၊ တပည့်သာဝကတို့မှာ အပြစ်များတာရယ်ကြောင့်ပါပဲ။

ဂေါတမရှင်တော်ဘုရားက လူတို့ရဲ့သက်တမ်း တစ်ရာမှာ ပွင့်တော်မူတော့ သက်တမ်းက တိုတော်မူပါတယ်။ အဲဒီတော့ တရားတွေကို အများကြီး ဟောရပါတယ်။

အဲဒီလို တရားဟောတဲ့အခါမှာ ဘုရားရှင်တို့ဟာ ခြင်္သေ့မင်းကြီးများနဲ့ တူပါတယ်။ ခြင်္သေ့များဟာ အားကြီးတဲ့သားကောင်တွေ့ရင်လဲ အားကုန်လွှတ်ပြီးတော့ ဖမ်းစားပါတယ်။ ခွန်အားမရှိတဲ့ ယုန်သူငယ်လေးလို သတ္တဝါကိုလဲ ခွန်အားမယုတ်လျော့အောင်လို့ ဆိုပြီးတော့ အင်နဲ့အားနဲ့ပဲ ဖမ်းယူတာပါပဲ။

ဘုရားရှင်တို့ဟာ ပရိသတ်များများစားစား ရှိတဲ့အခါမျိုးကျတော့ ကြိုးစားပမ်းစား တရားဟောသလို၊ ပရိသတ်တစ်ယောက်ထဲရှိတဲ့အခါမှာလဲ တရားလျော့ပြီး မဟောဘူး။ ဘာကြောင့်လဲဆိုရင် **"မာနောဓမ္မ ဂရုပရိဟာယိ"**= ဓမ္မကို အလေးထားမှု၊ တရားတော် ကို အလေးထားမှု မဆုတ်ယုတ်ပါစေနဲ့ဆိုပြီး ပရိသတ်တစ်ယောက်ထဲ ဖြစ်စေကာမူ လျှော့၍ ဟောကြားတော်မမူပါဘူး။

ပရိသတ်များလို့ ကြိုးစားဟောပြီး၊ ပရိသတ်နည်းလို့ လျှော့ဟောတယ်ဆိုတာ မရှိပါဘူး။

ဂေါတမရှင်တော်မြတ်ဘုရားက သက်တမ်းကတိုတယ်။ အဲဒီလို သက်တော်တိုတော့ အာဏာပါတိမောက်ကိုလဲ ပညတ်တော်

http://www.dhammadownload.com



မူတယ်။ ဩဝါဒပါတိမောက်ကိုလဲ ပြတော်မူတယ်။

ပထမဗောဓိဝါတော် (၂၀)အတွင်းမှာ ဩဝါဒပါတိမောက်နဲ့ပဲ ရဟန်းတော်များကို ဆုံးမခဲ့ပါတယ်။

ဩဝါဒပါတိမောက်ဆိုတာ ဘုရားရှင်တို့ရဲ့ လက်သုံး ပါတိမောက်ပါပဲ။ ဩဝါဒပါတိမောက်ပေးတာဟာ ယနေ့လို တပို့တွဲ လပြည့်နေ့၊ ဒါကြောင့် ဒီနေ့ ဩဝါဒပါတိမောက် အခါတော်နေ့။

**အချက်အလက် (၄)မျိုး**

အဲဒီ ဩဝါဒပါတိမောက်ကို မြတ်စွာဘုရား သုံးစွဲတော်မူတဲ့ အခါ အချက်အလက် (၄)မျိုးနဲ့ ပြည့်စုံရပါတယ်။

၁။ တပို့တွဲလပြည့်နေ့ ဖြစ်ခြင်း။

၂။ ဧဟိ ဘိက္ခု ရဟန်းတော်များချည်းဖြစ်ခြင်း။

၃။ အဘိညာဉ် (၆)ပါး၊ ပဋိသမ္ဘိဒါ (၄)ပါး ရရှိတော်မူတဲ့ အရှင်မြတ်ကြီးများဖြစ်ခြင်း။

၄။ မပိတ်ဖင့်ပဲ သံဃာတော်များစွာ စုဝေးမိခြင်း။

ဒီအချက်လေးမျိုးနဲ့ ပြည့်စုံတဲ့အခါမှာ ဩဝါဒပါတိမောက် ဩဝါဒခံယူပွဲကြီး ကျင်းပခဲ့ပါတယ်။ ဂေါတမဗုဒ္ဓရဲ့ သာသနာတော်မှာ ပထမဆုံး ဩဝါဒပါတိမောက် ခံယူကြတဲ့အခါ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့ အပါအဝင် (၁၂၅၂)ပါး စုဝေးမိပါတယ်။

အဲဒီအခါ မြတ်စွာဘုရားက ဩဝါဒပါတိမောက် ပြတော်မူပါတယ်။

http://www.dhammadownload.com



၁။ ခန္တီပရမံ တပေါတိ တိက္ခာ၊
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
နဟိပဗ္ဗဇိတော ပရူပဃာတီ၊
နသမဏော ဟောတိ ပရံဝိဟေဌယန္တော။

၂။ သဗ္ဗပါပဿ အကရဏံ၊
ကုသလ ဿူပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊
ဧတံ ဗုဒ္ဓါနသာသနံ။

၃။ အနူပဝါဒေါ အနူပဃာတော၊
ပါတိမောက္ခေစ သံဝရော။
မတ္တညုတာစ ဘတ္တသ္မိံ၊
ပန္တဉ္စ သယနာသနံ။
အဓိစိတ္တေစ အာယောဂေါ၊
ဧတံ ဗုဒ္ဓါနသာသနံ။

ဂေါတမရှင်တော်ဘုရား ယခုလို သံဃာတော် (၁၂၅၂)ပါး စုဝေးမိတဲ့အချိန် တပို့တွဲလပြည့်နေ့မှာ ရှေးရှေးဘုရားရှင်တို့လိုပဲ ဩဝါဒပါတိမောက် ပြတော်မူတယ်။

သက်တော်ရှည် ဘုရားရှင်တို့ကတော့ ဒီဩဝါဒပါတိမောက်ပဲ တစ်သက်လုံး ပရိနိဗ္ဗာန်မစံမချင်း ပြတော်မူတယ်။ ဒီသုံးဂါထာနဲ့ပဲ ရဟန်းတော်များကို ဆုံးမတော်မူပါတယ်။

ဂေါတမမြတ်စွာဘုရား ဝါတော် (၂၀) တိုင်အောင် ဩဝါဒ ပါတိမောက်ကို အသုံးချပြီးတော့ ဆုံးမခဲ့ပါတယ်။ ဝါတော် (၂၀)ကျော် တဲ့အခါမှာ အာဏာပါတိမောက်၊ အာဏာထားခြင်း၌ ထိုက်တော်

http://www.dhammadownload.com



မူတဲ့ ဘုရားရှင်က ပညတ်ထားတဲ့ သိက္ခာပုဒ်တွေ၊ အဲဒီ သိက္ခာပုဒ်တွေကို အာဏာပါတိမောက်။ အဲဒီ အာဏာပါတိမောက်က သာဝကတို့နဲ့သာ ဆိုင်သွားတယ်။ သာဝကတို့သာ လပြည့်လကွယ် တစ်လ (၂)ကြိမ် ပြုတော်မူကြပါတယ်။

သံဃာညီညွတ်နေရင် (၂)ကြိမ်၊ အာဏာပါတိမောက်ကို ရွတ်ကြ၊ ဖတ်ကြရတယ်။ အာဏာထားခြင်းငှာ ထိုက်တော်မူတဲ့ ဘုရားရှင် ပညတ်တော်မူတဲ့ အာဏာပါတိမောက်။

ရဟန်းတော်များပဲ အာဏာပါတိမောက်ကို ရွတ်ဖတ်ပြီးတော့ ဥပုသ်ပြုကြတယ်။ အာဏာထားခြင်းငှာ ထိုက်တော်မူတဲ့ ဘုရားရှင်ဆိုတော့ ဘုရားရှင်ဟာ ကရုဏာဓာတ် အပြည့်အဝ၊ ပညာဓာတ် သဗ္ဗညုတညာဏ်တော်ကြီးနဲ့ဆိုတော့ ဘာမှပြောစရာမလိုဘူး။

ကရုဏာဓာတ်၊ ပညာဓာတ် (၂)မျိုးလုံး ပြည့်စုံတော်မူတဲ့ ဘုရားရှင်ဟာ အာဏာပါတိမောက်ကို ပညတ်တော်မူပါတယ်။

မိခင်တစ်ယောက်ဟာ ကလေးငယ်တစ်ယောက်ကို ထိန်းနေစဉ် ကလေးငယ်က အလုံးလေးတစ်ခုကို မျိုချတယ်။ ဂေါ်လီလုံးလေးလိုဟာမျိုး မျိုချတယ်။ ကလေးပါးစပ်ထဲဝင်သွားပြီလို့ သိတာနဲ့ တစ်ပြိုင်နက်ထဲ သားလေး နာကျင်သည်ဖြစ်စေ၊ မနာကျင်သည်ဖြစ်စေ ဒီအလုံးလေး ထွက်လာဖို့ ကြိုးစားပန်းစား ကရုဏာဓာတ်အပြည့်အဝနဲ့ ပြန်ပြီး ဆွဲထုတ်သလိုပဲ၊

အာဏာထားခြင်းငှာ ထိုက်တော်မူတဲ့ ဘုရားရှင်ကလဲပဲ သာဝကတို့ အပြစ်အနာအဆာဖြစ်တဲ့ အပါယ်လေးပါးကျစေမှာကို မကျရောက်အောင် ဆိုပြီးတော့ မြတ်စွာဘုရား အာဏာထားတော်မူတာပါပဲ။

http://www.dhammadownload.com



အာဏာထားခြင်းဌာ ထိုက်တော်မူတဲ့ ဘုရားရှင်က ကရုဏာ ဓာတ်၊ ပညာဓာတ် အပြည့်အဝနဲ့ သိက္ခာပုဒ်ပညတ်တော်မူတာပါပဲ။

အဲဒီလို သိက္ခာပုဒ်များ ပညတ်တော်မူပြီးထားတိုင်း ရဟန်း တော်များ အခုအချိန်ထိအောင်ပဲ ဥပုသ်ပြုကြတယ်။

အဲဒီ အာဏာထားတဲ့ နေရာမှာလဲ သားသမီးများအပေါ်မှာ မိဘများက ဆိုဆုံးမကြသလို၊ လိမ္မာတဲ့သားသမီးများက မိဘစကား နည်းနည်းများများ လိုက်နာကြသလို အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကများဟာလဲ (၂၆)ရာစု အခုထိအောင် လိုက်နာကြ ပါတယ်။

အဲဒီ သာဝကတွေကပဲ မြတ်စွာဘုရားရဲ့ အမိန့်အာဏာတွေ ထိန်းသိမ်းစောင့်ရှောက်ထားကြတယ်။ အဲဒီ အမိန့်အာဏာကို ဝိနည်းဥပဒေလို့ ခေါ်ရတယ်။

ကမ္ဘာမှာ သက်တမ်းအရှည်ဆုံး ဥပဒေကို ပြောပါဆိုရင် မြတ်စွာဘုရားရဲ့ ဝိနည်းတော် ဥပဒေပါပဲ။ အင်္ဂလန်၊ အမေရိကန် စသည်တို့မှာထားကြတဲ့ ဥပဒေတွေ ခဏခဏပြောင်းကြတယ်။

ခဏခဏပြောင်းကြတဲ့ ဥပဒေတွေတောင်မှ နှစ်ပေါင်း ၄၀၀၊ ၅၀၀ လောက်ပဲ သက်တမ်းရှိကြပါသေးတယ်။ ထိုင်းနိုင်ငံတို့ဆိုရင် ဘာကြာသေးလဲ။ နှစ်ပေါင်း (၈၀)အတွင်း ရေးလိုက်ပြင်လိုက် (၁၄)ကြိမ်ရှိပြီလို့ ဆိုတာပါပဲ။ ဆိုလိုတာက ခဏခဏ ပြင်ကြရတယ်။ ပြင်ပေမယ့် ကြာရှည်လဲ မတည်တန့်ဘူး။

ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာလဲ လူ့ဘဝရောက်ချိန်က ပြောမယ် ဆိုရင် ဖွဲ့စည်းပုံ အကြိမ်ကြိမ်ရေးထားခဲ့ကြတာပါပဲ။ ဘုရားရှင် ထားတော်မူခဲ့တဲ့ ဥပဒေကတော့ ဘယ်ဥပဒေနဲ့မှ နှိုင်းစာလို့ မရပါဘူး။

http://www.dhammadownload.com



မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ထင်ရှားတဲ့ ကောသလမင်းကြီး၊ ဗိမ္ဗိသာရမင်းကြီးတို့ အစရှိတဲ့ မင်းစိုးရာဇာတွေ ရေးတဲ့ ဥပဒေတွေဟာ လောကမှာ အခုထင်ရှားမရှိတော့ပါဘူး။

မြတ်စွာဘုရားရဲ့ ဝိနည်းဥပဒေဟာ ကမ္ဘာမှာ သက်တမ်း အရှည်ဆုံး ဥပဒေပါပဲ။ သာဝကတွေလဲ သိန်းသန်းကုဋေအလွန်များ ခဲ့ပါတယ်။ ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ ဆိုတဲ့အတိုင်း အကျိုး (၁၀)မျိုး ရည်ရွယ်ပြီး ရဟန်းတော် များအတွက် ထားခဲ့တာပါ။

ဂေါတမရှင်တော်ဗုဒ္ဓက တရားလဲ ကျယ်ကျယ်ပြန့်ပြန့် ဟောရတယ်။ (၄၅)ဝါ ကာလပတ်လုံး မနားမနေ ဟောရပါတယ်။ သိက္ခာပုဒ်တွေလဲ အများကြီး ပညတ်ရပါတယ်။ စကားလိုက်နာ ကျင့်သုံးရာမှာ ရှင်တော်ဗုဒ္ဓရဲ့ တပည့်လောက် မည်သူ့တပည့်မှ မလိုက် နာကြပါဘူး။ ဩဝါဒပါတိမောက်ကိုတော့ မြတ်စွာဘုရား ဝါ (၂၀) အတွင်းပဲ၊ ဝါ (၂၀) ပထမဗောဓိအတွင်းမှာပဲ ဩဝါဒပေးတော် မူပါတယ်။ နှစ်စဉ်နှစ်တိုင်းလဲ ဩဝါဒပါတိမောက် အခါတော်နေ့ဖြစ်တဲ့ ဒီနေ့မှာ ဒီဩဝါဒပါတိမောက်ကိုပဲ ဦးစားပေး အလေးထားဟောပါ တယ်။ ဘုန်းကြီးတို့ ဒီနေ့ ဒီရက်ကျရင် အခြားသာသနာအလုပ်တွေ ခဏ ဘေးဖယ်ထားပြီး ဩဝါဒပါတိမောက်(၃)ဂါထာကို တစ်နေ့လုံး ရွတ်ဖတ်ပူဇော်ခဲ့ပါတယ်။

ယနေ့လဲ နံက်ပိုင်းကစပြီး ဒီလာတဲ့အချိန်ထိအောင်ပဲ ရှေးရှေး ဘုရားရှင်တို့ရဲ့ အဆုံးအမလဲဖြစ်တယ်။ အနီးကပ်ဆုံး ဂေါတမရှင်တော် ဘုရားရဲ့ အဆုံးအမလဲဖြစ်တယ်ဆိုပြီး အာရုံထား ဒီဩဝါဒ (၃)ဂါထာ ကို ရွတ်ဖတ်ပူဇော်လာခဲ့တာပါပဲ။

http://www.dhammadownload.com



**ပထမဂါထာ**

တိတိက္ခာလို့အမည်ရတဲ့ သည်းခံခြင်းဟာ မြတ်တဲ့အကျင့်ပါပဲ။ နိဗ္ဗာန်ကို ဘုရားရှင်တို့ အမွန်ဆုံး အမြတ်ဆုံးလို့ မိန့်တော်မူကြပါတယ်။ သူတစ်ပါးကို ညှင်းပန်းတဲ့ပုဂ္ဂိုလ်ဟာ ပဗ္ဗဇိတ ရဟန်းလို့ မခေါ်နိုင်ပါဘူး။ သူတစ်ပါးကို ဒုက္ခပေးစသည်တို့ ကိုင်ဆောင်ပြီး ညှင်းဆဲတဲ့ပုဂ္ဂိုလ်ဟာ ကိလေသာကို ငြိမ်းစေတတ်တဲ့ သမဏမဟုတ်ပါဘူး။

**ထမင်းထုပ်ရှက်လို့ရှာတောင်**

ဩဝါဒပါတိမောက် (၃)ဂါထာမှာ ပထမဂါထာရဲ့ ပထမဆုံး အပိုဒ်က ခန္တီပရမံ တပေါ တိတိက္ခာ၊ တိတိက္ခာ အမည်ရတဲ့ သည်းခံခြင်းဟာ မြတ်သောအကျင့်တည်းဟု ဟောကြားခဲ့တာပါ။ လောကမှာ သည်းခံခြင်း အလေ့အထဟာ တစ်ယောက်နဲ့တစ်ယောက်၊ တစ်ဦးနဲ့ တစ်ဦး၊ တစ်ပါးနှင့်တစ်ပါး မတူကြပါဘူး။

ဘုန်းကြီးတို့ ကျေးဇူးတော်ရှင် ချောင်းဦးမြို့ ကျီကုန်းရွာ ဓမ္မရက္ခိတကျောင်းဆရာတော် ဘဒ္ဒန္တမာနိတ အရှင်မြတ်ကြီးဆိုတာ စာဖွဲ့လောက်အောင် အေးမြ၊ စာဖွဲ့လောက်အောင် သည်းခံတော်မူပုံကို ကျောင်းသစ်ကျောင်းဆရာတော် ဘဒ္ဒန္တဇဝနက ဖော်ပြပါအတိုင်း ကျူးသီထားပါတယ်။

လူမိုက်တွေ မကျေနပ် အသေသတ်ပါစေ၊
မထေရ်မြတ် အသာနေမယ် ပါသန္ဓေစိတ်ထား၊
ဆဲဆိုရိုက် သုတ်သင်ပါ လုပ်ချင်ရာ လုပ်ကြစေဗျား၊
ရှင်ပုဏ္ဏဘုရားထံမှာ စကားပြန် လျှောက်ကြား၊
ကျေးဇူးတင် ထပ်စကားတွေနဲ့ မြတ်ဘုရားလျှောက်ရှာ၊

http://www.dhammadownload.com



ပုဏ္ဏထေရ်ဲ ဘဝတုန်းလိုပ မမွှဘုန်းတွေ့ရသည်သာ၊
"သည်းခံမှု" ရက်မခြားသည် တစ်သက်တာ ဒိုင်ခံထားပါလို့၊
ပြိုင်စံရှား ကရုဏာ ကြီးသည့်မေတ္တာ၊
ထမင်းထုပ်ရွက်လို့ ရှာတောင် ဘုန်းလိုဟာ တွေ့ဘူးကွဲ့လေး။

**ဒုတိယဂါထာ**

မကောင်းတာမှန်သမျှ မပြုဘဲ ရှောင်ပါ။ ကောင်းတာမှန်သမျှ ပြုကြပါ။ မိမိရဲ့စိတ်ကို အဖြူစင်ဆုံး ဖြစ်အောင်ထားပါ။ ဒါဟာ ဘုရားရှင်တို့ရဲ့ အဆုံးအမပါပဲ။

**တတိယဂါထာ**

သူတစ်ပါးကို မစွပ်စွဲပါနဲ့။ သူတစ်ပါးကို ဒုတ်ခါးစသည်တို့ဖြင့် မညှင်းဆဲ မသတ်ဖြတ်ပါနဲ့။ ပါတိမောက်သီလ စောင့်ထိန်းပါ။ အစာအာဟာရမှာ အတိုင်းအရှည်သိပါ။ အစွန်အဖျား အနားကျတဲ့ ကျောင်းနေရာဌာနများ သုံးစွဲပါ။ ဆိတ်ငြိမ်တဲ့နေရာ နေပါလို့ ပြောတာပါ။ လွန်ကဲသောစိတ်၊ မွန်မြတ်သောစိတ်ကို ရအောင် ကြိုးစားပါ။

ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးသီလတွေဟာ သီလပါ။ အဓိသီလ မမည်ပါဘူး။ အဓိသီလဖြစ်အောင် ကျင့်သုံးနည်းတော့ ရှိပါတယ်။ ဘုရားရှင်မပွင့်တဲ့ သာသနာပအခါမှာလဲ ရှိပါတယ်။ သီလစောင့်ထိန်းမှုဟာ ရှိပါတယ်။ ဘုရားလောင်းများ ငါးပါးသီလ စောင့်ထိန်းကြတယ်၊ လူပုဂ္ဂိုလ်များလဲ ငါးပါးသီလ စောင့်ထိန်းကြတယ်။

http://www.dhammadownload.com



ပါတိမောက္ခ သံဝရသီလ= အဓိသီလ၊ ပါတိမောက္ခ သံဝရသီလဟာ အရောင်ရှိတဲ့ အရာဝတ္ထုထဲမှာ နေမင်းကြီးလို မြင့်မောက်တဲ့ အရာဝတ္ထုထဲမှာ မြင်းမိုရ်တောင်ကြီးလို လွန်ကဲမြင့်မြတ်တဲ့အတွက် အဓိသီလ လွန်မြတ်သောသီလ။

အာဏာထားထိုက်တဲ့ ဘုရားရှင်ကသာ ပညတ်နိုင်တဲ့ အာဏာထားတဲ့အတွက် ပါတိမောက္ခသံဝရသီလသည် အဓိသီလ၊ မွန်မြတ်သောသီလ၊ လွန်မြတ်သောသီလ။

တစ်နည်းအားဖြင့် မဂ်ဖိုလ်နှင့်ယှဉ်တဲ့ သီလသည် အဓိသီလ။ လူဝတ်ကြောင်များ စောင့်ထိန်းတဲ့ ငါးပါးသီလကို အဓိသီလဖြစ်အောင် မရဘူးလားဆိုတော့ ရတယ်တဲ့။ ဒါကို သုတ်ပါထေယျ အဋ္ဌကထာက ဖွင့်ဆိုတယ်။

**နိဗ္ဗာနံ ပတ္ထယန္တေနသမာဒိန္နံ၊ ပဉ္စသီလမ္ပိ အဓိသီလမေဝ။**

နိဗ္ဗာနံ= နိဗ္ဗာန်ကို၊ ပတ္ထယန္တေန= တောင့်တသောသူသည်၊ သမာဒိန္နံ= ဆောက်တည်အပ်သော၊ ပဉ္စသီလမ္ပိ= ငါးပါးသီလသည်လဲ၊ အဓိသီလမေဝ= လွန်မြတ်သောသီလ မည်သည်သာ၊

သမာဓိသိက္ခာခေါ်တဲ့ စိတ္တ၊ အဓိစိတ္တ၊

ကာမာဝစရကုသိုလ်နဲ့ ယှဉ်တဲ့စိတ်က (၈)မျိုး၊ သမာပတ်နဲ့ ယှဉ်တဲ့စိတ်က (၈)ပါး၊ အဲဒီစိတ်တွေကတော့ စိတ္တပဲ မည်ပါတယ်။

ဝိပဿနာပါဒက အဋ္ဌသမာပတ္တိ စိတ္တံ အဓိစိတ္တံ ဝိပဿနာ အခြေခံဖြစ်တဲ့ သမာပတ် (၈)ပါးနှင့် ယှဉ်တဲ့စိတ်က အဓိစိတ္တ။

အဓိစိတ္တေန အာယောဂေါ၊ လွန်ကဲတဲ့စိတ်၊ ဝိပဿနာ အခြေခံဖြစ်တဲ့ သမာပတ်စိတ်ဆိုတာ ဘုရားသာသနာအတွင်းမှာသာ ရနိုင်တယ်။ အဓိစိတ္တ မည်ပါတယ်။

http://www.dhammadownload.com



**"မဂ္ဂဖလ ယုတ္တံစိတ္တံ အဓိစိတ္တံ"** မဂ်ဖိုလ်နဲ့ယှဉ်တဲ့ စိတ်သည် အဓိစိတ္တ။

ပညာ- အဓိပညာ၊ ပညာ ကမ္မဿကတဉာဏ်ပညာ၊ ပညာသာ မည်ပါတယ်။ ဘုရားပွင့်သည်၊ မပွင့်သည်ဖြစ်စေ ဒီကမ္မဿကတဉာဏ်လဲ ထင်ရှားရှိပါတယ်။

အလောင်းတော်ကြီးများ ကမ္မဿကတဉာဏ်ရှိလို့ သာသနာပ အခါမှာ ပါရမီဖြည့်နိုင်တာ။ ဝေလာမပုဏ္ဏား အလှူတို့၊ ဝေဿန္တရာ မင်းကြီး အလှူတို့ဟာ ကမ္မဿကတဉာဏ်ကြီးတွေ အခြေခံပြီး လှူခဲ့တာ။ အဲဒီ ကမ္မဿကတဉာဏ်က ပညာမည်တယ်။ အဓိပညာ မမည်ပါဘူး။

**"တိလက္ခဏာ ကာရပရိစ္ဆေဒကံ"** လက္ခဏာရေးသုံးပါး အခြင်းအရာကို ပိုင်းခြားနိုင်တဲ့ ဝိပဿနာဉာဏံ= ဝိပဿနာဉာဏ်သည်၊ အဓိပညာ= အဓိပညာ မည်၏။ အလွန်ကောင်းမြတ်သော ပညာ မည်၏။

ယောဂီသူတော်စင်များ လက္ခဏာရေးသုံးပါးကို ပိုင်းခြား သိနိုင်တဲ့ ပညာကို ရအောင်ကြိုးစားကြပါ။

နောက်ပညာတစ်မျိုးက မဂ်ပညာ၊ မဂ်နဲ့ယှဉ်တဲ့ပညာ၊ အဲဒီ ပညာကတော့ အမွန်ဆုံး အမြတ်ဆုံးပညာ၊ အဓိပညာပါ။

အကုန်လုံးပြန်ပြီး ခြုံလိုက်တဲ့အခါ တပို့တွဲလပြည့်နေ့ဟာ ဩဝါဒပါတိမောက် အခါတော်နေ့။ သက်တော်ရှည်တော်မူကြတဲ့ ဘုရားရှင်တို့သည်လည်းကောင်း၊ သက်တမ်းတိုတော်မူကြတဲ့ ဘုရားရှင် တို့သည်လည်းကောင်း ဒီဩဝါဒပါတိမောက်ကို အသုံးပြုတော်မူကြ ပါတယ်။

http://www.dhammadownload.com



လက်သုံးတော် ဩဝါဒစကားတော်တွေပါပဲ။ တစ်နည်းအားဖြင့် ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို အကျဉ်းချုံးပြီးတော့ ခြုံမိငုံမိအောင် ဆုံးမထားတဲ့ စကားတော်တွေပါပဲ။

အားလုံး ဗုဒ္ဓဘာသာတို့ရဲ့ နှုတ်ဖျားမှာ ရရှိနေကြတဲ့

**သဗ္ဗပါပဿ အကရဏံ၊ ကုသလဿူပသမ္ပဒါ။**

**သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ။**

ဒီ (၁)ဂါထာနဲ့လဲ ဗုဒ္ဓရဲ့စကားတော်တွေ ခြုံမိ ငုံမိပါတယ်။ ဒီအသုံးများတဲ့ မြတ်စွာဘုရားရဲ့ အဆုံးအမကတော့ ရနေကြတာပဲ။ အသိတွေက ရှိနေတယ်။

အကုသိုလ်ဟာ ပဟာတဗ္ဗ ပယ်အပ်တဲ့တရား၊ ကုသိုလ်က ပဟာယက တရား၊ ပယ်တတ်တဲ့ တရားကုသိုလ်များများလုပ်ရင် အလိုအလျောက် အကုသိုလ်ပယ်ပြီးသား ဖြစ်သွားတာပါပဲ။ မိမိစိတ်ကို ဖြူစင်အောင် ဆောင်ရွက်ပြီးသား ဖြစ်သွားတယ်။

ယခု တရားအားထုတ်ကြတယ်၊ ကုသိုလ်ဆိုတာဟာ ဝိပဿနာရဲ့ အခြေခံဖြစ်တဲ့ တရားလဲ ပါဝင်တယ်။ အဲဒီ ကုသိုလ်စိတ်လေးရရှိအောင် အားထုတ်ကြတာပါပဲ။

လက္ခဏာရေးသုံးပါးကို ပိုင်းခြားပြီး သိနိုင်တဲ့ ဝိပဿနာဉာဏ်ပညာကိုရအောင်လို့ တရားစခန်းဝင်တာဆိုတော့ ကုသိုလ်ဟာ ရိုးရိုးသာမန်ကုသိုလ်ထက် မြင့်မြတ်တဲ့ကုသိုလ်မျိုး။ မိမိစိတ်ကို ဖြူစင်အောင်ပြုရာမှာ အရဟတ္တဖိုလ်စိတ် လက်ကိုင်ရရှိပါက အထွဋ်အထိပ်ရောက်ပါပြီ။ ဒါကြောင့်-

http://www.dhammadownload.com



**သဗ္ဗပါပဿ အကရဏံ၊ ကုသလဿူပသမ္ပဒါ။**
**သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ။**

သဗ္ဗပါပဿ= ယုတ်မာသော့သွမ်း ဟော့ရမ်းသမျှ အကုသိုလ်အစုကို၊ အကရဏံ= မပြုဘဲနေရာ၏။

ယုတ်မာသော့သွမ်း ဟော့ရမ်းသမျှ အကုသိုလ်အစုစုကို မပြုလုပ်ရ။ တရားအားထုတ်လိုက်ရင် အကုသိုလ် အလိုလိုရှောင်ပြီးသား ဖြစ်သွားတာပါ။

ကုသလဿ= ကာမ မဟဂ္ဂုတ် လောကုတ်အထိ ရှိရှိသမျှ ကုသလကို၊ ကာမကုသိုလ်၊ မဟဂ္ဂုတ်ကုသိုလ်၊ လောကုတ္တရာ ကုသိုလ် အဆင့်ဆင့်ရှိတဲ့ ကုသိုလ်တွေကို၊ ဥပသမ္ပဒါ တစ်ဆင့်ထက်တစ်ဆင့် ရင့်သထက်ရင့်၍ မလင့်ပုံသေ ပြည့်စုံစေရခြင်းလည်းကောင်း၊

ကုသိုလ်ဆိုတာ ပဟာယက ပယ်တတ်တဲ့တရား ဆေးကြောပေးနိုင်တဲ့ တရားမျိုး၊ ကုသိုလ်များများ လုပ်လိုက်ရင် အကုသိုလ် အညစ်အကြေးဟာ ပြောင်စင်သွားနိုင်တယ်။

သစိတ္တပရိယောဒပနံ= မိမိစိတ်ရင်း ပွတ်သစ်ဝင်းသည့် ခရုသင်း အနေ ဖြူစင်စေရခြင်းလည်းကောင်း၊

မိမိရဲ့စိတ်ကို ပွတ်သစ်စ ခရုသင်းကဲ့သို့ ဖြူစင်အောင် ဆောင်ရွက်ရခြင်း၊ တရားအားထုတ်တယ်ဆိုတာ မိမိရဲ့စိတ်ကို တဖြည်းဖြည်းချင်း သန့်စင်အောင် လုပ်နေတာပါပဲ။

ဧတံ= အကုသိုလ်ကင်း ကုသိုလ်လင်း၍ စိတ်ရင်းဖြူစင်း ဤသုံးခင်းသည်၊ ဗုဒ္ဓါနံ= ဂင်္ဂါသဲတူ ပွင့်တော်မူသည့် ဆူဆူထွင်ရှထား မြတ်ဘုရားတို့၏၊ သာသနံ= လိုရင်းနှုံးရ ထုံးအရဖြင့် ဆုံးမတော်မူချက်ကြီးပါပေတည်း။

http://www.dhammadownload.com



ဒါမြတ်စွာဘုရားရဲ့ အဆုံးအမ၊ ဒီဂါထာနဲ့လဲ ပိဋကတ်သုံးပုံ ခြုံမိသွားတာပါပဲ။ ယောဂီသူတော်စင်များ (၇)ရက်တရားစခန်း အားထုတ်တယ်ဆိုတော့ အဆူဆူသော ဘုရားရှင်တို့ရဲ့ စကားကို လိုက်နာပြီးသား ဖြစ်ပါတယ်။

သဗ္ဗပါပဿ= ယုတ်မာသော့သွမ်း ဟော့ရမ်းသမျှ အကုသိုလ် အစုစုကို၊ အကရဏံ= လုံးဝမပြုရခြင်းလည်းကောင်း၊ ကုသလဿ= ကာမ မဟဂ္ဂုတ် လောကုတ်အထိ ရှိရှိသမျှ ကုသလကို၊ ဥပသမ္ပဒါ= တစ်ဆင့်ထက်တစ်ဆင့် ရင့်သထက်ရင့်၍ မလင့်ပုံသေ ပြည့်စုံစေရခြင်း လည်းကောင်း၊ သစိတ္တပရိယောဒနံ= မိမိစိတ်ရင်း ပွတ်သစ်ဝင်းသည့် ခရုသင်းအနေ ဖြူစင်စေရခြင်းလည်းကောင်း၊ ဧတံ= အကုသိုလ်ကင်း ကုသိုလ်လင်း၍ စိတ်ရင်းဖြူစင်း ဤသုံးခင်းသည်၊ ဗုဒ္ဓါနံ= ဂင်္ဂါသဲတူ ပွင့်တော်မူသည့် ဆူဆူထွဋ်ဌထား မြတ်ဘုရားကြီးတို့၏၊ သာသနံ= လိုရင်းထုံးပြ နှုံးအရဖြင့် သုံးကြပစေ ဆုံးမတော်မူချက်ကြီး ဖြစ်ပါပေ သတည်း။

ကဲ ကဲ စောင့်ထိန်းလိုက်နာသူမှန်သမျှ အပါယ်ဘေးမှ လွတ်စေ နိုင်သော အဆုံးအမတရားကို ဩဝါဒပါတိမောက်လို့ ခေါ်ပါတယ်။ အဲဒီ ဩဝါဒပါတိမောက် တရားကား (၁၃)ပါးရှိပါတယ်။ (၁၃)ပါး လင်္ကာကို ရွတ်ဖတ်ပြီး တရားနိဂုံးချုပ်ပါမယ်။

http://www.dhammadownload.com



## ဩဝါဒ (၁၃)ချက်

၁။ ခန္တီတရား လက်ကိုင်ထား ကြိုးစားကျင့်သုံးပါ။

၂။ နိဗ္ဗာန်တရား အမြတ်ထား ကျင့်အားသန်ကြရာ။

၃၊ ၄။ သက်သတ်ညှင်းပန်း မပြုတမ်း ရဟန်းပီသရာ။

၅။ အကုသိုလ်မှု အစုစု မပြုရှောင်ကြဉ်ပါ။

၆။ ကုသိုလ်တရား အစဉ်ပွား ကြိုးစားအားထုတ်ပါ။

၇။ နီဝရဏကင်း ကိုယ့်စိတ်ရင်း သန့်ရှင်းစေကြရာ။

၈။ နှုတ်ဖြင့်စွပ်စွဲ မပြုပဲ အမြဲရှောင်ကြဉ်ပါ။

၉။ ကိုယ်ဖြင့်သတ်ညှင်း မပြုလျှင်း အရှင်းရှောင်ကြဉ်ပါ။

၁၀။ ကိုယ်ကျင့်သီလ စောင့်ထိန်းကြ ပြည့်ဝကြစေရာ။

၁၁။ အစာအာဟာရ သုံးဆောင်က သိကြတိုင်းအတာ။

၁၂။ ဆိတ်ငြိမ်တောတောင် သခ်မ်းချောင် ပျော်အောင် နေထိုင်ပါ။

၁၃။ ချာန်မဂ်ဖိုလ်ဟု ကဲမိုစိတ်မြတ် ဦးထိပ်ညွတ် ကျင့်ဝတ်မြဲစေပါ။

သာဓု - သာဓု - သာဓု

➤➤➤➤➤

http://www.dhammadownload.com



**ကိလေသာ**

ယနေ့ သာသနာနှစ် ၂၅၅၀ ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခု၊ တပို့တွဲလပြည့်ကျော် (၂)ရက်နေ့။

လယ်တီဝိပဿနာ (၇)ရက်စခန်း အားထုတ်နေကြတဲ့ ယောဂီသူတော်စင်များအား မိမိတို့ အားထုတ်တဲ့တရားတော်နဲ့ ပတ်သက်ပြီးတော့ အားပေးစကား ပြောကြားပါမယ်။

သတ္တဝါတို့သန္တာန်မှာ **"လွန်ကျူးဆူပွက် မျိုးမပျက် သုံးချက်ကိလေသာ"**။ အခိုက်အတန့်အားဖြင့် ကိလေသာ (၃)မျိုး၊ အမျိုးအစားအားဖြင့် ပူပန်ညစ်ကျု နှိပ်စက်မှု(၁၀)ခု ကိလေသာဆိုတဲ့အတိုင်း ကိလေသာ (၁၀)ပါးရှိတယ်။ ကိလေသာ (၁၅၀၀) ရှိတယ်။

ကာယကံ, ဝစီကံ လွန်ကျူးမှုမြောက်တဲ့ ကိလေသာ (ဝီတိက္ကမ) က တစ်မျိုး၊

ကာယကံ, ဝစီကံ လွန်ကျူးမှုတော့ မဖြစ်ဘူး၊ စိတ်ထဲမှာ ဆူပွက်နေတဲ့ (ပရိယုဋ္ဌာန) ကိလေသာကတစ်မျိုး၊

နောက်တစ်မျိုးကတော့ အရက်အိုးကို သွန်လိုက်တဲ့အခါမှာ အရက်တော့မရှိတော့ဘူး။ အရက်နံ့စွဲကျန်နေခဲ့သလို မျိုးမပျက်တဲ့ (အနုသယ) ကိလေသာကတစ်မျိုး၊

အဲဒီ ကိလေသာတို့မှ လွန်မြောက်မှုကြောင့် ရရှိတဲ့ချမ်းသာဟာ သာသနာတော်ရဲ့ ပန်းတိုင်ပါပဲ။ သာသနာတော်ရဲ့ ပန်းတိုင်ရောက်ဖို့ရန် ကာယကံ, ဝစီကံ လွန်ကျူးခြင်းဆိုတဲ့ ကိလေသာကိုတော့ သီလနဲ့ ပယ်သတ်နိုင်ပါတယ်။ ဆူပွက်တဲ့ ကိလေသာကိုတော့ သမာဓိနဲ့ ပယ်သတ်နိုင်တယ်။ မျိုးမပျက် ကျန်နေတဲ့ ကိလေသာကိုတော့ ဝိပဿနာပညာ အဆင့်ဆင့်ဖြင့် တဒင်္ဂအားဖြင့် ပယ်သတ်ပြီး

http://www.dhammadownload.com



မဂ်ပညာနဲ့မှ အပြီးသတ် ပယ်သတ်နိုင်ပါတယ်။

သီလကတော့ (၅)ပါး၊ (၈)ပါး သီလ စသည်ရှိကြပါတယ်။ ဒီတရားစခန်းမှာ (၈)ပါးသီလ စောင့်ထိန်းပြီးနေကြတော့ ကာယကံမြောက်၊ ဝစီကံမြောက် လွန်ကျူးတဲ့ ကိလေသာတွေ မဖြစ်နိုင်ပါဘူး။

ဆူပွက်တဲ့ကိလေသာ၊ တစ်နည်းအားဖြင့် စိတ်နဲ့ပတ်သက်ပြီး ဖြစ်ပွားနေတဲ့ ကိလေသာ၊ အဲဒီ ကိလေသာကို ပယ်သတ်ဖို့ရာ သမထ ကမ္မဋ္ဌာန်းပေါင်း (၄၀) မြတ်စွာဘုရား ဟောခဲ့ပါတယ်။

အဲဒီ (၄၀)ကို ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ် (၃)ပါးနဲ့ ကြည့်တဲ့အခါ-

**"ပရိကမ္မ ဥဂ္ဂဟနှင့် ပဋိဘာဂါ ဤသုံးဖြာ စဉ်လာနိမိတ်တည်း"**

**"လေးဆယ်လုံးမှာ ရှေ့နှစ်ဖြာ မကွာရသတည်း"**။

ကမ္မဋ္ဌာန်း (၄၀)လုံးမှာ ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ် ရနိုင်ပါတယ်။

**"ကသိုဏ်းသုဘာ ကာ အာ နာ ထင် လာ ပဋိဘာဂတည်း"** ဆိုတဲ့အတိုင်း ကသိုဏ်း (၁၀)၊ အသုဘ (၁၀)၊ ကာယဂတာသတိ၊ အာနာပါန၊ အဲဒါတွေကျတော့ ပဋိဘာဂနိမိတ် တစ်မျိုးထဲ ထင်ပါတယ်။

ပဋိဘာဂနိမိတ်ထင်တာ (၂၂)မျိုး၊ အဲဒီတော့ ကျန်တဲ့ ကမ္မဋ္ဌာန်း (၁၈)မျိုးက ပဋိဘာဂနိမိတ် မရဘူး။

ပရိကမ္မနိမိတ်ဆိုတာ စက္ခုဒွါရမှာ ထင်တဲ့နိမိတ်မျိုးပါပဲ။ ဥဂ္ဂဟနိမိတ်ဆိုတာ မနောဒွါရမှာ ထင်တဲ့နိမိတ်၊ ပဋိဘာဂနိမိတ် ဆိုတာကတော့ မနောဒွါရမှာ ထင်သကဲ့သို့ပဲ ကြည်ကြည်လင်လင် ထင်ပေါ်လာတဲ့ နိမိတ်မျိုး။

http://www.dhammadownload.com



**"ပဋိဘာဂ ထင်လာက နီဝရဏကွာ"** ဆိုတဲ့အတိုင်း ပဋိဘာဂ ထင်လာရင် နီဝရဏကွာပါတယ်။

**"နီဝရဏ ကွာတုံက ဥပစာရသာ"** ဆိုတဲ့စကားအတိုင်း နီဝရဏကွာရင် ဥပစာရသမာဓိရတယ်။

**"ထို့နောက်ဖန်ဖန် ပွားတုံပြန်ပ- ဈာန်အပ္ပနာ"**

ဒီနောက် အဖန်ဖန်အထပ်ထပ် ပွားလို့ရှိရင် အပ္ပနာသမာဓိ၊ ပထမဈာန်ရတယ်လို့ ခေါ်ကြရတယ်။

ယောဂီများ ကြိုးစားနေကြတာက ပဋိဘာဂနိမိတ်ရအောင် ကြိုးစားနေကြတာ၊ တစ်နည်းအားဖြင့် နီဝရဏခေါ်တဲ့ စိတ်အညစ်အကြေးကွာအောင် ကြိုးစားနေကြတာ။

ပဋိဘာဂနိမိတ် ထင်တာနဲ့ နီဝရဏကွာ၊ နီဝရဏကွာတာနဲ့ ဥပစာရဈာန် ရတယ်။ ဒီ (၃)မျိုးကတော့ တစ်ပြိုင်နက်ပဲ ဖြစ်ပါတယ်။

နီဝရဏဆိုတာ အပိတ်အပင် အတားအဆီးပါပဲ။ နီဝရဏ အပိတ်အပင် အဆီးအတား တရားတွေဟာ မဖြစ်ပေါ်သေးတဲ့ ပညာကိုလဲ မဖြစ်ပေါ်စေပါဘူး၊ ပိတ်ပင်တားဆီးပါတယ်။

ဖြစ်ပြီးသားပညာကိုလဲ အားနည်းစေပါတယ်။ သူ့ရဲ့ အစွမ်းသတ္တိက မဖြစ်ပေါ်သေးတဲ့ ဝိပဿနာဉာဏ်ကို မဖြစ်အောင်၊ တားဆီးပြီး ဖြစ်ပြီးသား ဝိပဿနာဉာဏ်ကိုလဲ အားနည်းအောင် ပြုတတ်ပါတယ်။

**သင်္ဂါရဝပုဏ္ဏား**

ဒါကြောင့် နီဝရဏနဲ့ ပတ်သက်ပြီးတော့ ဟောကြားတော်မူတဲ့ ဒေသနာတော်တွေ များစွာရှိတယ်။ ဒီနေ့ည သင်္ဂါရဝသုတ္တန်

http://www.dhammadownload.com



ဒေသနာတော်ကို ဆက်ပြီး ဟောဖို့ရှိပါတယ်။

တစ်ခါတုန်းက သင်္ဂါရဝပုဏ္ဏားမြတ်စွာဘုရားထံ ရောက်လာတယ်။ ရောက်လာပြီး မြတ်စွာဘုရားနဲ့ နှုတ်ဆက်စကား ပြောကြားပြီး ဘာလျှောက်သလဲဆိုတော့၊

**ကောနုခေါ ဘောဂေါတမ ဟေတု၊ ကော ပစ္စယော၊**

**ယေနဒီဃရတ္တံ သဇ္ဈာယကတာပိ မန္တာ၊ နပဋိဘန္တိ။**

**ပဂေဝ အသဇ္ဈာယကတာ။**

အရှင်ဘုရား တစ်ခါတစ်ရံ ကြာမြင့်စွာ ထုံထားကျက်ထား သရဇ္ဈာယ်ထားတဲ့ မန္တန်တွေဟာလဲ ဉာဏ်မှာမထင်ပါဘူးဘုရား။ မသရဇ္ဈာယ်ပဲနဲ့ ရအောင်မကျက်ပဲနဲ့ထားတဲ့ မန္တာန်တွေကတော့ ဘယ်ဆိုဖွယ်ရှိမလဲ ဘုရား။

အဓိကကတော့ ဘာလျှောက်ချင်သလဲဆို ကြာမြင့်စွာ သင်အံလေ့ကျင့်ထားတဲ့ မန္တာန်တွေဟာ စိတ်ထဲမှာ မထင်ပါဘူး။ အဲဒါ ဘာကြောင့်ပါလဲဘုရား။ အကြောင်းရင်းက ဘာကြောင့်ပါလဲ ဘုရား။ အထောက်အပံ့ဖြစ်တဲ့အကြောင်းက ဘာပါလဲဘုရား။

ရဟန်းဂေါတမ ကြာမြင့်စွာ မသရဇ္ဈာယ်ပဲနဲ့ထားတဲ့ မန္တာန်တွေပင် ဉာဏ်မှာထင်ပါတယ်။ သရဇ္ဈာယ်ထားတာတွေ ရထားတာတွေတော့ ပြောစရာမရှိဘူး။

**ကောနုခေါ ဘောဂေါတမ ဟေတုကောပစ္စယော၊**

**ယေနကဒါစိ ဒီဃရတ္တံ အသဇ္ဈာယကတာပိ ပဋိဘန္တိ၊**

**ပဂေဝ သဇ္ဈာယကတာ။**

တစ်ခါတစ်ရံကျတော့ မသရဇ္ဈာယ်ပဲထားတဲ့ မန္တာန်တွေပင် ဉာဏ်မှာ ထင်လာပါတယ်။ ကျက်အံထားတာတွေတော့ မပြောပါနဲ့။

http://www.dhammadownload.com



သရုဏ္ဍာယ်ထားတဲ့ မန္တာန်တွေကတော့ မပြောပါနဲ့ဘုရား။

ဆိုလိုတာက-

**ပထမ**- ဉာဏ်မကောင်းခြင်းရဲ့ အခြေခံအကြောင်းတွေက ဘာတွေပါလဲဘုရား။

**ဒုတိယ**- ဉာဏ်ကောင်းခြင်းရဲ့ အခြေခံအကြောင်းတွေက ဘာတွေပါလဲ ဘုရားလို့ ဒီလိုမေးချင်တာပါပဲ။

အဲဒီလို မေးတဲ့အခါ မြတ်စွာဘုရားက-

**ယသ္မိံ ဗြာဟ္မဏသမယေ ကာမရာဂ ပရိယုဋ္ဌိတေန စေတသာ ဝိဟရတိ၊ ကာမရာဂ ပရေတေန။**

သင်္ဂါရဝ ပုဏ္ဏား ငါဘုရား အဖြေစကား ပြောမယ်။

အာရုံငါးပါးအပေါ်မှာ တပ်မက်တဲ့၊ လိုလားတဲ့စိတ်က ပြောင်းဆန်နေမယ်ဆိုရင်၊ တစ်နည်းအားဖြင့် အာရုံငါးပါးကို လိုလားတဲ့ ရာဂက နှိပ်စက်နေမယ်ဆိုရင် အကြာကြီးက ကျက်ထားတဲ့၊ အကြာကြီးက သရုဏ္ဍာယ်ထားတဲ့ မန္တာန်တွေ ဉာဏ်မှာမထင်နိုင်ဘူး။

**ဥပ္ပန္နဿစ ကာမရာဂဿ နိဿရဏံ ယထာဘူတံ နပဇာနာတိ။**

ဖြစ်ပေါ်ပြီးတော့နေတဲ့ အာရုံငါးပါးအပေါ်မှာ တပ်မက်တဲ့ ရာဂရဲ့အပေါ်မှာ ဟုတ်တိုင်းမှန်စွာ မသိဘူး။

ဖြစ်ပေါ်နေတဲ့ အာရုံငါးပါးကို တပ်မက်တဲ့ရာဂမှ ထွက်မြောက်မှုကို မရရှိဘူး၊ မသိဘူး။ အဲဒီ အချိန်အခါမှာဆိုရင်-

**တသ္မိံ ဗြာဟ္မဏသမယေ အတ္တတ္ထမ္ပိ ယထာဘူတံ နပဇာနာတိ။ (ပ)။**

http://www.dhammadownload.com



အဲဒီအချိန်အခါမှာ မိမိအကျိုးလဲမသိဘူး။ သူတစ်ပါးအကျိုးလဲ မသိဘူး။ မိမိသူတစ်ပါး နှစ်ဦးသားတို့ရဲ့ အကျိုးတရားကိုလဲ မသိမမြင်နိုင်ဘူး။

ဆိုလိုတာက နီဝရဏတရား ငါးပါးထဲမှာ ကာမစ္ဆန္ဒနီဝရဏ အာရုံငါးပါး ကာမတရားတွေကို လိုလားနေတဲ့စိတ်က ပြင်းပြနေမယ် ဆိုရင်၊ တစ်နည်းအားဖြင့် ဒီစိတ်ဆန္ဒရဲ့ ထွက်မြောက်မှုကို မရရှိဘူး ဆိုရင် ကိုယ့်အကျိုးစီးပွားလဲ မရနိုင်၊ မသိနိုင်ပါဘူး။

**အရဟတ္တ သဒ္ဓါတော အတ္ထော။**

ဆိုတဲ့အတိုင်း အတ္တတ္ထ= အကျိုးစီးပွားဆိုတဲ့နေရာမှာ အရဟတ္တဖိုလ်ဆိုတဲ့ အကျိုးစီးပွားကို မမြင်နိုင်ဘူး။ အမြင့်ဆုံး အကျိုးစီးပွားပါ။

သူတစ်ပါးတို့ရဲ့ အကျိုးစီးပွားကို မသိမမြင်နိုင်ဘူးဆိုတာက ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါး ဒကာ ဒကာမများရဲ့ အကျိုးစီးပွားလဲ မသိမမြင်နိုင်ပါဘူး။

မိမိသူတစ်ပါး နှစ်ဦးသားတို့ရဲ့ အကျိုးစီးပွားကိုလဲ မသိမမြင် နိုင်ပါဘူးလို့ ကာမစ္ဆန္ဒကို မှီပြီးတော့ ဟောပါတယ်။

ဥပမာအားဖြင့် ပြောမယ်ဆိုရင်တော့ ရေခွက်ကလေးတစ်ခု ရေအပြည့်ထည့်ထားတယ်။ အဲဒီမှာ ချိပ်ရေလောင်းထားမယ်။ နနွင်း စသည်နဲ့ ပြည့်နေမယ်ဆိုရင် မိမိမျက်နှာရိပ်ကလေးကို ကြည့်တဲ့အခါမှာ ဘယ်လိုမှ မမြင်နိုင်ဘူး။

အဲဒီလိုပဲ ကာမစ္ဆန္ဒ အရောင်အသွေးရှိနေရင် တရားမမြင် နိုင်ဘူး၊ ဒီလို ပြောချင်တာပါပဲ။ စောစောကပြောတဲ့ ရေခွက်ကလေးထဲ နနွင်းတို့ ချိပ်တို့ဖယ်၊ နောက်ထပ် ရေအပြည့်ထည့်။ အဲဒီ ရေခွက်

http://www.dhammadownload.com



ကလေးထဲ ရေကြည်နေတဲ့အခါ မျက်နှာကြည့်လိုက်ရင် မြင်နိုင်သိနိုင်သလိုပဲ။

ကာမစ္ဆန္ဒ အာရုံငါးပါးကို လိုလားတဲ့ဆန္ဒ၊ ဒီကာမစ္ဆန္ဒကို ဖယ်နိုင်တယ်လို့ ဆိုရင် တရားမြင်နိုင်တယ်။ ဝိပဿနာ တက်လို့ရတယ်။

မပယ်နိုင်ဘူးဆိုရင်တော့ ရောင်စုံချယ်ထားတဲ့ ရေခွက်ထဲ မိမိမျက်နှာရိပ်ကြည့်လို့ မမြင်သလိုပါပဲ၊ တရားမမြင်နိုင်ဘူး။

ဗျာပါဒနီဝရဏဆိုတာ မိမိစိတ်ကလေး ဒေါသလွှမ်းပြီးတော့ ထမင်းသိုးများ၊ မုန့်သိုးများလိုပဲ စိတ်ဟာ ပုပ်သိုးပြီး ဖောက်ပြန်ပြီးနေတယ်။ အဲဒါ ဗျာပါဒလွှမ်းမိုးတဲ့စိတ်။

သူတစ်ပါးကို သေစေချင်တယ်။ သူတစ်ပါးဒုက္ခရောက်စေချင်တယ်။ အဲလို ဗျာပါဒစိတ်လွှမ်းနေရင်လဲ စောစောကပြောသလို မိမိအကျိုးစီးပွား၊ သူတစ်ပါးအကျိုးစီးပွား၊ မိမိသူတစ်ပါး နှစ်ဦးသားတို့ရဲ့ အကျိုးစီးပွား မမြင်နိုင်ဘူး။

ဥပမာအားဖြင့် ရေခွက်ထဲက ရေ၊ မီးနဲ့ကျိုချက်လိုက်တဲ့အခါ ဆူပွက်ပြီးတော့ လာတယ်။ ပွက်ပွက်ဆူနေတယ်။

ပွက်ပွက်ဆူနေတဲ့ ရေထဲမှာ မိမိရဲ့မျက်နှာရိပ်ကို ကြည့်တဲ့အခါ ဘယ်လိုမှမမြင်နိုင်ဘူး။ ရေက ပွက်ပွက်ဆူနေလို့ပါ။

အဲဒီလိုပဲ ဗျာပါဒစိတ်လွှမ်းမိုးနေတဲ့အခါ တရားမမြင်နိုင်ဘူး။ အဲဒီတော့ ဗျာပါဒပျောက်အောင် ကုသပြီးတဲ့အခါကျမှ ဖြေရှင်းပြီးတဲ့အခါကျမှ သမထကမ္မဋ္ဌာန်းတစ်ခုခု အားထုတ်ပြီးတဲ့အခါမှ ရေခွက်ထဲကရေ မပွက်မဆူအောင် ပြုပြီး၊ မိမိမျက်နှာရိပ်ကို ကြည့်တဲ့အခါ ကောင်းကောင်းမြင်ရသလိုပဲ။ ဗျာပါဒကင်းမှ တရားရှုလို့ တရား

http://www.dhammadownload.com



မြင်နိုင်တယ်။ ဗျာပါဒနီဝရဏ အဆီးအတားရှိနေရင် တရား မမြင်နိုင်ဘူး။

ထိန မိဒ္ဓ နီဝရဏ- ထိုင်းမှိုင်းတဲ့ ထိန မိဒ္ဓ လွှမ်းမိုးနေမယ် ဆိုရင်လဲ တရားမမြင်နိုင်ဘူး။

ဥပမာအားဖြင့် ရေခွက်ထဲရေ မှော်တွေလွှမ်းနေမယ်ဆိုရင် မျက်နှာရိပ်ကို ကြည့်တဲ့အခါ မမြင်ဘူး။

အဲဒီမှော်တွေ ဖယ်လိုက်ရင်တော့ မျက်နှာရိပ်ကို မြင်နိုင်တယ်။ အဲလိုပဲ ထိုင်းမှိုင်းမှု ထိန မိဒ္ဓတရားဆိုး၊ နီဝရဏတရားဆိုးကို ရှင်းတဲ့ အနေအားဖြင့် သမထကမ္မဋ္ဌာန်း အားထုတ်နေကြတာပါပဲ။

ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ- စိတ်ပြန့်လွင့်ခြင်း, စိတ်ပူပန်ခြင်း ဆိုတဲ့ နီဝရဏ၊ ခုနက ရေခွက်ကလေးနဲ့ ပြောမယ်ဆိုရင် အဲဒီရေဟာ လေကြောင့် တုန်လှုပ်နေမယ်။ တုန်လှုပ်တယ်၊ မငြိမ်ဘူး၊ လှိုင်းထ နေမယ်။

ရေအင်တုံထဲမှာရှိတဲ့ရေ လှိုင်းထပြီးတော့နေမယ်ဆိုရင် မျက်နှာရိပ် မျက်နှာကဲ အကဲခတ်ဖို့ ခက်တယ်။

အဲဒီရေကို လှိုင်းမထအောင် ငြိမ်အောင် တစ်ခုခုထဲထည့်ပြီး ငြိမ်အောင် လုပ်နိုင်မယ်ဆိုရင် မိမိရဲ့ မျက်နှာရိပ်ကြည့်လိုက်ရင် ကြည်ကြည်လင်လင် မြင်နိုင်တယ်။

အဲဒီလိုပဲ ဥဒ္ဓစ္စခေါ်တဲ့ စိတ်ပြန့်လွင့်ခြင်း၊ ကုက္ကုစ္စခေါ်တဲ့ နောင်တတစ်ဖန် ပူပန်ခြင်းတို့ကိုလဲ ပ,ပျောက်အောင် ဖြေရှင်းပြီးတော့မှ ကြည့်လိုက်တဲ့အခါ တရားမြင်နိုင်တယ်။

ဝိစိကိစ္ဆာ နီဝရဏ- ဘုရား, တရား, သံဃာအပေါ်မှာ သို့လော သို့လော သံသယစိတ်၊ ယုံမှားတဲ့စိတ် ဖြစ်နေတာ။

http://www.dhammadownload.com



သို့လောသို့လော တွေးတောမရှင်း ယုံမှားခြင်းတွေ ဖြစ်နေတာ။ အဲဒါကျတော့ ဥပမာဘယ်လိုပေးတော်မူသလဲဆိုရင် ရေခွက်ကလေးထဲက ရေက နွံ့ညွှန်ရေ ဖြစ်နေတယ်။ အမိုက်မှောင်ထဲမှာ ချထားတဲ့ရေခွက်ထဲက ရေမှာ မျက်နှာရိပ်ကြည့်တဲ့အခါ ဘယ်မြင်ရမလဲ။

အဲဒီလိုပဲ ဝိစိကိစ္ဆာ နီဝရဏ လွှမ်းနေရင် ရုပ်ဓမ္မ နာမ်ဓမ္မကို ကြည့်ရင် မမြင်နိုင်ဘူး။

နွံ့ညွှန်ဖြစ်နေတဲ့ရေ၊ အမိုက်မှောင်မှာထားတဲ့ ရေခွက်ကို လင်းတဲ့နေရာယူပြီး မျက်နှာရိပ်ကြည့်လိုက်တဲ့အခါ မျက်နှာကို ကျကျနန မြင်နိုင်တယ်။ ရေမှန်ကြည့်တဲ့ သဘောပါပဲ။

ဒါကြောင့် "ရောင်စုံဆူပွက် မှော်လွှမ်းလျှက် လှိုင်းတက်နွံ့ညွှန်နှယ်"

| | | |
|---|---|---|
| ရောင်စုံဆိုးထားတဲ့ရေ | = | ကာမစ္ဆန္ဒ |
| ဆူပွက်နေတဲ့ရေ | = | ဗျာပါဒ |
| မှော်လွှမ်းနေတဲ့ရေ | = | ထိနမိဒ္ဓ |
| လှိုင်းထနေတဲ့ရေ | = | ဥဒ္ဓစ္စ ကုက္ကုစ္စ |
| နွံ့ညွှန်ဖြစ်နေတဲ့ရေ | = | ဝိစိကိစ္ဆာ |

**နီဝရဏ တားဆီးကြ စိတ်ကမစင်ကြယ်**

အဲဒီလို နီဝရဏတရားတွေ တားဆီးနေတဲ့အခါကျတော့ စိတ်က မစင်ကြယ်ဘူး။

**"စိတ်မစင်ကြယ်က မြတ်ဓမ္မ မြင်ရခက်လှတယ်"**

စိတ်မစင်ကြယ်ရင် ရုပ်တရား နာမ်တရားတွေကို မမြင်နိုင်ဘူး။ ဒါကြောင့် အခုယောဂီသူတော်စင်များ အားထုတ်နေတာဟာ

http://www.dhammadownload.com



စိတ်စင်ကြယ်အောင်လို့ပါပဲ။ စိတ်စင်ကြယ်တယ်ဆိုတဲ့ သမထ အပိုင်းမှာ နီဝရဏတွေက တားဆီးထားမယ်ဆိုရင် စိတ်က မစင်ကြယ်ဘူး။ စိတ်မစင်ကြယ်နိုင်သေးဘူး။

စိတ်စင်ကြယ်အောင် အခုကြိုးစားကြရတယ်။

**"နီဝရဏ တားဆီးကြ စိတ်က မစင်ကြယ်"**

နီဝရဏတရားတွေကို ဖယ်ရှားပြီး ကြိုးစားဖို့အရေးကြီးတယ်။ စိတ်စင်ကြယ်မှ ရုပ်တရား နာမ်တရားတွေကို ခွဲခွဲခြမ်းခြမ်း သိနိုင်ပါတယ်။

ဝိပဿနာပိုင်း ရောက်တဲ့အခါလဲ သမထကို ပြန်ပြန်ပြီး အားထုတ်နေကြရပါတယ်။

**သရဏဂုံမှုတည်**

သင်္ဂါရဝပုဏ္ဏားကို မြတ်စွာဘုရားက အရဟတ္တဖိုလ် အထွဋ်မှု ပြုပြီး ဟောတာပါပဲ။ သင်္ဂါရဝကတော့ သရဏဂုံတည်တဲ့ ဥပါသကာပဲ ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာတော့ ဖြစ်တယ်။ ဗုဒ္ဓဘာသာတရားတွေကို ကျကျနနသိ တရားရှိတဲ့ ပုဂ္ဂိုလ်တော့မဖြစ်သေးဘူး။

တရားတော်ဂုဏ်တော်တွေထဲမှာ **"ဧဟိပဿိကော"**။ ဧဟိ= ဗုဒ္ဓဘာသာအဖြစ် ခံယူပါလော့။ ပဿ= သင်ယူမှတ်သား နာကြား ဆောင်ရွက်အားထုတ်ပါလော့။

ဗုဒ္ဓဘာသာဖြစ်ရုံလေးနဲ့ ကျေနပ်နေလို့ မရဘူး။ ဒုတိယအဆင့် နာယူမှတ်သား သင်၊ အံ၊ ရွတ်၊ ဖတ်၊ ကျင့်ကြံပွားများ အားထုတ် ရပါသေးတယ်။

http://www.dhammadownload.com



ဗုဒ္ဓဘာသာအဖြစ် ခံယူပါ။ ကျင့်ကြံကြိုးကုတ် အားထုတ်ပါ။ ဒီအစီအစဉ် (၂)ခုကို လက်ခံယူလိုက်တဲ့အခါကျတော့ မြတ်စွာဘုရား ဟောကြားတဲ့ သာသနာတော်ဆိုင်ရာ ဧဟိပဿိကဂုဏ် ပြည့်စုံပါ တယ်။

အခုတော့ သင်္ဂါရဝပုဏ္ဏား သရဏဂုံမျှယူပါတယ်။ ဧဟိ ဆိုတဲ့ အပိုဒ်အရ ဗုဒ္ဓဘာသာဖြစ်ပါတယ်။ ပဿ ဆိုတဲ့အပိုဒ်အရ ကျင့်ကြံ ကြိုးကုတ် အားထုတ်တယ်လို့ မတွေ့ရဘူး။ အဲဒီတော့ ပြည့်စုံတဲ့ ဗုဒ္ဓဘာသာ မဖြစ်သေးပါဘူး။

ဒေသနာတွေမှာ ဘုရား တရားနာရသော်လဲ တစ်ချို့ သရဏဂုံ တောင်မတည်ဘူး။ သောဏဒဏ္ဍပုဏ္ဏားကြီးတို့ ဘုရားနဲ့တွေ့ကြတဲ့ အခါ သူသိချင်တဲ့မေးခွန်းတွေ မေး၊ မြတ်စွာဘုရားကလဲ ဖြေ၊ ပြီးတဲ့အခါ သရဏဂုံတောင် မတည်ဘူး။

သောဏဒဏ္ဍပုဏ္ဏားမေးတဲ့ အလွန်ရှည်တဲ့ မေးခွန်းတွေကို ဘာကြောင့် လက်ခံဖြေသလဲဆိုရင် "အာယတိံ ဝါသနာယ" နောင်အခါ ဝါသနာဘာဂီ ဆက်တိုင်းမှီပါစေတော့ဆိုပြီး မြတ်စွာဘုရား ဖြေခဲ့ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားက အထုံဝါသနာပါမည့် ပုဂ္ဂိုလ်တွေ အားလဲ ဟောတယ်။ သရဏဂုံမျှ တည်မည့်ပုဂ္ဂိုလ်တွေအားလဲ တရား ဟောတယ်။

ငါးပါးသီလမျှ တည်မည့်ပုဂ္ဂိုလ်အားလဲ တရားဟောတယ်။ သမထဝိပဿနာကျင့်ကြံမည့် ပုဂ္ဂိုလ်တွေအားလဲ တရားဟောတယ်။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရမည့် ပုဂ္ဂိုလ်တွေအားလဲ တရားဟောတယ်။

http://www.dhammadownload.com



မြတ်စွာဘုရားက မဟာကရုဏာတော်ကြီးဖြင့် ကြိုးစားမင်းစား တရားဟောတယ်။

တစ်နေ့ကဟောတဲ့ တရားအတိုင်း မြတ်ဘုရားတို့သည် ခြင်္သေ့မင်းကြီးများနဲ့ တူတယ်။ ခန္ဓာကိုယ်ကြီးတဲ့ သတ္တဝါကြီးတွေကို ဖမ်းမယ်ဆိုရင်လဲ ဝီရိယကအားကုန်၊ ယုန်သူငယ်တို့ကို ဖမ်းတဲ့အခါမှာ ခြင်္သေ့မင်းကြီးဟာ အားကုန်ဖမ်းတယ်။

မြတ်စွာဘုရားက ပရိသတ်အများအား ဟောတဲ့အခါလဲ ကြိုးစားမင်းစား ဟောတော်မူတယ်။ ဓမ္မဂရုတရားအပေါ် မှာ အလေးအမြတ် ထားတော်မူတယ်။ တစ်ဦးတစ်ယောက်ထဲအား ဟောရင်လဲ ဒီအတိုင်းပဲ ဟောတာပါပဲ။

ယောဂီတို့ မိမိစိတ်ကလေးကို စင်ကြယ်ဖို့ အားထုတ်ကြသဖြင့် နီဝရဏတရားတွေ ကင်း၍ ဝိပဿနာဉာဏ်ဖြင့် ရုပ်နာမ်တရားတွေကို ထင်ထင်လင်းလင်း မြင်ကြပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို လျှင်မြန်စွာ ရရှိအောင် ကြိုးစားအားထုတ်နိုင်ကြပါစေသောဟု တိုက်တွန်းရင်း တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**ဘယ ဒုက္ခ ရောဂါစသည်**

ယနေ့ သာသနာနှစ် ၂၅၅၀ ပြည့်၊ ၁၃၆၈ ခုနှစ် တပို့တွဲလပြည့်ကျော် (၃)ရက်နေ့။

ယောဂီသူတော်စင်များ သမထတရားအားထုတ်နေကြတယ်။ သမထဆိုတာ နီဝရဏတရားတွေ ကင်းအောင် စင်အောင် အားထုတ်တာပါ။

နီဝရဏတရားဆိုတာ အပိတ်ပင်အတားအဆီးတရားတွေပါ။ အနှောင့်အယှက်တရားဆိုး တရားပျက်တွေပါပဲ။

ကာမစ္ဆန္ဒမှာ အဆင်းမျိုးစုံ၊ အသံမျိုးစုံ၊ အနံ့မျိုးစုံ၊ အရသာမျိုးစုံ၊ အတွေ့အထိမျိုးစုံ၊ အဲဒီ အာရုံငါးပါးကို ကာမ၊ အဲဒီ ကာမအပေါ် မှာ တပ်မက်မှုဆန္ဒကို ကာမစ္ဆန္ဒ ခေါ်တာပါ။

သတ္တဝါများ အာရုံငါးပါးအပေါ် မှာ တပ်မက်မှု၊ တွယ်တာမှု ခေါ်တဲ့ နီဝရဏ၊ ဒီနီဝရဏ အပါအဝင် နီဝရဏများ ဝေးကွာအောင် အားထုတ်နေကြတာ။

မြတ်စွာဘုရား မာရ်မင်းရဲ့စစ်သည်ကို အောင်မြင်တော်မူခဲ့တယ်။ မာရ်မင်းရဲ့ စစ်သည်က (၁၀)မျိုးရှိတယ်။

**ကာမာ တေ ပဌမာ သေနာ။**

ကာမာ= အာရုံငါးပါး ကာမဂုဏ်တရားတို့သည်၊ တေ= သင်၏၊ ပဌမာသေနာ= ပဌမဆုံးဖြစ်တဲ့ စစ်သည်တို့ပါပဲ။

ပဌမဆုံး မာရ်မင်းရဲ့စစ်တပ်က အာရုံငါးပါး ကာမဂုဏ်တရားတွေပါပဲ။

အဲဒီ ကာမတွေကို မြတ်စွာဘုရားက **"ဘယန္တိ ဘိက္ခဝေ ကာမာန မေတံ အဓိဝစနံ"** ကာမရဲ့ အမည်ဆိုးတွေ။

http://www.dhammadownload.com



ဘေးဘယဆိုတဲ့ အမည်ဟာ အခြားမဟုတ်ဘူးတဲ့။ အာရုံငါးပါး ကာမတရားတို့ရဲ့ အမည်ပါပဲ။

ဘယဆိုတဲ့နေရာမှာ စိတ္တုတြာသဘော၊ စိတ်ရဲ့တဖြတ်ဖြတ်ထိတ်လန့်ခြင်း ဘေးဆိုတာ ကာမတရားတို့ပါပဲ။

**"ကသ္မာစ ဘိက္ခဝေ ဘယံ ကာမာန မေတံ အဓိဝစနံ"** ရဟန်းတို့ အဘယ်ကြောင့် ဘေးဆိုတာ ကာမတရားတို့ရဲ့ အမည်လဲလို့ မြတ်စွာဘုရားကိုယ်တိုင် မေးခွန်းထုတ်ပါတယ်။

**ကာမရာဂရတ္တာယံ ဘိက္ခဝေ ဆန္ဒရာဂ ဝိနိဗဒ္ဓေါ။**
**ဒိဋ္ဌဓမ္မိကာဘယာပိ ဘယာနမုစ္စတိ၊**
**သမ္ပရာယိကာပိ ဘယာနမုစ္စတိ။**

(အင်ဘယသုတ်-၂၇၄)

ဘိက္ခဝေ= ရဟန်းတို့၊ ကာမရာဂရတ္တော= အာရုံငါးပါး ကာမဂုဏ်တရား၌ တပ်မက်သော၊ ဆန္ဒရာဂ ဝိနိဗဒ္ဓေါ= ဆန္ဒရာဂ နှောင်ဖွဲ့ခြင်းခံရသော၊ အယံ= ဤပုဂ္ဂိုလ်သည်၊ ဒိဋ္ဌဓမ္မိကာဘယာပိ= မျက်မှောက်ထင်ထင် ရှုမြင်အပ်သောဘဝ၌ တွေ့ကြုံရတဲ့ ဘေးမှလည်း၊ နမုစ္စတိ= မလွတ်နိုင်။ သမ္ပရာယိက ဘယာပိ= နောင်တမလွန်၌ တွေ့ရမည့် ဘေးမှလည်း၊ နမုစ္စတိ= မလွတ်နိုင်၊ တ္တတိတသ္မာ= ထိုကြောင့်၊ ဘယန္တိတေံ= ဘယဟူသော ဤအမည်သည်၊ ကာမာနံ= အာရုံငါးပါး ကာမတရားတို့၏၊ အဓိဝစနံ= အမည်တည်းလို့ ဟောတော်မူသည့် အတိုင်း အာရုံငါးပါး လိုက်စားတပ်မက်သူဟာ အခုရောနောင်ပါ ဘေးကမလွတ်နိုင်ဘူး။

ဒါကြောင့် ဘယ-ဘေးဆိုတာ ကာမ- အာရုံငါးပါးတို့ရဲ့ အမည်ပဲ။

http://www.dhammadownload.com



**"ဒုက္ခန္တိ ဘိက္ခဝေ ကာမာနမေတံ အဓိဝစနံ"**= ဆင်းရဲဆိုတဲ့ အမည်ဟာလဲ အာရုံငါးပါး ကာမဂုဏ်တရားတို့၏ အမည်ပါပဲ။ အာရုံငါးပါး ရှာသူတိုင်းဟာ ဆင်းရဲရှာသူ၊ အာရုံငါးပါး သဘောကျသူ တိုင်းလဲ ဆင်းရဲကြိုက်သူတွေချည်းပဲ။

**"ရောဂေါတိ ဘိက္ခဝေ ကာမာနမေတံ အဓိဝစနံ**= ရောဂါဆိုတဲ့ အမည်ဟာလဲ ကာမဂုဏ်တရားတို့ရဲ့ အမည်ပါပဲ။ ကာမရောဂါ ဝမ်းတွင်းနာကား ကုရာနတ္ထိ ဆေးမရှိဘူး။ မိမိပညာ သတိသာလျှင် မဟာဩသဓ ဆေးမည်စွဲရှင့်"ဟု ရောဂါကုဖို့ သတိပေးထားပါတယ်။

**"ဂဏ္ဍောတိ ဘိက္ခဝေ ကာမာနမေတံ အဓိဝစနံ"**= အိုင်းအမာ ဆိုတဲ့ အမည်ဟာလဲ ကာမတို့ရဲ့ အမည်ပါပဲ။

**"သလ္လန္တိ ဘိက္ခဝေ ကာမာနမေတံ အဓိဝစနံ"**= ကပ်ငြိခြင်း ဆိုတဲ့ အမည်ဟာလဲ ကာမတို့ရဲ့ အမည်ပါပဲ။

**"ပင်္ကောတိ ဘိက္ခဝေ ကာမာနမေတံ အဓိဝစနံ"**= ရွံ့ညွန်ဆိုတဲ့ အမည်ဟာလဲ ကာမတို့ရဲ့ အမည်ပါပဲ။

**သင်္ဂ အမျိုးမျိုးရှိပါတယ်**

- ရာဂသင်္ဂ - ဒေါသသင်္ဂ
- မောဟသင်္ဂ - မာနသင်္ဂ
- ဒိဋ္ဌိသင်္ဂ - ကိလေသသင်္ဂ
- ဒုစရိတသင်္ဂ စသည်တို့ ဖြစ်ပါတယ်။

**ဘယံ ဒုက္ခံ ရောဂေါဂဏ္ဍော၊ သလ္လံပင်္ကောစ ဥဘယံ။**

**ဧတေကာမာ ပဝုစ္စန္တိ၊ ယတ္ထ သတ္တော ပုထုဇ္ဇနော။**

http://www.dhammadownload.com



ယတ္ထ= အကြင်ကာမတို့၌၊ ပုထုဇ္ဇနော= ပုထုဇဉ်သည်၊ သတ္တော= ကပ်ငြိတတ်၏။ ဧတေ= ထိုတရားတို့ကို၊ ကာမာ= ကာမတို့ ဟူ၍၊ ပဝုစ္စန္တိ= ဆိုအပ်ကုန်၏။ ကာမတို့ကို ဘယ= ဘေး ဆင်းရဲတဲ့ဒုက္ခ၊ ရောဂ= အနာရောဂါ၊ ဂဏ္ဍ= အိုင်းအမာ၊ သင်္ဂ= ကပ်ငြိတတ်တဲ့တရား၊ ပင်္က= ရွှံ့ညွန်တရားတွေလို့ ခေါ်ဆိုပါ။

**ဥပ္ပါဒါနေ ဘယံဒိသွာ၊ ဇာတိ မရဏ သမ္ဘဝေ။**

**အနုပါဒါ ဝိမုစ္စန္တိ၊ ဇာတိ မရဏ သင်္ခယေ။**

ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ရဲ့ အကြောင်း ဖြစ်တဲ့ ဥပါဒါန်လေးပါးအပေါ်မှာ ကြောက်စရာလို့ မြင်ကြပါကုန်လော့။ ကြောက်ဖွယ် လန့်ဖွယ်လို့ မြင်ဖို့ တရားအားထုတ်တာ အထူးသဖြင့် ဒိဋ္ဌုပါဒါန်ပျောက်အောင် အားထုတ်နေကြတာ။ ဥပါဒါန်လေးပါးလုံး အပေါ်မှာ ဘေးလို့မြင်ကြ။ အဲဒီလို ဘေးလို့မြင်ကြတဲ့အခါ၊ ဇာတိမရဏ သင်္ခယေ= ပဋိသန္ဓေနေခြင်း, သေခြင်းတို့ကုန်ရာ ဖြစ်သောနိဗ္ဗာန်၌၊ အနုပါဒါ= စွဲလန်းခြင်းမရှိကြကုန်သည်ဖြစ်၍၊ ဝိမုစ္စန္တိ= လွန်မြောက်ကြ လေကုန်၏။

အရိယာသူတော်ကောင်းကြီးတွေ အထူးသဖြင့် အာသဝေါ ကင်းကွာ ရဟန္တာအရှင်မြတ်ကြီးတွေ ဥပါဒါန်တို့၏ကင်းရာ ပဋိသန္ဓေ နေခြင်း သေခြင်းတို့၏ ကုန်ရာဖြစ်တဲ့ နိဗ္ဗာန်မှာ စွဲလန်းမှု မရှိပဲ ကိလေသာတို့မှ လွတ်မြောက်တော်မူကြတယ်။

**တေ ခေမပတ္တာ သုခိနော၊ ဒိဋ္ဌဓမ္မာ ဘိနိဗ္ဗုတာ။**

**သဗ္ဗဝေရဘယာတီတာ၊ သဗ္ဗဒုက္ခံ ဥပစ္စဂုံ။**

(အင်-၂၇၅)

http://www.dhammadownload.com



တေ= ထိုအာသဝေါကင်းကွာ ရဟန္တာအရှင်မြတ်ကြီးတို့သည်၊ ခေမပတ္တာ= ငြိမ်းချမ်းခြင်းသို့ ရောက်ကြကုန်သည်ဖြစ်၍၊ သုခိနော= ချမ်းသာတော်မူကြပေကုန်၏။ သုခိနော= လောကုတ္တရာချမ်းသာဖြင့် ချမ်းသာတော်မူကြကုန်၏။

ဒိဋ္ဌဓမ္မာဘိနိဗ္ဗုတာ= မျက်မှောက်ထင်ထင် ရှုမြင်အပ်သော ဘဝ၌ ငြိမ်းချမ်းတော်မူကြကုန်၏။ သဗ္ဗဝေရဘယာတီတာ= အလုံးစုံသော ရန်သူဘေးကို လွန်မြောက်ကြကုန်သည်ဖြစ်၍၊ သဗ္ဗဒုက္ခံ= အလုံးစုံသော ဆင်းရဲကို၊ ဥပစ္စဂုံ= လွန်မြောက်တော်မူကြလေကုန်ပြီ။

အရှင်မြတ်ကြီးများ အေးချမ်းသာယာပြီးတော့ လောကုတ္တရာ ချမ်းသာရှိတော်မူကြပြီးတော့ မျက်မှောက်ထင်ထင် ရှုမြင်အပ်သော ဘဝမှာ ငြိမ်းချမ်းတော်မူကြတယ်။ အလုံးစုံသော ဘေးရန်အန္တရာယ်ကို လွန်မြောက်တော်မူပြီးတော့ ဆင်းရဲအားလုံးကို လွန်မြောက်တော် မူကြတယ်။ ယခု ယောဂီသူတော်စင်များ အားထုတ်နေတဲ့ နည်းလမ်းဟာ အဲဒီ ဆင်းရဲအလုံးစုံသော ဘေးတို့ကို လွန်မြောက်နိုင်ကြောင်း ကောင်းမြတ်တဲ့ လမ်းစဉ်အားထုတ်နေကြတာပါပဲ။

စောစောကပြောတဲ့ ဘယ ဒုက္ခ ရောဂ ဂဏ္ဍ သဂ် ပက် ဆိုတဲ့ အမည်တွေဟာ အာရုံငါးပါး ကာမတရားတို့ရဲ့ အမည်ဖြစ်တယ်။

အဲဒီ ဘေးဒုက္ခ ရောဂ ဂဏ္ဍ သဂ် ပက်အမည်ရတဲ့ ကာမ တရားတို့အပေါ်မှာ တပ်မက်တွယ်တာမှုသည် ကာမစ္ဆန္ဒ၊

အဲဒီလို ဘယအစရှိတဲ့ အမည်ဆိုးကြီးတွေနဲ့ ကျော်ကြားနေတဲ့ ကာမတွေအပေါ် တပ်မက်နေတာ၊ မက်မောနေတာ ကာမစ္ဆန္ဒ၊ အဲဒီ ကာမစ္ဆန္ဒသည် နီဝရဏ။

http://www.dhammadownload.com



ယောဂီတို့ အားထုတ်နေကြတာဟာ ဘာယစသည် နာမည်ဆိုး ရှိနေကြတဲ့ အာရုံငါးပါး ကာမဂုဏ်တရားမှ လွန်မြောက်အောင် အားထုတ်နေကြခြင်းပဲ။

**ဟိမဝန္တာတောင်မင်းကြီးကိုပင်**

မိမိတို့ အားထုတ်ထားတဲ့ သမာဓိက အင်မတန်ကောင်းပါ တယ်။ အချက်အလက်ခြောက်မျိုးနဲ့ ပြည့်စုံတဲ့ရဟန်းတော်၊ အချက် အလက် ခြောက်မျိုးနဲ့ပြည့်စုံတဲ့ သမာဓိကို ပွားနေတဲ့ အမျိုးကောင်း သား၊ သမီးများဟာ-

**ဆဟိ ဘိက္ခဝေ သမ္မန္နာဂတော ဟိမဝန္တံ၊ ပဗ္ဗတရာဇံ ပဒါလေယျ။**

အချက်အလက်ခြောက်မျိုးနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ် ဟိမဝန္တာ တောင်မင်းကြီးကိုပင် ဖြိုခွင်းနိုင်ပါတယ်။

**ကောပနဝါဒေါဆဝါယ အဝိဇ္ဇာယ။**

ဆဝါယ= ယုတ်ညံ့သေးသိမ် မွေးမှိန်အောက်ကျသော၊ အဝိဇ္ဇာယ= အဝိဇ္ဇာကို ဖြိုခွဲခြင်း၌၊ ကောပနဝါဒေါ= အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။ ဖြိုခွင်းနိုင်မည်သာ။

သမထကနေ ဝိပဿနာပိုင်းကို ကူးမြောက်နေကြတာ၊ အဝိဇ္ဇာ အမိုက်မှောင်ပျောက်မှ ဝိဇ္ဇာဉာဏ် ရောက်မှာကိုး။

သမာဓိကို ထူထောင်နိုင်တဲ့ ယောဂီသူတော်စင်ဟာ ဟိမဝန္တာ တောင်မင်းကြီးကိုပင် ဖြိုခွဲနိုင်ပါတယ်။ ယုတ်ညံ့သေးသိမ် မွေးမှိန် အောက်ကျတဲ့ အဝိဇ္ဇာကို ဖြိုခွင်းဖို့နဲ့ ပတ်သက်ပြီးတော့ ပြောစရာ မလိုပါဘူး။ အလွယ်တကူ ဖြိုခွင်းနိုင်ပါတယ်။

http://www.dhammadownload.com



သမာဓိသ သမာပတ္တိကုသလော= သမာဓိရဖို့ အားထုတ်တာ ဝင်စားတာနဲ့ ပတ်သက်ပြီးတော့ လိမ္မာကျွမ်းကျင်ရမယ်။ အခု သမာဓိတွေ ရနေကြတယ်။

သမာဓိသ ဌိတိကုသလော= သမာဓိရပြီး တည်တံ့အောင်ထားမှုနဲ့ပတ်သက်ပြီး လိမ္မာကျွမ်းကျင်ရမယ်။

သမာဓိသ ဝုဋ္ဌာနကုသလော= ဘယ်အချိန်အခါမှာ ဒီသမာဓိမှ ထမြောက်မယ်ဆိုတာနဲ့ ပတ်သက်ပြီးတော့ ကျွမ်းကျင်လိမ္မာရမယ်။

သမာဓိသ ကလ္လတာ ကုသလော= သမာဓိကို ရွှင်စေမှုနဲ့ပတ်သက်ပြီးတော့ ကျေနပ်စေနိုင်တယ်။ သမာဓိရအောင် အားထုတ်မှုနဲ့ ပတ်သက်ပြီး စိတ်ထဲမှာ ကျေနပ်စေနိုင်တယ်။

သမာဓိသ ဂေါစရကုသလော= ဒီတရားဟာ ငါအားထုတ်နေတဲ့ သမာဓိနဲ့ လျှော်တယ်၊ မလျှော်ဘူး။ သမာဓိရဲ့ ကျက်စားရာကို နားလည်ရမယ်။

ဒီနိမိတ်ဟာ ကောင်းသောနိမိတ်ပဲ။ ဒီလက္ခဏာဟာ ကောင်းသော လက္ခဏာပဲလို့၊ သမာဓိကျက်စားရာ နယ်ပယ်နဲ့ ပတ်သက်ပြီးတော့ ကျွမ်းကျင်လိမ္မာခြင်း။

ပြီးတော့ သမာဓိသ အဘိနီဟာရကုသလော မိမိအထက်အထက် သမာဓိရအောင် ရှေးရှုဆောင်ရွက်တဲ့ နေရာမှာ ကျွမ်းကျင်လိမ္မာခြင်း။

ဒီအချက်အလက် (၆)မျိုးနဲ့ ပြည့်စုံတဲ့ ယောဂီသူတော်စင်ဟာ မြင့်မိုရ်တောင်မင်းကြီးကိုပင် ဖြိုခွင်းနိုင်ပါတယ်။

http://www.dhammadownload.com



ယုတ်ညံ့သေးသိမ် မှေးမှိန်အောက်ကျတဲ့ အဝိဇ္ဇာကို ဖြိုခွင်းဖို့ ဆိုတာ စကားတစ်ခုလုပ်၍ ပြောဖွယ်ရာ ဆိုဖွယ်ရာမရှိတော့ပါဘူး။

စောစောကပြောတဲ့ မိမိတို့အားထုတ်နေတဲ့ သမာဓိ လှမ်းမှန်တယ်၊ စနစ်ကျတယ်ဆိုရင် ကြိုးစားအားထုတ်ပါ။ တကယ့် သမာဓိအားနဲ့ အဝိဇ္ဇာကို ဖယ်ရှင်းပြီး ဝိဇ္ဇာနယ်ပယ်ထဲ ချည်းနင်းဝင်ရောက်နိုင်ပါတယ်။

အခု သမထကမ္မဋ္ဌာန်း အားထုတ်နေတာ အင်အားကောင်းတဲ့ သမာဓိမျိုး ရရှိအောင် အားထုတ်နေခြင်းပဲ။

တစ်နည်းအားဖြင့် ဘယ ဒုက္ခစသည်တို့ အမည်ရတဲ့ အာရုံငါးပါး ကာမဂုဏ်တရားတွေကို ဖယ်ရှားနိုင်တဲ့ အစွမ်းသတ္တိရှိတဲ့ သမာဓိမျိုး ရရှိအောင် ကြိုးစားအားထုတ်နိုင်ကြပါစေသောလို့ ဆန္ဒပြုရင်း ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

➤➤➤➤➤

http://www.dhammadownload.com



**ကာမတို့၏ ဥပမာများ**

ယနေ့ သာသနာတော်နှစ် ၂၅၅၀ ပြည့်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခု၊ တပို့တွဲလပြည့်ကျော် (၄)ရက်။

လယ်တီဝိပဿနာ (၇)ရက်တရားစခန်း အားထုတ်နေကြတဲ့ ယောဂီသူတော်စင်များ တစ်နေ့တစ်နေ့နဲ့ သမာဓိတွေရင့်လာပြီး သမာဓိရအောင်လဲ အားထုတ်ကြရတယ်။

ဘာကြောင့်လဲဆိုတော့ နီဝရဏတရားတို့ကို ဖယ်ရှားဖို့ရန်အတွက် **"နီဝရဏာနံ ပဟာနာယ စတ္တာရော သတိပဋ္ဌာနာ ဘာဝေတဗ္ဗာ"** ဆိုတဲ့အတိုင်း နီဝရဏတရားတွေကို ဖယ်ရှားဖို့ရာအတွက် သတိပဋ္ဌာန်လေးပါးကို ပွားများရမယ်။

နီဝရဏတရားတို့မှာလဲ ပထမဆုံးဖြစ်တဲ့ ကာမစ္ဆန္ဒနီဝရဏ တရားကို ဟောကြားကြရ၊ အာရုံငါးပါး ကာမဂုဏ်တရားကို တပ်မက်တဲ့ ကာမစ္ဆန္ဒနီဝရဏတရားကို ပပျောက်ဖို့အရေးဟာ အလွန်အရေးကြီးတယ်။

မြတ်စွာဘုရားက လွန်ခဲ့တဲ့ ၂၅၉၅ ခုနှစ်တာကာလက ဘုရားအဖြစ် ရောက်တော်မူပြီးနောက် ဓမ္မစကြာဒေသနာကို ဟောကြားတဲ့အခါ ရှောင်ရှားရမည့် ပထမဆုံးအစွန်းက ကာမဂုဏ်တရားတွေကို မက်မောတွယ်တာတဲ့ ကာမသုခလ္လိကာနုယောဂအစွန်း၊ အာရုံငါးပါးဆိုတဲ့ အယုတ်တရားတို့အပေါ်မှာ ခံစားစံစားခြင်းဟာ အပြစ်အနာအဆာ (၅)မျိုးရှိတယ်။

ပထမဆုံးတရားဦးဟောစဉ်ထဲကပင် ကာမစ္ဆန္ဒနီဝရဏ အပြစ်အနာအဆာ အစွန်းထွက်ပုံကို ဟောခဲ့တာပါပဲ။

**ကာမေသု ကာမသုခလ္လိကာနုယောဂေါ ဟီနော**

http://www.dhammadownload.com



အာရုံငါးပါးတွေ လိုက်စားမှုဟာ ယုတ်ညံ့တယ်၊ မေ့မှိန်အောက်ကျတယ်။ ဂမ္မော= ရွာသူရွာသားတို့ရဲ့ အကျင့်ဖြစ်တယ်။ ပေါထုဇ္ဇနိကော= ပုထုဇဉ်တို့ လုပ်ငန်းတွေ၊ အနရိယော= ဖြူစင်တဲ့ အရိယာဖြစ်အောင်လဲ မပြုနိုင်ဘူး။ အနတ္ထသံဟိတော= အကျိုးမဲ့ကိုလဲ ဖြစ်စေတယ်၊ အကျိုးမဲ့နဲ့ စပ်ယှဉ်တယ်ဆိုပြီး အာရုံငါးပါး ကာမဂုဏ်တရားတို့ရဲ့ အပြစ်အနာအဆာကို မြတ်စွာဘုရား ညွှန်းပြတော်မူပြီးတော့ ဒီအစွန်းကို ရှောင်ရန် ရှောင်ရမည့်တရား အထူးသဖြင့် ကာမစ္ဆန္ဒနီဝရဏပါပဲ။

နောင်သောအခါ မြတ်စွာဘုရား တရားဟောစဉ်အတိုင်း အာရုံငါးပါး ဆိုတဲ့တရားတို့ရဲ့ အပြစ်အနာအဆာ အမျိုးမျိုးကို ဟောကြားတော်မူတယ်။

ဟောကြားတော်မူတာက အဲဒီအပြစ်အနာအဆာတွေ သိပြီးတော့ မဂ္ဂင်တရားတွေ သတိပဋ္ဌာန်တရားတွေ များများအားထုတ်အောင်လို့ပါပဲ။ မဂ္ဂင်တရား သတိပဋ္ဌာန်တရား များများအားထုတ်မှ နီဝရဏတရားတွေ ဖယ်ရှားနိုင်မှာကိုး။

အဆင်းမျိုးစုံ၊ အသံမျိုးစုံ၊ အနံ့မျိုးစုံ၊ အရသာမျိုးစုံ၊ အတွေ့အထိမျိုးစုံ၊ အာရုံငါးပါးတို့ဟာ အပြစ်အနာအဆာတွေ အများကြီး ရှိတယ်။

ဥပမာ (၁၀)မျိုးနဲ့ အာရုံငါးပါး ကာမတရားတို့ရဲ့ အပြစ်တွေကို ဟောကြားတော်မူခဲ့ပြန်ပါသေးတယ်။

**အပ္ပဿာဒါ ကာမာ။**

ကာမာ= ကာမဂုဏ်တို့သည်၊ အပ္ပဿာဒါ= သာယာဖွယ် နည်းပါးလှပေကုန်၏။

http://www.dhammadownload.com



**အင်္ဂါရကာသူပမာ ကာမာ ဗဟုဒုက္ခာ၊**

**ဗဟုပါယာသာ အာဒီနဝေါ ဧတ္ထ ဘိယျော။**

ကာမာ= ပုထုဇဉ်များ ခင်ယူမှုသည့် ငါးပါးအာရုံ ကာမဂုဏ်တို့သည်၊ အာရုံငါးပါး အယုတ်တရားတို့သည်၊ အင်္ဂါရကာသူပမာ= အသားမမှီ သွားသရည်ဖြင့် ပါးဆီယိုဖိတ် ညှီစိုရိပ်ကြောင့် စိတ်မချင့်ရဲ ခွေးအိုခဲသည့် အမဲရိုးလျှင် နှိုင်းယှဉ်စရာ ဥပမာရှိကုန်၏။

အာရုံငါးပါး အယုတ်တရားတွေဟာ ခွေးအိုအမဲရိုးခဲသလိုပဲတဲ့။ အသားမမှီ သွားသရည်ဖြင့် ပါးဆီယိုဖိတ် ညှီစိုရိပ်ကြောင့် သွားရည်ကျလာတော့ ညှီနံ့လေးရလာတယ်။ ညှီနံ့ရလာတော့ စိတ်မချင့်ရဲ၊ စိတ်ကမချင့်မရဲဖြစ်ပြီး ခွေးအိုလေးတစ်ကောင် အမဲရိုး မလွှတ်နိုင်ပဲ ခဲသလိုပဲတဲ့။

ဒါကြောင့် ကာမာ= ပုထုဇဉ်များ ခင်ယူမှုသည့် ငါးပါးအာရုံ ကာမဂုဏ်တို့သည်၊ အင်္ဂါရကာသူပမာ= အသားမမှီ သွားသရည်ဖြင့် ပါးဆီယိုဖိတ် ညှီစိုရိပ်ကြောင့် စိတ်မချင့်ရဲ ခွေးအိုခဲသည့် အမဲရိုးလျှင် နှိုင်းယှဉ်စရာ ဥပမာရှိကုန်၏။

ကာမာ= ကာမဂုဏ်တရားတို့သည်၊ ဗဟုဒုက္ခာ= မရှိတောင့်တ ရှိကြောင့်ကြနှင့် သောကဘေးရန် အတန်တန်ကြောင့် ပူပန်မစဲ လွန်ဆင်းရဲကုန်၏။

အဆင်းမျိုးစုံ အစရှိတဲ့ အာရုံတွေကို ရှာကြတယ်။ ကမ္ဘာကြီး တစ်ခုလုံး ကမ္ဘာ့လူသားတွေ ရှာနေကြတယ်။ မရှိတော့လဲ တောင့်တ ကြရ၊ ရှိတော့လဲ ကြောင့်ကြရ၊ မရှိတောင့်တ ရှိကြောင့်ကြနှင့် သောက ဘေးရန် အတန်တန်ကြောင့် ပူပန်မစဲ လွန်ဆင်းရဲရတယ်။

http://www.dhammadownload.com



ဆင်းရဲခြင်းရဲ့အကြောင်းတွေပဲ။

ဗဟုပါယာသာ= မချိရောင်ရမ်း သတိခန်းအောင် ပင်ပန်းခြင်း များလှပါကုန်၏။

လောကသားတွေ လောကပုဂ္ဂိုလ် သတ္တဝါတွေ ပင်ပန်းနေတာ ဒီအာရုံငါးပါးကြောင့်ပါပဲ။

ဧတ္ထ= ဤအာရုံငါးပါးတို့၌၊ အာဒီနဝေါ= ဆွေရင်းမျိုးချာ မိတ်သဟာပင်၊ အနာဒရ= မညှာကြပဲ ဒေါသရန်စစ် ကြမ်းကြုတ်သော အပြစ်သည်၊ ဘိယျော= များလှပါပေ၏။

ဆွေမျိုးရင်းခြာ မိတ်သဟာပင် ဘယ်လိုဆွေမျိုးပဲဖြစ်ဖြစ်၊ ဘယ်လိုမိတ်ဆွေပဲဖြစ်ဖြစ် ညီအစ်ကိုဆိုပြီး မညှာဘူး။

မင်းတုန်းမင်းကြီးတို့ ရှင်ဘုရင်ဖြစ်တော့မယ်ဆိုတော့ ဆွေမျိုး ရင်းချာတွေ သတ်ကြရတာပါပဲ။

အလားတူပဲ၊ သာသနာပြုမင်းကြီးဆိုတဲ့ သီရိဓမ္မာသောက မင်းကြီးဟာလဲ ဆွေရင်းမျိုးချာတွေ သတ်ရတာပါပဲ။ (၉၉)ယောက် မင်းညီမင်းသားတွေကို သတ်ရတာ။ သုမနမျိုး (၉၉)လို့ ဆိုတာကိုး။

ရိုသေသမှုလဲ မရှိဘူး။ တစ်ယောက်နဲ့တစ်ယောက် ညှာတာ ထောက်ထားတာလဲ မရှိဘူး။

ဒီအာရုံရမယ်၊ ဒီစည်းစိမ်ရမယ်ဆိုရင်တော့ သတ်ကြ ဖြတ်ကြ မည့် အနေအထားမျိုးမှာ ရှိတယ်။

အာဒီနဝေါ= ဆွေရင်းမျိုးချာ မိတ်သဟာပင်၊ အနာဒရ= မညှာကြပဲ ဒေါသရန်စစ် ကြမ်းကြုတ်သော အပြစ်သည်၊ ဘိယျော= ပူဆာထူးထွေ များလှပါချေ၏။

http://www.dhammadownload.com



ဣတိ= ဤသို့၊ ဘဂဝတာ= မြတ်စွာဘုရားသည်၊ ဝုတ္တော= ဟောကြားတော်မူပါပေ၏။

ဘုရားရှင်ကိုယ်တော်မြတ် နည်းမျိုးစုံနဲ့ ဘုန်းကြီးတို့တတွေအား ဒီအာရုံငါးပါး ကာမဂုဏ်တရားတွေအပေါ် မငြိကပ် မတွယ်တာအောင် ဆိုပြီး အပြစ်အနာအဆာတွေကို ဟောတော်မူတယ်။

**မံသ ပေသူပမာ ကာမာ။**

ကာမာ= ပုထုဇဉ်များ ခင်ယူမှားသည့် ငါးပါးအာရုံ ကာမဂုဏ်တို့သည်၊ မံသပေသူပမာ= အမြလိုက်အုံ စိတ်မကုန်၍ အဟုန်ဗျာသီ ရှေ့ကျီးချီသည့် နံညှီမွဲညစ် အမဲတစ်နှင့် နှိုင်းယှဉ်စရာ ဥပမာရှိကုန်၏။

သားတစ်နဲ့ ဥပမာတူတယ်။ ကျီးတစ်ကောင်က ရှေ့ကချီသွားတယ်။ နောက်ကျီးတွေက နောက်ကနေလိုက်ပြီး ထိုးလိုက်၊ ဆိတ်လိုက်၊ လုယက်နေကြပါတယ်။ သားတစ်ကို ချီသွားတာကိုး။ လွှတ်လိုက်တော့ မလိုက်တော့ဘူး။

ဒီအာရုံငါးပါးလဲ ဒီအတိုင်းပဲ။ အမဲသားတစ်နဲ့ ဥပမာတူကြပါတယ်။

**သုပိနကူပမာ ကာမ။**

ကာမာ= ပုထုဇဉ်များ ခင်ယူမှားသည့် ငါးပါးအာရုံ ကာမဂုဏ်တို့သည်၊ သုပိနကူပမာ= ရွှေအိမ်ရွှေနန်း အခန်းခန်းဖြင့် စံမြန်းရပုံ ဟုတ်လေတုံ့ဖြင့် အာရုံစွဲငြိ နိုး၍ကြည့်က မရှိသက်သက် ယွင်းကွယ်ပျက်သည်၊ အိမ်မက်လျှင် နှိုင်းယှဉ်စရာ ဥပမာရှိကုန်၏။

အိမ်မက်ထဲမှာ ဟန်ကျလိုက်တာ။ ခမ်းခမ်းနားနားနဲ့ စံမြန်းနေတယ်။ အိပ်ယာကနိုးလို့ ကြည့်လိုက်တဲ့အခါ ဘာမှမရှိဘူး။

http://www.dhammadownload.com



အဲဒီလိုပါပဲ၊ အာရုံငါးပါးတို့ဟာ အိမ်မက်နဲ့နှိုင်းယှဉ်စရာ ဥပမာ ရှိပါတယ်။

**အသိသူနူပမာ ကာမာ။**

ကာမာ= ကာမဂုဏ်တရားတို့သည်၊ အသိသူနူပမာ= မုဆိုး အားလုံး အမြဲသုံးသည့် စဉ်းတီတုန်းနှင့် နှိုင်းယှဉ်စရာ ဥပမာရှိကုန်၏။

"**သပ္ပသီသူပမာ ကာမာ**"။ ကာမာ= ကာမဂုဏ်တို့သည်၊ သပ္ပသီသူပမာ= အဆိပ်ခိုအောင်း မြွေဦးခေါင်းလျှင် နှိုင်းယှဉ်စရာ ဥပမာရှိကုန်၏။

**တိဏုက္ကူပမာ ကာမာ။**

ကာမာ= ကာမဂုဏ်တို့သည်၊ တိဏုက္ကူပမာ= လေညာ လေထက် ဆောင်သူ့လက်သို့ လျှံတက်ဟူးဟူး ပြန်ဆက်ကူးသည့် မြက်မီးရှူးလျှင် ဥပမာရှိကုန်၏။

မြက်မီးရှူးကို မီးရှို့ပြီးတော့ လက်နဲ့ကိုင်ထားတယ်။ ကိုင်ထား တဲ့လက်ကိုပဲ မီးကဟပ်တယ်။ အဲဒီလိုပဲ။

အာရုံငါးပါး ကာမဂုဏ်တရားကို တပ်မက်စွဲလမ်းတဲ့ ပုဂ္ဂိုလ်ကို အာရုံငါးပါး ကာမဂုဏ်တရား မြက်မီးရှူးက အသုံးပြုတဲ့ ပုဂ္ဂိုလ်ကိုပဲ လောင်မြိုက်စေပါတယ်။

**အင်္ဂါရကာသူပမာ ကာမာ။**

ကာမာ= အာရုံငါးပါး အယုတ်တရားတို့သည်၊ အင်္ဂါရကာ သူပမာ= မီးကျီးတွင်းနှင့်တူကုန်၏။ အာရုံငါးပါးဆိုတဲ့ မီးကျီးတွင်းမှာ ငရုပ်သီးပိုးလိုပဲ။ ပုထုဇဉ်တွေ ပျော်ကြတယ်။

http://www.dhammadownload.com



**ယာစိတကူပမာ ကာမာ။**

ကာမာ= အာရုံငါးပါးတို့သည်၊ ယာစိတကူပမာ= ခေတ္တခဏ ငှားရမ်းအပ်သော ဥစ္စာနှင့်တူပါကုန်၏။

**ရုက္ခဖလူပမာ ကာမာ။**

ကာမာ= အာရုံငါးပါးတို့သည်၊ ရုက္ခဖလူပမာ= အများသုံးပိုင် ရွာလုံးဆိုင်၍ ပစ်ချိုင်နင်းချိုး အသီးမျိုးလျှင် နှိုင်းယှဉ်စရာ ဥပမာ ရှိပါကုန်၏။

**သတ္တိသူလူပမာ ကာမာ။**

ကာမာ= ပုထုဇဉ်များ ခင်ယူမှားသည့် ငါးပါးအာရုံ ကာမဂုဏ် တို့သည်၊ သတ္တိသူလူပမာ= လှံတန်နှင့် တူပါကုန်၏။

ကာမာ= ပုထုဇဉ်များ ခင်ယူမှားသည့် ငါးပါးအာရုံ ကာမဂုဏ် တရားတို့သည်၊ ဗဟုဒုက္ခာ= မရှိတောင့်တ ရှိကြောင့်ကြနှင့် သောက ဘေးဒဏ် အတန်တန်တို့ကြောင့် ပူပန်မစဲ လွန်ဆင်းရဲပါကုန်၏။ ဗဟုပါယာသာ= မချိယောင်ရမ်း သတိခမ်းအောင် ပင်ပန်းခြင်းများ ကြပါကုန်၏။

ဧတ္တ ဧတေသု ကာမေသု= ဤငါးပါးအာရုံ ကာမဂုဏ်တို့၌၊ အာနီနဝေါ= ဆွေရင်းမျိုးချာ မိတ်သဟာပင်၊ အနာဒရ= မညှာကြပဲ ဒေါသရန်စစ် ကြမ်းကြုတ်သောအပြစ်သည်၊ ဘိယျော= များလှပါ ပေ၏။ ဣတိ= ဤသို့၊ ဘဂဝတော= မြတ်စွာဘုရားသည်၊ ဝုတ္တော= ဟောတော်မူအပ်ပါပေသတည်း။

သာဓု - သာဓု - သာဓု

မြတ်စွာဘုရား ဘုန်းကြီးတို့အား ကာမတို့မှာ ငြီးငွေ့အောင် ဥပမာအမျိုးမျိုးနဲ့ ပြတော်မူပါတယ်။

http://www.dhammadownload.com



ဘုန်းကြီးတို့ဆန္ဒကလဲ ဟိုတစ်ချိန်တုန်းက ရဟန်းတော်များ ကြီးပွားခြင်းရဲ့အကြောင်းကို မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်း သီလရှိတဲ့ ရဟန်းတော်တွေ တို့ကျောင်းတိုက်သို့ များများ ကြွလာတော်မူကြပါစေ။

သီလရှိတဲ့ ရဟန်းတော်များ ပျော်ပျော်ရွှင်ရွှင် သီတင်းသုံးတော်မူနိုင်ကြပါစေလို့ ကျောင်းထိုင် ကျောင်းပိုင်ဆရာတော်များက တောင့်တကြတယ်။

အဲဒီလို တောင့်တကြလို့ရှိရင် ကျောင်းထိုင် ကျောင်းပိုင် ဆရာတော်များနှင့် ကျောင်းတိုက်ကြီးတွေ ကြီးပွားတိုးတက်ကြမယ်လို့ မြတ်စွာဘုရား မိန့်ကြားသလိုပဲ။

ဘုန်းကြီးတို့လဲ ဤရိပ်သာကြီးကို လာရောက်အားထုတ်ကြသူတိုင်း ကာမစ္ဆန္ဒနီဝရဏတရားတွေကို ကျကျနနသိပြီး ကာမစ္ဆန္ဒနီဝရဏ တရား ဖယ်ရှားနိုင်တဲ့ သမာဓိရစေဖို့ တောင့်တပါတယ်။

တရားလိုလားကြတဲ့ ရဟန်းလူရှင်များ ဤကျောင်းတိုက်သို့ များများလာရောက်နိုင်ကြပါစေ။ လာရောက်အားထုတ်ကြပြီးတော့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ စောစောကပြောသလို နီဝရဏတရားတွေ ဖယ်ရှားနိုင်ကြပါစေ။

ရုပ်ဓမ္မ နာမ်ဓမ္မတို့ကို မြင်ပြီးတော့ သက္ကာယဒိဋ္ဌိကို ဖယ်ရှားနိုင်တဲ့ ဝိပဿနာဉာဏ်ပညာ များများသိ များများရရှိကြပါစေလို့ ဘုန်းကြီးတို့က တောင့်တမိပါတယ်။

မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်များ၊ ထိုတရားတော်များဟာ ဘုရားရှင်က ဒီတရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ ပတ်သက်ပြီးတော့ ဖြစ်မယ်ဆိုရင် ရဟန်းတော်တွေ နှစ်ပါး

http://www.dhammadownload.com



တစ်ကျောင်းထဲမနေဖို့ ပညတ်ချင်တယ်တဲ့။ ပညတ်တော်မူလိုတယ်။ အဲလောက်အထိ တစ်ပါး၊ တစ်ဦးထဲနေတာကို အားပေးတော်မူတယ်။

သို့သော်လဲ ပညတ်တော်မမူခဲ့ဘူး။ ဒါပေမယ့် တစ်ယောက်တည်းနေပြီး ကေစာကျင့်တာကို မြတ်စွာဘုရား အားပေးတော်မူတယ်။

**ဂဏာဝါသိနော ပမတ္တာ၊ အပ္ပမတ္တာ ကေစာရိနော။**

အသင်းအဖွဲ့ အပေါင်းအသင်းနဲ့နေသူတို့က မေ့လျော့တတ်တယ်။ တစ်ယောက်ထဲ နေထိုင်သွားလာ ကျက်စားနေသူများဟာ မမေ့လျော့တတ်ဘူး။

မိမိတို့ အခုသမာဓိရအောင် အားထုတ်နေတဲ့နေရာမှာ ဒါသိပ်ပြီးတော့ အရေးကြီးတာ။ အဖော်ရှိနေရင် တရားအားထုတ်မှု လျှော့နည်းသွားနိုင်ပါတယ်။

အခုတော့ စုပေါင်းပြီး အားထုတ်ကြတဲ့အခါမှာ သူ့စည်းကမ်းလေးနဲ့သူ စကားမပြောပဲနဲ့၊ သူ့နေရာနဲ့သူ အားထုတ်ကြတာဆိုတော့ ထိုက်တန်သလောက်တော့ သင့်တော်ပါသေးတယ်။

## သတိ (၂)မျိုး

အဲဒီလို အားထုတ်ကြတဲ့အခါမှာ သတိက အင်မတန်အရေးကြီးပါတယ်။ သတိက ပညာနဲ့မယှဉ်တဲ့သတိနဲ့ ပညာနဲ့ယှဉ်တဲ့ သတိ (၂)မျိုး ရှိပါတယ်။

**ပညာဝိပ္ပယုတ္တာ သတိဒုဗ္ဗလာ။**

အသိဉာဏ်ပညာနဲ့ မယှဉ်တဲ့သတိဟာ အားနည်းပါတယ်။

http://www.dhammadownload.com



**သမ္ပယုတ္တာပန ဗလဝတီ။**

အသိဉာဏ်ပညာနဲ့ ယှဉ်တဲ့သတိက အားကောင်းတယ်။

ယခု အားထုတ်ကြတော့ တဖြည်းဖြည်း သမထပိုင်းမှာတော့ သတိနဲ့ဝီရိယကို ဦးစားပေးပြီး အားထုတ်ကြရတယ်။

ဝိပဿနာပိုင်းရောက်တော့ သတိက ပညာနဲ့တွဲသွားရပါတယ်။ ပညာနဲ့ တွဲသွားတဲ့အခါကျတော့ ဒီသတိဟာ အားပိုကောင်းပါတယ်။ ဒါကြောင့် ဝီရိယနဲ့တွဲအားထုတ်တဲ့ သမထပိုင်းသတိဟာ ဝိပဿနာပိုင်းရောက်ရင် အားကောင်းလာမှာမို့ ကြိုးစားပြီးအားထုတ်ကြပါ။

၁၉-ရာစု၊ ၂၀-ရာစု အတွင်းမှာ တရားအားထုတ်တဲ့ အစဉ်အလာဟာ သိပ်မများသေးဘူးလို့ ပြောရမှာပါ။ဆဋ္ဌသံဂါယနာ တင်ခါနီး လွန်ခဲ့တဲ့နှစ်ပေါင်း (၆၀)လောက်ကမှ ရိပ်သာတွေ ပေါ်ပေါက်လာပြီးတော့ လူပုဂ္ဂိုလ် အမျိုးသား အမျိုးသမီးများ တရားအားထုတ်တဲ့ အရိပ်အရောင်တွေ့ရတယ်။

ရှေးအခါတုန်းက ရိပ်သာတွေမရှိတော့ များများစားစား တရားအားထုတ်ဖြစ်ပုံ မပေါ်ပါဘူး။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရား ကင်းဝန်မင်းကြီးအိမ်မှာ တရားအားထုတ်ဖို့ ဟောပြောတာက နှစ်ပေါင်း (၁၀၀)ကျော်ပြီ။ မြတ်စွာဘုရားက တစ်နေရာမှာ ဟောထားတာက "ရဟန်းရှင်လူအများ တရားအားထုတ်ဖို့ တိုက်တွန်းသော်လဲ တစ်ချို့ပုဂ္ဂိုလ်များ တရားအားမထုတ်ကြဘူး။ အဲဒီ တရားအားမထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ သာသနာနဲ့တွေ့ပေမယ့် သာသနာကွယ်နေကြတယ်"လို့ ဒီစကားမိန့်တော်မူတယ်။

http://www.dhammadownload.com



ဒါကြောင့် ပထမလယ်တီဆရာတော်ဘုရားကြီးက အမြော်အမြင်အင်မတန်ကြီးမားတယ်။

ဘာကြောင့်လဲဆိုတော့ သာသနာကွယ်တဲ့ဘဝ မရှိအောင် တရားအားထုတ်ကြပါ။ "သာသနာကွယ်တဲ့ဘဝ မရှိအောင်"ဆိုတာ အရိယာပုဂ္ဂိုလ်ဖြစ်အောင် အားထုတ်ပါလို့ တိုက်တွန်းတော်မူတယ်။

သာသနာကွယ်တဲ့ဘဝ မရှိအောင် မြတ်စွာဘုရား မိန့်တော်မူတဲ့အတိုင်း သာသနာမကွယ်ရအောင် ကြိုးစားကြဖို့ပါပဲ။

ဘုရားရှင် တိုက်တွန်းစကားနဲ့ ပထမလယ်တီဆရာတော်ဘုရားကြီးရဲ့ တိုက်တွန်းစကားတို့ကို ဦးထိပ်ပန်ဆင်ပြီး ကြိုးစားကြပါလို့ တိုက်တွန်းရင်း ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

➤➤➤➤➤

http://www.dhammadownload.com



**မဟာသတိပဋ္ဌာန် ဝိပဿနာ**

ယနေ့ သာသနာနှစ် ၂၅၅၀ ပြည့်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခု၊ တပို့တွဲလပြည့်ကျော် (၅)ရက်။

လယ်တီဝိပဿနာ (၇)ရက်တရားစခန်း အားထုတ်နေကြတဲ့ ယောဂီသူတော်စင်များ သမထပိုင်းက ဝိပဿနာပိုင်း ကူးလာကြပြီ။

သမထဖြစ်စေ၊ ဝိပဿနာဖြစ်စေ မဟာသတိပဋ္ဌာန်နဲ့ကတော့ မလွတ်ကင်းပါဘူး။

မြတ်စွာဘုရား ဟောစဉ်ကပင်လျှင် ကမ္မဋ္ဌာန်းအစီအစဉ်တွေ ထဲမှာ -

**အနိစ္စာနုပဿီဝါ အဿသိဿာမီတိ သိက္ခတိ။**

**အနိစ္စာနုပဿီဝါ ပဿသိဿာမီတိ သိက္ခတိ။**

အဲဒါ အာနာပါနနဲ့ တွဲဖက်ပြီးတော့ ဝိပဿနာတက်တဲ့နည်း ပါပဲ။

မမြဲဘူးလို့ အမှတ်သညာထား ရှုမှတ်ပြီး ထွက်လေကို ထုတ်တယ်။ မမြဲဘူးလို့ အမှတ်သညာနဲ့ ဝင်လေကို သွင်းတယ်။

**သမုဒယ ဓမ္မာနုပဿီဝါ အဿသိဿာမီတိ သိက္ခတိ၊**

**သမုဒယ ဓမ္မာနုပဿီဝါ ပဿသိဿာမီတိ သိက္ခတိ၊**

**ဝယ ဓမ္မာနုပဿီဝါ အဿသိဿာမီတိ သိက္ခတိ၊**

**ဝယ ဓမ္မာနုပဿီဝါ ပဿသိဿာမီတိ သိက္ခတိ၊**

ထွက်လေဖြစ်ပေါ်မှုကို ရှုပွားပြီးတော့ ထွက်လေကို ရှုမှတ် အံ့လို့ ကျင့်သုံးရမယ်။ ဝင်လေဖြစ်ပေါ်မှုကို ရှုပွားပြီးတော့ ဝင်လေကို ရှုမှတ်ရမယ်။

http://www.dhammadownload.com



ထွက်လေအပျက်ကို ရှုမှတ်ပြီးတော့ ထွက်လေရဲ့အပျက်ကို၊ ဝင်လေရဲ့အပျက်ကို ရှုပွားရမယ်။ အဲဒီလို အာနာပါန၏ ထွက်လေ ဝင်လေ၏ ဖြစ်ပုံပျက်ပုံနဲ့ ဝိပဿနာတွဲသွားပုံ ရှုပွားပုံကို တိုက်ရိုက် ပါဠိတော်မှာ ဟောထားပါတယ်။

မဟာသတိပဋ္ဌာန်ဆိုတဲ့ စကားကတော့ သမထနဲ့ရော ဝိပဿနာနဲ့ပါ သက်ဆိုင်ပါတယ်။

**အရှင်အာနန္ဒာနှင့် အရှင်ဘဒ္ဒ**

တစ်ချိန်မှာ အရှင်အာနန္ဒာမထေရ်မြတ်နဲ့ အရှင်ဘဒ္ဒမထေရ် ကြီးနှစ်ပါး ပါဋလိပုတ်မြို့ ကုက္ကုဋာရုံကျောင်းတိုက်ထဲမှာ သီတင်းသုံးနေ ကြတယ်။ တစ်နေ့သောအခါ အရှင်ဘဒ္ဒတစ်ပါးတည်း ကိန်းအောင်း နေရာက ညနေပိုင်းမှာ ကြွလာပြီး အရှင်အာနန္ဒာအား လျှောက်ထား တယ်။

**"ကိမတ္ထိယာနိ ဘန္တေ သီလာနိ"** = သီလတွေ မြတ်စွာဘုရား ပညတ်တော်မူခဲ့ပါတယ်။ အဲဒီသီလတွေဟာ အဘယ်အကျိုးရှိပါ သလဲလို့ မေးခွန်းထုတ်လိုက်တယ်။

အရှင်အာနန္ဒာက ငါ့ရှင်ဘဒ္ဒ သီလတွေဟာ အဘယ်အကျိုး ရှိသလဲလို့ မေးခွန်းထုတ်တာ မှန်တယ်နော်။

**"ဧဝမာဝုသော"**= မှန်ပါတယ် ငါ့ရှင်။

အရှင်အာနန္ဒာက **"ဘဒ္ဒကော တေ ဥမ္မင်္ဂေါ"**။

အာဝုသောဘဒ္ဒ= ငါ့ရှင်ဘဒ္ဒ၊ တေ= သင်၏၊ ဥမ္မင်္ဂေါ= သီလ တွေဟာ အဘယ်အကျိုးရှိသလဲဟု ကြံစည်တွေးတော၍ မေးမြန်းခြင်း သည်၊ ဘဒ္ဒကော= ကောင်းမြတ်လှပါပေ၏။

http://www.dhammadownload.com



"ဘဒ္ဒကံ ပဋိဘာနံ"= စိတ်ထဲမှာ ဖြစ်ပေါ်လာတဲ့ အသိဉာဏ်ကလဲ ကောင်းလှပါတယ်။

"ကလျာဏီပုစ္ဆာ"= ဒီမေးခွန်းဟာ ကောင်းတဲ့မေးခွန်းပဲလို့ အဲလိုပြောပြီးတော့ အရှင်အာနန္ဒာက ဘာဖြေသလဲဆိုရင် "မြတ်စွာဘုရား ပညတ်တော်မူတဲ့ သိက္ခာပုဒ်တွေဟာ မဟာသတိပဋ္ဌာန် ပွားများဖို့ ဖြစ်ပါတယ်။ သတိပဋ္ဌာန်လေးပါး ပွားများခြင်းအကျိုးရှိပါတယ်။" အဲဒီလို အရှင်အာနန္ဒာက ဖြေကြားပါတယ်။

ယောဂီသူတော်စင်များ စောင့်ထိန်းနေတဲ့ သီလကပင်လျှင် မဟာသတိပဋ္ဌာန် ပွားများဖို့ တွန်းအားပေးခဲ့တာပါပဲ။

မိမိတို့ ရှစ်ပါးဥပုသ်သီလ ဆောက်တည်ကြတယ်ဆိုတာ မဟာသတိပဋ္ဌာန် ဘာဝနာပွားများဖို့ပါပဲ။ မဟာသတိပဋ္ဌာန်ဘာဝနာ ပွားများခြင်းဆိုတဲ့ အကျိုးအာနိသင် ရှိပါတယ်။

အရှင်ဘဒ္ဒက တစ်ခါထပ်ပြီးတော့ မေးပြန်တယ်။ "အရှင်အာနန္ဒာဘုရား မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသွားတဲ့အခါကျတော့ သူတော်ကောင်းတရားဖြစ်တဲ့ သာသနာတော်ကြာမြင့်စွာ တည်တံ့တာ ဘာကြောင့်ပါလဲဘုရား" အဲလို လျှောက်ထားတယ်။

အရှင်အာနန္ဒာက "ငါ့ရှင်ဘဒ္ဒ သင်ရဲ့မေးခွန်း ရှာကြံခြင်းဟာ ကောင်းလှပါပေတယ်။ သင့်ရဲ့စိတ်ထဲမှာ ဖြစ်ပေါ်လာတဲ့ အသိဉာဏ်နဲ့ မေးခွန်းဟာလဲ တန်ဖိုးရှိလှပါပေတယ်။"

အဲဒီလို မိန့်ကြားပြီး အရှင်အာနန္ဒာက "မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသွားတဲ့အခါမှာ မဟာသတိပဋ္ဌာန်လေးပါးတို့ကို ပွားများခြင်းကြောင့် သူတော်ကောင်းတရား၊ တနည်းအားဖြင့် သာသနာဟာ အရှည်တည်တံ့ပါတယ်။

http://www.dhammadownload.com



သာသနာတော် တစ်နည်းအားဖြင့် သူတော်ကောင်းတရား အရှည်တည်တံ့ခြင်းရဲ့ အကြောင်းကတော့ မဟာသတိပဋ္ဌာန်လေးပါး ကို ပွားများခြင်း၊ ကြိမ်ဖန်များစွာ အားထုတ်ခြင်းပါပဲ။ မဟာသတိပဋ္ဌာန် တရား ပွားများအားထုတ်ခြင်းဟာ မြတ်စွာဘုရားရဲ့ သာသနာတော်၊ သူတော်ကောင်းတရား တည်တံ့ခြင်းရဲ့ အကြောင်းပါပဲ။

မြတ်စွာဘုရားရဲ့ သာသနာတော် သူတော်ကောင်းတရား အရှည်မတည်တံ့တာကတော့ မဟာသတိပဋ္ဌာန်လေးပါးကို မပွားများ လို့၊ တစ်နည်းအားဖြင့် အကြိမ်များစွာ အားမထုတ်တဲ့အတွက်ကြောင့် မြတ်စွာဘုရားရဲ့ သာသနာတော် သူတော်ကောင်းတရား ကြာရှည်စွာ မတည်တံ့ဘူး”လို့ ဖြေကြားပါတယ်။

နောက်ဆက်ပြီး အရှင်ဘဒ္ဒက ဘာဆက်မေးသလဲဆိုတော့ “အရှင်အာနန္ဒာဘုရား မြတ်စွာဘုရားရဲ့ အဆုံးအမသာသနာ သူတော်ကောင်းတရားဟာ အဘယ်အကြောင်းကြောင့် ကွယ်ပျောက် နိုင်ပါသလဲ။ အဘယ်အကြောင်းကြောင့် မကွယ်ပျောက်နိုင်ပါသလဲ ဘုရား”။

သာသနာတော် မြတ်စွာဘုရား အဆုံးအမ ကွယ်ပျောက်ခြင်းရဲ့ အကြောင်းနဲ့ မကွယ်မပျောက်ခြင်းရဲ့ အကြောင်းကို မေးပါတယ်။

အရှင်အာနန္ဒာမထေရ်မြတ်က “မဟာသတိပဋ္ဌာန်ကို အားထုတ်ကြ၊ ပွားများကြ၊ အဖန်ဖန်အားထုတ်ကြရင် ဗုဒ္ဓအဆုံးအမ သာသနာတော်ကြီး မပျောက်ဘူး။

မဟာသတိပဋ္ဌာန်လေးပါးကို မပွားများ၊ အားမထုတ်ပါရင် ဗုဒ္ဓအဆုံးအမ သာသနာတော် အလွယ်တကူ ကွယ်ပျောက်နိုင်တယ်။

http://www.dhammadownload.com



မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်မှာပင် မဟာသတိပဋ္ဌာန်ဒေသနာတော်ကြီး ဟောကြားလို့၊ တရားအားထုတ်နေကြသလို ကာယဝေဒနာစိတ္တဓမ္မတို့ အားမထုတ်ကြတဲ့ အချို့ပုဂ္ဂိုလ်များ ဗုဒ္ဓအဆုံးအမ သာသနာတော် ကွယ်နေကြတာပါပဲ။ တစ်နည်းအားဖြင့် သူတော်ကောင်းတရား ကွယ်နေကြပါတယ်။

ဒေဝဒတ်တို့လိုကျတော့ မြတ်စွာဘုရားနဲ့ တိုက်ရိုက်တွေ့ပြီး ဘုရားဟောတဲ့ တရားပွဲကြီးတွေလဲ ကြုံနေကြတယ်။ သို့သော်လဲ ဒေဝဒတ်ရဲ့သန္တာန်မှာ သူတော်ကောင်းတရား သာသနာ ကွယ်ပျောက်နေပါတယ်။

အခုအချိန်အခါမှာ မြတ်စွာဘုရားရဲ့ အဆုံးအမတော်ကြီးများ၊ မဟာသတိပဋ္ဌာန် ကာယဝေဒနာ စိတ္တဓမ္မ ကျင့်ကြံနည်းများလဲ (၄)မျိုး ခေါင်းစဉ်ထားပြီး ယခင်ကအတိုင်း တည်ရှိနေပါတယ်။

## ဣတိဝုတ်နှင့် ခုဇ္ဇုတ္တရာ

အဲဒီအထဲမှာ ထူးထူးခြားခြား တည်ရှိတာက ခုဇ္ဇုတ္တရာခေါ်တဲ့ အမျိုးသမီးဟောတဲ့တရားပါပဲ။ ခုဇ္ဇုတ္တရာဆိုတဲ့ အမျိုးသမီးကြီးဟာ အသင်အကြားအမြင်များတဲ့အတွက် ဗဟုသုတအရာဧတဒဂ်ရတဲ့ အမျိုးသမီးကြီးပါ။

မြတ်စွာဘုရားစီက တရားတစ်ပုဒ်နာတယ်။ သာမာဝတီ မိဖုရားနဲ့ မောင်းမမိဿံအပေါင်းတို့အား နန်းတွင်းမှာထပ်ပြီးတော့ ဟောတယ်။

"ဣတိဝုတ္တံ ဘဂဝတာ။"

http://www.dhammadownload.com



ဣတိ= ဤသို့၊ ဘဂဝတာ= မြတ်စွာဘုရားသည်၊ ဝုတ္တံ= ဟောတော်မူအပ်ပေပြီ။

မြတ်စွာဘုရား ဘယ်လိုဟောတယ်။ ဘယ်ပုံဟောတယ်လို့ ထပ်ဆင့်ပြီးတော့ ဟောတယ်။

အဲဒီကျမ်းက နိကာယ်ငါးရပ်ထဲမှာ ခုဒ္ဒကနိကာယ်၊ ဣတိဝုတ်ကျမ်းပါ။

ခုဇ္ဇုတ္တရာဟောထားတာ သုတ္တန်ပေါင်း (၁၁၁)သုတ် ရှိပါတယ်။ အဲဒီသုတ္တန်ပေါင်း (၁၁၁)သုတ် ဒေသနာတော်တွေကို အရှင်မဟာကဿပ အမှူးရှိတဲ့ သံဃာတော်အရှင်မြတ်ကြီးတွေကပင် အလေးထား သံဂါယနာတင်ခဲ့ပါတယ်။ ပထမသံဂါယနာ၊ ဒုတိယသံဂါယနာ၊ တတိယသံဂါယနာ၊ စတုတ္ထသံဂါယနာ၊ ပဉ္စမသံဂါယနာ၊ ဆဋ္ဌသံဂါယနာထိအောင် ခုဇ္ဇုတ္တရာ ထပ်ဆင့်ဟောကြားတဲ့ တရားတွေ ထပ်ဆင့်သံဂါယနာ တင်ပြီးတော့ မှတ်တမ်းတင်ခဲ့ပါတယ်။ အင်မတန် ထူးခြားပါတယ်။

အဲဒီ ဣတိဝုတ်ကျမ်းကို မြတ်စွာဘုရား ဟောတဲ့တရားကို နာပြီးတော့ ထပ်ဆင့်ဟောကြားခဲ့တာပါ။

အဲဒီ ခုဇ္ဇုတ္တရာကို မြတ်စွာဘုရားက ဗဟုသုတအရာမှာ ဧတဒဂ်ပေးပါတယ်။ ချီးမြှောက်တော်မူပါတယ်။

အဲဒီ ဣတိဝုတ်ကျမ်းစသည်က ထင်ရှားရှိနေတော့ ဘုရားသက်တော်ထင်ရှား ရှိသောအခါလိုပဲ ဘုရားကိုယ်စား တရားတော်တွေဟာ ထင်ရှားရှိနေပါတော့တယ်။

အဲဒီလို ထင်ရှားရှိနေတဲ့ မြတ်စွာဘုရား ပင်မပဒေသာပင်ကြီးဟာ လွန်ခဲ့တဲ့ ၂၅၉၅ နှစ်တာကာလက ပွင့်တော်မူခဲ့တယ်၊

http://www.dhammadownload.com



ပေါ်ထွန်းခဲ့တယ်။ ယခုအခါမှာ ပင်ပွားမွေ့ပဒေသာတွေ ရှိနေပါတယ်။ ဘဝပဒေသာ လူ့ဘဝရနေကြသူများအနေနဲ့ ဓမ္မပဒေသာမှ ဆူးယူသုံးစွဲဖို့ လိုပါတယ်။

**ကုစ္ဆိတတ္ထ ပဒေါသာရော၊ ဖလပုပ္ဖော ပသောဘိတော။**

**သဏ္ဍာယောယ မပုဗ္ဗော၀၊ ကပ္ပရုက္ခော သမုဋ္ဌိတော။**

အယံကပ္ပရုက္ခော= ဤဗုဒ္ဓမြတ်စွာ ပဒေသာပင်ကြီးသည်၊ ကုစ္ဆိတတ္ထပဒေါ= လောကုတ်လောကီ နှစ်လီသော အကျိုးစီးပွားကို ပေးစွမ်းတော်မူနိုင်ပါ၏။ သာရော= သီလသမာဓိ ပညာရှိ၍ ပြည့်သော အနှစ်သာရရှိပါပေ၏။ ဖလပုပ္ဖော ပသောဘိတော= သိ၍မကုန် သီးပွင့်စုံ၍ အဖုံဖုံ အစားစား များပြားပြည့်ကြွယ် တင့်တယ်တော်မူပါပေ၏။

သဏ္ဍာယော= ရောင်ခြည်တော်ခြောက်သွယ် အသွယ်သွယ်ဖြင့် ပြန့်ကျယ်သော အရိပ်အာဝါသရှိတော်မူပါပေ၏။ (ခြောက်ရောင်ခြယ် သာသနာ့အောင်အလံက တော်တော်ဆန်းကြယ်တယ်။ လွန်ခဲ့တဲ့ နှစ်တစ်ရာလောက်က အမေရိကန်နိုင်ငံသား ကျောင်းသား တစ်ယောက်က သီဟိုနိုင်ငံလာပြီး ဗုဒ္ဓဘာသာအဖြစ် ခံယူတယ်။ ရဟန်းပြုတယ်။ ကဆုန်လပြည့် ဗုဒ္ဓနေ့ကို တရားဝင်ရုံးပိတ်ရက် သတ်မှတ်ဖို့နဲ့ ရောင်ခြည်တော် (၆)ပါးကို သာသနာ့အောင်လံလုပ်ဖို့ အမေရိကန်နိုင်ငံသား ကျောင်းသားရဟန်းတော်ကပဲ တောင်းဆို အကြံပြုခဲ့ရာမှ စတင်အသုံးပြုခဲ့ကြတယ်။) အယံကပ္ပရုက္ခော= ဤဗုဒ္ဓမြတ်စွာ ပဒေသာပင်ကြီးသည်၊ အပုဗ္ဗော၀= ရှေးရှေးခေတ်က မဖြစ်စဖူး အသစ်အထူး ဖြစ်၍သာလျှင်၊ သမုဋ္ဌိတော= ဒို့ကံအလျှောက် ကောင်းစွာပေါ်ပေါက်၍ လာပါပေသတည်း။

သာဓု - သာဓု - သာဓု

➤➤➤➤➤

http://www.dhammadownload.com



**သင်္ဂဇာဆရာတော်**

ယနေ့ သာသနာတော်နှစ် ၂၅၅၀ ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခု၊ တပို့တွဲလပြည့်ကျော် (၇)ရက်နေ့။

(၁၀၄)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ဝင်ရောက်အားထုတ်နေကြတဲ့ ယောဂီသူတော်စင်များ။

ယနေ့အားထုတ်ခဲ့တဲ့ သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်း၊ မဟာသတိပဋ္ဌာန် ကျင့်ပွားမှုဟာ ယနေ့နောက်ဆုံးနေ့ပါပဲ။

ဘုန်းကြီးတို့ သာသနာတော်မှာ ထင်ရှားကျော်ကြားတဲ့ (သင်္ဂဇာ) ဆရာတော်ဘုရားကြီးက ငယ်ငယ်တုန်းက ပေစာထုပ်တွေ ထမ်းပြီးတော့ စာသင်ခဲ့ရတယ်။ စာတတ်ပြန်တော့လဲ ပေစာနဲ့ စာချခဲ့ရပါတယ်။

အသက်ကြီးလို့ တရားအားထုတ်ဖို့ ပြင်ဆင်လိုက်တော့ ခေါင်းကရှေ့ရောက်လာပြီလို့ ငြီးတွားဘူးတယ်တဲ့။

မှန်ပါတယ်။ မြတ်စွာဘုရားကလဲ **"ဈာယထ ဘိက္ခဝေ မာပမာဒတ္ထ"**= သစ်တစ်ပင်ရင်း ကပ်၍ဖြစ်စေ၊ ဆိတ်ငြိမ်ရာကပ်၍ ဖြစ်စေ သမထကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်းကို ပွားများကြ ရှုပွားကြ၊ မာပမာဒတ္ထ= မေ့မေ့လျော့လျော့ မနေကြနဲ့။

**မာပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ။**

နောက်ကျကာမှ မြတ်စွာဘုရား သာသနာတော်နဲ့ ကိုယ်တိုင် တွေ့ကြုံရပေမယ့် တရားအားမထုတ်ရလေချင်းလို့ နောင်တတစ်ဖန် ပူပန်မှု မပြုကြပါနဲ့။ တရားအားထုတ်ဖို့ အကောင်းဆုံးအချိန်က -

**နုပျိုခန့်ကျန်း ရလွယ်ဆွမ်းနှင့် ငြိမ်းချမ်းပြည်ရွာ များသံဃာ ညီညာခါကောင်းတည်း။**

http://www.dhammadownload.com



တရားအားထုတ်ဖို့ အကောင်းဆုံးအချိန်က ဘယ်အချိန်လဲ။

နုပျိုငယ်ရွယ်တဲ့အခါ တရားအားထုတ်လို့ကောင်းတယ်။ ကျန်းမာတဲ့အခါ တရားအားထုတ်ဖို့ ကောင်းတယ်။ အစာရေစာ ဝပြောကြတဲ့အခါမှာ ရဟန်းတော်များ ဆွမ်းရလွယ်တဲ့အခါမျိုး တရားအားထုတ်ဖို့ ကောင်းတယ်။ တိုင်း, ခရိုင်, ပြည်, ရွာ ငြိမ်းချမ်းနေတဲ့အခါ တရားအားထုတ်ဖို့ ကောင်းတယ်။

သံဃာတော်များ ညီညွတ်တဲ့အခါ တရားအားထုတ်လို့ ကောင်းတယ်။ အခုလို တရားအားထုတ်ဖို့အချိန်ကောင်း အခါကောင်း နဲ့ ကြုံနေကြတဲ့အခါမှာ တရားအားမထုတ်ဖြစ်ကြဘူးဆိုရင် အိုမင်း ရင့်ရော်တဲ့အခါ ငယ်ငယ်က တရားအားမထုတ်မိလေခြင်းဆိုပြီး ငါးမရှိတဲ့ညွန်အိုင်၌ ကြိုးကြာအိုကြီးတို့လို နောင်တရတတ်တယ်။

ဒါကြောင့် **"မာပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ"** မြတ်စွာဘုရား က သတိပေးခဲ့ပါတယ်။ အဲဒါဟာ ဘုရင်တို့ရဲ့ အဆုံးအမ ဩဝါဒပါပဲ။

ဒီနေ့ (၁၀၄)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရား စခန်းမှာ တရားအားထုတ်နေကြတဲ့ ယောဂီသူတော်စင်တွေ မဟာ သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်ရတာ ကျေနပ်အားရဖို့ ကောင်းပါတယ်။

**သောကာ အသောကာ**

တစ်ချိန်က အရှင်သာရိပုတ္တရာရယ်၊ အရှင်မောဂ္ဂလာန်ရယ်၊ အရှင်အနုရုဒ္ဓါရယ် မထေရ်ကြီးသုံးပါး သာကေတမြို့မှာ သီတင်းသုံး ကြပါတယ်။ သာကေတမြို့ တောအုပ်တစ်ခုမှာပါ။

http://www.dhammadownload.com



အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလာန်တို့က ညနေချမ်း အချိန်မှာ အရှင်အနုရုဒ္ဓါစီ ကြွသွားကြတယ်။ ကြွသွားပြီးတော့ ဘာမေးသလဲဆိုတော့-

**သေက္ခော သေက္ခောတိ အနုရုဒ္ဓ ဝုစ္စတိ ကိတ္တာဝတာ နုခေါ သေက္ခောတိ ဝုစ္စတိ။**

စသည်ဖြင့် မေးတော်မူပါတယ်။

"အနုရုဒ္ဓါ သိက္ခာသုံးပါး ကျင့်ဆဲ ကျင့်ဆဲ ပုဂ္ဂိုလ်ကို သေက္ခလို့ ခေါ်ဆိုကြတယ်။ ဘယ်လိုပုဂ္ဂိုလ်ကို သေက္ခပုဂ္ဂိုလ်လို့ ခေါ်ကြသလဲလို့ မေးတော့ -

အရှင်အနုရုဒ္ဓါက "ငါ့ရှင်တို့ မဟာသတိပဋ္ဌာန်လေးပါးထဲက တစ်စိတ်တစ်ဒေသကိုပင် ပွားများအားထုတ်နိုင်တဲ့အတွက်ကြောင့် မဂ်ပုဂ္ဂိုလ်လေးယောက်နဲ့ အောက်ဖိုလ်ပုဂ္ဂိုလ်သုံးယောက်ကို သေက္ခလို့ ခေါ်ရပါတယ်ဘုရား"

ထပ်ပြီးတော့ မေးကြပြန်တယ်။

**"အသေက္ခော အသေက္ခောတိ ဘန္တေ ဝုစ္စတိ၊**

**ကိတ္တာ ဝတာနုခေါ အသေက္ခောတိ ဝုစ္စတိ။"**

ရဟန္တာပုဂ္ဂိုလ်များကို အသေက္ခလို့ ခေါ်ကြတယ်။ အဘယ်မျှ လောက်အတိုင်းအတာရှိတဲ့ ပုဂ္ဂိုလ်ကို အသေက္ခရဟန္တာလို့ ခေါ်ပါ သလဲလို့ မေးပါတယ်။

"မဟာသတိပဋ္ဌာန်လေးပါးကို ပြည့်ပြည့်စုံစုံ ကျင့်ပြီးသား ပုဂ္ဂိုလ်ကို အသေက္ခရဟန္တာပုဂ္ဂိုလ်လို့ ခေါ်ပါတယ်ဘုရား"လို့ အရှင် အနုရုဒ္ဓါမထေရ်က ဖြေတော်မူပါတယ်။

http://www.dhammadownload.com



အခု တရားအားထုတ်နေကြတဲ့ ယောဂီများ အသေက္ခပုဂ္ဂိုလ်များလိုမျိုးတော့ မဟာသတိပဋ္ဌာန်ကို ပြည့်ပြည့်စုံစုံ အားထုတ်နိုင်ကြမှာ မဟုတ်ပါဘူး။

သို့သော်လဲ သေက္ခပုဂ္ဂိုလ် (၇)ယောက်တို့ကဲ့သို့ သေက္ခပုဂ္ဂိုလ် (၇)ယောက်တို့ ကြွသွားတဲ့လမ်းအတိုင်း နောက်ကလိုက်ပြီးတော့ စပြီးတော့ အာနာပါနကမ္မဋ္ဌာန်းနဲ့ ဧရာတယ်လာတာဆိုတော့ ကာယာနုပဿနာသတိပဋ္ဌာန်။

မိမိတို့သန္တာန်မှာ ဖြစ်တဲ့ဝေဒနာကို ရှုမှတ်တဲ့ ဝေဒနာကမ္မဋ္ဌာန်း။ မိမိတို့ ရှုမှတ်တဲ့ စိတ်ကလေးက စပြီးတော့ စိတ်ကလေးရဲ့ 'သမုဒယ' ဖြစ်ပုံ၊ 'ဝယ' ပျက်ပုံ၊ သမုဒယ-ဝယ ဖြစ်ပုံပျက်ပုံတို့ကို ဉာဏ်အမြင်နဲ့ ကြည့်တဲ့အခါ စိတ္တာနုပဿနာလဲ ပါတယ်။

ရုပ်နာမ်အစုအဝေးတရားတို့ကို ရှုမှတ်တဲ့အခါ ဉာဏ်နဲ့ရှုတဲ့အခါ ဓမ္မာနုပဿနာ။

သေက္ခပုဂ္ဂိုလ် (၇)ယောက်တို့ ကျင့်သွားတဲ့လမ်းအတိုင်း ထပ်ချပ်မကွာ တိတိကျကျ မဟုတ်စေကာမူ တစ်စိတ်တစ်ဒေသ အားဖြင့် လိုက်နိုင်ခဲ့ကြတယ်။

ထပ်ပြီးတော့ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးတို့က ထပ်ပြီးတော့ မေးပြန်တယ်။

အရှင်အနုရုဒ္ဓါ အရှင်မြတ်က ရဟန်းပြုတဲ့ ဝါတွင်းမှာပဲ ဒိဗ္ဗစက္ခု အဘိညာဉ်ရတော်မူတယ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတဲ့အခါ ပရိနိဗ္ဗာန် စံ၊ မစံလိုက်ပြီးတော့ အကဲဖြတ်တာဟာ အရှင်အနုရုဒ္ဓါ မထေရ်မြတ်ကြီးပါပဲ။ အရှင်အနုရုဒ္ဓါကို အဂ္ဂသာဝကအရှင်မြတ်ကြီး နှစ်ပါးက မေးကြတယ်။

http://www.dhammadownload.com



"အရှင်ဘုရား အနုရုဒ္ဓါ အရှင်ဘုရားဟာ အဘယ်တရားကို ပွားများလို့ အဘိညာဉ်ခြောက်ပါးနဲ့ ပြည့်စုံတဲ့ ရဟန္တာဖြစ်ပါသလဲ ဘုရား" တဲ့။

အရှင်အနုရုဒ္ဓါက "တပည့်တော် မဟာသတိပဋ္ဌာန်လေးပါးကို ပွားများအားထုတ်တဲ့အတွက် အဘိညာဉ်ခြောက်ပါး ရရှိတဲ့ ရဟန္တာ ဖြစ်ရပါတယ်ဘုရား"။

အရှင်မြတ်ကြီးတွေလဲ ဒီမဟာသတိပဋ္ဌာန်လေးပါးပဲ အားထုတ်ကြရတာပါပဲ။

ယောဂီသူတော်စင်များလဲ ဒီမဟာသတိပဋ္ဌာန်လေးပါးကို ပွားများအားထုတ်ရင် အဆင့်မြင့်မဂ်ဖိုလ်များကို ရနိုင်ပါတယ်။

**အရှင်အာနန္ဒာနှင့် သိရိဝဍ္ဎ**

တစ်ချိန်မှာ အရှင်အာနန္ဒာကိုယ်တော်မြတ်က သိရိဝဍ္ဎဆိုတဲ့ ဒကာစီကြွတော်မူတယ်။ သိရိဝဍ္ဎဒကာက နေမကောင်းဖြစ်နေလို့ပါ။

အရှင်အာနန္ဒာမထေရ်မြတ်က ကြွပြီး ကျန်းမာရေးအခြေအနေကို မေးတယ်။

**"ကစ္စိဂဟပတိ ခမနီယံ ကစ္စိယာပနီယံ"**

"ဒကာကြီး ကျန်းမာရဲ့လား၊ သက်တောင့်သက်သာရှိရဲ့လား" လို့ မေးတဲ့အခါ သိရိဝဍ္ဎဒကာက "မသက်သာပါဘူးဘုရား၊ ရောဂါတွေဟာ အလျော့မရှိပဲနဲ့ အတိုးပဲရှိပါတယ်ဘုရား"လို့ လျှောက်ထားတယ်။

အရှင်အာနန္ဒာကိုယ်တော်မြတ်က ဘာသတိပေးသလဲဆိုရင် "ဒီလိုဆိုရင် ဒကာကြီး မဟာသတိပဋ္ဌာန်ပဲ ပွားများပါ"။

http://www.dhammadownload.com



ဘုန်းကြီးတို့ ဒီလိုအဖြစ်မျိုး တစ်နေ့နေ့ တစ်ချိန်ချိန် မလွဲမသွေ တွေ့ကြရမှာ။ အဲဒီအခါ ဘယ်လိုနေရမလဲ။ "မဟာသတိပဋ္ဌာန်ပဲ ပွားများနေရမှာပါ"။

အဲဒီအချိန်ကျမှ မဟာသတိပဋ္ဌာန် ပွားများနည်းကို ဆရာတော်တစ်ပါးပါးစီက ကမ္မဋ္ဌာနာစရိယတစ်ဦးဦးကိုဖြစ်စေ ပင့်ပြီးတော့ တရားအားထုတ်နည်း တောင်းနေမယ်ဆိုရင်တော့ သိပ်မလွယ်ဘူး။ စောစောစီးစီးပဲ ကြိုကြိုတင်တင် ဆောင်ရွက်သင့်တဲ့ကိစ္စကို ဆောင်ရွက်ထားကြရမှာ။

မဟာသတိပဋ္ဌာန်ကို ကြိုတင်ပြီး အားထုတ်ထားရမယ်။ အဲဒီလို အားထုတ်ထားတဲ့အခါမှာ အိုဘေးဆိုးကြီး၊ နာဘေးဆိုးကြီး၊ သေဘေးဆိုးကြီးတွေနဲ့ ရင်ဆိုင်ကြရတဲ့အခါမှာ မဟာသတိပဋ္ဌာန်ကို အဖေါ်ပြုပြီး နေနိုင်ကြမယ်။ ဒီအခွင့်ထူးကြီးရအောင် ယူနိုင်ဖို့ ပြင်ဆင်ထားပါ။

အာနာပါနကမ္မဋ္ဌာန်း များများအားထုတ်ထားတဲ့ ပုဂ္ဂိုလ်များဟာ နောက်ဆုံးထွက်လေထိအောင်တောင်မှ နောက်ဆုံးအသက်ထွက်တဲ့အချိန်ထိအောင် အနီးဆုံးအချိန်ထိအောင် သိနိုင်တဲ့အခွင့်ထူး ရှိတယ်။

ဘုန်းကြီးတို့ ကျေးဇူးတော်ရှင် ကလေးဝဆရာတော်ဘုရားကြီးဟာ အများကသိနေတာ လောကီကိစ္စတွေ ဆောင်ရွက်ပေးနေတဲ့ ဘုန်းကြီးလို့ သိကြတယ်။ သို့သော်လဲ တရားသဘောနဲ့ အချောကိုင်၊ အမြဲတမ်းတရားနဲ့ နေတာကို တွေ့ရတယ်။

နောက်ဆုံး (၅၉)ကြိမ်မြောက် ပြည်ထောင်စုနေ့ဆိုရင် ဆရာတော်ပျံတော်မူတာ (၁၉)နှစ်။

http://www.dhammadownload.com



လွန်ခဲ့တဲ့ နှစ်(၂၀)က နံက် (၁၁)နာရီ ခေါင်းရိတ်ပါတယ်။ ရေချိုးပါတယ်။ (၁၁)နာရီခွဲ ဆွမ်းနည်းနည်း ဘုန်းပေးသေးတယ်။

(၁၂)နာရီခွဲလောက်ကျတော့ နှစ်ထပ်သက်နန်းကြီးခြုံလို့ နားဦးမယ်ဆိုပြီး နားတာပါပဲ။ ကျကျနန သက်နန်းကို ခြုံပေးရတယ်။ ကျိန်းအုံးမယ်တဲ့။

နောက်တော့ ခေါင်းလောင်းလေးနှိပ်လိုက်တာ။ ကျေးဇူးရှင် ဆရာတော်ဘုရား ကျိန်းနေတာပဲဆိုပြီး တစ်ဆောင်တည်းပဲ ဆက်ထားတဲ့ နောက်ဖေးအခန်းမှာ နေကြတာပဲ။ မဝေးပါဘူး။ ပေ (၃၀)လောက် ဝေးမှာပါပဲ။

ခေါင်းလောင်း ဘဲလ်နှိပ်ပြီးခေါ်လိုက်တော့ အပြေးအလွှား သွားကြည့်ကြ၊ သွားကြည့်တော့ ဆရာတော် ပျံတော်မူနေပြီ။

မိနစ်ပိုင်းထိအောင် ဆရာတော်ထွက်လေဝင်လေကို ရှုမှတ်ပြီး သိသွားတဲ့သဘောရှိတယ်၊ ဘာမှမကြာဘူး။ ခေါင်းလောင်းလေး နှိပ်လိုက်လို့ သွားကြည့်တော့ ပျံတော်မူနေပြီ။

အဲဒီတော့ အလေ့အကျင့် တရားအားထုတ်မှုဟာ အင်မတန် အရေးကြီးပါတယ်။ ဘုန်းကြီးတို့ သာမဏေ ဥပဇ္ဈာယ်ဆရာတော် ဘုရားကလဲ ရဟန်း (၅)ဝါမှာ စတင်တရားအားထုတ်တယ်။ တောထဲ တောင်ထဲမှာ အနေများတယ်။ ပျံတော်မူတဲ့နေ့ကျတော့ မျက်နှာသစ် ပေးဖို့သွားတော့ လက်လေးကာပြပြီး ဆက်ပြီးတော့ သူ့အာရုံလေးနဲ့သူ နေတာ။ ပြီးတော့ ပျံတော်မူနေတာပါပဲ။ နံနက် (၅)နာရီလောက်မှာ ပျံတော်မူနေတယ်။

လက်ကလေးကာပြပြီးနေတဲ့အချိန်နဲ့ ပျံတော်မူတဲ့အချိန်ဟာ သိပ်မကွာလှပါဘူး။ သတိကောင်းနေတဲ့ သဘောရှိတယ်။ တရား

http://www.dhammadownload.com



သဘောနဲ့ အချောကိုင်တော်မူနိုင်ခဲ့တယ်။

ဒကာကြီးရဲ့ အနာရောဂါကလဲ နောက်မဆုတ်ဘူး။ ပြင်းထန်တယ်ဆိုတော့ သတိပဋ္ဌာန်လေးပါးပဲ ပွားပါလို့ အရှင်အာနန္ဒာက မိန့်လိုက်တော့ သီရိဝဍ္ဎဒကာကြီးက ဘာပြောသလဲဆိုတော့-

**"ဣမေ ဘန္တေ ဘဂဝတာ မဟာသတိပဋ္ဌာနာ ဒေသိတာ"**

အရှင်ဘုရား အာနန္ဒာ မြတ်စွာဘုရားက တပည့်တော်အား သတိပဋ္ဌာန်လေးပါး ဟောခဲ့ပါတယ်ဘုရား။ အဲဒီသတိပဋ္ဌာန်လေးပါး တပည့်တော်မှာ ရှိပါတယ်ဘုရား။ (တရားတော်ကို မိမိထံသို့ ဆောင်ထားပုံ)

တပည့်တော်ကလဲ အဲဒီတရားတွေအပေါ်မှာ ကောင်းစွာတည်ရှိနေပါတယ်ဘုရား။ (မိမိကိုယ်ကို တရားတော်သို့ ဆောင်ပုံ)

မြတ်စွာဘုရားက သတိပဋ္ဌာန်လေးပါး တပည့်တော်အား ဟောခဲ့ပါတယ်။ အဲဒီတရားတွေအပေါ်မှာ တပည့်တော် တည်ရှိပါတယ်ဘုရားလို့ ဒီစကားလျှောက်တယ်။

မဟာသတိပဋ္ဌာန်နဲ့ ရာသက်ပန်နေသွားတဲ့ သီရိဝဍ္ဎဒကာကြီးက ဆက်လျှောက်တာက-

**ယာနိမာနိဘန္တေ ပဉ္စော ရမ္ဘာနိယာနိ သံယောဇနာနိ ဒေသိတာနိ။**

မြတ်စွာဘုရားက အောက်မင်္ဂတို့ဖြင့် ပယ်အပ်တဲ့ ဩရမ္ဘာဂိယသံယောဇဉ်ငါးမျိုးတို့ကို ဟောပါတယ်။ အရှင်ဘုရား ကာမရာဂသံယောဇဉ်၊ ပဋိဃသံယောဇဉ်၊ ဒိဋ္ဌိသံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ သီလဗ္ဗတပရာမာသသံယောဇဉ်၊ အဲဒီ သံယောဇဉ်ငါးပါး တပည့်တော်ထံမှာ မပယ်ရသေးဘူးဆိုတာ မရှိပါဘူးဘုရား။ အဲဒီ သံယောဇဉ်ငါးမျိုး

http://www.dhammadownload.com



ပယ်ပြီးသား ဖြစ်ပါတယ်ဘုရားလို့ လျှောက်တဲ့အခါ အရှင်အာနန္ဒာက သိပ်သဘောကျကျေနပ်သွားပြီးတော့-

**"လာဘာတေ ဂဟပတိ၊ သုလဒ္ဓံတေ ဂဟပတိ၊**

**အနာဂါမိ ဖလံတယာ ဂဟပတိ ဗျာကတံ"။**

ဂဟပတိ= သူကြွယ်၊ တယာ= သင်သည်၊ အနာဂါမိဖလံ= အနာဂါမိဖိုလ်ကို ဗျာကတံ= ပြောကြားအပ်ပေပြီ။ ဂဟပတိ= သူကြွယ်၊ တေ= သင့်အား၊ လာဘာ= အရတော်လေစွ၊ ဂဟပတိ= သူကြွယ်၊ တေ= သင်သည်၊ မနုဿတ္တံ= လူ၏အဖြစ်ကို၊ သုလဒ္ဓံ= ကောင်းစွာ ရအပ်ပြီ၊ အရတော်လေစွလို့ ဝမ်းမြောက်စကား ပြောတယ်။

ဒကာကြီး သီရိဝဍ္ဎ သင်ဟာ အနာဂါမိဖိုလ်ကို ပြောကြား ဖြေကြားတယ်။ သင်ဟာ လူ့ဘဝအရတော်လေစွ၊ လူ့အဖြစ်ကို ကောင်းကောင်းမွန်မွန် ရပါပေစွလို့ အားပေးစကား ပြောခဲ့တယ်။ တကယ်လဲ ဝမ်းမြောက်ဖို့ ကောင်းတယ်။ တရားနဲ့အပြီးသတ် အချောကိုင်နိုင်တာကိုး။

အရေးကျရင် တရားဟာ အင်မတန် အားကိုးရပါတယ်။ ဒါကြောင့် အားကိုးစရာ ကိုးကွယ်ရာ သုံးမျိုးထဲမှာ တရားတော် ပါဝင်တယ်။ ဘာကြောင့် အားကိုးရသလဲဆိုတော့-

**"ဘဝကန္တာရာ ဥတ္တာရဏေန အဿာသဒါနေနစ ဓမ္မော။"**

ဘဝခရီးခဲမှ ထုတ်ဆောင်တတ်သောကြောင့် တရားတော်သည် အားကိုးရာ၊

ဘဝမှာ စိတ်ရဲ့သက်သာရာကို ပေးတတ်သောကြောင့် တရားတော်သည် အားကိုးရာ၊

http://www.dhammadownload.com



တရားတော် အားကိုးရာဖြစ်တဲ့အတွက် တရားရှင်ဖြစ်တဲ့ မြတ်စွာဘုရားကိုလဲ မြတ်နိုးကြရမယ်။ တရားနဲ့သာတွေ လိမ်းကျံထားတဲ့သံဃာတော်အရှင်မြတ်တွေကိုလဲ မြတ်နိုးကြရတယ်။

အဲဒီလို ဘဝခရီးခဲမှ ထုတ်ဆွဲယူဆောင်တတ်၍ စိတ်ရဲ့ သက်သာမှု ဘဝငြိမ်းချမ်းမှုကို ပေးနိုင်တဲ့ တရားကို ယခုနှစ်ပေါင်း ၂၅၀၀ ကျော်အောင် ဘုန်းကြီးတို့နဲ့ ဒီသာသနာတော်၊ ယောဂီသူတော်စင်တွေနဲ့ တရားတော်တွေ တိုက်တိုက်ဆိုင်ဆိုင် ကြုံရ ဆုံရလေအောင် လက်ဆင့်ကမ်း ပုခုံးပြောင်း သယ်ဆောင်လာခဲ့ကြတဲ့ သံဃာတော်များကိုလဲ ကြည်ညိုကြရတယ်။

**မာနေန္တိ ဓမ္မံ ကာမာယေ၊ ဓမ္မမာဂမ္မ ဒေသကံ။**

**ဗုဒ္ဓဉ္စ မတဒံ သံဃံ၊ ဓမ္မောဇာ မတလိမ္ပိတံ။**

ယေ= ဗြဟ္မာနတ်လူ အကြင်သူတို့သည်၊ ဓမ္မကာမာ= ချမ်းသာဖို့ရေး ပို့ဆောင်ပေးမည့် လေးစားအပ်သော မြတ်သဘောကို မနော ရွှင်ပျို နှစ်လိုကြကုန်သည်ဖြစ်၍၊ ဓမ္မံ= သုံးပုံပိဋကတ် ငါးရပ်နိကာယ် ကိုးသွယ်အင်္ဂါ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) များမြောင်လှစွာသော တရားတော်ကို၊ မာနေန္တိ= မြတ်နိုးကြပေကုန်၏။ တေ= ထိုတရားမြတ်နိုးကြကုန်သော ပုဂ္ဂိုလ်တို့သည်၊ ဓမ္မမာဂမ္မ= သံသရာဝဋ်ဗွေ ကရွတ်ခွေမှ လွတ်စေနိုင်တောင်း တရားကောင်းကို အကြောင်းပြုစွဲမှီ၍၊ ဒေသကံ= လေးဆယ်နဲ့ငါး ချိန်မြင့်လျားအောင် ဟောကြားမြွက်ဖေါ်တော်မူတတ်သော၊ အမတဒံ= မြိုက်ရည်ချိုဆိမ့် ပီတိငြိမ့်အောင် ဟောမိန့်သာကြူ ပေးသနားတော်မူတတ်သော၊ ဗုဒ္ဓဉ္စ= အကျင့်စရိုက် အသင့်လိုက်၍ အမြိုက်ရည် တိုက်ကျွေးတော်မူတတ်သည့် ကျေးဇူးကြီးမား တရားသခင် ဘုရားရှင်ကိုလည်းကောင်း၊ ဓမ္မောဇာမတ လိမ္ပိတံ= ကိလေ

http://www.dhammadownload.com



ချေးမြို့ ဖွေးဖွေးဖြူသည့် မွေးကြူပြန့်ငြိမ်း အမြိုက်ရည်လိမ်းတော်မူအပ်သော၊ သံဃဥ္စ= ရှစ်ယောက်အရိယာ မြတ်သံဃာကိုလည်းကောင်း၊ ဝါ= သင်ဟောပို့ချ ကျင့်ကြံကြိုးကုတ် အားထုတ်ရေးသား ဟောပြောတော်မူလျက် သာသနာတော်မကွယ်ရေး အားပေးဆောင်ရွက်တော်မူခဲ့ကြသော သံဃာတော်အရှင်မြတ်များကိုလည်းကောင်း၊ မာနေန္တိ= ကျေးဇူးဂုဏ်သိရ် နှလုံးအိမ်၌ တည်ငြိမ်မွေ့အောင်း မရွေ့ပြောင်းပဲ နှစ်ထောင်းအားရ ကြည်ညိုမြတ်နိုးကြရပါကုန်သတည်း။

သာဓု - သာဓု - သာဓု

➤➤➤➤➤

http://www.dhammadownload.com



**လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ**
**လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့၊ ဥက္ကဋ္ဌ**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**
**တွဲဖက်အကျိုးတော်ဆောင်(၁)**
**ကလေးဝတောရဆရာတော်**
**ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ**
**အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ**
**ပရိယတ္တိသာသနဟိတရေ**

## လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

**ဟောကြားတော်မူသော**
**(၁၀၅) ကြိမ်မြောက်**

### တပေါင်းလပြည့်

သာသနာတော်နှစ် ၂၅၅၀ နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၄)ရက်ကစပြီးတော့ ကျင်းပခဲ့တဲ့ လယ်တီဝိပဿနာ (၇)ရက်တရားစခန်း။

တပေါင်းလပြည့်နေ့က ထူးခြားတဲ့ နေ့ထူးနေ့မြတ် မြတ်စွာဘုရား အရိယာရဟန်းတော် နှစ်သောင်းခြံရံပြီးတော့ ကပိလဝတ် နေပြည်တော်ကို ပြန်ကြွတော်မူခဲ့တဲ့နေ့။

ဒါကြောင့်မို့ တပေါင်းလဟာ မြတ်စွာဘုရား သာသနာတော်နဲ့ ပတ်သက်ပြီးတော့ မှတ်တမ်းဝင် နေ့ထူးနေ့မြတ်တစ်ခု ဖြစ်ပါတယ်။

ကမ္ဘာနဲ့ပြောမယ်ဆိုရင် ကမ္ဘာဦးအခါ နေတို့၊ လတို့ စတင် ဖြစ်ပေါ်လာတဲ့ တပေါင်းလပြည့်နေ့။

http://www.dhammadownload.com



မြန်မာနိုင်ငံအနေနဲ့ပြောမယ်ဆိုရင်လည်း တပေါင်းလပြည့်နေ့ဟာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ နိုင်ငံတော်အစိုးရက အသီးအသီး ဆက်ကပ်လှူဒါန်းတဲ့နေ့ ဖြစ်ပါတယ်။

ဘုန်းကြီးတို့အနေနဲ့ ပြောမယ်။ ဒီတပေါင်းလဟာ ထူးခြားတဲ့ လတစ်ခုလို့ ဆိုနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လွန်ခဲ့တဲ့နှစ်ပေါင်း (၄၇)နှစ် တပေါင်းလဆန်း (၇)ရက် တနင်္လာနေ့က ဘုန်းကြီးတို့ ရဟန်းအဖြစ် ရရှိခဲ့တဲ့နေ့ဖြစ်ပါတယ်။

ဘုန်းကြီးအနေနဲ့ ခုလိုတပေါင်းလပြည့်နေ့မတိုင်မီ ရက်ပိုင်းလေးတွေမှာ သံဃာအဖွဲ့အစည်းအဆင့်ဆင့်မှာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများက တာဝန်အရပ်ရပ်ကို စုံညီစွာအပ်နှင်းသဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး အထူးဆောင်ရွက်ခွင့်ရခဲ့တဲ့အချိန်အခါလို့ ဆိုရပါမယ်။

ဒီထက်ထင်ရှားအောင် ပြောမယ်ဆိုရင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရက အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်တွေကို ဒီတပေါင်းလပြည့်နေ့မှာပဲ ဘုန်းကြီးအား ဆက်ကပ်ခဲ့ပါတယ်။ နိုင်ငံတော်က ဂုဏ်ထူးဆောင်ဘွဲ့အပ်နှင်းတာ ဘွဲ့တံဆိပ်သုံးကြိမ် ရှိသွားပါပြီ။ ရှေးက စာမေးပွဲအောင်လို့ ကပ်တဲ့ ဘွဲ့တွေလဲ ရှိခဲ့ပါသေးတယ်။

**အနိဿယာ နသောဘန္တိ ဣတ္ထိယော ပဏ္ဍိတာ လတာ။** ဆိုတဲ့ နီတိရှိပါတယ်။ အမျိုးသမီးများ၊ ပညာရှိများ၊ နွယ်ပင်များဟာ အမှီရှိမှ တင့်တယ်တယ်။ ဘုရားသို့တည့် ပညာယှိလည်း မင်းမှမှီရာ မရပါလျှင် ထိုပညာကြီး အချီးနှီးတည်းလို့လဲ အဆိုရှိပါတယ်။

http://www.dhammadownload.com



ဆရာကြီး ဦးလှသိန်းက အပြောလဲကောင်း၊ အဟောလဲကောင်းပါတယ်။ ချင်းတောင်စတဲ့ တောင်တန်းပေါ် သာသနာတော် အရောက်ပို့ကာ သာသနာပြုလိုသော်လဲ မင်းဆိုတဲ့မှီရာမရလို့ မအောင်မြင်ခဲ့ပါ။ ဘုန်းကြီးတို့ရဲ့ တောင်တန်းသာသနာပြုလုပ်ငန်း အောင်မြင်တာ အစိုးရမင်းတို့ရဲ့ အကူအညီကောင်းကောင်းရရှိခဲ့လို့ပါပဲ။

တပေါင်းလပြည့်နေ့မှာ စတင်ပြီး တရားစခန်းဖွင့်တော့လဲ ဖွင့်ပွဲမရောက်ဖြစ်၊ လပြည့်ကျော် (၁)ရက်နေ့ကျပြန်တော့လဲ ဘွဲ့ရဆရာတော်ကြီးများအား ပူဇော်တဲ့အခမ်းအနားရှိနေတော့ မရောက်ဖြစ်၊ လပြည့်ကျော် (၂)ရက်နေ့ကျပြန်တော့လဲ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အစည်းရဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော်ဘုရား အဆင့်ဆင့်သာသနာပြုဘွဲ့တွေထဲမှာ အမြင့်ဆုံးဘွဲ့ ရရှိသဖြင့် ကြိုဆိုပွဲရှိနေတော့ မရောက်ပြန်ဘူး။

မနေ့ညက ဒီတရားစခန်းပွဲ တရားဟောဖို့ စီစဉ်တုန်းမှာပဲ အမေရိကန်က ဧည့်သည် (၂၀) ဘုန်းကြီးတို့ တရားစခန်းနဲ့ ပတ်သက်ပြီး လေ့လာဖို့လာကြတယ်။ ဒီတရားစခန်းပို့ဖို့ အချိန်မရတာနဲ့ ဟိုမှာပဲ တရားဆွေးနွေးကြ၊ ဘုန်းကြီးတို့ ကျောင်းထဲမှာရှိနေတဲ့ ရဟန်းတော်၊ သာမဏေ သာသနာ့နွယ်ဝင် သီလရှင်များရဲ့ မေတ္တာခံယူချင်တယ်ဆိုတော့ ရဟန်းပရိသတ်၊ ရှင်သာမဏေပရိသတ်၊ သီလရှင်ပရိသတ်(၁၀၀၀)ကျော်အလယ်မှာ ထိုင်ပြီး မေတ္တာခံယူကြပါတယ်။

ရဟန်း၊ သာမဏေ၊ သီလရှင်များ တရားထိုင်တာနဲ့ ပတ်သက်ပြီးတော့ လေ့လာကြတာ။ တရားစခန်းမဟုတ်သော်လဲပဲ ထိုင်နေကျဆိုတော့ တရားထိုင်နေတဲ့ အသွင်အပြင်ကိုလဲ လေ့လာခွင့်ရကြတယ်။

http://www.dhammadownload.com



အဲလို လေ့လာကြတဲ့အခါ ဘုန်းကြီးတို့ စဉ်းစားမိတယ်။ ကမ္ဘာသူ ကမ္ဘာသားအချို့ဟာ တရားကို သိပ်ပြီးလိုချင်နေကြ၊ တရားသိပ်လိုချင်ကြသော်လည်း တရားပြည့်ပြည့်စုံစုံ နာကြားကြရဖို့ကလဲခက်တယ်။ တရားအားထုတ်နည်း ပြည့်ပြည့်စုံစုံ ရဖို့လဲခက်တယ်။

ဘာကြောင့်လဲဆိုတော့ ဘုန်းကြီးတို့နိုင်ငံက တရားတတ်၊ ဘာသာစကားတတ်တဲ့ ပုဂ္ဂိုလ်တွေက နည်းပါးတော့ ကျကျနန ဖြန့်ဝေမပေးနိုင်ကြဘူး။

ဘုန်းကြီးတို့က ပါဠိဘာသာ မြန်မာဘာသာနဲ့ ဟောပြန်တော့လဲပဲ သူတို့ကမသိပြန်ဘူး။

ဒါကြောင့် "လယ်လုပ်မခက် လယ်တီခက်"ဆိုတာမျိုးလိုလယ်လုပ်ဖို့ မခက်ဘူး။ လယ်တီဖို့ ခက်နေရှာကြတယ်။

ဘုန်းကြီးတို့ကတော့ "လယ်တီမခက်၊ လယ်လုပ်ခက်"။ တရားအားထုတ်နည်း သိဖို့ရာမခက်ပါဘူး။ အားထုတ်ကြိုးစားဖို့သာအရေးကြီးပါတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၀၀)ကျော်က ဗုဒ္ဓဘုရား ယခုလိုတပေါင်းလပြည့်နေ့မှာ အရိယာရဟန်းတော် တစ်သောင်း ခြံရံပြီးတော့ ကပိလဝတ်နေပြည်တော်ကို ကြွတော်မူပါတယ်။ ပြည်တော်ဝင်တယ်ပေါ့။

**ပရိသတ်၏ဂုဏ် + အပြစ်**

အဲဒီတော့ ပရိသတ်ဟာ မြတ်စွာဘုရား ပရိသတ်ဆိုတော့ "ဂမ္ဘီရပရိသတ်" ရဟန်းတော်တစ်သောင်း ခြံရံပြီး ကြွတာဆိုတော့ နက်နဲသော ဂမ္ဘီရပရိသတ် ခြံရံပြီး ကြွတော်မူပါတယ်။ ပရိသတ်က

http://www.dhammadownload.com



(၂)မျိုး ရှိပါတယ်။

**"ဒွေမာ ဘိက္ခဝေ ပရိသာ။"**

ဘိက္ခဝေ= ရဟန်းတို့၊ ပရိသာ= ပရိသတ်တို့သည်၊ ဣမာဒွေ= ဤနှစ်ပါးတို့တည်း။ ကတမာဒွေ= ပရိသတ်နှစ်မျိုးဆိုတာ ဘယ်ဟာတွေလဲ။

ဥတ္တာနပရိသတ်= ပေါ်လွင်တဲ့ပရိသတ်၊ ဂမ္ဘီရပရိသတ်= နက်နဲတဲ့ပရိသတ်တို့ပါပဲ။

ဥတ္တာနပေါ်လွင်တဲ့ပရိသတ်က အပြစ်ဆယ်မျိုး ရှိပါတယ်။

၁။ ဥဒ္ဓတာ= စိတ်ပျံ့လွင့်နေကြတယ်။

၂။ ဥန္နလာ= အနှစ်မပါ၊ အချည်းအနှီး မာန်ရှိကြတယ်။ ကျူရိုးလိုပါပဲ။

၃။ စပလာ= လျှပ်ပေါ်လော်လီကြတယ်။

၄။ မုခရာ= နှုတ်ထွက်ကြမ်းတမ်းတယ်။

၅။ ဝိကိဏ္ဏဝါစာ= နှုတ်မစောင့်စည်းပဲ ဖရိုဖရဲ ပြန့်ကျဲတဲ့စကားရှိကြတယ်။

၆။ မုဋ္ဌဿတီ= သတိလွတ်ကင်းကြတယ်။

၇။ အသမ္ပဇာနာ= မြော်မြင်ဆင်ခြင်မှု ကင်းတယ်။ အသိအမြင်မရှိကြဘူး။

၈။ အသမာဟိတာ= တရားအာရုံတစ်ခုတည်း၌ တည်ကြည်မှုလဲမရှိကြဘူး။

၉။ ဝိပ္ဗန္တစိတ္တာ= တရားအာရုံကို လွှတ်ပြီး သွားလာနေတဲ့တုန်လှုပ်တဲ့စိတ် ရှိကြတယ်။

၁၀။ ပါကတိန္ဒြိယာ= ပေါ်လွင်တဲ့ဣန္ဒြေ ရှိကြတယ်။

http://www.dhammadownload.com



အဲဒီလို ပရိသတ်ရဲ့ အပြစ် (၁၀)မျိုး ကင်းစင်တဲ့ အရိယာသံဃာတော်တစ်သောင်း ခြံရံပြီးတော့ မြတ်စွာဘုရား ပြည်တော်ဝင်တယ်။

အဲဒီလို ပြည်တော်ဝင်တဲ့အခါ ဖွားဖက်တော်ဖြစ်တဲ့ ကာဠုဒါယီရဲ့ ကပိလဝတ်ပြည်ကြီးရဲ့ ဂုဏ်ဟိတ်တွေ၊ တပေါင်းလရဲ့ ဂုဏ်ဟိတ်တွေကို ဖွဲ့နွဲ့ပြီး ဂါထာပေါင်း (၆၀)နဲ့ လျှောက်ထားပြီးသွားတယ်။

အဲဒီလို ပြည်တော်ဝင်တဲ့အခါ ဂမ္ဘီရပရိသတ် နက်နဲတဲ့ပရိသတ် ဝန်းရံထားပါတယ်။ အဲဒီ နက်နဲတဲ့ပရိသတ်ကတော့ ဂုဏ် (၁၀)မျိုးနဲ့ ပြည့်စုံတယ်။

၁။ အနုဒ္ဓတာ= မပျံ့လွင့်ကြဘူး။

၂။ အနုန္နလာ= မာန်မရှိကြဘူး။

၃။ အစပလာ= မလျှပ်ပေါ် မလော်လီကြဘူး။

၄။ အမုခရာ= နှုတ်ထွက်လဲ မကြမ်းတမ်းဘူး။

- အပြစ်ကင်းတဲ့စကား၊
- နားချမ်းသာတဲ့စကား၊
- နှလုံးထဲစိမ့်ဝင်တဲ့စကားမျိုး၊
- ချစ်ဖွယ်ဖြစ်တဲ့စကားမျိုး၊
- မြို့သူမြို့သားတို့ရဲ့ အသုံးအနှုန်းစကား၊
- လူအများသဘောကျတဲ့ စကားမျိုး၊

အဲဒီလို စကားမျိုးတွေကို ပြောကြားနေကြတယ်။

၅။ အဝိကဉ္စပဝါစာ= နှုတ်ကစောင့်စည်းပြီး ထားတော်မူကြတဲ့အတွက် ဖရိုဖရဲ မပြန့်ကျဲဘူး။

၆။ ဥပဋ္ဌိတသတီ= အာရုံမှာကပ်ပြီးနေတဲ့ သတိရှိတယ်။

http://www.dhammadownload.com



(တပေါင်းလပြည့်နေ့ကစပြီး လယ်တီဝိပဿနာ (၇)ရက် တရားစခန်း ဖွင့်လှစ်ပြီးတော့ သတိပဋ္ဌာန်ဆိုတဲ့အာရုံမှာ တည်တဲ့သတိရှိကြမယ်။ ဘုရားပရိသတ်ကို အတုလိုက်ကြမယ်။)

၈။ သမ္မာဉာဏ= ရုပ်တရား နာမ်တရားတို့ကို သိနိုင် မြင်နိုင်တဲ့ ဉာဏ်အမြော်အမြင် ရှိကြတယ်။

၉။ ဧကဂ္ဂစိတ္တာ= အာရုံတစ်ခုတည်း၌ထားတဲ့ စိတ်ရှိတော်မူကြတယ်။

(အခု ယောဂီသူတော်စင်များ ရှေ့ကအရှင်မြတ်ကြီးများလိုပဲ အာရုံတစ်ခုတည်းထားတဲ့ တည်ကြည်ငြိမ်သက် မလှုပ်ယှက်အောင် အားထုတ်နေကြမယ်။)

၁၀။ သံဝုတိန္ဒြိယာ= စောင့်စည်းအပ်သော ဣန္ဒြေရှိကြတယ်။ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်ဆိုတဲ့ ဣန္ဒြေကိုလဲ စောင့်စည်းတော်မူကြတယ်။

အနုဒ္ဓတာ အစရှိတဲ့ ဂုဏ်(၁၀)မျိုးနဲ့ ပြည့်စုံတဲ့ ပရိသတ်တဲ့။ နက်နဲတဲ့ ဂမ္ဘီရပရိသတ်ပါပဲ။

## အမြတ်ဆုံးပရိသတ်

ဧတဒဂ္ဂံ ဘိက္ခဝေ ဣမာသံ ဒွိန္နံပရိသာနံ၊
ယဒိဒံ ဂမ္ဘီရပရိသာ”

ဘိက္ခဝေ= ရဟန်းတို့၊ ယဒိဒံ ယာဣမာ ဂမ္ဘီရပရိသာ= အကြင်နက်နဲသောပရိသတ်သည်၊ အတ္ထိ= ရှိ၏။ ဧတံ သော ဂမ္ဘီရပရိသာ= ဤနက်နဲသော ပရိသတ်သည်၊ ဒွိန္နံ= နှစ်မျိုးကုန်သော၊ ဣမာသံ ပရိသာနံ= ဤပရိသတ်တို့တွင်၊ အဂ္ဂံ- အဂ္ဂါ= အမြတ်ဆုံး ဖြစ်ပါပေ၏။

http://www.dhammadownload.com



ဒီလို မြတ်စွာဘုရား ဟောကြားတော်မူတဲ့အတိုင်း အဲဒီလို အနုဒ္ဒတာ အစရှိတဲ့ ဂုဏ် (၁၀)မျိုးနဲ့ ပြည့်စုံတဲ့အတွက်ကြောင့်မို့ ဥတ္တာနပရိသတ်၊ ဂမ္ဘီရပရိသတ်နှစ်မျိုးတို့တွင် ဂမ္ဘီရပရိသတ်သည် မွန်သော၊ မြတ်သော ပရိသတ်ဖြစ်တယ်။

အသမ္ဘိန္န-ခတ္တိယ ဟု သမ္မတမင်းရိုး အမျိုးသာကီ ပြည်ကပ္ပိမှ လေးလီနိမိတ် သံဝေစိတ်ကြောင့် တောရိပ်ခိုစံ ကျင့်ခြိုးခြံလျှက် မြလျှံရွှက်စိပ် ရွှေညောင်ရိပ်ဝယ် ဖိတ်ဖိတ်ရောင်ရှင် ရွှေပလ္လင်ထက် ငါးအင်မာရ်စစ် ရန်အညစ်ကို ခေတ်ဇာတိလုံး ပွဲတင်ခြုံးလျှက် ဘုန်းဖြင့်လွယ်ကူ အောင်တော်မူ၍ လူမင်းတကာတို့၏ ဥဏ္ဏှ်၊ နတ်မင်းတကာတို့၏ မကိုဋ်၊ အမြိုက်ခေါင်ဖျား သောင်းထိုက်သားတို့၏ ပတ္တမြားမျက်ရှင်ကြီးတစ်ဆူ ဖြစ်တော်မူတဲ့ သုံးလောကထွဋ်ထား မြတ်ဘုရားဟာ ကပိလဝတ်နေပြည်တော်ကနေ သက်တော် (၂၉)နှစ် မှာ တောထွက်ပြီးလာခဲ့တယ်။ (၆)နှစ်တာ ကာလပတ်လုံး ဒုက္ကရစရိယ အကျင့်ကို ကျင့်တော်မူပြီး ဘုရားအဖြစ်သို့ ရောက်တော်မူတယ်။

ဘုရားအဖြစ်သို့ ရောက်တော်မူပြီးတဲ့အခါမှာ ဆွေတော် ရှစ်သောင်း မျိုးတော်ပေါင်းတို့ကို တရားရေအေး အမြိုက်ဆေး တိုက်ကျွေးဖို့ရာ ဆွေတော်မျိုးတော်တွေရဲ့ အဖန်ဖန်ပင့်လျှောက်ထား ချက်အရ ယခုလို တပေါင်းလပြည့်နေ့မှာ ကပိလဝတ် နေပြည်တော်သို့ မြတ်စွာဘုရား ကြွရောက်ခဲ့ပါတယ်။

အဲလို ကြွရောက်တဲ့အခါမှာ ဂုဏ် (၁၀)ပါးနဲ့ ပြည့်စုံတဲ့ ပရိသတ်၊ အပြစ် (၁၀)မျိုး ကင်းစင်ပြီး ဂုဏ်အင် (၁၀)ပါးနဲ့ ပြည့်စုံတဲ့ ပရိသတ် အရိယာရဟန်းတော် တစ်သောင်းခြံရံပြီး ကြွတော်မူပါတယ်။

http://www.dhammadownload.com



အဲဒီနက်နဲတဲ့ ဂမ္ဘီရပရိသတ်ရှိမှ ကျောင်းတိုက်တွေလဲ တင့်တယ်တယ်၊ တရားစခန်းတွေလဲ တင့်တယ်တယ်။

ဒါကြောင့် ဂုဏ် (၁၀)ပါးနဲ့ ပြည့်စုံဖို့ရာ အထူးသဖြင့် ဉပဋ္ဌိတသတိဂုဏ်အာရုံ တစ်ခုတည်းမှာ ကပ်ပြီးတော့ တည်တဲ့သတိရှိအောင် အခု ယောဂီသူတော်စင်များ ကြိုးစားနေကြတာ။

ဧကဂ္ဂစိတ္တဂုဏ်= အာရုံတစ်ခုထဲမှာ ထားနိုင်တဲ့စိတ်၊ သမ္ပဇာနဂုဏ်= ရုပ်တရား နာမ်တရားတို့ကို သိနိုင်မြင်နိုင်တဲ့ဂုဏ် အစရှိတဲ့ ဂုဏ်တို့ဖြင့် ထုံမွမ်းပြီးထားအပ်တဲ့ ပရိသတ်တွေဟာ ဂမ္ဘီရပရိသတ် နက်နဲသောပရိသတ် အမည်ရနိုင်တယ်။

ပရိသတ် (၂)မျိုးတို့တွင် ဂမ္ဘီရပရိသတ်ဟာ အမွန်အမြတ်ပရိသတ်လို့ မိန့်ကြားတော်မူတဲ့အတိုင်း လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ကျင့်ကြံအားထုတ်နေကြတဲ့ ယောဂီသူတော်စင်များဟာလဲပဲ နက်နဲတဲ့ ပရိသတ်ဖြစ်အောင်၊ တနည်းအားဖြင့် ဂုဏ်(၁၀)မျိုးနဲ့ ပြည့်စုံတဲ့ ပရိသတ်ဖြစ်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေလို့ တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

➤➤➤➤➤

http://www.dhammadownload.com



**အရှင်နာဂသမာလထေရ်**

ယနေ့ သာသနာတော်နှစ် ၂၅၅၀ ပြည့်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၅)ရက်နေ့။

လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ကြိုးစားအားထုတ်နေကြတဲ့ ယောဂီသူတော်စင်များ သမထပိုင်းကနေ ဝိပဿနာပိုင်း ရောက်ရှိလာခဲ့ကြပြီ။

သမထကမ္မဋ္ဌာန်းစပြီး တရားယူတဲ့အခါမှာလဲ ဒီဓာတ် (၆)ပါးထဲက ဝါယောဓာတ် အပါအဝင်ဖြစ်တဲ့ ထွက်လေဝင်လေကို အာရုံယူပြီးတော့ သမထကမ္မဋ္ဌာန်း အားထုတ်ခဲ့ကြတယ်။

အဲဒီ ဝါယောဓာတ်နဲ့ ပတ်သက်ပြီးတော့ပဲ ဝိပဿနာစကားပြောမယ်ဆိုရင် ဒီခန္ဓာကိုယ်ကြီးဟာ ဓာတ်ခြောက်ပါးနဲ့ ပြီးတဲ့ခန္ဓာကိုယ်၊ ဓာတ်လေးပါးနဲ့ပြီးတဲ့ ခန္ဓာကိုယ်၊ ရေ, မြေ, လေ, မီးဆိုတဲ့ ဓာတ်ကြီးလေးပါးနဲ့ ပြီးတဲ့ခန္ဓာကိုယ်။

ဓာတ်ခြောက်ပါးကတော့ ပင်မဓာတ်လေးပါးရယ်၊ အာကာသဓာတ်၊ ဝိညာဏဓာတ် အဲဒီ ဓာတ်(၆)ပါး။ အဲဒီ ဓာတ်(၆)ပါးထဲက ဝါယောဓာတ်၊ ဝါယောဓာတ်ရဲ့ သဘောက တွန်းကန်လှုပ်ရှားတဲ့ သဘောရှိတယ်။ ဝါယောဓာတ်ကလဲ အပြင်ဝါယော၊ အတွင်းဝါယောလို့ (၂)မျိုး ရှိပါတယ်။ အတွင်းလေ၊ အပြင်လေ။ အပြင်လေကိုကြည့်မယ်ဆိုရင် တောင်ဘက်ကလာတဲ့လေ၊ မြောက်ဘက်ကလာတဲ့လေ၊ ကောင်းကင်မှာဖြစ်တဲ့လေ၊ ကမ္ဘာပျက်လေ။

မီးကြောင့်- အာဘဿရာဘုံတိုင်၊

ရေကြောင့်- သုဘကိဏှာဘုံတိုင်၊

လေကြောင့်- ဝေဟပ္ဖိုလ်ဘုံတိုင် ပျက်တယ်။

http://www.dhammadownload.com



အဲဒီ ကမ္ဘာဖျက်လေကလဲ ဝါယော၊ အပြင်ဝါယောပေါ့။ အပြင်လေတွေက အမျိုးအစားများပါတယ်။ အတွင်းဝါယောက-

၁။ ဥဒ္ဓင်္ဂမလေ= အထက်ဆန်တက်တဲ့လေ၊

၂။ အဓောဂမလေ= အောက်စုန်ဆင်းတဲ့လေ၊

၃။ ကုစ္ဆိဋ္ဌလေ= ဝမ်းရင်ထဲဖြစ်တဲ့လေ၊

၄။ ကောဋ္ဌာသယလေ= အူအတွင်းလေ၊

၅။ အင်္ဂမင်္ဂါနုသာရီလေ= အင်္ဂါကြီးငယ်လှည့်လည်လေ၊

၆။ အဿာသ ပဿာသလေ= ထွက်လေ ဝင်လေ၊

သတ္တဝါတို့ရဲ့ အတွင်းသန္တာန်မှာ လေ (၆)မျိုး။

ဝမ်းတွင်းမှာဖြစ်တဲ့ လေကလဲ တစ်ခါတစ်ရံ အင်မတန် ပြင်းထန်ပါတယ်။

သတ္တကဝါတ= လေမျိုးကျတော့ ဓားမြှောင်တို့ ဓားငယ်တို့လို အချွန် ထက်မြက်တဲ့သဘောရှိတယ်။

တစ်ခါတစ်ရံ သင်မုန်းနဲ့တူတဲ့လေ။ "လေသင်မုန်း" ဥဒရဝါတ လေဆိုတာလဲ အင်မတန်ပြင်းထန်တဲ့လေပေါ့။

ဒီလေတွေက ညှင်းပန်းနှိပ်စက်ရင် သတ္တဝါတွေဟာ သေကျေ ပျက်စီးနိုင်တာကိုး။ အဲဒီလို လေ (၆)မျိုးရှိတာထဲက အင်္ဂမင်္ဂါနုသာရီ လေဟာ ထွက်လေဝင်လေလိုပဲ အင်မတန်ထင်ရှားပါတယ်။ အခု တရားစခန်းမှာ ထွက်လေဝင်လေကို အခြေခံပြီးတော့ သမာဓိ ယူခဲ့တယ်။

အင်္ဂမင်္ဂါနုသာရီလေ= အင်္ဂါကြီးငယ်ကို လျှောက်သွားနေတဲ့ လေ၊ အဲဒီလို လေနဲ့ပတ်သက်ပြီးတော့ "အရှင်နာဂသမာလထေရ်" မြတ်စွာဘုရားကို အလုပ်အကျွေးပြုတဲ့ မထေရ်ရှစ်ပါးထဲမှာ တစ်ပါး

http://www.dhammadownload.com



အပါအဝင်ဖြစ်ပါတယ်။ ဘုရားရှင်အား ပြုစုလုပ်ကျွေးဖူးသော ပုဂ္ဂိုလ်များမှာ နာဂသမာလထေရ်၊ နာဂိတထေရ်၊ ဥပဝါနထေရ်၊ သုနက္ခတ္တထေရ်၊ စုန္ဒသာမဏေ၊ သာဂတထေရ်၊ မေဃိယထေရ်၊ အရှင်အာနန္ဒာတို့ ဖြစ်ပါတယ်။

အဲဒီရှစ်ပါးထဲက အရှင်နာဂသမာလမထေရ်ဟာ အင်္ဂမင်္ဂါနုသာရီလေကို ရှုပွားပြီးတော့ ရဟန္တာဖြစ်သွားတာပါပဲ။

တစ်နေ့မှာ နာဂသမာလမထေရ် ဆွမ်းခံကြွတယ်။ ဆွမ်းခံကြွတဲ့အခါ ကချေသည်တစ်ယောက်ရဲ့ ကပွဲနဲ့ကြုံခဲ့ပါတယ်။

အဲလို ကြုံတဲ့အခါ က,နေတဲ့ ကချေသည်ရဲ့ ခြေလှုပ်တယ်၊ ခေါင်းလှုပ်တယ်၊ လက်လှုပ်တယ်၊ မျက်ခုံးလှုပ်တယ်။ အဲဒီလို လှုပ်ရှားနေတဲ့ အင်္ဂမင်္ဂါနုသာရီလေကိုပဲ အရှင်နာဂသမာလမထေရ်မြတ်က တရားရှုတယ်။ ယောနိသော လမ်းမှန်အတိုင်း မနသိကာရ နှလုံးသွင်းဆင်ခြင်တယ်၊ ရှုတယ်။ အဲဒီလို ရှုရင်း ရဟန္တာဖြစ်သွားတယ်။

အဲလို ရဟန္တာဖြစ်တော့ ကျောင်းရောက်တဲ့အခါ အပေါင်းအသင်း သီတင်းသုံးဖော် ရဟန်းတော်များအား ပြန်ပြီးတရားဟောတယ်။ အဲဒီဖြစ်စဉ်လေးကို ဘယ်လိုဟောသလဲဆိုတော့ -

**အလင်္ကတာ သုဝသနာ၊ မာလိနီ စန္ဒနုဿဒါ။**

**မဇ္ဈေ မဟာပထေနာရီ၊ တူရိယေနစ္စတိ နာဋကီ။**

အာဝုသော= ငါ့ရှင်တို့ သုဝသနာ= ထမီအင်္ကျီ ပုဝါ ကောင်းစွာဝတ်ဆင်ထားသော၊ အလင်္ကတာ= လက်ကောက် လက်စွပ် နားဋောင်း စသည်တို့ဖြင့် တန်ဆာဆင်ထားသော၊ မာလိနီ= တစ်ကိုယ်လုံး ပန်းတွေဝေလျှက်၊ စန္ဒနုဿဒါ= စန္ဒကူးနံ့သာတွေဖြင့် တစ်ကိုယ်လုံး လိမ်းကျံထားသော၊ နာဋကီနာရီ= ကချေသည်မ

http://www.dhammadownload.com



တစ်ယောက်သည်၊ မဇ္ဈေမဟာပထေ= လမ်းဆုံလမ်းမ လမ်းလေးခွ၌၊ တူရိယေ= တူရိယာတွေ တီးမှုတ်လျှက်၊ နစ္စတိ= က,၍နေပေ၏။

အရှင်ဘုရားတို့ ဒီနေ့ လမ်းဆုံလမ်းမမှာ ကချေသည်မ တစ်ယောက် တီးမှုတ်ပြီး က,နေပါတယ်။ ကောင်းကောင်းမွန်မွန် ဝတ်စားဆင်ယင်ပြီးတော့ လက်ကောက် နားဆွဲ အစရှိတဲ့ တန်ဆာတွေဆင်မြန်းပြီး ပန်းတွေကလဲ တစ်ကိုယ်လုံးဝေလို့ တစ်ကိုယ်လုံးလဲ စန္ဒကူးနံ့သာတွေနဲ့ လိမ်းကျံပြီးတော့ ကနေတယ်။ အဲဒီလို ကနေတဲ့အချိန်မှာ-

**ပိဏ္ဍိကာယ ပဝိဋ္ဌောဟံ၊ ဂစ္ဆန္တော် ဥဒက္ခိသံ၊**
**အလင်္ကတံ သုဝသနံ၊ မစ္စုပါသံဝ ဩဍ္ဍိတံ။**

အာဝုသော= ငါ့ရှင်တို့၊ အဟံ= တပည့်တော်သည်၊ ပိဏ္ဍိကာယ ပဝိဋ္ဌော= ဆွမ်းခံအလို့ငှာ ရွာသို့ဝင်၍၊ ဂစ္ဆန္တော= သွားသည်ရှိသော်၊ နံ= ထိုကချေသည်မကို၊ ဥဒက္ခိသံ= မော်၍ကြည့်မိလေပြီ။

အရှင်ဘုရားတို့ တပည့်တော်ဆွမ်းခံသွားရင်း ကောင်းစွာဝတ်စားဆင်ယင်ထားတဲ့ လက်ကောက်၊ နားဆွဲ၊ စန္ဒကူးနံ့သာတို့ဖြင့် လိမ်းကျံတန်ဆာဆင်ထားတဲ့ ကချေသည်မကို ကြည့်မိပါတယ်။

အဲဒီ ကချေသည်မက မစ္စုပါသံဝ ဩဍ္ဍိတံ= သေမင်း၏ ကျော့ကွင်းနဲ့တူတဲ့ ကျော့ကွင်းထောင်ထားတဲ့ ကချေသည်မ သူ့ကို ကြည့်မိပါတယ်။

အဲဒီလို ကြည့်မိတဲ့အခါမှာ ယောနိသော မနသိကာရ၊ အယောနိသော မနသိကာရ သိပ်ပြီးတော့ အရေးကြီးတာ။

http://www.dhammadownload.com



ယောနိသော မနသိကာရ ဆိုတာ လမ်းရိုး လမ်းမှန် အမှန်အတိုင်း နှလုံးသွင်းဆင်ခြင်မှု၊

အယောနိသော မနသိကာရ ဆိုတာ မမှန်မကန် လမ်းရိုး လမ်းမှန် မဟုတ်တဲ့ နှလုံးသွင်းဆင်ခြင်မှု။

အဲဒီလို နှစ်မျိုးရှိတာထဲက အောင် နာဂသမာလမထေရ်မြတ်ကတော့ -

**တတောမေ မနသိကာရော၊ ယောနိသော ဥဒပဇ္ဇထ။**
**အာဒီနဝေါ ပါတုရဟု၊ နိဗ္ဗိဒါသမတိဋ္ဌထ။**

အဲဒီလို သေမင်းကျော့ကွင်း ထောင်ထားတဲ့ ကချေသည်မကို မြင်တဲ့အခါကျတော့ တပည့်တော်ဟာ "မေ= တပည့်တော်အား၊ ယောနိသော= သင့်သောအားဖြင့်၊ မနသိကာရော= နှလုံးသွင်း ဆင်ခြင်ခြင်းသည်၊ ဥဒပဇ္ဇထ= ဖြစ်ခဲ့လေပြီ။"

မှန်ကန်တဲ့ နှလုံးသွင်းဆင်ခြင်မှု၊ အင်္ဂမင်္ဂါနုသာရီလေ ကြောင့် လှုပ်တာ။ ဒီအမျိုးသမီးရဲ့ အသားတွေ, အသွေးတွေ, ခြေတွေ, လက်တွေသက်သက်ကတော့ လှုပ်ရှားနိုင်တာ မဟုတ်ဘူး။

ဝါယောဓာတ်ရဲ့စွမ်းအင်ကြောင့် ခြေလည်းလှုပ်တယ်၊ ခေါင်းလည်းလှုပ်တယ်။

သစ်ပင်တစ်ပင် ဆိုကြပါစို့။ ဒီသစ်ပင်ဟာ ပထဝီဓာတ်၊ အဲဒီ ပထဝီဓာတ်ဖြစ်တဲ့ သစ်ပင်ကြီးဟာ မလှုပ်ဘူး။

တောင်ဘက်ကလာတဲ့လေ၊ မြောက်ဘက်ကလာတဲ့လေ အစရှိတဲ့ ဝါယောဓာတ်ကနေ တိုက်ခတ်ပြီးတော့ လာတဲ့အခါ သစ်ပင်လှုပ်သလိုပဲတဲ့။

http://www.dhammadownload.com



ခန္ဓာကိုယ်မှာ အရိုးတွေ, အကြောတွေ, အသားတွေ၊ အဲဒါတွေက ပထဝီဓာတ်၊ ပထဝီဓာတ်ရဲ့သဘောက လှုပ်ရှားတဲ့ သဘောမရှိဘူး။ ဝါယောဓာတ်ကြောင့် လက်လှုပ်တယ်၊ ခြေလှုပ်တယ်။

ဝါယောဓာတ်ကိုလဲ ဆင်ခြင်စဉ်းစားမိတယ်။ ပထဝီဓာတ်ကိုလဲ ဆင်ခြင်စဉ်းစားမိတယ်။

အဲဒီလို "ယောနိသော မနသိကာရ" မှန်ကန်တဲ့ လမ်းရိုး လမ်းမှန် နှလုံးသွင်းမှု ဖြစ်ပါတယ်တဲ့။ အဲဒီလို ဖြစ်တဲ့အခါ အာဒီနဝေါ ပါတုရဟု= သံသရာမှာ အပြစ်အနာအဆာ ဖြစ်ပုံမြင်ပါတယ်။

အပြစ်အနာအဆာကို မြင်တဲ့အခါ နိဗ္ဗိဒါသမတိဋ္ဌထ၊ သံသရာမှာ ငြီးငွေ့တဲ့ နိဗ္ဗိဒါဉာဏ် ရပါတယ်ဘုရား။

အဲဒီလို နိဗ္ဗိဒါဉာဏ်ရတဲ့အခါ-

**တတောစိတ္တံ ဝိမုစ္စိမေ၊ ပဿဓမ္မသုဓမ္မတံ။**

**တိဿောဝိဇ္ဇာ အနုပ္ပတ္တာ၊ ကတံ ဗုဒ္ဓဿ သာသနံ။**

တတော= ထိုနောင်မှ၊ မေ= တပည့်တော်၏၊ စိတ္တံ= စိတ်သည်၊ ဝိမုစ္စိ= အာသဝေါတရားတို့မှ လွတ်မြောက်ခဲ့ပြီ။

အဲဒီလို နိဗ္ဗိဒါဉာဏ်၊ ဝိပဿနာဉာဏ်အဆင့်ဆင့်၊ ကချေ သည်မ ကနေတယ်၊ လှုပ်ရှားနေတယ်။ ကချေသည်မရဲ့ ခြေလက် ခေါင်းတို့ လှုပ်ရှားနေတော့ အင်္ဂါကြီးငယ်တွေ လှုပ်ရှားနေတော့ ဝါယောဓာတ်ကြောင့် ခြေတွေ၊ လက်တွေ၊ အကြောတွေက လှုပ်နိုင် တာ အင်္ဂမင်္ဂါနုသာရီလေကြောင့်သာ လှုပ်ရှားနေတယ်လို့ အမြင်မှန် ရတယ်။

အဲဒီလို အမြင်မှန်ရရှိတဲ့ အခါကျတော့ အရှင်မြတ်မှာ **"တတော စိတ္တံ ဝိမုစ္စိ"** အာသဝေါတရားတို့မှ လွတ်မြောက်ခဲ့လေပြီ။

http://www.dhammadownload.com



"ပဿ ဓမ္မသုဓမ္မတံ"

ဓမ္မသုဓမ္မတံ= တရားတော်၏ ကောင်းသောတရားတော်၏ အဖြစ်ကို၊ ပဿ= ရှုတော်မူပါလော့။

**ဂုဏ်သုံးရပ်**

တရားတော်ဟာ အင်မတန်မှန်ကန်တယ်၊ ကောင်းမွန်တယ်။ တရားမှန်ကန်ကောင်းမွန်တာဟာ ဘုရားမှန်ကောင်းမွန်လို့။ ဘုရားမှန်ကောင်းမွန်တော့ တရားမှန်ကောင်းမွန်တယ်။ ဒါကြောင့် -

**ဗုဒ္ဓ သုဗုဒ္ဓတာ လောကေ၊ ဓမ္မဿစ သုဓမ္မတာ။**

**သံဃဿ သုပ္ပဋိပတ္တိ၊ ဧသာ သာသန သမ္ပဒါ။**

လောကေ= လောက၌၊ ဗုဒ္ဓဿ= ဘုရားရှင်၏၊ သုဗုဒ္ဓတာ= ကောင်းသောဘုရား၏ အဖြစ်သည်လည်းကောင်း၊ ဓမ္မဿ= တရားတော်၏၊ သုဓမ္မတာ= ကောင်းသောတရား၏အဖြစ်လည်းကောင်း၊ သံဃဿ= သံဃာတော်၏၊ သုပ္ပဋိပတ္တိစ= ကောင်းကောင်းမွန်မွန် ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းလည်းကောင်း၊ ဣတိ= ဤသို့ ဧသာ= ဤသုံးမျိုးသည်၊ သာသနသမ္ပဒါ= သာသနာတော်၏ ပြည့်စုံမှုကြီး ပါပေတည်း။

အခု သာသနာဆိုတဲ့ စကားအသုံးအနှုန်းကတော့ ကမ္ဘာမှာ လွှမ်းနေပြီ။ သို့သော်လဲ သာသနာရဲ့ ပြည့်စုံမှုဟာ "ဘုရား၏ ကောင်းခြင်း၊ တရား၏ကောင်းခြင်း၊ သံဃာတော်ရဲ့ ကောင်းစွာ ကျင့်ကြံအားထုတ်ခြင်း ခေါ်တဲ့ ကောင်းခြင်း" ဒီအချက်အလက် သုံးမျိုးနှင့် ပြည့်စုံမှ သာသနာရဲ့ ပြည့်စုံမှုလို့ ခေါ်ရပါတယ်။ ပြည့်စုံမှုသုံးခုရှိမှ တကယ့်သာသနာပါ။ အဲဒီလို ပြည့်စုံတဲ့နေရာမှာ

http://www.dhammadownload.com



အရှင်နာဂသမာလမထေရ်က "ပဿ ဓမ္မံ သုဓမ္မတံ" တရားတော်၏ ကောင်းသော တရားတော်ဖြစ်ပုံကို ကြည့်တော်မူပါ။ တိသောဝိဇ္ဇာ= ပုဒိအာခေါ်တဲ့ ဝိဇ္ဇာသုံးပါးတို့သည်၊ အနုပ္ပတ္တာ= ဆိုက်ရောက်ကုန်ပါပြီ။ ပုဒိအာခေါ်တဲ့ ဝိဇ္ဇာသုံးပါး ရပါပြီ။

ပု = ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဝိဇ္ဇာ
(ရှေးရှေးကနေခဲ့ဖူးတဲ့ ခန္ဓာအစဉ်တွေကို သိနိုင်တဲ့ ဉာဏ်ဝိဇ္ဇာ)

ဒိ = ဒိဗ္ဗစက္ခုဉာဏ်ဝိဇ္ဇာ
(နတ်မျက်စိနဲ့တူတဲ့ အဝေးအနီး၊ အသေးအကြီး မြင်နိုင်တဲ့ ဉာဏ်ဝိဇ္ဇာ)

အာ = အာသဝက္ခယဉာဏ်ဝိဇ္ဇာ
(ဒအာသဝေါတရားလေးပါး ကုန်စေတဲ့ဉာဏ်ဝိဇ္ဇာ၊ သစ္စာလေးပါး သိပယ်ဆိုက်ပွား လေးပါးကိစ္စ အပိုင်ရတဲ့ဉာဏ်)

ကတံ ဗုဒ္ဓဿ သာသနံ= ပုဒိအာ ဝိဇ္ဇာသုံးပါး ရရှိတော့ မြတ်ဗုဒ္ဓ၏ သာသနာအတွက် ကိစ္စအားလုံးပြုအပ်ရာ ရောက်ခဲ့ပေပြီ။

မြတ်စွာဘုရားရဲ့ သာသနာ အဲဒီကျတော့မှ ဆုံးခန်းတိုင် မြောက် ပြုရာရောက်ပါတယ်ဘုရား။ ပုဒိအာ ဝိဇ္ဇာဉာဏ်သုံးပါး အထူးသဖြင့် အာသဝက္ခယဉာဏ်ရမှ တကယ့်သာသနာပြုပုဂ္ဂိုလ် ဖြစ်ပါတယ်။ အရှင်နာဂသမာလမထေရ်က လေ(၆)မျိုးထဲက အင်္ဂမင်္ဂါ နုသာရီလေကို အကြောင်းပြုရှုပွားပြီးတော့ ကချေသည်လေးရဲ့ အင်္ဂါခြေလက်တို့ လှုပ်ရှားတာဟာ သူလှုပ်နေတာမဟုတ်ဘူး။ ဝါယောဓာတ်ရဲ့စွမ်းအင်။

http://www.dhammadownload.com



**နဝါ မာလုတ ဝေဂေန၊**

**ဗိယာ လေဂေန တေဇန်။**

**ယထာယာတိ တထာကာယော၊**

**ယာတိဝါတာဟတော အယံ။**

နာဝါ မာလုတဝေဂေန= ဟော ရွက်လှေကြီးတစ်စင်း ပြေးတယ်။ ဘာကြောင့် ပြေးသလဲ။ အထက်အညာဆန်တဲ့ လှေကြီး မာလုတဝေဂေန လေအဟုန်ကြောင့် ရွက်လှေကြီး ပြေးတယ်။

အဲဒီ လေအဟုန်ကြောင့် ရွက်လှေကြီး ပြေးသလို၊ မြှားကလဲ ညှို့ရဲ့အဟုန်ကြောင့် မြှားပြေးသလို။

ယထာယာတိ တထာကာယော= အဲဒီလိုပါပဲ ဒီခန္ဓာကိုယ်ကြီး ဟာ လေရဲ့စွမ်းအင်ကြောင့် လှုပ်ရှားတယ်။

သွားနိုင်တယ်၊ ထိုင်နိုင်တယ်၊ ရပ်နိုင်တယ်၊ လေအဟုန်ကြောင့် ရွက်လှေကြီး ပြေးသလို၊ ညှို့အဟုန်ကြောင့် မြှားပြေးသလိုပါပဲ။

ဒီထက် ထင်ရှားအောင် သေက္ခတောင်ဆရာတော် ဦးတိလောက က မီးအိမ်ကိုကြည့်တဲ့။ မီးပုံးပျံကြီးတစ်လုံး စောစော တုန်းကတော့ လှုပ်ရှားတာမဟုတ်ဘူး။ လေသွင်းလိုက်တဲ့အခါ မီးပုံးပျံကြီးဟာ လှုပ်ရှားပြီး ကောင်းကင်ပျံတက်တယ်။ လေအဟုန်လဲ ပြတ်စဲသွားရော၊ မီးပုံးပျံကြီးဟာ မြေပြင်ကို ပြန်ကျသွားတယ်။ အဲဒီ မီးပုံးပျံဥပမာလိုပဲ။

ခန္ဓာကိုယ်မှာလဲ အင်္ဂမင်္ဂါနုသာရီလေ အင်္ဂါကြီးငယ်ကို လျှောက်သွားနေတဲ့လေ ချို့ယွင်းတာနဲ့ တစ်ပြိုင်နက်ထဲ လေဖြတ် တယ်။ လေငန်းရောဂါ ဖြစ်တယ်။ ဒါတွေဟာ ဝါယောဓာတ်ရဲ့ ဖောက်ပြန်မှုတွေ၊ ဒါကြောင့် -

http://www.dhammadownload.com



**သမ္ဗုဒ္ဓမ္ပိ ဒုက္ခာပေန္တိ၊ နာမ ရူပါနိ ဓာတုယော။**

နာမရူပါနိဓာတုယော= ရုပ်ဓာတ် နာမ်ဓာတ်တို့သည်၊ သမ္ဗုဒ္ဓမ္ပိ= ဘုရားမြတ်စွာကိုသော်ပင်လျှင်၊ ဒုက္ခာပေန္တိ= ဆင်းရဲစေနိုင်ကြကုန်၏။

ရုပ်ဓာတ် နာမ်ဓာတ်တွေဟာ ဒီပြင်ပုဂ္ဂိုလ်တွေ အသာထား၊ မြတ်စွာဘုရားကိုပင် ဒုက္ခပေးနိုင်တယ်။ ရုပ်ဓာတ် နာမ်ဓာတ် အမှန်ကို မြင်အောင် ကြည့်တဲ့နည်းဟာ မြတ်စွာဘုရားရဲ့ ဝိပဿနာရှုနည်းပါပဲ။ အဲဒီ ဝိပဿနာရှုနည်း နည်းလမ်းတစ်ခု ရထားပြီဆိုရင် မိမိတို့တရားစခန်း ဝင်တဲ့အခါမှာ မိမိတို့နေထိုင်ရာ အိမ်ဂေဟာမှာ လက်ကလေးလှုပ်တာကစပြီး တရားသဘောလေးနဲ့ "ယောနိသော မနသိကာရ" မှန်ကန်တဲ့ နှလုံးသွင်း ဆင်ခြင်မှုလေးတွေ ဖြစ်ပွားနိုင်တယ်။

အဲဒီ မှန်ကန်တဲ့နှလုံးသွင်း ဆင်ခြင်မှုလေးတွေကမှ ဝိပဿနာဉာဏ်အဆင့်ဆင့် တက်ကြရတယ်။

ယောနိသော မနသိကာရ= လမ်းရိုးလမ်းမှန်အတိုင်း နှလုံးသွင်း ဆင်ခြင်ဖို့လိုတယ်။

နည်းကောင်းနည်းမှန်ရဖို့လဲ လိုတယ်။ မှန်ကန်တဲ့ သမထရှုနည်း၊ ဝိပဿနာရှုနည်းရမှ နှလုံးသွင်း မှန်ကန်နိုင်ပါတယ်။

"သီလ-သမာဓိ-ပညာ" ဆိုတဲ့ သိက္ခာသုံးပါးမှာ သီလသိက္ခာဟာ သာသနာတွင်းလဲ ရှိနိုင်တယ်။ သာသနာပမှာလဲ ရှိနိုင်တယ်။ သို့သော် ပါတိမောက္ခသံဝရသီလ ခေါ်တဲ့ အဓိသီလသိက္ခာကတော့ သာသနာတွင်းမှာသာ ရှိနိုင်ပါတယ်။

သမာဓိလဲ ဒီလိုပဲ။ သာသနာပမှာလဲ ရှိနိုင်တယ်။ သာသနာတွင်းမှာလဲ ရှိနိုင်တယ်။ သို့သော် ဝိပဿနာအခြေခံဖြစ်တဲ့ သမာဓိမျိုးကျတော့ သာသနာအတွင်းမှာပဲ ရနိုင်ပါတယ်။

http://www.dhammadownload.com



ယောဂီသူတော်စင်များ ဝိပဿနာအခြေခံဖြစ်တဲ့ သမာဓိ ရရှိအောင် ကြိုးစားကြရမယ်။ ဒါကြောင့် ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့်ရအောင်ဆိုပြီးတော့ စောစောက မျှော်မှန်းပြီး အားထုတ် ခဲ့တယ်။

သာသနာပကျတော့ ဝိပဿနာဉာဏ်အဆင့်ဆင့်ဆိုတာ မရှိဘူး။ ဝိပဿနာဉာဏ်အဆင့်ဆင့် ညွှန်ပြမယ့်ပုဂ္ဂိုလ် သာသနာပမှာ မရှိဘူး။

ရုပ်တရား နာမ်တရားနဲ့ ပတ်သက်ပြီး ဓာတ်ခွဲပြီးတော့ ပြတာ။ သဘောသဘာဝတွေ ခွဲခြမ်းစိတ်ဖြာပြီးတော့ ပြတာ သာသနာပမှာ မရှိနိုင်။

အဲလို သာသနာပမှာ မရှိနိုင်တော့ ယခု သာသနာတွင်းကျ တော့ သီလမှာလဲ သာသနာတွင်းသီလ၊ သမာဓိကျတော့လဲ သာသနာတွင်းသမာဓိ၊ ပညာကျပြန်တော့လဲ သာသနာတွင်းမှာသာ ရနိုင်တဲ့ ဝိပဿနာပညာ။

ဝိပဿနာပညာရမှလဲ မဂ်ပညာ၊ ဖိုလ်ပညာဆိုတဲ့ အဆင့်မြင့် ပညာတွေ တက်နိုင်ပါတယ်။

ယောဂီသူတော်စင်များဟာ လယ်တီဝိပဿနာ (၇)ရက် တရားစခန်း ကြိုးပမ်းအားထုတ်ကြတယ်။ အားထုတ်ကြလို့ ပရမတ် တရား ဓာတ်တရားတွေ များစွာရှိတာထဲက ဓာတ်တစ်မျိုးမျိုး။

ရုပ်တစ်မျိုးမျိုး၊ နာမ်တစ်မျိုးမျိုးကို ကြည့်ရှုတဲ့နည်း။ ဆင်ခြင် သုံးသပ်တဲ့နည်း။ အဲဒီနည်းများကို ရရှိအောင် ကြိုးစားကြရမယ်။

ပရမတ်တစ်လုံး၊ ဓာတ်တစ်လုံး ကျကျနန သိလို့ရှိရင် တရားပေါက် တရားရောက်နိုင်တာပါပဲ။

http://www.dhammadownload.com



ဒါကြောင့် ပရမတ်တစ်လုံး၊ ခတ်တစ်လုံး ကျကျနနသိအောင် ကြိုးစားအားထုတ်နိုင်ကြပါစေလို့ တိုက်တွန်းနှိုးဆော်ရင်း ဘုန်းကြီးရဲ့ ဩဝါဒကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

➤➤➤➤➤

http://www.dhammadownload.com



**ပြည်တော်ဝင်**

ယနေ့ သာသနာတော်နှစ် ၂၅၅၀ ပြည့်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခု၊ တပေါင်းလပြည့်ကျော် (၆)ရက်နေ့။

လယ်တီဝိပဿနာ (၇)ရက် တရားစခန်း ကြိုးပမ်းအားထုတ်နေကြတဲ့ ယောဂီသူတော်စင်များ သမထပိုင်းက ဝိပဿနာပိုင်း ကူးပြောင်းလာခဲ့ကြ။

တပေါင်းလပြည့်နေ့က စတင်ပြီး ဖွင့်လှစ်ပြီး မနေ့က သမထပိုင်းက ဝိပဿနာပိုင်း ကူးတာဆိုတော့ သမထတရား အားထုတ်၊ စိတ်ကို တည်ကြည်ငြိမ်သက် မလှုပ်ယှက်အောင် အားထုတ်ပြီး ဝိပဿနာကူးပြောင်းတဲ့တရား ယမန်နေ့က ဟောခဲ့ပါတယ်။

တပေါင်းလပြည့်နေ့က စတင်ခဲ့တာမို့ သာသနာတော်နှစ် ၂၅၉၅ နှစ်က ဖြစ်စဉ်ပြန်ပြီးကြည့်မယ်ဆိုရင် တပေါင်းလပြည့်နေ့ မတိုင်မီက ကပိလဝတ်နေပြည်တော်ကနေပြီး "ဘုရားဖြစ်ပြီးသော်လဲ မကြွလာ၊ တောထွက်သွားတဲ့ အချိန်ကစပြီး (၇)နှစ်လောက် ကြာလာခဲ့ပြီ" ဆိုတော့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးလဲ လွမ်းလွမ်းဆွေးဆွေးနဲ့ အမတ်တွေကို အသီးအသီး လွှတ်ပါတယ်။ အမတ်ကြီး တစ်ယောက်လျှင် အခြံအရံ ဗိုလ်ခြေတစ်ထောင်၊ တစ်ထောင်စီနဲ့ လွှတ်လိုက်တာ ကိုးကြိမ်မြောက် ဖြစ်သွားပြီဆိုတော့ (၉၀၀၀၉)ယောက် ဖြစ်သွားပြီ။

အမတ်ကြီးတစ်ယောက်နဲ့ ဗိုလ်ခြေတစ်ထောင်တို့ဟာ မြတ်စွာဘုရားစီရောက် တရားနာ၊ တရားနာပြီးတော့ ဧဟိဘိက္ခုရဟန်း ဖြစ်ကြတယ်။ အားလုံး ရဟန်းတော် (၉၀၀၀၉)ပါး ဖြစ်ကြပြီ။

http://www.dhammadownload.com



နောက်ဆုံးတော့ ကာဠုဒါယီအမတ်၊ ကာဠုဒါယီအမတ်ကတော့ ဖွားဖက်တော်လဲ ဖြစ်ပြန်၊ ဘုရားအလောင်းတော်ဘဝထဲက ရင်းနှီးမှုလဲရှိ။

ကာဠုဒါယီကို နောက်ဆုံးအသုတ်အဖြစ်နဲ့ ဗိုလ်ခြေတစ်ထောင် အခြံအရံနဲ့ ဘုရားပင့်ပေးဖို့ စေလွှတ်လိုက်ပြန်တယ်။

ကာဠုဒါယီအမတ်နဲ့ ဗိုလ်ခြေတစ်ထောင်တို့လဲ ရှေးနည်းတူ တရားနာ၊ တရားနာပြီး ဧဟိဘိက္ခုရဟန်း ဖြစ်ကြတယ်။

ကာဠုဒါယီမထေရ်ကတော့ ယခုလို တပေါင်းလပြည့်နေ့အခါမှာ မြတ်စွာဘုရားကို ဂါထာပေါင်း (၆၄)ဂါထာနဲ့ ကပိလဝတ်နေပြည်တော်သို့ ကြွတော်မူပါရန် လျှောက်ထားတယ်။ ဂါထာပေါင်း (၆၀)နဲ့ လျှောက်ထားတယ်လို့ အသုံးများပါတယ်။ တကယ်တမ်းတော့ (၆၄)ဂါထာ ဖြစ်ပါတယ်။

ကာဠုဒါယီမထေရ်ရဲ့ လျှောက်ထားချက်ကို လက်ခံတော်မူပြီး မြတ်စွာဘုရား တပေါင်းလပြည့်ကျော် (၁)ရက်နေ့ကစပြီး တစ်နေ့လျှင် (၁)ယူဇနာနှုန်းနဲ့ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်က ကပိလဝတ်ပြည်သို့ ကြွတော်မူပါတယ်။

ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်က ကပိလဝတ်နေပြည်တော်ထိ ယူဇနာ (၆၀)ဝေးပါတယ်။ တစ်နေ့ (၁)ယူဇနာနှုန်းနဲ့ဆိုတော့ လမ်းခရီးမှာ (၂)လတိတိ ကြာပါတယ်။ အတုရိက စာရိကာ= ဖြေးဖြေးဒေသစာရီ ကြွတော်မူပါတယ်။

မြတ်စွာဘုရား ကြွတဲ့ခရီးစဉ်အတွင်းမှာ ကာဠုဒါယီမထေရ်မြတ်က ကပိလဝတ်နေပြည်တော်ကြွ ဆွမ်းအလှူခံပါတယ်။

http://www.dhammadownload.com



ဆွမ်းအလှူခံပြီးတော့ သူ့တန်ခိုးနဲ့ မြတ်စွာဘုရားနဲ့ သံဃာတော်အရှင်မြတ်များအား ဆွမ်းကပ်ပါတယ်။

မြတ်စွာဘုရားရဲ့ ဒေသစာရီ ခရီးစဉ်အတွင်း နန်းတော်က ဆွမ်းကိုပဲ ဘုဉ်းပေးပြီးတော့ ကြွသွားတော်မူပါတယ်။

ကပိလဝတ်နေပြည်တော်ကို ရောက်တော်မူပါတယ်။ ရောက်တဲ့အခါ ကလေးသူငယ်တွေကိုပဲ ရှေ့တန်းကထားပြီးတော့ ဘုရားကို ရှိခိုးခိုင်းကြတယ်။ အသက်ကြီးတဲ့ လူတွေက နောက်တမ်းက နေကြတယ်၊ ရှိမခိုးကြဘူး။

မြတ်စွာဘုရားက ဆွေတော်မျိုးတော်တွေရဲ့ ဇာတိမာန်ကို ချိုးနှိမ်ဖို့ဆိုပြီးတော့ ကောင်းကင်ကနေပြီး ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာ ပြတော်မူတယ်။ အသာဓာရဏဉာဏ်တော် (၆)ပါးမှာ ပါဝင်တဲ့ ယမကပါဋိဟာရိယဉာဏ်တော်ကို အသုံးပြုတော်မူပါတယ်။

အဲဒီတော့မှ သုဒ္ဓေါဒနမင်းကြီးနှင့်တကွ ဆွေတော်မျိုးတော်တွေ ဦးချကြတယ်။ ရေမီးအစုံအစုံ တန်ခိုးပြလို့ ဦးချကြတာ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက တတိယအကြိမ်ပါ။

ပထမဘုရားအလောင်းတော်လေး ဖွားသန့်စင်ပြီဆိုတာနဲ့ ကာလဒေဝီလရသေ့ကြီးကို အလောင်းတော်လေး ရှိခိုးခိုင်းတာပါပဲ။ ရှိခိုးခိုင်းတော့ အလောင်းတော်လေးက ကာလဒေဝီလရသေ့ရဲ့ ဦးခေါင်းပေါ်မှာ တက်ပြီးတော့ ရပ်တယ်။ အဲဒီလို ရပ်တဲ့အချိန် ဖွားမြင်ကာစက အလောင်းတော်လေးကို ပထမဆုံး ဦးချခဲ့ပါတယ်။

လယ်ထွန်မင်္ဂလာကျင်းပတဲ့အခါမှာ အလောင်းတော်လေးကို သပြေပင်ရိပ်မှာ ထားပြီးတော့ လယ်ထွန်မင်္ဂလာကျင်းပတယ်။ ထူးဆန်းတာ အခြားအခြားသစ်ပင်တွေက နေသွားတော့ သစ်ပင်ရိပ်တွေက

http://www.dhammadownload.com



လိုက်ပြီးတော့ သွားတယ်။

အလောင်းတော်လေးရှိတဲ့ သပြေပင်ရိပ်ကတော့ အရိပ်မသွား ပဲနဲ့ အလောင်းတော်လေးကို ထီးမိုးနေဘိသကဲ့သို့ ရပ်တန့်ပြီးနေတယ်။

အလောင်းတော်လေးက လူသူကင်းဆိပ်တာကို သိပြီး တင်ပလ္လင်ခွေထိုင်ကာ ဈာန်ဝင်စားပြီး ကောင်းကင်မှာ ရပ်တန့်နေ တယ်။

အလောင်းတော်လေးရဲ့ ထူးခြားချက်ကို မြင်တွေ့ကြရတဲ့အခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ဒုတိယအကြိမ် ဦးချတော်မူပါတယ်။

ကပိလဝတ်နေပြည်တော် ဆွေတော်မျိုးတော် တန်ခိုးပြတဲ့ အချိန်မှာ တတိယအကြိမ် သုဒ္ဓေါဒနမင်းတရားကြီးက ဦးချပါတယ်။

အဲဒီလို ရှိခိုးဦးချပြီး ရိုသေသမှုပြုတဲ့အခါကျတော့မှ စင်္ကြာဝဠာ ကြီးအတွင်း ရတနာစင်္ကြံ ဖန်ဆင်းပြီးတော့ တရားဟောတာပါပဲ။

အဲဒီလို တရားဟောတဲ့အခါ နတ်တွေ၊ ဗြဟ္မာတွေက မြတ်စွာ ဘုရားကို ဂါထာ (၂၀)နဲ့ ချီးမွမ်းကြတယ်။ အဲဒီလို ဂါထာ (၂၀)နဲ့ ချီးမွမ်း ကြတဲ့အချိန်မှာ အရှင်သာရိပုတ္တရာ အဂ္ဂသာဝက အရှင်မြတ်က ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ ကျန်ရစ်ခဲ့တယ်။

အရှင်မြတ်ကြီးက မြတ်စွာဘုရား ဆွေတော်မျိုးတော်တွေကို တရားဟောနေပြီ၊ ငါလဲသွားပြီး မဟာဗုဒ္ဓဝင်ကို ဟောရန် တောင်းပန် မှပဲဆိုပြီး မြတ်စွာဘုရားထံ မဟာဗုဒ္ဓဝင်ဟောရန် တောင်းပန်ပါတယ်။

အရှင်သာရိပုတ္တရာ၏ တောင်းပန်မှုကြောင့် မဟာဗုဒ္ဓဝင်ကို ဟောကြားတော်မူပါတယ်။ အဲဒီအချိန်မှာ "ပေါက္ခရဝဿမိုး" ကြာစွတ် မိုးပေါ့။ အဲဒီမိုးကလဲ ရွာသွန်းတယ်။

http://www.dhammadownload.com



**ဆွမ်းခံဝတ်**

မြတ်စွာဘုရား နေပြည်တော်ရောက်ပြီး ခမည်းတော် သုဒ္ဓေါဒန မင်းကြီးနဲ့တကွ နန်းတွင်းသူ နန်းတွင်းသားများက "သားတော်ဘုရား တော့ ဘယ်မှကြွမှာမဟုတ်ဘူး။ နန်းတော်ကိုပဲ ဆွမ်းစားကြွလာမှာ" ဆိုပြီး ဆွမ်းပြင်ပြီးစောင့်နေတဲ့အချိန်။

မြတ်စွာဘုရားက အရိယာရဟန်းနှစ်သောင်း ခြံရံလျှက် သပိတ်ကိုင်စွဲပြီး ဆွမ်းခံကြွ၊ ဆွမ်းခံကြွတာကို သုဒ္ဓေါဒနမင်းကြီးနဲ့ ဆွေတော်မျိုးတော်များက တောင်းရမ်းဘုဉ်းပေးတယ်။ သာကီဝင်မင်းမျိုး တွေကို အရှက်ခွဲတယ်ပေါ့။

သုဒ္ဓေါဒနမင်းကြီးက "အရှင်ဘုရား အကျွန်ုပ်တို့ အသမ္ဘိန္န ခတ္တိယ မင်းမျိုးသည် တောင်းစားရိုးမရှိ။ ကြီးဘိဂုဏ်အင် ဆင်များ၊ မြင်းများ၊ ရွှေရထားဖြင့် သွားနေကျဖြစ်လျှက် မရှုံ့မရှက် အိုးခွက်လက်စွဲ မျက်နှာမွဲနှင့် ပြုခဲသည့်အမှုကို ပြုရက်ပါဘိ"လို့ လျှောက်ထားတယ်။

အဲဒီလို လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက "အိမ်စဉ် မပြတ် ဆွမ်းခံဝတ်ကား မချွတ်စေရ သမ္ဗုဒ္ဓတို့ ဝံသနွယ်စစ် ကျင့်ရိုး ဖြစ်သည်"ဟု မိန့်တော်မူ၍-

**ဥတ္တိဋ္ဌေနပမဇ္ဇေယျ၊ ဓမ္မံ သုစရိတံ စရေ။**

**ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံလောကေ ပရမှိစ။**

စတဲ့ (၂)ဂါထာကို ဟောပါတယ်။

ခမည်းတော်မင်းမြတ် သပိတ်လက်ဆွဲပြီးတော့ ဆွမ်းခံခြင်းဟာ ရှေးရှေးဘုရားရှင်တို့ရဲ့ ဓလေ့ထုံးဖြစ်တယ်။ သင်မင်းကြီးတို့ရဲ့ အစဉ် အလာတော့မဟုတ်ဘူး။

http://www.dhammadownload.com



ဥတ္တိဋ္ဌေ= ဆွမ်းခံဖို့ရာ မတ်တတ်ရပ်ခြင်း၌၊ နပမဇ္ဇေယျ= မမေ့လျော့ရာ၊ ဓမ္မံသုစရိတံ= ဆွမ်းခံဖို့ရာ မတ်တတ်ရပ်ခြင်းဆိုတဲ့ ကောင်းမြတ်သော အကျင့်ကို၊ စရေ= ကျင့်ရာ၏။

ဓမ္မစာရီ= ဆွမ်းခံဝတ်ကို မပြတ်ကျင့်သုံးသော ပုဂ္ဂိုလ်သည်၊ အသ္မိံလောကေ= ဤလောက၌လည်းကောင်း၊ ပရမှိစ= တမလွန်လောက၌လည်းကောင်း၊ သုခံ= ချမ်းသာစွာ၊ သေတိ= အိပ်စက်ရ၏။

ခမည်းတော်မင်းမြတ် ဆွမ်းခံဝတ်ကို မပြတ်ကျင့်တဲ့ အကျင့်ဟာ မွန်မြတ်တဲ့အကျင့်ဖြစ်တယ်။ ဆွမ်းခံဝတ်ကို မပြတ်ကျင့်တဲ့ ပုဂ္ဂိုလ်များဟာ ဤလောကမှာရော၊ တမလွန်လောကမှာပါ ချမ်းသာစွာ အိပ်ရနေရတယ်။

မြတ်စွာဘုရားက ဆွမ်းခံတဲ့ကျင့်ဝတ်နဲ့ ပတ်သက်ပြီးတော့ ဟောကြားတဲ့အခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး သောတာပန် တည်ပါတယ်။ ဒါကြောင့် သက်န်းမှာ ကထိန်၊ ကျောင်းမှာ သိမ်၊ အဝတ်မှာ စိန်၊ ဆွမ်းမှာ ပိဏ္ဍ၊

ပိဏ္ဍပါတ်ဆွမ်းဟာ မွန်မြတ်တယ်။ ဒီပိဏ္ဍပါတ်ဆွမ်းဟာ အထူးအရေးပါတယ်။ အရေးကြီးပါတယ်။ ဒီတော့မှ သောတာပန် ခမည်းတော်မင်းကြီးက ပင့်လို့ နန်းတော်ထဲရောက်တော်မူပါတယ်။ ရွှေနန်းတော်ထဲ ရောက်တဲ့အခါမှာလဲ ဒီတရားပဲ ဆက်ဟောပါတယ်။

မြင့်မြတ်တဲ့အကျင့် ဖြစ်တဲ့ ဆွမ်းခံဝတ်ကို ကျင့်ရမယ်။ ဆွမ်းမခံသင့်တဲ့ နေရာတွေမှာ ဆွမ်းမခံပဲနဲ့၊ မရှာမှီးသင့်တဲ့ အစာအာဟာရတွေ မရှာမှီးပဲနဲ့ ပြုကျင့်ရမယ်။ ဆွမ်းခံဝတ်ကို ဖြည့်ကျင့်တဲ့ ပုဂ္ဂိုလ်များဟာ ဓမ္မစာရီဖြစ်တယ်။

http://www.dhammadownload.com



**ဓမ္မံ စရေသုစရိတံ၊ နနံ ဒုစ္စရိတံ စရေ။**

**ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံလောကေ ပရမှိစ။**

ဓမ္မစာရီ ပုဂ္ဂိုလ်များဟာ ဤဘဝ နောင်ဘဝ၊ ဤလောက နောင်လောကမှာ ချမ်းသာစွာအိပ်ရ နေရတယ်။ ရွှေနန်းတော် ရောက်တော့လဲ ဆွမ်းခံဝတ်ကိုပဲ ဦးစားပေး ဟောတော်မူတယ်။

အဲဒီ ဆွမ်းခံဝတ်ဟာ သာသနာတော် တည်တံ့ရေးမှာလဲ သိပ်ပြီးတော့ အရေးကြီးတယ်။ အိန္ဒိယ၊ သီဟိုဠ်၊ သံတွဲ၊ သထုံ၊ ပုဂံ၊ အင်းဝ၊ ဥဿာ (ပဲခူး)၊ မန္တလေး၊ မြေပုံသာ၊ သက်သာ၊ ပန်းတောင်း၊ ကောင်းတုံကောင်းဇင်၊ ငဖောင်ချမ်း၊ သာသနာထွန်းရာ ဒေသတွေ ပြန်ပြီးတော့ ကြည့်မယ်ဆိုရင် ဒီဆွမ်းခံတဲ့ဝတ်ဟာ အင်မတန်အရေးကြီး ပါတယ်။

မန္တလေးမှာ သံဃာသုံးသောင်းကျော် နေနိုင်တာဟာ ဆွမ်းခံဝတ်ကြောင့်ပဲ။ မြတ်စွာဘုရား ဆွေတော်မျိုးတော်တွေနဲ့ အတိုက်အခံ လုပ်ပြီး ဆွမ်းခံလာတဲ့ အလေ့အထကြောင့် ယခုအခါမှာ မန္တလေးမြို့မှာ သံဃာ သုံးသောင်းကျော် ရှိတယ်။ ရပ်တည်နိုင်တယ်။

အဲဒါ ဆွမ်းခံတဲ့ကျင့်ဝတ်ရှိလို့ပါ။ အကယ်၍များ သံဃာ သုံးသောင်းကျော် ချက်ပြုတ်ပြီး တစ်နေရာတည်းစုပြီး ကျွေးရမယ်ဆိုရင် မလွယ်ဘူး။ မစိုးရိမ်ကျောင်းတိုက်မှာ သံဃာသုံးထောင်လောက် ရှိတယ်။ ဘုရားကြီးကျောင်းတိုက်ကြီးမှာ သံဃာတစ်ထောင်လောက် ရှိတယ်။ အဲဒီလို ကျောင်းတိုက်ကြီးတွေများ နေ့စဉ်နေ့စဉ် ချက်ပြုတ် ဆွမ်းကပ်နေရမယ်ဆိုရင် ဘယ်ရပ်တည်နိုင်မလဲ။

ရန်ကုန်မြို့မှာလဲ သံဃာနှစ်သောင်း သုံးထောင်ကျော်လောက် ရှိတယ်။ ဆွမ်းခံဝတ်ကြောင့်သာ ရပ်တည်နိုင်တာ။

http://www.dhammadownload.com



ဘုန်းကြီးတို့ ကျောင်းဆို သံဃာတစ်ထောင်ကျော် ရှိတယ်။ အရုဏ်ဆွမ်းပဲ ချက်ကျွေးနိုင်တယ်။ နေ့ဆွမ်းမကျွေးနိုင်ဘူး။ အရုဏ်ဆွမ်းတင်ပဲ တစ်လဆိုရင် ဆန်အိတ်တစ်ရာ့ငါးဆယ်လောက် အသုံးချရတယ်။ ပဲငါးဆယ်၊ တစ်ရာ သုံးရတယ်။ ဆီ တစ်ရာလောက် သုံးရတယ်။ နေ့ဆွမ်းမှာ ဆွမ်းခံလို့ ရလို့ သာသနာ့ဝန်ထမ်းတွေ ရဟန်း သာမဏေများ သာသနာတော်မှာ နေနိုင်ကြတယ်။ မြို့ကြီးတွေမှာ ဆွမ်းခံသံဃာများအား မော်တော်ယာဉ်များနဲ့ ကူညီပံ့ပိုးကြတာလဲ သာသနာပြုနည်းတစ်မျိုးပဲ။

ယခုအချိန်အခါမှာ မြတ်စွာဘုရား ချမှတ်ခဲ့တဲ့ ဆွမ်းခံကျင့်ဝတ်၊ ကပိလဝတ်နေပြည်တော်မှာ ချမှတ်ခဲ့တဲ့ ဆွမ်းခံကျင့်ဝတ်၊ မြန်မာ၊ သီဟိုဠ်၊ ထိုင်း စသည်မှာဆိုရင် ဆွမ်းခံတဲ့အလေ့အထ ရှိနေသေးတယ်။

နီပေါက ကိုယ်တော်တစ်ပါး မြန်မာပြည်မှာ စာလာသင် ပါတယ်။ ဓမ္မာစရိယ အောင်ပါတယ်။ ဓမ္မာစရိယအောင်ပြီးတော့ သူနဲ့ တွေ့တယ်။ မေးကြည့်တယ်၊ ရဟန်းသာမဏေ ဒီထက်ပိုထားလို့ မရဘူးလားဆိုတော့ မရဘူးတဲ့။ ဘာကြောင့်လဲဆိုတော့ ဆွမ်းခံလို့ မရဘူး။

မြတ်စွာဘုရားရဲ့ ဆွမ်းခံတဲ့ အလေ့အထ ပြန်ကျင့်ပါလား ဆိုတော့ ဘယ်လိုမှမရတော့ဘူးတဲ့။ လူအများက သိပ်ပြီးတော့ ကဲ့ရဲ့ ကြတာပဲတဲ့။

ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ ဆွမ်းခံတဲ့အလေ့အထရှိနေတော့ မြို့တွေမှာရော၊ ကျေးလက်ဒေသတွေမှာရော ဆွမ်းခံစားတဲ့ အလေ့ အကျင့်၊ ဒီအကျင့်ဟာ တစ်အိမ် တစ်ဇွန်း တစ်ယောင်းမဆိုသလို လောင်းကြတာ တာဝန်လဲပေါ့တယ်၊ အရေးလဲပါတယ်။

http://www.dhammadownload.com



မြတ်စွာဘုရား ဆွေတော်မျိုးတော်တွေနဲ့ အတိုက်အခံလုပ်ပြီး ဒီဆွမ်းခံဝတ် မထားခဲ့ဘူးဆိုရင် အခုလောက်သာသနာရှည်ဖို့ ခက်ပါတယ်။

ဘုန်းကြီးတို့ ပခုက္ကူမှာနေတုန်းက ပခုက္ကူကျောင်းတိုက်ကြီးတွေမှာ ဆွမ်းလောင်းသင်းတွေက ဆွမ်းလောင်းကြတာ။ နေ့ဆွမ်းမှာသာ ဆွမ်းခံသွားရတယ်။ သံဃာ (၈၀၀)လောက် နေတာကိုး။

အဲဒီလို (၈၀၀)လောက်နေတော့ တစ်ဇွန်း တစ်ယောင်းမ ဆိုသလို ဆွမ်းခံပြီးတော့ ဘုဉ်းပေးကြရတယ်။ ဒီလိုပဲ ရပ်တည်လာခဲ့တာ မြန်မာနိုင်ငံ သာသနာသက်တမ်းဟာ နှစ်ပေါင်း (၂၅၀၀) ကျော်ခဲ့ပြီ။

အဲဒီလို သံဃာတစ်ထောင်နေတယ်၊ နှစ်ထောင်နေတယ်။ အကယ်လို့သာ အရုဏ်ဆွမ်းနဲ့ နေ့ဆွမ်းရောသာ တာဝန်ယူကျွေးမွေးရမယ်ဆိုရင် အင်မတန်ကို တာဝန်ကြီးကြမယ်။

အဲဒီတော့ ဆွမ်းခဲ့တဲ့ကျင့်ဝတ်ဟာ မြတ်စွာဘုရားတို့ရဲ့ အလေ့အထ၊ ရှေးရှေးဘုရားရှင်တို့ရဲ့ အလေ့အထ၊

ရှေးခေတ်က ရဟန်းတော်များဟာ ဆွမ်းခံကြွရင်း တရားရကြတာ၊ အသွားအပြန် ကမ္မဋ္ဌာန်းနဲ့သွားတယ်။ တစ်ချို့ရဟန်းတို့ကျတော့ အသွားကမ္မဋ္ဌာန်းနဲ့ ကြွတယ်။ အပြန်တော့ ကမ္မဋ္ဌာန်းလွှတ်ပြီးတော့ ပြန်တယ်။ အချို့ရဟန်းတော်များကျတော့ အပြန်မှ ကမ္မဋ္ဌာန်းနဲ့ ပြန်ကြွလာကြတယ်။ အချို့ရဟန်းတော်ကတော့ အသွားအပြန် ကမ္မဋ္ဌာန်းမပါဘူး။

မုံရွာ သပြေပင်ကျောင်းတိုက်က မြို့နဲ့ရွာနဲ့ တစ်မိုင်ကျော်ကျော် လောက်ဝေးတာ ဘုန်းကြီးတို့က စာသင်သားတွေဆိုတော့ ကျက်ရမည့်

http://www.dhammadownload.com



ဂါထာတွေကို ရေးပြီး သပိတ်ပေါ်တင် စာကျက်ရင်း ဆွမ်းခံကြွခဲ့တာပါပဲ။ ပြန်လာတဲ့အခါ (၅)ဂါထာ၊ (၁၀)ဂါထာ ရတယ်။ တစ်ချို့ကျမ်းစာတွေဆိုရင် ဆွမ်းခံသွားရင်း ကျက်တာနဲ့ပဲ ပြီးခဲ့ရခဲ့တာပဲ။

ဆွမ်းခံတဲ့ အလေ့အထဟာ အင်မတန်ကောင်းမွန်တဲ့ အလေ့အထပါပဲ။ အခုအချိန်အခါမှာ နိုင်ငံခြားသာသနာပြုတွေ ရှိပါတယ်။ အိန္ဒိယသာသနာပြုကျောင်းတွေ တစ်ကျောင်းမှ တစ်ပါးပဲ ဆိုသလို ရှိပါတယ်။ ပိုမထားနိုင်ပါဘူး၊ ဆွမ်းခံမရတဲ့ အတွက်ကြောင့်ပါပဲ။

ကျောင်းတွေ၊ အဆောက်အအုံတွေ ကောင်းပါတယ်။ ထားမယ်ဆိုရင် သံဃာ (၅၀)၊ (၁၀၀)ထားနိုင်ပါတယ်။ မိမိကိုယ်တိုင် ချက်ပြုတ်စားရတော့ မထားနိုင်ပါဘူး။ ကပ္ပိယထားမယ်ဆိုပြန်လဲ ကပ္ပိယစရိတ် မတတ်နိုင်တော့ ကိုယ်တိုင်ဈေးဝယ်၊ ကိုယ်တိုင်ချက်ပြီးတော့ ဒီလိုပဲ ဘုဉ်းပေးကြရတယ်။

အဲဒီလို ဘုဉ်းပေးကြရတော့ တာဝန်လဲမသေးဘူး။ သံဃာများများလဲ မထားနိုင်ဘူး။ သံဃာများများ မနေနိုင်ရင် သာသနာထွန်းကားဖို့ မလွယ်ကူပါဘူး။

ဆွမ်းခံတဲ့ အလေ့အထဟာ ဗုဒ္ဓဂေါတမနှင့် ရှေးရှေးသော ဘုရားရှင်တို့ရဲ့ အလေ့အထကြီးတစ်ခု ဖြစ်တယ်လို့ ဒီလိုပြောလိုတာပါပဲ။ ဒီဆွမ်းခံဝတ်ကို ဒကာ ဒကာမများကလဲ အလေးထား လောင်းလှူကြပါတယ်။ မန္တလေးမှာ သံဃာကများတော့ ဆွမ်းမလောင်းနိုင်ရင် 'ကန်တော့ဆွမ်းပါဘုရား'လို့ ပြောဆိုကြတယ်။ ဒါကြောင့် တစ်ချို့သံဃာတွေက ငြီးကြတယ်။ စာချိုးကြတယ်။

**နံနက်လင်းလာ ဂန္ထာန၊ ပတ္တမာဒါယ နေ့စဉ်သာ**
**ဟိုအိမ်ဒီအိမ် တိဋ္ဌန္တောပိ၊ ကန်တော့ဆွမ်း ယေဝ ဘာသိတာ။**

http://www.dhammadownload.com



နံနက်လင်းလာရင် သပိတ်ကိုင်စွဲ ဟိုအိမ်ဒီအိမ် ရပ်ပါသော်လဲ "ကန်တော့ဆွမ်း"လို့သာ ပြောကြတယ်။

"ရှက်လှချည်ရဲ့ သမဏဘောင်
ရက်စက်လေသကွဲ့ သည်လောက်တောင်
မလောင်းချင်နေတော့ ပျိုတို့မောင်
ပြေးတော့မယ်တဲ့ စစ်ကိုင်းချောင်"
"စစ်ကိုင်း စစ်ကိုင်းတိ ဝိသုတံ၊
သွားရဦးမည်ဟု စိန္တိတံ၊
ပျော်စရာကောင်းပါဘိ တံဌာနံ၊
ပဲပြုတ်မျှစ်သုတ်တွေနဲ့ သံကိဏ္ဏံ" လို့လဲ ဖွဲ့ကြပါသေးတယ်။

ဒီဘဝမှာ ရဟန္တာဖြစ်မည့် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး သည်ပင်လျှင် ဆွမ်းခံတဲ့အလေ့အထနဲ့ ပတ်သက်ပြီး တော်တော်လေး ကန့်ကွက်ခဲ့ပါတယ်။

လူ့ဘဝနဲ့ ရဟန္တာဖြစ်တဲ့ ပုဂ္ဂိုလ် (၅)ဦးရှိပါတယ်။ ရဟန္တာဖြစ်ပြီး နေ့ချင်းပဲ ပရိနိဗ္ဗာန်စံကြပါတယ်။

၁။ ဥဂ္ဂသေနသူကြွယ်
၂။ သန္တတိအမတ်ကြီး
၃။ ဝီတသောကလုလင်
၄။ ဒါရုစိပရိဗိုဇ်
၅။ သုဒ္ဓေါဒနမင်းကြီး

လူ့ဘဝနဲ့ ရဟန္တာဖြစ်ရင် ရဟန်းပြုရင်ပြု၊ မပြုရင် နေ့ချင်း ပရိနိဗ္ဗာန် စံရပါတယ်။ လူဝတ်ကြောင်ဘဝနဲ့ နောက်တစ်ရက် ဆက်၍ အသက်ရှည်မနေနိုင်ကြပါဘူး။

http://www.dhammadownload.com



လူ့ဘဝနဲ့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်တဲ့ ပုဂ္ဂိုလ်တွေကတော့ များပါတယ်။ ရဟန္တာဖြစ်တဲ့ ပုဂ္ဂိုလ်က နည်းပါတယ်။

အရိယာစခန်း တက်လှမ်းတဲ့နေရာမှာ လူ့ဘဝနဲ့ ရဟန်းဘဝ သမထတရား ဝိပဿနာတရား အားထုတ်တဲ့နေရာမှာ အတူတူပါပဲ။ ကွာခြားတာက သီလနယ်ပယ်မှာ။ သီလ၊ အဓိသီလ။

အဓိသီလဆိုတာ လူ့ထက်မွန်မြတ်တဲ့ ရှင်သာမဏေများရဲ့ သီလ၊ ရဟန်းတော်များရဲ့ ပါတိမောက္ခသံဝရသီလ၊ အဲဒီ သီလများက အဓိသီလပဲ ဖြစ်ပါတယ်။

လူပုဂ္ဂိုလ်များရဲ့ ငါးပါးသီလကို အဓိသီလဖြစ်တဲ့နည်း၊ လွန်ကဲတဲ့ သီလဖြစ်အောင် စောင့်ထိန်းတဲ့နည်းတော့ ရှိပါတယ်။

အဲဒါက ဘာလဲဆိုတော့-

**"နိဗ္ဗာနံ ပတ္ထယန္တေန သမာဒိန္နံ ပဉ္စသီလမ္ပိ အဓိသီလ မေဝ"**။

နိဗ္ဗာန်ကို တောင့်တပြီးတော့ စောင့်သုံးတဲ့ ငါးပါးသီလဟာလဲ အဓိသီလပါပဲ။ အဓိသီလခေါ်တဲ့ ပါတိမောက္ခသံဝရသီလကျတော့ ရဟန်းတော်များမှာသာ ရှိပါတယ်။

သို့သော် မိမိစောင့်ထိန်းတဲ့ ငါးပါးသီလ၊ အဓိသီလဖြစ်အောင် စောင့်ထိန်းတဲ့နည်းကတော့ နိဗ္ဗာန်ကိုတောင့်တပြီးတော့ ဆောက်တည်ရင် လွန်ကဲတဲ့ အဓိသီလဖြစ်ပါတယ်။

စိတ္တ၊ အဓိစိတ္တ၊ စိတ္တကမ္မဋ္ဌာန်းနဲ့ မယှဉ်တဲ့စိတ်ပါပဲ။

အဓိစိတ္တ လွန်ကဲတဲ့ သမထနဲ့ ယှဉ်တဲ့စိတ်ပါပဲ။ ဝိပဿနာ၏ အခြေခံသမာဓိကြောင့် ရရှိတဲ့စိတ်။

http://www.dhammadownload.com



စိတ္တ၊ အဓိစိတ္တ၊ ဒီအဓိစိတ္တကျတော့ လူဝတ်ကြောင်နဲ့လဲ ရနိုင်တယ်။ ရဟန်းတော်တွေလဲ ရနိုင်တယ်။

ပညာ၊ အဓိပညာ၊ နှစ်မျိုးလုံး လူဝတ်ကြောင်၊ ရဟန်းတော် နှစ်ဦးလုံး ရနိုင်တယ်။ ရဟန်းနဲ့လူ ကွာခြားတာက သီလနယ်မှာပါ။ အဓိသီလ နေရာမှာ ကွာခြားပါတယ်။

ဒါကြောင့် အာသဝက္ခယဉာဏ်အဆင့်အထိ မရရအောင် ကြိုးစားမယ်လို့ အာရုံထားပြီး ကြိုးစားအားထုတ်နိုင်ကြပါစေလို့ ဆုတောင်းတိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့တရားစကားကို ဆွမ်းခံဝတ်တရားလေးရွတ်ပြီး နိဂုံးချုပ်ပါမယ်။

(က) ဥတ္တိဋ္ဌေ= အိမ်စဉ်ထပ်လာ မလပ်ပါပဲ ရပ်ကာမြန်းကာ ဆွမ်းရှာ၍ရ အာဟာရဥ္။ နပမဇ္ဇေယျ= ကောင်းနိုးရာရာ မဖွေရှာပဲ ကိုယ့်တာဝန်ထမ်း ကိုယ့်လမ်းသွား၍ အလေ့မပေါ့ မမေ့မလျော့ရာ၊ သုစရိတံ= ဘုရားတို့လမ်း ရဟန်းနှင့်သင့် အခွင့်ကြောင်းရပ် အကျင့်ကောင်း အကျင့်မြတ်ဖြစ်သော၊ ဓမ္မံ= အပြစ်ကင်း၍ သန့်ရှင်းလမ်းမှန် မြန်းရန်အသင့် ဆွမ်းခံအကျင့်ကို။ စရေ-စရေယျ= မြင်းခေါင်းဆိုထုံး သလုံးနှစ်ဝ အသုံးချလျှက် လို့လရှိရှိ သတိညီညာ လှည့်လည်ရာ၏။ ဓမ္မစာရီ များအရိယာ ရှင်တကာ၏ စဉ်လာမြင့်မား ကျင့်တရားကို မနားဆင့်ဆင့် တအားဖွင့်လျှက် အခွင့်မလပ် ကျင့်တတ်သော ပုဂ္ဂိုလ်သည်။ အသ္မိံလောကေ= အမှုအဖုံဖုံ ယခုကြုံသည့် လူဘုံပြောရ ဤလောက၌လည်းကောင်း၊ ပရမှိစလောကေ= လူ့လောကမှ ဘဝတစ်ထောက် ရောက်ရပေါက်ရ နောက်ဘဝ၌လည်းကောင်း၊ သုခံ= ဘေးမသန်းလာ အေးချမ်းကာဖြင့် ဝမ်းသာဆက်ဆက် ချမ်းသာလျက်ပင်၊ သေတိ= အညှင်းဆဲငြိမ်း ဆင်းရဲငြိမ်းလျှက် မတိမ်းမသွေ ကိန်းသေ

http://www.dhammadownload.com



အကျ ကိန်းနေရပါတော့သတည်း။

သာဓု - သာဓု - သာဓု

( ခ) သုစရိတံ= သူတော်ကောင်းဟူ လူမွန်မြတ်တို့ မလပ်အစဉ် ကပ်ရှင်သင့်ကြောင်း အကျင့်ကောင်းဖြစ်ပေသော၊ ဓမ္မံ= ကောင်းမှုဟူဆို ကုသိုလ်အလီလီ ပါရမီမြင့်မား အကျင့်တရားကို၊ စရေ-စရေယျ= ခုဘဝရေး အလွန်အေးလျှက် နောင်ရေးညွန်သော် တမလွန်မှာ အလွန် သာဖို့ အခါသင့်သင့် မကွာကျင့်ရာသတည်း။ ဒုစ္စရိတံ= အမှုယုတ်မာ လူယုတ်မာတို့ လုပ်ရာမသင့် အခွင့်အကြောင်း ကျင့်မကောင်း ဖြစ်ပေ သော၊ နံဓမ္မံ= နာမည်ပါပ သဘာဝဖြင့် ယုတ်စွာ့အမျိုး ဒုက္ခအိုးမို့ ဆိုးဝါးမှုဆို ထိုအကုသိုလ်တရားကို၊ နစရေ-နစရေယျ= အဆိပ်ပမာ ထိတ်စရာဟု စိတ်မှာထားပြီး တရားမှီးလျှက် တားဆီးသင့်စွာ မကျင့် ပါလေနှင့်၊ ဓမ္မစာရီ= သူတော်ကောင်းကြိုက် သုစရိုက်ကို အမြိုက် အလား အကြိုက်ပွားလျှက် လိုက်စားမလွဲ အကဲမြင့်မြင့် အမြဲကျင့်သူ သည်၊ အသ္မိံလောကေ= ဤလူ့ဘုံဘဝ၌လည်းကောင်း၊ ပရမှိစ လောကေ= တမလွန်ဘဝ၌လည်းကောင်း၊ သုခံ= ဘေးဒုက္ခစုံ အဖုံဖုံတို့ မဆုံတန်းသာ တန်းတစ်ဖြာမို့ ဝမ်းသာလန်းကာ ချမ်းသာစွာ၊ သေတိ= ကောင်းမှုထိုထို ကိုယ်ပြုခဲ့တောင်း အကြောင်းမျိုးမှ အကျိုးရလျှက် စိတ်ချမသွေ အိပ်ရ နေရပေတော့သတည်း။

သာဓု - သာဓု - သာဓု

➤➤➤➤➤

http://www.dhammadownload.com



**ယသော်ရောဏ၏ ကျင့်ဝတ်ဂုဏ်**

ယနေ့ သာသနာတော်နှစ် ၂၅၅၀ ပြည့်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခု၊ တပေါင်းလပြည့်ကျော် (၇)ရက်နေ့။

(၁၀၅)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ကြိုးပမ်းအားထုတ်နေကြတဲ့ ယောဂီသူတော်စင်များ နောက်ဆုံးနေ့ နံက်ဖြန်ဆိုရင် အောင်ပွဲခံကြတော့မယ်။

မနေ့ညက တရားဆက်ပြီးတော့ ဟောမယ်ဆိုရင် မြတ်စွာဘုရားက ဆွမ်းခံဝတ်နဲ့ ပတ်သက်ပြီးတော့ တရားဟောတဲ့အခါ သုဒ္ဓေါဒနမင်းကြီးက သကဒါဂါမ် ဖြစ်ပြီးတော့ မဟာပဇာပတိဂေါတမီက သောတာပန်ဖြစ်ပါတယ်။

သုဒ္ဓေါဒနမင်းကြီးနဲ့ မဟာပဇာပတိ ဂေါတမီမိဖုရားတို့က နန်းတော်ထဲမှာပဲ နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြပါတယ်။

နေ့ဆွမ်းကပ်ပြီးတဲ့အခါကျတော့ နန်းတွင်းသူ နန်းတွင်းသား အားလုံး ဖူးမျှော်ကြဖို့ နှိုးဆော်တဲ့အခါမှာ အားလုံးလိုလိုပဲ ဖူးမျှော်ကြတယ်။ ယသော်ရောမိဖုရားကတော့ လာရောက်မဖူးမျှော်ဘူး။

အဲဒါနဲ့ မြတ်စွာဘုရား ကိုယ်တော်တိုင် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် မထေရ်(၂)ပါးနဲ့တကွ ခမည်းတော်မင်းကြီးနဲ့ အတူ ယသော်ရောမိဖုရားရဲ့ ကျက်သရေတိုက်ခန်းသို့ ကြွပြီး ကန်တော့ခံပါတယ်။

အဲဒီလို ကျေနပ်လောက်အောင် ကန်တော့ပြီး နရသီဟဂါထာများနဲ့ ယသော်ရောက ပူဇော်ပါတယ်။ အဲဒီလို ဖူးမျှော်ခံယူတဲ့အခါမှာ မောင်းမမိဿံတွေဟာ ဖန်ရေစွန်းတဲ့ အဝတ်ကိုဝတ်ကြပြီး အားလုံးပဲ ကန်တော့ကြပါတယ်။

http://www.dhammadownload.com



သုဒ္ဓေါဒနမင်းကြီးက ယသော်ဓရာ၏ ဂုဏ်ကျင့်ဝတ်ငါးမျိုး လျှောက်ထားပါတယ်။

၁။ အရှင်မြတ်တို့ ဖန်ရေစွန်းတဲ့ အဝတ်ကို ဝတ်တယ်လို့ သတင်းကြားတာနဲ့ ကျွန်ုပ်သမီး ယသော်ဓရာဟာလဲ ဖန်ရေစွန်းတဲ့အဝတ်ကို ဝတ်ပြီး နေခဲ့ရှာပါတယ်ဘုရား။

၂။ အရှင်မြတ်တို့ ဆွမ်းတစ်ထပ်သာ ဘုဉ်းပေးတယ်လို့ သတင်းကြားတာနဲ့ ကျွန်ုပ်သမီး ယသော်ဓရာလဲ ပွဲတော်စာတစ်ထပ်သာ သုံးဆောင်ရှာပါတယ်ဘုရား။

၃။ အရှင်မြတ်တို့ မြတ်သောအိပ်ယာနေရာ စွန့်လွှတ်တယ်လို့ သတင်းကြားတဲ့အခါ ကျွန်ုပ်သမီး ယသော်ဓရာလဲ ကြိုးများနဲ့ ရက်ထားတဲ့ ညောင်စောင်းဖြင့် နေရှာပါတယ်ဘုရား။

၄။ အရှင်မြတ်တို့ ပန်းနံ့သာများ ပယ်စွန့်ပြီလို့ သတင်းကြားတဲ့ အခါ ကျွန်ုပ်သမီး ယသော်ဓရာလဲ ပန်းနံ့သာများ ပယ်စွန့်ခဲ့ပါတယ် ဘုရား။

၅။ အရှင်မြတ်တို့ တောထွက်သွားတယ်လို့ ကြားတဲ့အခါ အလုပ်အကျွေးပြုဖို့ ကမ်းလှမ်းကြတဲ့အခါ မည်သူ့ကိုမဆို ဂေဟာသီတပေမ တဏှာချစ်နဲ့ မကြည့်ခဲ့ရိုး အမှန်ပါဘုရား။

သုဒ္ဓေါဒနမင်းကြီးက ယသော်ဓရာရဲ့ ဂုဏ်ကျေးဇူးငါးရပ်ကို လျှောက်ထားပါတယ်။ အဲဒီလို လျှောက်ထားတဲ့အခါ မြတ်စွာဘုရား ကမင်းကြီး ယခုလို ပါရမီသမ္ဘာရ ပြည့်စုံနေတဲ့အခါ မပြောနဲ့တော့ ပါရမီမရင့်ကျက်မှီကပင်လျှင် ယသော်ဓရာလောင်းလျာဟာ စန္ဒတောင်မှာ မိမိကိုယ်ကို မိမိစောင့်ရှောက်ခဲ့ဘူးတယ်လို့ဆိုပြီး စန္ဒကိန္နရီဇာတ်တော်ကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။

http://www.dhammadownload.com



ဒီနောက် နေပြည်တော်ရောက်လို့ (၃)ရက်မြောက်တဲ့နေ့ကျတော့ သားတော် နန္ဒမင်းသားအား မင်္ဂလာ (၅)ရပ်ပြုပေးပါတယ်။

အဲဒီ မင်္ဂလာ (၅)ရပ်ထဲမှာ အာဝါဟဝိဝါဟ မင်္ဂလာလဲ ပါပါတယ်။

ဘုရားရှင် နန်းတော်သို့ကြွပြီးတော့ ဆွမ်းဘုဉ်းပေးတယ်။ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ မင်္ဂလာပွဲဆင်နွှဲပြီးကာစ ဖြစ်တဲ့ ညီတော် နန္ဒမင်းသားကို သပိတ်ပိုက်စေပြီးတော့ ခေါ်လာခဲ့ပါတယ်။

ကျောင်းရောက်တဲ့အခါ ညီတော်ရဟန်းပြုမလားလို့မေးတော့ မပြုပါဘူးလို့ ပြန်မပြောရဲတော့ ပြုပါမယ်ဘုရားလို့ လျှောက်ထားလိုက်တယ်။ ရဟန်းပြုပေးလိုက်တယ်။ တရားအားထုတ်ပြီး ရဟန္တာ ဖြစ်သွားပါတယ်။

**တောင်းတာက လောကီအမွေ**

မြတ်စွာဘုရား နေပြည်တော်သို့ကြွရောက်လို့ (၇)ရက်မြောက်တဲ့နေ့မှာပဲ ခုနစ်နှစ်သား သားတော်ရာဟုလာကို မယ်တော် ယသော်ဓရာက လက်ညှိုးညွှန်ပြီး ခမည်းတော်ထံ အမွေတောင်းဖို့ စေလွှတ်လိုက်ပါတယ်။ ဖွားဖက်တော်ဖြစ်တဲ့ ရွှေအိုးကြီးလေးလုံး ရှိတယ် အစရှိတဲ့ စကားတွေမှာပြီး အမွေတောင်းခိုင်းလိုက်ပါတယ်။

သားတော် ရာဟုလာကလဲ မြတ်စွာဘုရားစီသွားပြီးတော့ လောကသားတို့ ခိုနားကြတဲ့ အရိပ်တွေထဲမှာ အအေးမြဆုံးအရိပ်က ဘုရားရိပ်၊ တရားရိပ်ပါ။ သစ်ရိပ်၊ ဝါးရိပ် အေးမြတယ်။ မိရိပ် ဘရိပ် ဆွေရိပ် မျိုးရိပ် အေးမြတယ်။ ဆရာရိပ် သမားရိပ် အေးမြတယ်။ မင်းရိပ် စိုးရိပ် အေးမြတယ်။ အအေးမြဆုံးအရိပ်က ဘုရားရိပ်၊ တရားရိပ်

http://www.dhammadownload.com



ဖြစ်တဲ့အတွက်ကြောင့် သားတော်ရာဟုလာက-

**"သုခါ တေ သမဏဆာယာ"**

အရှင်မြတ်ဘုရား အရှင်မြတ်ရဲ့အရိပ်က အင်မတန် အေးမြချမ်းသာလှပါတယ်ဘုရားလို့ လျှောက်ထားတယ်။ ဆက်ပြီးတော့-

**ဒေဟိမေတာတ ဒါယဇ္ဇံ၊ စတသော သုဝဏ္ဏ ကုမ္ဘိယော။**

**ပိတုနော သန္တကံ လောကေ၊ ပုတ္တာ လဘန္တိ ကေဝလံ။**

တာတ= ခြောက်ဖြာရှောင်ရှိန် တထိန်ထိန်နှင့် သာကိန်ထွန်းတင် အို ခမည်းတော်ကျေးဇူးရှင်၊ မေ= ဖွားမြင်ချိန်အခါက မညှာမငဲ့ စွန့်ထားခဲ့၍ အားနွဲ့သိမ်ငယ်စွာ ကြီးပြင်းလာခဲ့ရသော ရတနာသက်စုအကျွန်ုပ်သားရာဟုအား၊ ဒါယဇ္ဇံ= ထီးမွေနန်းမွေ ကြငှန်းမွေကို၊ ဒေဟိ= ပေးသနားတော်မူပါဘုရား။

စတသော= လေးပါးအရေအတွက် ရှိကုန်သော၊ သုဝဏ္ဏကုမ္ဘိယော= သုံးမကုန် စွဲမကုန် ဘုန်းဟုန်ကြောင့် ဖြစ်ပေါ်လာတဲ့ ရတနာရွှေအိုးကြီးတို့ကို၊ ဒေဟိ= ချစ်သား ရာဟုရဲ့ ဘယ်နေရာမှာ ရှိလေရဲ့လို့ သိလွယ်အောင် မိန့်ကြား၍ ပေးသနားတော်မူပါဘုရား။

လောကေ= လောကသုံးခွင် ဘုံအပြင်၌၊ ပိတုနော= မွေးသဖခင်ကျေးဇူးရှင်၏၊ သန္တကံ= ကောင်းမွေဆိုးမွေ ရွှေငွေဘဏ္ဍာ ရတနာအရပ်ရပ် ပစ္စည်းမြတ်ကို၊ ကေဝလံ= တစမကြွင်း ခမင်းဉဿုံ အလုံးစုံ၊ ပုတ္တာ= ရင်နှစ်သည်းချာ သားရတနာတို့သည်၊ လဘန္တိ= ဥပဒေဓမ္မသတ်အရပ်ရပ် ထင်ရှားသဖြင့် သားတို့ရဲ့ စရိုက်ဖြင့် ရထိုက်ရိုးမှန်လှပါသည် ဘုရား။

အဲဒီလို အမွေတောင်းတဲ့အခါမှာ လောကီအမွေတွေဟာဝဋ်ဆင်းရဲမှာ စာရင်းဝင်တယ်၊ ဆင်းရဲဖို့ဖြစ်တယ်။

http://www.dhammadownload.com



ငါဘုရား ပေးမည့်အမွေက မဟာဗောဓိမဏ္ဍိုင်မှာ ငါးအင်သော မာန်တွင်းပရန်တွေကိုပြိုင်ပြီး အနိုင်ယူရရှိခဲ့တဲ့ လက်ကိုင်မိမိရရှိထားတဲ့ သဒ္ဓါစတဲ့ အရိယဓမ္မ သူတော်ကောင်းတို့ရဲ့ ဥစ္စာတွေကို ပေးမှပဲလို့ ကြံရွယ်ပြီး ရာဟုလာကို ကျောင်းတော်ခေါ် လာခဲ့တယ်။

ကျောင်းတော်ရောက်တဲ့အခါ အရှင်သာရိပုတ္တရာကို ရှင်သာမဏေဝတ်ပေးဖို့ မိန့်တော်မူတာပါပဲ။

အဲဒီတော့ စောစောကပြောတဲ့အတိုင်း ရွှေအိုးကြီးလေးလုံးက လောကီဥစ္စာတွေ၊ လောကီစာရင်းဝင်တဲ့ ဥစ္စာတွေ၊ အဲဒါတွေ မပေးဘူး၊ အရိယာတို့ရဲ့ ပစ္စည်းဥစ္စာတွေက-

**သဒ္ဓါဓနံ သီလဓနံ၊ ဟီရိ ဩတ္တပ္ပိယံ ဓနံ။**

**သုတ ဓနဉ္စ စာဂေါစ၊ ပညာဝေ သတ္တမံ ဓနံ။**

သဒ္ဓါဓနေ= ရတနာသုံးပါး ကံ,ကံ၏အကျိုးတရား ယုံကြည်တဲ့ ဥစ္စာ၊ သီလဓနေ= ကိုယ်နှုတ်စောင့်ထိန်းခြင်း၊ ဟီရိဓနေ= မကောင်းမှုပြုရမှာ ရှက်ခြင်း၊ ဩတ္တပ္ပဓနေ= မကောင်းမှုပြုရမှာ ကြောက်ခြင်း၊ သုတဓနေ= အသင်အကြား အမြင်များခြင်း၊ စာဂဓနေ= စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၊ ပညာဓနေ= အသိအလိမ္မာ ဉာဏ်ပညာ ဥစ္စာ ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်တွေ မြင်နိုင်တဲ့ ဉာဏ်ပညာစတဲ့ ပညာတည်းဟူသော ဥစ္စာ၊

အဲဒီ (၇)မျိုးကတော့ အရိယာတို့ရဲ့ဥစ္စာ၊ ဗောဓိမဏ္ဍိုင်မှာ ငါဘုရားရရှိခဲ့တဲ့ ဥစ္စာတွေ၊ လောကုတ္တရာ ဥစ္စာတွေ၊ အဲဒီ ဥစ္စာတွေကို ကိုးခန်းပျို့မှာ ရှင်မဟာရဋ္ဌသာရက -

သဒ္ဓါပတ္တမြား ဖိုးများနဠ
သီလပုလဲ
မျက်ရွဲသုတ

http://www.dhammadownload.com



စာဂသဒ္ဓါ
ပညာစိန်ကျောက်
ထိန်တောက်ထွန်းငြိ
ဟီရိကြေးငွေ

ဩတ္တပ် ရွှေ ခေါ်တဲ့ လောကုတ္တရာ ရတနာတွေကို သားတော်ရာဟုလာအား ပေးဖို့အတွက် "ချစ်သား သာရိပုတ္တရာ၊ ရာဟုလာကို ရှင်သာမဏေ ပြုပေးလိုက်ပါ"လို့ မိန့်တော်မူတော့ အရှင်မောဂ္ဂလာန် မထေရ်မြတ်က ဆံပင်ရိတ်ပေးတယ်။ သင်္ကန်းတောင်း သင်္ကန်းပေး ပြုပေးတယ်။ သရဏဂုံပေးတော်မူတယ်။ "ပဗ္ဗဇ္ဇာ စရိယ"

အရှင်သာရိပုတ္တရာက ဥပဇ္ဈာယ်အဖြစ်နဲ့ ဆောင်ရွက်တော်မူတယ်။ အရှင်မဟာကဿပမထေရ်မြတ်ကြီးက ဩဝါဒါစရိယအဖြစ် ဆောင်ရွက်တော်မူတယ်။ သားတော် ရာဟုလာလေးရဲ့ ရှင်ပြုပွဲ ပြီးသွားပြီ၊ ရှင်သာမဏေ ဖြစ်သွားပါပြီ။

အဲဒီလို ရှင်သာမဏေဖြစ်တဲ့အခါမှာ မြတ်စွာဘုရားက သားတော် ရာဟုလာအား အရိယဓမ္မ မြတ်တဲ့တရား ပေးတော်မူတယ်။ တောင်းတာက ဖွားဖက်တော်ဖြစ်တဲ့ ရွှေအိုးကြီးလေးလုံးနဲ့ ထီးမွေနန်းမွေကို တောင်းခဲ့တယ်။

အရိယဓမ္မဆိုတာ ဗောဓိမဏ္ဍိုင်မှာ ကျကျနနရတော်မူခဲ့တဲ့ အရိယာဥစ္စာ

"ရွှေငွေပုလဲ ကြောင်မျက်ရွဲနှင့် မြခဲသဒ္ဓါ စိန်ဘဏ္ဍာတို့နှင့် အလားတူသော သဒ္ဓါသီလ သုတစာဂ ပညာ ဟီရိ ဩတ္တပ္ပဟု (၇)လီ ဥစ္စာ ရတနာသာရ မြတ်ခုနစ်တို့ဖြင့် ကြွယ်ဝချမ်းသာတော်မူသော မြတ်စွာဘုရား"၊

http://www.dhammadownload.com



ရွှေ ငွေ ပုလဲ ကြောင်မျက်ရွဲနှင့် မြခဲသန္တာ စိန်ဘဏ္ဍာတို့နှင့် အလားတူပဲ သဒ္ဓါသီလ သုတစာဂ ပညာ ဟိရိ ဩတ္တပ္ပခေါ်တဲ့ (၇)လီ ဥစ္စာ ရတနာ သာရ အရိယာတို့ရဲ့ ဥစ္စာတွေကို သားတော်ရာဟုလာ အား ပေးသလို ဘုန်းကြီးတို့ လောကသားအားလုံးတို့အားလဲ မြတ်စွာ ဘုရား ပေးတော်မူပါတယ်။

ဒါကြောင့် “ရတနာသုံးတန် ကံ,ကံ၏အကျိုးကို ယုံကြည်တဲ့ သဒ္ဓါတရားတည်းဟူသော ဥစ္စာ၊

ငါးပါးသီလ ရှစ်ပါးသီလ စသော သီလဥစ္စာ၊

မကောင်းမှုဒုစရိုက်တို့ကို ပြုရမှာ ရှက်တဲ့ ဟိရီဥစ္စာ၊

မကောင်းမှုဒုစရိုက်တို့ကို ပြုရမှာ ကြောက်လန့်ခြင်း ဩတ္တပ္ပ ဥစ္စာ၊

အသင်အကြား အမြင်များခြင်း သုတဥစ္စာ၊

လှူဒါန်းပေးကမ်း စွန့်ကြဲခြင်း စာဂဥစ္စာ၊

ပညာ၊ ဒီပညာက အရေးကြီးတဲ့ ပညာ၊

လောကီ (သိပ္ပံဝိဇ္ဇာ) ပညာ၊ လောကုတ္တရာပညာ၊ ရုပ်နာမ်နဲ့ ပတ်သက်တဲ့ပညာ၊

ဒီပညာဟာ ထေရဝါဒ ထွန်းကားတဲ့ နိုင်ငံတွေတောင်မှ အပြည့်အစုံရှိဖို့ရာ အင်မတန်ခက်တယ်။

ယနေ့နံနက်ကပဲ နိုင်ငံပေါင်း (၁၃)နိုင်ငံက တက္ကသိုလ် ကောလိပ် (၂၅)ခုက ပါမောက္ခတွေ၊ ကထိကတွေ လာပြီး ပိဋကတ် တော်လာ ပညာနဲ့ပတ်သက်ပြီး ဆွေးနွေးဖို့ ဖွင့်ပွဲကျင်းပပါတယ်။ အဲဒီ ဖွင့်ပွဲကျင်းပနိုင်ဖို့ စည်းဝေးတဲ့အခါ ဘုန်းကြီးက ဩဝါဒပေးခဲ့ရပါတယ်။

http://www.dhammadownload.com



ဖွင့်ပွဲပြီးတဲ့အခါ မိတ်ဆက်စကားပြောကြတော့ ထိုင်းနိုင်ငံ တက္ကသိုလ်တစ်ခုရဲ့ ပါမောက္ခချုပ် ဆရာတော်က စကားတစ်ခု ထည့်လျှောက်တယ်။

တပည့်တော်တို့ လွန်ခဲ့တဲ့နှစ် (၅၀)က စပြီးတော့ ထိုင်းနိုင်ငံမှာ မြန်မာနိုင်ငံက ပို့ချပေးတဲ့ဝိပဿနာ၊ မြန်မာနိုင်ငံက ပို့ချပေးတဲ့ အဘိဓမ္မာပညာ ရရှိခဲ့ပါတယ်။

ဝိပဿနာပညာနဲ့ အဘိဓမ္မာပညာကို မြန်မာနိုင်ငံက ပို့ချပေး ခဲ့ကြောင်း ထိုင်းသံဃရာဇာ သာသနာပိုင် ဆရာတော်ကြီးက အလျှောက်ခိုင်းလိုက်ပါတယ်တဲ့။ "မြန်မာနိုင်ငံ ဆရာတော်များကို အလွန်အကျူး ကျေးဇူးတင်ပါတယ်"လို့။ ထိုင်းနိုင်ငံ သံဃရာဇာရဲ့ စကားနဲ့ နံနက်က မိတ်ဆက်စကား ပြောကြားရာမှာ ထည့်ပြီး လျှောက်ထားပါတယ်။

အဲဒီတော့ ထေရဝါဒသာသနာ တိုင်းနိုင်ငံမှာ ထွန်းကား နေတာ ကြာပါပြီ။ ထိုင်းနိုင်ငံရဲ့ သက္ကရာဇ်က သာသနာတော်နှစ်နဲ့ တူတယ်။ ဘုန်းကြီးတို့နိုင်ငံက (၂)ကြိမ် ဖြုတ်ထားတော့ မတူတော့ဘူး။ သို့သော်လဲ လွန်ခဲ့တဲ့နှစ် (၅၀)ကမှ "ဝိပဿနာပညာနဲ့ အဘိဓမ္မာ ပညာ" မြန်မာနိုင်ငံက လာရောက်သင်ကြားပေးကြကြောင်း လျှောက်ထားသွားပါတယ်။

ကမ္ဘာ့လူထုကြီး ဝိပဿနာပညာ သင်ကြားမည့်ပုဂ္ဂိုလ်လဲ အင်မတန်ရှားပါတယ်။ ရုပ်တွေ နာမ်တွေ ပရမတ်တွေ ဓာတ်တွေနဲ့ ပတ်သက်တဲ့ပညာ၊ အဘိဓမ္မာပညာ၊ ဒီပညာသင်ကြားပေးတဲ့ ပုဂ္ဂိုလ် ကမ္ဘာ့တက္ကသိုလ် အသီးသီးမှာ မရှိသလောက် ရှားပါးတယ်လို့ ပြောရမှာပါပဲ။

http://www.dhammadownload.com



အခု လာရောက်ဆွေးနွေးကြတဲ့ ကမ္ဘာ့တက္ကသိုလ် (၂၅)ဌာနက လာရောက်ကြတဲ့ ပုဂ္ဂိုလ်တွေ၊ ထေရဝါဒ ဗုဒ္ဓဘာသာနဲ့ ပတ်သက်တဲ့ တက္ကသိုလ်တွေချည်းပါပဲ။ သို့သော် ဝိပဿနာပညာနဲ့ အဘိဓမ္မာပညာသင်ပေးနိုင်တဲ့ တက္ကသိုလ် နည်းနည်းလေးပဲ ရှိတယ်ဆိုတာ သိရပါတယ်။

## ကိလေသာတွေဖြစ်ခွင့်မရအောင်

ဒါကြောင့် "အမှားတွင် ဒိဋ္ဌိ၊ အရှားတွင် သာသနာ" ဆိုတဲ့နေရာမှာ သာသနာဆိုသော်လဲ ပညာသာသနာ အလွန်ထင်ရှားပါတယ်။ ဘယ်လောက်ထိအောင် တန်ဖိုးရှိသလဲဆိုတဲ့နေရာမှာ လောကသားတွေမှာ ဖြစ်နေတဲ့ ကမ္ဘာ့လူထုကြီးအတွင်းမှာ လောဘတွေဖြစ်နေကြ၊ ဒေါသတွေဖြစ်နေကြ၊ မောဟ အဝိဇ္ဇာတွေ ဖြစ်နေကြ၊ မာနတွေ ဖြစ်နေကြတယ်။ မိစ္ဆာဒိဋ္ဌိတွေ ဖြစ်နေတယ်၊ အဟီရိက အနောတ္တပ္ပ ထိန ဥဒ္ဓစ္စ ဝိစိကိစ္ဆာ အကျဉ်းချုပ်အားဖြင့် သတ္တဝါတွေပူပန်အောင်၊ ညစ်ကျုံအောင်၊ ပင်ပန်းအောင် ညှင်းပန်းနှိပ်စက်တတ်တဲ့ တရားဆိုး တရားပျက်တွေ၊ အကျယ်ချဲ့တော့ (၁၅၀၀)၊ အဲဒီကိလေသာတရားတွေ နှိမ်နင်းတဲ့နည်းတွေထဲမှာ ဒီကိလေသာတရားတွေ ဖြစ်ခွင့်မရအောင် ကျင့်သုံးတဲ့ နည်းနာနိဿယတွေမှာ ဒီဝိပဿနာရှုပွားမှုက အင်မတန်အရေးကြီးပါတယ်။ လောဘ, ဒေါသ, မောဟ အစရှိတဲ့ ကိလေသာတွေ ဖြစ်ခွင့်မရအောင် ကျင့်သုံးတဲ့နည်းတွေ (၈)မျိုးလောက် တွေ့ရတယ်။

**နံပါတ် (၁) ဝတ်တရားဖြည့်-** စေတီတော်တွေ, ထေရ်ကြီးဝါကြီးတွေရဲ့ ဝတ္တရားတွေကို ဖြည့်ကျင့်တယ်။ မိဘဝတ္တရားတွေ

http://www.dhammadownload.com



ဖြည့်ကျင့်တာအထိ ထည့်လို့ရတယ်။ ရတနာသုံးပါး ဆရာမိဘတို့ရဲ့ ဝတ်ကြီးဝတ်ငယ်တွေ ဖြည့်ကျင့်နေမယ်ဆိုရင် လောဘ အစရှိတဲ့ ကိလေသာတွေ ဖြစ်ခွင့်မရဘူး။

**နံပါတ် (၂) ပိဋကတ်သင်အံကြည်-** ဗုဒ္ဓဟောကြား ပိဋကတ်တော်များကို သင်ကြားနေမယ်၊ ပို့ချနေမယ်၊ ရေးသားနေမယ်၊ ဟောပြောနေမယ်ဆိုရင် လောဘအစရှိတဲ့ ကိလေသာတွေ ကြားမဝင်နိုင်ပါဘူး။

**နံပါတ် (၃) ဓူတင်ကျင့်နေ-** ဓုတ ဆိုတာ ခါထုတ် တတ်တယ်။ ကိလေသာတွေ ခါထုတ်တတ်တယ်။ သူ့အကျင့်ကိုက ကိလေသာ ဖြစ်ခွင့်မရအောင် ကျင့်တဲ့အကျင့်ဆိုတော့ ဓူတင်အကျင့် ကျင့်နေရင်လဲ ကိလေသာ ကြားမဝင်ဘူး။ ကိလေသာ ဖြစ်ခွင့် အားနည်းသွားတယ်။

**နံပါတ် (၄) ဈာန်သမာပတ်ဝင်စား-** သမထကမ္မဋ္ဌာန်း နင်လားငါလား အားထုတ်နေမယ်။ ပုတီးစိပ်နေမယ်။ ဘုရားရှိခိုးမယ်။ မေတ္တာပွားမယ်။ လောဘစတဲ့ ကိလေသာတွေ ဖြစ်ခွင့်မရနိုင်ဘူး။

**နံပါတ် (၅) ဝိပဿနာပွား-** ဝိပဿနာပွားနေရင် လောဘစတဲ့ ကိလေသာတွေ ဖြစ်ခွင့်မရနိုင်ဘူး။

**နံပါတ် (၆) သာသနိကအဆောက်အအုံဆောက်လုပ်၊ သံဃာ့ကိစ္စ-**ဇရပ်,တန်ဆောင်း,ဂူ,ကျောင်း,ပြဿဒ် ဆောင်ရွက်နေမယ်။ သံဃာကိစ္စ ဆောင်ရွက်နေမယ်ဆိုရင် ကိလေသာဝင်ခွင့် မရဘူး။

**နံပါတ် (၇)-** ပုဂ္ဂိုလ်တစ်ဦးက ပြဟ္မာ့ပြည်က လာတယ်။ သန့်ရှင်းစင်ကြယ်တဲ့ ပုဂ္ဂိုလ်ဖြစ်ခဲ့ဘူးတာ။ ကိလေသာ အားနည်းတယ် ဖြစ်ခွင့်မရဘူး။

http://www.dhammadownload.com



နံပါတ် (၈) မခံစားဘူးတဲ့- အာရုံအသစ်အဆန်းတွေ တွေ့ကြုံဆုံဆည်းတဲ့အခါမှာ "ယောနိသော မနသိကာရ" သင့်တင့်အောင် နှလုံးသွင်းခြင်း၊ လမ်းရိုးလမ်းမှန်အတိုင်း နှလုံးသွင်းခြင်း၊ အဲဒီ ယောနိသော မနသိကာရ ရှိရင်လဲ ကိလေသာဝင်ခွင့်မရဘူး။

အာရုံကတော့ အသစ်အဆန်းပဲ။ အလွန်ထူးထူးဆန်းဆန်း ဖြစ်တဲ့ အာရုံပဲ။ သို့သော်လဲ ယောနိသော မနသိကာရ သင့်တင့်အောင် နှလုံးသွင်းမယ်၊ လမ်းရိုးလမ်းမှန်အတိုင်း အာရုံယူမယ်ဆိုရင် လောဘစတဲ့ ကိလေသာတွေ ဖြစ်ခွင့်မရဘူး။

အဲဒီတော့ ဘုန်းကြီးတို့တတွေကို ညှင်းပန်းနှိပ်စက်နေတာက လောဘအစရှိတဲ့ ကိလေသာတွေ အဲဒီကိလေသာတွေက ညှင်းပန်းနှိပ်စက်နေတာပါပဲ။

လောဘ အစရှိတဲ့ ကိလေသာတို့ ညှင်းပန်းနှိပ်စက်နေတာ မညှင်းပန်းမနှိပ်စက်အောင် သူတို့ဖြစ်ခွင့်မရအောင် သူတို့ မိမိအနီးသို့ လာရောက်ခွင့်မရအောင် ပြုကျင့်တဲ့နည်းဟာ (၈)မျိုး။

၁။ ဝတ်တရားကျင့်မယ်။

၂။ ပိဋကတ် သင်အံပို့ချဟောကြားမယ်။

၃။ ဓုတင်အကျင့် ကျင့်မယ်။

၄။ သမထကမ္မဋ္ဌာန်း အားထုတ်၊ ဈာန်ဝင်စားမယ်။

၅။ ဝိပဿနာပွားမယ်။

၆။ သာသနိကအဆောက်အဦ ဆောက်လုပ် ဝေယျာဝစ္စ ပြုနေမယ်။

၇။ ဗြဟ္မာ့ပြည်က လာတဲ့ပုဂ္ဂိုလ်ဖြစ်မယ်။

http://www.dhammadownload.com



၈။ ယောနိသော မနသိကာရ ရှိရှိနဲ့
- မဖြစ်သေးတဲ့ အကုသိုလ်မဖြစ်အောင်၊
- ဖြစ်ပြီးသား အကုသိုလ်ပယ်ရှားရအောင်၊
- မဖြစ်သေးတဲ့ ကုသိုလ်ဖြစ်အောင်၊
- ဖြစ်ပြီးသား ကုသိုလ် တိုးပွားအောင် ကြိုးစားနေမယ်။

အဲဒီလို နည်းနိဿယတွေ ရှိနေတော့ (၁၀၅)ကြိမ်မြောက် (၇)ရက် တရားစခန်း ပွားများအားထုတ်နေကြတဲ့ ယောဂီသူတော်စင်များဟာ နံပါတ် (၄)ဖြစ်တဲ့ သမထကမ္မဋ္ဌာန်း အထွင့်အထိပ်ရောက်အောင် အားထုတ်ခြင်း၊ နံပါတ် (၅)ဖြစ်တဲ့ ဝိပဿနာ ပွားများခြင်းတို့ဟာ ကိလေသာ တရားဆိုး တရားပျက်တို့ကို တားမြစ်ဖျက်ဆီးရမှာ အင်အားပြင်း လက်နက်တွေဖြစ်တယ်။

ဒါကြောင့် မြတ်စွာဘုရား သားတော်ရာဟုလာအား ပေးတော်မူခဲ့တဲ့ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပဟု (၇)လီသော ရတနာသာရ မြတ်ဓမ္မတို့ဖြင့် ကြွယ်ဝချမ်းသာခြင်းအကြောင်း ကောင်းမြတ်သော သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းတို့ကို ကြိုးပမ်းအားထုတ်နိုင်ကြပါစေလို့ တိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**ညီတော်မင်းနန်**

ယနေ့ သာသနာနှစ် ၂၅၅၀ ပြည့်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခု၊ တပေါင်းလပြည့်ကျော် (၈)ရက်။

လယ်တီဝိပဿနာ (၇)ရက် တရားစခန်း ဖွင့်လာခဲ့တာ (၁၀၅)ကြိမ်မြောက် ရောက်ခဲ့ပြီ။ (၇)ရက် တရားစခန်း ကြိုးပမ်း အားထုတ်လို့ ပြီးမြောက်အောင်မြင်ခဲ့ကြပြီ။

ယမန်နေ့ညက ဟောခဲ့တဲ့ နန္ဒမင်းသား၊ လောကီဖက် ကြည့်မယ်ဆိုရင် မြတ်စွာဘုရား နေပြည်တော်ရောက်လို့ (၃)ရက် မြောက်တဲ့နေ့မှာ လောကီမင်္ဂလာကြီး (၅)ရပ် အိမ်ရှေ့မင်းသား တင်မြောက်တဲ့မင်္ဂလာ အပါအဝင်ပါ။

အဲဒီ မင်္ဂလာကြီး (၅)ရပ် ရရှိထားတဲ့ နန္ဒမင်းသား ဘုရားရှင်က သပိတ်ကိုထမ်းစေပြီး ကျောင်းတော်ရောက်တော့ ရဟန်းပြုပေး လိုက်တယ်။

ရဟန်းပြုပေးလိုက်တော့ မပျော်လိုက်တာ ရှင်နန္ဒ၊ နည်းနည်းမှ မပျော်ဘူး။ ကျောင်းတိုက်လှည့်လည်ပြီး ဟိုနားသွားလိုက်၊ ဒီနား သွားလိုက်၊ ထွက်ပြေးဖို့စဉ်းစားပြန်တော့ မြတ်စွာဘုရားက သူ့ရှေ့က တားနေတယ်လို့ ထင်နေတယ်။ ထွက်ပြေးဖို့လဲ မအောင်မြင်ဘူး။

တစ်နေ့ကျတော့ မြတ်စွာဘုရားက နန္ဒမထေရ် မပျော်မွန်းလဲ သိရော မြတ်စွာဘုရားက "နန္ဒ နတ်ပြည်မရောက်ချင်ဘူးလား"။ "ရောက်ချင်ပါတယ်ဘုရား"။ နတ်ပြည်သွားတဲ့အခါ လမ်းမှာ မျောက်အိုမကြီးတစ်ကောင် တွေ့တယ်။

"နန္ဒ မျောက်အိုမကြီးနဲ့ ဇနပဒကလျာဏီ၊ ဘယ်သူက လှသလဲ" မေးပြီးတော့မှ နတ်ပြည်ခေါ်သွား။ နတ်ပြည်ရောက်တော့ ခိုခြေအဆင်း

http://www.dhammadownload.com



ရှိတဲ့ နတ်သမီးတွေ တွေ့တယ်။ တွေ့တဲ့အခါ သိပ်ပြီးတော့ သဘောကျတယ်။ စောစောက မျောက်အိုမကြီးနဲ့ ဇနပဒကလျာဏီ တိုင်းတာပြောတာလဲ သဘောပေါက်သွားတယ်။ မြတ်စွာဘုရားက "နန္ဒ အဲဒီ နတ်သမီးတွေ လိုချင်သလား"၊ "လိုချင်ပါတယ်"၊ "အဲဒီ နတ်သမီးတွေ လိုချင်ရင် တရားသာ အားထုတ်၊ ရအောင် ခေါ်ပေးမယ်"လို့ အာမခံတယ်။

အဲဒါနဲ့ အရှင်နန္ဒ တရားအားထုတ်နေတဲ့ အခါကျတော့ အခြားရဟန်းတွေက ကဲ့ရဲ့ကြတယ်။ "ဒီကျောင်းတိုက်ထဲမှာ နတ်သမီး လိုချင်လို့ တရားအားထုတ်နေသူ ရှိတယ်"။ "တို့ကျောင်းတိုက်ထဲမှာ နတ်သမီးလိုချင်လို့ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်ရှိတယ်"လို့ မကြားတကြား ပြောကြဆိုကြတဲ့အခါ အရှင်နန္ဒက "ဒီကိုယ်တော်တွေ ငါ့ကို စောင်းပြောနေတာ ဖြစ်မယ်။ ဒါဟာ ငါက္ကန္ဒြေမစောင့်စည်းလို့ အခုလို အကဲ့ရဲ့ခံရတာ ဖြစ်တယ်"ဆိုပြီး-

"မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်တို့ကို ငါစောင့်စည်းတော့မယ်"လို့ ဆုံးဖြတ်ပြီးတော့-

အရှေ့အရပ်ကြည့်မယ်၊ ကြည့်လို့ အဘိဇ္ဈာ, ဒေါမနဿ စတဲ့ ကိလေသာတစ်ခုခုဖြစ်မယ်ဆိုရင် အရှေ့အရပ်ကို မကြည့်ဘူး။ အနောက်ကိုကြည့်မယ်ဆိုရင် လောဘ, ဒေါသ စတဲ့ ကိလေသာတွေ မဖြစ်အောင်ပဲ ကြည့်တယ်။ ဖြစ်မယ်ဆိုရင် မကြည့်တော့ဘူး။

တောင်အရပ်၊ မြောက်အရပ် အဲဒီလိုပဲ အရပ်ဒေသတွေနဲ့ ပတ်သက်ပြီးတော့ ကြည့်တဲ့အခါမှာ အရှင်နန္ဒရဲ့အကျင့်ဟာ က္ကန္ဒြေစောင့်စည်းတဲ့ ကျင့်တဲ့နေရာမှာ အထွဋ်အထိပ် ဉက္ကဋ္ဌဖြစ်တဲ့ က္ကန္ဒြေစောင့်စည်းမှုအကျင့်၊ ကိလေသာမဖြစ်အောင် ကြည့်တဲ့နည်း။

http://www.dhammadownload.com



ကိလေသာ မဖြစ်အောင် စောင့်စည်းတဲ့အကျင့်နဲ့ ကျင့်တဲ့အတွက် အရှင်နန္ဒဟာ အာသဝေါကုန်ခမ်း ရဟန္တာဖြစ်သွားတယ်။

**ဥဒါန်းကျူးနိုင်**

အဲဒီလို ရဟန္တာဖြစ်တဲ့အခါ အရှင်နန္ဒဟာ အင်မတန်ဝမ်းသာပြီး ပထမဆုံး ကျူးရင့်တဲ့ဥဒါန်းက-

**ယဿ နိတ္တိဏ္ဏော ပင်္ကော၊**

**မဒ္ဒိတော ကာမကဏ္ဍကော။**

**မောဟက္ခယံ အနုပ္ပတ္တော၊**

**သုခ ဒုက္ခေသု နဝိန္ဒတိ သဘိက္ခု။**

ယဿ= အကြင် အရိယာနယ်ကို တည်ထွင်ကာနေသောသူသည်၊ ပင်္ကော= သံသရာနက်ရှောင်း ရွှံ့ညွန်ပြောင်းကို၊ နိတ္တိဏ္ဏော= ထိုမှာကမ်းသို့ ဖြောင့်တန်းတောက်လျှောက် အရိယာမဂ် တံတားဆောက်၍ ကူးမြောက်အပ်လေပြီ။

အရိယာပုဂ္ဂိုလ်တစ်ပါးပါးဟာ သံသရာနက်ရှောင်း ရွှံ့ညွန်ပြောင်းကို အရိယာမဂ်တံတား ဆောက်ပြီးတော့ နိဗ္ဗာနဝှမ်း ထိုဘက်ကမ်းသို့ ဖြောင့်တန်းတောက်လျှောက် ကူးနိုင်ပြီ။

ကာမ ကဏ္ဍကော= မခံနိုင်အောင် ထိုးဖောက်သည့်ကိလေသာ ကာမတည်းဟူသော ဆူးငြောင့်ကို၊ ဆူးငြောင့်က လူလဲလူအလျှောက်၊ နတ်လဲနတ်အလျှောက် အမျိုးအလိုက် အရိုးခိုက်အောင် ထိုးခိုက်စူးဝင်တတ်တဲ့ ကာမဆိုတဲ့ ဆူးငြောင့်ကို၊ မဒ္ဒိတော= အရဟတ္တမဂ်ဉာဏ် ဒုတ်လုံးတန်ဖြင့် မကျန်မြူလောက် ပယ်ဖျောက်ဖျက်ဆီးအပ်ပေပြီ။

http://www.dhammadownload.com



ကာမရာဂဆိုတဲ့ ဆူးငြောင့်ခလုပ်ကို အရဟတ္တမဂ်ဉာဏ်ဆိုတဲ့ ဒုတ်လှံတန်နဲ့ မြူမျှမကျန်ရအောင် ဆွဲနှုတ်ပြီ၊ ပယ်ဖျောက်အပ်ပြီ။ မှန်ပါတယ်။

မြတ်စွာဘုရား နေပြည်တော်ရောက်လို့ သုံးရက်မြောက်တဲ့ နေ့မှာ နန္ဒဟာ အာရုံငါးပါးနဲ့ ပတ်သက်အပြည့်အစုံကြီးရတဲ့နေ့လို့ ပြောရမှာပါ။ အိမ်ရှေ့မင်းဖြစ်တယ်။ ဇနပဒကလျာဏီနဲ့ လက်ထပ်မင်္ဂလာပြုတယ်။ အဲလို အာရုံငါးပါးဆိုတဲ့ ဆူးငြောင့်ကို သာမန်ပုဂ္ဂိုလ်ဆိုရင် နှုတ်ပယ်ဖို့ စဉ်းစားလို့ရနိုင်မှာ မဟုတ်ဘူး။ ပါရမီရင့်ပြီးသား ပုဂ္ဂိုလ် ဖြစ်လို့တာပေါ့။

ကာမကဏ္ဍကော= လူနတ်ပြဟ္မာ သတ္တဝါတွေ မခံသာအောင် ထိုးဆွတတ်သော ကိလေသာ ကာမတည်းဟူသော ဆူးငြောင့်ကို၊ မဒ္ဒိတော= အရဟတ္တမဂ်ဉာဏ် ဒုတ်လှံတန်ဖြင့် မကျန်မြူလောက် ပယ်ဖျောက်ဖျက်ဆီးအပ်ပေပြီ။

တကယ်တော့ ဆူးငြောင့်ခလုပ်ကို ပယ်ထုတ်နိုင်တာ အရှင်နန္ဒပါ။

မေဟက္ခယံ= မောဟကုန်ရာ ပြည်နိဗ္ဗာန်သို့၊ မောဟကို ကုန်စေတတ်သော မဂ်ဉာဏ်၊ မောဟကုန်ပြီးသော ဖိုလ်ဉာဏ်၊ မောဟကုန်ရာ နိဗ္ဗာန်သို့ အနုပ္ပတ္တော= မဂ်ဉာဏ်လေးတောက် အစဉ်လျှောက်၍ ဆိုက်ရောက်အပ်ပေပြီ။

မောဟက္ခယ= မောဟကုန်မှတော့၊ ဒေါသက္ခယ= ဒေါသလဲ ကုန်တာပဲ၊ လောဘက္ခယ= လောဘလဲ ကုန်တာပဲ။ လောဘ ဒေါသ မောဟတွေ ကုန်သွားပြီ။ မောဟကုန်ရာဖြစ်တဲ့ အာသဝက္ခယဉာဏ်သို့ ရောက်ပါပြီ။

http://www.dhammadownload.com



စောစောက အရှင်နန္ဒကို မြတ်စွာဘုရား အာမခံတာက ခိုခြေ အဆင်းရှိတဲ့ နတ်သမီးတို့နဲ့ တွေ့စေရမယ်၊ ရစေရမယ်လို့ အာမခံတာ။

အရှင်နန္ဒက မြတ်စွာဘုရားထံ သွားလျှောက်တယ်။ "အရှင်ဘုရား မြတ်စွာဘုရားက ခိုခြေအဆင်းရှိတဲ့ နတ်သမီးတွေနဲ့ တွေ့ဖို့ အာမခံတာပါဘုရား။ အဲဒီ အာမခံတာ မဆောင်ရွက်ပါနဲ့တော့ ဘုရား" ဆိုတော့ မြတ်စွာဘုရားက သိတော်မူတယ်။

အာသဝက္ခယဉာဏ်ရမှတော့ နတ်သမီးတွေနဲ့ တွေ့ပေးစရာ အကြောင်းမရှိတော့ဘူးဆိုတာ ကြိုတင်သိတော်မူထားပါတယ်။ ဒါကြောင့် **"သုခ ဒုက္ခေသု နဝိန္ဒတိ သဘိက္ခု"**။

သဘိက္ခု= ကိလေသာခဲ မှောင်ထုမဲကို ဖြိုခွဲဖျက်ဆီးပြီးသော ထိုရဟန္တာပုဂ္ဂိုလ်သည်၊

သဘိက္ခု= ကိလေသာခဲ မှောင်ထုမဲကို ဖြိုခွဲပြီးတဲ့ ထိုရဟန္တာ အရှင်မြတ်သည်၊

သုခ ဒုက္ခေသု= သုခဒုက္ခ စသည်(၈)တန် လောကဓံတို့ကြောင့်၊ နဝိန္ဒတိ= မတုန်လှုပ်တော့ပေ။

နဝိန္ဒတိ= ပုထုဇဉ် သူငါများကဲ့သို့ စိတ်ထားမမှန် ရောက်ရက် ဆန်သည့် ဖောက်ပြန်တုန်လှုပ်ခြင်း အလျဉ်းမရှိတော့ချေ။

ကိလေသာခဲ မှောင်ထုမဲကို ဖြိုခွဲဖျက်ဆီးပြီးတဲ့ ရဟန္တာအရှင် မြတ်များဟာ သုခဒုက္ခစသည် (၈)တန် လောကဓံတရားဆိုးတို့ကြောင့် မတုန်လှုပ်တော့ဘူး။

ဒီဂါထာကို အရှင်နန္ဒ ကျူးရင့်တော်မူတယ်။ ဒီဂါထာကို ကျူးရင့်တော်မူနိုင်တာလဲ စောစောကပြောသလို၊

http://www.dhammadownload.com



အရှေ့အရပ်၊ အနောက်အရပ်၊ တောင်အရပ်၊ မြောက်အရပ် တို့ကို ကြည့်တဲ့နေရာမှာ ကိလေသာမဖြစ်အောင် ကြည့်တယ်၊ ကိလေသာဖြစ်မယ်ဆို မကြည့်ဘူး။

**အရှင်နန္ဒ ဧတဒဂ်ရပြီ**

အဲဒီလို မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ထိန်းသိမ်းတဲ့ နေရာမှာ အလွန်အကျူး အထူးမြင့်မြတ်တဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် အရှင်နန္ဒအား မြတ်စွာဘုရားက -

**"ဧတဒဂ္ဂံ ဘိက္ခဝေမမသာဝကာနံ ဣန္ဒြိယေသုဂုတ္တ ဒွါရာနံ ယဒိဒံ နန္ဒော"**

ဘိက္ခဝေ= ရဟန်းတို့၊ ယဒိဒံ ယောအယံနန္ဒော= အရှင်နန္ဒ သည်၊ အတ္ထိ= ရှိ၏။ ဣန္ဒြေိယေသု= ဣန္ဒြေတို့၌၊ ဂုတ္တဒွါရာနံ= သတိစွဲယှဉ် တံခါးကျင်ဖြင့် တားဆင်ကာဆီး လုံခြုံစေအပ်သော တံခါးရှိကြကုန်သော၊ မမ= ငါဘုရား၏၊ သာဝကာနံ= တပည့်သား သာဝကတို့တွင်၊ ဧတံ ဧသော နန္ဒော= ဤနန္ဒသည်၊ အဂ္ဂံ-အဂ္ဂေါ= အမြတ်ဆုံးပေတည်း။

ဣန္ဒြေကို စောင့်စည်းကြတဲ့ မျက်စိ နား နှာ လျှာ ကိုယ် စိတ် ဆိုတဲ့ တံခါးပေါက်ကို လုံအောင်ပိတ်ကြတဲ့ ငါဘုရားရဲ့ တပည့်သား သာဝကတို့တွင် အရှင်နန္ဒဟာ အမွန်ဆုံး အမြတ်ဆုံး ဖြစ်တယ်လို့ မြတ်စွာဘုရားက "ဣန္ဒြိယေသု ဂုတ္တဒွါရတာ" အရာမှာ အရှင်နန္ဒကို ဧတဒဂ်ဂုဏ်ထူးနဲ့ ချီးမြှောက်တော်မူခဲ့ပါတယ်။

ဒါကြောင့် အရှင်နန္ဒရဲ့ နောက်ဆုံးဘဝဖြစ်စဉ်ကို ပြန်ကြည့်မယ် ဆိုရင် အာရုံငါးပါးမှ ထွက်မြောက်ဖို့ အင်မတန် အခက်ကြုံပါတယ်။

http://www.dhammadownload.com



အရှင်နန္ဒဟာ မဂ်လာ (၅)ရပ် ရရှိတဲ့နေ့မှာ ရဟန်းပြုပြီးတော့ လာခဲ့ရတာ။ တော်ရုံတန်ရုံနဲ့ ရုန်းထွက်ဖို့ ဘယ်လွယ်မလဲ။

အရှင်နန္ဒဟာ မြတ်စွာဘုရားတည်းဟူသော မိတ်ကောင်း ဆွေကောင်း ရရှိလို့ အရှင်နန္ဒဟာ ဣန္ဒြေ(၆)ပါး တံခါး(၆)ပေါက် လုံအောင်ပိတ်ပြီးတော့ အားထုတ်လို့ အာသဝက္ခယဉာဏ်ရရှိပြီး ပထမဆုံး ကျူးရင့်နိုင်ခဲ့တဲ့ ဥဒါန်းစကားလေး။

အဲဒီဟာ သံသရာညွန်ပြောင်းကိုလဲ လွန်မြောက်ပြီးပြီ။ အမျိုးအလိုက် အရိုးခိုက်အောင် ထိုးစိုက်စူးဝင်တတ်တဲ့ ကာမ ရာဂ ဆူးငြောင့်ခလုပ်ကိုလဲ ပယ်နှုတ်အပ်ပြီ။ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ဆိုတဲ့ တရားမြတ်ကိုလဲရပြီ။

ထိုရဟန်းမျိုးဟာ လောကဓံတရားဆိုး တရားပျက်တွေကြောင့် စိတ်ထားမမှန် ယောက်ယက်ဆန်နေတဲ့ ဖောက်ပြန်တုန်လှုပ်ခြင်း မရှိနိုင်ပါဘူးဆိုတဲ့ ဂါထာစကားကို ကျူးရင့်နိုင်တဲ့ ရဟန္တာအဖြစ် ရောက်ရှိတယ်။ ပြန်ကြည့်မယ်ဆိုရင် ဘုရားသာသနာကို အမှီရလို့ပါပဲ။ ယောဂီ သူတော်စင်များလဲ ဘုရားသာသနာနောက်ပိုင်းမှာ သာသနာ ၂၅၀၀ ကျော်တဲ့အခါ ဘုရားသာသနာ ဘုရားအဆုံးအမတွေနဲ့ တွေ့ကြကြုံကြ ဆုံစည်းကြရပြီ။

အဲလို တွေ့ကြ ကြုံကြ ဆုံစည်းကြတဲ့အခါ အာရုံငါးပါး အပေါ်မှာ သာယာမှုအစရှိတဲ့ တရားဆိုး တရားပျက်တွေကို ဖယ်ရှားဖို့ ဘုရားသာသနာကသာ နည်းကောင်းပြပေးနိုင်တာ။

ကမ္ဘာ့လူထုကြီးအတွင်းမှာ ဒီလို အာရုံငါးပါး တွယ်တာမှု နည်းပါးအောင် နည်းလမ်းပြတဲ့ ဘာသာရယ်လို့ ဘုရားသာသနာမှ တစ်ပါး အခြားဘာသာ မရှိသလောက်ပါပဲ။

http://www.dhammadownload.com



ဒါကြောင့် ဘုရားသာသနာတော်ကြီးနဲ့ ကြုံတွေ့တဲ့အခါမှာ ယခုလို မိမိတို့သန္တာန်မှာ သတ္တဝါတို့ကို ညှင်းပန်းနှိပ်စက်တတ်တဲ့ လောဘ၊ ဒေါသ၊ မောဟ အစရှိတဲ့ ကိလေသာတို့ကို မောင်းထုတ်နိုင်ကြောင်း ကောင်းမြတ်တဲ့အကျင့်များ (၇)ရက်တာကာလ ကျင့်ကြံလို့ ပြီးမြောက်ကြပြီ။

ပြီးမြောက်ကျတော့ အရှင်နန္ဒမထေရ်ရဲ့ ဥဒါန်းစကားလေးကိုပဲ ရွတ်ဖတ်ပြီး နိဂုံးချုပ်ပါမယ်။

**ယဿ နိတ္တိဏ္ဏော ပင်္ကော၊ မဒ္ဒိတော ကာမကဏ္ဍကော။**

**မောဟက္ခယံ အနုပ္ပတ္တော၊ သုခ ဒုက္ခေသု နဝိန္ဓတိ သဘိက္ခု။**

ယဿ= အကြင်အရိယာပုဂ္ဂိုလ်သည်၊ ပင်္ကော= သံသရာ နက်ရှောင်း ရွှံ့ညွန်ပြောင်းကို၊ နိတ္တိဏ္ဏော= ခေမာကမ်းသို့ လျှောက်လှမ်း တောက်လျှောက် အရိယာမဂ်တံခါးဆောက်၍ ကူးမြောက်အပ်လေပြီ။ ကာမကဏ္ဍကော= လူနတ်ပြဟ္မာ သတ္တဝါကို မခံသာအောင် ထိုးဆွတတ်ဘိ ကိလေသာ ကာမတည်းဟူသော ဆူးငြောင့်ကို၊ ကာမကဏ္ဍကော= အမျိုးအလိုက် အရိုးခိုက်အောင် ထိုးစိုက်စူးဝင်တတ်သည့် ကာမတည်းဟူသော ဆူးငြောင့်ခလုပ်ကို၊ မဒ္ဒိတော= အရဟတ္တမဂ်ဉာဏ် ဒုတ်လှံတန်ဖြင့် မကျန်မြူလောက် ပယ်ဖျောက်ဖျက်ဆီးအပ်ပေပြီ။

မောဟက္ခယံ= မောဟကုန်ရာ မောဟကိုကုန်စေတတ်သော မဂ်ဉာဏ်၊ မောဟကုန်ပြီးသော ဖိုလ်ဉာဏ်၊ မောဟကုန်ရာ နိဗ္ဗာန်သို့၊ အနုပ္ပတ္တော= မဂ်ဉာဏ်လေးပေါက် အစဉ်လျှောက်၍ ဆိုက်ရောက်အပ်ပေပြီ။ သသောဘိက္ခု= ကိလေသာခဲ မှောင်ထုမဲကို ဖြိုခွဲဖျက်ဆီးပြီးသော ထိုအရှင်မြတ်သည်၊ သုခဒုက္ခေသု= သုခဒုက္ခ စသည်(၈)တန်

http://www.dhammadownload.com



လောကခံတရားမျိုးတို့ကြောင့်၊ နဝိန္ဒတိ= မတုန်လှုပ်ရတော့ချေ။ နဝိန္ဒတိ= ပုထုဇဉ်သူငါများကဲ့သို့ စိတ်ထားမမှန် ယောက်ယက်ဆန်သည့် ဖောက်ပြန်တုန်လှုပ်ခြင်း အလျဉ်းရှိတော်မမူပါသတည်း။

သာဓု - သာဓု - သာဓု

➤➤➤➤➤

http://www.dhammadownload.com



လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ
လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့၊ ဥက္ကဋ္ဌ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်(၁)
ကလေးဝတောရဆရာတော်
ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
ပရိယတ္တိသာသနဟိတဓရ

## လယ်တီဘဒ္ဒန္တဓာဂရာဘိဝံသ

ဟောကြားတော်မူသော

## (၉၃)လမ်း၊ မလွှန်ဆန်လှူအသင်း

ယနေ့ (၉၃)လမ်း ဒကာ၊ ဒကာမအပေါင်း စုပေါင်းပြီးတော့ မလွှန်ဆန်လှူအသင်း သင်းထောက်အနေအားဖြင့် ဆွမ်းဆန်တော်များ လှူဒါန်းပြီး ရေစက်ချပွဲ ကျင်းပတဲ့နေရာမှာ ပထမဆုံးညအနေနဲ့ တရားတော်များ ဟောကြားမယ်။ ယနေ့ တစ်ညဟောပြီးတော့ နက်ဖြန်ည ဆက်ပြီးတော့ဟောပါမယ်။

နောက်နေ့တွေကျတော့လဲ ကျန်တဲ့ဆရာတော် (၃)ပါးက ဆက်လက်ပြီး ဟောကြားဖို့ တရားပွဲကြေငြာထားတာ ရှိပါတယ်။

ဘုန်းကြီးတို့ သာသနာတော်ရဲ့အစပိုင်းကို စဉ်းစားလိုက်တဲ့ အခါမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး လောကသုံးပါး အလယ်မှာ ဘုရားအဖြစ်သို့ ရောက်တော်မူတဲ့အချိန် ရက်ပေါင်း (၄၉)ရက်။

http://www.dhammadownload.com



အဲဒီ (၄၉)ရက်အတွင်းမှာပင် မိမိရရှိထားတဲ့ တရားကို တစ်ဖက်က စဉ်းစားရင်း တစ်ဖက်က ဘုန်းကြီးတို့ လူနတ်ဗြဟ္မာ သတ္တဝါတို့ရဲ့ အခြေအနေကို သုံးသပ်တော်မူပါတယ်။

တစ်ဖက်က မိမိရရှိထားတဲ့ တရားတော်များကို ဘယ်လို စဉ်းစားသလဲ ဘုရားရှင်ကိုယ်တော်မြတ် ရရှိထားတဲ့ တရားတော်က-

**အဓိဂတော ခေါ ဗျာယံ ဓမ္မော၊**

**ဂမ္ဘီရော ဒုဒ္ဒသော ဒုရနုဗောဓော၊ ပဏ္ဍိတဝေဒနီယော။**

ဂမ္ဘီရော= အင်မတန်နက်နဲတယ်။ ဒုဒ္ဒသော= မြင့်မိုရ်တောင်ကြီးနဲ့ မုန်ညင်းစေ့များကို အုပ်ပြီးထားသလိုပဲ မြင့်ဖို့လဲခက်တယ်။ ဒုရနုဗောဓော= သိနိုင်ဖို့ အင်မတန်ခဲယဉ်းတယ်။ ပဏ္ဍိတဝေဒနီယော= အဲဒီရရှိထားတဲ့ တရားတော်က သိမ်မွေ့နူးညံ့တဲ့အတွက် ပညာရှိ တို့ရဲ့ အရာသာဖြစ်တယ်။ တကယ်ဆိုတော့ အကြောင်းဆက် အကျိုးဆက် တရားများဟာ အင်မတန်သိဖို့ခဲယဉ်းတယ်။

အဲဒီလို မိမိရရှိထားတဲ့ တရားများကို တစ်ဖက်က သုံးသပ်တော်မူပါတယ်။ တစ်ဖက်က အဲဒီလို သုံးသပ်တော်မူသလို ဓမ္မသုဏာန္တ= နှစ်နံပါတ်ဖြစ်တဲ့ လူနတ်ဗြဟ္မာ သတ္တဝါတို့စိတ်ကို ပြန်ပြီးတော့ သုံးသပ်ချက်တစ်မျိုးနဲ့ သုံးသပ်တော်မူပြန်တယ်။

လောကဓာတ်အတွင်းမှာ လှုပ်ရှားပြေးသွားနေတဲ့ လူနတ်ဗြဟ္မာသတ္တဝါတွေဟာ အာရုံငါးပါး အယုတ်တရားတွေနဲ့ ထွေးလုံးရစ်ပတ်ပြီးတော့ အချိန်တော်တော်ကြာကြာက သုံးထားတဲ့ လက်နှီးစုတ်ကြီးများလို တစ်နေ့ ဆီလေးသုတ်၊ အိုးလေးကိုင်၊ ဆီနဲ့ ထပ်ပြီးသုတ်ပြန်နဲ့ဆိုတော့ လက်နှီးစုတ်က ကြာလေ လျှော်ဖွပ်လို့ မရနိုင်လေ၊ ကြာလေ ညစ်နွမ်းလာလေ။ အင်မတန် ညစ်နွမ်းနေတဲ့

http://www.dhammadownload.com



လက်နှီးစုတ်များလို ပူကယ်များလို အာရုံငါးပါး ကာမဂုဏ်အယုတ်တရားတွေနဲ့ ညစ်နွမ်းပြီးနေတဲ့ လူနတ်ဗြဟ္မာ သတ္တဝါတို့ကိုလဲ ဘုရားရှင်ကိုယ်တော်မြတ် မြင်တော်မူတယ်။

အဲဒီလို မြင်တော်မူတဲ့အခါ ငါဘုရားရရှိထားတဲ့ တရားတော်က ခက်ခဲတယ်၊ နက်နဲတယ်၊ သိမ်မွေ့တယ်၊ နူးညံ့တယ်၊ ပညာရှိတို့ရဲ့ အရာသာဖြစ်တယ်။

ဟိုတစ်ဖက်ကြည့်လိုက်ပြန်တော့ အာရုံငါးပါး အယုတ်တရားတွေနဲ့ လွှမ်းခြုံပြီးတော့ ညစ်ပေပြီးတော့နေတဲ့ တရားနာပရိတ်သတ်ကိုလဲ စဉ်းစားနေမိတယ်။

အဲဒီလို ကြည့်မိတဲ့အခါ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ စိတ်တော်မှာ တရားဟောလို့ အကျိုးတရား ဖြစ်မှဖြစ်ပါ့မလားလို့ တွေးတောနေတဲ့အချိန် သဟမ္ပတိဗြဟ္မာမင်းကြီးက ဘုရားရှင်ကိုယ်တော်မြတ်အား ဘာလျှောက်သလဲဆိုရင် -

**ပါတုရ ဟောသိ မဂဓေသု ပုဗ္ဗေ၊**

**ဓမ္မော အသုဒ္ဓေါ သမလေဟိစိန္တိတော။**

**အပါပုရေတံ အမတဿ ဒွါရံ၊**

**သုဏန္တုဓမ္မံ ဝိမလေနာနုဗုဒ္ဓံ။**

ဘန္တေ= မြတ်စွာဘုရား၊ ဘန္တေ= ရွှေဘုန်းတော်နေဝန်းထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား၊ ပုဗ္ဗေ= ရှင်တော်ဘုရား ထင်ကျော်ကြား၍ တရားစက်ချီ မပွင့်မီက ရှေးမဆွ၌၊ မဂဓေသု= ရာဇဂြိုဟ်ဌာန ပြည်နဂရဝယ် ခွန်သရစ်ဝိုင်း မာဂဓတိုင်းတို့၌၊ သမလေဟိ= ကိလေသာအညစ်အကြေး ရောထွေးကပ်ငြိ မမြဲတမ်းရှိနေကြကုန်သော၊ ဆဟိသတ္ထာရေဟိ= ဗာလတံဆိပ် ခပ်နှိပ်ထားကြ

http://www.dhammadownload.com



ကုန် တိတ္ထိဆရာကြီး (၆)ယောက်တို့သည်၊ စိန္တိတော= အနုမာန မျက်မှန်းဆ၍ ဓမ္မထဉ်မှတ် ကြံစည်အပ်သော၊ အသုဒ္ဓေါ= နိဗ္ဗာန်ကမ်း ပေါက် မလှမ်းရောက်၍ လမ်းကောက်သဖွယ် မစင်ကြယ်သော၊ ဓမ္မော= မသူတော်တို့၏တရားသည်၊ ပါတုရဟောတိ= နိဗ္ဗာန်မြို့ကြီး ပိတ်ကာဆီးလျှက် အသီးအသီး ဖြစ်ပေါ်နေခဲ့ပါသည်ဘုရား။

မြတ်စွာဘုရား ဘုရားရှင်ကိုယ်တော်မြတ် လောကဓာတ်ကြီး အလယ်မှာ မပွင့်ပေါ်မီ ရှေးမဆွက ရာဇဂြိုဟ်ခေါ် ဆိုတဲ့ မာဂဓတိုင်း မှာ တိတ္ထိဆရာကြီး (၆)ယောက်က ဘုရားအမည်ခံ မဟုတ်မဟတ် တဲ့တရား ဓမ္မတွေကို ဟောလို့ပြောလို့ နိဗ္ဗာန်ကမ်းသို့ မလှမ်းရောက် နိုင်တဲ့ တရားတု တရားယောင်တွေ ဟောပြောပြသပြီး နေကြတဲ့ အတွက် နိဗ္ဗာန်တံခါး မပွင့်ပဲ ပိတ်နေပါတယ်ဘုရား။

အမတဿ= မအို မနာ မသေ အမြဲနေရာဖြစ်သော မြတ်နိဗ္ဗာန် ၏၊ ဧတံဒွါရံ= နိဗ္ဗာန်တံခါး အရိယာမဂ်တရားကို၊ အပါပုရ= အချက် ကျကျ ဝင်ခွင့်ရအောင် ဖွင့်ပြတော်မူပါဘုရား။

မအို မနာ မသေ အမြဲနေရာဖြစ်တဲ့ နိဗ္ဗာန်တံခါးကြီးဖြစ်တဲ့ အရိယာမဂ်တရားကို အရှင်ဘုရား ဖွင့်ပြတော်မူပါဘုရား။

ဘာကြောင့် ဒါလောက်တောင်းပန်ရသလဲဆိုတော့ ဝိမလေန= ကိလေသာကင်းစင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ အနုဗုဒ္ဓံ= ဉာဏ်တော်အလျှောက် အစဉ်လျှောက်၍ ပြီးမြောက်ကုန်စင် သိမြင် တော်မူအပ်သော၊ ဓမ္မံ= ဝိမုတ္တိသုခ ရသပျားဆီ ချိုပျားအဖျော် တရား တော်ကို၊ သတ္တာ= လူ့ရွာလူ့ဘုံ ရှေးကံဟုန်ဖြင့် ခုကြုံရောက်လာ သတ္တဝါတို့သည်၊ သုဏန္တု= ကြည်လင်အေးမြ သဘောကျအောင် တွေးဆဖြူဖြူ နာယူခွင့်ရပါရစေကုန်ဘုရား။ သာဓု - သာဓု - သာဓု

http://www.dhammadownload.com



ဘုရားရှင်ကိုယ်တော်တိုင် သိမြင်ထားတဲ့ တရားထူး တရားမြတ်များ သစ္စာလေးပါး အမှန်လေးချက် သဘောနက်တို့ကို လူ့ရွာလူ့ဘုံ ကံကောင်းလို့ကြုံလာကြတဲ့ ပုဂ္ဂိုလ်များ နာကြားခွင့်ရပါ ရစေဘုရား။ အဲဒီဂါထာနဲ့ ပထမလျှောက်ပြီးတော့ ဆက်ပြီးတော့ သဟမ္ပတိ ဗြဟ္မာကြီးက လျှောက်တယ်။

အဲဒီလိုလျှောက်ထားတဲ့အခါ ဘုရားရှင်ကိုယ်တော်မြတ်က စောစောကကြည့်ထားတဲ့ လူနတ်ဗြဟ္မာသတ္တဝါတို့ကို လေးပုံပုံပြီးတော့ ကြည့်တော်မူပြန်တယ်။

ဣန္ဒြိယပရောပရိယတ္တိဉာဏ်၊ အာသယာနုသယဉာဏ် ခေါ်တဲ့ သဗ္ဗညုတမှန်ပြောင်းတော်ကြီးနဲ့ တစ်ခါထဲ ကြည့်လိုက်တယ်။

အဲဒီလို ကြည့်လိုက်တဲ့အခါ-

- အလွယ်တကူ သိနိုင်မည့် "ဥဂ္ဃဋိတညူ" ပုဂ္ဂိုလ်တွေလဲ မြင်ရ၊
- နည်းနည်းလေးအချိန်ကြာမှ တရားသိနိုင်မည့် "ဝိပဉ္စိတညူ" နေယျပုဂ္ဂိုလ်တွေလဲ မြင်ရ၊ ပဒပရမပုဂ္ဂိုလ်တွေလဲ မြင်တယ်။

အဲဒီတော့ ဘုရားရှင်က အလွယ်တကူသိနိုင်မည့် ပုဂ္ဂိုလ်တွေလဲ အကျိုးများရော၊ နည်းနည်းလေးအချိန်ယူပြီးမှ သိနိုင်မည့် ပုဂ္ဂိုလ်တွေလဲ အကျိုးများစေ၊ တော်တော်လေး အချိန်ယူပြီးမှ သိမည့် ပုဂ္ဂိုလ်တွေကိုတော့ အဲဒီပုဂ္ဂိုလ်တွေလဲ အချိန်ကြာကြာယူပြီး အားထုတ်ခဲ့ရင် သိနိုင်လိမ့်မည်။ စောစောက အကျိုးမထွန်းဘူး။ ခန္ဓာကိုယ်ပင်ပန်းရုံပဲ ရှိမယ်ဆိုပြီး မဟောခဲ့၊ မပြောခဲ့ဘူး။ ဝိဟိံသသညီ= အကျိုးမထွန်း ကိုယ်ညှိုးနွမ်းမည် ထင်မှတ်ရည်၍၊ ပဂုဏံ= ကမ္ဘာအဆက် မကွာဖက် လျှက် နှစ်သက်ရှာမှီး လေ့လာအပ်ပြီးသော၊ ဓမ္မံ= တရားကို၊ နဘာသိ= မဟောခဲ့ပြီ။

http://www.dhammadownload.com



ယေ= အကြင်သူတို့သည်၊ သောတဝဓေ္တာ= ပါရမီထုံမြင့် အငုံရင့်၍ ပွင့်အံ့သဖွယ် အသင့်ရွယ်လျှက် သိလွယ်တုံဘိ ထောင်နားရှိကုန်၏။ တေသံ= ထိုလူနတ်ဗြဟ္မာ သတ္တဝါတို့၏၊ အတ္ထာယ= အကျိုးငှာ၊ အမတဿဒွါရံ= အမြိုက်နိဗ္ဗာန်တံခါး အရိယာမဂ္ဂင်မြတ်တရားကို၊ အပါရုတာ= ယခုပင်လျှင် ဟင်းလင်းပွင့်အောင် ဖွင့်အပ်ပေပြီ။

အပိတ်အပင် အကာအကွယ် အတားအဆီးမရှိ အရိယာမဂ္ဂင် နိဗ္ဗာန်တံခါးကို ဖွင့်အပ်ပေပြီ။

ယေ= အကြင်အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်၊ သောတဝဓေ္တာ= ပါရမီထုံမြင့် အငုံရင့်၍ ပွင့်အပ်သဖွယ် အသင့်ရွယ်လျှက် သိလွယ်တုံဘိ ထောင်နားရှိကြကုန်၏။ တေ= ထိုပါရမီထုံမြင့် အငုံရင့်၍ ပွင့်အပ်သဖွယ် အသင့်ရွယ်လျှက် သိလွယ်တုံဘိ ထောင်နားရှိကြကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီး တို့သည်၊ သဒ္ဓံ= ငါဘုရားနှင့် ငါကဟောကြား မြတ်တရား၌ ဆင့်ပွားကြည်ရုံ သဒ္ဓါဟုန်ကို၊ ပမုဉ္စန္တု= ဖရဏာဆွတ်ဆွတ် ဖြာဖြာညွတ်လျှက် အခါခါ လွှတ်ကြပါစေကုန်သတည်း။

သာဓု - သာဓု - သာဓု

အဲဒီဂါထာနဲ့ ဘုရားရှင်ကိုယ်တော်မြတ် အရိယာမဂ်တရား နိဗ္ဗာန်တံခါးကြီး ဖွင့်ပြီးပေးလိုက်တယ်။

အဲဒီလို နိဗ္ဗာန်တံခါးဖွင့်ပြီးတဲ့အချိန်က စပြီးတော့ သစ္စာလေးပါး တရားဟော၊ အနတ္တ တရားဟော၊ အဲဒီလို ဟောပြီးတော့ အရှင်ယသ တို့ တရားဓမ္မရတဲ့အချိန်ကစပြီး အမျိုးကောင်းသား အမျိုးကောင်း

http://www.dhammadownload.com



တို့ကို စွန့်လွှတ်လိုတဲ့ စေတနာလေးသည်၊ ဒါနံနာမ= ဒါန မည်ပါပေ၏။

ဒါနဆိုတာ မြန်မာလို အလှူပေးခြင်း၊ အလှူပေးခြင်းဆိုတာကို ထပ်ပြီးအဓိပ္ပါယ် ဖေါ်လိုက်တဲ့အခါ ဆွမ်းအစရှိတဲ့ လှူဖွယ်ဝတ္ထုတို့ကို လှူလိုတဲ့စေတနာလေးဟာ ဒါနပါ။

အဲဒီစေတနာလေးက ဘယ်သူ့ကို ရည်ရွယ်ရမလဲဆိုတော့ **"ပရံဥဒ္ဒိဿ"** သူတစ်ပါးကို ရည်ရွယ်ရမယ်။

သူတစ်ပါးကို ရည်ရွယ်တာတော့ ဟုတ်ပြီ။ အသိဉာဏ် ဗလာကင်းရမလားဆိုတော့ **"သုဗုဒ္ဓိ ပုဗ္ဗိကာ"**= အသိဉာဏ်လေး ရှေ့ကထား။

ဘုန်းကြီးတို့ အခု ဒကာ ဒကာမတွေ မလွန်ဆန်လှူအသင်းထောက်အနေအားဖြင့် ဆွမ်းဆန်တော်များ လှူဒါန်းကြတော့မယ်။

စစ်ကိုင်းတောင်ရိုး၊ မင်းကွန်းတောင်ရိုးမှာ သီတင်းသုံးတော်မူကြတဲ့ ရဟန်းတော်အရှင်မြတ်များ၊ သီလရှင်များ၊ သူတော်စင်များကို ရည်မှန်းပြီးတော့ ဆွမ်းဆန်တော်များ လှူဒါန်းကြ။

အဲဒီလို လှူဒါန်းတဲ့အခါ **"ပရံဥဒ္ဒိဿ"**= သူတစ်ပါးကို ရည်ရွယ်တယ်ဆိုတာလဲပဲ ဒီအချက်နဲ့ ပြည့်စုံသွားပြီ။

အသိဉာဏ်လေး ရှေ့သွားရှိရမယ်ဆိုတော့ ဒီလောက်တောင်ကြိုးစားမင်းစား ပြုလုပ်လှူဒါန်းတဲ့ အလှူပွဲမှာ ကမ္မဿကတ အသိဉာဏ် စသည်မှမပါရင် ဘယ်လိုမှ မအောင်မြင်နိုင်ဘူး။ ဒါလဲပဲ ပြည့်စုံသွားပြီ။

ဆွမ်းဆန်တော်ကို လှူလိုတဲ့စေတနာလေးဟာလဲ အားလုံးဒကာ ဒကာမတွေ သန္တာန်မှာ ဖြစ်ပွားခွင့်ရကြပြီ။

ဒါဆို အလှူကတော့ မြောက်ပြီ။

http://www.dhammadownload.com



ဋီကာဆရာက နောက်တစ်နည်း ဘယ်လိုဖွင့်ပြန်သလဲ ဆိုတော့ **"တံ သမ္ပယုတ္တော အလောဘော အဒေါသောဝါ"**။

တံသမ္ပယုတ္တော= လှူလိုသော စေတနာလေးနဲ့ ယှဉ်တွဲနေသော ပူးကပ်၍နေသော၊ အလောဘောဝါ= အလောဘစေတသိက်သည် လည်းကောင်း (အင်မတန်အရေးကြီးတဲ့ အလောဘစေတသိက် သတ္တဝါတွေ ဆင်းရဲတယ်ဆိုတာ လောဘ ဒေါသ မောဟတွေကြောင့် ဆင်းရဲကြ။) အားလုံးသတ္တဝါတွေ ချမ်းသာကြတယ်ဆိုတာ အလောဘ အဒေါသ အမောဟတို့ကြောင့် ချမ်းသာကြတာကိုး။

အခုအလှူရဲ့ အရကောက်က အလောဘ၊ စဉ်းစားကြည့်လိုက်တဲ့အခါမှာ အလောဘစေတသိက်ခံလေး ကိန်းဝပ်နေမှသာလျှင် အလှူမြောက်မယ်။ ဒါကြောင့် အလောဘစေတသိက်ကလေးဟာ ဒါနအရ ယူပါ။

**"တံ သမ္ပယုတ္တော အဒေါသောဝါ။"** ဝါ- တစ်နည်းကား-

တံသမ္ပယုတ္တော= ထိုစေတနာနဲ့တွဲယှဉ်သော၊ အဒေါသောဝါ= အလှူခံပုဂ္ဂိုလ်တို့အပေါ်မှာ ထားရှိအပ်တဲ့ မေတ္တာသည်၊ ဒါနံနာမ= ဒါနမည်ပါပေ၏။

ဟိုအလှူခံပုဂ္ဂိုလ်ဖြစ်တဲ့ ဆရာတော်၊ သံဃာတော်တွေ၊ သီလရှင်တွေ၊ သူတော်စင်တွေ မှန်းပြီးလှူဒါန်းတယ်ဆိုတော့ အဲဒီ ဆရာတော် သံဃာတော် သီလရှင် သူတော်စင်တွေအပေါ်မှာ အဒေါသ စေတနာ မထားနိုင်ပါဘူးဆိုရင် ဒီအလှူမမြောက်နိုင်ပါဘူး။

အဲဒါကြောင့် ဋီကာဆရာကြီးက ဒါနအရဟာ မေတ္တာစေတသိက်ကိုလဲ ကောက်ပါအုံး။ အဲဒီလို လှူလိုတဲ့ဒါန စေတနာကလေးနဲ့ ယှဉ်တွဲပြီးတော့နေတဲ့ မေတ္တာ မေတ္တာစေတသိက် အဒေါသ စေတနာလေးဟာလဲပဲ ဒါနမည်ပါတယ်။

http://www.dhammadownload.com



ဒါနမည်တာတော့ သိပြီ။ ဒါနစွမ်းအင် ဘယ်လောက်ရှိသလဲ။

**“ဒါနေန မစ္ဆရိယ လောဘာဒိတော ဝိမုစ္စတိ၊**

**အယံ တဒင်္ဂ ဝိမုတ္တိ နာမ”။**

ဒါနေန= စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဖြင့်၊ မစ္ဆရိယ လောဘာဒိတော= ကိုယ့်စည်းစိမ်ကို ဝန်တိုတတ်ခြင်း, ကိုယ့်စည်းစိမ်ကို တပ်မက်တွယ်တာခြင်း အစရှိတဲ့ ကိလေသာတရားဆိုး တရားမျိုးမှ၊ ဝိမုစ္စတိ= လွတ်နိုင်၏။ အယံ= ဤသည်ကား၊ တဒင်္ဂဝိမုတ္တိနာမ= တဒင်္ဂဝိမုတ် မည်ပေ၏။

ဒါနနဲ့ ကိလေသာတို့မှ လွတ်ကင်းစေနိုင်တယ်။ အားလုံး ဒကာ ဒကာမတွေ စုပေါင်းပြီးတော့ အခုလို ဆန်လှူပွဲကြီး ကျင်းပတော့ အလှူဒါနက မြောက်ပြီ။ အလှူဒါနမြောက်တော့ ကိလေသာ လျှော့နည်းမှ အကျိုးရှိတယ်လို့ ခေါ်ရတာကိုး။ ဘယ်ကိလေသာတွေ အလှူ ပေးလိုက်လို့ လျှော့နည်းသွားသလဲ။

မစ္ဆရိယ= ကိုယ့်စည်းစိမ်ကို ဝန်တိုတတ်ခြင်း၊ လောဘ= ကိုယ့်စည်းစိမ်ကို တပ်မက်တွယ်တာခြင်း အာဒိသဒ္ဒါလေးနဲ့ အခြား ကိလေသာတို့မှ လွတ်ကင်းစင်ကြယ်ပါတယ်။

အဲလို လွတ်ကင်းစင်ကြယ်တာဟာ မဂ်ဉာဏ်နဲ့ဖြတ်လိုက်သလို တစ်ခါထဲ လွတ်ကင်းစင်ကြယ်သွားတာလား ဆိုတော့၊ မဟုတ်ပါဘူး တဒင်္ဂဝိမုတ်မျှပါ။ တဒင်္ဂအနေအားဖြင့် အဲဒီ ကိလေသာတို့ကို ပယ်စွန့် နိုင်ပါတယ်။

သီလအနေအားဖြင့် တဒင်္ဂပယ်စွန့်နိုင်တယ်။ ဝိပဿနာဉာဏ် အဆင့်ဆင့်နဲ့ ပယ်စွန့်တဲ့နေရာမှာ မဂ်ဉာဏ်နဲ့ပယ်စွန့်တာ မဟုတ်သေး သော်လဲ တဒင်္ဂပယ်စွန့်တာပါပဲ။

http://www.dhammadownload.com



ဒါဖြင့် အားလုံး ဒကာ ဒကာမအပေါင်းတို့ စုပေါင်းပြီးတော့ အခုလို အလှူပွဲကျင်းပခြင်းဟာ ကိလေသာတို့မှ လွတ်ကင်းစင်ကြယ်ခြင်းဆိုတဲ့ အကျိုးတစ်ခုကိုလဲ ရပါတယ်။

အဲဒီလို အသိဉာဏ်လေးလဲ ရှေ့သွားထားပါ။ ဒါဖြင့် ဒီထက်ပေါ်လွင်အောင် ပြောလို့ရှိရင်-

**"ဒါနံ ဟိ လောကေ သာဝက ဗောဓိဉာဏမ္ပိ ဒေတိ၊**

**ပစ္စေက ဗောဓိဉာဏမ္ပိ သမ္မာသမ္ဗောဓိ ဉာဏမ္ပိ"**

ဟိ ဒါန၏ အရေးပါအရာရောက်ပုံကို ဆိုဦးအံ့။

လောကေ= လောက၌၊ ဒါနံ= စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည်၊ သာဝက ဗောဓိဉာဏမ္ပိ= သာဝကဗောဓိဉာဏ်ကိုလဲ၊ ဒေတိ= ပေးစွမ်းနိုင်ပါ၏။

ဒါနရဲ့ အစွမ်းသတ္တိ၊ သာဝကဗောဓိဉာဏ်ဆိုတာဘာလဲ။ သာဝကတွေရတဲ့ အရဟတ္တမဂ်ဉာဏ်၊ ကိလေသာတွေ ကုန်ပြီ၊ ငြိမ်းသွားပြီ၊ အေးသွားပြီ။

အဲဒီ သာဝကဗောဓိဉာဏ်ကိုလဲ ဟောဒီ အလှူဒါနက ပေးစွမ်းနိုင်တယ်။ ပစ္စေကဗောဓိဉာဏ်ဆိုတာ သာမညမဟုတ်ဘူး။ သစ္စာလေးပါးကို ဆရာမကူပဲနဲ့ သိနိုင်တဲ့ဉာဏ်၊ သူတစ်ပါးကို မဟောမပြောဘူး။ သစ္စာလေးပါးတရားတော့ ဆရာမပါပဲ သိနိုင်တဲ့ဉာဏ်၊ အဲဒီ ဉာဏ်ကိုလဲပဲ ဟောဒီဒါနက ပေးစွမ်းနိုင်တယ်။

**သမ္မာသမ္ဗောဓိဉာဏမ္ပိ။**

လောကသုံးပါးမှာ အထွတ်ဆုံး အမြတ်ဆုံးဖြစ်တဲ့ သမ္မာသမ္ဗောဓိ သဗ္ဗညုတဉာဏ်ကြီးကိုလဲပဲ၊ ဒေတိ= ပေးစွမ်းနိုင်ပါ၏။ သဗ္ဗညုတဉာဏ်ကြီးကိုလဲ ဒီဒါနက ပေးစွမ်းနိုင်တယ်။ သဗ္ဗညုတ

http://www.dhammadownload.com



ဉာဏ် ဆောင်းမိုးထားတဲ့ အရဟတ္တမဂ်ဉာဏ်ကိုလဲ ရရှိနိုင်တယ်။

ဒီတော့ လောကရှိသမျှ ဉာဏ်ကတော့ ကုန်ပြီ။ သဗ္ဗညုတဉာဏ်ကြီးရပြီဆိုမှတော့ ကိလေသာခပ်သိမ်းကုန်ပြီ။ ဒုက္ခခပ်သိမ်းမှ လွတ်မြောက်ပြီ။ အဲဒီတော့ ဒါနကို အထင်သေးလို့ မဖြစ်တော့ဘူး။

ဘုရားရှင် ကိုယ်တော်တိုင် ဟောထားတဲ့ ပါဠိတော်တွေ၊ အဋ္ဌကထာ၊ ဋီကာတွေက ဖွင့်ပြထားတာ အားရဖို့အလွန်ကောင်းပါတယ်။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဟိုစစ်ကိုင်းတောင်၊ မင်းကွန်းတောင်ရိုးမှာ သီတင်းသုံးနေကြတဲ့ ဆရာတော် သံဃာတော်တွေ အလှူခံပုဂ္ဂိုလ်တွေကို လှမ်းပြီးတော့ လှူဒါန်းရတဲ့ အလှူတွေက သာဝကဗောဓိဉာဏ် ဆုကိုလဲ ရနိုင်သတဲ့။ ပစ္စေကဗောဓိဉာဏ်ဆု၊ သမ္မာသမ္ဗောဓိဉာဏ်ဆုကိုလဲ ရနိုင်ပါသတဲ့။ အလွန်ဝမ်းမြောက်ဖို့ကောင်းတယ်။ ဒါကြောင့် အရှင်ဗုဒ္ဓဒတ္တ ဆရာကြီးက ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ဒါနပါရမီကို ချီးမွမ်းထားတာရှိတယ်။

**သောသာဂရေ ဇလာဓိကံ ရုဓိရံ အဒါသိ၊**

**ဘူမိံပရာဇိယ သမံသ မဒါသိဒါနံ။**

**မေရုပ္ပမာဏ မဓိကဉ္စ သမောဠိသီသံ၊**

**ခေ တာရာဓိက တရံ နယနမာဒါသိ။**

သော= ထိုငါတို့ဘုရားအလောင်းတော်သည်၊ သာဂရေ= သမုဒ္ဒရာရေလေးစင်းအတွင်း၌၊ ဇလာဓိကံ= ရေမှုံရေပေါက်တို့ထက် ကဲလွန်ပိုမောက်သော၊ ရုဓိရံ= ပတ္တမြားရောင်သွေး နီထွေးထိန်လျှပ် သွေးတော်မြတ် အလှူဒါနကို၊ အဒါသိ= သဗ္ဗညုဉာဏ် ရဖို့ရန်ဟု စိတ်သန်ရွှေ့ပြေး သဒ္ဓါဖွေး၍ ပေးလှူတော်မူခဲ့လေပြီ။

http://www.dhammadownload.com



ဘူမိ= ယူဇနာကိန်း နှစ်သိန်းလေးသောင်း ထုပေါင်းသချာ မဟာပထဝီမြေကြီးကို၊ ပရာဇိယ= ရှင်စေရှုံးစေ နှိုးပစေ၍၊ သမံသီ= နဂိုပြကတေ့ အစလေ့ဖြင့် သိမ်မွေ့ညံ့ထွား ကိုယ်တော်၏အသားတော် အလှူဒါနကို၊ အဒါသိ= ပေးလှူခဲ့လေပြီ။

မေရုပ္ပမာဏ မဓိကံ= မြင့်မိုရ်တောင် ပမာဏထက် ကဲလွန်ပို မောက်သော၊ သမောဠိ သီသံ= နဝရတ်ရောင် ဖြိုးဖြိုးပြောင်သည့် ဥဿျှောင်သမိုက် ရတနာမကိုက်နှင့်တကွ သီသတွင်ညောင်း ဦးခေါင်းတော် အလှူဒါနကို၊ အဒါသိ= ပေးလှူခဲ့လေပြီ။ ခေ= စကြာဝဠာတိုက်တစ်ခွင် မိုးကောင်းကင်၌၊ တာရကာဓိကတရံ= နက္ခတ်တာရာ ကြယ်တကာတို့ထက်ကဲ လွန်ပိုမောက်သော၊ နယနံ= ညိုမှောင်ကြည်ပြုံး အံ့မဆုံးသည့် မျက်လုံးတော်အလှူဒါနကို၊ အဒါသိ= သဗ္ဗညုဉာဏ်ရဖို့ရန်ဟု စိတ်သန်ရှေးပြေး သဒ္ဓါဖွေး၍ လှူပေးတော်မူခဲ့လေပြီတကား။

သာဓု - သာဓု - သာဓု

ယခုဟောတဲ့ ဒါနကထာအမြွက်ဟောပြီး ဆက်ပြီးတော့ ဘုရားရှင်က သီလကထာ၊ သီလနဲ့ ဆက်စပ်လို့ ပြောလို့မကုန် ဟောလို့ မကုန် သီလနယ်ပယ် အင်မတန်ကျယ်ဝန်းပါတယ်။

ဘုန်းကြီးတို့ ဝိနည်းပိဋကကလဲ သီလချည်းပဲ။ သီးသန့် ဟောထားတဲ့ သီလပေါ့။ သုတ္တန်ပိဋက ရောက်ပြန်တော့လဲ ဘုရားရှင်က စူဠသီလ၊ မဇ္ဈိမသီလ၊ မဟာသီလ ဆိုပြီးတော့ သီလ အမျိုးမျိုး။ ဣန္ဒြိယသီလနဲ့ ပတ်သက်လို့လဲပဲ သုတ္တန်ပေါင်း မြောက်များစွာ။

http://www.dhammadownload.com



ဘုရားရှင် ကိုယ်တော်မြတ် သီလအရေးကြီးပုံကိုပဲ ဟောထားတာ သုတ္တန်ပေါင်း မြောက်များစွာရှိပါတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ တပည့်သာဝကများကနေပြီး သီလကို ချီးမွမ်းထားတဲ့ စကားတွေလဲ မြောက်များစွာ ရှိပါတယ်။

**အာဒိသီလံ ပတိဋ္ဌာစ၊ ကလျာဏာနဉ္စ မာတုကံ။**

**ပမုခံ သဗ္ဗဓမ္မာနံ၊ တသ္မာသီလံ ဝိသောဓယေ။**

သီလ= သီလဟူသမျှသည်၊ အာဒိ= သာသနာတော်တစ်ရပ်လုံး၏ အစလည်းဖြစ်ပါတယ်။ စာရိတ္တသီလ= လိုက်နာကျင့်ကြံရမယ့် ဝတ္တရားများ၊ ဝါရိတ္တသီလ= ဘုရားရှင်ကိုယ်တော်မြတ် တားမြစ်ထားတဲ့ အချက်အလက်များ၊

အဲဒီ သီလဟာ အကျဉ်းချုပ်အားဖြင့် လူသီလ၊ ရဟန်းသီလ၊ ထိုမှတစ်ပါး စာရိတ္တသီလ၊ ဝါရိတ္တသီလ။

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ရဟန်းတို့ရဲ့ စတုပါရိသုဒ္ဓိသီလ၊ အဲဒီ သီလအမျိုးမျိုးဟာ ဘယ်လောက်အရေးကြီးလဲ။ အာဒိ= သာသနာတော်တစ်ရပ်လုံးရဲ့ အစ၊ အမွန်အစလုပ်ငန်း၊ အစကောင်းမှ အနှောင်းသေချာ ဆိုသလို အစဟာ အင်မတန်အရေးကြီးတယ်။

**ပတိဋ္ဌာစ၊**

ပတိဋ္ဌာစ= ဥတ္တရိမနုဿဓမ္မ တို့ရဲ့ တည်ရာလဲ ဖြစ်ပါပေ၏။ လူတို့၏ကုသိုလ် ကမ္မပထတရားတော် လွန်ကဲတဲ့ ဈာန်တရား၊ မဂ်တရား၊ ဖိုလ်တရားတို့ရဲ့ အခြေခံအုတ်မြစ်လဲ ဖြစ်တယ်။

ကလျာဏာနဉ္စ= ကောင်းမြတ်ကုန်သော သမထဝိပဿနာ စသောတရားတို့၏လည်း၊ မာတုကံ= အမိသဖွယ်လဲ ဖြစ်ပါပေ၏။ ကောင်းမြတ်တဲ့ သမထသမာဓိတရားတွေ ပွားများမယ်ဆိုရင်လဲ

http://www.dhammadownload.com



ဒီသီလတရားဟာ အမိသဖွယ် ဖြစ်ပါတယ်။ သမာဓိတရားတွေ ပညာတရားတွေ ဖြစ်ပွားစေနိုင်တယ်။

**ပမုခံ သဗ္ဗဓမ္မာနံ။**

သဗ္ဗဓမ္မာနံ= အလုံးစုံသော ကုသိုလ်တရားတို့၏၊ ပမုခံ= အမွန်အစ အရေးကြီးတဲ့ ဦးခေါင်းနဲ့တူတဲ့ တရားဖြစ်ပါပေ၏။ ဘုံသုံးပါးမှာရှိတဲ့ ကုသိုလ်တရားအားလုံးတို့ရဲ့ အမွန်အစလဲ ဖြစ်ပါတယ်။

တသ္မာ= ထိုကြောင့်၊ သီလံ= သီလကို၊ ဝိသောဓယေ= သုဓ်သင်ရှင်းလင်းရာ၏။

**"ဒါနအစ၊ သီလရှေ့ဦးစွာ"**လို့ ရှေးလူကြီးသူမများ ပြောထားတဲ့ စကားရှိပါတယ်။

ဒါနက ပါရမီဖြည့်တဲ့အခါ အစဆုံးပါပဲ။ ဒါပေမယ့် သီလက ရှေ့ဦးစွာ ဖြစ်နေရသတဲ့။ အလှူမလှူမီ သီလယူလိုက်တဲ့အခါကျတော့ သီလက စင်ကြယ်သွားပြီ။ သီလစင်ကြယ်တဲ့ ပုဂ္ဂိုလ်ကနေပြီး အလှူပေးတဲ့အခါကျတော့ အလှူဟာ ပိုပြီးတော့ အရေးပါတယ်။

ဒါကြောင့် **"ဒါနအစ သီလရှေ့ဦးစွာ"** ဒါနပြုတဲ့အခါမှာ သီလပြည့်စုံဖို့ အရေးကြီးတယ်။

**ဝေလာစ သံဝရံသီလံ၊ စိတ္တဿ အဘိဟာသနံ။**
**တိတ္ထဉ္စ သဗ္ဗဗုဒ္ဓါနံ၊ တသ္မာ သီလံ ဝိသောဓယေ။**

သီလံ= သီလသည်၊ ဝေလာစ= ကမ်းပါးကြီးသဖွယ်လဲ ဖြစ်ပါပေ၏။ ဝေလာစ= မကောင်းမှု ဒုစရိုက်တရားတို့ကို ဖျက်လဲဖျက်ဆီးတတ်ပါပေ၏။

သီလဟာ စည်းရိုးကမ်းပါးပဲ။ အဲဒီ စည်းနဲ့ကမ်းကိုလွန်ပြီးတော့ သွားလို့ရှိရင် လူလူနတ်နတ် အသုံးမဝင်တော့ဘူး။ အဲဒါကြောင့်

http://www.dhammadownload.com



သီလက စည်းကမ်းနဲ့တူတယ်။ ကမ်းပါးများနဲ့ တူတယ်။ ဒုစရိုက်၊ ဒုရာဇီဝ တရားတွေကိုလဲ ချိုးနှိမ်တတ်တယ်။

သီဝရံ= တံခါးသဖွယ်လဲ ဖြစ်ပါပေ၏။ မကောင်းမှုအကုသိုလ်တွေ မလာအောင် မရောက်အောင် ပိတ်ထားနိုင်တဲ့ တံခါးများနဲ့လဲ တူပါတယ်။

စိတ္တဿ= စိတ်ကို၊ အဘိဟာသနံ= ရွှင်ပြစေနိုင်ပါတယ်။ စိတ်ကိုလဲ ချမ်းသာအောင်၊ စိတ်ကို နှစ်မျို့စေပြီးတော့ စောင့်ထိန်းထားတဲ့သီလ မကျိုးမပေါက်အောင် စောင့်ထိန်းထားတဲ့သီလကို ဆင်ခြင်လိုက်တဲ့အခါမှာ အင်မတန်သန့်ရှင်းတဲ့ စိတ်ကလေးဖြစ်ပွားပြီးတော့ ရွှင်လန်းစေပါတယ်။

သမ္ဗဟူဒ္ဓါနံ= ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာအပေါင်းသူတော်ကောင်းတို့၏၊ တိတ္ထဉ္စ= နိဗ္ဗာန်တည်းဟူသော ဆိပ်ကမ်းသို့ ကူးခပ်ရာ ဆိပ်ကမ်းသဖွယ်လဲ ဖြစ်ပါပေ၏။

ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာအပေါင်း သူတော်ကောင်းတို့ နိဗ္ဗာန်ဆိုတဲ့ သမုဒ္ဒရာကြီးသို့ ကူးခတ်ရာ ဆိပ်ကမ်းသဖွယ်လဲ ဖြစ်ပါတယ်။

တသ္မာ= ထိုကြောင့်၊ သီလံ= သီလကို၊ ဝိသောဓယေ= သုခ်သင်ရာ၏။ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ အားလုံးသီလများကိုလဲ သုခ်သင်ပါ။ သီလနဲ့ပတ်သက်လို့ ဆက်ပြီးတော့-

**သီလံ ဗလံ အပတိမံ၊ သီလံ အာဝုဓ မုတ္တမံ။**

**သီလ မာဘရဏံ သေဋ္ဌံ၊ သီလံကဝစ မဗ္ဘုတံ။**

သီလံ= လူတို့၏သီလ ရဟန်းတို့၏သီလသည်၊ အပတိမံ= အတုအပကင်းသော၊ ဗလံ= မာရ်စစ်သည်ကို နှိမ်နင်းရာ၌ ခွန်အား

http://www.dhammadownload.com



သဖွယ် ဖြစ်ပါပေ၏။

မာရ်မင်း၏စစ်သည် (၁၀)မျိုးရှိတယ်။ မာရ်မင်းရဲ့စစ်သည်တို့ကို နှိမ်နင်းတဲ့နေရာမှာ သီလဟာ အင်မတန်အရေးပါတယ်။

သီလံ= သီလသည်၊ ဥတ္တမံ= မြတ်သော၊ အာဝုဓံ= မာရ်မင်း= စစ်သည်တို့ကို ဖြိုခွင်းရာ၌ လက်နက်ကောင်းသဖွယ် ဖြစ်ပါပေ၏။

မာရ်မင်း၏စစ်သည် အာရုံငါးပါး အယုတ်တရား ပဌမ စစ်တပ်၊ ဒုတိယစစ်တပ်၊ တတိယစစ်တပ် စတဲ့ အဲဒီ စစ်တပ်ကြီးတွေကို နှိမ်နင်းတဲ့နေရာမှာ အကောင်းဆုံးလက်နက်ပဲ။

သီလံ= သီလသည်၊ သေဋ္ဌံ= အမြတ်ဆုံးဖြစ်သော၊ အာဘရဏံ= တန်ဆာသဖွယ် ဖြစ်ပါပေ၏။ မွန်မြတ်တဲ့ တန်ဆာနဲ့လဲ တူပါတယ်။

သီလံ= သီလသည်၊ အဗ္ဘုတံ= အံ့ဩဖွယ်ကောင်းသော၊ ကဝစံ= ချပ်ဝတ်တည်း။ သီလဿ= သီလ၏၊ အာနိသံသ ပရိစ္ဆေဒံ= ကောင်းကျိုးသက်သက် အဆက်ဆက်၏ ပေါ်ထွက်နိုင်ငြား ပိုင်းအခြားကို၊ ကော= ဘယ်နတ် ဘယ်သူ အဘယ်သူမျှ မူသေမှန်းဆ ဂဏန်းပြနိုင်ပါတော့အံ့နည်း။

သာဓု - သာဓု - သာဓု

သဂ္ဂကထာ

မြတ်စွာဘုရားက ဆက်ပြီးတော့ နတ်ပြည်နတ်ရွာနဲ့ ပတ်သက်ပြီး နတ်တို့ရဲ့ ပြည့်စုံပုံကို ဆက်ပြီးတော့ ဟောပါတယ်။

နတ်ပြည်ရဲ့ ပြည့်စုံပုံတွေ ဆက်ဟောပြီး၊ နတ်တို့ရဲ့ အာရုံငါးပါး အယုတ်တရားတို့ဟာ အားမကိုးရပုံ၊ **"ကာမာနံ အာဒီနဝကထာ"**။

အာရုံငါးပါး အယုတ်တရားတို့၏ အပြစ်အနာအဆာတွေ ယုတ်ညံ့ပုံတွေ၊ သံကိလိဋ္ဌ ညစ်နွမ်းပုံတွေ ဆက်ပြီးတော့ ဟောပါတယ်။

http://www.dhammadownload.com



ဘုရားရှင်က အာရုံငါးပါး အယုတ်တရားတို့ရဲ့ အပြစ်ကို ဘယ်လိုဟောသလဲ။

**အပ္ပဿာဒါ ကာမာ၊**

**ဗဟုဒုက္ခာ ဗဟုပါယာသာ၊**

**အာဒီနဝေါ ဧတ္ထဘိယျော။**

ကာမာ= ပုထုဇဉ်များ ခင်ယှမ်းသည့် အာရုံငါးပါး အယုတ်တရားတို့သည်၊ အပ္ပဿာဒါ= အဆိပ်နှောပါ မြိန်သြဇာနှယ် မကြာခုဝယ် ဘေးရောက်လွယ်၍ အနည်းငယ်သော သာယာခြင်း ရှိကြပေကုန်၏။

အဆင်းမျိုးစုံ ရူပါရုံ၊ အသံမျိုးစုံ သဒ္ဒါရုံ၊ အနံ့မျိုးစုံ ဂန္ဓာရုံ၊ ရသာမျိုးစုံ ရသာရုံ၊ အတွေ့ထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံ ခေါ်တဲ့ အာရုံငါးပါး အယုတ်တရား၊

အဲဒီ အာရုံငါးပါး အယုတ်တရားတွေဟာ အဆိပ်တွေနှောပြီး ကျွေးတဲ့ စားကောင်းသောက်ဖွယ်များလိုပဲ စားတုန်းကတော့ ကောင်းသလိုလိုရှိပါရဲ့။ ဒါပေမယ့် အဆိပ်ကပါနေတဲ့ အခါကျတော့ နောက်တော့ အဆိပ်သင့်တော့တာပါပဲ။ အဲဒီလိုပဲ အာရုံငါးပါး ကာမဂုဏ်တရားတွေဟာ အဆိပ်တွေနှောပြီး ကျွေးတဲ့စားကောင်း သောက်ဖွယ်လိုပဲ။

ဗဟုဒုက္ခာ= မရှိတောင့်တ ရှိကြောင့်ကြနှင့် သောကဘေးဒဏ် အတန်တန်ကြောင့် ပူပန်မစဲ ဆူလှုံ့စွဲအောင် ဆင်းရဲခြင်းများလှ ပါပေကုန်၏။

မရှိတော့လဲ တောင့်တကြ၊ ရှိနေပြန်တော့လဲ ဒီအာရုံတွေ ပျက်သွားမှာ ကြောင့်ကြရ၊ တစ်ခုခုဖြစ်မှာစိုးပြီးတော့ ကြောင့်ကြပြီး

http://www.dhammadownload.com



နေကြရ၊ အဲဒီလို ဒုက္ခတွေနဲ့ ရှုပ်ထွေးနေပါတယ်။

ဗဟုပါယာသာ= မချိရောင်ရမ်း သတိခန်းအောင် ပင်ပန်းခြင်းများလှပါပေကုန်၏။

မချိအောင် ပင်ပန်းသွားအောင် နွမ်းနယ်ပြီးတော့ သွားအောင်ဟောဒီ အာရုံငါးပါး အယုတ်တရားတွေက ဖန်တီးပေးလိုက်တယ်။

ဧတ္ထ ဧတေသုကာမေသု= ဤအာရုံငါးပါး အယုတ်တရားတို့၌၊ အာဒီနဝေါ= ဆွေရင်းမျိုးချာ မိတ်သဟာပင် အနာဒရ မညှာကြပဲ ဒေါသရန်စစ် ကြမ်းကြုတ်သောအပြစ်သည်၊ ဘိယျော= ပူဆာထူးထွေ များလှပါပေ၏။

ဒီအာရုံငါးပါး ကာမဂုဏ်တရားတွေနဲ့ ပတ်သက်ပြီး ဆွေရယ်၊ မျိုးရယ်လို့လဲ မညှာတာ ညီအစ်ကိုမောင်နှမရယ်လို့လဲ မညှာ၊ တစ်ယောက်နဲ့တစ်ယောက် တစ်ဦးနဲ့တစ်ဦး အဲဒီလို ဒေါသရန်စစ် ကြမ်းကြုတ်တဲ့ အပြစ်အနာအဆာများက အင်မတန်မြောက်များစွာ ဖြစ်တယ်။

**အင်္ဂါကက်လူပမာ ကာမာ။**

ကာမာ= ပုထုဇဉ်များ ခင်ယူမှားသည့် အာရုံငါးပါး အယုတ်တရားတို့သည်၊ အင်္ဂါကက်လူပမာ= အသားမမှီ သွားသရည်ဖြင့် ပါးဆီယိုဖိတ် ညှီစိုဟိတ်ကြောင့် စိတ်မချင့်ရဲ့ ခွေးအိုခဲသည့် အမဲရိုးလျှင် နှိုင်းယှဉ်စရာ ဥပမာရှိကုန်၏။

ဒီအာရုံငါးပါး အယုတ်တရားတွေဟာ အမဲရိုးလိုပဲ။ ခွေးအိုတစ်ကောင်က အမဲရိုးကိုက် ကိုက်ပြီးတော့ သွေးသွားရည်နဲ့ သွေးပြန်ပြီး စိုလာရော၊ စိုလာတော့ အထဲက အသားထွက်လာသလိုလို သူ့ဟာလေးနဲ့သူ မလွှတ်နိုင်ပဲ ဖြစ်နေတာ။

http://www.dhammadownload.com



အာရုံငါးပါး အယုတ်တရားတွေက ဘာနဲ့တူသလဲဆိုရင် ခွေးအိုလေးခဲနေတဲ့ အမဲရိုးလေးနဲ့ ဥပမာပေးတယ်။

**မံသပေသူပမာ ကာမာ။**

ကာမာ= ပုထုဇဉ်များ ခင်ယူမှားသည့် အာရုံငါးပါး အယုတ်တရားတို့သည်၊ မံသပေသူပမာ= အမှီကျိတ်ခဲ အမြဲလိုက်အုံ စိတ်မကုန်၍ အဟုန်ဗျာသီ ရှေ့ကျီးချီသို့ နံညှီမွဲညစ် အမဲတစ်လျှင် နှိုင်းယှဉ်စရာ ဥပမာရှိကုန်၏။

အာရုံငါးပါး အယုတ်တရားတွေဟာ ဘာနဲ့တူသလဲ။ ကျီးတစ်ကောင်က အသားတုံးလေးချီပြီးသွားတဲ့အခါ ရှေ့က ကျီးတစ်ကောင် ချီသွား၊ နောက်က ကျီးတွေက ဝိုင်းလိုက်ကြ၊ အားရှိအားမဲ့ အားသန်တဲ့စီ ရောက်သွား၊ တစ်ခါ အဲဒီကျီးစီက နောက်တစ်ကောင်က လိုက်လု၊ အားသန်တဲ့ ကျီးစီလွှတ်ပြီး ပြေးရတာကိုး။ အဲဒီလိုပဲ အာရုံငါးပါး အယုတ်တရားတို့ကလဲ ကျီးကန်းတွေ ဝိုင်းပြီး ထိုးဆိတ်နေတဲ့ အသားတုံးနဲ့ ဥပမာတူတယ်။

**သုပိနကူပမာ။**

ရွှေဘုံရွှေနန်း အခန်းခန်းနဲ့ စံမြန်းရပုံ ဟုတ်လေတုံ့နှင့် အာရုံစွဲငြိ နိုး၍ကြည့်က မရှိသက်သက် ယွင်းကွယ်ပျက်သည့် အိမ်မက်လျှင် နှိုင်းယှဉ်စရာ ဥပမာရှိကုန်၏။

အဲဒီ အာရုံငါးပါးဟာ အိမ်မက်ထဲမှာ ရွှေအိမ်ရွှေနန်းတွေ ဘုံနန်းဗိမာန်တွေ အခန်းခန်းနဲ့ ဘယ်လိုနေရ ဘယ်လိုထိုင်ရ အဲဒီလို ကောင်းကောင်းမွန်မွန် အနေအထားတွေ အိမ်မက်မက်ပြီး ပျော်ပြီးတော့နေ၊ အိပ်ရာကနိုးလို့ ကြည့်လိုက်တဲ့အခါ ဟော ဘာမှမရှိတော့ပါလား။ အဲဒီလိုပဲ အာရုံငါးပါး အယုတ်တရားတွေဟာလဲ အိမ်မက်

http://www.dhammadownload.com



များနဲ့လဲ ဥပမာတူတယ်။

**တိဏုက္ကူပမာ ကာမာ။**

ကာမာ= ပုထုဇဉ်များ ခင်ယူမှားသည့် အာရုံငါးပါး အယုတ်တရားတို့သည်၊ အနုဒဟနဋ္ဌေန= ကာမဂုဏ်လိုက် အာရုံကြိုက်ကို ပြိုက်ပြိုက်ဆူဝေ မြိုက်မြိုက်ကြွေအောင် ပူလောင်စေတတ်သည်၏ အဖြစ်ကြောင့်၊ တိဏုက္ကူပမာ= လေညာလေထက် ဆောင်သူ့လက်သို့ လျှံတဟူးဟူး လျံဆက်ကူးသည့် မြက်မီးရှူးပမာ နှိုင်းယှဉ်စရာ ဥပမာ ရှိကုန်၏။

အာရုံငါးပါး လိုက်စားတဲ့ ပုဂ္ဂိုလ်တွေကို တစ်ခါထဲ လောင်စေနိုင်တဲ့အတွက်ကြောင့်မို့ မြက်မီးရှူးများနဲ့ ဥပမာပေးရတယ်။

မြက်တွေစုစည်းထားတဲ့ မြက်မီးရှူးတစ်ခု၊ မီးရှို့လိုက်တဲ့အခါ အဲဒီ မြက်မီးရှူး ကိုင်ထားတဲ့လူစီကို တဟုန်းဟုန်း တောက်လောင်ပြီးတော့ နေသလို၊ ဟောဒီ အာရုံငါးပါးကလဲ လိုက်စားတဲ့ ပုဂ္ဂိုလ်တို့ကို တောက်လောင်နိုင်တယ်။ ဒါကြောင့် မြက်မီးရှူးနဲ့ ဥပမာတူတယ်။

**အသိသူနူပမာ ကာမာ။**

ကာမာ= ကာမဂုဏ်တရားတို့သည်၊ အသိသူနူပမာ= မုဆိုးအားလုံး အမြဲသုံးသည့် စဉ်းတီတုံးနှင့် နှိုင်းယှဉ်စရာ ဥပမာ ရှိကုန်၏။

အိမ်တွေမှာ အမြဲသုံးတဲ့ စဉ်းတီတုံး၊ သားဆိုင်ငါးဆိုင်တွေမှာ အမြဲသုံးတဲ့ စဉ်းတီတုံး၊ အခုတ်ခံလိုက်ရတာ၊ အဲဒီ စဉ်းတီတုံးကြီးနဲ့ ဥပမာပေးတယ်။

**ရုက္ခဖလူပမာ ကာမာ။**

ကာမာ= ကာမတရားတို့သည်၊ ရုက္ခဖလူပမာ= အများသုံးပိုင် ရွာလုံးဆိုင်သည့် ပစ်ချိုင်နင်းချိုး သရက်သီးမျိုးလျှင် ဥပမာရှိကုန်၏။

http://www.dhammadownload.com



သရက်ပင်တစ်ပင်က အသီးသီးနေတယ်။ ဘုံဆိုင်သရက်ပင်ကြီးပေါ့။ ဟိုကလေးက ခဲနဲ့ပြစ်လိုက်၊ ဒီကလေးက ခဲနဲ့ပြစ်လိုက်၊ အကိုင်းကျိုးကျိုး အရွက်ပွဲပွဲ အသီးကြွေကြွေ နောက်တစ်ယောက်က ဒုတ်နဲ့ပြစ်ချလိုက်ပြန်၊ အဲဒီ ရွာဘုံဆိုင် သရက်ပင်များရဲ့ အသီးများနဲ့ ဥပမာတူတယ်။

**သပ္ပသီသူပမာ ကာမာ။**

ကာမာ= ကာမတရားတို့သည်၊ သပ္ပသီသူပမာ= အဆိပ်ခိုအောင်း မြွေဦးခေါင်းလျှင် ဥပမာရှိကုန်၏။

မြွေပွေး၊ မြွေဟောက်တို့ရဲ့ ဦးခေါင်းဟာ အဆိပ်တွေအောင်းပြီး နေသလိုပဲ။ အာရုံငါးပါး အယုတ်တရားတွေမှာလဲ အဆိပ်တွေရှိတယ်။

အဲဒီလို ဘုရားရှင်ကိုယ်တော်မြတ်က ကာမဂုဏ်အာရုံငါးပါး တို့ရဲ့အပြစ်တွေ၊ အပြစ်အနာအဆာတွေ၊ ယုတ်ညံ့ပုံတွေကို ဟောကြားတော်မူတယ်။

အလားတူပဲ ရှင်ပစ္စေကဗုဒ္ဓါအရှင်မြတ်များကလဲပဲ ကာမဂုဏ်တို့ရဲ့ အပြစ်အနာအဆာတွေကို ဟောကြပါသေးတယ်။ ဘယ်လို ဟောကြသလဲ။

**ကာမာဟိ စိတြာ မဓုရာ အနောရမာ။**
**ဝိရူပ ရူပေနမထေန္တိ စိတ္တံ။**
**အာဒီနဝံ ကာမဂုဏေသုဒိသွာ၊**
**ဧကောစရေ ခဂ္ဂဝိသာဏ ကပ္ပေါ။**

ပစ္စေကဗုဒ္ဓါအရှင်မြတ်များက ကာမာ= ပုထုဇဉ်များ ခင်ယူမှားသည့် အာရုံငါးပါး အယုတ်တရားတို့သည်၊ စိတြာ= အဝိဇ္ဇာနှင့် တဏှာ ချယ်လှယ် တိမ်ဖုံးကွယ်၍ တကယ်မှန်သော ခေတ်သဘောကို

http://www.dhammadownload.com



ပေါ်လောမထင် ဉာဏ်မမြင်တဲ့ ပုထုဇဉ်အရှုံးနွယ်တို့မှာအထူး ဆန်းကျယ်ကြီးထင်ကြလေကုန်၏။

အဝိဇ္ဇာ တဏှာက ချယ်လှယ်ပြီးတော့ ဘုန်းကြီးတို့ ပုထုဇဉ် တွေက ထူးထူးဆန်းဆန်းပဲ။ ဒီအာရုံငါးပါး အယုတ်တရားတွေကို အထူးအဆန်း စိတ်ထဲက အထင်ကြီးကြရ။

မဓုရာ= ခွေးဝတ်ပိန်ပမာ အလားကဲ့သို့ ခုံမင်သူ သတ္တဝါအများ တို့မှာ သကာပျားထင်ကြလေကုန်၏။

ခုံမင်တတ်တဲ့ ပုဂ္ဂိုလ်များကတော့ ခွေးဝတ်ပိန်ပမာ အလားလို ဥပမာတူတယ်။ သူတို့ကပဲ ချိုသလိုလို မြသလိုလို စိတ်ထဲမှာ ထင်တတ် ကြတယ်။

မနောရမာ= နူနာစွဲလျှင် မီးကိုခင်သို့ ပူပင်ဖွယ်ရေး ဒုက္ခဘေး တွေကို လေးလေးနက်နက် ဉာဏ်မသက်ပဲ တပ်မက်ပြင်းစွာ ကာမုပါဟု တဏှာမျက်ကဏ်း သူ့လက်စွမ်းကြောင့် ပူခန်းကိုမမြော်မြင် နူနာရှင် မီးကိုတွေ့သလို ကာမဂုဏ်အာရုံငွေ့မှာ မွေ့လျော်ဖွယ်ကြီး ထင်ကြ လေကုန်၏။

အာရုံငါးပါး အယုတ်တရားတွေက လှည့်စားလိုက်တာ ကာမုပါဒါန်ကြောင့် တဏှာမျက်ကဏ်း သူ့လက်စွမ်းကြောင့် ဟောဒါတွေကို ပူရတယ်၊ ပင်ရတယ်လို့ သူမသိဘူး။ ပူရတယ်၊ ပင်ရတယ်လို့ မသိနိုင်ပဲနဲ့ မွေ့လျော်ပျော်စရာပဲလို့ အဲဒီလို ထင်တတ် မြင်တတ်တယ်။

နောက်ပြီးတော့ ဘယ်လိုစွမ်းအင် ရှိပြန်သလဲ။

ဝိရူပရူပေန= ပင်ကိုသရုပ် ဓာတ်မှန်ထုတ်က စက်ဆုပ်ဖွယ်ရာ မသာအလောင်း မကောင်းသက်သက် ဖြစ်ပါလျှက်နဲ့ ခင်မင်ဖွယ်

http://www.dhammadownload.com



ယောင် ရုပ်ဆောင်ဖန်ဆင်း ဗန်းပြခြင်းသဖြင့်၊

စိတ္တံ= ကောက်ရိုးရုပ်၌ လူရုပ်သို့ပင် တကယ်ထင်သည့် သမင်သို့နှယ် ဤကိုယ်ဝယ်တွင် လေးသွယ်ဘုတ်စု ရုပ်အထုကို ကိုယ်ဟုသဲမဲ အစွဲပြင်းထန် ပုထုဇဉ်တို့၏ စိတ်နှလုံးကို၊

မထေန္တိ= ခန္ဓာငါးတန် တိုင်းနိုင်ငံဝယ် ဝိပလ္လာသ မှိုင်းတွေချ၍ ငါးဝအာရုံ ကာမဂုဏ်ဖုံး အမြောက်တို့ဖြင့် ကြောက်စရာလက်နက်တွေ စိစိကျေ နိုင်ငံလုံးမှာ အသက်စည်းစိမ်တွေ ပြုတ်ပြုတ်ပြုန်းတဲ့အောင် ခြေမှုန်းပစ်ခွင်းကြလေကုန်၏။

အင်မတန်စွမ်းအားကြီးတယ်။ ဓာတ်လေးပါး ရုပ်ဓာတ် နာမ်ဓာတ်တို့ စုဝေးနေတဲ့ ခန္ဓာကိုယ်လို့ မမြင်ဘူး။ အာရုံငါးပါး အယုတ်တရားတို့ရဲ့ လှည့်စားမှု ကောက်ရိုးရုပ်ကို လူရုပ်လိုပင် ထင်ပြီးတော့ ပြေးနေကြတဲ့ သမင်များလို စိတ်ထဲက အထင်မှား အမြင်မှား အသိမှား အမှတ်မှားပြီးတော့ ခန္ဓာငါးပါး တိုင်းနိုင်ငံကြီးမှာ ဝိပလ္လာသခေါ်တဲ့ မှိုင်းတွေကျပြီး မှောင်မဲပြီး ဘယ်လိုမှ မလူသာခေါင်း မဖော်သာပဲနဲ့ အပါယ်လေးဘုံနဲ့ မိတ်ဆက်ပြီးတော့ နေကြရ၊ အဲဒါကြောင့် -

ကာမဂုဏေသု= အပြစ်ကိုတော့ ဖုံးကွယ် မက်ဖွယ်ကိုတော့ ဗန်းတင်ပြတဲ့ ငါးဝအာရုံ ကာမဂုဏ်တို့၌၊ အာဒီနဝံ= အေးဖွယ်အကျိုး အေးရနိုးနဲ့ အေးရာမတွေ့ အေးငွေ့မထင် ပူပင်ရှုပ်ထွေး အပြစ်ဘေးတွေကို၊ ဒိသွာ= ဘာဝနာမှန်ပြောင်းဖြင့် ကောင်းကောင်းကြီးချိန်ရွယ် တကယ်မျှော်မြင် ကြည့်ရှုဆင်ခြင်၍၊

ဧကော= ဖေးသူမသူ ဘယ်သူမခေါ် အဖော်နှင့်ခွဲ တစ်ယောက်ထဲသာလျှင်၊ ခဂ္ဂဝိသာဏကပ္ပေါ= ပင်တည်းခန့်ခန့် အနေသန့်သည့် ကြံ့ချိုနှင့်တူစွာ၊ စရေ-စရေယျ= (၃၁)ဘုံ အကုန်လောင်မြိုက် အမှိုက်

http://www.dhammadownload.com



မီးစာ ဤတဏှာဟု ဘာဝနာဉာဏ် မြင်စေတဲ့၍ လေးသြယ ရေပြင်ကျယ် ဝဋ္ဋပင်လယ်သံသရာကြီးမှ လွတ်မြောက်ရန် ဉာဏ်ဟုန်စီး လို့မှု တစ်သွင်တည်း ကျင့်ကြံပေရာသတည်း။

သာဓု - သာဓု - သာဓု

**နေက္ခမ္မ**

နေက္ခမ္မေ= နေက္ခမဉ္စ၊ အာနိသံသံ= အကျိုးဂုဏ်အင် အာနိသင် ကို၊ ပကာသေတိ= ပြတော်မူ၏။

ကထာအစဉ်အတိုင်း ဘုရားရှင်ကိုယ်တော်မြတ်က နောက်ဆုံး နေက္ခမ္မရှင်အဖြစ် ရဟန်းအဖြစ် ပထမဈာန်ရခြင်း နိဗ္ဗာန် ဝိပဿနာ ကုသိုလ်တရားအားလုံး၊ အဲဒီလို နေက္ခမ္မအမည်ရတဲ့ တရားတို့ရဲ့ အကျိုးဂုဏ်အင် အာနိသင်များကိုလဲ ဘုရားရှင်ကိုယ်တော် မြတ် ဆက်ပြီးဟောပါတယ်။

ဒကာ ဒကာမတွေ စစ်ကိုင်းတောင်၊ မင်းကွန်းတောင်မှာ သီတင်းသုံးနေကြတဲ့ ရဟန်းတော်အရှင်မြတ်များနဲ့ သီလရှင်များကို ရည်မှန်းပြီး ဆွမ်းဆန်တော်များကို လှူဒါန်းတဲ့အခါကျတော့ ပဗ္ဗဇ္ဇ- ရှင်ပြုခြင်း၊ ရဟန်းပြုခြင်း၊ တစ်နည်းအားဖြင့် အိမ်ရာတည်ထောင် လူ့ဘောင်မှထွက်ပြီးတော့ သီလရှင်ဝတ်ခြင်း၊ အဲဒီလို ရဟန်း၊ သာမဏေ၊ သီလရှင် ဝတ်နိုင်ကြတဲ့ ပုဂ္ဂိုလ်တွေရဲ့ဘဝ ရခဲပုံ၊ အဲဒီဘဝ ဟာ ဘယ်လောက်ရခဲလဲ။

ရခဲပုံကို ဘုရားရှင်ကိုယ်တော်မြတ် တိုင်းတာထားတဲ့ တိုင်းတာ နည်းနဲ့ တိုင်းတာကြည့်ကြစို့။ သုံးဌာန တိုင်းတာပြီးတော့ ပြတယ်။

၁။ တာဝတိံသာနတ်ပြည် ချမ်းသာတာတွေကို ပြတယ်။

http://www.dhammadownload.com



၂။ မြောက်ကျွန်းသားတွေ စားဝတ်နေရေး အေးဆေးပါပေတယ်။

၃။ ဇမ္ဗူဒိပ် တောင်ကျွန်း။

အဲဒီ သုံးဌာနကို ဘုရားရှင်ကိုယ်တော်မြတ် တိုင်းတာပြီးတော့ ပေးထားခဲ့တယ်။ ဘယ်လို တိုင်းတာပေးခဲ့သလဲ။

အနှစ်တစ်ထောင် ရှည်ခေါင်မြစွာ လားနတ်ရွာနှင့် အိမ်ရာမမြန်း ဤသုံးခန်းကား တောင်ကျွန်းလက်ျာ ဝတီသာထက် ဥတ္တရာဟူ မြောက်ကျွန်းသူတို့ မတူကဲတက် သာလွန်ချက်တည်း။

မြောက်ကျွန်းသူ မြောက်ကျွန်းသားတွေက သာတယ်။ ဘယ်လောက်သာသလဲ၊ အချက်အလက် (၃)မျိုးသာတယ်။

တာဝတီသာနတ်ပြည်ထက်လဲ (၃)မျိုးသာတယ်။ ဇမ္ဗူဒီပါလက်ျာတောင်ကျွန်းထက်လဲ အချက်အလက်သုံးမျိုးနဲ့ အသာယူတယ်။ မြောက်ကျွန်းသူ မြောက်ကျွန်းသားတွေက ဘယ်အချက်တွေ သာသလဲ။

၁။ အနှစ်တစ်ထောင် သက်တမ်းမြဲတယ်။

၂။ မြောက်ကျွန်းသူ မြောက်ကျွန်းသားတွေ သေလို့ရှိရင် မုချနတ်ပြည်ရောက်တယ်။ "ဓမ္မတာသိဒ္ဓ" ငါးပါးသီလရဲ့ စွမ်းအင် ကြောင့် မုချနတ်ပြည်ရောက်တယ်။ အပါယ်လေးဘုံ မကျဘူး။

၃။ မြောက်ကျွန်းသူ မြောက်ကျွန်းသားတွေ အိမ်ထောင်အတည် မပြုဘူး။ အိမ်ထောင်အတည်မပြုတော့ အိမ်ထောင်မှု ဒုက္ခ၊ သုခတွေ ငြိမ်းသွားတာပေါ့။

အဲဒီအချက်အလက် (၃)မျိုးနဲ့ပဲ မြောက်ကျွန်းသူ မြောက်ကျွန်းသားတွေက တာဝတီသာနတ်ပြည်ထက် သာတယ်။

http://www.dhammadownload.com



တောင်ကျွန်းသူ တောင်ကျွန်းသားတွေထက်လဲ သာတယ်။

တာဝတိံသာနတ်ပြည်ကလဲ သုံးမျိုးသာပြန်တယ်။ ဘာတွေသာသလဲ။

အသက်၊ အဆင်း၊ ချမ်းသာခြင်းမူ ယင်းမြောက်ကျွန်းသား ဇမ္ဗူဖွားထက် သိကြားစံမှတ် ဝတိံနတ်က ထူးမြတ်ကဲဆင့် ဂုဏ်ထူးမြင့်၏။

သိကြားစံရာဖြစ်တဲ့ တာဝတိံသာ နတ်ပြည်က အချက်အလက် သုံးမျိုးနဲ့ သာတယ်။ ဘာတွေလဲ။

(၁) အသက် ပိုရှည်တယ်။

(၂) ပိုပြီး ချမ်းသာတယ်။

(၃) ရုပ်ရည်အဆင်းကလဲ လှတယ်။

အဲဒီ အချက်အလက်သုံးမျိုးနဲ့ တာဝတိံသာနတ်ပြည်က ပိုသာသွားပြန်တယ်။

တောင်ကျွန်းကကော မြောက်ကျွန်းသားတွေကို မယှဉ်ပြိုင်နိုင်တော့ဘူးလား။ တာဝတိံသာ နတ်ပြည်ထက်သာတဲ့ အချက်အလက်တွေကော မရှိဘူးလား။ ဘုရားရှင်ကိုယ်တော်တိုင် အချက်အလက်သုံးမျိုးထုတ်ပြထားတာ ရှိတယ်။ ဘာတွေလဲ။

**“ရဲရင့်သတိ မြတ်စရိမှု ဗောဓိပေါက်နေ ဇမ္ဗူမြေက ပဒေသာကျွန်း ဝတိံကွန်းထက် ဦးစွန်းတမျှ ကဲလွန်စွဟု ကျမ်းပြမယုတ် အညီထုတ်လျှက်”**

တောင်ကျွန်းသူ တောင်ကျွန်းသားတွေက တာဝတိံသာနတ်ပြည်ထက်လဲ သာတယ်။ မြောက်ကျွန်းထက်လဲ သာတယ်။ ဘာတွေလဲ။

http://www.dhammadownload.com



(၁) ရဲရင့်ခြင်း၊

(၂) သတိကောင်းခြင်း၊

(၃) ပဗ္ဗဇ္ဇာ ပြဟ္မစရိယ ခေါ်တဲ့ ရှင်ပြုခြင်း၊ ရဟန်းပြုခြင်း၊ အိမ်ရာတည်ထောင် လူ့ဘောင်မှထွက်ပြီးတော့ မြတ်တဲ့အကျင့် ကျင့်ပြီး နေနိုင်ခြင်းဟာလဲ တောင်ကျွန်းမှာသာ ရှိတယ်။

တာဝတိံသာနတ်ပြည်မှာလဲ ရှင်သာမဏေမရှိ၊ ရဟန်းမရှိ၊

မြောက်ကျွန်းသူ မြောက်ကျွန်းသားတွေလဲ ဒီလိုပဲ။ ရှင်သာမဏေ မရှိ၊ ရဟန်း မရှိ။

အဲဒီ အချက်အလက် (၃)မျိုးနဲ့ တောင်ကျွန်းသူ တောင်ကျွန်းသားတွေက သာတယ်။

စဉ်းစားလိုက်တဲ့အခါ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့ ဟောဒီတောင်ကျွန်းဟာ မှန်ပါတယ်။ သက်တမ်းလဲ တိုပါတယ်။ ဂတိလဲ မမြဲကြပါဘူး။

ဒါပေမယ့် သက်တမ်းတိုတာ ရှည်တာထက်၊ ဂတိမြဲတာတွေ၊ အဆင်းလှတာတွေထက် အဖိုးတန်လှတဲ့ ပြဟ္မစရိယတွေက ဒီမှာ ရှိနေတယ်။

ရှင်ပြုလို့ ရဟန်းပြုလို့ သီလရှင်ဝတ်လို့ ပြဟ္မစရိယ အားထုတ်နိုင်တဲ့ အခွင့်အလမ်းများ ရတယ်။

အဲဒီလို ရှင်ရဟန်း၊ သီလရှင် အဖြစ်ရှိမှသာလျှင် ဆွမ်းဆန်တော်များ လှူဒါန်းခွင့်ရကြတယ်။

တကယ်လို့ တာဝတိံသာနတ်ပြည်မှာ ဆွမ်းဆန်တော် လှူချင်ပါတယ်ဆိုလို့ မဖြစ်ဘူး။

http://www.dhammadownload.com



တစ်နည်းအားဖြင့် တောင်ကျွန်းမှာလဲ အတိုင်းတိုင်း အပြည်ပြည် ရှိတာထဲက ဆွမ်းဆန်တော် လှူချင်ပါရဲ့၊ လှူချင်လှချည် ရဲ့လို့ အခြားအခြား နေရာဌာနတိုင်းပြည်တွေမှာ သွားပြောမယ်ဆိုရင် ရှင်ရဟန်း များ တွေ့ချင်မှလဲ တွေ့ရပေလိမ့်မယ်။

ကမ္ဘာမှာ သန်းပေါင်းများစွာ သန်းပေါင်း (၆၅၀၀) လူတွေရှိတာ ထဲက ဒို့တော့ဖြင့် အခွင့်ကောင်းကြီး ရပြီဆိုပြီးတော့ ဝမ်းမြောက်ဖို့ ကောင်းတယ်။ (၉၃)လမ်းမှာ တရားလာဟောရတာ ဝမ်းမြောက်ချက် တစ်ခု အခုမှ သတိရလာလို့ ပြောရဦးမယ်။

ဟိုချိန်အခါတုန်းက မန္တလေး၊ မုံရွာ ရထားနဲ့သွားတဲ့အခါ စစ်ကိုင်းတောင်ရိုး၊ မင်းကွန်းတောင်ရိုး စေတီပုထိုးများ ကြည့်ပြီးတော့ ဦးချ လက်အုပ်ချီလို့ အားမရဘူး။ စစ်ကိုင်း၊ မင်းကွန်းတောင်ရိုးမှာ သီတင်းသုံးနေထိုင်တော်မူကြတဲ့ ဆရာတော် သံဃာတော် အရှင်မြတ် တို့ရဲ့ သီလ သမာဓိ ပညာ အစဖြာတဲ့ ရုပ်ဝိသေသ နာမ်ဝိသေသတို့ကို ဦးချလက်အုပ်ချီလို့ အားမရခဲ့ဘူး။

ယနေ့တော့ (၉၃)လမ်းမှာရှိကြတဲ့ ဒကာ ဒကာမများတို့ရဲ့ ပင့်လျှောက်ချက်အရ လာပြီးတော့ အဲဒီအရှင်မြတ်တို့အတွက် တရား ဟောရတယ်ဆိုတော့ စိတ်ထဲမှာ တော်တော်ကျေနပ်တယ်။

ဝမ်းမြောက်ဖို့ကောင်း၊ ထိုဒေသမှာ နေကြတဲ့ အရှင်မြတ်တို့ရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တွေကိုလဲ အဖန်ဖန် အထပ်ထပ် လက်အပ်ချီမိုးပြီးတော့ ရှိခိုးပါတယ်။

သာသနာတော်ကြီး အဆက်မပြတ်အောင် ဆထက်တပိုး ထမ်းဆောင်ပြီးတော့ နေကြတဲ့ အရှင်မြတ်တွေကို ကြည်ညိုလို့ အားမရခဲ့ပါဘူး။

http://www.dhammadownload.com



ဘုန်းကြီးလဲ ကြည်ညိုလို့ အားမရသလို အားလုံး ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့လဲ ကြည်ညိုလို့ အားမရတော့ စိတ်က စိတ်ကူးရုံ၊ နှုတ်က ကြည်ညိုပါတယ်လို့ ပြောရုံမကပဲ ကိုယ်ထိ လက်ရောက် အခုဆွမ်းဆန်တော် အလှူပွဲကြီး ထမြောက်ပြီ။

ခဲယဉ်းတဲ့ ရဟန်းအဖြစ်၊ ခဲယဉ်းတဲ့ ရှင်သာမဏေအဖြစ် ရကြလို့ တွေ့ကြုံကြလို့ ခဲယဉ်းတဲ့ လူ့အဖြစ်လဲရကြလို့ ကံကောင်း ထောက်မလို့ အခုလိုဆွမ်းဆန်တော် ဒါယကာအဖြစ်နဲ့ သာသနာ့ ဒါယကာအဖြစ်နဲ့ ဖြစ်နေကြခြင်းဟာ အင်မတန်ဝမ်းမြောက်ဖို့ ကောင်းတယ်။

ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ် ဟောကြားတဲ့ အနုပုဗ္ဗီ ကထာ၊ ကထာအစဉ်အတိုင်း အဲဒီလို ပဗ္ဗဇ္ဇမင်္ဂလာ နေက္ခမ္မ၏ အာနိသံသများကို ခဲယဉ်းပုံများကို ဆက်ဆက်ပြီး ဘုရားရှင် ကိုယ်တော်မြတ် မကုန်နိုင် မခမ်းနိုင်အောင် ဒေသနာတော်များ ဟောကြားထားတာ ရှိပါတယ်။

အဲဒီလို အစဉ်အတိုင်း ဟောကြားပြီးသွားတော့ ပထမတစ်ဝါ ရပြီးနောက် ဘုရားရှင်ကိုယ်တော်မြတ် နှစ်ဝါမြောက်၊ အဲဒီကနေ တဖြည်းဖြည်း ဟောဟောပြီးသွားလိုက်တာ၊ ဘုရားရှင်ကိုယ်တော်မြတ် (၁၂)ဝါမြောက် ရောက်ပြီဆိုကြပါစို့။ အဲဒီ (၁၂)ဝါမြောက်ရောက်တော့-

**"ဧကံ သမယံ ဘဂဝါ ဝေရဉ္စာယံ ဝိဟရတိ၊ နဠေရု ပုစိမန္ဒ မူလေ"**

ဧကံသမယံ= အခါတစ်ပါး၌၊ ဘဂဝါ= ဘုန်းတော်ကြီးတော်မူ သော ဘုရားမြတ်စွာသည်၊ ဝေရဉ္စာယံ= ဝေရဉ္စာမြို့၏အနီး၌၊ နဠေရု ပုစိမန္ဒမူလေ= နဠေရုခေါ် ဘီလူးကျော်သည် သိမ်းထားအပ်သော

http://www.dhammadownload.com



တမာပင်၏အောက်၌၊ ဝိဟရတိ= သွားရပ်ထိုင်လျောင်း လှည့်ကာ ပြောင်းလျှက် ကိန်းအောင်းမွေ့လျော် သီတင်းသုံး စပ္ပါယ်တော်မူပါ၏။

ဘုရားရှင်ကိုယ်တော်မြတ် (၁၂)ဝါမြောက် ဘယ်မှာဝါဆို သလဲ။ ဝေရဉ္စာမြို့ ကျောင်းတော်က တမာပင်ကြီး အင်မတန်အရိပ် ကောင်းတဲ့ တမာပင်ကြီးအောက်မှာ ရဟန်းတော်ငါးရာနဲ့ သီတင်း သုံးတော်မူပါတယ်။

ဝါဆိုရတာလဲ အခြားကြောင့်မဟုတ်ပါဘူး။ ဝေရဉ္စာပုဏ္ဏား ကြီး အရဟံအစရှိတဲ့ ဂုဏ်တော်တွေ ကြားရော ကြားတော့ ဘုရားစီ သွားအုံးမှပဲ ဒီဂုဏ်တွေနဲ့ ဘုရားရှင်ပြည့်စုံသတဲ့။

သွားအုံးမှပဲဆိုပြီးတော့ ဘုရားထံမှောက် ရောက်လာ၊ ရောက်လာတော့ သူ့မရှိခိုးလို့ အပြစ်တွေတင်လို့ ဘုရားရှင်ကိုယ်တော် မြတ်ကို အက္ကောသဝတ္ထု ဆဲရေးခြင်း (၈)မျိုးနဲ့ ဆဲပါတယ်။ ဘုရားရှင် ကိုယ်တော်မြတ်ကို စွပ်စွဲတယ်၊ ဆဲတယ်ပေါ့။

အဲဒီ ဆဲရေးခြင်း (၈)မျိုးနဲ့ ဆဲတဲ့အခါ ဘုရားရှင်ကိုယ်တော်မြတ် က သူ့စကားနဲ့သူ ပြန်ပြန်ပြီးတော့ ချေပ၊ ပြန်ပြန်ပြီးတော့ ဖြေရှင်းပေး လိုက်တော့ သဘောကျပြီး သရဏဂုံများ ဆောက်တည်လို့ ဥပသကာ အရင်းအချာ ဘဝရောက်။

အဲဒီလိုရောက်တဲ့အချိန်မှာပဲ ဝေရဉ္စာမြို့မှာ တစ်ဝါတစ်ချို ဆိုတော်မူပါဘုရား။ တပည့်တော်ကို ဆရာဒကာဟု မှတ်တော်မူပါ ဘုရား။

အဲဒီလို ဝေရဉ္စာမြို့မှာ ဝါဆိုဖို့ရာ လျှောက်ထားတဲ့အချိန်က စပြီး ဘုရားရှင်ကိုယ်တော်မြတ် ဝေရဉ္စာမြို့ရဲ့အနီး တမာပင်ကြီးရဲ့ အောက်မှာ ဝါဆိုတော်မူတယ်။

http://www.dhammadownload.com



ဒီဝါကတော့ဖြင့် ဘုရားရှင်ကိုယ်တော်မြတ် ဝင်္ဂကြွေးတော် တစ်ခုဆပ်တဲ့ ဝါတော်ပါပဲ။ ဘယ်လို ဝင်္ဂကြွေးတော်ဆပ်ရသလဲ ဆိုတော့ ဝါတွင်းသုံးလ ဝေရဉ္ဇာပုဏ္ဏား လျှောက်ထားလို့ ဝေရဉ္ဇာမြို့မှာ ဝါဆို ပြီးနေတော့ ဆွမ်းလောင်းတဲ့ ဒကာ ဒကာမလဲ မတွေ့ရ၊ ဝေရဉ္ဇာပုဏ္ဏားကြီးကိုယ်တိုင်ကလဲ ပင့်လျှောက်ထားပြီး ဆွမ်းရေး ကွမ်းရေး ဘာမှဂရုမစိုက်ဘူး။ မေ့နေလိုက်တာ သီတင်းကျွတ်မှ သတိရတယ်။

ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်နှင့်တကွ သံဃာတော် (၅၀၀)အား ဥတ္တရာပထတိုင်းက လာကြတဲ့ မြင်းကုန်သည်တို့ကနေပြီး သဒ္ဓါတတ်အားသရွေ့ မယောဆန်များကို နည်းနည်းစီ ခွဲခွဲပြီးတော့ လှူကြ၊ အဲဒီ လှူတာလေးပဲ ရဟန်းတော်အရှင်မြတ်များ ဆွမ်းအတွက် ဖန်တီးပြီးတော့ ဘုဉ်းပေးကြပါသတဲ့။

ဒါကြောင့် ရှေးပညာရှင်များက ဒီနေရာမှာ ရှစ်လုံးဘွဲ့ကဗျာ လေးတွေ ရေးထားကြပါတယ်။

**ဝါတော်ကပ်တော့ မာရ်နတ်နှိုးဆော်**
**ဝေရဉ္ဇာတိုင်း သမိုင်းအကျော်**
**မယောဆွမ်းမို့ ကြမ်းကြမ်းထော်ထော်**
**ဘုဉ်းပေးရ ရှေးကဘယ်ဝင်္ဂတော်။**

ရှေးပညာရှင်များက ဝေရဉ္ဇာမြို့မှာ ဝါကပ်ပြီးတော့ နေတဲ့ အချိန် ကြမ်းကြမ်းတမ်းတမ်း မုယောဆန် မြင်းစာတွေ ဘုဉ်းပေးရနေရ တာ ဘယ်ဝင်္ဂပါလိမ့်၊ အမေးရဲ့အဖြေက -

**မထင်မရှား မျိုးသားဖြစ်တုံ**
**ရဟန်းတော်များ ဆွမ်းစားခိုက်ကြုံ**

http://www.dhammadownload.com



**ဆွမ်းကြမ်းစားဟု ပြစ်မှားဆိုပုံ**
**ဝစီမြွက် ဝိပါက်တော်တဲ့ယုံ။**

ဘုရားအလောင်းတော် မထင်မရှားတဲ့ အမျိုးသားလေးဘဝ ရဟန်းတော်များ ဆွမ်းစားနေတဲ့အခါ အရှင်ဘုရားတို့ မုယောဆန် အကြမ်းတွေပဲ ဘုဉ်းပေးကြဘုရား။ သလေးဆန်ဆွမ်း ကောင်းကောင်း မွန်မွန် မဘုဉ်းပေးကြနဲ့ဘုရား။

အဲဒီ နှုတ်မြွက်ခဲ့တဲ့ အကုသိုလ်လေးကြောင့် "**ဝစီဘေဒ ထိတိုင်းရှ**"သတဲ့။ ဘာမှမပြောပလောက်ဘူး။ "**ကိုယ်တော်တို့ ဆွမ်းကြမ်းစားတွေ**"လို့ ပြောလိုက်တဲ့ နှုတ်မြွက်သံလေး အင်မတန် ကြောက်ဖို့ကောင်း၊ ဘုရားဖြစ်တဲ့အခါတောင်မှ ဟောဒီကံက ဝစီကံ အကုသိုလ်က လိုက်ပြီးထုတုန်းထောင်းတုန်း ရှိသေးတယ်။

အဲဒါကြောင့် ရှေးပညာရှိများက သတိပေးထားတယ်။ မကောင်းမှုအကုသိုလ်ကို သေးတယ်၊ ငယ်တယ်ဆိုပြီး အလေးမမူပဲ မနေပါနဲ့၊ သတိထားစရာပေါ့။

**ဝိပါက်ရောက်ရေး ကြောက်သွေးတုံကွယ်**
**ဘုရားသော်လဲ ရှောင်လွှဲမဖယ်**
**တွေ့ဆုံမြဲမို့ တဝဲလယ်လယ်**
**မလွတ်သေး ဝဋ်ကျွေးဖြစ်လာတယ်။**

"**ဝဋ်နှင့်ကြမ္မာ မလွတ်သာ၊ ကြမ္မာနဲ့ဝဋ် ပြေးမလွတ်**" ဆိုတဲ့ စကားအတိုင်း ဝိပါက်ကြမ္မာများ အင်မတန်ကြောက်ဖို့ ကောင်းတယ်။

ဘုရားရှင်ကိုယ်တော်တိုင်တောင် မလွတ်မှတော့ ဒို့တတွေ ပြောစရာမရှိဘူး။

http://www.dhammadownload.com



ဘုန်းကြီးတို့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး ဟင်္သာတမှာ တရားဟောတော့ တရားပွဲမှာ ဖိနပ်ခိုးခံရတော့ ဆရာတော်က ပြောတယ်။ "အခုမှ သူခိုးပေါ်ပေတော့တယ်"။ "သူခိုး ဘယ်မှာလဲ ဆရာတော်"လို့ လျှောက်တော့ "သူခိုးက ဒီပြင်လူမဟုတ်ဘူး၊ ငါပဲ"တဲ့။ "ရှေးဘဝက သူများဖိနပ်ခိုးခဲ့မိလို့ အခု ငါ့ဖိနပ် အခိုးခံရတာပေါ့"တဲ့။

**ကြင်နာထောက်ထား သနားမျှော်ခေါ်**

**ကုသိုလ်ပွားမှု အားပြုကြနော်။**

**ဝိပါက်ရောက်ရေး ထောက်တွေးကြနော်။**

**ရှောင်ရှားကြ ကြောက်စရာဝိပါက်တော်။**

ကြင်နာရမယ့် ပုဂ္ဂိုလ်တွေ ကြင်နာ၊ ထောက်ထားရမယ့် ပုဂ္ဂိုလ်တွေ ထောက်ထားလို့ သနားရမယ့် ပုဂ္ဂိုလ်တွေ သနားလို့ မိမိတို့ တတ်နိုင်သလောက် မျှော်ခေါ်ပြီးတော့ တွေးပါ။ အဲဒီလို တွေးပြီးတော့ ကုသိုလ်ပွားမှု အားပြုကြနော်။ ရှေးပညာရှင်များက ကုသိုလ်ရပေစေနော်။ ကုသိုလ်ရဖို့ အားပြုကြ၊ ကုသိုလ်ပြုရမယ်ဆိုရင် မြန်မြန်ဆန်ဆန် ပြုကြ။

အကုသိုလ်ဆိုရင် အသေးအမွှား ငယ်ငယ်လေးပင် ကြောက်ကြ၊ မပြုမိစေနဲ့။ ဒါနဲ့ ပတ်သက်လို့ ရိုင်းတော့ရိုင်းတဲ့ စကားလေးပါပဲ။ ဒါပေမယ့် ဆရာတော်ကြီးတွေရဲ့ စကားမို့ ဖောက်သည်ချရအုံးမှာ။ မဟာဝိသုဒ္ဓါရာမ ဆရာတော်ရှိစဉ်က ကြားဖူးတယ် စကားတစ်ခု။

ဆရာတော်ကြီးက ကျောင်းတိုက်ထဲမှာရှိတဲ့ ခွေးတွေ အညစ်အကြေးတွေစွန့်တာ ခွေးအညစ်အကြေးတွေ လိုက်ကျုံး၊ ဘုရားပေါ်မှာ

http://www.dhammadownload.com



ရှိတဲ့ အညစ်အကြေးတွေ လိုက်ကျုံး၊ ကျောင်းအရာမ်အတွင်းမှာ ရှိတဲ့ အညစ်အကြေးတွေ လိုက်ကျုံး၊ ကျုံးပြီးတော့ ဘာပြောသလဲဆိုတော့ ဆရာတော်ကြီးရဲ့ စကားက ရိုင်းသလိုလိုလေးပဲ။ ဒါပေမယ့် မှတ်လောက်တယ်။

"ခွေးဖင် ရှိုးချင်လိုက်တာနော်"လို့ ပြောသတဲ့။ အဲဒီစကားကို ရဟန်းငယ်တစ်ပါးက ကြားသွားတယ်။ "ဘယ်နှယ့်လဲဘုရား၊ ဆရာတော်ဘုရား မဟုတ်တာဘုရား"လို့ လျှောက်တော့၊ ဆရာတော်ကြီးက "မဟုတ်ဘူးကွ၊ သေသေချာချာ စဉ်းစားတဲ့အခါ ရှိခိုးဖို့ ကောင်းတယ်။ သူတို့ရှိပေလို့ ကျောင်းတလင်းမှာ အညစ်အကြေး ရှိတာ၊ အညစ်အကြေးရှိတော့ ငါကျုံးရတယ်။ ကျုံးရတော့ ကုသိုလ်ရတာပ"လို့ ပြောသတဲ့။ ဒါကြောင့်-

**ကြင်နာထောက်ထား သနားမြော်ခေါ်**
**ကုသိုလ်အားမှု အားပြုကြနော်။**
**ဝိပါက်ရောက်ရေး ထောက်တွေးကြနော်။**
**ရှောင်ရှားကြ ကြောက်စရာဝိပါက်တော်။**

ကုသိုလ်ကံဟာ အင်မတန်အရေးကြီးတယ်။ ဒီကံနဲ့ ပတ်သက်လို့ ပိုပြီးတော့ လေးစားအောင်ပြောမယ်ဆိုရင် သူတောင်းစားလေး တစ်ယောက်က ဘယ်သွားတောင်းသလဲဆိုရင် သာသနာပိုင်ဆရာ တော်ကြီးတစ်ပါးစီ သွားတောင်းတယ်။ ကျောင်းအောက်ကနေပြီး အော်ပြီးတော့ စာဆိုနဲ့တောင်းတယ်။

"ရှေးကကောင်းလို့ ယခုကောင်းသည်၊ ယခုကောင်း နောင် ကောင်းပါလိမ့်မည် ဘုရား"။ ကျောင်းအောက်က လှမ်းတောင်းတယ်။

http://www.dhammadownload.com



"အရှင်မြတ်ကြီးဘုရား ရှေးဘဝကောင်းခဲ့လို့ ယခုမင်းကိုးကွယ်တဲ့ ဆရာတော်ကြီးဖြစ်ပါတယ်ဘုရား။ ဒါကြောင့် တပည့်တော်အား ပေးပါဘုရား၊ ကမ်းပါဘုရား"

ဆရာတော်က ကျောင်းအောက်ကအသံကြားလို့ ကြည့်လိုက်တော့ စာဆိုနဲ့ တောင်းနေသကိုး။ ဆရာတော်က ပြန်ပြီးတော့ ဆိုလိုက်သတဲ့။

- **ရှေးကဆိုးလို့ ယခုဆိုးသည်၊**
  **ယခုဆိုး နောင်ဆိုးပါလိမ့်မည်။**

ကဲကဲ- ဒီစကားလေး (၂)ပိုဒ်ဆိုပြီး တရားနိဂုံးချုပ်ကြစို့ရဲ့။

- **ရှေးကကောင်းလို့ ယခုကောင်းသည်၊**
  **ယခုကောင်း နောင်ကောင်းပါလိမ့်မည်။**
- **ရှေးကဆိုးလို့ ယခုဆိုးသည်။**
  **ယခုဆိုး နောင်ဆိုးပါလိမ့်မည်။**

သာဓု - သာဓု - သာဓု

➤➤➤➤➤

http://www.dhammadownload.com



# သီတာလှူငယ် ဆွမ်းလောင်းအသင်း

ယနေ့ ၁၃၆၂ ခု၊ သီတာလှူငယ် ဆွမ်းလောင်းအသင်း နှစ်ပတ်လည်အထိမ်းအမှတ် ပြုလုပ်တဲ့တရားပွဲ။ ၁၃၆၂ ခု၊ တန်ခူးလပြည့်နေ့။

ဂိမှာန်= ဒေါင်းငွေစကြာ သူရိယာ၏ ရောင်ဝါပြင်းပြ နွေလေးလတို့တွင်၊ ပထမသို့ ဂိမှ= ရှေးဦးအစ နွေကာလဖြစ်သော၊ မာသေ= ရနံ့သင်းထုံ ရောင်ဆင်းစုံသည့် ဖူးငုံရွက်ချပ် ပန်းရင်ငတ်တို့ ပွင့်လတ်ခါထူး လတန်ခူး၌၊ ဖုဿိတဂ္ဂေ= စွင့်စွင့်ကားကား ပင်လုံးကျွတ်ပွင့်သော အဖျားရှိသော၊ ဝနပ္ပဂုမ္ဗေ= ကြီးကျယ်ခမ်းနား ပင်စုံပွား၍ မားမားမို့မို့ လေပြေတို့လျှင် ယို့ယို့လှုပ်ယိုင် ဂနိုင်ရစ်ဆည်း တောအုပ်ကြီးသည်၊ သသိရီကော ယထာ= ကျက်သရေရွှမ်းအိ တင့်တယ်လှပသော အသရေရှိ သကဲ့သို့ တထူပမံ= ထိုတောအုပ်ကြီးသဖွယ် တင့်တယ်လှပ နက်နဲ ထူးခြားလှသည့် ကလျာဏသုံးပုံ သာတ္ထဗျဥ္ဇနစသော ပန်းရနံ့ ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော၊ နိဗ္ဗာနဂါမိ= ခန္ဓာကိုယ်ကြီး လောင်စာမီးတို့ အပြီးသတ်ချုပ်ငြိမ်းရာ နိဗ္ဗုတာသို့ လျှင်စွာဆိုက်ကပ် ရောက်စေတတ်သော၊

ဓမ္မဝရံ= သုံးပုံပိဋကတ် ငါးရပ်နိကာယ် ကိုးသွယ်အင်္ဂါ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) များမြောင်လှစွာသော ဒေသနာတော်မြတ်ကို၊ ဘဂဝါ= ဘုန်းတော်ခြောက်ဆူ အောင်လံထူ၍ ပြိုင်သူပကင်း တရားမင်းမြတ်စွာသည်၊ ပရမံဟိတာယ= ဝေနေယျများစွာ ချမ်းသာစေဖို့ မြတ်သော လောကုတ္တရာ နိဗ္ဗာန်အလို့ငှာ၊ အဒေသယိ= ကရုဏာလှုံ့ဆော် ရွှေညာဏ်တော်ဖြင့် ထုတ်ဖော်ကျူးသီ ဟောကြားတော်မူခဲ့ပါလေပြီ။

http://www.dhammadownload.com



ဣဒမ္ပိဗုဒ္ဓေ- အယံဝေ ဗုဒ္ဓေ= ဤတရားဒေသနာတော်မြတ်ကို ဟောကြားတော်မူတတ်သည့် မြတ်ဘုရားသည်ပင်လျှင်၊ ပဏီတံ= လောကီရတနာ အဖြာဖြာတို့ထက် ကဲသာမွန်မြတ်သော၊ ရတနံ= ခိုကိုးရာ အားထားရာအစစ် ရတနာကြီး ဖြစ်ပါပေသတည်း။

ဧတေန သစ္စဝဇ္ဇေန= ဤသို့မှန်ကန်သောစကားကို ပြောဆိုရခြင်းကြောင့်၊ တေတုမှာကံ= သီတာလူငယ် ဆွမ်းလောင်းအသင်းသူ အသင်းသားအပေါင်း သူတော်ကောင်းတို့နှင့်တကွ ဓမ္မမိတ်ဆွေ သူတော်ကောင်းအပေါင်းတို့အား၊ သုဝတ္ထိ= ဘေးရန်ကုန်ကင်း ချမ်းသာအေးမြခြင်းသည်၊ ဟောတု= မုချမသွေ ဖြစ်ပါစေသတည်း။

သာဓု - သာဓု - သာဓု

**အနာထာနံ ဗုဒ္ဓေါနာထော၊ ဘီတာနံ အဘယံဒဒေါ။**

**ဝိဿာသဘူမိသန္တာနံ၊ သရဏံ သရဏေသီနံ။**

ဗုဒ္ဓေါ= ရှင်တော်မြတ်ဘုရားသည်၊ အနာထာနံ= ကိုးကွယ်ရာမဲ့ကုန်သော ပုဂ္ဂိုလ်တို့၏၊ နာထော= ကိုးကွယ်ရာ အစစ်အမှန် ဖြစ်တော်မူပါပေ၏။ ဘီတာနံ= ပစ္စုပ္ပန် သံသရာ ဘေးနှစ်ဖြာတို့မှ ကြောက်ရွံ့ထိတ်လန့်နေကြကုန်သော ပုဂ္ဂိုလ်တို့အား၊ အဘယံဒဒေါ= ဘေးမဲ့ချမ်းသာ ပေးတော်မူတတ်ပါပေ၏။

သရဏေသီနံ= ကိုးကွယ်အားထားရာကို ရှာမှီးနေကြကုန်သော သူတို့၏၊ သရဏံ= ခိုကိုးရာ အားထားရာ ဖြစ်တော်မူပါပေ၏။ သန္တာနံ= မရှင်မလန်း ပင်ပန်းနွမ်းနယ်ကြကုန်သော ပုဂ္ဂိုလ်တို့၏၊ သန္တာနံ= သူတော်စင်အပေါင်းတို့၏၊ ဝိဿာသဘူမိ= အပန်းဖြေရာ အနားနေရာကြီးဖြစ်တော်မူပါပေသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**လှူပြီးအခိုသွားတာ**

ယနေ့ သီတာလူငယ် ဆွမ်းလောင်းအသင်းက ကျင်းပတဲ့ တရားပွဲ။

ဒီစာရွက်ကလေးကို ကြည့်လိုက်တဲ့အခါကျတော့ ဒီလူငယ်များရဲ့ သာသနာကို ထောက်ပံ့တဲ့ သာသနာပြုတဲ့ စွမ်းအားဟာ အင်မတန်ကြီးမားသားပဲလို့ ဘုန်းကြီးတို့ တွေ့ရတယ်။

ဘာကြောင့်လဲလို့ဆိုတော့ တစ်နှစ်ပတ်လုံး အရုဏ်ဆွမ်းလောင်းလှူတဲ့အသင်းကြီး ဖြစ်ပါတယ်။ တနင်္ဂနွေနေ့တိုင်း၊ တနင်္ဂနွေနေ့တိုင်း တစ်နှစ်ပတ်လုံး ဆွမ်းလောင်းအသင်းဆိုတာက ရှားပါတယ်။ ဘုန်းကြီးတို့ အများတွေ့နေတာက ဝါတွင်းသုံးလ အရုဏ်ဆွမ်းလောင်းတဲ့အသင်းတွေ ရှိပါတယ်။

နှစ်ပေါက်ဆွမ်းလောင်းတဲ့ အသင်းဟာ အင်မတန်ရှားတယ်။ တနင်္ဂနွေနေ့ နံနက်တိုင်း သံဃာတော်အပါး (၃၅၀)ဆိုတော့ တွက်ဆကြည့်။ သံဃာတော်ပေါင်း ဘယ်လောက်၊ သံဃာတော်ပေါင်း ဘယ်၍ဘယ်မျှအား ဆွမ်းလောင်းလှူပြီးပြီလို့ ခန့်မှန်းနိုင်တာပေါ့လေ။

တနင်္ဂနွေနေ့ တစ်လမှာ (၄)ရက်ဆိုတော့ တနင်္ဂနွေ တစ်ရက်တစ်ရက်မှာ အပါး (၃၅၀)၊ တနင်္ဂနွေလေးရက်ဆိုတော့ (၁၄၀၀)ပါး။

အဲဒီတော့ တစ်လလျှင် သံဃာတော်ပေါင်း (၁၄၀၀)ပါး ဆွမ်းလှူပြီးသားဖြစ်နေ၊ ဆယ်လဆိုတော့ သံဃာတော်ပေါင်း (၁၄၀၀၀)ပါး၊ (၁၂)လဆိုတော့ သံဃာတော်ပေါင်း (၂၈၀၀)ပါး ထပ်ထည့်လိုက်ရင် (၁၆၈၀၀)ပါး။

နှစ်ပေါင်း (၄၀)ဆိုတော့ သံဃာတော်အပါးပေါင်း (၆၇၂၀၀၀)၊ ခြောက်သိန်းခုနစ်သောင်းနှစ်ထောင် ရှိသွားပြီ။ ဒကာကြီးတစ်ယောက်

http://www.dhammadownload.com



သူ့အိမ်ဆွမ်းခံကြွလာတဲ့ ရဟန်းသာမဏေ အရေအတွက်ကို စာအုပ်၌ ရေးမှတ်ထားတာကို သိရဖူးတယ်။ တစ်နေ့ (၅)ပါး၊ (၁၀)ရက် (၅၀)ပါး စသည်မှတ်ပါတယ်။ နှစ် (၄၀)ဆိုတော့ သီတာလူငယ်တွေတောင် လူအိုတွေဖြစ်နေလောက်ပြီ။

လူငယ်တွေဟာ လူအိုဖြစ်ကြပေမယ့် လူပြီးတော့ အိုသွားတာ ကိစ္စမရှိဘူး။ ကောင်းမှုကုသိုလ်ပြုရင်းနဲ့ အိုသွားတာ ကိစ္စမရှိဘူး။

အိုတော့ အိုသွားကြတာပဲ။ ခရီးစဉ်ကတော့ သွားနေကြရမှာပဲ။ လူပြီးတော့ အိုတာကိစ္စမရှိပါဘူး။ လူ့ပြီးတော့ အိုသွားရင် မကောင်းဘူး။ လူးပြီးတော့ အိုသွားရင် မကောင်းဘူး။ လေပြီးတော့ အိုသွားရင်လဲ မကောင်းဘူး။ လွင့်ပြီးတော့ အိုသွားရင်လဲ မကောင်းဘူး။

သီတာလူငယ် ဆွမ်းလောင်းအသင်းက အသင်းသူ အသင်းသားလူတွေ ဆိုကြပါစို့။ နှစ်ပေါင်းလေးဆယ်မှာ လူငယ်လူရွယ် ပေါင်း မြောက်များစွာပါလာပြီ။ ဒီကုသိုလ်ကို ကြိုးစားခဲ့ကြ။

ဒီကုသိုလ်ကို သာသနာနဲ့ ပတ်သက်ပြီး လှူကြတာ။ သာသနာတော်ဆိုတာ ဓမ္မတရားကို ခေါ်တာပါပဲ။ တရားတော်ကိုပဲ သာသနာတော်။ ဓမ္မဆိုတာ ဆောင်တတ်ပါတယ်။ အပါယ်ကို ကျမသွား အောင် ဆောင်ထားတတ်တယ်။ ငရဲမကျအောင် ဓမ္မက ဆောင်ထားနိုင်တယ်။ တစ်ဦးနဲ့တစ်ဦး ခင်မင်လွန်းလို့ဆိုပြီး လက်နဲ့ဆွဲပြီး အပါယ် မကျအောင် ဆောင်ထားနိုင်ပါ့မလား။ မထားနိုင်ဘူး။ တိရစ္ဆာန်မဖြစ် အောင် မဆောင်နိုင်ဘူး။ ပြိတ္တာမဖြစ်အောင် မဆောင်နိုင်ဘူး။ အသူရကာယ်မဖြစ်အောင် ဆောင်မထားနိုင်ပါဘူး။ ကယ်မထားနိုင်ဘူး။

http://www.dhammadownload.com



တရားတော်ရဲ့ စွမ်းအားကတော့ အပါယ်တံခါး ပိတ်အောင် စွမ်းနိုင်တယ်။ ဆင်းရဲငြိမ်းသွားအောင် စွမ်းနိုင်တယ်။

ဘယ်ပုဂ္ဂိုလ်တွေကို အပါယ်တံခါးပိတ်အောင် ဆောင်ရွက်သလဲဆိုတော့-

**အတ္တာနံ့ ဓာရေန္တေ ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနေ ဝဋ္ဋဒုက္ခေသုစ စတူသု အပါယေသုစ အပတမာနေ ကတွာ ဓာရေတိ။**

အတ္တာနံ= မိမိတည်းဟူသော ဓမ္မကို၊ ဓာရေန္တေ= ဆောင်ကြကုန်သော သူတို့ကို၊ ယထာနုသိဋ္ဌံ= ဆုံးမထားတဲ့အတိုင်း၊ ပဋိပဇ္ဇမာနေ= ကျင့်ကြသူတို့ကို၊ ဝဋ္ဋဒုက္ခေသုစ= ဝဋ်ဆင်းရဲတို့၌လည်းကောင်း၊ စတူသုအပါယေသုစ= အပါယ်လေးဘုံတို့၌လည်းကောင်း၊ အပတမာနေ= မကျသည်တို့ကို၊ ကတွာ= ပြု၍၊ ဓာရေတိ= ဆောင်ထားတတ်၏။

တရားတော်ဟာ ဆောင်တော်မူတတ်တယ်။ ဝဋ်ဆင်းရဲမကျအောင် ဆောင်ရွက်တော်မူတတ်တယ်။ အပါယ်လေးပါး မကျအောင် ဆောင်ရွက်တော်မူတတ်တယ်။ တရားတော်ရဲ့ အစွမ်းသတ္တိ။

ဒါကြောင့် ဓမ္မကို မြတ်နိုးကြရတယ်။ တစ်နည်းအားဖြင့် ဓမ္မကို ကိုးကွယ်တဲ့ ပုဂ္ဂိုလ်တွေဟာ ဘာကြောင့် ကိုးကွယ်ကြသလဲဆိုတော့-

**ဘဝကန္တာရာ ဥတ္တာရဏေန အဿာသဒါနေနစဓမ္မော။**

ဘဝခရီးခဲမှ ထုတ်ဆယ်ကယ်တင်တာ ဓမ္မရဲ့စွမ်းရည်ပဲ။ ဘဝဆိုတာ ဒုက္ခဝန်ထုပ်ဝန်ပိုးကြီးကို ထမ်းပြီးနေတာကို ဘဝ၊ အဲဒီဘဝဟာ ကန္တာရကြီးတစ်ခုပဲတဲ့။ ကျော်လွန်နိုင်ခဲတယ်။

အဲဒီ ဘဝကန္တာရခေါ်တဲ့ ခရီးခဲကြီးမှ ထုတ်ဆွဲကယ်တင်နိုင်တာက ဓမ္မ၊

http://www.dhammadownload.com



**အဿာသဒါနေနစ။**

စိတ်ရဲ့သက်သာမှု ပေးနိုင်တယ်။

ဘဝခရီးခဲ ဘဝကန္တာရမှ ထုတ်ဆွဲကယ်တင်နိုင်တဲ့ ဓမ္မကို ဘုန်းကြီးတို့တတွေ မြတ်နိုးရမယ်။ စိတ်သက်သာမှုတွေ ပေးတဲ့အထဲမှာ ဓမ္မလောက် စိတ်သက်သာမှု ပေးနိုင်တာမရှိဘူး။

ဒါကြောင့် ဓမ္မကို မိမိတို့သန္တာန် ရောက်ရှိအောင် ကြိုးစားသင့်တယ်။ ဒါနဆိုတဲ့တရား မိမိသန္တာန်မှာ ရောက်ရှိအောင်၊ သီလဆိုတဲ့တရား မိမိသန္တာန် ရောက်ရှိအောင်၊ သမာဓိတရား ပညာတရားတွေ မိမိသန္တာန်မှာ ရောက်ရှိအောင် ကြိုးစားမယ်ဆိုရင် ဓမ္မကို မြတ်နိုးတဲ့သူ ဖြစ်ပါတယ်။

အဲလို ဓမ္မကို မြတ်နိုးတော့ ဘဝခရီးခဲမှာ ထုတ်ဆယ်ကယ်တင်တတ်တဲ့အတွက်ကြောင့် တရားတော်ဟာ ကိုးကွယ်ရာ "ဓမ္မံ သရဏံ ဂစ္ဆာမိ" တရားတော်ကို ကိုးကွယ်ပါ၏။

တရားတော်က စိတ်ရဲ့သက်သာမှုကိုလဲ ပေးတတ်တယ်။ အားလုံးကြားဖူးကြတဲ့ ပဋာစာရီ နောက်ဆုံးကျတော့ သားငယ်ကို စွန်သုတ်၊ ရေမြုပ်၍ သားကြီးသေ။ လင်သက်ဝေ မြွေခဲ၊ အိမ်လဲ မိနှင့်ဘ မောင်ကစ ဆုံးချေပြီဟု မြည်တမ်းပြီး ဘုရားထံရောက်လာလို့-

**နသန္တိ ပုတ္တာတာဏာယ၊ နပိတာ နာပိ ဗန္ဓဝါ။**

**အန္တကေနာဓိပန္နဿ၊ နတ္ထိ ဉာတီသု တာဏတာ။**

သေမင်းနှိပ်စက် ခံရသူမှာ မိဘဆွေမျိုး အားကိုးအားထားမရလို့ဆိုတဲ့ မြတ်စွာဘုရားရဲ့ ဒေသနာတော်ဓမ္မ၊ ဒေသနာတော် ရေအေးသောက်လိုက်ရမှ ငြိမ်းပြီးသွားတယ်။

http://www.dhammadownload.com



ပဋာစာရီ တေဒဂ်ရ ဘိက္ခုနီမကြီး ဖြစ်သွားတာ။ ငြိမ်းသွားတာဟာ တရားတော်ကြောင့်ပဲ။ ငြိမ်းသွားတယ်။ သောတာပန် တည်သွားတယ်။

သိကြားမင်းကြီး ပြောကြစို့။ သိကြားမင်းကြီးလဲ စုတေတော့မယ်ဆိုတာ သိတဲ့အခါကျတော့ တရားတော်ကို အားထားလိုက်ရတဲ့ အခါကျမှ ငြိမ်းသွားတယ်။

ဒါကြောင့် ချမ်းသာလိုတဲ့ ပုဂ္ဂိုလ်တိုင်းဟာ တရားမြတ်နိုးကြတယ်။ တရားမြတ်နိုးတော့ တရားရှင်ကို ရှာတယ်။ တရားရှင်ကို ရှာတော့ ဘုရားရှင်ကို တွေ့ကြတယ်။

အင်မတန်ချိုမြိန်ကောင်းမွန်တဲ့ သစ်သီးအရသာကို ခံစားပြီး သစ်သီးသီးတဲ့အပင်ကို မြတ်နိုးကြတယ်။ အဲဒီလိုပဲ တရားတော်၏ ဂုဏ်သတ္တိကို စဉ်းစားပြီးတော့ တရားရှင်ဖြစ်တဲ့ မြတ်ဘုရားကိုလဲပဲ မြတ်နိုးကြရတယ်။ အဲဒီတရားကို ထိန်းတဲ့ သံဃာတော်များကိုလဲ မြတ်နိုးကြရတယ်။

တရားကိုထိန်းတဲ့ သံဃာတော်၊ တရားကို အကြောင်းပြုပြီးတော့ သံသရာဝဋ်ဗွေ ကရွတ်ခွေမှ လွတ်မြောက်နိုင်တာကိုး။ တရားတော်ကို ကျင့်သုံးမှု။ ဒါန၊ သီလ၊ ဘာဝနာ ဆိုတဲ့ ကျင့်စဉ်တရားတွေ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာတွေမှာတော့ နှုတ်ကို ကြိုးနေတာပဲ။

"ဒါန သီလ ဘာဝနာ"၊ "သီလ သမာဓိ ပညာ" လူတိုင်း လူတိုင်းလောက်ပဲ ဒီသဘောလေးတွေကို သိနေကြတာ။

အဲဒီ မြတ်နိုးကြတာ ဘာကြောင့်လဲဆိုရင် ချမ်းသာကိုလိုချင်လို့ပါပဲ။ ဘဝခရီးခဲက လွတ်မြောက်တယ်ဆိုရင် ဘဝချမ်းသာပါပဲ။ စိတ်ရဲ့သက်သာမှု ရတယ်ဆိုရင်လဲ ချမ်းသာပါတယ်။ ဒါကြောင့်-

http://www.dhammadownload.com



**မာနေန္တိ ဓမ္မ ကာမာယေ၊ ဓမ္မ မာဂမ္မ ဒေသကံ။**

**ဗုဒ္ဓဉ္စ မတာဒံ သံဃံ၊ ဓမ္မောဇာ မတလိမ္ပိတံ။**

ယေ= အကြင်ပုဂ္ဂိုလ်တို့သည်၊ သုခကာမာ= ချမ်းသာကို အလို ရှိကြကုန်သည်ဖြစ်၍၊ ဓမ္မံ= သုံးပုံပိဋကတ် ငါးရပ်နိကာယ် ကိုးသွယ် အင်္ဂါ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ဟုဆိုအပ်သော များမြောင်လှစွာသော ဒေသနာတော်ကို၊ မာနေန္တိ= မြတ်နိုးကြပေ ကုန်၏။

တေ= ထိုတရားမြတ်နိုးကြကုန်သော သူတို့သည်၊ ဓမ္မမာဂမ္မ= သံသာဝဋ်ဗွေ ကရွတ်ခွေမှ လွတ်စေနိုင်ကြောင်း တရားကောင်းကို အကြောင်းပြုစွဲမှီ၍၊ ဒေသကံ= လေးဆယ်နှင့်ငါး နှစ်ရှည်လျားအောင် ဟောကြားတော်မူတတ်သော၊ အမတဒံ= မြိုက်ရည်ချိုဆိမ့် ပီတိငြိမ့် အောင် ဟောမိန့်သာကြူ ပေးသနားတော်မူတတ်သော၊ ဗုဒ္ဓဉ္စ= ကျေးဇူးကြီးမား တရားသခင် ဘုရားရှင်ကိုလည်းကောင်း၊ ဓမ္မောဇာ မတလိမ္ပိတံ= ကိလေချေးမြူ ဖွေးဖွေးဖြူသည့် မွေးကြူပြန့်ငြိမ်း အမြိုက်ရည်လိမ်းတော်မူအပ်သော၊ သံဃဉ္စ= ရှစ်ယောက်အရိယာ သံဃာတော်အရှင်မြတ်ကိုလည်းကောင်း၊ သံဃဉ္စ= ဤဗုဒ္ဓမြတ်စွာ အဆုံးအမ သာသနာတော်မြတ်ကြီးကို အနှစ် ၂၅၀၀ ကျော်အောင် လက်ဆင့်ကမ်း ပုခုံးပြောင်း၍ သယ်ဆောင်တော်မူလာကြသော ဆရာတော် သံဃာတော် အရှင်မြတ်များကိုလည်းကောင်း၊ မာနေန္တိ= ကျေးဇူးဂုဏ်သိရ် နှလုံးအိမ်၌ တည်ငြိမ်မွေ့အောင် မရွှေ့ပြောင်းပဲ နှစ်ထောင်းအားရ ကြည်ညိုမြတ်နိုးကြရပါကုန်သည် ဘုရား။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဓမ္မအားကိုးစရာ ရပြီ။ ဓမ္မပိုင်ရှင် ဖြစ်တော်မူတဲ့ မြတ်စွာဘုရားကလဲ အားကိုးစရာ ကိုးကွယ်စရာ။

အဲဒီ ဓမ္မတရားကို ထိန်းသိမ်းစောင့်ရှောက်ပြီးတော့နေတဲ့ သံဃာတော် အရှင်မြတ်များလဲ ကိုးကွယ်စရာ အားကိုးစရာဆိုပြီး ဘုန်းကြီးတို့တတွတ်တွတ်နဲ့ -

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ** လို့ ကလေးသူငယ် လူမမယ်လေးကစပြီးတော့ သရဏဂုံ ခိုလှုံပြီး နေခဲ့ကြတယ်။

အဲဒီလို သရဏဂုံ ခိုလှုံပြီးနေတာဟာ အန္တရာယ်ဘေးကင်းဝေးစေကြောင်း ကောင်းမြတ်တဲ့ မဟာရံတံတိုင်းကြီးတွေ၊ စိန်တံတိုင်းကြီးတွေ၊ ရွှေတံတိုင်းကြီးတွေ၊ ငွေတံတိုင်းကြီးတွေ ခတ်ထားသလိုပဲ။ ကဲ လိုက်ဆိုကြ။

**အန္တရာယ်ဥသုံ အလုံးစုံ၊ ဗုဒ္ဓဂုဏ်ကြောင့် ဝေးစေသော်။**

**အန္တရာယ်ဥသုံ အလုံးစုံ၊ ဓမ္မဂုဏ်ကြောင့် အေးစေသော်။**

**အန္တရာယ်ဥသုံ အလုံးစုံ၊ သံဃာ့ဂုဏ်ကြောင့် ပြေးစေသော်။**

မိမိတို့ ကိုးကွယ်အားထားရာဖြစ်တဲ့ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို စိန်တံတိုင်းကြီးတွေသဖွယ်၊ ရွှေတံတိုင်းကြီးတွေသဖွယ်၊ ငွေတံတိုင်းကြီးတွေသဖွယ် ခတ်ထားရင် လုံခြုံတယ်။

အဲဒီတော့ ရှေးကဘုန်းတော်ကြီးကျောင်းတွေမှာ စပြီးတော့ ရှိခိုးရတာ ရှိတယ်။ အခုအသက်ငါးဆယ်ကျော်၊ ခြောက်ဆယ်ပုဂ္ဂိုလ်တွေ များများမှီလိုက်ပါတယ်။

ကျောင်းရောက်စ ရှိခိုးကြရတဲ့ ဘုရားရှိခိုး။

http://www.dhammadownload.com



"ဘုရားရှိခိုးလေး လိုက်ဆိုကြ"

**နမော ဗုဒ္ဓါယ သိဒ္ဓမ်။**

ဗုဒ္ဓါယ= မြတ်စွာဘုရားအား၊ နမော= ရှိခိုးပါ၏။ သိဒ္ဓမ်= ရည်ရွယ်ခဲ့တိုင်း လူ့သမိုင်းတွင် ကြံတိုင်းပြီးမြောက် သိဒ္ဓိပေါက်ပါစေသတည်း။

**နမော ဓမ္မာယ သိဒ္ဓမ်။**

ဓမ္မာယ= မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် အမြတ်ဆယ်ဖေါ် တရားတော်အား၊ နမော= ရှိခိုးပါ၏။ သိဒ္ဓမ်= ပြီးစီးအောင်မြင်ပါစေသတည်း။

**နမော သံဃာယ သိရသာ သိဒ္ဓမ်။**

သံဃာယ= မဂ္ဂဋ္ဌာန်လေးယောက် ဖလဋ္ဌာန်လေးယောက် ရှစ်ယောက်အရိယာ သံဃာတော်အရှင်မြတ်များနှင့်တကွ ဤဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးကို အစဉ်စောင့်ရှောက်ချီးမြှောက် ထိန်းသိမ်း၍ တပည့်တော်တို့နှင့် ဤသာသနာတော်မြတ်ကြီး ရင်ဆိုင်တွေ့ကြုံမျက်နှာချင်းဆိုင် ဆုံဆည်းရန် ဘုရားစကားတော်ကို သင်ဟောပို့ချ ကျင့်ကြံကြိုးကုတ် အားထုတ်ရေးသား နည်းပေးလမ်းပြလျှက် လက်ဆင့်ကမ်း ပုခုံးပြောင်း လျှက် သယ်ဆောင်လာကြသော သံဃာတော် အရှင်မြတ်များအား၊ သိရသာ= ဦးခေါင်းဖြင့်၊ နမော= ရှိခိုးပါ၏။ သိဒ္ဓမ်= ပြီးစီးအောင်မြင်ပါစေသတည်း။

သာဓု - သာဓု - သာဓု

သတိထားကြရဲ့လား။ ဒီဘုရားရှိခိုးလေးက ရှေးကသာသနာဟာ အိန္ဒိယက သီဟိုဠ်၊ သီဟိုဠ်က သံတွဲ၊ သံတွဲက သထုံ၊ သထုံက ပုဂံ၊ ပုဂံက အင်းဝ၊ အင်းဝက ပဲခူး စသည် ခရီးဆက်လာတာ။

http://www.dhammadownload.com



"သီ၊ သံ၊ သ၊ ပု၊ အင်း၊ ဥ၊ မ၊ မြေ၊ သက်ရှည်၊ မန္တ၊ ကောင်းကောင်းင" ဆိုတဲ့ စကားစဉ်အတိုင်း မြန်မာပြည်သာသနာတော်မြတ်ကြီးဟာက တဖြည်းဖြည်းနဲ့ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ကျော်က ပေါ်ပေါက်ခဲ့တဲ့ အိန္ဒိယနိုင်ငံ ပွင့်ပေါ်ခဲ့တဲ့ သာသနာတော်၊ ဓမ္မတွေတဖြည်းဖြည်း ပြောင်းရွှေ့လာလိုက်တာ၊ ဘုရားပရိနိဗ္ဗာန် စံပြီးတာနဲ့တွက်မယ်ဆိုရင် အခု နှစ်ပေါင်း ၂၅၄၄ နှစ် ၊ ပွင့်တော်မူတာနဲ့တွက်မယ်ဆိုရင် ၂၅၈၉ နှစ်ရှိပြီ။

သာသနာကွယ်သွားရင် ကြောက်စရာကောင်းတယ်။ သာသနာကွယ်ရင် ပရိယတ္တိခေါ်တဲ့ ဘုရားစကားတော်တွေ ပထမဆုံးကွယ်သွားမယ်။ ဘုရားစကားတော် ကွယ်သွားရင် သီလစတဲ့ကျင့်စဉ်တွေ ကွယ်တယ်။

ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ လွယ်လွယ်လေးနဲ့ သာသနာတည်ရှိခဲ့တာ မဟုတ်ဘူး။ မြတ်စွာဘုရား ပွင့်ပေါ်ကာစကပင်ဆံတော်ဓာတ် (၈)ဆူ ရခဲ့ကြပြီ။

မြတ်စွာဘုရား (၈)ဝါရောက်တဲ့အခါ သထုံပြည်ကို ကြွရောက်ချီးမြှောက်တော်မူခဲ့တယ်။ ဝါတော် (၂၀)ကျတော့လဲ ကြွတော်မူခဲ့တယ်။ သို့သော်လဲ ပရိယတ္တိ စာပေနှင့်တကွ သင်လို့ ပို့ချလို့တော့မှတ်တမ်းမတွေ့ရဘူး။

ဆံတော် ချီးမြှောက်ခဲ့တယ်။ နောင်ရေးတွေးမြော်တော်မူပြီးချီးမြှောက်ခဲ့တဲ့သဘောပဲ။ သက်ဆိုင်ရာပုဂ္ဂိုလ်အား တရားဟောပြီးစက်တော်ရာ (၂)ဆူ ချီးမြှောက်တော်မူပြန်တယ်။

အဲဒီအချိန်က နိကာယ်ငါးရပ် ပိဋကတ်သုံးပုံတို့ကို သင်ယူပို့ချတဲ့အဆင့် လက်ခံဆောင်ရွက်တဲ့အဆင့်ထိ ရောက်ခဲ့သေးဟန်

http://www.dhammadownload.com



မတူဘူး။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း (၂၃၆)နှစ် ရောက်တဲ့ အခါကျမှ အရှင်သောဏနဲ့ အရှင်ဥတ္တရ သထုံကြွလာတဲ့ အချိန်ကစပြီး မြန်မာနိုင်ငံသူ နိုင်ငံသားတွေ ရဟန်းဝတ်ကြပြီး ပိဋကတ်စာပေ သင်အံပို့ချတဲ့အခါကျမှ မြန်မာနိုင်ငံသာသနာ ပြည့်ပြည့်စုံစုံ ပွင့်လင်း စည်ပင်လာတယ်။

ပုဂံသာသနာနဲ့ သထုံသာသနာနှစ်က အတော်လေး ကွာခြားပါတယ်။ သာသနာတော်ခေါ်တဲ့ မြတ်စွာဘုရားရဲ့ အဆုံးအမ ပရိယတ်တရားတော် လွယ်လွယ်လေးနဲ့ ရောက်လာတာမဟုတ်ပါဘူး။ အဲဒီ ပရိယတ္တိသာသနာတော် လမ်းညွှန်လာတဲ့ကျင့်စဉ် ပဋိပတ္တိ သာသနာတော်၊ အကျိုးတရားဖြစ်တဲ့ ပဋိဝေဓသာသနာတော်။ ဒီသာသနာတော်(၃)ရပ်ထဲမှာ အခြေခံမူလက ပရိယတ္တိသာသနာတော်။

စောစောကပြောတဲ့ ဘုရားရှိခိုး (၃)ပုဒ်ထဲမှာ ဘုရားရှင်အား ရှိခိုးပါ၏၊ ပြီးစီးအောင်မြင်ပါစေသတည်း။ တရားတော်အား ရှိခိုးပါ၏၊ ပြီးစီးအောင်မြင်ပါစေသတည်း။ သံဃာတော်အား ဦးခေါင်းဖြင့် ရှိခိုး ပါ၏၊ ပြီးစီးအောင်မြင်ပါစေသတည်း။

သံဃာတော်ကို ရှိခိုးတဲ့အခါမှာ "ဦးခေါင်းဖြင့်" ဆိုတဲ့ စကား ပိုလာတယ်။ အဲဒါ အခုမှ ကြံဖန်ပြီးတော့ ရှိခိုးတာမဟုတ်ပါဘူး။

အဋ္ဌကထာကျမ်းများကို ပြုစုရေးသားတော်မူတဲ့ အရှင်မဟာ ဗုဒ္ဓဃောသမဟာထေရ် အရှင်မြတ်က ကျမ်းဦးပဏာမမှာ -

- မြတ်စွာဘုရားအား ရှိခိုးပါ၏။
- တရားတော်အား ရှိခိုးပါ၏။
- သံဃာတော်အား ဦးခေါင်းဖြင့် ရှိခိုးပါ၏။

http://www.dhammadownload.com



စကားလေးက သံဃာရှိခိုးတဲ့အခါကျမှ ဦးခေါင်းဖြင့်ရှိခိုးတယ်။ မဆန်းဘူးလား။ ဘာကြောင့် သံဃာတော်အား ရှိခိုးတဲ့အခါကျမှ အရှင်မြတ်ကြီး "ဦးခေါင်းဖြင့် ရှိခိုးပါ၏"လို့ ဆိုသလဲ မေးစရာရှိတယ်။

**ထိန်းသိမ်းစောင့်ရှောက်**

လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၄၄ နှစ်က မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသွားတော့ ဟောကြားတော်မူခဲ့တဲ့ ပိဋကတ်တော် တရားတော်တွေကလဲ တစ်ခါထဲပါသွားသလိုပဲ။ ထိန်းသိမ်းမယ့်ပုဂ္ဂိုလ်တွေမရှိရင် ပျောက်သွားနိုင်တယ်။

ခုချိန်မှာ နှစ်ပေါင်း ၂၅၀၀ ကျော်ခဲ့ပြီ။ (၁၀၀) သက်တမ်းရှိတဲ့ လူ့ဘဝနဲ့ပြောမယ်ဆိုရင် (၂၅)ဘဝစာလောက် ရှိနေပြီ။ သက်တမ်း (၇၀)၊ (၈၀)နဲ့ တွက်မယ်ဆိုရင် လူ့ဘဝချည်းထဲ ဆက်တိုက်ဖြစ်ခဲ့ရင် (၃၅)ဘဝလောက် ရှိပြီ။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး သုံးလနဲ့ငါးရက်ကစပြီး ရှင်မဟာကဿပ အစရှိတဲ့ မထေရ်မြတ်ကြီးတွေ ထိန်းသိမ်းပြီးလာခဲ့တာ ဆရာအစဉ်အဆက်ပေါင်း (၃၅)ဆက်လောက် အနည်းဆုံးထားပြီး ထိန်းသိမ်းခဲ့ရတာ။

သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့ရဲ့ လုပ်ငန်းကြီး (၂)ရပ်။ ရှင်မဟာကဿပ မထေရ်မြတ်ကြီးက စပြီးတော့ ရဟန်းတော် သံဃာတော်တွေ ထိန်းသိမ်းလာခဲ့တဲ့ လုပ်ငန်းကြီးက (၂)မျိုး။

မြတ်စွာဘုရားရဲ့ တရားတော်တွေ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရတဲ့ လုပ်ငန်းကြီးက (၁)မျိုး။

ပိဋကတ်သုံးပုံ၊ အုပ်ရေ (၄၀)။

http://www.dhammadownload.com



ဆရာတော် သံဃာတော်တွေ ထိန်းသိမ်းလာခဲ့တာ စာအုပ်ရေ (၄၀)။

"လိုက်ဆိုကြ"

**နှုတ်ငုံဆောင်သည် ရင်နို့ရည် မည်မျှနှစ်ပေါင်း ကြာသနည်း။**

**နှုတ်နဲ့ဆောင်တာ နှစ်ပေါင်း ၄၅၀ ကြာပါတယ်။**

အဲဒီဆရာတော်ကြီးတွေ ထိန်းသိမ်းခဲ့လို့ ဗုဒ္ဓဆိုတဲ့ အသံ မပျောက်တာ။ ဓမ္မဆိုတဲ့ အသံ၊ သံဃဆိုတဲ့ အသံ၊ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတွေ မပျောက်ပဲ တည်ရှိနေတာ။

သံဃာတော်တွေ အထိန်းအသိမ်းကောင်းလို့ပေါ့။ ဒီတရား တော်တွေ ထိန်းရုံတင်မဟုတ်ဘူး။

ကောင်းမွန်တဲ့အကျင့်၊ ဖြောင့်မှန်တဲ့အကျင့်၊ လျော်ကန်တဲ့ အကျင့်၊ သင့်မြတ်တဲ့အကျင့် မရှိပဲနဲ့ ရဟန်းလို့ခေါ်နိုင်ပါ့မလား။ ကောင်းမွန်ဖြောင့်မှန် လျော်ကန်သင့်မြတ်တဲ့ အကျင့်မရှိပဲနဲ့ ရှိခိုးမခံနိုင်ဘူး။

ဘုန်းကြီးတို့ရှေ့က ကြွသွားတော်မူကြတဲ့ ရှင်မဟာကဿပ အစရှိတဲ့ မထေရ်မြတ်ကြီးတွေသည် ဖြောင့်မတ်တဲ့ သီလသမာဓိ ပညာဂုဏ်နဲ့ ပြည့်စုံတော်မူကြပါပေတယ်။ အဲဒီအကျင့်တွေ ကျင့်ကြံ ကြိုးကုတ်အားထုတ်ရတာလဲ မလွယ်ပါဘူး။

ဩော် အခုအချိန်အခါမှာပဲ အချို့ဆရာတော်ကြီးတွေ တောစခန်း တောင်စခန်းတွေမှာ တစ်ပါးထဲနေပြီး ကျင့်ကြံကြိုးကုတ် အားထုတ်ပြီးတော့ တစ်နပ်စာဆွမ်းလေး ဘုဉ်းပေး၊ တောထဲမှာ သက်န်းသုံးထည်ဝတ်၊ အဲဒီလို မထေရ်မြတ်ကြီးတွေဟာ အခုချိန်ထိ အောင် မြန်မာနိုင်ငံမှာ ရှိနေကြတယ်။

http://www.dhammadownload.com



ဘုန်းကြီးတို့ သာမဏေဥပဇ္ဈာယ်ဆရာတော်ကြီး ရှေးအခါ တုန်းက ဝါတွင်းဆိုရင် တစ်ထပ်ထဲဘုဉ်းပေးတော့တာ။ တစ်ထိုင်ထဲ၊ တစ်ထပ်ထဲ၊ သပိတ်တစ်လုံးထဲ ဧကာသနိက် ပတ္တပိဏ်ဍ် ခေါ်တာပေါ့။

အဲဒီလို စူတင်အကျင့်တွေ ကျင့်ကြံကြီးကုတ် အားထုတ်တော် မူကြတယ်၊ အားထုတ်ခဲ့ကြတယ်။

အဲဒီတော့ မြတ်စွာဘုရားစကားတော်ကို တပည့်သား သာဝက၊ သာဝကဆိုတာ ဘာလဲဆိုတော့ နားထောင်တတ်တဲ့ ပုဂ္ဂိုလ်၊ နာကြားတတ်တဲ့ ပုဂ္ဂိုလ်တွေကို သာဝက၊

မြတ်စွာဘုရား တရားဟောခဲ့ပါတယ်။ သာဝက တပည့်သား သာဝကတွေက မနာဘူး။ နားမထောင်ဘူးဆိုရင် ဒီသာသနာ ကြာရှည်စွာ မတည်နိုင်ဘူး။

နားထောင်တဲ့ အဂ္ဂသာဝကအမြတ်ဆုံး နားထောင်တဲ့ ပုဂ္ဂိုလ် တွေ၊ မဟာသာဝက အကြီးအကျယ်နားထောင်တဲ့ ပုဂ္ဂိုလ်တွေ၊ ပကတိ သာဝက နားထောင်တော်မူကြတဲ့ တပည့်သား သာဝကတွေ၊ နားထောင်ရုံတင်မကဘူး။ မြတ်စွာဘုရား စကားတော်တွေလဲ ထိန်းတယ်။ အဲလိုနည်းနဲ့ ထိန်းသိမ်းပြီးလာခဲ့တာ။

ပထမ နှုတ်နဲ့ထိန်းလာတာ (၄၅၀)နှစ်၊ ပေရွက်နဲ့ ထိန်းခဲ့တာ (၁၉၆၀)နှစ်ခန့် ကျောက်စာတွေ မပေါ်သေးဘူး။ စာအုပ်တွေ မပေါ်သေးဘူး။ ပေစာလေးတွေနဲ့ ထိန်းပြီးတော့လာခဲ့တာ။ ပေစာ ရေးဖို့ မလွယ်ဘူး။

ထိန်းသိမ်းဖို့လဲ ခက်တယ်။ ရေးဖို့လဲ ခက်တယ်။ စက်နဲ့ မဟုတ်ဘူး။ လက်ကလေးနဲ့ ရေးရှာကြတယ်။ ဘယ်လောက် ထိန်းသိမ်း ခဲ့ရလဲ။

http://www.dhammadownload.com



မေ့စကြာဒေသနာတော်ကို ဟောဒီယောဂီတွေ တွေ့ရပါတယ်။ ရွတ်ဖတ်နေကြရတယ်။ အင်မတန်ရှေးကျတဲ့တရား နှစ်ပေါင်း ၂၅၅၀ ကျော်ပြီ။

ဒီတရားတော်တွေဟာ မိမိတို့နှလုံးသားထဲ၊ ခံတွင်းထဲ "ဒွေမေ ဘိက္ခဝေ အန္တာ" အစဖြာတဲ့ တရားတော်တွေကို ထည့်ခွင့်ရကြတယ်။ နားနဲ့လဲ ကြားခွင့်ရကြတယ်။ ကံကောင်းတဲ့ နားပိုင်ရှင်တွေပေါ့။ ကံကောင်းတဲ့ ခံတွင်းပိုင်ရှင်တွေ။

ဒါဘာကြောင့်လဲ သံဃာတော်တွေရဲ့ကျေးဇူး၊ သံဃာတော်တွေရဲ့ ကျေးဇူးဟာ အလွန်များတယ်။ ပေစာလေးနဲ့ ထိန်းလာတာ နော်။ ပေစာလေးနဲ့။ လွန်ခဲ့တဲ့ ၁၃၈ နှစ်လောက်မှစပြီးတော့ ကျောက်စာ ပေါ်လာတယ်။ ပဉ္စမသံဂါယနာတင်တုန်းက ကျောက်စာ၊ စာအုပ်တွေ ပေါ်လာတယ်။

မြန်မာနိုင်ငံတော့ မြတ်စွာဘုရား တရားတွေကို ကျောက်စာ ရေးထိုးပြီး ပူဇော်တာ။ မန္တလေးတောင်ခြေ ရောက်တဲ့အခါ မြန်မာ့ ကျောက်စာများကို အလေးဂရုပြုအပ်ပါတယ်။ ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးလို့လဲ ခေါ်ရတယ်။

အဲဒီတော့ ဘုရားတရားတော်တွေ ကျောက်စာနဲ့ ထိန်းသိမ်း ထားတာ မြန်မာနိုင်ငံမှာပဲ ရှိပါတယ်။ ကမ္ဘာမှာမရှိဘူး။ နောင်လဲ ရှိမှာမဟုတ်ဘူး။ စာအုပ်ကတော့ ရှိနိုင်ပါတယ်။

မြတ်စွာဘုရား တရားတွေကို ဆဋ္ဌသံဂါယနာမှာ စာအုပ်နဲ့ ထိန်းသိမ်းခဲ့တယ်။ ကျောက်စာကို ဦးခေါင်းရွက်ပြီး ဆဋ္ဌသင်္ဂါယနာ တင်ခဲ့ကြရတယ်။ ကျောက်စာကို အလေးပြုဆောင်ရွက်ခဲ့ကြတယ်။ အခုတော့ "စီဒီ"တွေနဲ့ ထိန်းသိမ်းလာခဲ့ကြတယ်။ အဲဒီအဆင့်ကို

http://www.dhammadownload.com



ရောက်တော့ မြတ်ဗုဒ္ဓရဲ့ တရားတော်တွေဟာ တော်တော်နဲ့ မပျောက်တော့ဘူး။ အားရစရာ ကောင်းလိုက်တာ။

အဲဒီလို ဆရာတော် သံဃာတော်တွေက ရှေ့ကလုပ်ငန်းကြီး (၂)ရပ်ကို ဆောင်ရွက်ခဲ့ကြတယ်။ ကဆုန်လပြည့်နေ့ ဘုရားပရိနိဗ္ဗာန်စံတော်မူပြီးနောက် ဝါခေါင်လပြည့်နေ့မှ စတင်၍ မြတ်စွာဘုရားရဲ့ တရားတော် ထိန်းသိမ်းရတဲ့ တာဝန်ကြီးက သာမန်မဟုတ်ဘူးနော်။

ဩော် ငယ်စဉ်တောင်ကျေး ကလေးဘဝထဲက စာပေသင်ကြား ကြိုးစားကြရတာ၊ ရှင်သာမဏေဘဝ နှစ်ပေါင်းများစွာ၊ ရဟန်းဘဝ နှစ်ပေါင်းများစွာ၊ (၁၅)နှစ်, အနှစ် (၂၀) ကြိုးစားပါမှ ထိုက်တန်သလောက်လေး သိရှိနားလည်တဲ့အဆင့် ရောက်ပါတယ်။

မြန်မာနိုင်ငံမှာ သံဃာတော်အရှင်မြတ်တွေ စိတ်ထဲက အာရုံပြုပြီးတော့ (၄)သိန်းကျော်၊ (၅)သိန်းလောက် ရှိပါတယ်။ စာချဆရာတော်တွေကလဲ (၅၀၀၀)လောက် ရှိတယ်။ စာသင်နေကြတဲ့ ပုဂ္ဂိုလ်တွေကလဲ သုံးသိန်းကျော်လောက် ရှိတယ်။ တရားဓမ္မပြသနေကြတဲ့ ပုဂ္ဂိုလ်တွေ တရားအားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေကလဲ မြောက်မြားစွာရှိတယ်။

အဲဒီတော့ ဘုန်းကြီးတို့ သာသနာ တင့်တင့်တယ်တယ် ရှိနေပါတယ်။ ပြည့်ပြည့်စုံစုံ တည်နေပါတယ်။ အဲဒီ သာသနာ့ဝန်ထမ်းရှင်ရဟန်းတို့က နိကာယ်ငါးရပ် ပိဋကတ်တရားတော် သင်ယူပို့ချပြီးတော့ ထမ်းဆောင်ရတဲ့ တာဝန်ကြီးဟာ အင်မတန်ကြီးလေးလှတဲ့အတွက် မြတ်စွာဘုရားက ဆွမ်းလဲအလွယ်တကူရအောင်၊ သင်္ကန်းအလွယ်တကူရအောင်၊ ကျောင်း, ဆေးပစ္စည်း လေးပါးကို ခွင့်ပြုတော်မူတယ်။

http://www.dhammadownload.com



ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးမရှိရင် တာဝန်ကြီး (၂)ရပ်ကို မထမ်းဆောင်နိုင်ကြပါဘူး။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးကို ဒကာ ဒကာမတွေက တာဝန်ယူကြတယ်။

ဘယ်သူကမှ ထောက်ပံ့ဖို့ ရိုက်ပြီးခိုင်းရတာလဲ မရှိဘူးနော်။ သီတာလူငယ် ဆွမ်းလောင်းအသင်းက နှစ်ပေါင်း (၄၀)ကျော်၊ သံဃာတော် အရှင်မြတ်တွေအား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး နဝကမ္မအလှူတော် ငွေ။

အဲဒီအထဲမှာ သင်္ကန်းတစ်စုံ လှူထားရင် (၆)လလောက် ဝတ်ကြရတယ်။ ကျောင်းတစ်ခါဆောက်ထားရင် နှစ်ပေါင်းနှစ်ဆယ် အစိတ် နေလို့ရတယ်။ ဆေးဆိုတာလဲ မကျန်းမာမှ၊ ဆွမ်းကျတော့ မြတ်စွာဘုရားက သံဝေဂဝတ္ထု (၈)မျိုးထဲမှာ သီးခြားအာဟာရ ပရိယေသန ဒုက္ခ အစာအာဟာရကို ရှာမှီးရတဲ့ ဒုက္ခကို သီးခြားထားပြီး တော့ ဟောကြားတော်မူခဲ့ပါတယ်။

ဘုန်းကြီးတို့ ဆိုကြတယ်မဟုတ်လား။ "သမုဒ္ဒရာ ဝမ်းတစ်ထွာ"တဲ့။ စားဝတ်နေရေးလို့သာ ဆိုရတာ၊ စားရေးက နေ့စဉ်ကိုး။ နေ့စဉ်ဆိုတော့ စားရေးက ကြီးကျယ်တယ်။

အဲဒီတော့ ဘုန်းကြီးတို့ ပြောချင်တာက "ဆွမ်းခံရတဲ့နေရာဟာ သာသနာပြုလို့ ရတာပဲ။ ဆွမ်းခံလို့ရတဲ့နေရာ ဆွမ်းလောင်းလို့ရတဲ့ နေရာဟာ သာသနပြုလို့ ရတာပဲ"။

အခု အိန္ဒိယနိုင်ငံသွားပြီး သာသနာပြုမယ်။ စာသင်တိုက် တည်ထောင်၊ စာချမယ်ဆိုရင် ဖွင့်မယ်ဆိုရင် လွယ်လွယ်နဲ့ဖွင့်လို့ မရဘူး။ ဘာကြောင့်လဲ ဆွမ်းခံမရ၊ ဆွမ်းမလောင်းလို့ပါပဲ။

http://www.dhammadownload.com



မန္တလေး သာသနာတော်မြတ်ကြီး ကြည့်မယ်ဆိုရင် မန္တလေးမှာ သံဃာတော်ပေါင်း သုံးသောင်းလောက် ရှိတာ။ ဘယ်ကိုယ်တော်မှ ဆွမ်းငတ်တယ်ဆိုတာ မရှိဘူး။ သူ့အချိန်ကျရင် ဆွမ်းဘုဉ်းပေးရတာ ချည်းပါပဲ။

အဲဒီလိုနဲ့ ရပ်တည်ပြီးတော့နေတာ။ ဆွမ်းဟာ အရေးကြီးတယ်။ ဆွမ်းလောင်းလှူတဲ့ ပုဂ္ဂိုလ်များရဲ့ သာသနာပြုကုသိုလ်ဟာ ကြီးကျယ်တယ်။

ဆွမ်းခံရတဲ့နေရာ၊ ဆွမ်းလောင်းတဲ့နေရာဟာ သာသနာပြုရာမှာ အင်မတန်အရေးပါတယ်။

ဘုန်းကြီးတို့ ပခုက္ကူကျောင်းတိုက်ကြီးတို့ နှစ်တစ်ရာပြည့်ပါတော့မယ်။ သံဃာတော် တစ်ထောင်ကျော် သီတင်းသုံးခဲ့တဲ့နေရာကြီး၊ အခုချိန်မှာလဲ ၆၀၀၊ ၇၀၀ ရှိတယ်။

ဘုရားရှင်ရဲ့ ပိဋကတ်သုံးပုံ တရားတော်တွေကို တောက်လျှောက်တဲ့ဒိုး ပို့ချပြီးတော့နေတဲ့ ပခုက္ကူအလယ်တိုက်ကြီး။ အခုဘုန်းကြီးတို့ စာသင်တိုက်မှာ သင်နေရတာကတော့ အခြေခံတွေအဓိကထား သင်ပေးပါတယ်။ ပခုက္ကူအလယ်တိုက်ကြီးကတော့ မြတ်စွာဘုရား ဟောတော်မူတဲ့ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်တွေကို တောက်လျှောက်တဲ့ဒိုး သင်ပေးနေတဲ့ ကျောင်းတိုက်ကြီး။

ပထမက ရေစကြိုမြို့မှာ ရေစကြိုဆရာတော်ဘုရားကြီးက ပိဋကတ်သုံးပုံ နိကာယ်ငါးရပ် တရားတော်တွေကို ပို့ချခဲ့တယ်။ နောက်တော့ ရေစကြိုမြို့က လူအင်အားနည်းတယ်။ ဆွမ်းများများ မလောင်းနိုင်ဘူး။ နေရာရွှေ့မှပဲဆိုပြီး ပခုက္ကူရွှေ့တာ၊ အခု အနှစ် (၁၀၀)ပြည့်တော့မှာ ပါပဲ။ ၂၀၀၃ ခုနှစ်ဆိုရင် နှစ်တစ်ရာပြည့်ပြီ။

http://www.dhammadownload.com



အဲဒီလို ပို့ချပြီးတော့နေတဲ့ ကျောင်းတိုက်ကြီးတွေလဲ ရှိကြတယ်။ စောစောကပြောသလို စာအုပ်တွေရှိတယ်။ ကျောက်စာတွေရှိတယ်ဆိုပြီးတော့ အဲဒီ စာအုပ်၊ ကျောက်စာတွေကို ဘီဒိုထဲထည့် ရှိခိုးနေရုံနဲ့ သာသနာတည်တန့်မယ်လို့ မပြောနိုင်ဘူး။ အဲဒီလိုယူဆရင် ရှမ်းဘုန်းကြီးကမ္ဗဝါ ဖတ်သလို ဖြစ်သွားမှာပေါ့။

ရှမ်းဘုန်းကြီး ကမ္ဗဝါဖတ်တာ ဘယ်နှယ့်ဖတ်သလဲဆိုတော့ ကမ္ဗဝါကိုင်ပြီး "ဒီထဲကအတိုင်း ဒီထဲကအတိုင်း"လို့ ဖတ်တယ်တဲ့။

အားလုံး ဒကာ ဒကာမတွေကို ပိဋကတ်စာအုပ်ကြီး ကိုင်ပြီးတော့ ဒီအထဲကအတိုင်း၊ ဒီထဲကအတိုင်းဆိုရင် ဟောရင် ဘယ်နားလည်မလဲ၊ မလွယ်ဘူး။

ရှိခိုးကိုးကွယ်လို့တော့ ရပါတယ်။ ပိဋကတ်စာအုပ်တွေကို အိမ်မှာထားပြီး ကိုးကွယ်လို့တော့ ရပါတယ်။ သို့သော်လဲ သင်ယူပို့ချပြီးတော့ နေမှ မြတ်စွာဘုရားက အဲဒီတာဝန်ကို ဂန္ထဓုရတာဝန်တဲ့။

အဲဒီတာဝန်နဲ့တကွ ကောင်းမွန်ဖြောင့်မှန် သင့်မြတ်လျော်ကန်တဲ့ အကျင့်မြတ် ကျင့်နိုင်ဖို့ရာ သာသနာ့တာဝန်ကို ထမ်းဆောင်နိုင်ဖို့ရာ ပစ္စည်းလေးပါးက အရေးကြီးတယ်။ နိဿယ- မှီရာကြီးလေးပါးလို့ ခေါ်တယ်။

သံဃာတော် အရှင်မြတ်များအား ဦးခေါင်းဖြင့် ရှိခိုးပါ၏။ ဘာကြောင့်၊ ဘုရားပရိနိဗ္ဗာန် စံသွားတဲ့အခါ "ဘုရားကို ဘုရား"လို့ ပြောဖော်မရဘူးလား။

http://www.dhammadownload.com



ဦးနော-ဇရပ်

ဟောဒါက ဘုရား၊ ဟောဒါက တရားလို့ သံဃာတော်များက ဦးဆောင်ပြီးတော့ ပြောခဲ့တယ်။ ရှေးအခါတုန်းက ဘုန်းကြီးတို့ အဖိုး အဖွား အမိအဖတို့ရဲ့ စွမ်းအားတွေကလဲ အင်မတန် ကြီးမားတယ်။

ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး အင်္ဂလိပ်အစိုးရ လက်အောက်ရောက်တဲ့အခါမှာ နှစ်ပေါင်း (၁၀၀)ကျော် အုပ်ချုပ် သွားတာပဲ။ သူက အုပ်ချုပ်ရုံတင် မဟုတ်ဘူး။ သူ့ဘာသာထဲကိုပါ ရိုက်သွင်းခဲ့တယ်။ သတိပြုနော်။

စောစောတုန်းက မြန်မာနိုင်ငံက ဗုဒ္ဓဘာသာ၊ တစ်ချို့ နတ်ကိုးကွယ်တဲ့ ပုဂ္ဂိုလ်တွေရှိတယ်။ အင်္ဂလိပ်အစိုးရ တက်လာတော့ သူက အုပ်ချုပ်ရေးနဲ့တကွ ဘာသာပါ ပါပြီးလာတော့ ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ ပထမဦးဆုံး သူတို့ရဲ့ဘာသာကို ယူတဲ့ပုဂ္ဂိုလ် ဂုဏ်ပြုထား၊ ကျုံးကြီးလမ်းမှာ "ဦးနော" အောက်မေ့ဖွယ်ရာ ရှိတယ်။ ခရစ်ယာန်ဘာသာ ရောက်လာတာ သိပ်မကြာသေးတာကို ပြောချင် တာပါ။ ခုနှစ်သွားကြည့်ပါလား။

သို့သော်လဲပဲ အုပ်ချုပ်တဲ့ပုဂ္ဂိုလ်တွေက အမိကကိုး။ အမိက ပေမယ့် နှစ်ပေါင်း (၁၀၀) အုပ်ချုပ်သွားတာ မြတ်စွာဘုရား သာသနာ မပျောက်တာဟာ သူ့ကျွန်ဘဝ ရှေးလူကြီးသူမတို့ရဲ့ အားပေးမှု၊ ခေါင်းဆောင်ဖြစ်တဲ့ ဆရာတော်တို့ရဲ့ ထိန်းသိမ်းမှုဟာ ဘယ်လောက် စွမ်းအားကြီးကျယ်သလဲဆိုတာ စဉ်းစားကြည့်ကြနော်။ သာမန် မဟုတ်ဘူးနော်။ ပျောက်သွားရင် မလွယ်ဘူးနော်။

ပတ္တမြားငမောက် ပျောက်သွားတာ အခုရှာလို့ရပါအုံးမလား။ ဟိုနားလိုလို ဒီနားလိုလို ဒီလိုနဲ့ ပြီးသွားတာကိုး။

http://www.dhammadownload.com



ဒါကြောင့်မို့ ဓမ္မသောဏ္ဍမင်းကြီး ကဿပမြတ်စွာဘုရား ဘုရား သာသနာကွယ်ပြီးတဲ့နောက်မှာ ပေါ်လာတယ်။ ဗာရာဏသီမှာ စိုးအုပ် ပြီးနေတဲ့အခါ တစ်နေ့ကျတော့ ဓမ္မသောဏ္ဍမင်းကြီးက တရားယစ်မူးတာ တရားနာချင်တာ။

နာချင်တော့ အသပြာထောင်ထုပ်ကို ဆင်ပေါ်တင်ပြီးတော့ တိုင်းခန်းပြည်ရွာ လှည့်လည်တယ်။ ဂါထာလေး တစ်ဂါထာမျှ ဟောကြားနိုင်တဲ့ ပုဂ္ဂိုလ်ကို အသပြာထောင်ထုပ်ပေးမယ်လို့ စည်လည် တာ။ တစ်ဂါထာမျှ ဟောကြားနိုင်သူ မရှိတဲ့အတွက် အဲဒီအသပြာ ထောင်ထုပ်ကို ဘဏ္ဍာတိုက် ပြန်သွင်းရတယ်။

အဲဒီလို အခါကြီးများ တွေ့မယ်ဆိုရင် ဘုန်းကြီးတို့ ဒကာကြီး တို့၊ ဒကာမကြီးတို့က စေတနာတွေ ဘယ်လောက်ရှိရှိ "တရားနာချင် လိုက်တာ" ထမင်းဆာသလိုပဲ ဆိုပြီးတော့ အရှေ့မိုးကုတ်ကုတ်၊ အနောက်မိုးကုတ်ကုတ် ထမင်းထုပ်နဲ့လှည့်ရှာလဲ သာသနာကွယ်သွား ပြီဟေ့ဆိုတဲ့ အခါမျိုးမှာ နာကြားခွင့် မရတော့ဘူး။ နာကြားခွင့်မရရင် ကျင့်ကြံ အားထုတ်ဖို့လဲ မရပါဘူး။

သူတော်ကောင်းတရား ကျင့်ကြံကြိုးကုတ် အားထုတ်တယ် ဆိုတာ နာကြားခြင်းနဲ့ ဆက်စပ်ပါတယ်။ အသိဉာဏ်မှန်သမျှ နာကြား ရတာက စရပါတယ်။ လူရယ်လို့တော့ ဖြစ်လာပါရဲ့၊ အကယ်၍များ နားလုံးဝမကြားတဲ့ လူဖြစ်ရင် မခက်ပေဘူးလား။

ခက်တယ်၊ အင်မတန်ခက်တယ်။ ကမ္ဘာမှာ လူဦးရေသန်း ပေါင်း ၆၅၀၀ ကျော်ရှိတာ။ ဗုဒ္ဓဘာသာက သန်းပေါင်းနည်းနည်းပါးပါး ပဲရှိပါတယ်။ သန်းပေါင်း ၄၅၀၊ ၅၀၀ လောက်ပဲ ရှိပါတယ်။

http://www.dhammadownload.com



အဲဒီ ၄၅၀၊ ၅၀၀ လောက် စာရင်းမဝင်ပဲနဲ့ ဟိုသန်းပေါင်း ၅၀၀၀ ကျော်စာရင်းထဲ ဝင်ရင် ဘယ်လောက်ကြောက်စရာကောင်း မလဲလို့ စဉ်းစားကြည့်ပါ။

## (၃၁)ဘုံ

ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဆိုတော့ ငရဲရှိတယ်။ မကြောက်ဘူး လား။ တိရစ္ဆာန် ရှိတယ်။ ပြိတ္တာ ရှိတယ်။ အသူရကာယ် ရှိတယ်။ အပါယ်လေးဘုံ ရောက်ရမှာ ကြောက်တယ်။

ကြောက်တဲ့အခါ မကောင်းမှုအကုသိုလ်တွေ မပြုလုပ်ပဲ ရှောင်တယ်။ ကောင်းမှုကုသိုလ်တွေ ပြုဖြစ်ကြတယ်။ မြတ်စွာဘုရားက လောကဝိဒူဆိုတဲ့ ဂုဏ်တော်နဲ့ပြည့်စုံနေတဲ့အတွက် (၃၁)ဘုံ ဟောထား နိုင်ခဲ့တယ်။

လောကမှာ လူတွေဘယ်လောက်စွမ်းစွမ်း၊ သိပ္ပံပညာရှင်တွေ ဘယ်လောက်သိသိ၊ (၃၁)ဘုံထဲက ဘယ်နှစ်ဘုံသိသလဲ မေးကြည့်။

လူ့ဘုံနဲ့ တိရစ္ဆာန်ဘုံ (၂)ဘုံပဲ သိကြတယ်။ ကျန်ဘုံတွေကို မသိကြဘူး။ ဘုံ (၂)ဘုံသာ သိသလို ဩကာသလောက၊ သိပ္ပံပညာရှင် တွေက အင်မတန်ထွန်းကားတယ်နော်။ သာမန်လို့ မထင်ကြနဲ့။ သို့သော်လဲ (၃၁)ဘုံမှာ (၂)ဘုံပဲ မြင်ကြပါတယ်။ ကောင်းကင်ဘုံလို့ရော ပြောနေကြတယ်။ သူတို့ ရေရေရာရာ မသိဘူး၊ မမြင်ဘူး။

ဘုန်းကြီးတို့ကတော့ ဘုရားဟောထားတဲ့ တရားတော်တွေ ကြားသိနေကြရတယ်။ (၃၁)ဘုံသားတွေမှာလဲ လောကပညာရှင်တွေ က ဘယ်လောက်သာ မြင်သလဲဆိုရင် လူ့ဘုံသားတွေနဲ့ တိရစ္ဆာန်ဘုံ သားတွေသာ မြင်ကြတယ်။

http://www.dhammadownload.com



မြတ်စွာဘုရားကတော့ (၃၁)ဘုံလုံးကို မြင်ရတယ်။ (၃၁)ဘုံသားတွေကိုလဲ မြင်တယ်။ (၃၁)ဘုံသားတွေမှာရှိတဲ့ ရုပ်နေရုပ်ထား၊ စိတ်နေစိတ်ထားတွေ ဖြစ်နေပျက်နေတာတွေ အားလုံးကို မြင်ရတယ်။

မြတ်စွာဘုရားက တိုးပွားနေတာတွေကိုလဲ မြင်တယ်။ ဆုတ်ယုတ်နေတာတွေကိုလဲ မြင်တယ်။ အကျိုးတွေကိုလဲ မြင်တယ်။ အကြောင်းအကျိုး အကောင်းအဆိုး အယုတ်အမြတ်တွေကို မြင်နေတယ်။

ဒါကြောင့် မြတ်စွာဘုရားဟာ လောကဝိဒူဆိုတဲ့ ဂုဏ်တော်ကြီးနဲ့ ပြည့်စုံတော်မူတယ်။ ပူဇော်ကြရတယ်။ သူတစ်ပါးတွေ အကုန်မသိနိုင်တဲ့ (၃၁)၊ သာမန်သူတစ်ပါးတွေသိတာက (၂)ဘုံ၊ မြတ်စွာဘုရားက (၃၁)ဘုံ သိတာ။

ဒါကြောင့် လိုက်ဆိုကြ၊ လက်အုပ်ချီကြ။

**(၃၁)ဘုံရှိ (၃၁)ဘုံသားတို့၏ ရုပ်နေရုပ်ထား စိတ်နေစိတ်ထား ဖြစ်ပျက်ပွားဆုတ် မြတ်ယုတ်ဆိုးကောင်း ကျိုးအကြောင်းကို ကောင်းစွာ ပိုင်ပိုင် သိစွမ်းတော်မူနိုင်သော မြတ်စွာဘုရား။ (၃-ခေါက်)**

(၃၁)ဘုံကို တကယ်သိတာက ဘုန်းကြီးတို့ ကိုးကွယ်နေတဲ့ မြတ်စွာဘုရား၊ မသိပဲနဲ့ ဘုရားလို့ပြောလို့ ဖြစ်ပါ့မလား။ အဲဒီလိုသိတဲ့ ပုဂ္ဂိုလ် ကမ္ဘာမှာမရှိဘူး။ ကမ္ဘာမှာ ဒီတစ်ဆူပဲ ရှိတယ်။

ဘုန်းကြီးတို့တတွေ ကံကောင်းကြတယ်လို့ ပြောနိုင်တယ်။ ဒီသာသနာတော်ကြီးနဲ့ တွေ့ကြုံနေတာ ရှေးလူကြီးသူမတို့ ပစ္စည်းလေးပါး ထောက်ပံ့တဲ့ ကျေးဇူးတွေ၊ အားပေးခဲ့တဲ့ ကျေးဇူးတွေ။

သြော် အခြားဘာသာဝါဒတွေရဲ့ လက်အောက်မှာ နှစ်ပေါင်း (၁၀၀)ကျော်နေရတာတောင်မှ မပျောက်အောင် မပျက်အောင်

http://www.dhammadownload.com



ထိန်းသိမ်းထားတဲ့ ဆရာတော် သံဃာတော်တွေ လူကြီးသူမတွေရဲ့ ဂုဏ်ကျေးဇူးတွေဟာ နည်းတာမှမဟုတ်ပဲနဲ့။

**လူမမာတစ်ယောက်လို**

ဒါလောက်ကလေး ပြောလိုက်ရုံနဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမ တွေက သဘောပေါက်တယ်။ တွေးသာကြည့်ကြပေတော့နော်။ အဲဒီတော့ မြတ်စွာဘုရားရဲ့ သာသနာတော်ကြီးနဲ့ တွေ့ပြီ။ ဟုတ်ပြီ။ တွေ့တော့ လူမမာတစ်ယောက် ပြောကြစို့။

လူမမာတစ်ယောက်ဟာ သမားတော်ကြီးကို အားကိုးတယ်။ ဆေးဝါးဓာတ်စာကို အားကိုးတယ်။ သမားတော်ကြီးကလဲ သိပ်ကောင်းတယ်။ လက်ထောက်ဆရာကလဲ သိပ်ကောင်းတယ်။ ဆေးဝါးတွေကလဲ သိပ်ကောင်းတယ်။

ဒါပေမယ့် ကိုယ်က သမားတော်ကြီးပြောတဲ့စကားလဲ နားမထောင်၊ လက်ထောက်ဆရာပြောတဲ့စကားလဲ နားမထောင်၊ ဆေးလဲမှန်မှန် မသောက်၊ ရောဂါမပျောက်နိုင်ဘူး။

လူမမာတစ်ယောက်ဟာ အားကိုးရာလေးမျိုးရှိတယ်။

၁။ သမားတော်ကြီး

၂။ လက်ထောက်ဆရာ

၃။ ဆေးဝါးဓာတ်စာ

၄။ မိမိက ဆေးမှန်မှန်သောက်ပြီး ရှောင်သင့်တာ ရှောင်၊ ဆောင်သင့်တာ ဆောင်၊

အဲဒါအရေးကြီးတဲ့ အချက်လေးချက်ပါပဲ။ အဲဒီ လေးမျိုး ပြည့်စုံမှ ရောဂါပျောက်တယ်။ သာသနာတော်ကြီးနဲ့ တွေ့တာလဲ

http://www.dhammadownload.com



အားကိုးစရာက လေးမျိုး။

၁။ ဘုရား (သမားတော်ကြီး)

၂။ သံဃာ (လက်ထောက်ဆရာ)

၃။ တရား (ဆေးတော်ကြီး)

၄။ မိမိတို့က လိုက်နာကျင့်သုံးပြီး ရှောင်၊ ဆောင်စရာတွေကို လိုက်နာသင့်တယ်။

အဲဒီလို လေးမျိုး အားကိုးပြီးဆောင်ရွက်မှ မိမိတို့သန္တာန်မှာရှိတဲ့ အဆိုးအဝါးတွေ လောဘအတုံးအခဲတွေ၊ ဒေါသအတုံးအခဲတွေ၊ မောဟအတုံးအခဲတွေ၊ ဣဿာအတုံးအခဲတွေ၊ မစ္ဆရိယအတုံးအခဲစတာတွေ ချေပြီးတော့ ကျေပြီးတော့ ပျောက်အောင် ကြိုးစားနိုင်မှာပါပဲ။ အဲဒါမှ ကိလေသာရောဂါတွေ ပျောက်မှာပါပဲ။

အဲဒီတော့ အားကိုးရာဖြစ်တဲ့ ဘုရားကို ဘုရားမှန်းသိအောင်၊ တရားကို တရားမှန်းသိအောင်၊ သံဃာတော်အရှင်မြတ်တွေက ထိန်းသိမ်းပြီးတော့ လာတယ်။ အဲလို ထိန်းသိမ်းနိုင်အောင် ဘုန်းကြီးတို့ရဲ့ရှေ့က အမိအဖ၊ အဖိုးအဖွား၊ ဖိုးဖွားတွေက ပစ္စည်းလေးပါးနဲ့ အားပေးပြီးတော့ လာသလို အားပေးပြီးတော့၊

ယခု သီတာလူငယ်များရဲ့ စွမ်းအားကလဲ အင်မတန်ကြီးမားပါတယ်နော်။ အင်မတန်ကြီးမားတယ်။

တစ်နေ့က ရေဦးက ဆရာတော်ကြီးတစ်ပါးက ပြောတယ်။ အခု စာသင်သားတွေက ရေဦး၊ တန်ဆည်တို့မှာ သိပ်မနေချင်ကြဘူး။ တစ်ခါလာ ရန်ကုန်၊ တစ်ခါလာ ရန်ကုန်၊ ဘာပြုလို့လဲဆိုတော့ ရန်ကုန်က ဆွမ်းရေး ကွမ်းရေးက စပြီးလွယ်တာကိုးကွ။

http://www.dhammadownload.com



ဟော အဂ္ဂမဟာပဏ္ဍိတ မင်္ဂလာရာမ ရေဦးဆရာတော်ကြီး ပြောသွားတာနော်။

ရန်ကုန်က ဒကာ ဒကာမတွေက ပို့ပြီးတော့ ဓမ္မာရုံတွေ ဆွမ်းလောင်းအသင်းတွေနဲ့ ကြောင့်ကြစိုက်တာက ပိုများတယ်။

ပခုက္ကူတို့ ဘာတို့ လောင်းကြပါတယ်။ လောင်းကြပေမယ့် လူအားက နည်းနည်း နည်းပြီးနေတယ်။ ပခုက္ကူမှာ ကျောင်းတိုက်ကြီးသုံးတိုက်၊ အခြားကျောင်းတိုက်တွေလဲ ရှိပါတယ်။

တိုက်ကြီး (၃)တိုက်ရဲ့ ဘေးနားမှာ ဆွမ်းလောင်းအသင်းတွေ ရှိပါတယ်။ တစ်နေ့တစ်နေ့ ဘုန်းကြီးတို့အလယ်တိုက်ကြီးမှာဆိုရင် ဆန် (၃)တင်းလောက် ချက်လောင်းတယ်။

ဟိုတုန်းက ဒကာကြီးတစ်ယောက်က အပါး (၁၀၀)လောက် ဆွမ်းလောင်းပြီးရင် "နေစမ်းပါအုံး ကိုယ်တော်၊ ညောင်းလွန်းလို့"၊ သူက အဲဒီလို နောက်တစ်ခါ အပါး (၁၀၀)လောက် လောင်းပြီး "နေစမ်းပါအုံး ကိုယ်တော်၊ ညောင်းလွန်းလို့"။

အဲဒီ ဆွမ်းလောင်းအသင်းကြီးသို့ ရန်ကုန်တို့ မန္တလေးစသည်တို့ကနေပြီးတော့ ဆွမ်းဆန်တော်တွေ လှူဒါန်းကြတော့ ဟိုမှာ ချက်ပြုတ်ပြီး လောင်းနေရှာကြတယ်။

ရန်ကုန်မြို့မှာ ဆွမ်းလောင်းတဲ့ဓမ္မာရုံတွေ၊ စောစောက ပြောသလို ဝါတွင်းမှာအင်မတန်များတာ။ ဝါပနဲ့မှ လောင်းဖို့တော့ ကောင်းတယ်။ ဝါတွင်းကျရင် ဘုဉ်းပေးလို့ မကုန်နိုင်အောင် လောင်းလိုက်ကြပြီ။ ရန်ကုန်မြို့ထဲဆိုရင် လမ်းတိုင်းလိုပဲ။ ဓမ္မာရုံတွေ ဆွမ်းလောင်း၊ သီတင်းဝါလဲကျွတ်ရော အောင်ပွဲခံသွားကြပြီ၊ ရပ်သွားကြပြီ၊ ဒါမဟုတ်သေးဘူး။

http://www.dhammadownload.com



ဆွမ်းက နေ့စဉ်ကိုး။ "သမုဒ္ဒရာ ဝမ်းတစ်ထွာ"။ ကျောင်းလို မဟုတ်ဘူး။ ကျောင်းကတစ်ခါဆောက်ထားရင် နေရော၊ သင်္ကန်း ဝါဆိုတစ်စုံ၊ ကထိန်တစ်စုံဆိုရင် မျှတသွားတယ်။

ဆွမ်းက ဒီလိုမရဘူး။ ဒါကြောင့် ဆွမ်းက အင်မတန်အရေး ကြီးတယ်။ ဒါကြောင့် ဘုန်းကြီးတို့ စကားတစ်ခုထားချင်တယ်။ "ဆွမ်းခံလို့ရတဲ့ နေရာဟာ သာသနာပြုလို့ ရတဲ့နေရာပဲ"။

ဘုန်းကြီးတို့ ကျောင်းတိုက်မှာ ဝါတွင်းတုန်းက ရှင်သာမဏေ တစ်ထောင်ရှိပါတယ်။ ရဟန်းတော်က တစ်ရာကျော်လောက် ရှိပါတယ်။ တစ်ချို့ပုဂ္ဂိုလ်တွေက လာမေးကြတယ်။ ဘုန်းကြီး ဘယ်လို များ ကျွေးသလဲ။ ကိုရင်တွေကို နေ့ဆွမ်းဘယ်ကျွေးနေနိုင်မှာလဲ။ အရုဏ်ပဲ ကျွေးလိုက်တာပဲ။ နေ့ဆွမ်းကျတော့ ဆွမ်းခံကြွပါတယ်။

"ရရဲ့လား ဘုရား"ဆိုတော့ ဘယ်ကိုရင်မှ ငတ်တာမကြားဘူး။ ဆွမ်းခံလို့က ရနေတာကိုး။ ဆွမ်းခံလို့ရတဲ့နေရာဟာ သာသနာပြုလို့ ရတယ်။ စာသင်တိုက် တည်လို့လဲ ရတယ်။ တရားတိုက် တည်လို့လဲ ရတယ်။

ဆွမ်းခံလို့မှမရရင် သွားပြီ၊ သာသနာပြုဖို့ မကြိုးစားနဲ့။ ဗုဒ္ဓဂယာ စာသင်တိုက်လုပ်လို့ မရဘူး။ တုသိနာရုံစာသင်တိုက် လုပ်လို့ မရဘူး။ ဘာကြောင့်လဲဆိုတော့ ရှိတဲ့ကိုယ်တော်တွေတောင် အခက်။ အခုတော့ တော်ပါတယ်။ ဒီက ဘုရားဖူးတွေက အဆက်မပြတ် သွားနေကြတာကိုး။

နဂိုတုန်းက ဘုန်းကြီးတို့စီက ဆရာတော်ဦးမဟိန် သွားကျောင်းတက်တော့ သူ့ဟာသူ မနက်ကျရင် ခြင်းလေးတစ်ခြင်းဆွဲ ပလပ်စတစ်အိတ်ကလေးနဲ့ ဈေးသွား၊ ကော်ဖီထုပ်၊ ကြက်သွန်၊

http://www.dhammadownload.com



အာလူး၊ ဒီလိုပဲ ချက်ပြုတ်စား၊ စာသင်၊ ဒီလိုနဲ့ နေရရှာတာ။

အဲဒီတော့ ဆွမ်းဟာအရေးကြီးတယ်။ ဒါကြောင့် သီတာလှုငယ်များကနေပြီး တစ်နှစ်ကို သံဃာသောင်းချီပြီးတော့ ဆွမ်းလောင်းနေတာများ အင်မတန်အားရကျေနပ်မိပါတယ်။

အဲဒီတော့ စောစောကပြောတဲ့စကား ပြန်ဆက်ကြရအောင်။ အားကိုးစရာလေးမျိုး။ ဘုရား နည်းပေးလမ်းပြတရားရှင်၊ တရား၊ သံဃာ၊ မိမိရဲ့လုပ်ဆောင်ချက်။

ဟော မိမိရဲ့လုပ်ဆောင်မှု ဒါန သီလ ဘာဝနာ၊ လမ်းစဉ်သုံးမျိုး။ ဒါနလမ်းစဉ်၊ သီလလမ်းစဉ်၊ ဘာဝနာလမ်းစဉ်၊ တစ်နည်းအားဖြင့် သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ။

ဒါဘုန်းကြီးတို့တတွေ လုပ်ရမယ့်လုပ်ငန်းပဲ။ ဒါန သီလ ဘာဝနာ ဆိုတဲ့ လမ်းစဉ်အတိုင်း။ သီလ သမာဓိ ပညာ သိက္ခာသုံးပါး ကျင့်စဉ်အတိုင်း မကျင့်ကြံဘဲ မိမိသန္တာန်မှာရှိနေတဲ့ လောဘ ဒေါသ မောဟ အတုံးအခဲတွေ ကြေမွသွားပါ့မလား။

အဲဒီ လောဘ ဒေါသ မောဟတွေ မကုန်ပဲ နိဗ္ဗာန်မရောက်နိုင်ပါဘူး။ သီလ သမာဓိ ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရား၊ ဒါန သီလ ဘာဝနာ ဆိုတဲ့ ကျင့်စဉ်တရားတွေက အရေးကြီးပါတယ်။

အရေးကြီးတာက ဒါနနဲ့ ပတ်သက်လို့ အားလုံးပြုတတ်တယ်။ ဒါနတွေ အမျိုးမျိုး။ သီလနဲ့ ပတ်သက်လို့ အရေးအကြီးဆုံးက သီလဆိုတာ ကိုယ်နဲ့နှုတ်ကို ထိန်းတာပါပဲ။ ကိုယ်ရယ်၊ နှုတ်ရယ် ထိန်းသိမ်းလို့ရှိရင် သီလလုံခြုံတော့တာပဲ။

http://www.dhammadownload.com



**စိတ်**

သမာဓိ စိတ်တည်ကြည်အောင် လုပ်တဲ့လုပ်ငန်း။ ကမ္ဘာကြီး တစ်ခုလုံး လူပေါင်း သန်းပေါင်း (၆၅၀၀) ကျော်ရှိတယ်။ အဲဒီလူတွေရဲ့ စိတ်တွေက အာရုံငါးပါးခေါ်တဲ့ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဆိုးရည်တွေနဲ့ ဆိုးထားလို့ရှိရင် ကမ္ဘာသူ ကမ္ဘာသားတွေရဲ့ စိတ်ကကြည်လင်နိုင်ပါ့မလား။ အခု အာရုံဆိုးရည်တွေနဲ့ ရောင်စုံဆိုး နေကြတာပဲ။

ရေခွက်လေးတစ်ခု ပြောကြစို့။ ခွက်တစ်ခုထဲ ရေတစ်ပိဿ လောက် ထည့်၊ အဲဒီရေထဲ အဝါ၊ အနီ၊ အပြာ၊ အစိမ်း စတဲ့ ဆေးရောင်စုံတွေ ဆိုးထားမယ်။ မျက်နှာရိပ်ကိုကြည့်၊ မျက်နှာရိပ် မပေါ်နိုင်ဘူး။

နောက်ရေခွက်ကလေးထဲ ရှိတဲ့ရေကို လှုပ်လှုပ်ပေးမယ်။ လေတိုက်တဲ့အခါ ရေလှိုင်းထနေမယ်ဆိုရင် အဲဒီရေခွက်ထဲ မျက်နှာရိပ် ကြည့်မယ်ဆိုရင် မျက်နှာရိပ်မပေါ်နိုင်ဘူး။

အဲဒီတော့ ရောင်စုံဆိုးထားတဲ့ရေကိုလဲ ကြည်အောင်လုပ်ပေး မှ လှိုင်းတွေနဲ့ လှုပ်ပြီးတော့နေတဲ့ ရေကိုလဲ ငြိမ်အောင်လုပ်ထားရမှာ ကိုး။

နောက်ရေခွက်ကလေးတစ်ခုမှာ ရှိတဲ့ရေ၊ မီးဖိုပေါ် တည်ထား တော့ ပွက်ပွက် ပွက်ပွက် ဆူနေတယ်။ ရေဆူနေတဲ့ ရေခွက်ထဲ မျက်နှာရိပ် ကြည့်ကြည့်ပါလား။ မျက်နှာရိပ် မပေါ်နိုင်ပါဘူး။

နောက်ရေတစ်မျိုးကတော့ အပေါ်က ရေမှော်တွေ ရှိနေတယ်။ ရေမှော်တွေရှိနေတဲ့ ရေထဲမျက်နှာရိပ်ကို ကြည့်မယ်ဆိုရင် မျက်နှာရိပ်ကို မမြင်နိုင်ပါဘူး။

http://www.dhammadownload.com



နောက်ရေခွက်တစ်ခုက ရွှံ့ညွန့်တွေနဲ့ နောက်ကျူနေတယ်။ အဲဒီနောက်ကျူနေတဲ့ ရေခွက်ထဲ မျက်နှာရိပ်ကို ကြည့်မယ်ဆိုရင် မမြင်နိုင်ပါဘူး။

အဲဒီ ရေဥပမာလိုပဲ။ မိမိတို့ရဲ့ စိတ်ကလေးဟာ အာရုံငါးပါး ဆိုတဲ့ ဆိုးရည်ဆိုးထားမယ်ဆိုရင် ခန္ဓာကိုယ်မှာ ရုပ်တရား နာမ်တရား တွေရဲ့ ဖြစ်ပျက်နေမှုကို မမြင်နိုင်ဘူး။

အဲဒီလို မဟုတ်ဘဲနဲ့ ရေလှိုင်းထသလို လှုပ်လှုပ် လှုပ်လှုပ်နဲ့ နေတော့ မိမိသန္တာန်မှာ ဘယ်ရုပ်ဖြစ်နေတယ်၊ ဘယ်နာမ်ဖြစ်နေတယ် ဆိုတာ ပိုင်းခြားသိပါ့မလား၊ မသိဘူး။

စိတ်ဆိုးနေတယ်၊ သူတစ်ပါးကို မနာလိုဝန်တိုနေတယ်။ စိတ်ကလေးက ပွက်ပွက်ဆူနေပြီဆိုရင် မိမိသန္တာန်မှာဖြစ်တဲ့ ဒုက္ခတရား တွေ မမြင်နိုင်ပါ။ အနိစ္စတရား မမြင်နိုင်ဘူး။ အနတ္တတရား မမြင်နိုင်ဘူး။

အကယ်၍ မိမိစိတ်ကလေးဟာ ရေမှော်တွေ ဖုံးလွှမ်းပြီး နေသလိုပဲ။ မိမိစိတ်က ထိုင်းမှိုင်းပြီးနေရင် တရားက မမြင်နိုင်ဘူး။

အကယ်၍များ မိမိရဲ့စိတ်ကလေးဟာ ရေခွက်ကလေးထဲ ရွှံ့ညွှန်တွေနဲ့ နောက်ကျူနေသလို ဇဝေဇဝါဖြစ်တဲ့စိတ်၊ ဘုရား ဂုဏ်တော်ကျတော့လဲ ဟုတ်မှဟုတ်ရဲ့လား မသိပါဘူး။ တရားဂုဏ်လဲ မရှင်းလင်းဘူး။

သန္တိဋ္ဌိကော မျက်မှောက်ထင်ထင် အကျိုးရတယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့လား၊ မသိဘူး။ သြပနေယျိကော မိမိမှာ သီလ သမာဓိ ပညာတရားတွေ ကပ်ပြီးထားရင် ကျေးဇူးများတယ်ဆိုတာ ဟုတ်မှ ဟုတ်ရဲ့လား၊ စိတ်ကလေးက ဇဝေဇဝါဖြစ်နေရင် စိတ်ကလေးဟာ ဘုရား တရား သံဃာနဲ့ ပတ်သက်ရင် ဇဝေဇဝါ တွေးတောမရှင်း

http://www.dhammadownload.com



သံသယလေးတွေ ဖြစ်ပြီးတော့နေမယ်ဆိုရင် ဟော တရားမှန်တွေ မမြင်နိုင်တော့ဘူး။

အဲဒါကြောင့် မြတ်စွာဘုရားက မိမိရဲ့စိတ်ကို အာရုံငါးပါးဆိုတဲ့ ဆိုးရည်တွေမရှိအောင် ပထမဆုံးလေ့ကျင့်လိုက်ပါ၊ အဲဒါ သမာဓိပါပဲ။

မိမိရဲ့စိတ်ကို လှိုင်းမထအောင် လေ့ကျင့်လိုက်၊ မိမိရဲ့စိတ်ကို ပွက်ပွက်မဆူအောင် လေ့ကျင့်လိုက်ပါတဲ့၊ သမာဓိ။

မိမိရဲ့စိတ်မှော်တွေမရှိအောင် မိမိရဲ့စိတ်ကို ရွှံ့ညွန်တွေ လွှမ်းနောက်ကျိမနေအောင် မဝေခွဲနိုင်တဲ့ ဝိစိကိစ္ဆာမရှိအောင် ရှင်းထားလိုက်အုံး၊ အဲဒါ သမာဓိ။

ဒါဖြင့် သမာဓိရအောင် ဘယ်နှယ့်လုပ်ကြမလဲ။ ဘုန်းကြီးတို့က လမ်းစဉ်တွေက ရှိနေပြီးသား။ လမ်းစဉ်မပျောက်သေးဘူး။ ဘုန်းကြီးတို့ နိဗ္ဗာန်သွားတဲ့လမ်းစဉ် မပျောက်သေးဘူး။ လမ်းပျောက်သွားရင်တော့ ခက်ပြီပေါ့။

ကမ္ဘာ့ပညာရှင်ကြီးတွေဟာ နိဗ္ဗာန်မြေပုံ ရေးဆွဲမပြနိုင်ဘူး။ နိဗ္ဗာန်မြေပုံ ရေးဆွဲပြနိုင်တာက ဗုဒ္ဓဘုရား တစ်ဆူပဲရှိတယ်။ ဗုဒ္ဓက နိဗ္ဗာန်မြေပုံ ရေးဆွဲပြပြီး ထားခဲ့တာ။ ဗုဒ္ဓဘာသာများမှာ နိဗ္ဗာန်မြေပုံ ရရှိထားတယ်။ မပျောက်သေးဘူး။

## (၃၂)ပုံ (၄၂)ပုံ

"တရားပျောက် ကိုယ်မှာရှာ၊ တရားရှာ ကိုယ်မှာတွေ့" ဆိုသလို တရားကိုယ်မှာ တွေ့ရမှာ။ ဒါတွေ သိတယ်နော်။

ကဲ စဉ်းစားကြည့်ရအောင်။ ခန္ဓာကိုယ်မှာ ပထဝီခက်မာနူးညံ့တဲ့ဓာတ်က ၂၀၊ ဖွဲ့စည်းယိုစီးတတ်တဲ့ဓာတ်က ၁၂ မျိုး၊ ဟော ၃၂

http://www.dhammadownload.com



ကောဋ္ဌာသနဲ့ ဖွဲ့စည်းထားတဲ့ ခန္ဓာကိုယ်။

ပူအေး တေဇောဓာတ် ၄ မျိုး၊ တွန်းကန်လှုပ်ရှား ဝါယောဓာတ် ၆ မျိုး၊ ၃၂ ကောဋ္ဌာသ ဆိုရင်တော့ အများက သိလွယ်တယ်။ ဒီခန္ဓာကိုယ်ကြီးကို ကြည့်မယ်ဆိုရင် ဓာတ်လေးပါးနဲ့ ဖွဲ့စည်းထားတာ။

ဓာတ်လေးပါးနဲ့ ပုံမယ်ဆိုရင် (၄၂)ပုံ၊ အပုံလေးဆယ့်တစ်ပုံ ထားလိုက်၊ အစွန်းထွက်လေးထဲက (၁)ပုံ ကြည့်ကြရအောင်။

အစွန်းထွက်လေးထဲက (၁)ပုံက ဘာလဲဆိုတော့ ဝါယောရုပ်၊ ဝါယောရုပ် (၆)မျိုးထဲက ထွက်လေဝင်လေ၊ မြင်သာထင်သာတဲ့ ထွက်လေဝင်လေက စပြောကြရအောင်။

တစ်နည်းအားဖြင့် မြတ်ဗုဒ္ဓအလောင်းတော်ကြီး အသုံးချလာခဲ့တဲ့ ထွက်လေဝင်လေ။

ဘုရားအလောင်းတော် ဘဝများစွာ သံသရာကလဲ ထွက်လေဝင်လေကို ရှုမှတ်ပွားများလာခဲ့တာ အာနာပါနဿတိကမ္မဋ္ဌာန်းပါပဲ။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေအားလုံးဟာ နာဖူးပြီးသား တရားတွေပါ။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး လယ်ထွန်မင်္ဂလာ ကျင်းပနေတဲ့အခါ သပြေပင်ရိပ်ကလေးမှာ အာနာပါနကမ္မဋ္ဌာန်းပဲ အားထုတ်တယ်။ ဒီလိုနဲ့ စျာန်ရ၊ ကောင်းကင်မှာ စျာန်ပျံပြီးတော့ နေနိုင်တယ်။

ဗုဒ္ဓဂယာ အပရာဇိတပလ္လင်မှာ ဘုရားဖြစ်ခါနီး ဗောဓိ ညောင်ပင်ခြေရင်း ရတနာပလ္လင်ထက် စံတော်မူနေတဲ့ အချိန်မှာလဲ အာနာပါနထွက်လေဝင်လေကိုပဲ ရှုမှတ်ပွားများတာပဲ။

ရဟန်းတို့ ငါဘုရားဟာ အာနာပါနထွက်လေဝင်လေ ကမ္မဋ္ဌာန်း ရှုမှတ်ပြီး ဘုရားဖြစ်ခဲ့တယ်လို့ မိန့်တော်မူတယ်။

http://www.dhammadownload.com



ဘုရားဖြစ်ပြီးလာပြန်တော့လဲ တစ်သက်တာ ကာလပတ်လုံး ငါဘုရားဟာ အာနာပါနသတိကမ္မဋ္ဌာန်းကို လက်သုံးတော်ထားပြီး သမာပတ်ချမ်းသာ ခံစားပြီးနေတာများပါတယ်။

ဘုန်းကြီးတို့ အခုမြန်မာပြည်မှာရှိကြတဲ့ တရားတိုက်တွေ အားလုံး မဟာသတိပဋ္ဌာန် တရားတော်တွေ အားထုတ်ပြီးတော့ နေကြတာ။ ဒီသတိပဋ္ဌာန် တရားတော်ကို တာဝတိံသာမှာ ဟောတော်မူခဲ့တယ်။ ကုရုတိုင်း ကမ္မာသဒမ္မရွာမှာ ဟောခဲ့တယ်။

အခု ဒေလီမြို့ ကေလာသအရှေ့အရပ်မှာ ရှိတယ်။ အခု ဘုရားဖူးတွေ အဲဒီကို သိပ်မရောက်တော့ဘူး။

ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ မဟာသတိပဋ္ဌာန်တရား အားထုတ်နေကြတာ။

အခု သကြၤန်မှာဆို အမျိုးသား အမျိုးသမီးတွေ တရား အားထုတ်နေကြတာ။ ဘုန်းကြီးတို့ (၁၅)ဌာနလောက် တရားစခန်း တွေ ဖွင့်နေတယ်။ ယောဂီငါးရာလောက် ဌာနအသီးအသီးမှာ အားထုတ်ကြတယ်။

အခု ဒေလီမြို့ ကေလာသအရှေ့အရပ်မှာ တရားအားထုတ် တာ ဆယ်ဦးရှိပါ့မလား။ မရှိပါဘုရား။

## နိဗ္ဗာန်မြေပုံ

အဲဒါ ဘာကြောင့် အားမထုတ်နိုင်ကြသလဲဆိုရင် လမ်းပျောက်သွားလို့ပါပဲ။ မြတ်စွာဘုရား ပေးထားတဲ့ နိဗ္ဗာန်မြေပုံ ပျောက်သွားတယ်။ ဘုန်းကြီးတို့စီမှာ မဟာသတိပဋ္ဌာနသုတ္တန် ဒေသနာတော်မြတ်ကြီးဆိုတဲ့ နိဗ္ဗာန်မြေပုံ ရှိနေတယ်။

http://www.dhammadownload.com



မဟာသတိပဋ္ဌာနသုတ္တန်ဒေသနာတော်မြတ်ကြီး စပြီးဟောတဲ့ အခါက သတိပဋ္ဌာန်လေးပါး အကျယ်တဝင့် မြတ်စွာဘုရား ဟောကြားတယ်။ ပဌမဆုံး ဟောတာက-

**ဣဓ ဘိက္ခဝေ ဘိက္ခု သတောဝ အဿသတိ၊**

**သတောဝ ပဿသတိ။**

ထွက်လေဝင်လေ စဟောခဲ့တာ။ ဒါဖြင့် မြတ်စွာဘုရား ပဌမဆုံး ဟောခဲ့တာသိပြီ။ ဘုရားအလောင်းတော်လေး အသုံးချ ခဲ့တာ သိပြီ။

ဒါဖြင့် မိမိတို့ ဘယ်လောက် ထွက်လေဝင်လေကို အလွတ် အသုံးချနေသလဲ။ (၅)မိနစ်ကို (၁၀၀)ခန့်လောက် အသုံးချတယ်။

(၁)နာရီမှာ တစ်ထောင်ပတ်ဝန်းကျင်လောက် ထွက်လေ ဝင်လေ အသုံးချတယ်။ အိပ်နေတဲ့အခါပင် ထွက်လေဝင်လေက မရပ်မနားဘူး။

ဒါဖြင့် တစ်နေ့ (၂၄)နာရီဆိုတော့ နှစ်သောင်းကျော်ပါတယ်။ လျှော့ပြီးတော့ တွက်ပါအုံး။ တစ်သောင်းတော့ ကျော်ပါတယ်။ (၁၆၀၀၀)ကျော်လောက် ရှိပါတယ်။ တစ်ယောက်နဲ့တစ်ယောက် အသက်ရှူတာ မတူပါဘူး။ အနှေးအမြန်ရှိပါတယ်။

အဲဒီတော့ တစ်နေ့ကို တစ်သောင်းကျော် အသုံးချနေတဲ့ ထွက်လေဝင်လေ၊ လျှော့တွက်ရင် တစ်သောင်းကျော်လောက် အသုံးချနေတဲ့ ထွက်လေဝင်လေ။

အဲဒီ ထွက်လေဝင်လေကို (၁၀၀)အထိ သိလိုက်တာ၊ တစ်ရာအထိ သိဖို့ကောင်းတယ်နော်။

http://www.dhammadownload.com



အဲဒီတော့ တစ်နေ့ကို ၂၀၀၀၀ ကျော်၊ ၁၆၀၀၀ ကျော်လေးပဲ ပြောကြပါစို့။ တစ်နေ့ ၁၆၀၀၀ ကျော်၊ (၁၀)ရက်ဆိုတော့ ၁၆၀၀၀၀ ရှိသွားပြီ။

တစ်လဆိုတော့ သန်းပေါင်းများစွာ ဖြစ်သွားပြီ။ ၁၃၆၂ ခု တစ်နှစ်ဆိုတော့ နှစ်ဆန်း(၁)ရက်နေ့ကစပြီး တာထွက်လာခဲ့တာ။ ၁၃၆၂ ခုနှစ်ပြီးဆုံးတော့မှာကိုး။ တစ်နှစ်တာကာလကိုပဲ သန်းပေါင်း များစွာ ထွက်လေဝင်လေကို အသုံးချ။

သန်းပေါင်းများစွာ အသုံးချနေတဲ့ ထွက်လေဝင်လေ၊ တစ်နေ့တာကာလ သောင်းချီပြီး အသုံးချနေတဲ့ ထွက်လေဝင်လေ။

မြတ်စွာဘုရားက အဲဒါ ကမ္မဋ္ဌာန်းပဲတဲ့။ ထွက်လေဝင်လေ ဂိတ်ကနေ စောင့်ပြီးတော့သာ ဖမ်းပေတော့တဲ့။

၁။ ထွက်လေ ထွက်လာပြီ။ နှာသီးဖျားက စောင့်မှတ်မယ်။ ဝင်သွားပြန်ပြီ၊ နှာသီးဖျား ထွက်ခိုက်ဝင်ခိုက် လေကို ရှုမှတ်ပွားများပြီး သတိမပြတ် ရှုမှတ်ပါတဲ့။

၂။ နောက်မှတစ်ဆင့် တက်ပြီးတော့ အတို၊ အရှည်။

၃။ နောက်မှ ထွက်လေဝင်လေကို အစ အလယ် အဆုံး၊ သုံးပါးလုံး နှာသီးဖျား ရင်ချိုင့် ချက်တိုင်၊ ချက်တိုင် ရင်ချိုင့် နှာသီးဖျား ထိချက် အစ-အလယ်-အဆုံးကို ထင်လင်းစွာ သိအောင် ရှုမှတ်ရမယ်။

၄။ မိမိရရှိထားသော သမာဓိအားအစွမ်းမြင့်အောင် ထွက်လေ ဝင်လေလေးကို အစဉ်အတိုင်း နူးညံ့သိမ်မွေ့ပြီး ငြိမ်းသွားအောင် ရှုမှတ်ရပါမယ်။

စောစောကပြောခဲ့တဲ့ ရောင်စုံဆိုးထားတဲ့ စိတ်ကလေး၊ ဆူပွက်နေတဲ့ စိတ်ကလေး၊ လှိုင်းထနေတဲ့ စိတ်၊ မှော်ဖုံးပြီး ရွှံ့ညွန်တွေနဲ့

http://www.dhammadownload.com



နောက်ကျူနေတဲ့ စိတ်ကလေးကို အဲဒီလိုနည်းနဲ့ ငြိမ်းအောင် ကြည်အောင် လုပ်ပါတဲ့။

အဲဒီ ငြိမ်းတဲ့အခါ ကြည်တဲ့အခါကျမှ စိတ်ကလေးငြိမ်လို့ ရောင်စုံဆိုးရည်စတဲ့ အညစ်အကြေးတွေ ကင်းတော့မှ ကြည့်လိုက်ပါ။

ထွက်လေဝင်လေဆိုတာ ဝါယောရုပ်၊ တွန်းကန်လှုပ်ရှားတဲ့ သဘောကရုပ်၊ ရှုမှတ်တဲ့စိတ်ကလေးက နာမ်၊ ရုပ်နဲ့နာမ် (၂)မျိုးထဲသာ ဖြစ်နေပါလားလို့ မြင်နိုင်တယ်။

အဲဒီလို မြင်အောင်ကြည့်ဖို့က မိမိတို့ရဲ့လုပ်ငန်း၊ မိမိတို့ရဲ့ တာဝန် ဖြစ်သွားပြီ။ ဟော ကာယဒုစရိုက် ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်တဲ့ ကိုယ်နှုတ်နှစ်ပါး ထိန်းသိမ်းတဲ့သီလ။

စိတ်ကလေးငြိမ်အောင် အားထုတ်တာက သမာဓိ။ စိတ်ကလေး ကြည်လင်သန့်ရှင်းလာတဲ့အခါ ကြည့်တော့ မြင်တာက ဒါကရုပ်၊ ဒါကနာမ်။

အဲဒီ ဝါယောရုပ်က ဒုက္ခသစ္စာ၊ ဝါယောရုပ်ကို ကြည့်ပြီးမှတ်နေတဲ့စိတ်ကလေးကလဲ ဒုက္ခသစ္စာ၊ အဲဒီတော့ ဒုက္ခချည်းပဲ ဖြစ်နေတယ်။

**"ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။ ပ။ ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာ"**

အကျဉ်းချုပ်ပြောမယ်ဆိုရင် ခန္ဓာဖြစ်နေတာ ဒုက္ခ၊ ဘာခန္ဓာဖြစ်နေသလဲ ဝါယောရုပ်ကလေးက ရူပက္ခန္ဓာ၊ ရှုမှတ်စိတ်ကလေးက ဝိညာဏက္ခန္ဓာ။

အဲဒီစိတ်နဲ့ တွဲပါနေတဲ့ စေတသိက်ခန္ဓာ (၃)ပါ ပါဝင်နေတယ် ဆိုတော့ ခန္ဓာငါးပါးလုံး ဖြစ်မနေဘူးလား။ ဘာတွေဖြစ်နေသလဲ

http://www.dhammadownload.com



ခန္ဓာငါးပါး၊ ခန္ဓာငါးပါးဆိုတဲ့ ဒုက္ခတွေ ဖြစ်နေပါတယ်။

**ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ၊ ဒုက္ခမေဝ နိရုဇ္ဈတိ။**

**နာညတြဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခံ နိရုဇ္ဈတိ။**

ဖြစ်နေတာက ဒုက္ခတွေချည်း ဖြစ်နေတော့၊ ပျက်တော့လဲ ဒုက္ခတွေပဲ ပျက်သွားတယ်။

အဲဒီ ဒုက္ခတွေမရှိတဲ့နေရာ ဝါယောရုပ်မရှိတဲ့နေရာ၊ ထွက်လေဝင်လေ ဝါယောရုပ် မရှိတဲ့နေရာ၊ မာတဲ့ပျော့တဲ့ ပထဝီဓာတ် စသည် မရှိတဲ့နေရာ၊ အဲဒါမှ နိဗ္ဗာန်။

ဘုန်းကြီးတို့က ပထဝီဓာတ်ကလဲ တစ်ကိုယ်လုံးပြည့်လို့။ (ဆံပင်၊ မွေးညင်း၊ ခြေသဲ၊ လက်သဲ၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့(ကျောက်ကပ်)၊ နှလုံး၊ အသဲ၊ အမြှေး၊ အဖျဉ်း(သရက်ရွက်)၊ အဆုပ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဥန္နောက်)။ မာတဲ့သဘော၊ ပျော့တဲ့သဘော ပထဝီဓာတ် (၂၀)၊ အဲဒီဓာတ်တွေက ရုပ်ဆိုတော့ ဒုက္ခတွေဖြစ်နေတယ်။

အဲဒီ ဒုက္ခသစ္စာကို မြင်အောင်ကြည့်တာက မဂ္ဂသစ္စာ၊ ဘုန်းကြီးတို့ တရားစခန်းတွေမှာ လေးရက်ခွဲတိုင်အောင် စိတ်ကလေး ငြိမ်အောင် သမာဓိထူထောင်ရတယ်။

လေးရက်ခွဲအားထုတ်ပြီးတဲ့အခါကျမှ ဝိပဿနာ ကူးပါတယ်။ အဲဒီတော့ မိမိသန္တာန်ဖြစ်နေတာ ရှည်ရှည်ဝေးဝေး မကြည့်နဲ့။ ကုလားထိုင်လေးပေါ် ထိုင်နေရင်းလဲ ထွက်လေဝင်လေမှတ်၊ အိပ်ယာထဲ တစောင်း အိပ်ပြီးတော့လဲ ထွက်လေဝင်လေ ရှုမှတ်လို့ရတယ်။ တရားမြင်တာထက် အိပ်ပျော်လွယ်တာက ပိုသေချာတယ်။

http://www.dhammadownload.com



ရုပ်ဖြစ်နေတာပဲ။ ရုပ်ဆိုတာ ဘာလဲ ဒုက္ခသစ္စာပဲ။ ဒုက္ခတုံး ဒုက္ခခဲကြီးပါလားလို့ မိမိခန္ဓာကို မြင်နေရင် သောကနည်းမယ်။ ပရိဒေဝနည်းမယ်။ အဲဒီလိုနည်းနဲ့ နိဗ္ဗာန်သွားရင် ရောက်ပါတယ်။ နိဗ္ဗာန်သွားတဲ့လမ်းကို ပြခဲ့ပါတယ်။

အဲဒီတော့ ဘုရားကိုးကွယ်ရာ၊ တရားကိုးကွယ်ရာ၊ သံဃာကိုးကွယ်ရာ မိမိတို့ကိုယ်တိုင်ပြုမူ ဆောင်ရွက်တဲ့ ဆောင်ရွက်ချက် အားကိုးစရာပဲ။ ဒါကြောင့်-

**မာနေန္တိ ဓမ္မံ ဓမ္မာယေ၊ ဓမ္မံ မာဂမ္မံ ဒေသကံ။**

**ဗုဒ္ဓဉ္စ မတဒံ သံဃံ၊ ဓမ္မော ဇာမတလိမ္ပိတံ။**

ယေ= ပြဟ္မာနတ်လူ အကြင်သူတို့သည်၊ ဓမ္မံ ကာမာ= ချမ်းသာဖို့ရေး ပို့ဆောင်ပေးသည့် လေးစားအပ်သော မြတ်သဘောကို မနောရွှင်ကြည် နှစ်လိုကြကုန်သည်ဖြစ်၍၊ ဓမ္မံ= သုံးပုံပိဋကတ် ငါးရပ်နိကာယ်ကိုးသွယ် အင်္ဂါ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ များမြောင်လှစွာသော တရားဒေသနာတော်ကို၊ မာနေန္တိ= မြတ်နိုးကြပေကုန်၏။ တေ= ထိုတရား မြတ်နိုးကြကုန်သော ပုဂ္ဂိုလ်တို့သည်၊ ဓမ္မမာဂမ္မံ= သံသရာဝဋ်ဗွေ ကရွတ်ခွေမှ လွတ်စေနိုင်တောင်း တရားကောင်းကို အကြောင်းပြုစွဲမှီ၍၊

**ပြဿနာပေါင်း ၁၆၀၀၀**

ဟော သံသရာဝဋ်က လွတ်နိုင်တဲ့နည်းလမ်း၊ တစ်နည်းအားဖြင့် လူ့ဘဝမှာ ပြဿနာပေါင်း သောင်းခြောက်ထောင်လို့ ပြောကြတယ်။

http://www.dhammadownload.com



အဲဒီတော့ တစ်နေ့ အကြိမ်ပေါင်း ၁၆၀၀၀ ကျော် အသုံးချနေတဲ့ ထွက်လေဝင်လေကို (၁၀၀)လောက်ကလေးမျှ နေ့စဉ်နေ့တိုင်း သတိပြု ရှုမှတ်နေလို့ရှိရင် ပြဿနာပေါင်း သောင်းခြောက်ထောင် ငြိမ်းတယ်လို့ ယုံကြည်ရမယ်။ ပြဿနာပေါင်း ၁၆၀၀၀ က မြန်မာစကား တကယ်တမ်းက မကဘူးထင်တယ်နော်။

ရွာပြင်ထွက် ဇရပ်ပေါ် သွားပြီး စာရေးတဲ့လူသုံးယောက်လိုပေ့ါ။ လူတစ်ယောက် စိတ်ညစ်လို့ ရွာပြင်က ဇရပ်သွားတယ်။ မြေဖြူတစ်ချောင်းတွေ့တာနဲ့ ကောက်ပြီးရေးလိုက်တယ်။ **“လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋေ”**လို့ ရေးထားတယ်။ သောင်းခြောက်ထောင် မကဘူး။ စိတ်ပြေလက်ပျောက် ရေးပြီးပြန်သွားတယ်။

နောက်တစ်ယောက်ကလဲ စိတ်ညစ်လို့လာပြန်ရော၊ သူက အဲဒီစာလေး ကြည့်ပြီးတော့ “အံမယ်၊ သူ့အပူက ဆယ်ကုဋေဆိုပါလား၊ ငါ့မှာ ဆယ်ကုဋေတောင် မကဘူး”ဆိုပြီး အဲဒီ စာဖျက်ပြီးတော့ **“လူတစ်ခု ပူမှုရယ်တဲ့ ကုဋေကုဋာ”**လို့ ရေးပြန်တယ်။

နောက်တစ်ယောက်ကလဲ လာပြန်တယ်။ အဲဒီဇရပ် တွေးရင်းတောရင်းနဲ့ ရောက်သွားတယ်။ ဇရပ်ပေါ် ဟိုကြည့်၊ ဒီကြည့် ကြည့်တော့ စာတန်လေးတွေ့တယ်။

တွေ့တော့ “ဒီလူ့အပူက ကုဋေကုဋာ ဆိုပါလား”၊ သူကလဲ အရင်စာကိုဖျက်ပြီး **“ပူသရွေ့ လူတွေ့ကိုမခံချင်ဘူး”**လို့ ရေးပြန်တယ်။

ပြဿနာပေါင်း ၁၆၀၀၀ ကျော် ပြဿနာငြိမ်းချင်ရင်တော့ တစ်နေ့ အကြိမ်ပေါင်း ၁၆၀၀၀ ကျော်မက အသုံးချနေတဲ့ ထွက်လေဝင်လေကို ရှုမှတ်ပွားများရမယ်။

http://www.dhammadownload.com



အဲလို ရှုမှတ်ပွားများပြီးနေရင် မြတ်စွာဘုရား သာသနာတော်မှာ အကြိမ်ပေါင်း ၁၆၀၀၀ ကျော် ဆုံးမတဲ့စကားရှိတယ်။

အဲဒါက ပမာဒ ဖယ်ရှားပြီး အပ္ပမာဒတရား ပွားများပါတဲ့။

ပမာဒ ဆိုတာ အာရုံငါးပါး လိုက်စားနေတာ။ ဒုစရိုက်တွေ လုပ်နေတာ။ ပမာဒ မေ့လျော့ပြီးနေတာ၊ ကုသိုလ်တရားတွေကို မေ့နေတာ။ အဲဒီသုံးချက်ကို ဖယ်ရှားနိုင်မှ အပ္ပမာဒ။ အဲဒီ အပ္ပမာဒနဲ့ ပြည့်စုံကြလို့ မိန့်ကြားတော်မူတာ။ အကြိမ်ပေါင်း ၁၆၀၀၀ ကျော်တယ်။

ဒါကြောင့် မိမိတို့သန္တာန်မှာ မိမိတို့အသိုင်းအဝိုင်းမှာ ရှိနေတဲ့ ပြဿနာပေါင်း ၁၆၀၀၀ ကျော် ပျောက်ချင် ဝေးချင်လို့ရှိရင် အကြိမ်ပေါင်း ၁၆၀၀၀ ကျော်မက အသုံးချနေကြတဲ့ ထွက်လေဝင်လေကို ရှုမှတ် ပွားများပြီးတော့ မြတ်စွာဘုရား မိန့်ကြားတဲ့အကြိမ်ပေါင်း ၁၆၀၀၀ ကျော် ဩဝါဒကို လိုက်နာနေနိုင်ရင် ပြဿနာပေါင်း ၁၆၀၀၀ ကျော် ငြိမ်းနိုင်တယ်။

အကြိမ်ပေါင်း ၁၆၀၀၀ ကျော် မိန့်ကြားတဲ့ ဩဝါဒက အပ္ပမာဒ ဩဝါဒ။ အကြိမ်ပေါင်း ၁၆၀၀၀ ကျော်မက အသုံးချနေတာက ထွက်လေ ဝင်လေ။

ထွက်လေဝင်လေ အသုံးချနေတဲ့ ပုဂ္ဂိုလ်တိုင်း ပြဿနာပေါင်း ၁၆၀၀၀ နဲ့တွေ့ပြီး ဘယ်သူမှ မငိုချင်ဘူး၊ မမွဲချင်ဘူး၊ ဘယ်သူမှ မပူဆွေးချင်ဘူး၊ အမလေး ငိုရတာ အရသာရှိလိုက်တာလို့ ဘယ်သူမှ မပြောကြပါဘူး။ ပူဆွေးရတာ သိပ်ကောင်းတာပဲလို့ ဘယ်သူမှ မပြောကြပါဘူး။ အငို၊ အဆွေး၊ အမွဲ၊ အကွဲကို ဘယ်သူမှ မလိုချင်ကြဘူးတဲ့။ မလိုချင်တဲ့အတွက် ပြဿနာလို့ ခေါ်တာကိုး။

http://www.dhammadownload.com



ဓမ္မမာဂမ္မ= သံသရာဝဋ်ဆင်းရဲ ကရွတ်ခွေမှ လွတ်စေနိုင်ကြောင်း တရားကောင်းကို အကြောင်းပြုစွဲမှီ၍၊ ဒေသကံ= လေးဆယ့်နှစ်ငါး ရှည်မြင့်လျားအောင် ဟောကြားမြွက်ဖော် ဆုံးမတော်မူတတ်သော၊ အမတဒံ= မြိုက်ရည်ချိုဆိမ့် ပီတိငြိမ့်အောင် ဟောမိန့်သာကြွ ပေးသနားတော်မူတတ်သော၊ ဗုဒ္ဓံ= အကျင့်စရိုက် အသင့်လိုက်၍ အမြိုက်ရည်ကို တိုက်ကျွေးတော်မူတတ်သည့် ကျေးဇူးကြီးမား တရား သခင်ဘုရားရှင်ကိုလည်းကောင်း၊

ဓမ္မောဇာ မတလိမ္ပိတံ= ကိလေချေးဖြူ ဖွေးဖွေးဖြူသည့် မွေးကြူပြန့်ငြိမ်း အမြိုက်ရည်လိမ်းတော်မူအပ်သော၊ သံဃဉ္စ= ရှစ်ယောက်အရိယာ မြတ်သံဃာကိုလည်းကောင်း၊ သံဃဉ္စ= စာပေ ကျမ်းဂန် သင်အံပို့ချခြင်း သာသနာ့လုပ်ငန်း။ သီလသမာဓိပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားတို့ကို ကြိုးစားအားထုတ်ခြင်း တည်းဟူသော သာသနာ့လုပ်ငန်း နှစ်ရပ်တို့ကို ကျင့်ဆောင်တော် မူကြ၍ ဤဗုဒ္ဓမြတ်စွာ အဆုံးအမ သာသနာတော်မြတ်ကြီးကို တပည့်တော်တို့နှင့် ကြုံရလေအောင် ဆုံရလေအောင် လက်ဆင့်ကမ်း ပုခုံးပြောင်း၍ ရွက်ဆောင်တော်မူလာကြသော သံဃာတော် အရှင်မြတ်များကိုလည်းကောင်း၊

မာနေန္တိ= ကျေးဇူးဂုဏ်သိရ် နှလုံးအိမ်၌ တည်ငြိမ်မွေ့အောင်း မရွေ့ပြောင်းပဲ နှစ်ထောင်းအားရ ကြည်ညိုမြတ်နိုးကြပါကုန်သည် တကား။

သာဓု - သာဓု - သာဓု

➤➤➤➤➤

http://www.dhammadownload.com



# လယ်တီမှုဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်
# ပဓာန နာယကဆရာတော်ကြီး၏
# ဩဝါဒတော်

ယနေ့ သာသနာနှစ် ၂၅၅၁ ခုနှစ်၊ ၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆို လကွယ်နေ့။

လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်မှာ နေကြတဲ့ ရဟန်းသာမဏေများ၊ သာသနာ့နွယ်ဝင် သီလရှင်များအား ဩဝါဒ မပေးရတာကြာလို့ ဩဝါဒပေးခြင်း ဖြစ်တယ်။

ဩဝါဒဆိုတဲ့နေရာမှာ သတိပေးတာလေးတွေလဲ ပါပါလိမ့်မယ်။

ဘုန်းကြီးတို့ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် အရှုပ်အထွေး မသေးခဲ့ဘူး။ အားလုံး သိခဲ့ မြင်ခဲ့တဲ့အတိုင်းပဲ။

အရှုပ်အထွေးလဲ မသေးဘူး၊ နာမည်ပျက်တာကလဲ ပျက်မှ ပျက်။ "ပျက်အစဉ် ပြင်ခဏ"ဆိုတဲ့အတိုင်းပဲ။ (၄)နှစ်၊ (၅)နှစ်လောက် ပြင်ဆင်ပြီးတော့ လာခဲ့တာ။ ပြင်လို့ရတဲ့ အပိုင်းရောက်ရှိခဲ့ပါပြီ။

တရားစခန်းတွေကလဲ အကြိမ်ကြိမ် ကျင်းပလာခဲ့တာ။ အောင်အောင်မြင်မြင်နဲ့ ကျင်းပလာနိုင်တယ်။ ဒကာ ဒကာမတွေလဲ အားထုတ်ကြတယ်။ လျှုဒါန်းတဲ့ပုဂ္ဂိုလ်တွေလဲ လျှုဒါန်းကြတယ်။

ဒီကမ္မဋ္ဌာန်းကျောင်းတိုက်ထဲမှာ ရဟန်းသာမဏေများ၊ သာသနာ့နွယ်ဝင် သီလရှင်များ ရှိနေကြတယ်။

သာသနာ့နွယ်ဝင် သီလရှင်များအနေနဲ့ တရားစခန်းများမှာ ဝင်ရောက်ပြီး အားထုတ်မယ်ဆိုရင် အားထုတ်နိုင်ကြပါတယ်။

http://www.dhammadownload.com



လာမည့် လပြည့်ကစပြီးတော့ မိမိတို့ တရားဝင်မယ်ဆိုရင် အခြားယောဂီများလိုပဲ ကိုယ့်နေရာမှာနေပြီး တရားအားထုတ်တဲ့ အချိန် အချိန်မှန်အားထုတ်ပြီးတော့ အခြားယောဂီများလိုပဲ စာရင်းသွင်းပြီးတော့ အားထုတ်ကြဖို့ပါပဲ။

ရဟန်းတော်များဖြစ်စေ၊ သာမဏေများဖြစ်စေ၊ သာသနာ့နွယ်ဝင် သီလရှင်များဖြစ်စေ၊ အခုအချိန်အခါမှာ ရဟန်းသာမဏေများ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်အောက်မှာ နေကြရတယ်။

သာသနာ့နွယ်ဝင် သီလရှင်များအနေနဲ့ ဟိုတုန်းကတော့ ပေါက်လွှတ်ပဲစား ဘယ်ကနေ ဘယ်လိုဝတ်လာမှန်းမသိ၊ ဘယ်ကနေ ဘယ်စာရင်းသွင်းမှန်းမသိ၊ ဘယ်ကနေ ဝါဆိုသီလရှင်စာရင်း ပေးသွင်းထားမှန်းလဲမသိ၊ ဒီလို နေထိုင်လာခဲ့ကြတယ်။

အရေအတွက်တောင် ဘယ်လောက်ရှိလို့ ရှိမှန်းမသိ။ လွန်ခဲ့တဲ့ ဆယ်နှစ်တာကာလက သာသနာ့နွယ်ဝင် သီလရှင်များနဲ့ ပတ်သက်ပြီးတော့ ညွှန်ကြားချက်များ၊ စည်းမျဉ်း စည်းကမ်းများ နိုင်ငံတော်က ထုတ်ပြန်ပြီးထားတော့ အဲဒီ စည်းမျဉ်း စည်းကမ်းများကို လိုက်နာဖို့ လိုပါတယ်။

## တူ (၃)တူ

အထူးသဖြင့် ကျောင်းတိုက်က ထုတ်ပြန်ထားတဲ့ စည်းမျဉ်း စည်းကမ်းများကိုလဲ လိုက်နာကြဖို့လိုပါတယ်။ နောက်ပြီးတော့ ရဟန်းသာမဏေများဘက်ကို ကြည့်မယ်ဆိုရင် စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြတယ်။ တသြဇာတည်း။ တူ (၃)တူနဲ့ အုပ်ချုပ်နိုင်တာ တွေ့ရတယ်။

http://www.dhammadownload.com



- ဆွမ်းစားတူတယ်။
- ဩဝါဒတူတယ်။
- ဘုရားရှိခိုးတူတယ်။

ရဟန်းသာမဏေများက တူ (၃)တူနဲ့ နေကြထိုင်ကြသော်လဲပဲ သာသနာ့နွယ်ဝင် သီလရှင်များကတော့ ဖွာဇာကျဲပြီးတော့ အုပ်ချုပ်သူဆရာတော်တွေပေါ် လေးစားမှုနည်းတယ်။ ဘုန်းကြီးက တိုက်ရိုက်မအုပ်ချုပ်နိုင်တော့ ဒီမှာ တိုက်အုပ်၊ တိုက်ကြပ် ဆရာတော်တွေက အုပ်ချုပ်တယ်။

ကျောင်းတိုက်စည်းကမ်းနဲ့ ပတ်သက်လို့ သာသနာ့နွယ်ဝင်သီလရှင်များ စည်းကမ်းနဲ့ပတ်သက်လို့ အုပ်ချုပ်တဲ့ ဘုန်းကြီးခန့်ထားတဲ့ တိုက်အုပ်၊ တိုက်ကြပ်ဆရာတော်များက ကိုင်တွယ်အုပ်ချုပ်နေကြပါတယ်။ အဲဒီဆရာတော်များရဲ့ စကားနားထောင်ဖို့တော့ လိုတယ်။

သို့သော်လဲ အခုဘုန်းကြီး တွေ့နေရတဲ့အချက်အလက်လေးတွေ ပြောပြချင်ပါတယ်။ အချက်အလက်တွေထဲမှာ -

(၁) အချို့သီလရှင်များ ရန်ဖြစ်ပါတယ်။ မြို့နယ်သံဃနာယကအဖွဲ့အစည်းကလဲ ပြောပါတယ်။ အဲဒီ သီလရှင်များကို အခုဝါဆိုကာနီးမို့လို့ ဘုန်းကြီး ပပြီး မထုတ်နိုင်သေးပါဘူး။ သို့သော်လဲ ဝါဆိုစာရင်းသွင်းထားပေမယ့် သီတင်းဝါလကျွတ်တဲ့အခါ နေရာထိုင်ခင်း ရှာကြဖို့ ပြောလိုပါတယ်။ မရှာပဲနဲ့ ကပ်နေမယ်ဆိုရင်တော့ ဆရာလေးတို့ ကိုယ့်တာဝန်နဲ့ကိုယ် တာဝန်ယူရလိမ့်မယ်။

(၂) အိမ်ထောင်ကျပြီးမှ ဝတ်ကြတဲ့ သီလရှင်အချို့ ရှိပါတယ်။ အဲဒီသီလရှင်များက သားငယ်၊ သမီးငယ်တွေနဲ့၊ အိမ်ရှင်တွေနဲ့ မပြတ်မစဲပဲနဲ့ အဲဒီလိုနေတာတွေလဲ ကြားရပါတယ်။ အဲဒီဆရာလေးများကိုလဲ

http://www.dhammadownload.com



မိမိတို့ကျောင်းတိုက်မှာ ဆက်ထားဖို့ ရည်ရွယ်ချက်မရှိပါဘူး။

(၃) ဒီကျောင်းတိုက်နဲ့ ပတ်သက်လို့ အငြင်းပွားဖွယ်၊ ပိုင်ဆိုင်မှုဘာမှ အငြင်းပွားဖွယ် မရှိတော့ပါဘူး။

ဘုန်းကြီးမှတစ်ပါး ကျန်တဲ့ဘုန်းကြီးလဲ မပိုင်ဘူး။ ဦးဇင်းလဲ မပိုင်ဘူး။ ဆရာလေးတွေလဲ မပိုင်ဘူး။ အဲလို မပိုင်တဲ့အခါ ဘုန်းကြီးပိုင်နက်၊ ဘုန်းကြီးတို့ အန္တယ်တော်ဝင်ကျောင်းတိုက်များ ထိန်းသိမ်းစောင့်ရှောက်ရေး ဆရာတော်များပိုင်နက် ဤကျောင်းတိုက်ထဲမှာ ဆရာတော် သံဃာတော်များဖြစ်တဲ့ ဘုန်းကြီးကိုလဲ မလျှောက်ဘူး။ တိုက်အုပ် တိုက်ကြပ်လဲ မလျှောက်ပဲနဲ့ နေရာအသီးသီး ကျောင်းတိုက်အသီးသီးမှာ ဝင်ရောက်ပြီး ကျူးကျော်နေထိုင်တဲ့ ဆရာလေးတွေ ရှိပါတယ်။

အဲဒီ ဆရာလေးတွေကို ဘုန်းကြီးအသိအမှတ် မပြုပါဘူး။ နောက်ဆုံး သီလရှင်ငယ်ပေါက်စလေးပဲဖြစ်ဖြစ် ဘုန်းကြီးတို့ မလျှောက်ထားပဲနဲ့ လက်ခံတာမျိုး ဘုန်းကြီးတို့ အသိအမှတ်မပြုနိုင်ပါဘူး။ ဝါဆိုစာရင်းထဲလဲ မထည့်နိုင်ပါဘူး။

ဝါဆိုစာရင်းလဲ ယခင်နှစ်က ရှိပြီးဝါဆိုစာရင်းထက် ပိုပြီးတော့ ဘုန်းကြီးတို့ အသိအမှတ်မပြုပါဘူး။ ဒါကြောင့်မို့ မိမိတို့နဲ့ ပတ်သက်တဲ့ အချို့ဆရာလေးတွေ အပိုအလျှံ လက်ခံထားလို့ရှိရင် ဒါလေးတွေ ရှင်းပေးထားပါ။

နောင်သောအခါ "မပြောဘူး" မရှိပါနဲ့။ ဘုန်းကြီးတို့ အခုပြောတာပါပဲ။ အဲဒီတော့ မိမိတို့က ဇရပ်တစ် လုံးဖြစ်စေ၊ ကျောင်းတစ်ကျောင်းဖြစ်စေ ဘုန်းကြီးတို့ထားတဲ့နေရာမှာ နေဖို့အရေးကြီးပါတယ်။ အခု အရှေ့ဘက်က ကျောင်းအသီးသီးမှာ လွန်ခဲ့တဲ့နှစ်က

http://www.dhammadownload.com



စပြီး ရွှေ့ပြောင်းထားခဲ့ပါတယ်။

ဒါဆရာလေးတွေ သီးသီးသန့်သန့်ဖြစ်အောင် ထားတာပါ။ နားထောင်ပါ။ နားမထောင်တာ ဒုဗ္ဗစသဘော သက်ဝင်ပါတယ်။

ဆရာသမားတွေ၊ ကျောင်းတိုက်မှာရှိတဲ့ ဆရာတော်တွေကို ကလန်ကဆန်လုပ်ရတာဟာ အင်မတန်အရသာရှိတယ်လို့ ဆရာလေးတို့ မတွက်ပါနဲ့။

ကိုယ်မပိုင်ပဲနဲ့ ကျောင်းပေါ်မှာတက်နေပြီး ဆရာတော်က မထားပဲနဲ့ ကိုယ့်ဟာကို အပိုင်စီးနေခြင်းဖြင့် အသာမယူစေချင်ပါဘူး။ လူပုဂ္ဂိုလ် အိမ်ရှင်အိမ်ငှားတွေ အပိုင်စီးတာ ကိစ္စမရှိပါဘူး။ ဆရာလေးတွေက ဘုန်းကြီးကျောင်း အပိုင်စီးတယ်။ ကမ္မဋ္ဌာန်းကျောင်းတိုက် အပိုင်စီးတယ်ဆိုတာ ကြားလို့လဲ မကောင်းဘူး။ တော်လဲ မတော်ဘူး။

ဘုန်းကြီးတို့က အချိန်ကြာကြာကြီးတော့ သည်းခံခွင့်လွှတ်မနေပါဘူး။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သံဃာ့အဖွဲ့အစည်းထံ ပန်ကြားရမှာပါ။ ဒါအထူးသတိပေးတာပါပဲ။

အဲဒီတော့ ရဟန်းသံဃာများမှာလဲ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၊ သာသနာ့နွယ်ဝင် သီလရှင်များလဲ အဖွဲ့အစည်း အဆင့်ဆင့်အောက်မှာ နေကြတာပါပဲ။ စည်းမျဉ်းနဲ့ စည်းကမ်းနဲ့ ဥပဒေနဲ့ပါ။

ဘုန်းကြီးတို့ နိုင်ငံတော်မှာလဲ စည်းမျဉ်းနဲ့ စည်းကမ်းနဲ့ တရားဥပဒေနဲ့ပါ။ ဒီကျောင်းတိုက်ကြီး ပိုင်ဆိုင်မှုနဲ့ပတ်သက်ပြီး ဘုန်းကြီးတို့ တရားဥပဒေအဆင့်ဆင့် အကြိမ်ကြိမ် (၄၇)ပါးစုံညီမှာ အကြိမ်ကြိမ် အဆုံးအဖြတ်ခံပြီးတော့မှ ရယူပြီးပြတ်ပြီး ဖြစ်ပါတယ်။

http://www.dhammadownload.com



ပိုင်ဆိုင်မှုနဲ့ ပတ်သက်လို့ ဘာမှကို အရှုပ်အထွေးမရှိတဲ့ နေရာဆိုတာ ဆရာလေးများ သိစေချင်ပါတယ်။

ဒီကျောင်းတိုက်ထဲမှာ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က ပိုင်ဆိုင်တဲ့ကျောင်းရယ်လို့ မရှိပါဘူး။ ဘယ်ကျောင်းမှ၊ ဘယ်ဇရပ်မှ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က ဝိနည်းဥပဒေ၊ လောကဥပဒေ ကြောင်းအရ ပိုင်ဆိုင်တာ လုံးဝမရှိပါဘူး။

နောင်သောအခါမှာလဲပဲ သာသနာ့နွယ်ဝင် သီလရှင် တစ်ယောက်ယောက်က ပိုင်ဆိုင်မှုနဲ့ တရားစွဲလို့တောင်မှ ခွင့်မရတော့ ပါဘူး။

ဒါကြောင့်မို့ ဆရာတော်တွေ ပိုင်ဆိုင်တဲ့ကျောင်းပဲလို့ ငါတို့ မပိုင်ဘူးဆိုတဲ့ အသိလေးတော့ရှိပြီး သတိထားနေကြဖို့ မိမိတို့ ကျောင်းတိုက်အသီးအသီး ဆရာတော်တွေထားတဲ့ ကျောင်းမှာပဲ နေကြပါ။

ဆရာတော်တွေထားတဲ့ကျောင်းမှ မနေပဲ မိမိတို့ နေချင်ရာ နေမယ်။ နေချင်သလိုနေမယ်ဆိုရင်တော့ အဲဒီလိုနေတဲ့ ဆရာလေး တွေရဲ့ တာဝန်။ မိမိတို့တာဝန် မိမိယူရမယ်လို့ ပြောချင်ပါတယ်။

ဘုန်းကြီးတို့ မနှစ်ကနေရာထိုင်ခင်းတွေ ပေးပြီးတော့ ဆရာ လေးတွေကို ကျောင်းရွှေ့ခိုင်းတဲ့ အခါကျတော့ တစ်ချို့ဆရာလေး တွေက ရွှေ့ကြတယ်။ တစ်ချို့ဆရာလေးတွေက မရွှေ့ကြဘူး။

အဲဒီတော့ (၂)မျိုးရှိပါတယ်။

"မရွှေ့တော့ ဘာဖြစ်သလဲ"

"မရွှေ့တော့ စကားနားမထောင်တဲ့ ဒုဗ္ဗစဆရာလေးများလို့ သတ်မှတ်ရမှာပါပဲ။ သတ်မှတ်ထားပါတယ်။"

http://www.dhammadownload.com



ဒုဗ္ဗစဆရာလေးများ ရေရှည်မကောင်းပါဘူး။ ဒါကြောင့်မို့ အခုလဲပဲ ဆရာလေးတို့က ဘုန်းကြီးတို့ထားတဲ့ နေရာမှာသာ နေပါ့မယ်။ တပည့်တော်တို့ ဆရာတော်တွေပိုင်တဲ့ကျောင်းကို အပိုင်စီးပြီး မနေပါဘူးဆိုရင် တိုက်အုပ်၊ တိုက်ကြပ် ဆရာတော်များအား လျှောက်ထားပါ။ ဘုန်းကြီးများက နေရာစီမံပေးပါလိမ့်မယ်။

အဲဒီလိုနေရင် ပိုကောင်းပါတယ်။ လူပုဂ္ဂိုလ်များ မဟုတ်ပါဘူး။ ဘုန်းကြီးတို့ သာသနာတော်မှာ ဘုန်းကြီးကျောင်းကို သီလရှင်များက အပိုင်စီးပြီးတော့နေတာ မြန်မာပြည်တစ်ပြည်လုံးမှာ ဒီကျောင်းတစ်ခုပဲ ကြားဖူးတယ်။ အခြားမှာ မကြားဖူးဘူး။

မိမိတို့ထက် မြင့်မြတ်တဲ့ သံဃာတော်တွေကို အမြဲဆန့်ကျင်ပြီးတော့ နေတာမျိုးဟာ ငရဲကြီးတယ်လို့ သိထားကြပါ။

ကုသိုလ်ကံ အကုသိုလ်ကံ ယုံကြည်ပါတယ်ဆိုရင်တော့ သံဃာတော်တွေကို မဆန့်ကျင်ကြပါနဲ့။

ဆန့်ကျင်တာ လွယ်ပါတယ်။ အင်မတန်လွယ်ပါတယ်။

**ဆန့်ကျင်မဖွယ် မခက်လွယ်**

**သူငယ်သော်လည်း တတ်နိုင်သည်။**

ဆန့်ကျင်တယ်ဆိုတာ မခက်ဘူး။ လွယ်လွယ်လေးပါ။ ကလေးသူငယ်တောင်မှ တတ်နိုင်ပါတယ်။

**မဆန့်ကျင်ဖွယ် ခက်,မလွယ်**

**ပညာကြွယ်မှ စွမ်းနိုင်သည်။**

မဆန့်ကျင်တဲ့ အပြုအမူဆိုတာ အင်မတန်ခက်ပါတယ်။ မလွယ်ပါဘူး။ အသိဉာဏ်ပညာရှိမှသာ စွမ်းနိုင်ပါတယ်။

http://www.dhammadownload.com



အချို့ဆရာလေးများက လွန်ခဲ့တဲ့နှစ်က ဘုန်းကြီးက မေတ္တာရပ်ပါတယ်။ မေတ္တာရပ်တဲ့အခါ ဘုန်းကြီးတို့ထားတဲ့နေရာလေးတွေမှာ နေပါဆိုတော့ စာရင်းလာသွင်းကြတယ်။

အချို့ဆရာလေးတွေက အပြင်က မှော်ဘီတို့က စာရင်းသွင်းတာတွေရှိတယ်။ ဒါကိုတော့ ဘုန်းကြီးက လက်မခံပါဘူး။

အခုလဲ ပြီးခဲ့တဲ့နှစ်က ဝါဆိုစာရင်းနဲ့ တိုက်ဆိုင်၊ မိမိတို့ကိုယ်တိုင် သိကြပါတယ်။ ဘုန်းကြီးတို့ကတော့ တိုက်ဆိုင်ပြီးတော့ ကြည့်နေတာပဲ။ အဲဒီ ဝါဆိုစာရင်းနဲ့ တိုက်ဆိုင်လို့ အပိုအလျှံဖြစ်တဲ့ ဆရာလေးများကို လက်မခံပါဘူး။

နောက်ထပ် အပိုလက်မခံပါဘူး။ ရှိပြီးသား ဆရာလေးများ စနစ်တကျရှိသည်တိုင်အောင် ဒီလိုပဲ ကျင့်သုံးရမှာပါပဲ။ အဲဒီတော့-

- ရန်ဖြစ်တဲ့ ဆရာလေးများ၊
- မိမိတို့ သီလရှင်ဝတ် နေသော်လဲ မိမိအိမ်ရှင် အိုးအိမ်နဲ့ မပြတ်စဲပဲနဲ့ အမြဲတမ်းအဝင်အထွက် ရှိတဲ့ ဆရာလေးများ၊
- မိမိတို့ မပိုင်ပဲနဲ့ ဆရာတော်တွေ ပိုင်နက်ကျောင်းတွေမှာ ကိုယ့်ဖာသာကို တက်နေတဲ့ ဆရာလေးများ၊
- မိမိပိုင်ကျောင်းတိုက်မဟုတ်ပဲနဲ့ ဆရာလေးအသစ် လက်ခံနေတဲ့ ဆရာလေးများ၊

အဲဒီဆရာလေးတွေဟာ ဝါဆိုစာရင်း ပါစေကာမူ ဝါဆိုစာရင်းက ပယ်ပြီးသားလို့ ဒီလိုသာ အောက်မေ့မှတ်ယူကြပါ။

အကြောင်းအားလျော်စွာ မေ့နေတယ်မထင်ပါနဲ့။ မမေ့ပါဘူး။ အဲဒီလို ဆရာလေးများကို သာသနာ့နွယ်ဝင် ကျင့်စဉ်ပျက်လို့ ထားလို့တဲ့ စိတ်မရှိဘူး။ အခုလဲ မထားပါဘူး။

http://www.dhammadownload.com



အဲလို ဇရပ်တွေပေါ်မှာ ကိုယ်မပိုင်တဲ့ ဇရပ်ပေါ်မှာ အနိုင်ကျင့်တဲ့ သဘောမျိုး၊ ဘုန်းကြီးကို သီလရှင်က အနိုင်ကျင့်တာ ဒီတစ်နေရာပဲ ရှိပါတယ်။

အဲဒါကြောင့်မို့ သူတော်ကောင်းစိတ်ခာတ်ထားပြီး သြော် မိမိတို့ ဆရာတော်တွေ ဆုံးမတာ နားထောင်မယ်။ နားထောင်ပြီးတော့ နေမယ်။ ထားရာမှာ နေမယ်။ ထားတဲ့ဇရပ်မှာ နေမယ်။ ထားတဲ့ ကျောင်းမှာ နေမယ်။ တရားဘာဝနာများလဲ ဝင်ရောက်ပြီး အားထုတ်မယ်ဆိုလို့ရှိရင်တော့ ဘုန်းကြီးတို့ သာခု ခေါ် ရမှာပါပဲ။

သို့သော်လဲပဲ စောစောကပြောသလို နားလဲမထောင်ဘူး။ ထားရာလဲ မနေဘူး။ ရန်လဲဖြစ်တယ်။ မိမိပိုင် ကျောင်းမဟုတ်ဘဲနဲ့ အသစ်အသစ်ဆရာလေးတွေ လက်ခံမယ်။ မိမိမပိုင်တဲ့ကျောင်း မိမိတို့က ကျူးကျော်ပြီးတော့ ဝင်ရောက်နေထိုင်မယ်ဆိုရင်တော့ အဲဒီဆရာလေးတွေကို ရွေးထုတ်ပြီးတော့ တစ်နေ့မှာ ရှင်းရမှာပါပဲ။

သက်ဆိုင်ရာနဲ့ ရှင်းလို့ရတဲ့နည်းတွေ ရှိပါတယ်။ တရားဥပဒေ စိုးမိုးတဲ့နိုင်ငံမှာ သံဃအဖွဲ့အစည်းဆိုင်ရာ ဥပဒေ၊ သာသနာ့ နွယ်ဝင် သီလရှင်များဆိုင်ရာ ဥပဒေ၊ လောကဓမ္မဥပဒေများ အတွင်းက နေမယ်ဆိုရင်တော့ ဆရာလေးတို့ ကုသိုလ်လဲရတယ်။ စိတ်လဲ ချမ်းသာမယ်။ ဒီလိုမဟုတ်ပဲနဲ့ အပိုင်စီးပြီး ဇရပ်တစ်လုံး၊ ကျောင်း တစ်လုံးကို အပိုင်စီးနေလို့တော့ တစ်သက်လုံး ပိုင်မှာမဟုတ်ပါဘူး။

ဘာကြောင့်လဲဆိုတော့ နောက်ထပ် တစ်စုံတစ်ယောက်က တရားစွဲပိုင်ခွင့်မရှိတဲ့ ကျောင်းတိုက်မို့ပါပဲ။ တရားစွဲလို့လဲ မရဘူး။ စွဲယူပြန်ရင်လဲ အထောက်အထား ဘာမှမရှိတဲ့အတွက် ဆရာလေးတို့ ပိုင်စရာအကြောင်း မရှိဘူး။ ဘုန်းကြီးအား လှူတဲ့ဂေါပကအဖွဲ့က

http://www.dhammadownload.com



အမှုနိုင်ငံဂေါပကပါ။ အနိုင်ငံဂေါပကက ဘုန်းကြီးအား လျှာဒါန်းထားလို့ ဘယ်သူကမှ တရားစွဲရယူပိုင်ခွင့် မရှိတော့ပါ။

တစ်ချိန်က ရဟန်းအချို့၊ လူအချို့က တရားစွဲခဲ့ဖူးတယ်။ (၄၇)ကလဲ လက်မခံ၊ ရှေ့နေချုပ်ရုံးကလဲ ပယ်ချခဲ့ဖူးတယ်။

ဒါကြောင့် ကိုယ်ပိုင်ဇရပ်နဲ့ ကိုယ်ပိုင်ကျောင်းနဲ့မှ နေချင်တယ် ဆိုရင်တော့ မြေကွက်တွေ ချပေးနေတာရှိပါတယ်။ အစွမ်းအစရှိတဲ့ ဆရာလေးတွေက ကိုယ်ပိုင်ဇရပ်၊ ကိုယ်ပိုင်ကျောင်းတွေ တည်ဆောက် နေကြတဲ့အတွက် နိုင်ငံတော်က ဆရာလေးတွေကိုလဲ အားပေးနေပါ တယ်။

ဆွမ်းဆန်တော်လှူတဲ့နေရာတွေမှာ ဘုန်းကြီးတို့ မရမ်းကုန်း မှာဆိုရင် ဘုန်းကြီးစာသင်တိုက်က (၃၃)တိုက်၊ ဆရာလေးတွေက စာသင်တိုက် (၈)တိုက် ရှိပါတယ်။

ဒါဘာလဲဆိုတော့ သံဃာတော်ဖြစ်စေ၊ ဆရာလေးဖြစ်စေ သာသနာ့အလုပ်ကို လုပ်နေရင် နိုင်ငံတော်က အားပေးပါတယ်။ အဲဒီလိုမဟုတ်တဲ့ ကျောင်းတိုက်ကိုဖြစ်ဖြစ်၊ နိုင်ငံတော်ကိုဖြစ်ဖြစ် ဆန့်ကျင်နေတဲ့ဆရာလေးများ၊ သို့မဟုတ် ရဟန်းသာမဏေများ၊ ဘယ်သူ့ကိုမှ နိုင်ငံတော်က ချီးမြှောက်တဲ့ အစဉ်အလာမရှိပါဘူး။

ဒါကြောင့်မို့ အားလုံးရဟန်း သာမဏေများ၊ သာသနာ့နွယ်ဝင် သီလရှင်များ မဆန့်ကျင်ပဲနဲ့ ဘုန်းကြီးတို့ထားတဲ့နေရာလေးမှာ နေပြီးတော့ တရားဘာဝနာကမ္မဋ္ဌာန်း လပြည့်နေ့တိုင်း ဖွင့်တဲ့ လယ်တီ ဝိပဿနာ (၇)ရက်တရားစခန်း ဝင်ရောက်အားထုတ်ကြပါလို့ ပြောကြားရင်းနဲ့ ဘုန်းကြီးရဲ့ ဩဝါဒစကားကို နိဂုံးချုပ်ပါတယ်။

➤➤➤➤➤

http://www.dhammadownload.com



လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ
လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့၊ ဥက္ကဋ္ဌ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်(၁)
ကလေးဝတောရဆရာတော်
ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
အဂ္ဂမဟာပဏ္ဍိတ
ပရိယတ္တိသာသနဟိတဓရ

## လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ
၏
## နိဂုံးစကား

မြတ်စွာဘုရား၏ အဆုံးအမသာသနာတော်သည်၊ ဝါ= မြတ်စွာဘုရား၏ စကားတော်သည် ပိဋကအားဖြင့် သုံးပုံ၊ နိကာယ် အားဖြင့် ငါးရပ်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်၊ ရသ၏ အစွမ်းဖြင့် တစ်ပါးရှိ၏ စသည်ဖြင့် ခွဲခြားရသည်။ ထို့တွင် ရသ၏ အစွမ်းဖြင့် တစ်ပါးကား "ဝိမုတ္တိရသ"ပင်တည်း။

**ဝိမုတ္တိရသအရ**

ရသ အရသာသည် (၄)မျိုးရှိ၏။ အရသာမျိုးစုံသည် ရသာယတန မည်သည်။

ဖိုလ် (၄)ခု စိတ္တုပ္ပါဒ်သည် အတ္ထရသ မည်သည်။ မဂ် (၄)ခု စိတ္တုပ္ပါဒ်သည် ဓမ္မရသ မည်သည်။ နိဗ္ဗာန်သည် ဝိမုတ္တိရသ မည်သည်။

http://www.dhammadownload.com



"ဝိမုတ္တိ သုခ ပဋိသံ ဝေဒီတိ ဝိမုတ္တိသုခံ ဖလသမာပတ္တိ သုခံ ပဋိသံဝေဒိယမာနော နိသိန္နော ဟောတီတိ အတ္ထော"ဟု ပထမ ဗောဓိသုတ်အဖွင့်၌ကား ဝိမုတ္တိသုခအရ အရဟတ္တဖိုလ် ချမ်းသာကို ခံစားတော်မူလျှက် နေတော်မူသည်ဟူသော စကားနှင့်အညီ ဝိမုတ္တိအရ ကိလေသာတို့မှ လွတ်ပြီးသော အရဟတ္တဖိုလ်ကို ကောက်ယူရသည်။

အရသာ မဟုတ်သော်လည်း ချိုမြိန်သာယာအပ်သော အနက်သဘောရှိကြသောကြောင့် ဖိုလ်လေးခု စိတ္တုပ္ပါဒ် ဟူသော အတ္ထ၊ မဂ်လေးခု စိတ္တုပ္ပါဒ်ဟူသော ဓမ္မ၊ နိဗ္ဗာန်ဟူသော ဝိမုတ္တိတို့သည် "ရသ"အမည်ရကြသည်။ အရသာမျိုးစုံ ရသသည် ပယ်မြစ်အပ်သော ရသဖြစ်သည်။

## ဝိမုတ္တိရသ

ပင်လယ်သမုဒ္ဒရာ၏ အံ့ဖွယ်တို့ကို မဟာရာဒအသုရိန်က လျှောက်ထားရာ၌ သမုဒ္ဒရာ၏ တစ်ခုတည်းသော ဆားငံအရသာ ရှိသကဲ့သို့ ဗုဒ္ဓမြတ်စွာသာသနာတော်၌ သတ္တဝါတို့ကို ပူပန်စေတတ်၊ နှိပ်စက်တတ်သည့် ကိလေသာတရားဆိုးတို့မှ လွတ်မြောက်ခြင်း ဟူသော တစ်ခုတည်းသောအရသာကို တွေ့ကြမြင်ကြသဖြင့် တပည့် သာဝကအားလုံး သာသနာတော်မှာ ပျော်ပိုက်တော်မူကြ၊ ကျေနပ် တော်မူကြသည် ဟူသော သာသနာ့အံ့ဖွယ်တော်တစ်ခုမှာ "ဝိမုတ္တိ ရသ" ပင်ဖြစ်သည်။

ကိံ သုပာဝေ သာဒုတရံ ရသာနံ= အရသာတွေထဲမှာ စင်စစ် အဘယ်အရသာသည် ချိုမြိန်လှစွာ သတ္တဝါတို့ သာယာအပ်တောင်း အရသာကောင်းမည်ပါသနည်းဟူသော အာဠဝက၏အမေးကို

http://www.dhammadownload.com



ဖြေဆိုရာ၌ "သစ္စံ ဟဝေ သာဒုတရံ ရသာနံ"ဟု ဖြေကြားတော်မူခဲ့သည်။ "ဖွတ်ဥ လိပ်သဲ နွားနို့ခဲ၊ အသီးမှာ သရက်၊ အသားမှာ ဝက်၊ အရွက်မှာ လက်ဘက်"ဟု လောကအကောင်း အရသာကို ပြောသကဲ့သို့ မဟုတ်ပဲ၊ မဟုတ်စကား ရှောင်ရှားပယ်ခွာ ဝစီသစ္စာသည် တစ်နည်းအားဖြင့် ပရမတ္ထသစ္စာ မည်သာထင်ရှား နိဗ္ဗာန်တရားသည် စင်စစ်ဧကန် အမှန်အားဖြင့် ချိုမြိန်လှစွာ သတ္တဝါတို့ သာယာအပ်တောင်း အရသာကောင်းမည်လေ၏"ဟု နိဗ္ဗာန်ဟူသော ဝိမုတ္တိရသသည် "သာဒုတရ"ချိုမြိန်လှစွာ သတ္တဝါတို့ သာယာအပ်တောင်း အကောင်းဆုံးအရသာဖြစ်ကြောင်း ဘုရားရှင်၏ အဖြေစကားတော် အရ ထင်ရှားသည်။

**ဝိမုတ္တိ (၂)မျိုး**

သုတ်ပါဠိအဋ္ဌကထာ သင်္ဂီတိသုတ် ဋ္ဌ-၃/၁၆၇ ၌ ဝိဇ္ဇာစ ဝိမုတ္တိစ ဟူသော ဒုကကိုဖွင့်ပြသည်။ ဝိမုတ္တိပုဒ်အဖွင့်၌ ဝိမုတ္တီတိ ဒွေ ဝိမုတ္တိယောဟု ဝိမုတ္တိ (၂)ပါးရှိပုံကို ဖွင့်ပြသည်။ သမာပတ်ရှစ်ပါးတို့ သည် နီဝရဏစသည်တို့မှ ကောင်းစွာလွတ်မြောက်သောကြောင့် အဓိမုတ္တိ မည်၏။ နိဗ္ဗာန်သည် အလုံးစုံသော အကြောင်းတရားတို့ ပြုပြင်စီရင် အပ်သော တရားတို့မှ လွန်မြောက်သောကြောင့် "ဝိမုတ္တိ" မည်၏ဟု ဖွင့်ပြသည်။

**ဝိမုတ္တိ (၅)မျိုး**

ဥဒါနအဋ္ဌကထာ ပဌမဗောဓိသုတ်အဖွင့် (၂၉)၌ ဝိမုတ္တိ (၅)မျိုးကို စုံစုံလင်လင် ဖွင့်ပြထားသည်။ ထို့အတူပင် မဟာပဒါနသုတ်

http://www.dhammadownload.com



အဖွင့်တို့လည်း တွေ့ရှိရသည်။ တဒင်္ဂဝိမုတ္တိ၊ ဝိက္ခမ္ဘနဝိမုတ္တိ၊ သမုစ္ဆေဒဝိမုတ္တိ၊ ပဋိပဿဒ္ဓိဝိမုတ္တိ၊ နိဿရဏဝိမုတ္တိ ဟု (၅)မျိုးရှိရာ (၅)မျိုး၏အနက်ကို မဖွင့်မီ ဝိမုတ္တိဟူသောစကား၏ အနက်အဓိပ္ပါယ်ကို ဦးစွာဖွင့်ပြသည်။

လျှုဖွယ်ကို စွန့်လွှတ်လှူဒါန်းခြင်း စသည်တို့ဖြင့် ထိုထိုဂုဏ်အင်္ဂါတို့ဖြင့်လည်းကောင်း၊ နာမ်ရုပ်ကိုပိုင်းခြားခြင်း စသော ဝိပဿနာဆိုင်ရာ အချက်အလက်တို့ဖြင့်လည်းကောင်း၊ ထိုထိုအချက်အလက်မှ မယုတ်လျော့သည်၏ အစွမ်းဖြင့် ဖြစ်နေသမျှ ကာလပတ်လုံး ဆန့်ကျင်ဘက်မှ လွန်မြောက်ခြင်းကြောင့် လွတ်မြောက်ခြင်း ပယ်ခြင်းသည် ဝိမုတ္တိမည်သည်ဟု ဝိမုတ္တိရဲ့အနက်ကို လွန်မြောက်ခြင်း၊ ပယ်ခြင်းဟု ဖွင့်ဆိုသည်။

## တဒင်္ဂ ဝိမုတ္တိ

ဒါနဖြင့် မစ္ဆရိယ လောဘ စသည်မှ လွန်မြောက်ခြင်း၊ သီလဖြင့် သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်း စသည်မှ လွန်မြောက် ခြင်း၊ နာမ်ရုပ်ကို ပိုင်းခြားသိသောဉာဏ်ဖြင့် သက္ကာယဒိဋ္ဌိမှ ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် အကြောင်းမဲ့ဖြစ်ခြင်း၊ မညီညွတ်သော အကြောင်းကြောင့် ဖြစ်ခြင်းမှ၊ ကင်္ခါဝိတရဏဉာဏ်ဖြင့် သို့လော သို့လော တွေးတောယုံမှားခြင်းမှ ရုပ်နာမ်အစုအဝေး သုံးသပ်ခြင်းဖြင့် ငါ, ငါ၏ဥစ္စာ ဟူသော စွဲလမ်းခြင်းမှ လမ်းစဉ် ဟုတ်သည်၊ မဟုတ်သည်ကို ခွဲခြားသိခြင်းဖြင့် လမ်းစဉ်အမှားကို အမှန်ဟုထင်မှတ်ခြင်းမှ ရုပ်နာမ်တို့၏ ဖြစ်ပုံရှုခြင်းဖြင့် ဥစ္ဆေဒဒိဋ္ဌိမှ အပျက်ကိုရှုခြင်းဖြင့် သဿတဒိဋ္ဌိမှ ကြောက်ဖွယ်ဘေးကို ရှုခြင်းဖြင့် ကြောက်ဖွယ်ကို

http://www.dhammadownload.com



ပျော်ဖွယ်ဟု ထင်မှတ်ခြင်းမှ ရုပ်နာမ်တို့၏အပြစ်ကို ရှုပွားခြင်းဖြင့် သာယာဖွယ်ဟူသော အမှတ်သညာမှ ငြီးငွေ့ဖွယ်ဟု ရှုခြင်းဖြင့် ကြောက်ဖွယ်၌ ပျော်နေခြင်းမှ လွတ်လိုလှ၍ ကျင့်ကြံခြင်းဖြင့် ကျွတ်ဆု လွတ်ဆု မလိုလားမှုမှ လျစ်လျူရှုခြင်းဖြင့် လျစ်လျူမရှုခြင်းမှ မဂ်တရား အားလျော်သော ရှုပွားခြင်းဖြင့် တရားသဘောအမှန် နိဗ္ဗာန်၌ ဆန့်ကျင်ခြင်းမှ ပုထုဇဉ်အနွယ်ကိုဖြတ် အရိယာဇာတ် ကူးတော့မည့် ဂေါတြဘူဉာဏ်ဖြင့် သင်္ခါရနိမိတ်မှ လွတ်မြောက်ခြင်းများသည် "တဒင်္ဂဝိမုတ္တိ" မည်၏။

ထို့ပြင် မဟာဝဂ္ဂ-၌ အနိစ္စာနုပဿနာ စသော အနုပဿနာဉာဏ် (၇)ပါးတို့သည် ကိုယ်တိုင် ထိုထိုတရား၏ ဆန့်ကျင်ဘက် အချက်အလက်၏အစွမ်းဖြင့် စွန့်လွှတ်နိုင်တဲ့ မြဲ၏ဟူသော အမှတ်သညာ စသည်တို့မှ လွန်မြောက်သည်၏ အဖြစ်ကြောင့် "တဒင်္ဂဝိမုတ္တိ" မည်ကြ၏။

သမာပတ်ရှစ်ပါးတို့သည် မိမိစျာန်စွမ်းအားဖြင့် ခွာထုတ်အပ်ကုန်သော နီဝရဏ စသည်တို့မှလည်းကောင်း၊ ဝိတက်စသော ဆန့်ကျင်ဘက်တရားတို့မှလည်းကောင်း လွန်မြောက်သောကြောင့် "ဝိက္ခမ္ဘနဝိမုတ္တိ" မည်ကြ၏။

အရိယာမဂ် (၄)ပါးတို့သည် မိမိတို့ဖြတ်တောက်အပ်ကုန်သော ကိလေသာတို့မှ လွန်မြောက်သောကြောင့် "သမုစ္ဆေဒဝိမုတ္တိ" မည်ကြ၏။

ဖိုလ်လေးပါးတို့သည် မဂ်၏အစွမ်းဖြင့် ကိလေသာကို ငြိမ်းသည်၏အဆုံး၌ ဖြစ်တတ်သောကြောင့် ပဋိပဿဒ္ဓိ ဝိမုတ္တိ မည်၏။

http://www.dhammadownload.com



နိဗ္ဗာန်သည် အလုံးစုံသော ကိလေသာတို့မှ ထွက်မြောက်ကင်းကွာ၍ အဝေး၌တည်သောကြောင့် "နိဿရဏဝိမုတ္တိ" မည်၏။ ဤ(၅)မျိုးသော ဝိမုတ္တိဂုဏ်တို့ဖြင့် ဘုရားရှင်တို့ကို ချီးကျူးပူဇော်ထားသည်။ ကြည်ညိုဖွယ် ဖြစ်သည်။

## ဝိမုတ္တာယတန (၅)မျိုး

ဝိမုတ္တိ+အာယတန ဟု ပုဒ်ခွဲ၍ ဝိမုတ္တိခေါ် လွတ်မြောက်ရေးအတွက် အကြောင်း (၅)မျိုးကို ဟောတော်မူထား၏။ ဝိမုတ္တိကို ရလိုသူတိုင်း အာယတနခေါ် အကြောင်းတရားတို့ကို ဖြည့်ဆည်းပူးရန် လိုအပ်သည်။ အကြောင်း (၅)မျိုးကား -

၁။ ဤသာသနာတော်၌ ရဟန်းတစ်ပါးအား ဘုရားရှင် သို့မဟုတ် လေးစားလောက်သော သီတင်းသုံးဖော်တစ်ပါးပါးက တရားဟောတယ်။ အဲဒီ ဟောတရားအပေါ် ပါဠိကို သိတယ်။ ပါဠိ၏ အနက်ကိုသိတယ်။ အဲဒီလို ပါဠိအနက်ကို သိသော ရဟန်းအား (အဲဒီလို ဈာန်ဝိပဿနာ မဂ်ဖိုလ်ဆိုင်ရာကို သိသောရဟန်းအား) နှနယ်သော ပီတိဖြစ်တတ်ပါ၏။ ထိုပီတိရှင်အား အားကောင်းသော ပီတိဖြစ်လာ၏။ ပီတိလွှမ်းခြုံသော စိတ်ရှိသူအား နာမကာယသည် ငြိမ်းအေးလာ၏။ စိတ်ငြိမ်းသောသူသည် ချမ်းသာပွားစေနိုင်၏။ ချမ်းသာသူ၏စိတ်သည် အရဟတ္တဖိုလ်သမာဓိ ရနိုင်၏။

၂။ နောက်ရဟန်းတစ်ပါးက မိမိကြားဖူး သိဖူးသော တရားကို သူတစ်ပါးတို့အား အကျယ်တဝင့်ဟော၏။

၃။ နောက်တစ်ပါးက မိမိကြားဖူး သင်ဖူးသော တရားကို အကျယ်တဝင့် ရွတ်အံသရဇ္ဈာယ်၏။

http://www.dhammadownload.com



၄။ နောက်ရဟန်းတစ်ပါးက မိမိသင်ဖူး ကြားဖူးသော တရားကို စိတ်ဖြင့် ဆင်ခြင်သုံးသပ်၏။ နှလုံးသွင်းဆင်ခြင်၏။

၅။ နောက်ရဟန်းတစ်ပါးက သမထကမ္မဋ္ဌာန်း (၃၈)မျိုးထဲမှ တစ်မျိုးမျိုးသော ကမ္မဋ္ဌာန်းကို ဆရာထံမှ ကောင်းစွာသင်ယူ ကောင်းစွာနှလုံးသွင်း ကောင်းစွာဆောင်၍ ပညာဖြင့် ကောင်းစွာ မျက်မှောက်ပြု ထိုးထွင်းသိ၏။ ဆိုင်ရာဆိုင်ရာ ပါဠိအနက်ကို သိသော ထိုရဟန်းအား နှုနယ်သောပီတိ အားကြီးသောပီတိဖြစ်၍ နာမကာယ ငြိမ်းအေး၏။ ချမ်းသာကို ပွားစေ၏။ ချမ်းသာသောသူ၏ စိတ်သည် အရဟတ္တဖိုလ်သမာဓိဖြင့် တည်ကြည်၏ဟု ဝိမုတ္တိရရန် အခြေခံ အကြောင်း (၅)ချက်တို့ကို ဟောကြားသည့်အတိုင်း လယ်တီဝိပဿနာ အမှတ် (၉)၌ ဝိမုတ္တိရသ ရရှိရန် အခြေခံအကြောင်းအရာတို့ကို ညွှန်ပြထားသည်ကို တွေ့ရှိရပြီးဖြစ်သည်။

## ဝိမုတ္တိ ပရိပါစနီယ တရား (၅)မျိုး

ဝိမုတ္တိ ပရိပါစနီယ တရား (၅)မျိုးကို ဟောတော်မူရာ အဖွင့် အဋ္ဌကထာ၌ ဝိမုတ္တိ ဝုစ္စတိ အရဟတ္တံ ပါရှိသဖြင့် ဤနေရာ၌ ဝိမုတ္တိအရ အရဟတ္တဖိုလ်ကို ကောက်ယူပြီး အရဟတ္တဖိုလ်ကို ရင့်သန် စေတတ်သော သညာတရား (၅)မျိုးကို ဟောကြားခဲ့သည်။ သညာ (၅)မျိုးကား-

အနိစ္စသညာ- အနိစ္စဟု ရှုမှတ်သောဉာဏ်၌ဖြစ်သော သညာ၊

အနိစ္စေ ဒုက္ခ သညာ- အနိစ္စရုပ်နာမ်အပေါ် ဒုက္ခဟု ရှုမှတ် သော ဉာဏ်၌ဖြစ်သော သညာ၊

http://www.dhammadownload.com



ဒုက္ခေ အနတ္တ သညာ- ဒုက္ခအပေါ် အနတ္တဟု ရှုမှတ်သော ဉာဏ်၌ဖြစ်သော သညာ၊

ပဟာန သညာ- ပယ်ရမည့်တရားဟု အဖန်ဖန် ရှုပွားသော ဉာဏ်၌ဖြစ်သော အမှတ်သညာ၊

ဝိရာဂ သညာ- တပ်မက်ဖွယ်ကင်းအောင် ရှုမှတ်သောဉာဏ် ၌ ဖြစ်သော အမှတ်သညာ တို့တည်း။

**ဘုရားရှင်၏ တိုက်တွန်းချက်**

ဤဇမ္ဗူဒိပ်ကျွန်း၌ မွေ့လျော်ဖွယ်ကောင်းသော အာရာမ် တောမြေ ရေကန် တို့သည် အနည်းငယ်မျှ ရှိကြသည်။ မြေကြမ်း၊ ရေကြမ်း၊ ဆူးငြောင့်ခလုတ်တို့သာ များသကဲ့သို့ အတ္ထရသ၊ ဓမ္မရသ၊ ဝိမုတ္တိရသ ခံစားရရှိသူတို့ နည်းပါးပြီး ထိုရသတို့ကို မခံစား မရရှိသူ တို့သာ များကြသောကြောင့် ဤသို့ ကျင့်ကြံကြိုးကုတ် အားထုတ်ကြ ဟု မြတ်ဘုရား တိုက်တွန်းတော်မူသည်။ "ငါတို့သည် အတ္ထရသ၊ ဓမ္မရသ၊ ဝိမုတ္တိရသ ကို ရရှိခံစားနိုင်သူများ ဖြစ်ကြကုန်အံ့"ဟု ကျင့်ကြံ ကြိုးကုတ် အားထုတ်ကြလေဟု တိုက်တွန်းချက်အတိုင်း ပိဋကတ် သုံးပုံ၊ နိကာယ်ငါးရပ် တရားတော်များ ဟောပြောသင်ကြား ပို့ချ၍ အတ္ထရသ၊ ဓမ္မရသ၊ ဝိမုတ္တိရသ ညွှန်ကြားပြသရာ ဤလယ်တီ ဝိပဿနာ အမှတ်(၉) ပရိယတ္တိ တရားစာပေတို့အတိုင်း လိုက်နာ ကျင့်ကြံကြိုးကုတ် အားထုတ်၍ အတ္ထရသ၊ ဓမ္မရသ၊ ဝိမုတ္တိရသ တို့ကို ရယူနိုင်ပါစေဟု နိဂုံးချုပ်ပတ္ထနာပြုအပ်ပါသတည်း။

**လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ**

(၃၀-၁၀-၂၀၀၇)

http://www.dhammadownload.com



နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ၏
အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊
နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ
ပါဠိစာပေအဆင့်မြှင့်တင်ရေး အကြံပြုကော်မတီ ဥက္ကဋ္ဌ၊
အပြည်ပြည်ဆိုင်ရာ ထေရဝါဒတက္ကသိုလ်ဩဝါဒါစရိယ၊
မြန်မာနိုင်ငံ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု
ကြီးကြပ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊
လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ ဥက္ကဋ္ဌ၊
လယ်တီဒီပနီထွန်းကားပြန့်ပွားရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်(၁)
ရန်ကုန်မြို့၊ နာဂလိုဏ်ဂူ ကလေးဝဆရာတော်

# လယ်တီအာနန္ဒာဘိဝံသ

ရေးသားဂုဏ်ပြုအပ်သော

## မုံရွာမြို့
## လယ်တီနိကာယ မြို့မရွှေဂူကျောင်းတိုက်ကြီး၏
## အဂ္ဂမဟာ စိန်ရတု

ဤအချိန်ကား ဤမြို့မရွှေဂူကျောင်းတိုက်ကြီး၏ (၇၅)နှစ်ပြည့် "အဂ္ဂမဟာ စိန်ရတု" ကျင်းပနေချိန်ဖြစ်ပါ၏။ တိုက်ထွက် ဂိုဏ်းပေါင်းစုံ တပည့်ကြီးငယ်အပေါင်း ရာပေါင်းများစွာ ခညောင်းနေကြပါ၏။ ကမ္ဘာ အဝှမ်းမှာ ရတုအထိမ်းအမှတ်ကို အမျိုးမျိုးခေါ်ဝေါ်သတ်မှတ် အသုံးပြုလျှက် ပွဲကြီးသဘင်တွေ ဆင်နွှဲကြပါ၏။ အသက်(၁၀)နှစ်ရောက်ချိန်မှာ ချည်ထည်ရတု၊ နောက်(၁၀)နှစ်စသည်မှာ ပိုးထည်ရတု၊ သံဖြူရတု၊ သံမဏိရတု၊ ကြေးနီရတု၊ ငွေရတု၊ ပုလဲရတု၊ သန္တာရတု၊ နီလာရတု၊ ပတ္တမြားရတု၊ရာပြည့်ရတုဟု ခေါ်ဝေါ်သတ်မှတ်လျှက် ပွဲတွေ ကျင်းပ

http://www.dhammadownload.com



ကြပါ၏။ မြန်မာနိုင်ငံမှာတော့ (၂၅)နှစ်မှာ ငွေရတု၊ (၅၀)နှစ်မှာ ရွှေရတု၊ (၇၅)နှစ်မှာ စိန်ရတု၊ (၈၅)နှစ်မှာ ပတ္တမြားရတု ရာပြည့်ရတုပွဲများ ကျင်းပလေ့ရှိကြပါ၏။

ငွေရတုကို မဟာရတုလို့ဆိုသင့်ပါတယ်။ ရွှေရတုကို အဂ္ဂရတု၊ စိန်ရတုကို အဂ္ဂမဟာရတု၊ ပတ္တမြားရတု ကို အတုလရတု၊ ရာပြည့်ရတုကို "အတုလအဂ္ဂမဟာ ရာပြည့်ရတု"လို့ ခေါ်ဆိုရင် သင့်မယ်လို့ထင်မြင်ယူဆ ပါ၏။ ဒါကြောင့် မြို့မရွှေဂူ ကျောင်းတိုက်ကြီး၏ ယခုကျင်းပနေတဲ့ စိန်ရတုကို "အဂ္ဂမဟာ (၇၅)နှစ်ပြည့်စိန်ရတု" လို့ပြောဆိုသင့်ပါ၏။ ကမ္ပည်းထိုးသင့်ပါ၏။ ဘယ်လို ဖြတ်သန်းလျှောက်လှမ်းပြီး (၇၅)နှစ်ပြည့်လာပါသလဲလို့ မေးခဲ့လျှင် အဖြေက လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၉၇)နှစ်က ပွင့်တော်မူခဲ့တဲ့ မြတ်ဗုဒ္ဓကိုယ်တော်တိုင် (၄၅)ဝါတိုင်တိုင် နေ့ညဥ့် မနေမနား ရည်ရွယ်ချက်(၂)မျိုးနဲ့ ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာ ဓမ္မစေတီပေါင်း ရှစ်သောင်း လေးထောင်တို့ကို တည်ထားတော်မူခဲ့ပါ၏။ ရည်ရွယ်ချက်(၂)မျိုးက ဘဝငြိမ်းချမ်းရန်၊ ဆင်းရဲအားလုံး နိဂုံးချုပ် ရန်တို့ ဖြစ်ပါ၏။

အဲဒီ ရည်ရွယ်ချက်(၂)မျိုးနဲ့ ဟောတော်မူအပ် တည်ထားအပ်သော ဓမ္မစေတီတော်မြတ် ပိဋကတ်သုံးပုံသည် အစ၊ အလယ်၊ အဆုံး ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံပါ၏။ အနက်၊ သဒ္ဒါနှင့်ပြည့်စုံပါ၏။ အလုံးစုံပြည့်စုံပြီး ဖြည့်စွက်စရာ၊ ပယ်နှုတ်စရာမရှိပါ။ စင်ကြယ်သန့်ရှင်း အပြစ်ကင်းတဲ့ သိက္ခာသုံးပါး မြတ်တဲ့ကျင့်စဥ် ပါရှိပါ၏။ ကျေးဇူးတော်ရှင် ကမ္ဘာကျော်လယ်တီဆရာတော်ဘုရားကြီးက ဂုဏ်ပုဒ် (၂၃)မျိုးဖြင့် ထုံမွမ်းဘုရားရှိခိုးလေ့ရှိပါ၏။

## အထူးမှာကြားတော်မူချက်

လွန်ခဲ့တဲ့ (၂၅၉၇) နှစ်က ကမ္ဘာမြေပြင် လူ့လောကမှာ ထူးခြားလှသော ဗုဒ္ဓမြတ်စွာ ပင်မပဒေသာပင်ကြီး ပေါ်ပေါက်ခဲ့ပါ၏။ အဲဒီ ပဒေသာပင်ကြီးက လောကုတ်၊ လောကီ နှစ်လီသော အကျိုးထူးကို ပေးစွမ်းနိုင်ပါ၏။ ကိုယ်နှုတ်ယဥ် ကျေးအောင် ဆုံးမထားတဲ့ သီလအနှစ်၊ စိတ်ယဥ်ကျေးအောင် ဆုံးမထားတဲ့ သမာဓိအနှစ်၊ အမြင်မှန် ပညာအနှစ်သာရ ပြည့်ဝပါရှိ၏။ သိဉ္စမကုန် သီးပွင့်စုံသို့ အဖုံဖုံ အစားစား များပြားမြင့်ကြွယ် တင့်တယ်ပါ၏။ ညို၊ ရွှေ၊ ဖြူ၊ နီ မောင်းရီပြိုးပြက် တခဲနက်သော အဆင်းရှိတဲ့ ခြောက်ပါးသောရောင်ခြည်တော်ဆိုတဲ့ ကျယ်ပြန့်တဲ့

http://www.dhammadownload.com



အရိပ်အာဝါသ ရှိပါ၏။ အဲဒီပင်မ ဗုဒ္ဓဘုရား ပဒေသာပင်ကြီး လောကမှ ပျောက်ကွယ်မသွားမီ ပင်ပွားပဒေသာ ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ ဓမ္မစေတီတော်ပေါင်း ရှစ်သောင်းလေးထောင်တို့ကို (၄၅)ဝါတိုင်တိုင် ကိုယ်တော်တိုင် ပွားစေတော်မူခဲ့ပါ၏။

အဲဒီ ဓမ္မစေတီတွေကို လူ့ပြည်မှာ လေးသောင်းနှစ်ထောင်၊ နတ်ပြည်မှာ လေးသောင်းနှစ်ထောင် ဘုရားကိုယ်တိုင် တည်ထားကိုးကွယ်ခဲ့ပါ၏။ ဘုရားကိုယ်တော်တိုင် တည်ထားကိုးကွယ်ခဲ့တဲ့ ဓမ္မစေတီ ဘုရားကိုယ်စား ဘုရားတွေပင် ဖြစ်ပါ၏။

အဲဒီ ဘုရားကိုယ်စား ဓမ္မစေတီတော်တွေ ရေရှည်တည်တံ့ဖို့အရေး ပရိနိဗ္ဗာန်မစံမီကလေးမှာပင် ဝေသာလီရဟန်းတော်များ အစည်းအဝေးမှာ မိန့်တော်မူခဲ့ပုံက "ငါဘုရား ထူးခြားတဲ့ ဉာဏ်အမြင်နဲ့ ကိုယ်တိုင် သိမြင်ဟောကြားထားတဲ့ တရားတော်တွေ၊ တစ်နည်းအားဖြင့် (၃၇)ပါးသော ဗောဓိပက္ခိယတရားတော်တွေကို-

(၁) ရှိရှိသေသေ ပို့ချသင်ယူ မှတ်သားနာကြား ဆောင်ထားကြ၊

(၂) ဓမ္မစေတီ အမည်တော်ရ ဘုရားကိုယ်စား ဘုရားကမိန့်တဲ့စာထဲပါတဲ့ တရားကျင့်စဉ်တွေကို လက်တွေ့, မျက်တွေ့ အသုံးချကြ၊ သုံးစွဲကြ၊ ပွားများကြ၊ ကျင့်ကြံကြ၊ အားထုတ်ကြ။

ဒီလုပ်ငန်း(၂)ရပ် သင်တို့လိုက်နာရင် ငါဘုရားသာသနာ ငါဘုရားရဲ့ကျင့်စဉ် တာရှည်တည်မယ်။ ငါဘုရားရဲ့ မြတ်တဲ့လမ်းစဉ်တာရှည်တည်ရင် နတ်လူအားလုံး အကျိုးစီးပွားများ ချမ်းသာပွားမယ်" အဲဒီလို အထူးမှာကြား မိန့်မှာခဲ့ပါ၏။

## တာဝန်အသီးသီးယူ စာပေပို့ချတော်မူကြ

အဲဒီလို မိန့်မှာတော်မူပြီး ခန္ဓာအဖြစ် ဇာတ်သိမ်းငြိမ်းတော်မူခဲ့ပါ၏။ သာသနာတည်အောင် စာသင်၊ စာချနေခြင်းဟာ အားလုံးအတွက်ဖြစ်ပါ၏။ ဘုရားပရိနိဗ္ဗာန်စံတော်မူသည်မှ ကဆုန်လပြည့်နေ့ ဘုရားပရိနိဗ္ဗာန်စံတော်မူပြီး (၃)လ (၅)ရက်အကြာ ဝါခေါင်လပြည့်ကျော်(၅)ရက်နေ့မှာ အရှင်မဟာကဿပ အမှူးပြု ရဟန္တာအရှင်မြတ်ကြီး (၅၀၀)တို့ စုဝေးတော်မူကြပြီး ထားတော်မူခဲ့တဲ့

http://www.dhammadownload.com



ပင်ပွားပဒေသာ သုံးပုံပိဋကတ်၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်၊ ဓမ္မစေတီပေါင်း ရှစ်သောင်းလေးထောင်တို့ကို ပေါင်းစုရွတ်ခါ သင်္ဂါယနာတင်တော်မူခဲ့ကြပါ၏။ ဝိနည်းပိဋကတ်ကို သင်္ဂါယနာတင်ပြီးတော့ အရှင်ဥပါလိအား ဝိနည်းပို့ချဖို့ တာဝန်ပေးတော်မူခဲ့ကြသလို၊ ဒီဃနိကာယ်ကို ပို့ချဖို့ အရှင်အာနန္ဒာအား၊ မဇ္ဈိမနိကာယ်ကို ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာအား၊ သံယုတ္တနိကာယ်ကို အရှင်မဟာကဿပအား၊ အင်္ဂုတ္တရနိကာယ်ကို အရှင်အနုရုဒ္ဓါအား "ဣမံ တု ယံ နိဿိတကေ ဝါစေဟိ" ဤနိကာယ်ကို အရှင်ဘုရားတပည့်တွေကို ပို့ချပါ၊ ပို့ချပါစေလို့ တာဝန်ပေးတော်မူခဲ့ကြပါ၏။ အဘိဓမ္မာပိဋကတ်ကို သင်္ဂါယနာတင်ပြီး ရဟန္တာများ စုပေါင်းရွတ်ဖတ် တာဝန်ယူခဲ့ပါ၏။ ခုဒ္ဒကနိကာယ်ကိုလဲ ထို့အတူ သင်္ဂါယနာတင်ပြီး ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြပါ၏။ ပိဋကတော်တစ်ပုံ သင်္ဂါယနာတင်ပြီးတိုင်း မြေကြီးက လှုပ်ခါကာ ပူဇော်ခဲ့ပါ၏။ ပိဋကတ်သုံးပုံကို ဝေပုံချ၊ ပို့ချသင်ယူစေခဲ့ပြီး ပင်ပွားပဒေသာပင်များ စတင်မညှိုးမခြောက် မပျောက်ပျက်အောင် ထိန်းတော်မူရာမှ ယခု (၂၆)ရာစုတိုင် တည်နေခဲ့ခြင်း ဖြစ်ပါ၏

## ပရိဘောဂ စေတီထိုက်သည့် ဇေတဝန်ပမာ

ဒီ"အဂ္ဂမဟာ (၇၅)နှစ်ပြည့် စိန်ရတု" ကျောင်းပရာ မုံရွာမြို့ လယ်တီနိကာယ မြို့မရွှေဂူကျောင်းတိုက်ကြီးဟာ ပရိဘောဂစေတီထိုက်တဲ့ ဇေတဝန်ကျောင်းတိုက်ကြီး ပမာပင်။ ပရိဘောဂစေတီထိုက်တဲ့ ဇေတဝန်ကျောင်းတိုက်ကြီးကို ဦးညွှတ် ရှိခိုးကြရအောင်-

ဇေတဝန်= ဓမ္မစေတီတော်များစွာတို့၏ တည်နေရာဇေတဝန်ကျောင်းတိုက်ကြီးသည်၊ သုဘံ= ကျက်သရေ မင်္ဂလာ ဖြာဖြာရှိတော်မူပါပေ၏။ ရမ္မံ= မြင်မြင်ရသူ ရှင်ရှင်လူတို့ ကြည်ဖြူရွှင်ပြုံး စိတ်နှလုံးကို မွေ့လျော် စေတတ်ပါ၏။ သန္တသံဃနိသေဝိတံ= ကိလေသာမလိမ်း ငြိမ်းချမ်းတော်မူကြသည့် ဘုရားစသော သံဃာတော်အပေါင်း၏ သုံးစွဲနေထိုင်သီတင်းသုံးရာ ဖြစ်တော်မူပါပေ၏။ ဓမ္မနိဋ္ဌေါသနိန္နာဒံ= မြတ်ဘုရား၏ တရားတော် ဟောတော်မူသံ၊ အရှင်သာရိပုတ္တရာစသော အရှင်မြတ်တို့၏ တရားအသံ၊ အရှင်အာနန္ဒာ၏ ပိဋကတ်သုံးပုံ ရွက်ဆိုသံစသည်တို့ဖြင့် ခြိမ်းဟိန်းနေပါ၏။

http://www.dhammadownload.com



ဓမ္မဝေပုလ္လံ= တရားတော်ရတနာ ပြန့်ပွားရာ ဖြန့်ဝေရာ ဖြစ်ပါပေ၏။ အဟံ= အဂ္ဂမဟာ (၇၅)နှစ်ပြည့် စိန်ရတုပွဲသဘင်ကျင်းဆင်ရန်လာ တပည့်တော်သည်၊ တာဒိသံ= ထိုကဲ့သို့ သဘောရှိသော၊ ဗုဒ္ဓဝိဟာရံ= ဘုရားကျောင်းတော်ကို၊ ဝါ= ပရိဘောဂ စေတီထိုက်၍ ဓမ္မစေတီများစွာတို့၏ တည်နေရာ ဘုရားကျောင်းတော်ကို၊ သိရသာ= ဦးခေါင်းဖြင့်၊ သဗ္ဗဒါ= အခါခပ်သိမ်း၊ ဝန္ဒာမိ= ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ ဘုရား။

## စစ်ကိုင်းတိုင်း မုံရွာမြို့–လယ်တီနိကာယ
## မြို့မရွှေဂူကျောင်းတိုက်ကြီး

မြို့မရွှေဂူကျောင်းတိုက်ကြီးက အဲဒီဇေတဝန်ကျောင်းတိုက်ကြီးပမာ ဖြစ်၍

* မြန်မာပြည်မှာ ဤကျောင်းတိုက်ကြီးသည် ဘုရားကိုယ်စား ပိဋကတ် သုံးပုံ ဓမ္မစေတီအများစု တည်ရှိရာ ကျောင်းတိုက်ကြီး၊
* အရှင်မဟာကဿပ စသော ရှေးထေရ်ကြီးတို့ ငါးစု ငါးပုံခွဲဝေပြီး ပိဋကတ် သုံးပုံ၊ နိကာယ်ငါးရပ် ပို့ချသင်ယူသလို အခြေခံစာပေနှင့်တကွ သင်ယူ ပို့ချရာ ကျောင်းတိုက်ကြီး၊
* ဓမ္မစေတီတော်တွေကို ဘီဒိုကြီးတွေထဲ ကိုးကွယ်ရုံမထားပဲ တိုက်တည် နည်းတွင် ထေရ်အရှင်က လက်ထဲကိုင် လက်တွေ့အသုံးချ သင်ယူပို့ချ စေခဲ့တဲ့ ကျောင်းတိုက်ကြီး၊

ဤသို့ စသည်ဂုဏ်ရည်ထုံမွှမ်း ဤခရီးစဉ်အတိုင်း နှစ်ပေါင်း(၇၅)နှစ်တိုင်တိုင် လျှောက်လှမ်းလာခဲ့တဲ့ ဤမြို့ရွှေဂူ ကျောင်းတိုက်ကြီးကို ဒကာ၊ ဒကာမတွေက ဒီခရီးစဉ်တစ်လျှောက် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ကူညီခဲ့ကြပုံတွေ တွေးကြံမိတိုင်း ဝမ်းသာစရာ၊ ဝမ်းသာစရာ။ ဤမြို့မရွှေဂူ ကျောင်းတိုက်ကြီး၏ အဂ္ဂမဟာ (၇၅)နှစ်ပြည့် ဝန္ဒနာဂါထာတစ်ပုဒ် ရေးသားထုတ် ဖော်ကျူးသီ ပူဇော်ကြရအောင် လက်အုပ်ချီမိုး ထားကြပါ။

http://www.dhammadownload.com



သိရီ သောဏ္ဏဂုဟာရာမံ၊
ဓမ္မစေတီယ အာဝုတ္တံ။
ဓမ္မနိဂ္ဂေါသ နိန္နာဒံ၊
သိရသာ သာဒရံ ဝန္ဒေ။

သိရီ= အသိအလိမ္မာ ဉာဏ်ပညာနှင့် ဘုန်းကံတန်ခိုး ကျက်သရေ အမျိုးမျိုးတို့၏ တည်ရာဖြစ်ပေထသော၊ ဓမ္မစေတီယ အာဝုတ္တံ= သုံးပုံပိဋကတ်၊ ငါးရပ်နိကာယ်၊ ကိုးသွယ်အင်္ဂါ ဓမ္မခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ဓမ္မစေတီတော်ပေါင်းတို့၏ တည်နေတန့်နားရာ သင်ကြားပို့ချရာဖြစ်ထသော၊ ဓမ္မနိဂ္ဂေါသနိန္နာဒံ= စာချစာသင် ရဟန်းရှင် ရာပေါင်းများစွာတို့၏ ဥပုသ်ပြုသံ၊ ဘုရားဝတ်ပြုသံ၊ ပရိတ်ရွတ်သံ၊ စာပေပို့ချသံ၊ စာအံစာကျက်၊ စာလှည့်စာဆိုတို့၏ တရားအသံမျိုးစုံဖြင့် ခြိမ်းဟိန်း၍နေထသော၊ ဓမ္မဝေပုလ္လံ= တရားတော် ရတနာ ဖြန့်ဖြူးပြန့်ပွား ဝေငှရာဖြစ်သော၊ သောဏ္ဏဂုဟာရာမံ= မြို့မရွှေဂူ နာမည်ယူသမိုက် ကျောင်းတိုက်တော်ကြီးကို၊ ဝါ= တိုက်တည်နည်းတွင် အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဩဝါဒါစရိယ မြို့မရွှေဂူဆရာတော်ကြီးစသော ဓမ္မစေတီတော် ဒါယကာ ဆရာတော် အဆက်ဆက်နှင့် မြို့မရွှေဂူ စာချစာသင် အရှင်မြတ်အပေါင်းကို၊ သာဒရံ= ရိုရိုသေသေ၊ အဟံ= အဂ္ဂမဟာ (၇၅)နှစ်ပြည့် စိန်ရတု ပွဲတော် နွှဲဆင်ရန်လာ တပည့်တော်သည်၊ သိရသာ= ဦးခေါင်းဖြင့်၊ ဝန္ဒေ= ရိုသေလေးစား ညွတ်တွားရိုကျိုး ရှိခိုးပါ၏ ဘုရား။

## ဦးခေါင်းဖြင့် ရှိခိုးပါ၏

အဋ္ဌကထာကျမ်းပြု အရှင်မဟာဗုဒ္ဓဃောသ မဟာထေရ်မြတ်သည် ကျမ်းဦးပဏာမပြုရာတွင် ဘုရားရှင်ကို ရှိခိုးပါ၏၊ တရားတော်ကို ရှိခိုးပါ၏၊ သံဃာတော်ကို (သိရသာ= ဦးခေါင်းဖြင့်) ရှိခိုးပါ၏လို့ ပဏာမပြုတော်မူလေ့ရှိပါ၏။ ဘုရား တရားကို ရှိခိုးရာနှင့်မတူ သံဃာကို ရှိခိုးတဲ့အခါကျမှ (သိရသာ= ဦးခေါင်းဖြင့်) ဟု ကရိုက်စကားထည့်ရခြင်းမှာ ပင်မပဒေသာ ဘုရားပရိနိဗ္ဗာန်စံပြီးရာ အခါဝယ် ပင်မပဒေသာ ဘုရားကို ဘုရားမှန်းသိရလေအောင် ပင်ပွားပဒေသာ ဓမ္မစေတီ တရားတော်တွေကို မင်္ဂဖိုလ်နိဗ္ဗာန်တရားတော်ကို တရားမှန်းသိရအောင်

http://www.dhammadownload.com



ရွှေဆောင်လမ်းပြ ထိန်းသိမ်းပုံဖော်ရာမှာ သံဃာတော်များသည် အရေးပါလှပါ၏။ ဒါကြောင့် ထူးထူးခြားခြား သိရသာ= ဦးခေါင်းဖြင့်ဆိုတဲ့ စကားလုံးထည့်ပြီး ရှိခိုးပါ၏။

ဒါကြောင့် ဘုန်းကြီးတို့လဲ ဘုရားမပျောက်အောင်၊ တရားမပျောက်အောင် စာသင်စာချနေကြသည့် ဆရာတော်၊ သံဃာတော်များ၊ ဘုရားကိုယ်စား တရားဟောတော်မူနေသော ဓမ္မစေတီတော်များကို တည်ထားကိုးကွယ်နေကြသော စာချစာသင် အရှင်မြတ်များအား ဦးခေါင်းဖြင့် ဦးညွှတ်ရှိခိုးပါ၏။ ကဲ- ကြည့်ကြ၊ ကြည့်ကြ။ ဘုန်းကြီးတို့ ကျောင်းတိုက်ကြီး ကျောင်းတိုက်ကြီးနေ ဆရာတော်အဆက်ဆက် တိုက်အုပ်၊ တိုက်ကြပ်၊ စာချဆရာတော် အဆက်ဆက်တွေ၊ ရှေးရဟန္တာအရှင်မြတ်ကြီးတွေလိုပဲ ဝိနည်းငါးကျမ်းကစ နိကာယ်ငါးရပ် အခြေခံနှင့်တကွ ပို့ချသွားတော်မူကြတယ်။ ပို့ချနေတော် မူကြတယ်။

အဲဒီလို နိကာယ်ငါးရပ် အခြေခံနှင့်တကွ ပို့ချသွားတော်မူကြတဲ့ ဆရာတော်၊ တိုက်အုပ်၊ တိုက်ကြပ်၊ စာချဆရာတော်တို့၏ စာရင်းဇယားမှတ်တမ်းကြီးတစ်ခု ပြုလုပ်ထားသင့်ပါတယ်။ အထိမ်းအမှတ်ပြတိုက်တစ်ခု ရှိသင့်ပါတယ်လို့ အကြံပြုပါတယ်။ စာချဆရာတော်ကြီးအားလုံးရဲ့ ပုံတော်တွေ စုံအောင် ပူဇော်ထားသင့်ပါတယ်။ အခု (၇၅)နှစ်ပြည့် ပူဇော်ပွဲမှာ ကျောင်းတိုက်ကြီးရဲ့ ဂုဏ်ကျေးဇူးတွေကို ပြောချင်သလောက်များ ပြောရမယ်ဆိုရင် ခံတွင်းမဆုံအောင် များပါတယ်။ ဒီကျောင်းတိုက်ကြီးမှာနေပြီး စာသင်ဘူးကြတဲ့ ဆရာတော်များကလဲ နေ့ညဉ့်တိုင်းဆက်ဆက်ပြီး ရေးသားကြ၊ ဟောကြားကြ ပြောကြဦးမှာပါ။ ခြံထွက်အသီးအပွင့်တွေပါ။ ခြံထွက်အသီး၊အပွင့်တွေပဲလို့ မြတ်မြတ်နိုးနိုးနဲ့ မြိန်မြိန် ရှက်ရှက် စားသုံးနာကြား မှတ်သားကြဘို့ မမေ့သင့်ပါ။

## ဦးထိပ်ဖြင့် ထမ်းရွက်ပါအံ့ဘုရား

**ရဇောဟာရောမှိ ထေရာနံ၊ သာသနံ ယေသမာဘတံ၊**
**ပါဒဋ္ဌိနိစ သဗ္ဗာနိ၊ တေသံ ဝဟာမိ မတ္ထကေ။**

ယေသံ ထေရာနံ= သာသနာ့ဘာဝန် အားသွန်ကြိုးပမ်း ထမ်းကြပျော်ပျော် ရှေးခေတ်ခုပေါ် အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သြဝါဒါစရိယ ရွှေဂူဆရာတော်ဘုရားကြီးစသော ဆရာတော်ကြီးတို့သည်၊ သာသနံ= ဘုရားအဆုံးအမတော်ကို၊

http://www.dhammadownload.com



ဝါ= ပိဋကတ်သုံးပုံ နိကာယ် ငါးရပ် အင်္ဂါကိုးတန် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေး ထောင် အဖွင့်သံဝဏ္ဏနာနှင့်တကွ၊ ပရိယတ္တိ သာသနာ= အဆိုပါ ပရိယတ္တိသာသနာ တော်ကပြသည့် သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရား ပဋိပတ္တိသာသနာတော်ကို၊ အာဘတံ= သင်ယူပို့ချ ကျင့်ကြံလျက် ရွက်ဆောင်ထမ်းပိုး တော်မူခဲ့ကြလေပြီ။ အဟံ= တပည့်တော် သည်၊ တေသံ ထေရာနံ= သာသနာ့တာဝန် အားသွန်ကြိုးပမ်း ထမ်းကြ ပျော်ပျော် ထိုမဟာထေရ်ကြီးတို့၏၊ ရဇောဟာရော= ခြေဒွိကပ်တွယ် မြူမှုန်ပယ်ဖို့ အလွယ်ချိပ်ထား ခြေသုပ်အလားသည်၊ အမှိ= အမှန်စိတ်ထား နှိမ့်သောအားဖြင့် လေးစားလျှက်သာ ဖြစ်ရိုးပါတည်း။

တေသံ ထေရာနံ= သာသနာ့တာဝန် အားသွန်ကြိုးပမ်း ထမ်းကြပျော်ပျော် ထိုမဟာထေရ်ဆရာတော်ကြီး တို့၏၊ သဗ္ဗာနိ= ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော၊ ပါဒဋ္ဌိနိစ= သာသနာ့ဝန်ဆောင် အခေါင်ထွဋ်မြတ် ခြေရိုးဓာတ် တို့ကိုလည်း၊ မတ္ထကေ မတ္ထကေန= ဦးထိပ်ဖြင့်၊ သမ္ပဋိစ္ဆာမိ= လေးလေးစားစား ထမ်းရွက်ထားပါအံ့ဘုရား။

## အောင်ပွဲရဂါထာများ

ဆက်ပြီးတော့ အောင်ပွဲရဂါထားများ ရွတ်ဖတ်ပူဇော်သင့်ပါတယ်။ သိရှိ မှတ်သားသင့်လှပါတယ်။ ဒီအောင်ပွဲရဂါထာတွေ ဖေါ်ဆောင်တော် မူပုံမှာ သာသနာတော် အနှစ်လေးရာကျော် ပေထက်အက္ခရာမတင်မီက သီဟိုဠ်မှာ စဏ္ဍာလတိဿ သူပုန်ဘေးကြောင့် (၁၂)နှစ်တိုင်တိုင် ဝတ်မွတ်ခေါင်းပါး သေကြေပျက်စီး ဘေးကြီးဆိုက်ရောက်ပြီးနောက် ဘေးငြိမ်းခါစ ပိတုရာဇ အမည်ခံ ဝဋ္ဋဂါမဏိမင်းလက်ထက်မှာ သာသနာတော် တည်ထွန်းခြင်း အကြောင်းရင်းက "ပဋိပတ်" ပါပဲလို့ အကျင့်အားသန် ပံသုကူဆောင် မထေရ်တို့က အဆိုပြုကြပါသတဲ့။ ပိဋကတ်စာပေအားသန် ဓမ္မကထိကမထေရ်တို့က ပရိယတ်သည် သာသနာအရှည် တည်ထွန်းကြောင်းလို့ ဆိုတော်မူကြ ငြင်းတော်မူ ကြရာမှာ ယခုရွတ်မည့်ဂါထာများ ဆောင်တော်မူပြီး စာပေကျမ်းဂန် အားသန်တော်မူကြသော ဓမ္မကထိက မထေရ်မြတ်တို့ အောင်ပွဲရတော်မူခဲ့ကြဘူးပါ၏။ ပြောအားရှိလွန်းလှပါ၏။

http://www.dhammadownload.com



## လယ်တီဝိပဿနာ
## အောင်ပွဲရဂါထာသုံးပုဒ်

(က) ယာဝတိဋ္ဌန္တိ သုတ္တန္တာ၊
ဝိနယော ယာဝဒိပ္ပတိ။
တာဝရက္ခန္တိ (ဒက္ခန္တိ) အာလောကံ၊
သူရိယေ အဗ္ဘုဋ္ဌိတေယထာ။

ယာဝ= အကြင်မျှလောက်၊ သုတ္တန္တာ= သုတ္တန် အဘိဓမ္မာတို့သည်၊ တိဋ္ဌန္တိ= သင်အံပို့ချ အသုံးချလျှက် တည်ကုန်၏။ ယာဝ= အကြင်မျှလောက်၊ ဝိနယော= ဝိနည်းသည်၊ ဒိပ္ပတိ= ထွန်းတောက်ပ၏။ တာဝ= ထိုမျှလောက်၊ သူရိယေ အဗ္ဘုဋ္ဌိတေယထာ= နေတက်ရာအခါ၌ကဲ့သို့ အာလောကံ= သာသနာတော်ရောင်ကို၊ ရက္ခန္တိ= စောင့်ရှောက်တွေ့မြင်ရကုန်၏။ ဒက္ခန္တိ= တွေ့ရမြင်ရကုန်၏။

(ခ) သုတ္တန္တေသု အသန္တေသု၊
ပမုဋ္ဌေ ဝိနယမှိစ။
တမော ဘဝိဿတိ လောကော၊
သူရိယေ အတ္ထင်္ဂတေယထာ။

သုတ္တန္တေသု= သုတ္တန်အဘိဓမ္မာတို့သည်၊ အသန္တေသု= မထင်ကွယ်ပျောက်ကုန်သည်ရှိသော်၊ ဝိနယမှိစ= ဝိနည်းသည်လည်း၊ ပမုဋ္ဌမှိ= မသင်မကြား မပို့ချပဲ ကွယ်ပျောက်သွားသည်ရှိသော်၊ သူရိယေအတ္ထင်္ဂတေယထာ= နေဝင်ရာအခါ၌ကဲ့သို့ လောကော= လောကသည်၊ တမော= သာသနာတော်ရောင်ပျောက်၍ အမိုက်မှောင်ကျသည်၊ ဘဝိဿတိ= ဖြစ်ပါလိမ့်မည်တည်း။

(ဂ) သုတ္တန္တေ ရက္ခိတေသန္တေ၊
ပဋိပတ္တိ ဟောတိ ရက္ခိတာ။
ပဋိပတ္တိယံ ဌိတော ဓီရော၊
ယောဂက္ခေမာ နဓံသတိ။

သုတ္တန္တေ= သုတ္တန် ဝိနည်း အဘိဓမ္မာကို၊ ရက္ခိတေ= သင်ဟောပို့ချ၍ စောင့်ရှောက်အပ်သည်၊ သန္တေ= ဖြစ်ထင်ရှားသည်ရှိသော်၊ ပဋိပတ္တိ= သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ကို၊ ရက္ခိတာ= စောင့်ရှောက် ထိန်းသိမ်းအပ်သည်

http://www.dhammadownload.com



မည်သည်၊ ဟောတိ= ဖြစ်ပါပေ၏။ ပဋိပတ္တိယံ= သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့် မြတ်၌၊ ဌိတော= တည်သော၊ ဓီရော= ပညာရှိသည်၊ ယောဂက္ခေမာ= ယောဂလေးပါးမှ လောဘ ဒိဋ္ဌိ မောဟ တို့၏ကုန်ခြင်းမှ၊ ဝါ= ယောဂလေးပါး လောဘ ဒိဋ္ဌိ မောဟတို့၏ ကုန်ရာအရဟတ္တဖိုလ် နိဗ္ဗာန်မှ၊ နစဝသတိ= မလျှောမကျ မပျက်မစီးသည်သာတည်း။

## တရားလေးစားကြည်ညိုရာမှ

အဲဒီလို သာသနာတော်အရှည်တည်တံ့ရေး ပရိယတ္တိဓမ္မစေတီတော်များသာ အရေးပါပုံ အောင်ပွဲရ ဂါထာများအရ ချမ်းသာလိုသူမှန်သမျှတို့ဟာ အဲဒီ တရားဓမ္မစေတီတော်တွေကို လေးစားကြရ၊ တရားလေးစား ရာမှ တရားရှင်မြတ် ဘုရားနှင့် တရားမပျောက်အောင် သင်အံပို့ချလိုက်နာကြသော သံဃာတော်များကို လေးစားကြည်ညိုကြရပုံ ဂါထာလေးနဲ့ နိဂုံးချုပ် ပူဇော်လိုပါ၏။

**မာနေန္တိ ဓမ္မကာမာ ယေ၊**

**ဓမ္မမာဂမ္မ ဒေသကံ။**

**ဗုဒ္ဓဉ္စာမတဒံ သံဃံ၊**

**ဓမ္မောဇာ မတလိမ္ပိတံ။**

ယေ= အကြင်နတ်နှင့်ပြဟ္မာ ရဟန်းရှင်လူစသို့သည်၊ ဓမ္မကာမာ= ချမ်းသာဖို့ရေး ပို့ဆောင်ပေးမည့် လေးစားအပ်သော မြတ်သဘောကို မနောရွှင်ပျို နှစ်လိုကြကုန် သည်ဖြစ်၍၊ ဓမ္မံ= သုံးပုံပိဋကတ် ငါးရပ်နိကာယ် ကိုးသွယ်အင်္ဂါ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် များမြောင်လှစွာ ဓမ္မစေတီတော်မြတ် ပိဋကတ်တရားတော် ကို၊ မာနေန္တိ= မြတ်နိုးကြပေကုန်၏။ တေ= ထိုဓမ္မစေတီတော်မြတ် ပိဋကတ်ကို မြတ် နိုးကြကုန်သော သူတို့သည်၊ ဒေသကံ= လေးဆယ်နှင့်ငါး ချိန်မအားအောင် ဟောကြားတော်မူတတ်ပါသော၊ အမတဒံ= မြိုက် ရည်ချိုစိမ့် ပီတိငြိမ့်အောင် ဟောမိန့်သာကြူ ပေးသနားတော်မူတတ်ပါပေသော၊ ဗုဒ္ဓဉ္စ= အကျင့်စရိုက် အသင့် လိုက်၍ အမြိုက်ရည်တိုက်ကျွေးတော်မူတတ်သည့် တရားသခင် ဘုရားရှင်ကိုလည်း၊ မာနေန္တိ= ကျေးဇူးဂုဏ်သိရ် နှလုံးအိမ်၌ တည်ငြိမ်မွေ့အောင်း မရွေ့ပြောင်းပဲ နှစ် ထောင်းအားရ ကြည်ညိုမြတ်နိုးကြရ ကုန်သည်တကား။

http://www.dhammadownload.com



ဓမ္မာဇာမတလိမ္ပိတံ = ကိလေချေးမြူ ဖွေးဖွေးဖြူ၍ မွေးကြူပျံ့ငြိမ်း အမြိုက်ရည်လိမ်းတော်မူအပ်သော၊ သံဃဥ္စ = ရှစ်ယောက်အရိယာ မြတ်သံဃာကိုလည်း၊ မာနေန္တိ = မြတ်နိုးကြရပေကုန်၏။ သုခုမဉာဏ ဝေါစရံ = နူးညံ့သိမ်မွေ့သော ဉာဏ်တော်၏ ကျက်စားရာဖြစ်သော၊ ဓမ္မံ = ပိဋကတ်သုံးပုံ တရားတော်ကို၊ ဝါစကံ = သင် ဟောပို့ချတော်မူခဲ့ကြသော၊ သံဃဥ္စ = ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဩဝါဒါစရိယရွှေဂူဆရာတော်ဘုရားစသော နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်အောင် လက်ဆင့်ကမ်း ပခုံးပြောင်း၍ တပည့်တော်တို့နှင့် ဤသာသနာတော် တိုက်တိုက် ဆိုင်ဆိုင် ကြုံရဆုံရလေအောင် အဆင့်ဆင့် သင်ဟောပို့ချ ကျင့်ကြံကြိုးကုတ် အားထုတ်ရေးသား ဟောပြောတော်မူ ကြလျှက် သယ်ဆောင်တော်မူလာကြသော ဆရာတော် သံဃာတော် အရှင်မြတ်များကိုလည်း၊ မာနေန္တိ = ကျေးဇူးဂုဏ်သိရှိ နှလုံးအိမ်၌ တည်ငြိမ်မွေ့အောင်း မရွှေ့ပြောင်းပဲ နှစ်ထောင်းအားရ ကြည်ညိုမြတ်နိုး ကြရပါကုန်သည် ဘုရား။

--------

http://www.dhammadownload.com

# မွန်မြတ်သော ဂမ္ဘီရ ပရိသတ်

၁။ **အနုဒ္ဓတာ**

ပျံ့လွင့်ခြင်းမရှိ။

၂။ **အနုန္နလာ**

ငါတည်းဟူသောမာန်မရှိ။

၃။ **အစပလာ**

လျှပ်ပေါ်လော်လီခြင်းမရှိ။

၄။ **အမုခရာ**

နှုတ်ထွက်အမူအရာ ကြမ်းတမ်းခြင်းမရှိ။

၅။ **အဝိကိဏ္ဏဝါစာ**

နှုတ်ကိုသတိနှင့်စောင့်စည်းပြီးထားသည့်အတွက် စကားဖရိုဖရဲနှင့် ပြန့်ကျဲခြင်းမရှိ။

၆။ **ဥပဋ္ဌိတသတိ**

အာရုံပေါ်မှာကပ်ပြီး တည်သောသတိရှိ၏။

၇။ **သမ္ပဇာနာ**

ရုပ်တရား၊ နာမ်တရားတို့ကို သိနိုင်မြင်နိုင်တဲ့ ဉာဏ်အမြော်အမြင်ရှိခြင်း။

၈။ **ဧကဂ္ဂစိတ္တာ**

အာရုံတစ်ခုတည်း၌ ထားသောစိတ်ရှိခြင်း။

၉။ **အဝိဗ္ဘန္တစိတ္တာ**

တရားအာရုံကို လွတ်ပြီးသွားလာနေသော၊ တုန်လှုပ်စိတ်မရှိခြင်း။

၁၀။ **သံဝုတိန္ဒြိယာ**

ဣန္ဒြေ (၆)ပါးတို့၌ စောင့်စည်းအပ်သောဣန္ဒြေရှိခြင်း။

**"ဧတဒဂ္ဂံ ဘိက္ခဝေ ဣမာသံ ဒွိန္နံ ပရိသာနံ၊ ယဒိဒံ ဂမ္ဘီရ ပရိသာ"**

အနုဒ္ဓတာစသော ဂုဏ်(၁၀)မျိုးနှင့် ပြည့်စုံခြင်းကြောင့် ဥတ္တာနပရိသတ်
(ပေါ်လွင်သော ပရိသတ်)၊ ဂမ္ဘီရ ပရိသတ်(နက်နဲသော ပရိသတ်)
နှစ်မျိုးတို့တွင် ဂမ္ဘီရ ပရိသတ်သည်သာ အမြတ်ဆုံးပရိသတ်ဟု မြတ်စွာဘုရားဟောကြားတော်မူခဲ့သည်။

လယ်တီ(၁၂)